http://www.dhammadownload.com



နိုင်ငံတော်ဩဝါဒါစရိယ
မြန်မာစာဩဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့
တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

အမှတ်စဉ် (၅)

ဒုတိယအကြိမ်

ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၅)

http://www.dhammadownload.com



နိုင်ငံတော်ဩဝါဒါစရိယ
မြန်မာစာဩဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့
တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ
# အမေးအဖြေများ

အမှတ်စဉ် (၅)

ပန်းချီကိုကျော်သိုက်

ဒုတိယအကြိမ်

http://www.dhammadownload.com

နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာ ဩဝါဒါစရိယ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့

တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ

# အမေးအဖြေများ(၅)

ဓမ္မဗျူဟာစာစဉ်(၃၄)

http://www.dhammadownload.com


ဓမ္မဗျူဟာစာစဉ် (၃၄)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၅၁၅/၉၉) (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၅၉/၉၉) (၉)

ဒုတိယအကြိမ်

၁၉၉၉–ခု၊ အောက်တိုဘာလ

အုပ်ရေ – (၁၀၀၀)

တန်ဖိုး – [illegible] ကျပ်

မျက်နှာဖုံးပန်းချီ – ကိုကျော်သိုက်

မှင်မံပြင်ဆင် – ဦးဇေဖေ (လစ်သိုအတ်–ဖလင်)

ကွန်ပျူတာစာစီ – ရန်ကုန်ကွန်ပျူတာ

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြ–၁၅၁၂)

ဝင်းမြင့်အောင်စာပေ၊ ၃၁၅/၂၊ ၁–ရပ်ကွက်၊ တိုးချဲ့ထောက်ကြန့်။

**မျက်နှာဖုံးနှင့် အတွင်းရိုက်**

ဒေါ်ခင်သိန်း (မြ–၀၂၆၇၂)

နဝရတ်ပုံနှိပ်တိုက်၊ ၁၈၊ သင်္ဃဟာလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်

**ဖြန့်ချိရာဌာန**

ဓမ္မဗျူဟာသာသနမာမကအဖွဲ့

အမှတ်(၆)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း– ၅၄၉၃၉၇)

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က |
| ၂။ | ဘုရားရှင်၏လက္ခဏာတော်နှင့် ၁၀၈–ကွက်စက်လက္ခဏာ | ၁ |
| ၃။ | ဦးဝဏ္ဏ၏ အမေးလေးပါး | ၁၁ |
| ၄။ | အဂမနိယဝတ္ထု | ၂၁ |
| ၅။ | မောင်ကြည်ဆွေ၏ အမေးဆယ်ချက် | ၂၇ |
| ၆။ | အသက်, ဝိညာဉ်, လိပ်ပြာ | ၄၂ |
| ၇။ | အဝါရည်, အစိမ်းရည်ထွက်ခြင်း | ၅၉ |
| ၈။ | ဓမ္မစက်တော် ၁၄–ပါး | ၆၃ |
| ၉။ | ဗောဓိပင်ပြဿနာ | ၆၆ |
| ၁၀။ | ပဏ္ဏက်ပြဿနာ | ၇၆ |
| ၁၁။ | ရှင်ဥပဂုတ် ရှိ,မရှိပြဿနာ | ၈၃ |
| ၁၂။ | ကျောင်းအရုံကိစ္စ | ၉၃ |
| ၁၃။ | သာသနာ့အမွေ | ၉၈ |
| ၁၄။ | မောနေယျအကျင့် | ၁၀၅ |
| ၁၅။ | ဂရုဓမ္မနှင့် အာဇီဝဋ္ဌမကသီလ | ၁၁၅ |
| ၁၆။ | ဘုရားအလောင်းတော် တောထွက်တန်ဆာ | ၁၂၆ |
| ၁၇။ | ဦးဘသက် အမေးနှင့်အဖြေ | ၁၃၁ |
| ၁၈။ | သုံးချက်ပုစ္ဆာ အဖြေလွှာ | ၁၄၆ |
| ၁၉။ | ဟောပြောရကျိုး | ၁၅၈ |
| ၂၀။ | ပါရာဇိကရဟန်း | ၁၆၅ |
| ၂၁။ | ကချေသည်နှင့် ပဟာသငရဲ | ၁၇၀ |
| ၂၂။ | ပုတီးစိပ်ခြင်း | ၁၇၄ |
| ၂၃။ | အရူပပုဂ္ဂိုလ်များ | ၁၈၈ |
| ၂၄။ | ဒေါ်ဝင်းကြည်၏ မေးခွန်းသုံးချက် | ၁၉၇ |
| ၂၅။ | အရှင်နန္ဒောဘာသာ၏ လျှောက်ကြားလွှာ | ၂၀၆ |
| ၂၆။ | သက်သတ်လွတ်စားခြင်းသည် ဘုရားအလိုတော်ကျ ဟုတ်, မဟုတ် | ၂၁၈ |

http://www.dhammadownload.com

http://www.dhammadownload.com



နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ထီးချိုင့်မြို့-တည်တောဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ထီးချိုင့်မြို့၊ တည်တောဆရာတော်ဘုရားကြီး၏ "ယနေ့ ဗုဒ္ဓဝါဒ ဆိုင်ရာ အမေးအဖြေများ"ကို ဓမ္မဗျူဟာမှ စုပေါင်း ရိုက်နှိပ် ဖြန့်ချိခဲ့သည်မှာ ဤစာအုပ်သည် ငါးအုပ်မြောက် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် အနယ်နယ် အရပ်ရပ်မှ စာဖတ်ပရိသတ်များ မေးသမျှကို ဖြေကြားပေးပါမည်ဟု ကြေငြာထားခြင်း မရှိသော်လည်း ကြေငြာ ထားဘိသကဲ့သို့ မေးသမျှ ဖြေဆိုထားသည်ကို တွေ့ကြရပါသည်။

ယခု ၁၃၅၉-ခုနှစ်တွင် ဆရာတော်ကြီးကား သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ ရှိခဲ့ပါပြီ၊ သို့သော် ဆရာတော်ကြီးကား အနားယူသည် ဟူ၍ မရှိ၊ အမြဲလိုပင် စာရေးသားနေသည်ကို တွေ့ရပါသည်၊ ရေးသားသော စာများကား များသောအားဖြင့် နယ်အရပ်ရပ်မှ မေးခွန်းများကို ဖြေဆိုရေး သားသော အဖြေစာများပင် ဖြစ်ပါသည်။

ဆရာတော်ကြီးအား မေးလျှောက်ကြသည်မှာလည်း အလွန် များလှ ပါသည်၊ တစ်ရက်လျှင် စာနှစ်စောင်ခန့်ရောက်၍ တစ်စောင်လျှင် အနည်းဆုံး အမေးသုံးခုခန့် ပါလာတတ်ပါသည်၊ ဆရာတော်ကြီးထံ လူကိုယ်တိုင်သွား ရောက် လျှောက်ထားမေးမြန်းကြသည်မှာလည်း အများအပြားပင်။

မည်သို့ဆိုစေ ဆရာတော်ကြီးကား ရဟန်း၊ လူသား၊ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ် ခွဲခြားခြင်းမရှိ၊ မေးလာသမျှကို ကတ်စွမ်းနိုင်သလောက် ရေးသား ဖြေဆိုခဲ့သည်သာ ဖြစ်ပါသည်၊ သို့သော် မေးခွန်းတွေ များလွန်း သဖြင့် အချို့သော မေးခွန်းများကိုကား ဆောင်းပါးအဖြစ် ပြောင်းလဲ၍ အခြားသောစာစောင်များ၌ ထည့်သွင်းဖော်ပြပေးတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ဓမ္မဗျူဟာအနေအားဖြင့် စာစောင်တွင်း ထည့်သွင်းဖော်ပြခဲ့ပြီးသော အမေးအဖြေများကို စုပေါင်းရိုက်နှိပ်လျှက်ရှိရာ ယခု ဤစာအုပ်သည် (၅)အုပ်မြောက် ဖြစ်ခဲ့ပါပြီ။

ဆရာတော်ဘုရားကြီးသည် ယခုအခါ သက်တော် ဝါတော် ကြီးရင့်တော်မူလှပြီဖြစ်၍ စာမရေးတော့ဘဲ အနားယူသင့်ပါပြီ၊ သို့သော် ဆရာတော်ကြီးကား အနားယူရန် စိတ်ကူးဟန် မတူသေးပါ။

**"အေးကွယ်... ငါတို့က သေခါနီးမှ စာရေးစရာတွေကလည်း သိပ်များ ရေးအားကလည်း ပိုကောင်းလာတယ်"**ဟု အမိန့်ရှိပါသည်၊ အမိန့်ရှိသည့်အတိုင်းလည်း စာပေများကို မပြတ် ရေးသားနေဆဲဖြစ်ပါသည်။

အမှန်ဆိုရသော် ဆရာတော်ကြီး ကျန်းကျန်းမာမာဖြင့် စာပေ ရေးသားနိုင်လေလေ, ကျွန်တော်များ ဝမ်းမြောက်ရလေလေ ဖြစ်ပါသည်၊ ကျွန်တော်များ ဝမ်းမြောက်သည်ဆိုခြင်းကား ဆရာတော်ကြီး ရေးသားနိုင်လေလေ စာဖတ်သူများ မှတ်သားရလေလေ ဖြစ်သောကြောင့် ဝမ်းမြောက်ရခြင်း ဖြစ်ပါသည်။

ယခု ဤစာအုပ်သည် ဆရာတော်ကြီး၏ **"ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ်(၅)"**စာအုပ်ဖြစ်ပါသည်၊ ဆရာတော်ကြီး အသက်ရှည်ရှည် တည်၍ အမေးအဖြေများ ရေးသားပေးပို့နိုင်သည်နှင့်အမျှ "ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများကိုလည်း ဓမ္မဗျူဟာမှ ဆက်တိုက် ထုတ်ဝေသွားမည် ဖြစ်ပါ၍...

"ဆရာတော်ကြီး အသက်ရာကျော်ရှည်ပါစေ။

အနာရောဂါ ကင်းရှင်းပါစေ။

စာပေများကို များများရေးသားနိုင်ပါစေ..."ဟု ဓမ္မဗျူဟာမှ ဆုတောင်းမင်္ဂလာပြုလိုက်ရပါသတည်း။

***ဆန်းထွန်း***
အမှုဆောင်အယ်ဒီတာ
ဓမ္မဗျူဟာစာစောင်တိုက်
ရန်ကုန်မြို့။

http://www.dhammadownload.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ဘုရားရှင်၏ လက္ခဏာတော်နှင့် ၁၀၈-ကွက်စက်လက္ခဏာ

"ဟောဒီစာက ဝက်လက်မြို့နယ်၊ ဖွတ်လှိုင်းကျေးရွာက ဦးကြက်မောင် လျှောက်ထားစာပါဘုရား"

"ဘာတွေလျှောက်ထားတာတုန်းကွယ့်"

"တပည့်တော် ဖတ်လျှောက်ပါ့မယ်...

တပည့်တော် ကြက်မောင် ရှိသေစွာ လျှောက်ထားပါသည်ဘုရား၊ တပည့်တော်သည် ဘုရားရှင်အား သက်ဝင်ကြည်ညိုသော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါသော်လည်း ဘုရားရှင်၏ လက္ခဏာတော်ကြီး ၃၂-ပါး၊ လက္ခဏာတော်ငယ် ၈၀၊ စက်လက္ခဏာ ၁၀၈-ပါးဆိုတာ ကြားရုံမျှ ကြားဖူးပါသည်၊ ထို လက္ခဏာတော်များကို မှတ်မှတ်သားသား ကြည်ညိုလိုသောကြောင့် ဓမ္မဗျူဟာ စာစောင်မှ ထည့်သွင်းမိန့်ကြားတော်မူပါရန် လျှောက်ထားပါသည် ဘုရားတဲ့"

"ဟုတ်တာပေါ့၊ ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်ဆိုတာကို တမင်လိုက်စားမှ သိနိုင်တယ်၊ များသောအားဖြင့် မသိကြတဲ့ ပုဂ္ဂိုလ်တွေက များတယ်၊ ဒါကြောင့် ဦးကြက်မောင်ရဲ့အမေးကို အတိုချုပ် ဖြေဆိုလိုက်ပါ့မယ်"

"မှန်ပါ၊ ဖြေဆိုတော်မူပါဘုရား"

"သုတ်ပါထိကဝဂ်မှာ လက္ခဏာသုတ်ရယ်လို့ ဘုရားဟော သုတ်တစ်သုတ်ရှိတယ်၊ ဒီသုတ်က ဘုရားလောင်းနှင့် စကြဝတေးမင်းတို့၌ပါရှိသော

http://www.dhammadownload.com



ယောက်ျားမြတ်တို့ရဲ့ လက္ခဏာတော် ၃၂-ပါး ဖြစ်တယ်၊ ဘုရားဟောပါဠိတော်မှာ ၃၂-ပါးသော လက္ခဏာတော် ပါရှိသော်လည်း ဒီလက္ခဏာတော်များ ဖော်ပြတဲ့ကျမ်းရင်းကတော့ ဝေဒကျမ်းဖြစ်တယ်၊ ဝေဒကျမ်းဟာ ဘုရားမပွင့်မီ ရှေးပဝေသဏီက စတင်တည်ရှိတဲ့ ရှေးဟောင်း ဗြဟ္မဏကျမ်းဖြစ်တယ်၊ ရှေးကာလက ဗြဟ္မဏများဟာ ဒီလက္ခဏာကျမ်းကို သင်ကြရတယ်၊ လက္ခဏာကျမ်း သင်ကြားပြီး လူမြတ်၊ လူယုတ်ဆိုတာကို လက္ခဏာကျမ်းနှင့် ညှိပြီး ဟောပြောတတ်ကြတယ်။

မဇ္ဈိမပဏ္ဏာသ ပါဠိတော်ကလာတဲ့ ဗြဟ္မာယုသုတ်ကို ကြည့်ပါလား၊ ဘုရားရှင် ဒေသစာရီကြွချီစဉ်က မိထိလာပြည်ကို ရောက်သွားတယ်၊ အဲဒီအခါ ဘုရားရှင်ကို လူသားဘုရားလို့ အများက အသိအမှတ်ပြုထားကြတယ်။

ဘုရားရှင် ကြွတော်မူလာတဲ့သတင်းကို မိထိလာပြည်မှာနေတဲ့ ဗြဟ္မာယုပုဏ္ဏားကြီးက ကြားတယ်၊ ဒါပေမယ့် သူဟာ အသက် ၁၂၀-ရှိပြီမို့ အလွန်အိုမင်းနေပြီ၊ ပုဏ္ဏားများကို အတတ်သင်ပေးတဲ့ ဂိုဏ်းဆရာကြီးလည်းဖြစ်တယ်၊ ဒါကြောင့် ဘုရားဆိုတဲ့အသံကို ကြားရလို့ ဘုရားရှင်ကို အလွန်ဖူးမြော်လိုသော်လည်း ကိုယ်တိုင် မသွားနိုင်ဘူး၊ ဒါကြောင့် တပည့်ကြီး ဥတ္တရကို ခေါ်ပြီး ရဟန်းဂေါတမဟာ ကျော်စောသတင်း အလွန်ပြန့်နှံ့တယ်၊ အများက ဘုရားရှင်လို့ သမုတ်ကြတယ်၊ အဲဒီ ရဟန်းဂေါတမဟာ ငါတို့ မိထိလာမြို့ကို ရောက်နေပြီ၊ ရဟန်းဂေါတမထံ သွားပြီး ဘုရား ဟုတ်,မဟုတ် သိအောင် စုံစမ်းချေလို့ ခိုင်းတယ်၊ ဒီအခါ တပည့်ဥတ္တရက ရဟန်းဂေါတမ ဘုရား ဟုတ်,မဟုတ် ကျွန်ုပ် မည်သို့ သိအောင် စုံစမ်းရမည်နည်းလို့ ပြန်မေးတယ်။

ဗြဟ္မာယုပုဏ္ဏားကြီးက ချစ်သားဥတ္တရ- ငါတို့ဝေဒကျမ်းမှာ ၃၂-ပါးသော ယောက်ျားမြတ်တို့လက္ခဏာ လာသည်မဟုတ်လော၊ ထိုလက္ခဏာ ၃၂-ပါးနှင့်ပြည့်စုံသော ယောက်ျားမြတ်အား ရဟန်းဖြစ်သော်ဘုရား၊ လူသားဖြစ်သော် စကြဝတေးမင်းသာ ဧကန်ဖြစ်ရမည်၊ အခြားဖြစ်ဖွယ်မရှိ၊ ထိုဝေဒကျမ်းလာ လက္ခဏာနှင့် ညှိနှိုင်းကြည့်လော့ဟု ဆိုပါသည်၊ ထိုအဆိုအရ ၃၂-ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာသည် ဝေဒကျမ်းမှာပါ၍ ထိုလက္ခဏာပါသူသည် ဘုရားရှင်သော်လည်းကောင်း၊ စကြဝတေးမင်းသော်လည်းကောင်း ဖြစ်မည့်သူလို့ ဆိုတယ်၊ အဲဒီ လက္ခဏာတော်ကြီး ၃၂-ပါးဆိုတာက-

http://www.dhammadownload.com



(၁) ခြေဒ္ဓိ အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိတယ်။
(၂) စက်လက္ခဏာနှင့် ပြည့်စုံသော ခြေဖဝါးပြင်ရှိတယ်။
(၃) တင့်တယ်ရှည်သွယ်သော ဖနောင့်ရှိတယ်။
(၄) ရှည်သွယ်ပျော့ပျောင်းသော ခြေချောင်းလက်ချောင်းရှိတယ်။
(၅) နူးညံ့သိမ်မွေ့သော ခြေဖဝါး, လက်ဖဝါးရှိတယ်။
(၆) ရွှေပွတ်လုံးကဲ့သို့ ညီညွတ်သော လက်,ခြေ ရှိတယ်။
(၇) မြင့်သော ဖမျက် ရှိတော်မူတယ်။
(၈) ဏေီသား၏ မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်းရှိတယ်။
(၉) မကိုင်းညွတ်ဘဲ ရပ်လျက် နှစ်ဖက်သောလက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးဝန်းကို သုံးသပ် ဆုပ်နယ်နိုင်တယ်။
(၁၀) အရေအိတ် အိမ်ဖြင့် ဖုံးလွှမ်းသော ယောကျ်ားနိမိတ်ရှိတယ်။
(၁၁) ရွှေရောင်ကဲ့သို့ ထိန်ဝါတောက်ပသော အရေအဆင်းရှိတယ်။
(၁၂) သိမ်မွေ့နူးညံ့၍ မြူအညစ်အကြေး မငြိကပ်သော ကိုယ်တော်ရှိတယ်။
(၁၃) မွေးညင်းပေါက် တစ်ခု တစ်ခု၌ တစ်ချောင်း တစ်ချောင်းစီ မွေးညင်းရှိတော်မူတယ်။
(၁၄) ညိုသောအဆင်းရှိ၍ လက်ယာရစ်ကော့တက်သော မွေးညင်းရှိတယ်။
(၁၅) ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိတယ်။
(၁၆) ခြေဖမိုးအစုံ၊ လက်ဖမိုးအစုံ၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုတ်တော် ဤ ၇-ဌာနတို့၌ ပြည့်ဖြိုးသော အသားရှိတယ်။
(၁၇) ခြင်္သေ့မင်း၏ ရှေ့ကိုယ်ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးကြံ့ခိုင်သော ကိုယ်တော်ရှိတယ်။
(၁၈) ကြောရိုးကြောင်းမထင်၊ တစ်ပြင်တည်း ပြည့်ဖြိုးသော လက်ပြင်ကျောသား ကျောရေ ရှိတော်မူတယ်။
(၁၉) ပညောင်ပင်သည် အဝန်းနှင့်အရပ် ညီမျှသကဲ့သို့ အလံနှင့်အရပ် ညီမျှ၍ ပြည့်ဝန်းသောကိုယ် ရှိတော်မူတယ်။
(၂၀) ရွှေမုရိုးစည်ကဲ့သို့ ညီညွတ်လုံးဝန်းသောလည် ရှိတော်မူတယ်။
(၂၁) အရသာကို ဆောင်နိုင်သော တစ်ထောင်သောအကြော ရှိတယ်။
(၂၂) ခြင်္သေ့မင်း၏ အောက်မေးကဲ့သို့ ပြည့်ဖြိုးသောမေး ရှိတယ်။

http://www.dhammadownload.com



(၂၃) စွယ်တော်လေးဆူပါ အားလုံး သွားတော်လေးဆယ်ရှိတယ်။
(၂၄) လွှဖြင့်တိသကဲ့သို့ ညီညွတ်သော သွားရှိတယ်။
(၂၅) မကျဲမခေါ်မူ၍ အလွန်စေ့စပ်သော သွားရှိတယ်။
(၂၆) သောက်ရှူးကြယ်အတူ ဖြူစင်သော စွယ်တော်လေးဆူရှိတယ်။
(၂၇) နဖူးပြင်ကို ဖုံးလွှမ်းနိုင်သော အလွန်ပြန့်ကျယ်သောလျှာ ရှိတယ်။
(၂၈) ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအသံ ရှိတယ်။
(၂၉) အလွန်ညိုမှောင်သော မျက်နက်ဝန်း ရှိတော်မူတယ်။
(၃၀) နွားငယ်၏ မျက်ကွင်းကဲ့သို့ ပွင့်လင်းကြည်လင်သော မျက်မှောင်ရှိတော်မူတယ်။
(၃၁) မျက်ခုံးနှစ်ဖက်၏အလယ် သောက်ရှူးကြယ်ကဲ့သို့ တင့်တယ်သော ဥဏ္ဏာလုံမွေးရှင်တော် ပါရှိတယ်။
(၃၂) ရွှေသင်းကျစ် ရစ်ပတ်သကဲ့သို့ နဖူးသင်းကျစ်ဖြင့် တင့်တယ်သော ဦးခေါင်းရှိတော်မူတယ်။

အခုပြောခဲ့တာက ဗြဟ္မာယုသုတ်ကလာတဲ့ ဘုရားရှင်ရဲ့ လက္ခဏာတော်ကြီး ၃၂–ပါးဖြစ်တယ်”

“မှန်ပါ၊ လက္ခဏာတော်ကြီး ၃၂–ပါးကိုတော့ မှတ်သားရပါပြီ၊ လက္ခဏာတော်ငယ် ရှစ်ဆယ်ကိုလည်း မိန့်တော်မူပါဦး ဘုရား”

## လက္ခဏာတော်ငယ် ရှစ်ဆယ်

(၁) စေ့စပ်သော ခြေချောင်း လက်ချောင်းတော်ရှိခြင်း၊
(၂) သွယ်ဖြူး၍ ဖြောင့်သော ခြေချောင်း လက်ချောင်းတော် ရှိခြင်း၊
(၃) လုံးလျောင်းချောမွေ့သော ခြေချောင်း လက်ချောင်းတော် ရှိခြင်း၊
(၄) နီမြန်းသော ခြေသည်း လက်သည်းတော် ရှိခြင်း၊
(၅) ရှည်သွယ်မြင့်မားသော ခြေသည်း လက်သည်းတော် ရှိခြင်း၊
(၆) ပြေပြစ်ချောမွေ့သော ခြေသည်း လက်သည်းတော် ရှိခြင်း၊
(၇) ပြေပြစ်ချောမွတ်သော ဖမျက်တော်ရှိခြင်း၊
(၈) တို, ရှည်, နိမ့်, မြင့် မရှိ၊ ညီညွတ်သောခြေ ရှိတော်မူခြင်း၊
(၉) ဆင်ဒွန်ဆင်မင်းကဲ့သို့ သွားလာပုံ ယဉ်ကျေးတော်မူခြင်း၊

http://www.dhammadownload.com



(၁၀) ခြင်္သေ့မင်းအလား သွားလာပုံ ခန့်ငြားတော်မူခြင်း၊
(၁၁) ရွှေဟင်္သာ ကွန့်မြူးသကဲ့သို့ အထူးတင့်တယ်သော သွားလာဟန် ရှိတော်မူခြင်း၊
(၁၂) ဥသဘနွားမင်းကဲ့သို့ တင့်တယ်သော သွားလာဟန်ရှိခြင်း၊
(၁၃) လက်ယာခြေတော်ကိုချီ၍ လက်ယာရစ်လည်သော သွားခြင်းရှိခြင်း၊
(၁၄) အဖုအထစ်မထင်သော လုံးဝန်းသော ပုဆစ်ရှိခြင်း၊
(၁၅) ပြည့်စုံသော ယောကျ်ားမြတ်နိမိတ်ရှိခြင်း၊
(၁၆) အရေးအကြောင်း မပြတ်သောချက် ရှိခြင်း၊
(၁၇) နက်သောချက် ရှိတော်မူခြင်း၊
(၁၈) လက်ယာရစ်လည်သောချက် ရှိတော်မူခြင်း၊
(၁၉) ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းသောပေါင်တော်၊ လက်ရုံးတော် ရှိခြင်း၊
(၂၀) တစ်သားတည်း ညီညွတ်သောကိုယ် ရှိတော်မူခြင်း၊
(၂၁) အစဉ်အတိုင်း ချောပြေညီညွတ်သောကိုယ် ရှိတော်မူခြင်း၊
(၂၂) ချောမွေ့လှပသောကိုယ်တော် ရှိခြင်း၊
(၂၃) ရှုံ့သင့်ရာ ရှုံ့၊ ဖြိုးသင့်ရာ ဖြိုး၊ အမျိုးမျိုးတင့်တယ်သော ကိုယ် တော်ရှိခြင်း၊
(၂၄) အရေ ရှုံ့တွန့်ခြင်းကင်းသောကိုယ်တော် ရှိခြင်း၊
(၂၅) ဝက်ခြံ၊ မှဲ့၊ တင်းတိတ်၊ ပွေး စသည်တို့မှ ကင်းဝေးသန့်ရှင်းသော ကိုယ်တော်ရှိခြင်း၊
(၂၆) အစဉ်အတိုင်း နှစ်သက်မြတ်နိုးဖွယ်သောကိုယ်တော် ရှိခြင်း၊
(၂၇) စင်ကြယ်သောကိုယ်တော် ရှိခြင်း၊
(၂၈) နူးညံ့ပျော့ပျောင်းသောကိုယ်တော် ရှိခြင်း၊
(၂၉) လမင်းကဲ့သို့ အေးမြကြည်လင်သောကိုယ်တော် ရှိခြင်း၊
(၃၀) အရောင်ထွက်သောကိုယ်တော် ရှိခြင်း၊
(၃၁) ဆီချေးကင်း၍ သန့်ရှင်းသောကိုယ်တော် ရှိခြင်း၊
(၃၂) နှစ်မြို့ဖွယ်သော ကိုယ်တော်ရှိခြင်း၊
(၃၃) ပြေပြစ်ချောမွေ့သော ကိုယ်တော်ရှိခြင်း၊

http://www.dhammadownload.com



(၃၄) မွေးကြိုင်သော ကိုယ်တော်ရှိခြင်း၊
(၃၅) ကုဋေတစ်ထောင် အားကိုဆောင်နိုင်သော ကိုယ်တော်ရှိခြင်း၊
(၃၆) ရွှေချွန်းကဲ့သို့ တင့်တယ်မြင့်ချွန်းသော နှာခေါင်းတော်ရှိခြင်း၊
(၃၇) ပတ္တမြားသွေး နီးတွေးသော သွားဖုံးတော်ရှိခြင်း၊
(၃၈) ဖွေးဖြူစင်ကြယ်သော သွားတော်ရှိခြင်း၊
(၃၉) ညီညာပြေပြစ်သော သွားတော်ရှိခြင်း၊
(၄၀) စင်ကြယ်သန့်ရှင်းသော ဣန္ဒြေတော်ရှိခြင်း၊
(၄၁) ကောင်းစွာလုံးဝန်းသော စွယ်တော်ရှိခြင်း၊
(၄၂) အဖျားချွန်သော စွယ်တော်ရှိခြင်း၊
(၄၃) နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း၊
(၄၄) ကျယ်ပြန့်သော ခံတွင်းတော်ရှိခြင်း၊
(၄၅) ကောင်းသောရနံ့ရှိသော ခံတွင်းတော်ရှိခြင်း၊
(၄၆) လက်ဝါးတော်၌ နက်နဲသော အရေးအကြောင်းရှိခြင်း၊
(၄၇) ဖြောင့်မတ်သော လက္ခဏာအရေးရှိခြင်း၊
(၄၈) ရှည်လျားသော လက္ခဏာအရေးအသားရှိခြင်း၊
(၄၉) နှစ်သက်တင့်တယ် ရှုချင်ဖွယ်သဏ္ဌာန် အရေးအသားရှိခြင်း၊
(၅၀) ကိုယ်တော်ကို ဝိုင်းဝန်း၍ တစ်လံမျှလောက်သော ဗျာမပ္ပဘာ ကိုယ်ရောင်တော်ရှိခြင်း၊
(၅၁) ပြည့်ဖြိုးသော ပါးပြင်တော်ရှိခြင်း၊
(၅၂) ရှည်လျားကျယ်ပြန့်သော မျက်လုံးတော်ရှိခြင်း၊
(၅၃) အညို၊ အရွှေ၊ အဖြူ၊ အနီ၊ အနက် အဆင်းငါးပါးထွက်သော မျက်လုံးတော်ရှိခြင်း၊
(၅၄) ကော့သော မျက်တောင် မျက်ခုံးတော်ရှိခြင်း၊
(၅၅) နူးညံ့၍ နီးမြန်းသော လျှာတော်ရှိခြင်း၊
(၅၆) ရှည်လျားတင့်တယ်သော နားရွက်တော်ရှိခြင်း၊
(၅၇) ချောမွေ့သော ဦးခေါင်းတော်ရှိခြင်း၊
(၅၈) ညီညွတ်သော ဦးခေါင်းတော်ရှိခြင်း၊
(၅၉) ထီးဝန်းအသွင် ထက်ဝန်းကျင် ရောင်လျှံထွက်သော ဦးခေါင်းတော်ရှိခြင်း၊

http://www.dhammadownload.com



(၆၀) ကောင်းသောရနံ့တို့ဖြင့် ထုံသော ဦးထိပ်တော်ရှိခြင်း၊
(၆၁) ကျယ်ပြန့်သော နဖူးတော်ရှိခြင်း၊
(၆၂) တင့်တယ်သော သဏ္ဍာန်ရှိသော မျက်မှောင်တော်ရှိခြင်း၊
(၆၃) အဖျားသွယ်ဖြူး၍ အထူးတင့်တယ်သော မျက်မှောင်တော်ရှိခြင်း၊
(၆၄) ရှည်လျားကျယ်ပြန့်သော မျက်မှောင်တော်ရှိခြင်း၊
(၆၅) နူးညံ့သော အမွေးရောက်သော မျက်ခုံးမျက်မှောင်ရှိခြင်း၊
(၆၆) မွေးတွင်းစီ၍ အညီအညွတ်ပေါက်သော မွေးညင်းရှိခြင်း၊
(၆၇) စိမ်းစိုသိမ်မွေ့သော မွေးညင်းရှိခြင်း၊
(၆၈) လက်ယာရစ်လည်သော မွေးညင်းရှိခြင်း၊
(၆၉) မျက်ဝန်းညီအသွင် စိမ်းလွင်ညိုမှောင်သော အမွေးရှိခြင်း၊
(၇၀) ကောက်ကွေ့ခြင်းကင်း၍ သန့်ရှင်းသော ပြေပြစ်သော အမွေးရှိခြင်း၊
(၇၁) ပိတုန်းရောင်ကဲ့သို့ ညိုမှောင်သော ဆံတော်ရှိခြင်း၊
(၇၂) လက်ယာရစ်လှည့်ဝိုက်၍ ဦးထိပ်၌စုသော ဆံတော်ရှိခြင်း၊
(၇၃) ကောင်းသောသဏ္ဍာန်ရှိသော ဆံချောင်း၊ ဆံပင်ရှိခြင်း၊
(၇၄) ပြေပြစ်သန့်ရှင်းသော ဆံတော်ရှိခြင်း၊
(၇၅) နူးညံ့သိမ်မွေ့သော ဆံတော်ရှိခြင်း၊
(၇၆) မရှုပ်မထွေးသော ဆံတော်ရှိခြင်း၊
(၇၇) စိုပြည်သော ဆံတော်ရှိခြင်း၊
(၇၈) မွေးကြိုင်သော ဆံတော်ရှိခြင်း၊
(၇၉) သိမ်မွေ့သော ထွက်သက်ဝင်သက် ရှိခြင်း၊
(၈၀) ဦးခေါင်းတော်အထက်၌ ပြိုးပြက်ရောင်စုံ မကိုဋ်ရုံသကဲ့သို့ ယှက်ဆုံ ပေါင်းစုသော ကေတုမာလာ ရတနာရောင်လျှံတော် ရှိခြင်း။

ယခုပြောခဲ့တာက အနာဂတဝင်ကျမ်း ဇိနာလင်္ကာရ ဋီကာတို့က လာတဲ့ ဘုရားရှင်ရဲ့ လက္ခဏာတော်ငယ် ၈၀–ဖြစ်တယ်၊ လက္ခဏာတော်ကြီး ၃၂–ပါးမှာ အမှတ် ၂–စက်လက္ခဏာနှင့် ပြည့်စုံသော ခြေဖဝါးအပြင်ရှိတယ်လို့ဆိုပါတယ်၊ စက်လက္ခဏာဆိုတဲ့ စကားရပ်မှာ စက်ဆိုတာက အဝန်းအဝိုင်း စကြာဘီးပုံဖြစ်ပြီး လက္ခဏာတော်ဆိုတာက အမှတ်အသားရုပ်ပုံအကွက် ၁၀၈–ကွက်ပါတာကို ဆိုလိုတယ်။

http://www.dhammadownload.com



အဲဒီ ၁၀၈-ကွက်သော စက်လက္ခဏာတော်ကို အနာဂတဝင်ကျမ်း၊ ဇိနာလင်္ကာရဋီကာတို့မှာ ဒီလို ဖွင့်ပြထားတယ်"

## စက်လက္ခဏာတော် ၁၀၈-ပါး

(၁) **သတ္တိ** = လှံမပုံ၊ (၂) **သိရီဝစ္ဆ** = ကျက်သရေရှိသော အိမ်မွန်၊ (၃) **နန္ဒိယာဝဋ္ဋ** = ဇလပ်ပွင့်ပုံ၊ (၄) **သောဝတ္ထိက** = လည်ရေးသုံးဆင့်ပုံ၊ (၅) **ဝဋံသက** = ဦးဆောက်ပန်းပွင့်ပုံ၊ (၆) **ပမှမာန** = ထမင်းပွဲပုံ၊ (၇) **ဘဒ္ဒပီဌ** = ရွှေအင်းပျဉ်ပုံ၊ (၈) **အင်္ကုသ** = ချွန်းတောင်းပုံ၊ (၉) **ပါသာဒ** = ပြာသာဒ်ပုံ၊ (၁၀) **တောရဏ** = တုရင်တိုင်ပုံ၊ (၁၁) **သေတစ္ဆတ္တ** = ထီးဖြူပုံ၊ (၁၂) **ခဂ္ဂ** = သန်လျက်ပုံ၊ (၁၃) **တာလဝဏ္ဋ** = ထမ်းရွက်ယပ်ဝန်းပုံ၊ (၁၄) **မယူရဟတ္ထ** = ဥဒေါင်းမြီးစည်းယပ်ပုံ၊ (၁၅) **စာမရီဟတ္ထ** = စာမရီသားမြီးယပ်ပုံ၊ (၁၆) **ဥဏှီသ** = ရွှေသင်းကျစ်ပုံ၊ (၁၇) **ပတ္တ** = မြသပိတ်ပုံ၊ (၁၈) **မဏိ** = ပတ္တမြားပုံ၊ (၁၉) **သုမနဒါမ** = မုလေးပန်းကုံးပုံ၊ (၂၀) **နီလုပ္ပလ** = ကြာညိုပန်းပုံ၊ (၂၁) **ရတ္တုပ္ပလ** = ကြာနီပန်းပုံ၊ (၂၂) **သေတုပ္ပလ** = ကြာဖြူပန်းပုံ၊ (၂၃) **ပဒုမ** = ပဒုမ္မာကြာနီပုံ၊ (၂၄) **ပုဏ္ဍရီက** = ပုဏ္ဍရိတ်ကြာပန်းပုံ၊ (၂၅) **ပုဏ္ဏဃဋ** = ရေပြည့်အိုးပုံ၊ (၂၆) **ပုဏ္ဏပါတိ** = ရေပြည့်ဖလားပုံ၊ (၂၇) **သမုဒ္ဒ** = သမုဒ္ဒရာလေးစင်းပုံ၊ (၂၈) **စက္ကဝါဠ** = စကြဝဠာတောင်ပုံ၊ (၂၉) **မေရု** = မြင်းမိုရ်တောင်ပုံ၊ (၃၀) **သူရိယမဏ္ဍလ** = နေစက်ဝန်းပုံ၊ (၃၁) **စန္ဒမဏ္ဍလ** = လစက်ဝန်းပုံ၊ (၃၂) **နက္ခတ္တ** = နက္ခတ်ပုံ၊ (၃၃၊ ၃၄၊ ၃၅၊ ၃၆) **စတုမဟာဒီပ** = အခြံအရံနှင့်တကွ ကျွန်းကြီး လေးကျွန်းပုံ၊ (၃၇) **စက္ကဝတ္တိ** = စကြာမင်းရုပ်ပုံ၊ (၃၈) **ဒက္ခိဏာဝဋ္ဋသင်္ခ** = လက်ယာရစ်ခရုသင်းပုံ၊ (၃၉) **သုဝဏ္ဏမစ္ဆယုဂလ** = ရွှေငါးကြင်းအစုံရုပ်ပုံ၊ (၄၀) **စက္ကာဝုဓ** = လက်နက်စကြာပုံ၊ (၄၁) **သတ္တမဟာဂင်္ဂါ** = မြစ်ကြီးခုနစ်စင်းပုံ၊ **သတ္တကုလပဗ္ဗတာ** = သတ္တရဘဏ်-တောင်စဉ်ခုနစ်ထပ်ပုံ၊ **သတ္တမဟာသာရ** = အိုင်ကြီးခုနစ်အိုင်ပုံ (ဤ၌ မြစ်ကြီး ၇-စင်း၊ တောင်စဉ် ၇-ထပ်၊ အိုင်ကြီး ၇-အိုင်၊ ၇ x ၃ = ၂၁-ဖြစ်၍ ယခင် ၄၀-နှင့် ပေါင်းလျှင် ၆၁-ဖြစ်ပါသည်။)

(၆၂) **သုပဏ္ဏရာဇ** = ဂဠုန်ငှက်မင်းပုံ၊ (၆၃) **သံသုမာရ** = မိချောင်းမင်းပုံ၊ (၆၄) **ဓဇပဋာက** = တံခွန်၊ ကုက္ကား၊ မုလေးဖွားပုံ၊ (၆၅) **သုဝဏ္ဏ**

http://www.dhammadownload.com



**သီဝိကာ** = ရွှေထမ်းစင်ပုံ၊ (၆၆) **သုဝဏ္ဏဝါဠဗီဇနီ** = ရွှေသားမြီးယပ်ပုံ၊ (၆၇) **ကေလာသပဗ္ဗတ** = ကေလာသ ငွေတောင်ကြီးပုံ၊ (၆၈) **သီဟရာဇ** = ခြင်္သေ့မင်းပုံ၊ (၆၉) **ဗျဂ္ဃရာဇ** = ကျားမင်းပုံ၊ (၇၀) **ဝလာဟကအဿရာဇ** = ဝလာဟကမြင်းပျံပုံ၊ (၇၁) **ဥပေါသထဆဒ္ဒန္တ နာဂရာဇ** = ဥပေါသထဆင် + ဆဒ္ဒန်ဆင်မင်းပုံ၊ (၇၂) **ဗာသုကီနာဂရာဇာ** = ဗာသုကီနဂါးမင်းပုံ၊ (၇၃) **ဟံသရာဇ** = ရွှေဟသ်ာမင်းပုံ၊ (၇၄) **ဥသဘရာဇ** = နွားလားဥသဘပုံ၊ (၇၅) **ဧရာဝဏ** = ဧရာဝဏ်ဆင်မင်းပုံ၊ (၇၆) **သုဝဏ္ဏမကာရ** = ရွှေမကန်းရုပ်ပုံ၊ (၇၇) **စတုမုခ** = မျက်နှာလေးဘက်ရှိသော ပြဟ္မာမင်းပုံ၊ (၇၈) **သုဝဏ္ဏနာဝါ** = ရွှေလှေပုံ၊ (၇၉) **သဝစ္ဆရဓေနု** = နွားငယ်နှင့်တကွသော နွားမပုံ၊ (၈၀) **ကိံပုရိသ** = ကိန္နရာဖိုပုံ၊ (၈၁) **ကိံပုရိသီ** = ကိန္နရီမပုံ၊ (၈၂) **ကရဝိက** = ကရဝိတ်ငှက်မင်းပုံ၊ (၈၃) **မယူရရာဇာ** = ရွှေဥဒေါင်းမင်းပုံ၊ (၈၄) **ကောဉ္စရာဇာ** = ကြိုးကြာငှက်မင်းပုံ၊ (၈၅) **စက္ကဝက္ကရာဇာ** = စက္ကဝက်ငှက်မင်းပုံ၊ (၈၆) **ဇီဝဇီဝကရာဇာ** = ဇီဝဇိုးငှက်မင်းပုံ၊ **ဆဒေဝလောက** = နတ်ပြည် ၆-ထပ်ပုံ၊ **သောဠသရူပဗြဟ္မလောက** = ရူပဗြဟ္မာဘုံ ၁၆-ထပ်၊ ပေါင်း ၂၂-ထည့်ပေါင်းလျှင် ၁၀၈-ကွက် စက်လက္ခဏာဖြစ်သည်။

ဤ ၁၀၈-ကွက် စက်လက္ခဏာတော်တို့ကို အရှင်မဟာရဋ္ဌသာရက ဘုရားရှိခိုးလင်္ကာ ရေးစပ်ထားရာ အလွန် ကျက်မှတ်ဖွယ်ကောင်းသောကြောင့် ထည့်သွင်းဖော်ပြပါအံ့-

## စက်တော်ရာ ဘုရားရှိခိုး လင်္ကာ

အတိုင်းမသိ၊ ကျေးဇူးရှိသည့်၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တစ်ရာ့ရှစ်ကို၊ စင်စစ်ကောင်းထွေ၊ လှည့်လည်ရေအံ့၊ ချီထွေအစ၊ လှံမ,အိမ်မွန်၊ မကျန်ဖွင့်ချပ်၊ ဇလပ်ပျံ့မွေး၊ လည်ရေးသုံးဆင့်၊ လုတင့်သွန်းသွန်း၊ ဦးဆောက်ပန်းက၊ စသည်မကွဲ၊ ထမင်းပွဲတည်ဟန်၊ ရွှေသလွန်,ချွန်းတောင်း၊ ရောင်မောင်းပြာသာဒ်၊ အထွဋ်မြင်းခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊ အတူသန်လျက်၊ ထန်းရွက်ယပ်ဝန်း၊ တစ်ခန်းတစ်ကြောင်း၊ ဥဒေါင်းမြီးယပ်၊ သင်းကျပ်တခြား၊ ပတ္တမြားရောင်ဖိတ်၊ သပိတ်, ပန်းဆိုင်း၊ တုနှိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုး,

http://www.dhammadownload.com



ဖလား၊ ထူးခြားသမုဒ္ဒရာ၊ စက္ကဝါမြင်းမိုရ်၊ ထိုထိုနေလ၊ နက္ခတ်စသား၊ ဒေသလေးခု၊ ဇမ္ဗူဒီပါ၊ ပြုဗ္ဗာဥတ္တရ၊ အပရဂေါယီ၊ တစ်လီစားဖွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင်လျှံဝင်း၊ စကြာမင်းနှင့်၊ ခရုသင်းဖြူဆွတ်၊ ငါးကြင်းပွတ်စကြာ၊ သီတာခုနစ်တန်၊ သတ္တရဗ္ဗာန် တောင်စဉ်ခုနစ်ထပ်၊ ကြပ်ကြပ်မြင့်နိုင်၊ ခုနစ်အိုင်တသုန်၊ ဂဠုန်တကြောင်း၊ မိကျောင်းရေးသား၊ ကုက္ကားတံခွန်၊ မင်းတန်သန်လျင်း၊ မကြွင်းတသီး၊ သားမြီးကေသာ၊ ကေလာသဘာ၊ သီဟ,ကျားမင်း၊ ဆင်မင်းမြတ်စွာ၊ ဥပေါသထာယာဉ်မွန်၊ ဆဒ္ဒန်တခြား၊ နဂါး,ဝမ်းဘဲ၊ မကွဲတူကွ၊ ဥသဘမကျန်၊ ဧရာဝဏ်,မကန်း၊ ထူးဆန်းအံ့ဘွယ်၊ တင့်တယ်လှထွေ၊ ရွှေလှေလျှံဝါ၊ မျက်နှာလေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာ, ကိန္နရီ၊ တူပြိုကရဝိတ်၊ ထိတ်ထိတ်သံညောင်း၊ ဥဒေါင်း,ကြိုးကြာ၊ သံသာစက္ကဝက်၊ ငှက်၏အမျိုး၊ ဇီဝဇိုးအစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆကာမာနှင့်၊ ဗြဟ္မာထက်ရပ်၊ ဆယ့်ခြောက်ထပ်က၊ စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရံစကားနှင့်၊ စကြာခြေမွန်၊ တင့်စဟန်ကို၊ ထက်စွန်မိုးဖျား၊ သိကြား,ဗြဟ္မာ၊ ရေးထုံလာလည်း၊ ဘယ်မှာတူမျှ၊ အတူရခြိမ့်၊ အသမ, သမာ၊ သုံးလူ့ချာ၏၊ ရတနာထွန်းဝင်း၊ နီလင်းစင်သန့်၊ အကန့်တစ်ထောင်၊ ရွှေရောင်ခြယ်ကာ၊ သန္တာအကွပ်၊ ထိန်လျှပ်မြကောင်း၊ ပုန်တောင်းပြိုးပျက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင်စော-ပြည့်စေသော်။

ဝက်လက်မြို့နယ်၊ ဖွတ်လှိုင်းကျေးရွာ၊ ဦးကြက်မောင် လျှောက်ထားတဲ့ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်၊ ၁၀၈-ကွက် စက်လက္ခဏာတော်များ အကျဉ်းချုပ် ဖြေဆိုတာ ပြီးသွားပြီကွယ့်၊ အကျယ်ဖတ်ရှုလိုတယ်ဆိုလျှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ သာသနသမ္ပတ္တိဒီပနီကျမ်းနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီး မြန်မာဘာသာပြန်ဆိုထားတဲ့ ကျမ်းကို ဖတ်ရှုပါလို့ ကျမ်းညွှန်းလိုက်ပါတယ်ကွယ်"

"သာဓု... သာဓု... သာဓု"

❋ ❋ ❋

http://www.dhammadownload.com



# ဦးဝဏ္ဏ၏အမေးလေးပါး

"ဟောဒီစာက ထီးချိုင့်မြို့နယ်၊ ချိတ်သင်ကျေးရွာက ဒါယကာကြီး ဦးဝဏ္ဏရဲ့ လျှောက်ထားစာပါ ဘုရား"

"ဦးဝဏ္ဏက ဘာတွေများ လျှောက်ထားသလဲ"

"တပည့်တော်ဝဏ္ဏ လျှောက်ထားပါသည်ဘုရား-

(၁) အာရုံနှင့်ဒွါရ ရုပ်တရားနှစ်ပါး ထိခိုက်ပါလျက် ရုပ်တရားမဖြစ်၊ နာမ်တရားသာဖြစ်သောကိစ္စ။

(၂) ရုပ်နာမ်နှစ်ပါးတို့သည် ဖြစ်ပြီး ပျက်ပါလျက် အတိတ်တရားတို့ကို အောက်မေ့သောအခါ ပြန်လည်ပေါ်ပေါက်လာသောကိစ္စ။

(၃) အဇ္ဈတ္တဝိညာဉ်၊ ဗဟိဒ္ဓဝိညာဉ်ဟု ဝိညာဉ်နှစ်ပါးရှိသည်ဟု ဟောသည်ကို နာဖူးပါသည်၊ ထိုဝိညာဉ်နှစ်ပါး ရှိ,မရှိကိစ္စ။

(၄) သံကုန်းဆရာတော်၏ အကောင်း ၇-မျိုး ခွေသွင်းတရားတွင် (၁) ရတနာသုံးပါး ၊ (၂) ငါးပါးသီလ၊ (၃) ဝတ်ထားသောဆွမ်း၊ (၄) စာရေးတံအလှူ၊ (၅) ဝါဆိုသင်္ကန်းအလှူ၊ (၆) ကျောင်းအလှူ၊ (၇) ရေအလှူ ဤ ၇-ပါးစုံကိုဖြစ်စေ၊ တစ်မျိုး,နှစ်မျိုး, သုံးလေးမျိုးကိုဖြစ်စေ လှူဒါန်းသောပုဂ္ဂိုလ်သည် သောတာပန်ကဲ့သို့ လူ့ဂတိ, နတ်ဂတိမြဲကြောင်း နာကြားရပါသည်၊ တပည့်တော်များ နာကြားဖူးသည်မှာ မဂ်ကုသိုလ်သည်သာ ဂတိမြဲကြောင်း မှတ်သားရပါသည်။

http://www.dhammadownload.com



အထက်ပါကိစ္စတို့ကို ဉာဏ်အမြင်လင်းစေရန် ရှင်းလင်းမိန့်ကြားတော်မူရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား"

"ဦးဝဏ္ဏရဲ့ လျှောက်လွှာအမှတ် ၁-ကို ဦးစွာဖြေကြစို့ရဲ့"

"မှန်ပါ၊ ဖြေတော်မူပါဘုရား"

## ရုပ်ချင်းထိ၍ နာမ်ဖြစ်ပေါ်ခြင်းကိစ္စ

သတ္တဝါတွေမှာ ရုပ်တရားနှင့် နာမ်တရားရယ်လို့ တရားနှစ်ပါးမျှသာ ရှိတယ်၊ အဲဒီ ရုပ်တရားနှင့် နာမ်တရားကိုပင်လျှင် ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, လူနတ်စသောအားဖြင့် ပညတ်တင်ပြီး ခေါ်ဝေါ်နေကြတယ်၊ အဲဒီ ရုပ်တရားနှင့် နာမ်တရားဟာ သတ္တဝါတို့ရဲ့သန္တာန်မှာ ဘယ်လိုဖြစ်နေသလဲ၊ အဲဒါကို ဟေတုပစ္စယသမ္မာဒိဋ္ဌိဉာဏ်နှင့် ကြည့်လိုက်တော့ ရုပ်တရားနှင့် နာမ်တရားတွေဟာ အကြောင်းမရှိဘဲ ဘာသိဘာသာ ဖြစ်ပေါ်လာတာတွေလည်း မဟုတ်ဘူး၊ ဗြဟ္မာ, ဗိဿနိုးစတဲ့ တန်ခိုးကြီး နတ်များက ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလည်းမဟုတ်ဘူး၊ ဒါဖြင့် ဘာအကြောင်းကြောင့် ဖြစ်ပေါ်လာတာလဲဆိုတော့ ရုပ်တရားက ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်းကြောင့်ဖြစ်တယ်၊ နာမ်တရားဆိုတာက စိတ်နှင့်စေတသိက်ကို ခေါ်တာပေါ့၊ စိတ်နှင့်စေတသိက်မှာ စိတ်က ပြဓာန်းတယ်၊ ခန္ဓာငါးပါးထဲမှာ စိတ်ကို ဝိညာဏက္ခန္ဓာလို့ခေါ်တယ်၊ စိတ်ဖြစ်လျှင် စိတ်နှင့်ဆိုင်ရာ စေတသိက်တွေက ထွန်နောက် ရေပါသလို စိတ်နောက်လိုက်ပြီး ဖြစ်ပေါ်တယ်၊ အဲဒီ ဖြစ်ပေါ်တဲ့စိတ်ကလည်း ရှေးဦးစွာဖြစ်သောစိတ်၊ ထိုစိတ်ရဲ့နောက် လိုက်ပြီး ဖြစ်သောစိတ်လို့ နှစ်မျိုးပြားတယ်၊ ရှေးဦးစွာဖြစ်တဲ့ စိတ်ရဲ့အကြောင်းကို ပါဠိလို (အာယတန)လို့ခေါ်တယ်၊ အာယတနသဒ္ဒါက စိတ်ဖြစ်ခြင်းရဲ့ အကြောင်းကိုဟောတဲ့ "အနိဖ္ဖန္နပါဠိပဒိကပဒ်"လို့ ကျမ်းများက ဆိုတယ်။

စိတ်ဖြစ်တဲ့ အာယတနဟာ အတွင်းအာယတန (အဇ္ဈတ္တိကာယတန) ခြောက်ပါး၊ အပြင် အာယတန (ဗာဟိရာယတန) ခြောက်ပါးလို့ နှစ်ပါး ပြားတယ်၊ အတွင်းအာယတန ခြောက်ပါးဆိုတာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ဖြစ်ကြတယ်၊ ဒီအာယတန ခြောက်ပါးအနက် နောက်ဆုံးဖြစ်တဲ့ စိတ်မှတစ်ပါး ကျန်တဲ့ငါးပါးက ရုပ်တရားများ ဖြစ်ကြတယ်။

http://www.dhammadownload.com



အပြင် အာယတနခြောက်ပါးဆိုတာက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ တွေးကြံစရာ ဓမ္မာရုံများဖြစ်ကြတယ်၊ ဒီ အပြင် အာယတနခြောက်ပါးမှာလည်း နောက်ဆုံး ဓမ္မာရုံမှတစ်ပါ ကျန်ငါးပါးတို့ဟာ ရုပ်တရားတွေ ဖြစ်ကြတယ်။

ဦးဝဏ္ဏလျှောက်ထားတာက မျက်စိဆိုတဲ့ စက္ခာယတန၊ အဆင်းဆိုတဲ့ ရူပါယတန၊ ရုပ်အာယတနချင်း ထိခိုက်တဲ့အတွက် စက္ခုဝိညာဉ်ဆိုတဲ့ မြင်သိစိတ် ဖြစ်ပေါ်လာသတဲ့၊ ထိခိုက်ကြတာက စက္ခုဆိုတဲ့ မျက်စိပသာဒ ရုပ်နှင့် ရူပါရုံဆိုတဲ့ အဆင်းရုပ်များ ဖြစ်ကြတယ်၊ ရုပ်ချင်းရုပ် ထိပါလျက်နှင့် ရုပ်တော့ ဖြစ်ပွားမလာဘဲ ဘာကြောင့် စက္ခုဝိညာဉ်ဆိုတဲ့ နာမ်တရား ဖြစ်ပွားလာပါသလဲတဲ့။

ထို့အတူ နားဆိုတဲ့ သောတာယတနနှင့် အသံဆိုတဲ့ သဒ္ဒါယတန ရုပ်ချင်းချင်း ထိခိုက်တော့ ရုပ်မဖြစ်ဘဲ ဘာကြောင့် သောတဝိညာဉ်ဆိုတဲ့ ကြားသိစိတ် နာမ်တရား ဖြစ်လာရတာလဲတဲ့၊ နှာခေါင်းဆိုတဲ့ ဃာနာယတန နှင့် အနံ့ဆိုတဲ့ ဂန္ဓာယတနထိတော့ ဘာကြောင့် ဃာနဝိညာဉ်ဆိုတဲ့ နံ့သိစိတ် နာမ်တရား ဖြစ်ပွားလာသလဲ၊ ဇိဝှာဆိုတဲ့ လျှာနှင့် အရသာနှင့်တွေ့ထိတော့ ဘာကြောင့် ဇိဝှာဝိညာဉ်ဆိုတဲ့ လျက်သိစိတ် နာမ်တရား ဖြစ်ပွားလာသလဲ၊ ကိုယ်နှင့် အတွေ့အထိ (ဖောဋ္ဌဗ္ဗာရုံ) ပေါင်းဆုံမိတော့ ဘာကြောင့် ကာယဝိညာဉ်ဆိုတဲ့ တွေ့သိစိတ် နာမ်တရား ဖြစ်ပွားလာပါသလဲတဲ့။

ဦးဝဏ္ဏရဲ့အမေးမှာ ရုပ်ချင်းထိလို့ နာမ်တရား ဖြစ်ပွားတာကိုသာ မေးတယ်၊ မနာယတနနှင့် ဓမ္မာရုံ နာမ်ချင်းထိလို့ နာမ်တရားဖြစ်ပွားတာကို တော့ မမေးဘူး၊ ကိုင်း– သူ့အမေးအတိုင်း ဖြေကြစို့ရဲ့"

"ဖြေတော်မူပါဘုရား"

"လောကမှာ မီးခြစ်တို့၊ မီးကပ်တို့ဆိုတာ ရှိတယ်မဟုတ်လား၊ မီးခြစ်ဟာ မီးခြစ်ဆံနှင့် မီးခြစ်တိုက်နံရံကို ခြစ်ရာက မီးပွင့်ဖြစ်လာတယ်၊ မီးကပ်ဆိုတာလဲ ကျောက်နှင့်ကျောက်ချင်း၊ ကျောက်နှင့်သံ ခတ်ရာက မီးပွင့် ဖြစ်လာတယ်၊ တကယ်တော့ မီးခြစ်ဆံဆိုတာလည်း ရုပ်၊ မီးခြစ်တိုက်နံရံ တို့ဟာလည်း ရုပ်ပဲ၊ ရုပ်နှင့်ရုပ်ချင်းထိခိုက်တော့ မီးခြစ်ဆံ, မီးခြစ်တိုက်တို့

http://www.dhammadownload.com



နှင့် အသွင်မတူတဲ့ မီးဖြစ်လာတယ်၊ ထို့အတူ ကျောက်အချင်းချင်း ထိခိုက်တော့ အသွင်တူတဲ့ကျောက် ဖြစ်မလာဘူး၊ အသွင်မတူတဲ့မီး ဖြစ်လာတယ်၊ အဲဒီဥပမာအတိုင်းပါပဲ၊ မျက်စိဆိုတဲ့ရုပ်နှင့် အဆင်းဆိုတဲ့ရုပ် ထိခိုက်မိတော့ မီးနှင့်တူသော ဝိညာဉ်နာမ်တရား ဖြစ်ပွားလာတယ်။

ဒါဟာ ပထမစိတ်ဖြစ်ခြင်းရဲ့ အကြောင်းတရားဖြစ်တယ်၊ ပထမဖြစ်လာတဲ့ စက္ခုဝိညာဉ်၊ သောတဝိညာဉ် စတဲ့ ဝိညာဉ်ခြောက်ပါးတို့ဟာ အဆင်းလို့ သိရုံကာမျှ၊ အသံဟူ၍ သိရုံကာမျှ ရှိသေးတယ်၊ အဲဒီ ပထမစိတ်ဖြစ်ပြီးတဲ့နောက်မှ ယောနိသောမနသိကာရဆိုတဲ့ စိတ်ကောင်းထားနိုင်လျှင် ကုသိုလ်စိတ်တွေ ဆက်ဖြစ်တယ်၊ အယောနိသောမနသိကာရဆိုတဲ့ စိတ်ကောင်းမထားနိုင်လျှင် အကုသိုလ်စိတ်တွေ ဆက်ဖြစ်တယ်၊ အဲဒီနောက် တစ်ဖန်ဆက်ကာဆက်ကာ ဖြစ်ပေါ်လာတဲ့စိတ်ကို ဝီထိပိုင်းမှာ (တဒနုဝတ္တက မနောဒွါရဝီထိ) ခေါ်ဝေါ်ကြောင်း ပြဆိုထားတယ်၊ ဒါကြောင့် အာယတနချင်းထိခိုက်လို့ နာမ်တရားဖြစ်ပေါ်လာခြင်းဟာ ရုပ်တရားဖြစ်ခြင်းရဲ့အကြောင်းကို ပြတာမဟုတ်၊ နာမ်တရားဖြစ်ခြင်းရဲ့အကြောင်းကို ပြတာဖြစ်တဲ့အတွက် အာရုံနှင့်ဒွါရ ရုပ်တရားချင်းထိခိုက်ပါလျက် ရုပ်တရားမဖြစ် နာမ်တရားသာ ဖြစ်တယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်”

“သာဓု သာဓု သာဓု”

❋ ❋ ❋

## အတိတ်ကိုအောက်မေ့ခြင်း

“ဦးဝဏ္ဏရဲ့ ဒုတိယအမေးက ရုပ်တရား နာမ်တရားတို့သည် ဖြစ်ပြီးပျက်သွား ပျောက်သွားသောတရားများ ဖြစ်ပါလျက် အတိတ်ကိုဆင်ခြင်လျှင် ယခင်ပြုလုပ်ခဲ့တာတွေ ပြန်လည်ပေါ်လာတယ်၊ ရုပ်နာမ်တရား ပျက်ပြီးပျောက်ပြီးဖြစ်ပါလျက် ဘယ်လိုကြောင့် ပြန်ပေါ်လာတယ်ဆိုတာ သိလိုသတဲ့ကွယ့်”

“ဒီနေရာမှာ ဦးဝဏ္ဏသိစေချင်တာက ပရမတ္ထဖြစ်တဲ့ ရုပ်တရား, နာမ်တရားရယ် ပညတ်ဖြစ်တဲ့ အလုပ်အကိုင်, အသွားအလာ နာမပညတ်, သဏ္ဌာနပညတ်စသော ပညတ်တရားရယ်၊ ဒီတရားနှစ်ပါးကို ခွဲခြားသိထား

http://www.dhammadownload.com



ဖို့ပါပဲ၊ ရုပ်တရား၊ နာမ်တရားနှစ်ပါးကို ပိုင်းခြားထင်ထင် မြင်သိတယ်ဆိုတာ ဒိဋ္ဌိဝိသုဒ္ဓိ ပိုင်ပြီးသောပုဂ္ဂိုလ်များသာ မြင်သိနိုင်တယ်၊ ဒိဋ္ဌိဝိသုဒ္ဓိ မပိုင်သေးသောပုဂ္ဂိုလ်များ ရုပ်တရား၊ နာမ်တရားကို မမြင် မသိနိုင်ပါ။

ယခင်ဘဝက ကိစ္စတွေ၊ ငယ်စဉ်က ကိစ္စတွေ၊ မနှစ်က ကိစ္စတွေ၊ မနေ့က ကိစ္စတွေ ပြန်လည် စဉ်းစားလျှင် ပေါ်တယ်ဆိုတာ ရုပ်နာမ်ဆိုတဲ့ ပရမတ်ပေါ်တာ မဟုတ်ဘူး၊ လှုပ်ရှားသွားလာမှုစတဲ့ ပညတ်မျှကိုသာ ပေါ်လာခြင်းဖြစ်တယ်၊ ဇာတိဿရဉာဏ်တို့၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်တို့ဆိုတာ ပရမတ်နယ်က မဟုတ်၊ ပညတ်နယ်ကသာ ဖြစ်ပါတယ်၊ ဒါကြောင့် အတိတ်က ဖြစ်ပျက်သွားပြီးသော ပရမတ္ထရုပ်နာမ်တရားကို ပြန်လည်တွေးတော၍ မပေါ်ပါ။

ပြန်လည်တွေးတော၍ ပေါ်လာသည်ကား ရုပ်နာမ် ပရမတ်မဟုတ်၊ ပညတ်မျှသာဖြစ်ကြောင်း ဖြေဆိုလိုက်ပါတယ်”

“သာဓု သာဓု သာဓု”

❋ ❋ ❋

## ဝိညာဉ်နှစ်ပါး

“ဦးဝဏ္ဏရဲ့ တတိယအမေးက အဇ္ဈတ္တိကဝိညာဉ်၊ ဗဟိဒ္ဓဝိညာဉ်ရယ်လို့ ဝိညာဉ်နှစ်ပါး ရှိကြောင်း ဟောပြောသည်ကို နာဖူးသတဲ့၊ အဲဒီဝိညာဉ်နှစ်ပါး အမှန်တကယ် ရှိ၊မရှိ သိလိုပါသတဲ့၊ ဟုတ်လား”

“ဟုတ်မှန်ကြောင်းပါ ဘုရား”

“အနောက်နိုင်ငံ စိတ်ပညာကျမ်းမှာ အပြင်စိတ်၊ အတွင်းစိတ်ရယ်လို့ စိတ်နှစ်ခုရှိကြောင်း ဖော်ပြထားကြသကွယ့်၊ အပြင်စိတ်ဆိုတာ ထွေထွေရာရာ ကြံစည်တွေးတောတတ်တဲ့ သိစိတ်တဲ့၊ အတွင်းစိတ်ဆိုတာက အတွင်းအဇ္ဈတ္တမှာရှိနေတဲ့ မသိစိတ်တဲ့၊ မသိစိတ်ခေါ်တဲ့ အတွင်းအဇ္ဈတ္တစိတ်ဟာ အပြင်စိတ်လိုတော့ အာရုံအမျိုးမျိုးကို ကြံစည် တွေးတောနိုင်ခြင်း မရှိသော်လည်း အတွေ့အကြုံ အဖြစ်အပျက်နှင့်ဆိုင်ရာ များစွာသော အာရုံများကို သိမ်းဆည်းထားနိုင်စွမ်းရှိတယ်၊ ဥပမာ စာကျက်တယ် ဆိုပါတော့၊ အပြင်စိတ်က မှတ်သားထားပြီး ကျက်တယ်၊ ကျက်ပါများတော့ အတွင်းစိတ်နှင့် တွေ့ထိ

http://www.dhammadownload.com



ပြီး ထိုကျက်သောစာကို အာရုံဆောင်နိုင်တယ်၊ စာပြန်နေစဉ် အပြင်စိတ်က တွေးချင်တာတွေးပြီး အတွင်းစိတ်က မှန်မှန်ရွတ်သွားစေတယ်၊ စိတ်ဓာတ်ဟာ အင်အား ကြီးမားတယ်ဆိုသော်လည်း အပြင်စိတ်က အင်အားမကြီးဘူး၊ အတွင်းစိတ်ကသာ ပိုပြီးအင်အားကြီးတယ်၊ အတွင်းစိတ် အင်အားကြီးမားလာအောင် အပြင်စိတ်နှင့် တွေ့ထိအောင် အာနာပါနစတဲ့ သမထတရားများကို အားထုတ်ရတယ်၊ စိတ်တည်ငြိမ်ပြီး အိပ်ပျော်သလိုလိုဖြစ်တဲ့အခါမှာ အတွင်းစိတ်နှင့် အပြင်စိတ် ထိတွေ့ပြီး စိတ်ဓာတ်အင်အား ကောင်းလာသတဲ့၊ အနောက်နိုင်ငံ စိတ်ပညာကျမ်းတွေမှာ အတွင်းစိတ် အပြင်စိတ် ရှိသလို အဘိဓမ္မာကျမ်းမှာလည်း အတွင်းစိတ် အပြင်စိတ် ရှိတာပါပဲ၊ အဘိဓမ္မာအလို အားဖြင့် အတွင်းစိတ်ကို ဘွင်စိတ်လို့ခေါ်ပြီး အပြင်စိတ်ကို ဝီထိစိတ်လို့ ခေါ်တယ်၊ အတွင်းစိတ်ဆိုတာက မသိတတ်တဲ့စိတ်၊ ဝီထိစိတ်ဆိုတာက သိတတ်တဲ့စိတ် ဖြစ်တယ်၊ ဘဝင်စိတ်ကို ဘာကြောင့် မသိတတ်တဲ့စိတ်လို့ခေါ်တာလဲ ဆိုတော့ ဘဝင်ဆိုတာ အိပ်ပျော်နေတဲ့စိတ်၊ အိပ်၍ မပျော်သော်လည်း အာရုံမပေါ်သောစိတ်၊ သိစိတ် ဝီထိတို့ကို ဆက်စပ်ပေးတဲ့စိတ်၊ ပဋိသန္ဓေနေတဲ့စိတ်၊ စုတိစိတ်များ ဖြစ်လို့ပါပဲ၊ ဒီစကားရပ်များကို ထောက်ထားပြီး ဦးဝဏ္ဏနာဖူးတဲ့အတိုင်း အဇ္ဈတ္တဝိညာဉ်, ဗဟိဒ္ဓဝိညာဉ် အတွင်းစိတ်, အပြင်စိတ် ရယ်လို့ စိတ်နှစ်မျိုးရှိကြောင်း အကျဉ်းချုပ် ဖြေဆိုလိုက်ပါတယ်"

သာဓု... သာဓု... သာဓု

* * *

## သောတာပန်နှင့် တူသူ

ဦးဝဏ္ဏရဲ့ စတုတ္ထအမေးက သူဟာ သဲကုန်းဆရာတော်ရဲ့ အကောင်းခုနစ်ပါး ခွေသွင်းတရားကို နာဖူးသတဲ့၊ အဲဒီ အကောင်းခုနစ်ပါးတရားမှာ (၁) ရတနာသုံးပါး၊ (၂) ငါးပါးသီလ၊ (၃) ဝတ်ထားလှူသော ဆွမ်း၊ (၄) စာရေးတံအလှူ၊ (၅) ဝါဆိုသင်္ကန်းအလှူ၊ (၆) ကျောင်းအလှူ၊ (၇) ရေအလှူ၊ ဤအလှူ ခုနစ်ပါးကိုဖြစ်စေ၊ တစ်မျိုး, နှစ်မျိုး, သုံးလေးမျိုးကိုဖြစ်စေ လှူဒါန်းသောပုဂ္ဂိုလ်ဟာ သောတာပန်ကဲ့သို့ လူ့ဂတိ၊ နတ်ဂတိမြဲကြောင်း နာကြားဖူးပါသတဲ့၊ ဦးဝဏ္ဏသိထားတာက လောကုတ္တရာ မဂ်ကုသိုလ်သည်

http://www.dhammadownload.com



သာ ဂတိမြဲပြီး လောကီကုသိုလ်ကို ဂတိမြဲတယ်လို့ မနာကြားဖူးပါဘူးတဲ့၊ အဲဒီ ကိစ္စကိုလည်း ရှင်းအောင် ဖြေကြားပေးပါတဲ့ကွယ်။

သဲကုန်းဆရာတော်ရဲ့ အကောင်းခုနစ်ပါးဆိုတာ သဲကုန်းဆရာတော်ရဲ့ သဘောအတိုင်း ဟောတာမဟုတ်ဘူး၊ အင်္ဂုတ္တရ အဋ္ဌကထာလာတဲ့အတိုင်း ဟောတာဖြစ်တယ်၊ အင်္ဂုတ္တရအဋ္ဌကထာက ဘယ်လို ဆိုသလဲတဲ့–

**"ယေသံ ပန ကုလာနံ တီဏိ သရဏာနိ၊ ပဉ္စ သီလာနိ၊ ဧကံ သလာကဘတ္တံ၊ ဧကံ ပက္ခိကံ၊ ဧကံ ဝဿာဝါသိကံ၊ ဧကော ပေါက္ခရဏီ၊ ဧကော အာဝါသော တိ ဝေရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ၊ သောတာပန္နသဒိသာ နေဝ တာနိ ကုလာနိ–တဲ့ကွယ်"**

အနက်ကတော့– **ယေသံပနကုလာနံ**– အကြင်အမျိုးတို့အား၊ **တီဏိ**– သုံးပါးကုန်သော၊ **သရဏာနိ**– သရဏဂုံဆောက်တည်ခြင်းတို့လည်းကောင်း၊ **ပဉ္စ**– ငါးပါးကုန်သော၊ **သီလာနိ**– သီလတို့ကိုလည်းကောင်း၊ **ဧကံ**– တစ်ကြိမ်၊ **သလာကဘတ္တံ**– စာရေးတံဆွမ်းလည်းကောင်း၊ **ဧကံ**– တစ်ကြိမ်၊ **ပက္ခိကံ**– ပက္ခိကဆွမ်းလည်းကောင်း၊ **ဧကံ**– တစ်ကြိမ်၊ **ဝဿာဝါသိကံ**– ဝါဆိုသင်္ကန်းအလှူလည်းကောင်း၊ **ဧကော**– တစ်ခုသော၊ **ပေါက္ခရဏီ**– လေးထောင့်ရေကန်လည်းကောင်း၊ **ဧကော**– တစ်ဆောင်သော၊ **အာဝါသော**– ကျောင်းလည်းကောင်း၊ **ဣတိ ဝေရူပါနိ**– ဤသို့ သဘောရှိကုန်သော၊ **နိဗဒ္ဓပုညာနိ**– အမြဲတည်ထားအပ်သော ကုသိုလ်ကောင်းမှုတို့သည်၊ **အတ္ထိ**– ရှိကုန်၏၊ **တေသံကုလာနံ**– ထိုအမျိုးမျိုးတို့၏၊ **ဂတိ**– လားရာသုဂတိသည်၊ **နိဗဒ္ဓါ**– မြဲကုန်၏၊ **တာနိကုလာနိ**– ထိုအမျိုးတို့သည်၊ **သောတာပန္နသဒိသာ နေဝ**– သောတာပန်နှင့် တူကုန်သည့်သာလျှင်၊ **ဟောန္တိ**– ဖြစ်ကုန်၏တဲ့။

ဟောဒီ အင်္ဂုတ္တရအဋ္ဌကထာလာ စကားနှင့် သဲကုန်းဆရာတော်ရဲ့ အကောင်းခုနစ်ပါးဟာ အတူတူပဲ မဟုတ်လားကွယ့်"

"အတူတူပါပဲဘုရား"

"အတူတူဖြစ်ခဲ့လျှင် သဲကုန်းဆရာတော်ဟာ အင်္ဂုတ္တရအဋ္ဌကထာလာ စကားကို တစ်ဆင့်ဟောခြင်းသာ ဖြစ်တယ်၊ ဒါကြောင့် ဒီစကားရပ် မှားတယ်ဆိုလျှင် သဲကုန်းဆရာတော်ရဲ့ အမှားတော့မဟုတ်ဘူး၊ အဋ္ဌကထာဆရာရဲ့အမှားသာ ဖြစ်သင့်တယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ် ဘုရား"

"ဒါဖြင့် အဋ္ဌကထာလာ စကားဟာ မှားသလား၊ ဘယ်လိုထင်သလဲ"

"အမိန့်ရှိမှ သိရမှာပါ ဘုရား"

"အဋ္ဌကထာလာ စကားဟာ မုချ မမှားပါဘူး၊ မမှားတဲ့အကြောင်းကို လူတိုင်း နားလည်တဲ့စကားနှင့် ပြောပြမယ်"

"မိန့်တော်မူပါ ဘုရား"

"သောတာပန်ဆိုတာ မြန်မာစကား မဟုတ်ဘူး၊ သောတာပန္နဆိုတဲ့ ပါဠိကို သောတာပန်လို့ လွယ်လွယ်ခေါ်ထားခြင်းဖြစ်တယ်၊ သောတာပန္န ဆိုတဲ့ပုဒ်ကို အချို့ သောတာပတ္တိလို့လည်း ရေးတယ်၊ သောတာပန္န၊ သောတာပတ္တိဆိုတာ ဘာလဲ၊ သောတာပန္န၊ သောတာပတ္တိတို့ကို သန္ဓိပုဒ် ဖြတ်လိုက်တော့ (သောတ+အာပန္န၊ သောတ+အာပတ္တိလို့) နှစ်ပုဒ်ဖြစ်လာ တယ်၊ အဲဒီ နှစ်ပုဒ်အနက် သောတဆိုတာ ဘာကို ဆိုလိုသလဲ၊ သောတ ဆိုတဲ့ ပုဒ်ကို ဝိဂြိုဟ်ဆရာများက (**သဝတိ သန္ဒတီတိ သောတော**)လို့ ဆိုတယ်၊ သဝတိဆိုတဲ့ပုဒ်က (ယိုစီးခြင်း)ဆိုတဲ့ အနက်ကို ဟောတယ်၊ ယိုစီးတယ်ဆိုတာ မလုံတဲ့အတွက် အပေါက်က ရေထွက်ကျတာကို ဆိုလို တယ်၊ အခု (သောတ)ဆိုတဲ့ပုဒ်က မလုံလို့ ယိုကျတာလားဆိုတော့ ယိုကျရုံ မဟုတ်ဘူး၊ အဟုန်ထန်ပြင်း စီးဆင်းခြင်းအနက်ကို ဆိုလိုတယ်၊ ဒါကြောင့် "ဆင့်ကာ ဆင့်ကာ ဖွင့်ပြလာ မလိုရာကို နှစ်စေသည်"ဆိုတဲ့ နိယံအတိုင်း ယိုကျရုံအနက်မျှမက စီးခြင်းအနက်ထင်အောင် သဝတိကို သန္ဒတိလို့ ဖွင့်ပြ ထားတယ်၊ ဒါကြောင့် အနက်ပေးတဲ့အခါ **သဝတိ, သန္ဒတိ**- အဟုန်ထန် ပြင်း စီးဆင်းတတ်၏၊ **ဣတိ တသ္မာ**- ထို့ကြောင့်၊ **သောတော**- သောတ မည်၏တဲ့၊ သောတဆိုတာ အဟုန်ထန်ပြင်း စီးဆင်းနေတဲ့ မြစ်ရေအလျဉ်ကို အရကောက်ပါတဲ့။

အာပန္နဆိုတဲ့ပုဒ်၊ အာပတ္တိဆိုတဲ့ပုဒ်တို့က ရှေးဦးစွာ ရောက်ခြင်းဆိုတဲ့ အနက်ကိုဟောတယ်၊ သောတာပတ္တိ = သောတာပန္နဆိုတဲ့ ပုဒ်နှစ်ခုပေါင်း လိုက်သော သမုဒ္ဒရာတိုင်အောင် စီးဆင်းနေတဲ့ ရေအလျဉ်ထက်သို့ ရှေးဦးစွာ ရောက်သူလို့ အဓိပ္ပာယ်ရတယ်၊ ဒီနေရာမှာ (သောတ)ဆိုတဲ့ပုဒ်ကို ပကတိသော ရေအလျဉ်ကြောဟောသော်လည်း သောတာပန်နေရာမှာဆိုတဲ့ သောတကတော့

http://www.dhammadownload.com



ပကတိသော ရေအလျဉ်နှင့်တူသော အရိယာမဂ်တည်းဟူသော ရေအလျဉ်သို့ ဦးစွာရောက်သူလို့ ဆိုလိုတယ်။

ဒီနေရာမှာ သတိပြုစရာက (သောတ)ဆိုတဲ့မဂ်ရေလျဉ်ကို ပုဂ္ဂိုလ်တိုင်း မရောက်ဘူး၊ သမ္မာဒိဋ္ဌိ အမြင်မှန်ရှိသော ပုဂ္ဂိုလ်တို့သာ ရောက်တယ်လို့ သဥ္ဇာယတနဝဂ္ဂသံယုတ်၊ ဒါရုက္ခန္ဓောပမသုတ်မှာ ဘုရားရှင် ဟောတော်မူတယ်၊ သမ္မာဒိဋ္ဌိဉာဏ်ဆိုတာဟာလည်း ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ စသောအားဖြင့် အဆင့်ဆင့်ရှိရာမှာ ကောင်းတာလုပ်လျှင် ကောင်းကျိုးဖြစ်တယ်၊ မကောင်းတာလုပ်လျှင် မကောင်းကျိုးဖြစ်တယ်ဆိုတဲ့ ကံ,ကံရဲ့အကျိုး ယုံကြည်မှု (ကမ္မဿကတာ သမ္မာဒိဋ္ဌိ)ဉာဏ်ဟာ အခြေခံ သမ္မာဒိဋ္ဌိ ဖြစ်တယ်။

ကမ္မဿကတာ သမ္မာဒိဋ္ဌိ အခြေခံရှိခဲ့လျှင် "**ကမ္မဿကတာဉာဏေ ဌတွာ ဗဟုံ ဒါနံ ဒတွာ၊ သီလံ ပူရေတွာ၊ ဥပေါသထံ သမာဒိယိတွာ**"လို့ သမ္မောဟဝိနောဒနီ ၃၉၇-မှာ ဆိုတဲ့အတိုင်း ကမ္မဿကတာဉာဏ်၌ တည်၍ များစွာသော ဒါနကိုပြုနိုင်တယ်၊ ငါးပါးသီလကို စောင့်ထိန်းနိုင်တယ်၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်နိုင်တယ်၊ ကံ, ကံရဲ့အကျိုးကို ယုံကြည်မှုမရှိသူဟာ ဒါနကိုလည်း မပြုနိုင်၊ သီလတရားကိုလည်း စောင့်ရှောက်ထိန်းသိမ်းနိုင်ဖွယ် မရှိဘူး၊ ဒါကြောင့် ရတနာသုံးပါး ဆည်းကပ်သူ၊ ငါးပါးသီလ စောင့်ထိန်းသူ၊ ဆွမ်းလှူသူ၊ စာရေးတံလှူသူ၊ သင်္ကန်းလှူသူ၊ ကျောင်းလှူသူ၊ ရေလှူသူဟာ ကမ္မဿကတာဉာဏ် တည်ပြီးသူ ဖြစ်တယ်။

ကမ္မဿကတာဉာဏ်ဟာ သမ္မာဒိဋ္ဌိဉာဏ်ပဲ၊ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပေါ်သူမှာလည်း ထွန်နောက် ရေပါသလို သမ္မာသင်္ကပ္ပ, သမ္မာဝါစာ စတဲ့ မဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိဉာဏ်နောက်လိုက်ပြီး ဖြစ်ပေါ်မြဲဖြစ်တယ်၊ အကြင်ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ခဲ့လျှင် ထိုပုဂ္ဂိုလ်ဟာ သောတဆိုတဲ့ ရေအလျဉ်ကို ရောက်သူလို့ ဒါရုက္ခန္ဓောပမသုတ်မှာ ဟောတယ်၊ သမ္မာဒိဋ္ဌိဉာဏ် ရှိသူကို ဘာကြောင့် သောတဆိုတဲ့ ရေအလျဉ် စီးမိတာလဲ (ရောက်တာလဲ) ဆိုခဲ့လျှင် သမ္မာဒိဋ္ဌိဉာဏ် မဖြစ်ပေါ်သေးတဲ့ ပုဂ္ဂိုလ်မှန်သမျှကို နိဗ္ဗာန်ဘက် မသွားသေးဘူး၊ နိဗ္ဗာန်နှင့် ဆန့်ကျင်ဘက်ဆီကို သွားနေတယ်၊ သမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ နိဗ္ဗာန်ဘက်ကို သွားနေပြီ၊ တစ်ဘဝထက်

http://www.dhammadownload.com



တစ်ဘ၀ ပါရမီဉာဏ်တွေ ရင့်ကျက်ပြီး နိဗ္ဗာန်ဘက် သွားနေပြီ၊ ရေအလျဉ်ဟာ သမုဒ္ဒရာဆီ တဖြည်းဖြည်း နီးကပ်အောင် သွားနေသလို သမ္မာဒိဋ္ဌိဉာဏ်အမြင် ရှိတဲ့ ပုဂ္ဂိုလ်ဟာလည်း တဖြည်းဖြည်းချင်း နိဗ္ဗာန်ဆီ သွားနေတယ်၊ အရိယာ မဂ်တည်းဟူသော ရေအလျဉ် စီးမိသူ သောတာပန်က နိဗ္ဗာန်နှင့် အလွန် နီးကပ်နေပြီ၊ အလွန်ဆုံး ခုနစ်ဘ၀အတွင်း နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာဆီကို ရောက်တယ်။

လောကီမဂ်ရေအလျဉ် စီးမိတဲ့ ပုထုဇဉ်ကတော့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာဆီ တဖြည်းဖြည်းတော့ သွားနေတယ်၊ သို့သော်လည်း သောတာပန် လောက်တော့ အရောက် မမြန်ဘူး၊ ဒါကြောင့် အရိယာမဂ်ရေအလျဉ်ကို ရောက်သူကို မဟာသောတာပန် ခေါ်သလို လောကီမဂ်ရေအလျဉ်ပေါ် ရောက်သူ ဒါနရှင်, သီလရှင်ကိုလည်း မဟာသောတာပန်နှင့် တူသူလို့ ခေါ်ပါလို့ ဆိုလို တယ်၊ ပုထုဇဉ်မျှဖြစ်တဲ့ ဒါနရှင်, သီလရှင်ကို (သောတာပန်လို့တော့ မခေါ် ဘူး)၊ ရေအလျဉ် ရောက်ပုံခြင်းတူလို့ သဒိသူ ပစာရအားဖြင့် သောတာပန် နှင့်တူသူလို့ ခေါ်ဝေါ်ခြင်းဖြစ်တယ်၊ ဒါနရှင်, သီလရှင်ဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် ရှိပြီးပုဂ္ဂိုလ်များဖြစ်လို့ (နိဗ္ဗုပုည) မိမိစိတ်၌ အမြဲ ကုသိုလ် နှင့်ယှဉ်အောင် သတိထားပြီး အားထုတ်တယ်၊ စိတ်အတွင်း အကုသိုလ်မဝင် အောင် စိတ်ကို အမြဲ စောင့်ရှောက်တယ်၊ ဒီပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်ဖြစ်သော် လည်း အမြဲ ကုသိုလ်စိတ်ရှိနေလို့ သေသည်၏ အခြားမဲ့မှာ အပါယ်မလား နိုင်ဘူး၊ သုဂတိဘုံသို့သာ လားရောက်ခွင့်ရှိတယ်၊ ဒါကြောင့် နိဗ္ဗုပုည အမြဲ ကုသိုလ်စိတ်ပွားအောင် ဒါနမှု, သီလမှု, ဘာဝနာမှု မပြတ် ပြုနေတဲ့ပုဂ္ဂိုလ် ကို သောတာပန်နှင့်တူကြောင်း ဂတိမြဲကြောင်း အဋ္ဌကထာက ဆိုခြင်းဖြစ် တယ်၊ အဋ္ဌကထာဆိုတဲ့အတိုင်းလည်း မှန်ကန်တယ်လို့ ဖြေဆိုလိုက်ပါတယ် ကွယ်”

သာဓု... သာဓု... သာဓု

* * *

http://www.dhammadownload.com



# အဂ္ဂိမန္နိယဝတ္ထု

"ဟောဒီစာက မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းမြို့၊ ရွှေဂူရပ်၊ တောင်သူ ကိုတင်မြင့်ကျော် မေးလျှောက်တဲ့စာပါ ဘုရား"

"ဆိုစမ်းပါဦး၊ ကိုတင်မြင့်ကျော်က ဘာတွေများ မေးထားတာတုန်း ကွယ့်"

"ကိုတင်မြင့်ကျော် မေးတာက မဃဒေဝ လင်္ကာသစ် အပိုဒ် ၂၃၂-ကို သူ အလွန် နှစ်သက်တဲ့အတွက် အရကျက်ထားပါသတဲ့၊ ဒါပေမယ့် အနက်အဓိပ္ပာယ်ကို ကောင်းကောင်းမသိပါဘူးတဲ့၊ ဒါကြောင့် မဃဒေဝ လင်္ကာသစ် ၂၃၂-ရဲ့ အဓိပ္ပာယ်ကို ခပ်တိုတို အမိန့်ရှိစေချင်ပါသတဲ့ ဘုရား"

"မဃဒေဝ လင်္ကာသစ်ရဲ့ အဓိပ္ပာယ်ဆိုတော့ ခပ်တိုတို ပြောသည့်တိုင် အောင် အနည်းငယ်တော့ ရှည်သွားမှာပဲကွယ့်၊ ဒါကြောင့် စိတ်ရှည်ရှည်ထား ပြီး ဖတ်စေချင်သကွယ့်"

"မှန်ပါ၊ စိတ်ရှည်ရှည်ထားပြီး ဖတ်ပါ့မယ်ဘုရား"

"မဃဒေဝလင်္ကာသစ် ၂၃၂-ရဲ့ အစမှာဆိုထားတာက-

**ကာမေသုမိစ္ဆာ၊ သူ့အိမ်ရာဒ္ဒ၊ ကိလေသာစက်၊ ကျူးမမက်နှင့်**... တဲ့။

ဒါက မဃဒေဝမင်းကြီးက ဟောထွက်ခါနီး သားတော်ကို ဆုံးမလိုက် တဲ့စကားပေါ့၊ ဒီလင်္ကာပိုဒ်မှာ သူ့အိမ်ရာဆိုတာ သူတစ်ပါးရဲ့မယားကို ဆိုလိုတယ်၊ သူတစ်ပါးရဲ့မယားကို ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံ

http://www.dhammadownload.com



ထိုက်တယ်၊ ဒါကြောင့် စက်လိုလည်နေတဲ့ ကိလေသာအလိုကို လိုက်ပြီး သူ တစ်ပါးမယားကို မကျူးလွန်နှင့် မမက်မောနှင့်တဲ့။

**သူ့ထက်ကိုယ်က၊ ဣဿရနှင့်၊ ဘောဂဥစ္စာ၊ စည်းစိမ်သာမှု၊**
**မိစ္ဆာတရား၊ မောဟပွား၏။**

ဒီလင်္ကာက ကိုယ်က သူ့ထက် အစိုးရခြင်း အာဏာရှိခြင်းဆိုတဲ့ ဣဿရိယဂုဏ်၊ အသုံးအဆောင် စည်းစိမ်ဥစ္စာဂုဏ် သာလွန်ခဲ့လျှင် ထို ပုဂ္ဂိုလ်အပေါ် မသိမှုမောဟ ဖုံးလွှမ်းပြီး ကာမေသုမိစ္ဆာစာရ အကျင့်ယုတ်ကို ပိုမိုပြီး ပြုလုပ်တတ်ကြသတဲ့။

**မသွားလာအပ်၊ မစပ်ရာဘိ၊ ကျမ်းလာရှိသား၊ အဂမနိယ၊**
**မိန်းမအပြား၊ နှစ်ကျိပ်အားတွင်။**

ယောကျ်ားများ မသွားလာအပ်သော ယောကျ်ားတစ်ပါး နှင့် မစပ်သော ကျမ်းဂန်လာ အဂမနိယ မိန်းမအပြား နှစ်ဆယ် ရှိတယ်တဲ့ကွယ့်၊ အဲဒီ အဂမနိယ မိန်းမနှစ်ဆယ်ကို ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားက အတိုကောက် လင်္ကာရေးထားခဲ့တယ်။

**မာ၊ ပိ၊ မာပိ၊ ဘနှင့်ဘာ၊ ဉာ၊ ဂေါ၊ ဓမ်၊ သ၊ သာ ဓ၊ဆန်၊ ဘော၊ ပ၊ ဩ၊ ဩ၊ ဓ၊ ကမ္မ၊ ဒါ၊ မုဟာ**–တဲ့ အဓိပ္ပာယ်ကတော့

**မာ–မာတုရက္ခိတာ** = မိခင် စောင့်ရှောက်သော မိန်းမ၊ **ပိ–ပိတုရက္ခိတာ** = ဖခင် စောင့်ရှောက်သော မိန်းမ၊ **မာပိ–မာတာပိတုရက္ခိတာ** = မိဘ နှစ်ပါးလုံး စောင့်ရှောက်သော မိန်းမ၊ **ဘ–ဘဂိနိရက္ခိတာ** = အစ်မ, ညီမ စောင့်ရှောက်သော မိန်းမ၊ **ဘာ–ဘာတုရက္ခိတာ** = မောင်ကြီး, မောင်ငယ် စောင့်ရှောက်သော မိန်းမ၊ **ဉာ–ဉာတိရက္ခိတာ** = ဆွေမျိုးစောင့်ရှောက်သော မိန်းမ၊ **ဂေါ–ဂေါတ္တရက္ခိတာ** = အနွယ်တူ စောင့်ရှောက်သော မိန်းမ၊ **ဓမ်–ဓမ္မရက္ခိတာ** = တရားကျင့်ဖော် စောင့်ရှောက်သော မိန်းမ၊ ဤရှစ်ယောက် သော မိန်းမများကား ကာမပိုင် လင်မရှိသော မိန်းမများတည်း၊ မိမိ၏ ကာမကို မိမိသည်သာပိုင်၏။

**သ–သပရိဒဏ္ဍာ** = မင်းပြစ်မင်းဒဏ် မကင်းသော မိန်းမ၊ **သာ–သာရက္ခာ** = အစောင့်အရှောက်ရှိသော မိန်းမ၊ **ဓ–ဓနက္ကီတာ** = ဥစ္စာဖြင့်ဝယ်ထား

http://www.dhammadownload.com



သော မယား၊ **ဆန်-ဆန္ဒဝါသိနီ** = အလိုတူ၍ သူ့အိမ်လိုက်နေသော မယား၊ **ဘော-ဘောဂဝါသိနီ** = အသုံးအဆောင်ဖြင့် အလိုတူသော မယား၊ **ပ-ပဋဝါသိနီ** = အဝတ်တန်ဆာဖြင့် အလိုတူသော မယား၊ **ဩ-ဩဒပတ္တကိနီ** = ရေခွက်၌ လက်ဆုံချ ထိမ်းမြားသော မယား၊ **ဩ-ဩဘတစုမ္ဗဋာ** = ခေါင်းခုချအပ်သော မယား၊ **ဓ-ဓဇာဟဋာ** = သုံ့ပန်းမယား၊ **ကမ္မ-ကမ္မကာရီဘရိယာ**= အမှုလုပ် မယား၊ **ဒါ-ဒါသီဘရိယာ** = ကျွန်မယား၊ **မုဟာ-မုဟုတ္တိကာ** = ခဏမျှ ပေါင်းဖော်အပ်သော မယား။

အခု ဖော်ပြခဲ့တာက ယောက်ျားများ မသွားလာအပ်၊ အကယ်၍ သွားလာသော် ကာမေသုမိစ္ဆာစာရကံ ထိုက်တဲ့ မိန်းမနစ်ဆယ်ဖြစ်တယ်၊ အဂမနိယ ဆိုတဲ့ ပါဠိက (မသွားမလာအပ်)လို့ ဆိုလိုတယ်ကွယ့်။

**သူ့မယားဖြစ်၊ တစ်ကျိပ်နှစ်နှင့်၊ မိချစ်ဘခင်၊ မောင်လျှင်အမ၊ ဉာတိ စသည်၊ စောင့်ကြတနိုင်၊ ကာမပိုင်သခင်၊ အရှင်ကင်းလစ်၊ လင်မဲ့ရှစ်၌၊ စင်စစ်အဂမနီ။**

အားလုံး မိန်းမပေါင်း ၂၀-မှာ ကာမပိုင်လင်မရှိတဲ့ မိန်းမက ရှစ်ယောက်၊ လင်ရှိတဲ့ မိန်းမက ၁၂-ယောက်၊ ဤ ၂၀-သော မိန်းမများဟာ ယောက်ျားတစ်ပါးတို့ မသွားလာအပ်လို့ အဂမနိယဝတ္ထုလို့ ခေါ်သတဲ့ကွယ်။

**သိမသိပင်၊ ဖြစ်ကျင်တပဲ၊ မှီဝဲလိုစိတ်၊ ရေနှယ်ဖိတ်လျက်၊ ဣတ္ထိ, ပုရိသ၊ ပယောဂဖြင့်၊ လုံ့လပြုခြင်း၊ မဂ်ချင်းချင်း၌၊ ထည့်သွင်းသာယာ၊ အင်လေးဖြာတို့၊ ညီပါတုံလစ်၊ ဤကိစ္စကို၊ အပြစ်မသိ၊ အလိုရှိတိုင်း၊ ပြုမိပြုရာ၊ မိစ္ဆာအမှု၊ ကျူးလွန်ပြုက၊ ဝတ္ထုဟူထ၊ ထိုမိန်းမတို့၊ သီလရှိမဲ့၊ လိုမဟုတ်နှင့်၊ လိုဟုတ်အလျောက်၊ ထိုသယောက်တို့၊ ပြစ်ရောက်နည်းများ၊ ဟူတတ်ငြားဏ်။**

ဒီလင်္ကာမှာ သိ, မသိဆိုတာက မသွားလာအပ်တဲ့ မိန်းမလို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ အင်္ဂါလေးပါးနှင့် ညီညွတ်ခဲ့လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်လို့ ဆိုလိုတယ်။

အင်္ဂါလေးပါးဆိုတာက **(၁) မသွားလာထိုက်သော အဂမနီယမိန်းမဖြစ်ရမယ်၊ (၂) မှီဝဲလိုသော စိတ်လည်းရှိရမယ်၊ (၃) လုံ့လလည်း ပြုရမယ်**

http://www.dhammadownload.com



**(၄) မင်္ဂချင်းချင်း၌ ထည့်သွင်းသည်ကိုလည်း သာယာရမယ်၊** ဒီအင်္ဂါလေးပါး ဟာ ကာမေသုမိစ္ဆာစာရကံရဲ့ အင်္ဂါလေးပါးဖြစ်တယ်။

အင်္ဂါလေးပါးနှင့် ညီညွတ်လျှင် ကာမေသုမိစ္ဆာစာရကံဟာ ကေန်ဖြစ် ပြီလို့ မှတ်ရမယ်၊ အဲဒီ မိစ္ဆာစာရကံဟာလည်း အဂမနီယဖြစ်သော မိန်းမ၏ သီလရှိခြင်း, မရှိခြင်း၊ အလိုတူခြင်း, မတူခြင်းအားဖြင့် အပြစ် အလေး,အပေါ့ ဖြစ်လာတယ်၊ မိန်းမက သီလရှိ၍ အလိုမတူသော် အပြစ်ကြီးတယ်၊ သီလ မရှိလို့ အလိုတူခဲ့လျှင် အပြစ်ငယ်တယ်လို့ မှတ်ရမယ်၊ ဒီလင်္ကာမှာပါတဲ့ မဲ့- ဆိုတဲ့ ပေါရာဏကမရှိ၊ **ဟဲ့-** ဆိုတဲ့ ပေါရာဏက ရှိ၊ **သယောက်**ဆိုတဲ့ ပေါရာဏက **အမျှောင်လင်၊ အမျှောင်မယားလို့** ဆိုလိုတယ်ကွယ့်။

**သူ့မယားဖြစ်၊ တစ်ကျိပ်နှစ်၌၊ အပြစ်တူကွ၊ မလွတ်ကြဘူး၊ မိန်းမ, ယောကျ်ား၊ နှစ်ဦးသားပင်၊ နှစ်ဦးကံမိုက်၊ အပါယ်ထိုက်ရှင့်။**

ယောကျ်ားဖြစ်သူဟာ လင်မရှိတဲ့ မိန်းမရှစ်ယောက်နှင့် လင်ရှိမယား တစ်ကျိပ်နှစ်ယောက်တို့မှာ လွန်ကျူးလျှင် ကာမေသုမိစ္ဆာစာရကံ အပြစ်ချင်း တူကြတယ်၊ သူ့မယားဖြစ်ခဲ့လျှင် ပရဒါကကံပါ ထပ်ဆင့်ပြီး အပြစ်ပိုကြီး တယ်၊ လင်ရှိမယား တစ်ကျိပ်နှစ်ယောက်တို့လည်း ယောကျ်ားကဲ့သို့ ကာမေ သုမိစ္ဆာစာရကံမိုက်ကြောင့် အပါယ်ကို ကျထိုက်သတဲ့၊ လင်မရှိတဲ့ မိန်းမ ရှစ်ယောက်တို့ကတော့ မိမိကာမကို မိမိသာ ပိုင်တာမို့ ကာမေသုမိစ္ဆာ မဖြစ် ဘူး၊ ကျူးလွန်တဲ့ ယောကျ်ားသာ အပြစ်ဖြစ်တယ်၊ ဒါကြောင့်-

**မှတ်ပိုက်စင်စစ်၊ လင်မဲ့ရှစ်မှာ၊ ယောကျ်ားသာဟု၊**
**ကျမ်းလာမမှား၊ ဆုံးဖြတ်ခြား၏**

လို့ ဆက်လက်ရေးသားတော်မူတယ်ကွယ့်၊ ကျန်တဲ့လင်္ကာပိုဒ်ကတော့ အခက် အခဲ မရှိပါဘူး၊ ဒါကြောင့် လိုရင်းကိုပဲ ပြောပြတော့မယ်”

“မှန်ပါ၊ မိန့်တော်မူပါဘုရား”

“ကာမေသုမိစ္ဆာစာရကံ ကမ္ဘပထမြောက်ခဲ့လျှင် အခြားမဲ့သော အနန္တရ ဘဝမှာ ငရဲကို ကျရောက်တတ်တယ်၊ ဓမ္မပဒ အဋ္ဌကထာမှာလာတဲ့ ဒု၊ သ၊ န၊ သော သူဌေးသား လေးဦးတို့ဟာ ကာမေသုမိစ္ဆာစာရကံကြောင့် ပွက်ပွက်ဆူ နေတဲ့ ကြေးသံရည်အတွင်း အောက်ထက်ပြောင်းပြန် နှစ်ခြောက်သောင်းမှာ

http://www.dhammadownload.com



ဦးခေါင်းတစ်ခါ ပေါ်လာပြီး ပြန်နှစ်မြုပ်သွားရတယ်၊ ဒါကြောင့် မိမိစိတ်ကို ထိန်းပါ၊ မိန်းမနှင့်ယောကျ်ားဆိုတာ ကြုံကြိုက်လာလျှင် စစ်ကြီးထသလို နှစ်ဦးသား ကိလေသာတွေ ထကြွလာတတ်ကြတယ်၊ သတိတရား, သမာဓိတရား, ပညာတရား ရှေ့မှာထားပြီး ထိန်းသိမ်းပါ၊ အရှင်အာနန္ဒာအလောင်းဟာ ပါရမီတော်ကို ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးပြီး ဖြစ်ပါလျက် ပန်းထိမ်သည်ဘဝက တစ်ကြိမ်မျှ ကာမေသုမိစ္ဆာစာရကံ လွန်ကျူးမိလို့ ရောရုဝငရဲ ရောက်ပြီး ငရဲကလွတ်ခဲ့တော့ မိန်းမ၊ နပုန်းပဏ္ဍုတ်နှင့် ၁၄-ဘဝတိုင်အောင် ဗီဇအထုတ်ခံရတဲ့ နွား, မျောက် ဖြစ်ခဲ့ရသေးသတဲ့၊ ဒါကြောင့် အလွန်ကြောက်စရာကောင်းတဲ့ ပရဒါရ ကံကြီးကလွတ်အောင် ထိန်းသိမ်းပါလို့ ဆိုလိုသကွယ့်"

"မှန်ပါ မဃဒေဝလင်္ကာသစ်ရဲ့ ဆိုလိုရင်းကိုတော့ သဘောပေါက်သွားပါပြီ၊ သို့သော် အနည်းငယ် မရှင်းလင်းတာကလေးများကို လျှောက်ထားပါရစေဦး ဘုရား"

"လျှောက်ထားပေါ့ ဘာများ လျှောက်ထားချင်သေးသလဲ"

"လျှောက်ထားချင်တာက လင်မရှိတဲ့ မိန်းမရှစ်မျိုးတို့ဟာ သူတို့နှစ်သက်တဲ့ ယောကျ်ားတစ်ဦးနှင့် နှစ်ဦးသဘောတူ ရုံးမှာ လက်ထပ်ခဲ့လျှင် နှစ်ဦးသား ကာမေသုမိစ္ဆာစာရကံ လွတ်,မလွတ်ပါ ဘုရား"

"လင်မရှိတဲ့ မိန်းမရှစ်ယောက်တို့ကတော့ သူတို့ကာမ သူတို့ပိုင်တာမို့ ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူး၊ ယောကျ်ားဖြစ်သူကလည်း မိဘစတဲ့ အုပ်ထိန်းသူထက် အဆင့်မြင့်တဲ့ အစိုးရဌာနက အသိအမှတ် ပြုပေးလိုက်တဲ့ အတွက် ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူးလို့ မှတ်ရတယ်ကွယ့်"

"သားသမီးရှိတဲ့ မုဆိုးမ၊ တစ်ခုလပ်တို့နှင့် နှစ်ဦးသဘောတူ ပေါင်းဖော်လျှင်ကော အပြစ်လွတ်ပါ့မလား ဘုရား"

"သားသမီးဆိုတာ မိဘရဲ့ အစောင့်အရှောက်ခံသာ ဖြစ်တယ်၊ မိခင်က သားသမီးရဲ့ အစောင့်အရှောက်ခံ မဟုတ်လို့ မိန်းမက သဘောတူလျှင် ကာမေသုမိစ္ဆာစာရကံ မထိုက်ပါဘူး"

"လင်မဲ့ မိန်းမရှစ်မျိုးဟာ မယားရှိတဲ့ သူတစ်ပါးလင်နှင့် ပျော်ပါးလျှင်ကော နှစ်ဦး း ကာမေသုမိစ္ဆာစာရကံ လွတ်ပါ့မလား ဘုရား"

http://www.dhammadownload.com



"လင်မဲ့ရှစ်မျိုးကတော့ သူတစ်ပါး လင်နှင့် ပျော်ပါးသည့်တိုင်အောင် မိမိကာမကို မိမိတို့သာ ပိုင်ဆိုင်တာမို့ ကာမေသုမိစ္ဆာစာရ မဖြစ်ဘူး၊ ယောကျ်ားဖြစ်သူကတော့ မအိပ်အပ်တဲ့ နှစ်ကျိပ်သောမိန်းမနှင့် ပျော်ပါးတာမို့ ကာမေသုမိစ္ဆာစာရက မလွှတ်ဘူး"

"ဇနီးရှိတဲ့ လင်ယောကျ်ားဟာ ဇနီးမယား သဘောမတူတဲ့ လင်မဲ့မိန်းမ ရှစ်မျိုးနှင့် ပေါင်းဖက်လျှင်ကော နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရကံ လွတ်ပါ့မလား ဘုရား"

"လင်မဲ့မိန်းမကတော့ လွတ်တယ်၊ ဇနီးရှိတဲ့ ယောကျ်ားကတော့ အုပ်ထိန်းသူများ သဘောမတူလျှင် အပြစ်မလွတ်ဘူး"

"အုပ်ထိန်းသူကတော့ သဘောတူတယ်၊ လင်မဲ့မိန်းမကလေးက သဘောမတူဘူး၊ အဲဒါလွန်ကျူးလျှင်ကော အပြစ်လွတ်ပါ့မလား ဘုရား"

"ကာယကံရှင်က သဘောမတူဘဲ သူ့ကာမကို လုယူတဲ့အတွက် အပြစ်မလွတ်ဘူးကွယ့်"

"လင်မဲ့မိန်းမမှာ အုပ်ထိန်းသူ (စောင့်ရှောက်သူ)တွေ များနေတယ်၊ တချို့က သဘောတူ၊ တချို့က သဘောမတူဖြစ်နေလျှင်ကော ဘုရာ့"

"အေး... မိန်းမကလေးက သဘောတူလျှင် အပြစ်မဖြစ်ပါဘူး"

"လင်မဲ့မိန်းမဟာ အုပ်ထိန်းသူ မသိဘဲ တိတ်တဆိတ် ပြည့်တန်ဆာမ လုပ်ခဲ့လျှင်ကော အပြစ်လွတ်ပါ့မလား ဘုရာ့"


"မိန်းကလေးဟာ အဂမနီယဝတ္ထုဖြစ်လို့ အပြစ်မလွတ်ဘူးကွယ့်၊ အင်း... ကာမေသုမိစ္ဆာစာရကံနှင့် ပတ်သက်ပြီး မေးကွက်တွေကတော့ အများသားကလား၊ အဖြေကတော့ ကာမေသုမိစ္ဆာစာရကံရဲ့ အင်္ဂါလေးချက် ကိုက်ညီလျှင် အပြစ်ရှိတယ်၊ မကိုက်ညီလျှင် အပြစ်မရှိဘူးပေါ့ကွယ်၊ ဒီနေရာမှာ အပြစ်ဆိုတာဟာလဲ (ကာမေသုမိစ္ဆာစာရကံ ထိုက်ခြင်း)ကို ဆိုလိုတယ်၊ တဏှာ၊ ရာဂ၊ လောဘဆိုတဲ့ အပြစ်ကတော့ ဘယ်ကင်းမလဲလေ ဟုတ်လား"

"မှန်ပါ၊ သဘောပေါက်ပါပြီဘုရား"

"သာဓု... သာဓု... သာဓု"

❋❋❋

http://www.dhammadownload.com



# မောင်ကြည်ဆွေ၏ အမေးဆယ်ချက်

"ဟောဒီစာက မန္တလေးမြို့၊ တရုတ်တန်း၊ မောင်ကြည်ဆွေရဲ့ အမေးများ ဖြစ်ပါတယ်၊ မောင်ကြည်ဆွေရဲ့ လိပ်စာအပြည့်အစုံက မန္တလေးမြို့၊ အနောက်ပြင်၊ မိုးကောင်းတိုက်၊ ဇေယျာသိန်ကျောင်း၊ အရှင်ခေမိန္ဒမှတစ်ဆင့် ဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ မောင်ကြည်ဆွေရဲ့ မေးခွန်းတွေက ဘာတွေများလဲ"

"မှန်ပါ၊ တပည့်တော် ဖတ်လျှောက်ပါ့မယ် ဘုရား"

(၁) ဘုရားရှင်၏ အရပ်တော် ၁၈–တောင် ဟုတ်,မဟုတ်။

(၂) ၄၉–လုပ် ဆွမ်းတော် ဘုဉ်းပေးစဉ်က ဆွမ်းတစ်လုပ်လျှင် ထန်းသီး ပမာဏဆိုတာ ဟုတ်, မဟုတ်။

(၃) ဘုရားရှင်သည် ဒုက္ကရစရိယာအကျင့်ကို ကျော်လွှား၍ ရ,မရ။

(၄) ဣဒ္ဓိပါဒ်လေးပါး ပြည့်စုံသောပုဂ္ဂိုလ် အာယုကပ်ပတ်လုံး နေနိုင်ကြောင်း ဘုရား အရိပ်အမြွက်ပြစဉ် ညီတော်အာနန္ဒာ မလျှောက်ထားနိုင်အောင် မာရ်နတ်က ဟန့်တားသည်ကို ဘုရားရှင်က အဘယ်ကြောင့် မတား သနည်း။

(၅) ရဟန်းတော်များသည် မိဘတို့အား သင်္ကန်းဟောင်းကိုဖျက်၍ ပုဆိုး၊ ထဘီ၊ အင်္ကျီ ချုပ်ပေးကောင်း,, မပေးကောင်း။

(၆) ကာယကံ၊ ဝစီကံ၊ မနောကံတို့တွင် အဘယ်ကံ အပြစ်အကြီးဆုံး ဖြစ်ပါသနည်း။

http://www.dhammadownload.com



(၇) မြန်မာလူမျိုးများသည် အဘယ်ကြောင့် အရှေ့အရပ် ဦးခေါင်းပြု၍ အိပ်ကြပါသနည်း။

(၈) အမြတ်စားလို၍ ရောင်းဝယ်ဖောက်ကားခြင်းသည် သမ္မာအာဇီဝ ဖြစ်, မဖြစ်။

(၉) ဝိသမလောဘ မတရားရယူထားသော ငွေဖြင့် အလှူလုပ်သော် အကျိုး ရှိ, မရှိ။

(၁၀) အင်္ဂုလိမာလသည် သူ့အသက် ရက်စက်စွာ သတ်ဖြတ်သူ ဖြစ်ပါလျက် အဘယ်ကြောင့် ရဟန္တာဖြစ်ပါသနည်း။

ဒီအမေးဆယ်ပုဒ်ဟာ မောင်ကြည်ဆွေရဲ့အမေးများ ဖြစ်ပါတယ်၊ သူ့မေးခွန်းများရဲ့ အဖြေ မိန့်တော်မူပါဦးဘုရား”

“မောင်ကြည်ဆွေရဲ့ အမေးတွေက များလွန်းတယ်ကွယ့်၊ ဒါကြောင့် တိုစိ တိုစိကလေးပဲ ဖြေကြစို့ရဲ့”

“မှန်ပါ၊ ဖြေတော်မူပါဘုရား”

“အမှတ် ၁–ပုစ္ဆာက **ဘုရားရှင်ရဲ့ အရပ်တော် ၁၈–တောင် ဟုတ်, မဟုတ်**တဲ့၊ ဒီပြဿနာက မကြာခဏရောက်လာတဲ့ ပြဿနာပဲကွယ့်၊ ဒီပြဿနာကို ယုတ္တိနှစ်ပါးနှင့်ယှဉ်ပြီး ဖြေကြည့်ကြတာပေါ့၊ ယုတ္တိနှစ်ပါးဆိုတာက သဘာဝယုတ္တိနှင့် အာဂမယုတ္တိပေါ့ကွယ်၊ သဘာဝယုတ္တိဆိုတာ မျက်မြင်နှင့် ညှိနှိုင်းဖြေရှင်းတာကို ဆိုလိုတယ်၊ မျက်မြင်အားဖြင့် ယခုလူတွေဟာ များသော အားဖြင့် လေးတောင် အရပ်မြင့်တာပဲ၊ ဘုရားရှင်လည်း လူသားတစ်ဦးမို့ လေးတောင်ထက် ပိုလျှင် အနည်းငယ် ပိုသင့်သပေါ့၊ ယခု လေးတောင်, ငါးတောင်မျှမက တစ်ဆယ့်ရှစ်တောင်ဆိုတော့ သဘာဝယုတ္တိ မကိုက်ဘူး ပေါ့ကွယ်၊ သို့သော် သဘာဝယုတ္တိထက် အာဂမယုတ္တိက ပိုမိုပြီး လေးနက်တယ်၊ သဘာဝယုတ္တိနှင့် မကိုက်သော်လည်း အာဂမယုတ္တိရှိလျှင် အတည်ပြုရမြဲဖြစ် တယ်၊ အာဂမယုတ္တိဆိုတာ ပါဠိတော် အဋ္ဌကထာကလာတဲ့ စကားကို ဆိုလို တယ်၊ ဒီနေရာမှာ အဋ္ဌကထာ ဘယ်လိုဆိုသလဲဆိုတာ ပြောပြဦးမယ်”

“မိန့်တော်မူပါ ဘုရား”

“ဘုရားပညတ်တော်ဖြစ်တဲ့ ပါတိမောက်၊ သံဃာဒိသိသ်၊ ကုဋိကာရ သိက္ခာပုဒ်မှာ ကိုယ့်ကျောင်းကို ဆောက်နေရတဲ့ရဟန်းဟာ ကျောင်းကို ကြီး

http://www.dhammadownload.com



ကြီးမဆောက်ရဘူး၊ အလျား ၁၂–ထွာ၊ အနံ ၇–ထွာ၊ ဘုရားရှင်အထွာ အတိုင်းအရှည်မျှသာ ဆောက်ရမယ်လို့ ပညတ်တော်ထုတ်ထားတယ်၊ ဒီနေရာမှာ အထွာက ဘုရားရှင်ရဲ့အထွာတဲ့ လူတိုင်းရဲ့အထွာမဟုတ်ဘူး၊ ဘုရားရှင်ရဲ့ အထွာက ဘယ်လောက်ရှိသလဲဆိုတော့ အဋ္ဌကထာဆရာက–

**သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝဍ္ဎကီဟတ္ထေန ဒိယဍ္ဎော ဟတ္ထော ဟောတိ–**

လို့ ဖွင့်ပြထားတယ်။

အဓိပ္ပာယ်က– ဘုရားရှင်ရဲ့အထွာဆိုတာ မဇ္ဈိမပုရိသတို့ရဲ့အထွာ သုံးထွာရှိတယ်တဲ့၊ လက်သမားအထွာနှင့်ဆိုလျှင် တစ်ထောင့်ထွာရှိတယ်လို့ ဖွင့်ထားတယ်၊ သုံးထွာကို တောင်ဖွဲ့လျှင် တစ်တောင့်ထွာရှိတယ်လို့ ဆိုတာပါပဲ၊ ဒီစကားရပ်ကို ဘိက္ခုပါတိမောက် နိဿယ သံဃာဒိသိသ် ကုဋိကာရသိက္ခာပုဒ်မှာ မဇ္ဈိမပုရိသတစ်တောင်သည် ပကတိပုရိသ တစ်ထောင့်ထွာရှိတယ်လို့ ဖွင့်ပြထားပြန်တယ်၊ အဲဒီ အဖွင့်များကို အမှီပြုပြီး–

**"ရှင်စောတစ်ထွာ၊ မသုံးထွာ၊ တို့မှာထက်ဝက်နှော"**ဆိုတဲ့ သံပေါက်နိယံ ပေါ်လာတယ်။

ဒီအဖွင့်ကိုမှီပြီး ဘုရားရှင်ရဲ့ အရပ်တော်ကို ထွက်လိုက်တော့ ဘုရားရှင်ဟာ နိဂြောဓပရိမဏ္ဍလသဏ္ဌာန်ပင်လို အဝန်းနှင့်အရပ် ညီမျှတဲ့အတွက် မိမိအတောင်နှင့် လေးတောင်တိတိ ရှိတယ်၊ ဘုရားရှင်ရဲ့လေးတောင်ကို မဇ္ဈိမပုရိသ သုံးဆတက်နှင့်တွက်လိုက်တော့ မဇ္ဈိမပုရိသအတောင်နှင့် ၁၂–တောင်တိတိရှိတယ်၊ အဲဒီ ၁၂–တောင်ကို ပကတိပုရိသအတောင်နှင့် သိရအောင် ထက်ဝက် ၆–တောင်နှောလိုက်၊ အားလုံး ဘုရားရှင်ရဲ့အရပ်တော် ၁၈–တောင် ဖြစ်လာတယ်၊ ဒါကြောင့် ဗုဒ္ဓဝံသအဋ္ဌကထာ၊ ဝေမတ္တကထာ အဖွင့်မှာ–

**"အမှာကံ ဘဂဝါ အဋ္ဌရသ ဟတ္ထုဗ္ဗေဓော အဟောသိ"**

ငါတို့ရဲ့ ဘုရားရှင်ဟာ ၁၈–တောင် အရပ်မြင့်တယ်လို့ ဖွင့်ဆိုထားတယ်၊ ဒါက အဋ္ဌကထာအရ တွက်ယူတာဖြစ်တယ်၊ ဗုဒ္ဓဝံသပါဠိတော် ၃၈၁–မှာ ဘုရားရှင် ဟောတာကတော့–

http://www.dhammadownload.com



**အဟံ အသတ္တမူလမှိ၊**
**ပတ္တော သမ္ဗောဓိ မုတ္တမံ။**
**ဗျာမပ္ပဘာ သဒါ မယှံ၊**
**သောဠသ ဟတ္ထ မုဂ္ဂတာ–တဲ့။**

ငါဘုရားဟာ ညောင်ဗုဒ္ဓေပင်ရင်းမှာ မြတ်သော ဗောဓိဉာဏ်ကို ရတယ်၊ ငါ့ပတ်ဝန်းကျင်မှာ တစ်လံမျှလောက်သော ဗျာမပ္ပဘာ ရောင်ခြည်တော် အမြဲ ရှိတယ်၊ ငါ့ရဲ့အရပ်တော်ဟာ တစ်ဆယ့်ခြောက်တောင် မြင့်တယ်တဲ့၊ ဒီလို ယုတ္တိအဆင့်ဆင့်နှင့် ချင့်ချိန်ကြည့်ခဲ့လျှင် ပါဠိတော်ကလာတဲ့ အရပ်တော် ၁၆–တောင်ဆိုတာကိုသာ သန္နိဋ္ဌာန်ကျ မှတ်သားသင့်တာပေါ့ကွယ်"

* * *

## ဆွမ်းလုပ်တော်ပမာဏ

"ဆွမ်းလုပ်တော် ၄၉–လုပ် ဘုဉ်းပေးစဉ်က ဆွမ်းတစ်လုပ် ထန်းသီးပမာဏ ဟုတ်,မဟုတ် ဆိုတာလဲ ရှင်းပါဦးဘုရား"

"အဲဒီ ဆွမ်းလုပ်ပြဿနာကို မဖြေရှင်းမီ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေတဲ့ မူလဗုဒ္ဓဝင်ရဲ့ အဆိုကို ပြောပြဦးမယ်။

ဘုရားရှင်ဟာ ဒုက္ကရစရိယာကျင့်ရာ သင်္ခမ်းကျောင်းမှ နံနက်စောစောထ၍ ဆွမ်းခံချိန်ကို ဆိုင်းငံ့ရင်း အဇပါလညောင်ပင်ရင်းမှာ အရှေ့ဘက်မျက်နှာပြုပြီး ထိုင်နေသတဲ့၊ ဒီအချိန်မှာ သူဌေးသမီး သုဇာတာက ခိုင်းစေလိုက်တဲ့ အစေခံမိန်းမဟာ ညောင်ပင်ရင်းကို ရှင်းလင်း သုတ်သင်ဖို့အလာ ရွှေအဆင်းရှိတဲ့ ဘုရားရှင်ကိုမြင်တော့ အရှင်ရက္ခစိုးနတ်မင်းဟာ ငါတို့သခင်မရဲ့အပူဇော်ကို ကိုယ်တိုင် ခံယူလိုတဲ့အတွက် ဒီလိုနေတာပဲလို့ ယူဆမိသတဲ့၊ ဒါကြောင့် အိမ်ကို အမြန်ပြန်သွားပြီး သူဌေးသမီး သုဇာတာကို ဒီအကြောင်းပြောပြသတဲ့၊ သုဇာတာလည်း ဝမ်းသာလွန်းလို့ ဒီအတိုင်းမှန်လျှင် နင့်ကို သမီးအဖြစ် မွေးစားမယ်ပြောပြီး အဖိုးတစ်သိန်းထိုက်တဲ့ ရွှေခွက်အတွင်း ချက်ထားတဲ့ နို့ဃနာများ လောင်းထည့်စေတယ်၊ နို့ဃနာများဟာ ပဒုမ္မာကြာလက်က နှင်းရေပေါက်လို အားလုံး ရွှေခွက်မှာ တည်သတဲ့၊ ဃနာနို့ဆွမ်းနှင့် ရွှေခွက်ဟာ ပြည့်ရုံပဲဖြစ်သတဲ့၊ ရွှေခွက်ထဲ နို့ဃနာထည့်၊ အပေါ်ယံက

http://www.dhammadownload.com



အဖုံးအုပ်၊ အဖုံးပေါ်က အဝတ်ဖြူဖြင့် ဖွဲ့စည်းရစ်ပတ်ပြီး ရွှေခွက်ကို ကိုယ်တိုင် ဦးခေါင်းထက် ရွက်ယူခဲ့တယ်၊ ညောင်ပင်ဆီရောက်တော့ ဘုရားရှင်ကို ရုက္ခစိုးလို့ပဲထင်ပြီး ရိုရိုသေသေ အနီး ချဉ်းကပ်ထိုင်တယ်၊ ဒီအချိန်မှာ ဗြဟ္မာလှူဒါန်းတဲ့မြေသပိတ် အလိုအလျောက် ပျောက်ကွယ်သွားတဲ့အတွက် လက်ယာလက်တော်ကို ဆန့်တန်းပြီး ရေကို ခံသတဲ့၊ သုဇာတာကလည်း ရုက္ခစိုး အမှတ်နှင့် လက်တော်အပေါ် ရေသွန်းပြီး ရွှေခွက်နှင့်တကွသော နို့ဃနာဆွမ်းကို ကပ်သတဲ့။

အလောင်းတော်က ခံယူဖို့ သပိတ်မရှိတဲ့အတွက် သုဇာတာကို ကြည့်တော်မူတော့ သုဇာတာက ရွှေခွက်ပါလှူခြင်းဖြစ်၍ အလိုရှိရာ သုံးဆောင်တော်မူပါလို့ လျှောက်ထားပြီး အကျွန်ုပ်အား အမျိုးသိလနှင့် ပြည့်စုံသော သားကောင်းရတနာကိုရ၍ အလိုဆန္ဒ ပြည့်ဝသကဲ့သို့ အရှင်နတ်မင်းအားလည်း ပြည့်ဝပါစေလို့ ဆုတောင်းပြီး အိမ်ပြန်သွားသတဲ့။

သုဇာတာ ပြန်သွားပြီးနောက် အလောင်းတော်ဟာ ရွှေခွက်ကိုယူပြီး လက်ယာရစ်သုံးပတ် ညောင်ပင်ကို လှည့်တော်မူပြီးနောက် နေရဉ္ဇရာမြစ်နားကြွတော်မူသတဲ့။

နေရဉ္ဇရာမြစ် သုပ္ပတိဋ္ဌိက အမည်ရှိတဲ့ သဘော်ဆိပ်ကမ်းမှာ ရွှေခွက်ကိုချထားပြီး ရေသပ္ပာယ်တော်မူသတဲ့၊ ရေသပ္ပာယ်ပြီးတော့ မြတ်သော အရှေ့တူရူအရပ်သို့ မျက်နှာလှည့်၊ ထက်ဝယ်ဖွဲ့ခွေထိုင်၊ တစ်စေ့တည်းသီးသော ထန်းသီးမှည့်အရွယ်လောက် ဒေါင်းဥခန့်ပမာဏမျှ လေးဆယ့်ကိုးလုပ် မယုတ်မလွန် ဘုဉ်းပေးတော်မူသတဲ့ကွယ်။

ယခုပြောခဲ့တာက မူလဗုဒ္ဓဝင်ရဲ့ အဆိုအမိန့်ဖြစ်တယ်၊ မူလဗုဒ္ဓဝင်ရဲ့ အဆိုအမိန့်အရဆိုလျှင် ဘုရားအလောင်း ၄၉–လုပ် ဘုဉ်းပေးသော ဆွမ်းလုပ်ဟာ တစ်စေ့တည်းရှိသော ထန်းသီးမှည့်လောက် ရှိသတဲ့၊ အဲဒီ ထန်းသီးပမာဏကိုလည်း ဒေါင်းဥလောက်လို့ ဖော်ပြထားတယ်။

ဒီစကားရပ်ကို ဇိနတ္ထပကာသနီက ဘယ်လိုရေးသလဲဆိုတော့ "ယင်းသို့ နို့ဃနာဆွမ်းကို ခံတော်မူပြီးလျှင် အနီးဖြစ်သော နေရဉ္ဇရာမြစ်သို့ ကပ်တော်မူ၍ ဘုရားလောင်းတို့ ရေချိုးမြဲဖြစ်သော သုပ္ပတိဋ္ဌိတမည်သော ဆိပ်၌ ရေချိုးတော်မူပြီးမှ ကမ်းခုံစထက် ထက်ဝယ်ဖွဲ့၍ အရှေ့အရပ်သို့ ရှေးရှု

http://www.dhammadownload.com



နေတော်မူလျက် "ထန်းသီးမှည့် ပမာဏရှိသော ဆွမ်းလုပ်ဖြင့် လေးဆယ့်ကိုးလုပ် ပရိဘုတ်တော်မူပြီးလျှင်"လို့ ရေးထားတယ်၊ မူလဗုဒ္ဓဝင်တုန်းက သဘော်ဆိပ်ကမ်းလို့ ရေးတယ်၊ ဇိနတ္ထပကာသနီက ရိုးရိုးရေချိုးတဲ့ ဆိပ်ကမ်းလို့ ရေးတယ်။

မူလဗုဒ္ဓဝင်က တစ်စေ့တည်းရှိသော ထန်းသီးခန့်လို့ရေးပြီး ဇိနတ္ထပကာသနီက "ထန်းသီးမှည့်ပမာဏလို့ သာမညရေးတယ်၊ ထန်းသီးဆိုတာ များသောအားဖြင့် အစေ့နှစ်စေ့ရှိတာများတယ်၊ ထန်းသီးမှည့်လို့ဆိုလိုက်လျှင် အစေ့နှစ်စေ့ရှိတဲ့ ထန်းသီးမှည့်လို့ ယူဆကြမှာပဲ၊ အစေ့နှစ်စေ့ရှိတဲ့ ထန်းသီးမှည့်ဟာ စလယ်တောင်းလောက် ကြီးတယ်၊ စလယ်တောင်းလောက်ကြီးတဲ့ ဆွမ်းလုပ် ၄၉–လုပ်ဆိုတော့ ရွှေခွက်ရဲ့ပမာဏကို ဆပြီး ကြည့်ဖို့ တင်းဖွဲ့ပြီး ကြည့်လိုက်စမ်း၊ လေးစလယ်တစ်ပြည် ၄၉–လုပ်ဆိုတော့ ၄၉–စလယ်ပေါ့၊ ၄၉–ကို လေးနှင့်စား၊ ၁၂–ပြည်နှင့် တစ်စလယ်ရှိတယ်၊ ၁၂–ပြည်ဆိုတာ ၃–စိတ်ပေါ့၊ စိတ်တောင်းသုံးလုံးစာသာသာရှိတဲ့ ရွှေခွက်ဆိုလျှင် ဟုတ်နိုင်ပါ့မလား၊ ဒါကြောင့် အစေ့နှစ်စေ့ပါတဲ့ ရိုးရိုးထန်းသီးတော့ မဟုတ်တန်ဘူး၊ ဒါဖြင့် ခိုင်မာတဲ့ ကျမ်းက ဘယ်လိုဆိုသလဲ–

ခုဒ္ဒကနိကာယ၊ အပဒါနအဋ္ဌကထာ၊ ပ၊ ၈၃–မှာ

**"ပုရတ္ထာဘိမုခေါ နိသီဒိတွာ ဧကဋ္ဌိတာလ ပက္ကပ္ပမာဏေ ဧကူနပဏ္ဏာသပိဏ္ဍေ ကတွာ သဗ္ဗံ အပ္ပေါဒကမဓုပါယာသံ ပရိဘုဉ္ဇိ"**လို့ ဖွင့်ပြထားတယ်။

ဒီအဋ္ဌကထာမှာ အရေးကြီးတဲ့စကားက (ဧကဋ္ဌိတာလပက္ကပ္ပမာဏော) ဆိုတဲ့ ပုဒ်ပဲကွယ့်"

"မှန်ပါ၊ အဲဒီပုဒ်ရဲ့ အနက်ကို အမိန့်ရှိပါဦး"

"ပုဒ်ကို အနက်မပေးခင် အက္ခရာတွေကို စစ်ကြည့်ကြဦးစို့ရဲ့၊ ဧကဋ္ဌိတာလဆိုတာကို သိန္ဓိပုဒ် ဖြတ်လိုက်လျှင် (ဧက၊ အဋ္ဌိ၊ တာလပက္က၊ ပမာဏ)လို့ ဖြစ်လာသကွယ့်၊ **ဧက**–က တစ်ခု၊ **အဋ္ဌိ**–က အစေ့၊ **တာလပက္က**–က ထန်းသီးမှည့်၊ **ပမာဏ**–က အတိုင်းအရှည်၊ အားလုံးကို အနက်ဖော်လိုက်တော့ တစ်ခုသောအစေ့ရှိသော ထန်းသီးမှည့် အတိုင်းအရှည်ရှိသောလို့ အနက်ပေါ်ခဲ့တယ်၊ နှစ်စေ့ရှိတဲ့ ထန်းသီးနှင့်နှိုင်းစာလျှင် တစ်စေ့ရှိသော

http://www.dhammadownload.com



ထန်းသီးက ထက်ဝက်ရှိမှာပေါ့၊ ထန်းစေ့နှစ်စေ့ရှိတဲ့ ထန်းသီး ၄၉–လုံးဟာ ၁၂–ပြည်သာသာ ရှိခဲ့လျှင် ထန်းစေ့တစ်စေ့ရှိသော ထန်းသီး ၄၉–လုံးဟာ ၆–ပြည်သာသာ ရှိမှာပေါ့၊ လေးပြည်ရှိတဲ့ စိတ်တောင်းတောင် အတော်ကြီးနေလျှင် ခြောက်ပြည်သာသာရှိတဲ့ တောင်းက ပိုကြီးမှာပေါ့၊ ဒီနေရာမှာ သိစေချင်တာက ဈွေခွက်ရဲ့ပမာဏကို ဖြစ်တယ်၊ ခြောက်ပြည်တောင်းလုံးလောက်ကြီးနေတဲ့ ဈွေခွက်ဆိုတာလည်း လူ့အသုံးအဆောင်အနေနှင့်တော့ အတော်ကြီးနေတယ်၊ ဒါကြောင့် မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ နှာ– ၂၂၇–မှာ တိပိဋက ဓရ ဆရာတော်က ထန်းသီးလုံးကို မယူဘဲ အစေ့တစ်စေ့ရှိသော ထန်းသီးရဲ့အစေ့ကို ယူစေလိုတဲ့အတွက်–

"ထိုရေချိုးဆိပ်၌ ဈွေခွက်ကိုချထား၍ ဆင်းသက် ရေချိုးတော်မူပြီးလျှင် ထိုဆိပ်ကမ်းမှတက်၍ အေးမြသော သစ်ပင်ရိပ်၌ အရှေ့အရပ်သို့ မျက်နှာမူထိုင်နေတော်မူလျက် (ထန်းသီးမှည့်လုံးခန့်မဟုတ်) ထန်းသီးမှည့်အစေ့ခန့်ပမာဏရှိသည့် လေးဆယ့်ကိုးလုပ် မယုတ်မပို ပြုတော်မူကာ ရေမပါသည့် အလုံးစုံသော နို့ဃနာကို ဘုဉ်းပေး သုံးဆောင်တော်မူလေ၏"လို့ ဆုံးဖြတ်ရေးသားထားတော်မူပါတယ်။

ဒါကြောင့် ဆွမ်းတော် ၄၉–လုပ် ဘုဉ်းပေးစဉ် ဆွမ်းတစ်လုပ်သည် ထန်းသီးပမာဏမဟုတ်၊ ထန်းစေ့ပမာဏလို့ မှတ်ယူစေလိုတယ်ကွယ်"

သာဓု...သာဓု...သာဓု...

## ဒုက္ကရစရိယာအကျင့်

"ဘုရားရှင်များဟာ ဒုက္ကရစရိယာအကျင့်ကို မကျင့်ဘဲ ဘုရားအဖြစ်ရောက်နိုင်, မရောက်နိုင် ဆိုတာကိုလည်း အမိန့်ရှိတော်မူပါဦးဘုရား"

"ဒုက္ကရစရိယာဆိုတာက ပြုလုပ်ရန် အလွန်ခဲယဉ်းသော အကျင့်လို့ ဆိုလိုတယ်၊ ဒီအကျင့်မျိုးကို ပုဂ္ဂိုလ်တိုင်း မကျင့်နိုင်ဘူး၊ အလွန် ခဲခဲယဉ်းယဉ်း ဆင်းဆင်းရဲရဲ ကျင့်ရလို့ အချို့က (ဒုက္ခစရိယအကျင့်)လို့တောင် ခေါ်ကြသေးတယ်၊ အမှန်ကတော့ ဒုက္ခစရိယာ မဟုတ်ပါဘူး၊ ဒုက္ကရစရိယာသာဖြစ်တယ်ကွယ့်"

http://www.dhammadownload.com



"ဒီအကျင့်ကို ဘုရားသခင်ဟာ အသက်စွန့်ပြီး ကျင့်ခဲ့တယ်၊ ဘယ်လောက်ကြာအောင် ကျင့်ခဲ့သလဲဆိုတော့ ခြောက်နှစ်ကြာအောင် ကျင့်ခဲ့တယ်၊ ဒုက္ကရစရိယာအကျင့်ကြောင့် အသားအရေတွေ မည်းခြောက်လာတယ်၊ လက္ခဏာကြီးငယ်တွေ ကွယ်ပျောက်ကုန်တယ်၊ ဒါပေမယ့် အမှန်တရားကို မမြင်ဘူး၊ ဒီအကြောင်းကို အပဒါနအဋ္ဌကထာ၊ ပ၊ ၈၁-မှာ

**မဟာသတ္တဿ ဆဗ္ဗဿာနိ ဒုက္ကရကာရိကံကရောန္တဿေဝ အာကာသေ ဂဏ္ဍိကရဏကာလော ဝိယ အဟောသိ။**

**ဆဗ္ဗဿာနိ**- ခြောက်နှစ်တို့ပတ်လုံး၊ **ဒုက္ကရကာရိကံ**- ဒုက္ကရစရိယာအကျင့်ကို၊ **ကရောန္တဿ**- ပြုသော၊ **မဟာသတ္တဿဧဝ**- ဘုရားလောင်းအားသာလျှင်၊ **အာကာသေ**- ကောင်းကင်၌၊ **ဂဏ္ဍိကရဏကာလော ဝိယ**- အထုံးအဖွဲ့ကို ပြုသောကာလကဲ့သို့၊ **အဟောသိ**- ဖြစ်ပြီတဲ့။

ကောင်းကင်ဟင်းလင်းမှာ ချည်လို့၊ နှောင်လို့၊ ထုံးဖွဲ့လို့ မဖြစ်သလို ဒုက္ကရစရိယာအကျင့်ဖြင့် အမှန်တရားကို သိဖို့ဆိုတာ မဖြစ်နိုင်ဘူးတဲ့။

**"အယံ ဒုက္ကရကာရိကာ နာမ ဗောဓာယ မဂ္ဂေါ န ဟောတိ"**

**အယံ ဒုက္ကရကာရိကာ နာမ**- ဤဒုက္ကရစရိယာမည်သည်၊ **မဂ္ဂေါ**- အရိယာမဂ်ကို၊ **ဗောဓာယ**- ထိုးထွင်း၍ သိခြင်းငှာ၊ **နဟောတိ**- မဖြစ်တဲ့။

ဒုက္ကရစရိယာ အကျင့်ဆိုတာ လောကုတ္တရာမဂ်ကို ထိုးထွင်းသိနိုင်တဲ့ အကျင့်မဟုတ်ဘူးတဲ့။

ဒုက္ကရစရိယာအကျင့် ကျင့်နေတဲ့ဘုရားလောင်းဟာ ဒီလို အကြံဖြစ်ခဲ့လို့ ပြင်းထန်လွန်းတဲ့ ဒုက္ကရစရိယာအကျင့်ကို စွန့်ပြီး အလယ်အလတ်လမ်းစဉ်ဖြင့် ဆွမ်းခံ မျှတခဲ့တဲ့အခါမှာ လက္ခဏာတော်များ ပြန်ပေါ်လာပြီး ကိုယ်တော်လည်း ရွှေအဆင်းလို ပြန်ဖြစ်လာခဲ့တယ်၊ ဒီအခါမှာ အလုပ်အကျွေး ပဉ္စဝဂ္ဂီတို့က ဒီဘုရားလောင်းဟာ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့် ကျင့်ပါလျက် သဗ္ဗညုတဉာဏ်ကို မရခဲ့ဘူး၊ ယခု ဒုက္ကရစရိယာအကျင့်က ထွက်ခဲ့လျှင် ဘယ်နည်းနှင့်မှ သဗ္ဗညုတဉာဏ်ကို ရမည်မဟုတ်ဘူးလို့ ဘုရားလောင်းကို စွန့်ပစ်ခဲ့ကြတယ်။

ဒုက္ကရစရိယာ အကျင့်ဆိုတာဟာ ဓမ္မစကြာသုတ်မှာ ဘုရားရှင် ပြန်ဟောတော်မူတဲ့ အတ္တကိလမထာနုယောဂအကျင့်မျိုးပဲ၊ မဇ္ဈိမပဋိပဒါ အကျင့်

http://www.dhammadownload.com



မဟုတ်ဘူး၊ ဒါကြောင့် ဒုက္ကရစရိယာ မကျင့်သော်လည်း ဘုရားဖြစ်ခြင်းငှာ ဆိုက်တယ်၊ ဒီအကြောင်းကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ မဟာသစ္စကသုတ် အဖွင့်မှာ–

**"ကိံ ပန ဘဂဝါ ဒုက္ကရံ အကတွာ ဗုဒ္ဓေါ ဘဝိတုံ န သမတ္ထောတိ၊ ကတွာ ပိ အကတွာ ပိ သမတ္ထောဝ"**လို့ ဖွင့်ပြထားတယ်။

ဒုက္ကရစရိယာအကျင့်ကို မကျင့်ဘဲ ဘုရားမဖြစ်နိုင်ဘူးလားဆိုတော့ ကျင့်ချင်ကျင့်၊ မကျင့်ချင်နေ ဘုရားဖြစ်နိုင်တယ်လို့ ဖွင့်ပြထားတယ်။

ဒုက္ကရစရိယာအကျင့်ဟာ အတ္တကိလမထာနုယောဂမျိုးမို့ ဒီအကျင့်ကို မကျင့်ဘဲ ဘုရားဖြစ်နိုင်လျှင် ဘုရားလောင်းဟာ ဘာကြောင့် ဒီအကျင့်ကို ကျင့်ရတာလဲဆိုတော့ ကဿပဘုရားလက်ထက် ဇောတိပါလပုဏ္ဏားဘဝမှာ ဘုရားရှင်ကို ပြစ်မှားမိတဲ့ မကောင်းမှုအကုသိုလ်ကံကြောင့် ဝဋ်ခံရတယ်လို့

**တေန ကမ္မဝိပါကေန၊ အစရိံ ဒုက္ကရံ ဗဟုံ။**

**ဆဗ္ဗဿာနုရုဝေလာယံ၊ တတော ဗောဓိ မပါပုဏိံ**...လို့ အပါဒါန အဋ္ဌကထာ၊ ပ၊ ၁၂၉–မှာ ဟောထားတယ်။

ဒီလိုဆိုလျှင် ဘုရားရှင်တို့ရဲ့ဓမ္မတာ ၃၀–မှာ ဘာကြောင့် ဒုက္ကရစရိယာပါသလဲ၊ ရှေးဘုရားရှင်များကော ဘာကြောင့် ဒီ ဒုက္ကရစရိယာကို ကျင့်ကြရတာလဲ၊ ဝေမတ္တငါးပါးမှာ ဘာကြောင့် ပဓာနဝေမတ္တကို ထည့်ထားရတာလဲ လို့ မေးခဲ့လျှင် အဖြေကတော့–

ဘုရားရှင်များဟာ ဒုက္ကရစရိယာအကျင့် မကျင့်သော်လည်း ပါရမီ ပြည့်ဝပြီး ပုဂ္ဂိုလ်များဖြစ်လို့ ကေန်ဘုရားဖြစ်နိုင်ကြတယ်၊ ဒါဖြင့် ဘာကြောင့် အပင်ပန်းခံပြီး ကျင့်ကြတာလဲဆိုတော့ ကိုယ်တော်ရဲ့လုံ့လကို အထင်အရှား ပြသလိုသောကြောင့်တစ်ကြောင်း၊ မိမိရဲ့လုံ့လကို မိမိ နှစ်သက်စေလိုသော ကြောင့်တစ်ကြောင်း ဒုက္ကရစရိယာအကျင့်ကို ကျင့်သတဲ့ကွယ်။

ဥပမာအားဖြင့် လောကမှာ မင်းနှစ်မျိုးရှိတယ်၊ တစ်မျိုးသောမင်းက မိမိက ဘာမျှ လုံ့လမစိုက်ရဘဲ အလိုအလျောက် ဖြစ်လာသောမင်းကတစ်မျိုး၊ မင်းအဖြစ်ကိုရအောင် ရန်သူများကို တိုက်ခိုက် အောင်မြင်ပြီးမှ ဖြစ်လာသော မင်းကတစ်မျိုး၊ အဲဒီလို မင်းနှစ်မျိုးရှိရာမှာ ဘာမျှ လုံ့လမပြုရဘဲ အလို

http://www.dhammadownload.com



အလျောက် ဖြစ်လာတဲ့မင်းက ရာဇဝင်မပြောင်ဘူး၊ အများကလည်း အထင်မကြီးဘူး၊ နင်လားငါလား တိုက်ခိုက်ပြီး တက်လာတဲ့မင်းကမှ ရာဇဝင်လည်းပြောင်တယ်၊ လူအများကလည်း အထင်ကြီးတယ်၊ အဲဒီဥပမာအတိုင်း ဒုက္ကရစရိယာမကျင့်ဘဲ ဘုရားဖြစ်ခဲ့လျှင် အဲဒီဘုရားဟာ ဗုဒ္ဓဝင်မပြောင်ဘူး၊ လူအထင်မကြီးဘူး၊ ယခုလို ဒုက္ကရစရိယာကျင့်ပြီး ဖြစ်လာတဲ့ဘုရားမှ ဗုဒ္ဓဝင်လည်း ပြောင်တယ်၊ လူ,နတ်,ဗြဟ္မာတို့ကလည်း အထင်ကြီးတယ်၊ ဒါကြောင့် ဒုက္ကရစရိယာကို ကျင့်ကြတယ်၊ တစ်နည်းအားဖြင့် နောက်လာမည့် တပည့်သားအပေါင်းတို့ အတုလိုက် ကျင့်ကြံစေလိုတဲ့အတွက် ဒုက္ကရစရိယာအကျင့်ကို ကျင့်တယ်တဲ့။

နောင်လာမည့် တပည့်သားအပေါင်းဟာ ပါရမီ ပြည့်ဝတော်မူပြီးတဲ့ ဘုရားအလောင်းတော်ကြီးတောင် ဒီမျှ အားထုတ်တော်မူခဲ့သေးတယ်၊ ငါတို့ ဘာကြောင့် အားမထုတ်နိုင်ရမှာလဲလို့ ကမ္မဋ္ဌာန်းအလုပ် ပြင်းပြင်းထန်ထန် အားထုတ်စေလိုတဲ့အတွက် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူကြခြင်း ဖြစ်ပါသတဲ့။

ဒီအဖြေကို မူလပဏ္ဏာသ အဋ္ဌကထာ၊ မဟာသစ္စကသုတ် အဖွင့်ကို မှီပြီး ပြောပြလိုက်ခြင်းဖြစ်တယ်၊ တိတိကျကျအဖြေကို လိုချင်လျှင် အဲဒီ မဟာသစ္စကသုတ်အဖွင့်မှာ ကြည့်ပါလို့ မှာလိုက်ပါတယ်ကွယ်"

"သာဓု . . . သာဓု . . . သာဓု"

## ဘုရားရှင်နှင့် အာယုကပ်

"ဣဒ္ဓိပါဒ်လေးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ် အာယုကပ်ပတ်လုံး နေနိုင်ကြောင်း ဘုရားရှင်ဟောတော့ အရှင်အာနန္ဒာက အရှင်ဘုရား အာယုကပ်ပတ်လုံး တည်နေတော်မူပါလို့ မလျှောက်ထားနိုင်အောင် မာရ်နတ်က ဟန့်တားထားတာကို ဘုရားရှင်က ဘာကြောင့် မာရ်နတ်ကို မတားသလဲဆိုတဲ့ အမေးကိုလည်း အဖြေပေးပါဦး ဘုရား"

"ဒီအဖြေကတော့ ဒီလိုပါကွယ်"

"မိန့်တော်မူပါ ဘုရား"

http://www.dhammadownload.com



"ဘုရားရှင်တို့မည်သည် ပွင့်တော်မူချိန် လူ့သက်တမ်းကို ငါးပုံပုံ လေးပုံသာ နေတော်မူမြဲ ဖြစ်ကြတယ်၊ ယခု အာယုသင်္ခါရ လွှတ်တော်မူ တော့ သက်တော်ရှစ်ဆယ်ရှိနေပြီ၊ အသက်တစ်ရာတမ်းမှာ ရှစ်ဆယ်သာ နေခွင့်ရှိတယ်၊ ရှစ်ဆယ်ကျော်သွားလျှင် သွားကျိုး၊ ဆံဖြူ စတဲ့ ဇရာတရားတွေ နှောင့်ယှက်လာကြတော့မယ်၊ ဘုရားရှင်ဆိုတာ လူ့နတ်များရဲ့အလယ်မှာ တင့်တယ်သော ဥပဓိရုပ် ရှိသင့်တယ်၊ အလွန် အိုမင်းခဲ့လျှင် ဥပဓိရုပ် ပျက် စီးတာပေါ့၊ ဒါကြောင့် ဘုရားရှင်တိုင်းဟာ အသက်တမ်းကို ငါးပုံပြု လေးပုံ သာ နေမြဲဖြစ်တယ်။

ဒါကြောင့် မာရ်နတ် လျှောက်သည်ဖြစ်စေ၊ မလျှောက်သည်ဖြစ်စေ သက်တော်ရှစ်ဆယ်အရွယ်မှာ ဧကန် ပရိနိဗ္ဗာန် ဝင်စံရတော့မယ်၊ အဲဒီ ဝင်စံရမည့်အချိန်မှာပင် မာရ်နတ်က လျှောက်ထားပြန်တယ်၊ ဒီအကြောင်းကို ဘုရားရှင်က သိတယ်၊ ညီတော် အာနန္ဒာက မသိဘူး၊ အကယ်၍ ညီတော် အာနန္ဒာ သိခဲ့လျှင် အလွန် စိတ်ထိခိုက်သွားလိမ့်မယ်၊ ဒီအတွက် ဣဒ္ဓိပါဒ် လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ အာယုကပ်ပတ်လုံး တည်နေနိုင်တယ် ဟောတော့ ရှင်အာနန္ဒာရဲ့ အသိဉာဏ်ကို မာရ်နတ်က ပိတ်ထားတယ်၊ အကယ်၍ မာရ်နတ်က မပိတ်ထားလျှင် ဘုရားရှင်က ပိတ်ထားမှာပဲ၊ ဘာ ကြောင့်တုန်းဆိုတော့ ဒီလို ပိတ်ထားတဲ့အတွက် အာနန္ဒာဟာ ငါ့ချို့ယွင်းချက် ပါလားလို့ စိတ်အတော်အတန် သက်သာသွားတယ်။

ဒီချို့ယွင်းချက်သာ မရှိခဲ့လျှင် ဘုရားရှင်ကလည်း ဓမ္မတာအလျောက် အသက်ရှစ်ဆယ်က ကျော်လွန်ပြီး နေနိုင်ခွင့်မရှိလို့ အရှင်အာနန္ဒာရဲ့ တောင်း ပန်ချက်ဟာ အချည်းနှီးဖြစ်ပြီး အရှင်အာနန္ဒာ အလွန်စိတ်မကောင်း ဖြစ် သွားလိမ့်မယ်၊ ခုတော့ ကိုယ့်ချို့ယွင်းချက်နှင့် ကိုယ်မို့ တောင်းပန်ချက် အချည်းနှီးဖြစ်သော်လည်း အလွန် စိတ်မကောင်းမဖြစ်ဘူး၊ ဒါကြောင့် မာရ်နတ် ဟန့်တားတာကို ဘုရားရှင်က မာရ်နတ်ကို မတားဘဲ ခွင့်ပြုလိုက်ခြင်း ဖြစ် တယ်ကွယ့်၊ ဘယ့်နှယ့်လဲ သဘောကျရဲ့လား"

"မှန်ပါ၊ သဘောကျကြောင်းပါ ဘုရား"

"သာဓု... သာဓု... သာဓု"

* * *

http://www.dhammadownload.com



## ကံသုံးပါးတို့၏ အပြစ်

"ကာယကံ၊ ဝစီကံ၊ မနောကံရယ်လို့ ကံသုံးပါးမှာ ဘယ်ကံက အပြစ်ကြီးပါသလဲလို့ မေးထားတဲ့ပြဿနာကိုလည်း ဖြေတော်မူပါဦးဘုရား"

"ကာယကံ၊ ဝစီကံ၊ မနောကံရယ်လို့ ကံသုံးပါးမှာ ဘယ်ကံက အပြစ်ကြီးပါသလဲဆိုတာထောက်တော့ ဒီကံသုံးပါးဟာ ကောင်းကျိုးပေးတဲ့ ကုသိုလ်ကံ မဟုတ်ဘူး၊ မကောင်းကျိုးပေးတဲ့ အကုသိုလ်ကံကို မေးတာပဲဆိုတာ သိသာသွားတယ်၊ ဒီလိုဆို ကာယကံဘယ်လောက်၊ ဝစီကံဘယ်လောက်၊ မနောကံ ဘယ်လောက် ရှိတယ်ဆိုတာ သိဖို့လိုလာတယ်၊ ဒါကြောင့် ကံအရေအတွက်ကို ဦးစွာ ပြောပြဦးမယ်"

"မိန့်တော်မူပါဘုရား"

"ကာယကံဆိုတာ ကိုယ်ဖြင့် ပြုလုပ်တဲ့ အကုသိုလ်ကံကို ဆိုလိုတယ်၊ အဲဒီကိုယ်ဖြင့် ပြုလုပ်တဲ့ အကုသိုလ်ကံဟာ–

(၁) **ပါဏာတိပါတ** = သူ့အသက်ကိုသတ်တဲ့ကံ၊
(၂) **အဒိန္နာဒါန** = သူတစ်ပါးပစ္စည်း ခိုးယူတဲ့ကံ၊
(၃) **ကာမေသုမိစ္ဆာစာရ** = ကာမမှု၌ မှားယွင်းစွာ ပြုကျင့်မိတဲ့ကံရယ်လို့ သုံးပါးရှိတယ်။

နှုတ်ဖြင့် ပြောမှားဆိုမှားတဲ့ကံကို ဝစီကံလို့ ခေါ်တယ်၊ အဲဒီ နှုတ်ဖြင့် အပြောမှားတဲ့ ကံဟာ–

(၁) **မုသာဝါဒ** = လိမ်ပြောတဲ့ကံ၊
(၂) **ပိသုဏဝါစာ** = သူတစ်ပါး အချစ်ပျက်အောင် ကုန်းတိုက်တဲ့ အကုသိုလ်ကံ၊
(၃) **ဖရုသဝါစာ** = ကြမ်းတမ်းစွာ ပြောဆိုဆဲရေးသော အကုသိုလ်ကံ၊
(၄) **သမ္ဖပ္ပလာပ** = ပြိန်ဖျင်းသောစကားကို ဆိုသော အကုသိုလ်ကံရယ်လို့ လေးပါးရှိတယ်။

စိတ်မှာဖြစ်ပွားတဲ့ အကုသိုလ်ကံကို မနောကံလို့ခေါ်တယ်၊ မနောကံက–

(၁) **အဘိဇ္ဈာ** = သူ့ပစ္စည်းဟာ ငါ့ပစ္စည်းဖြစ်ပါတော့လို့ မတရားရချင်တဲ့ အကုသိုလ်ကံ၊

http://www.dhammadownload.com



(၂) **ဗျာပါဒ** = သူတစ်ပါး ပျက်စီးအောင်၊ သေအောင် ကြံစည်တဲ့ အကုသိုလ်ကံ၊

(၃) **မိစ္ဆာဒိဋ္ဌိ** = အယူအဆ မှားယွင်းတဲ့ အကုသိုလ်ကံရယ်လို့ သုံးပါး ရှိတယ်။

ဒီ ၁၀-ပါးသော အကုသိုလ်ကံတရားကို အပါယ်ရောက်ကြောင်း လမ်းမကြီးနှင့်တူလို့ (**အကုသလ ကမ္မပထတရား**)လို့ ခေါ်တယ်၊ အကုသလ ကမ္မပထဆိုတာ အကုသိုလ်ကံတည်းဟူသော အပါယ်သွား လမ်းမကြီးကို ဆိုလိုတယ်၊ ဒီလမ်းမကြီး ၁၀-ခုအနက် တစ်ခုခုပေါ် နင်းသွားမိလျှင် လမ်းမကြီးက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါး ကို ညွှန်ပြနေသတဲ့၊ ဒါကြောင့် ဒီ ၁၀-ပါးသော အကုသိုလ်ကံအနက် တစ်ကံကံကို လွန်ကျူးမိလျှင် အပါယ်လမ်းက သေချာနေတယ်၊ ဒါကြောင့် အကုသလကမ္မပထ ၁၀-ပါးလုံး အပြစ်ငယ်တာရယ်လို့တော့ မရှိဘူး၊ သို့သော် ဒီ ၁၀-ပါးအနက် ဘယ်ကံတရားဟာ အပြစ်အကြီးဆုံးလဲလို့ တွက်ခဲ့လျှင် နောက်ဆုံး မိစ္ဆာဒိဋ္ဌိကံဟာ အပြစ်အကြီးဆုံး ဖြစ်တယ်၊ ဒီအကြောင်းကို တွက်ပြဦးမယ်။

အကုသိုလ်ကံအတွင်းမှာ ဂရုကံဟာ အလေးဆုံးကံဖြစ်တယ်၊ ဂရုကံ ဆိုတာ (ပဉ္စာနန္တရိယကံ)ကို ခေါ်တာပဲ၊ ပဉ္စာနန္တရိယဆိုတာ ကွယ်လွန်သည် ၏အခြားမဲ့မှာ ဧကန် အဝီစိငရဲကြီး ကျရောက်မည့်ကံလို့ ဆိုလိုတယ်။

အဲဒီ အနန္တရိယကံဟာ ပဥ္စဆိုတဲ့အတိုင်း ငါးပါးရှိတယ်။

(၁) **မာတုဃာတက** = အမိကို သတ်သောကံ၊
(၂) **ပိတုဃာတက** = အဖကို သတ်သောကံ၊
(၃) **အရဟန္တဃာတက** = ရဟန္တာကို သတ်သောကံ၊
(၄) **လောဟိတုပ္ပါဒက** = ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုသောကံ၊
(၅) **သံဃဘေဒက** = သံဃာကွဲအောင် ပြုသောကံ၊

ဒီ ဂရုကံကြီး ငါးပါးလုံးဟာ ကာယကံတွေချည်းပဲ၊ ဒါကြောင့် ကာယကံ အပြစ်ကြီးတယ်လို့ ဖြေစရာပေါ့၊ သို့သော်လည်း ကာယကံသာ အပြစ်ကြီးတာ မဟုတ်ဘူး။

http://www.dhammadownload.com



ဝစီကံအတွင်းက မုသာဝါဒဆိုတာလည်း အလွန် အပြစ်ကြီးတယ်၊ အပြစ်ကြီးလွန်းလို့ ဘုရားအလောင်းတော်များဟာ အခြားအကုသိုလ်များကိုသာ ကျူးလွန်ခဲ့တယ်၊ မုသာဝါဒကံကိုတော့ မကျူးလွန်ဘူးတဲ့ကွယ်၊ ဒါကြောင့် မဃဒေဝလင်္ကာသစ်များ **"အကုသိုလ်မှာ မုသာဝါဒ၊ ကုသိုလ်မှာကား သစ္စဝါစာ လေးဆုံးသာတည့်"**လို့ စပ်ဆိုထားတယ်၊ ဒီကံတွေထက် အပြစ်အကြီးဆုံး ကတော့ မိစ္ဆာဒိဋ္ဌိကံပဲကွယ်၊ မိစ္ဆာဒိဋ္ဌိဆိုတာ အယူဆမှားတာပေါ့၊ ကမ္မပထ မြောက်တဲ့ မိစ္ဆာဒိဋ္ဌိကံက ၁၀-ပါးရှိတယ်၊ **(ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ)**လို့ ခေါ်တယ်။

အဲဒီမိစ္ဆာဒိဋ္ဌိ ၁၀-ပါးက-

၁။ **နတ္ထိ ဒိန္နံ** = အလှူငယ်ပေးလှူလို့ အကျိုးမရှိ၊
၂။ **နတ္ထိ ယိဋ္ဌံ** = အလှူကြီးပေးလှူလို့ အကျိုးမရှိ၊
၃။ **နတ္ထိ ဟုတံ** = ပူဇော်၍ အကျိုးမရှိ၊
၄။ **နတ္ထိ ဖလံ ဝိပါကော** = ကုသိုလ်ကံ၊ အကုသိုလ်ကံမရှိ၊
၅။ **နတ္ထိ အယံ လောကော** = ဘဝတစ်ပါးမှ လာသူမရှိ၊
၆။ **နတ္ထိ ပရော လောကော** = တမလွန်လောကမရှိ၊
၇။ **နတ္ထိ မာတာ** = မိခင်၏ကျေးဇူးမရှိ၊
၈။ **နတ္ထိ ပိတာ** = ဖခင်၏ကျေးဇူးမရှိ၊
၉။ **နတ္ထိ သြပပါတိကာ** = ဥပပတ်သတ္တဝါမရှိ၊
၁၀။ **နတ္ထိ သမဏဗြာဟ္မဏာ** = ကိလေသာ ငြိမ်းအေးသော သမဏ ဗြာဟ္မဏာဟူ၍မရှိ။

ဒီအယူ ၁၀-ပါးကို ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်။

ဒီ မိစ္ဆာဒိဋ္ဌိကြီးဆယ်ပါးကို ကံ၏အကျိုး မရှိလို့ ပယ်တဲ့အတွက်ကြောင့် နတ္ထိကဒိဋ္ဌိလို့ ခေါ်တယ်၊ ကောင်းမှုပြုသော်လည်း ပြုသည်မမည်၊ မကောင်းမှု ပြုသော်လည်း ပြုသည်မမည်လို့ ကံကို ပယ်တဲ့အတွက်ကြောင့် အကြိယ ဒိဋ္ဌိလို့လည်း ခေါ်ကြတယ်။

သတ္တဝါဆိုတာ ကုသိုလ်ကံကြောင့်ဖြစ်တာလည်းမဟုတ်၊ အကုသိုလ်ကံကြောင့် ဖြစ်တာလည်းမဟုတ်၊ အကြောင်း အထောက်အပံ့မရှိ၊ သူ့ဖြစ်ချင်ရာ ဖြစ်တာပဲလို့ အကြောင်းပယ်တဲ့အတွက် အဟေတုကဒိဋ္ဌိလို့လည်း ခေါ်တယ်။

http://www.dhammadownload.com




**နတ္ထိကာဟေတုက အကြိယ ဒိဋ္ဌိဟိ ဧဝ ကမ္မပထဘေဒေါ ဟောတိ။**


နတ္ထိက အဟေတုက အကြိယ အမည်ရတဲ့ ဒီအယူဆိုး ဒိဋ္ဌိကြီး ဆယ်ပါး စွဲကိုင်ထားခဲ့လျှင် အပါယ်လားဖို့ ကမ္မပထမြောက်သွားပြီတဲ့၊ ဒီ အယူဆိုးကြီးကို စွဲစွဲမြဲမြဲယူခဲ့လျှင် နိယတမိစ္ဆာဒိဋ္ဌိဖြစ်သွားပြီး ထိုသူကွယ်လွန် လျှင် လူ့ဘဝ,နတ်ဘဝမှာ ဖြစ်ခွင့်မရှိ၊ ကေန် မဟာအဝီစိငရဲကို ကျမယ်၊ ကမ္ဘာပျက်လျှင် အနန္တရိယကံကြောင့် ငရဲကျသူများ ဗြဟ္မာ့ဘုံ၌ ဖြစ်ခွင့်ရှိ သော်လည်း နိယတမိစ္ဆာဒိဋ္ဌိ အယူဆိုး ယူမိသူကတော့ ဗြဟ္မာ့ဘုံမှာ မဖြစ်ဘဲ ဒီ စကြဝဠာကမ္ဘာကြီးပျက်လျှင် အခြားမပျက်သေးတဲ့ ကမ္ဘာမှာကူးပြီး ငရဲခံရ လိမ့်မယ်တဲ့၊ ဒါလားဆိုတော့ မကသေးဘူး၊ အယူမှား ယူမိတဲ့သူဟာ မိမိ ယူထားတဲ့ မိစ္ဆာဒိဋ္ဌိအယူကို ဖြစ်ရာဘဝမှာ အခိုင်အမာ ဆုပ်ကိုင် စွဲယူထားတဲ့ အတွက် ဘုရားပေါင်း အရာအထောင် ကြွရောက် တရားဟောသည့်တိုင်အောင် စွဲယူမိတဲ့ မိစ္ဆာအယူကို မစွန့်နိုင်အောင် အလွန် အယူပြင်းထန်သတဲ့၊ ဒါကြောင့် မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ဟာ အပါယ်ပြီး အပါယ်ကျ၍ ကမ္ဘာ့သစ်ငုတ်ကြီးအဖြစ် ကျန်ရစ်တတ်တယ်လို့ ကျမ်းဂန်များမှာ ဖွင့်ပြထားတယ်၊ မိစ္ဆာဒိဋ္ဌိကံဆိုတာ ကာယကံလည်းမဟုတ်ဘူး၊ ဝစီကံလည်း မဟုတ်ဘူး၊ မနောကံစစ်စစ် ဖြစ်တယ်၊ ဒါကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အကုသိုလ်ကံ သုံးပါးမှာ မနောကံဟာ အပြစ်အကြီးဆုံးလို့ မှတ်သင့်တာပေါ့ကွယ်"

"သာဓု … သာဓု … သာဓု"

❋ ❋ ❋



http://www.dhammadownload.com



# အသက်၊ ဝိညာဉ်၊ လိပ်ပြာ

ကျောင်းခန်းအတွင်း တစ်ပါးတည်း စာကြည့်နေစဉ် အခန်းဝမှ ကျောင်းသားတစ်ဦး ဝင်ရောက်လာသည်ကို မြင်သောကြောင့် "ဘာကိစ္စလဲ ဟေ့"ဟု ကျောင်းသားကို မေးလိုက်သည်။

"အခန်းအပြင်မှာ ဧည့်သည်ရောက်လာလို့ ဘုရား"ဟု ကျောင်းသားက လျှောက်ထားသည်။

"အေး... အေး၊ ငါလာခဲ့မယ်"ဟု ပြောရင်း ကြည့်လက်စ စာအုပ်ကို ချကာ အခန်းအပြင်သို့ ထွက်လာသည်၊ အခန်းပြင်၌ ထိုင်နေသော ဧည့်သည် ဆိုသူကား ထီးချိုင့်မြောက်ပြင်၊ ရွှေကျောင်းရွာမှာ ကိုလှမြိုင်ဖြစ်ပါသည်၊ ကိုလှမြိုင်သည် ဓမ္မဗျူဟာစာစောင်ကို ထီးချိုင့်မြို့ ကြံတိုင်းအောင်ပုံနှိပ်တိုက်မှ တစ်ဆင့် လစဉ်ကြည့်နေသူဖြစ်၍ မိမိနှင့် အကျွမ်းဝင်သူ ဖြစ်ပါသည်။

"ဧည့်သည်ဆိုလို့ ဘယ်သူလဲမှတ်ပါ ကိုလှမြိုင်ပါကော၊ ဆိုစမ်းပါဦး၊ ဘာကိစ္စနှင့် လာခဲ့တာလဲ"

"ကိစ္စကတော့ ကိုယ်ရေးကိစ္စရှိလို့ ထီးချိုင့်ကို လာတာပါဘုရား၊ ဆရာတော့်ဆီကိုတော့ လျှောက်ထားစရာလေး ရှိလို့ပါဘုရား"

"ဘုန်းကြီးဆီ လျှောက်ထားစရာက ဘယ်လိုအရေးအခင်းများ ပေါ်ခဲ့ လို့လဲ၊ ဆိုစမ်းပါဦး"

"ဘယ်လို အရေးအခင်းမှ မပေါ်ပါဘူးဘုရား၊ တပည့်တော် လျှောက် ထားချင်တာက နားမလည်တာလေး ရှိလို့ပါ"

"ဘယ်လို နားမလည်တာလဲ ဆိုစမ်းပါဦး"

http://www.dhammadownload.com



"တပည့်တော် နားမလည်တာက ဒီလိုပါဘုရား၊ တစ်နေ့က အလယ်တောရွာ ဦးညိုမြ ဆွမ်းကျွေးကို တပည့်တော် သွားပါတယ်၊ အဲဒီမှာ လူကြီးတွေ ငြင်းခုံနေကြတာကို ကြားခဲ့ရပါတယ်ဘုရား"

"ဘယ်လို ငြင်းခုံကြတာလဲ ဆိုစမ်းပါဦး"

"လူကြီးတစ်ယောက်က ပြောတယ်ဘုရား၊ လူသေတယ်ဆိုတာဟာ သက်ဆိုင်ရာက အသက်ကို နှုတ်ယူလိုက်လို့ သေတာတဲ့ဘုရား၊ တစ်ယောက်ကတော့ အသက်ကို နှုတ်တာမဟုတ်ဘူး၊ လိပ်ပြာနှုတ်လို့ သေတာတဲ့၊ လူကြီးတစ်ယောက်ကတော့ လိပ်ပြာနှုတ်လို့ သေတာမဟုတ်ဘူး၊ ဝိညာဉ်နှုတ်လို့ သေတာလို့ ပြောတယ်ဘုရား၊ အဲဒီလူကြီးများပြောတဲ့ အသက်၊ လိပ်ပြာ၊ ဝိညာဉ်ဆိုတာ ဘာကို ဆိုလိုတာလဲ၊ အသက်၊ လိပ်ပြာ၊ ဝိညာဉ်နှုတ်တယ်ဆိုတာ ဘယ်သူက နှုတ်တာလဲ၊ တစ္ဆေသရဲက နှုတ်တာလား၊ ဒီ တစ္ဆေသရဲဆိုတာကကော အမှန်တကယ် ရှိသလား၊ လူနှင့်တစ္ဆေ လုံးကြတယ်ဆိုတာကော အမှန်ဟုတ်ရဲ့လား၊ တစ္ဆေသရဲက လူရဲ့ဝိညာဉ်ကို နှုတ်စားတယ်ဆိုတာကော ဖြစ်နိုင်ရဲ့လားဆိုတာ တပည့်တော် မဝေခွဲနိုင် ဖြစ်နေပါတယ်ဘုရား၊ ဒါကြောင့် ဆရာတော်ဆီ လာရောက် လျှောက်ထားတာပါဘုရား"

"အသက်၊ ဝိညာဉ်၊ လိပ်ပြာဆိုတာကို တစ်ခုစီခွဲပြီး ပြောပြမယ်"

"မှန်ပါ အမိန့်ရှိပါဘုရား"

"အသက်ဆိုတာ ထင်ရှားရှိတဲ့အသက်နှင့် ထင်ရှားမရှိပါဘဲ ထင်ရှားရှိတယ်လို့ ထင်နေတဲ့အသက်ရယ်လို့ နှစ်မျိုးရှိသကွယ့်၊ ထင်ရှားရှိတယ်ဆိုတဲ့ အသက်က ပါဠိဘာသာအားဖြင့် ဇီဝိတခေါ်တဲ့ အသက်ပေါ့၊ အဲဒီ ဇီဝိတခေါ်တဲ့ အသက်ဟာ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတလို့ နှစ်မျိုးရှိသကွယ့်၊ ရုပ်သက် နာမ်သက်လို့ ခေါ်တာပေါ့၊ ရုပ် ၂၈–ပါးရှိရာမှာ **ဇီဝိတိဝိန္ဒြိယံ ဇီဝိတရူပံ နာမ** ဆိုတဲ့ သင်္ဂြိုဟ်ပါဠိအတိုင်း ဇီဝိတိန္ဒြေကို ရုပ်သက်လို့ ခေါ်တယ်၊ ရုပ်သက်ဆိုတာ ကမ္မဇရုပ်တို့ရဲ့ အသက်ကို ဆိုလိုတယ်၊ အဲဒီ ရုပ်သက်ဟာ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတည်တယ်၊ ကံကြောင့်ဖြစ်တဲ့ရုပ်တွေ မညှိုးနွမ်းရအောင် ကြာရိုးကြာစွက်အတွင်းက ရေဟာ ကြာရိုးကြာစွက် မညှိုးနွမ်းရအောင် စောင့်ရှောက်သလို ကမ္မဇရုပ်များကို မညှိုးရအောင် စောင့်ရှောက်တည်နေတယ်။

http://www.dhammadownload.com



ခန္ဓာကိုယ်အတွင်း ဖြစ်ပျက်နေကြတဲ့ ရုပ်တွေကို ရုပ်သက်ဆိုတဲ့ ဇီဝိတက အစိုးရတယ်၊ ဒါကြောင့် အသက်ဖြစ်တဲ့ရုပ်ကို ဇီဝိတိန္ဒြေလို့ ခေါ်ကြတယ်၊ ခန္ဓာကိုယ်အတွက် ရုပ်သက်ခေါ်တဲ့ ဇီဝိတိန္ဒြေ မရောက်ခဲ့လျှင် အဲဒီနေရာဟာ ပုပ်ရိပြီး သွားတတ်တယ်၊ ခန္ဓာကိုယ်အတွင်းက ရုပ်တရားများ မပုပ်မရိ မဆွေးမမြည့်ရအောင် စောင့်ရှောက်နေတဲ့ရုပ်ကို ဇီဝိတရုပ်လို့ခေါ်တယ်၊ ဇီဝိတရုပ်ကိုပင် ရုပ်သက်လို့ ခေါ်ကြတယ်၊ အခု ပြောခဲ့တာက ထင်ရှားရှိတဲ့ ရုပ်သက်ဖြစ်တယ်။

ရုပ်သက်ရှိသလို နာမ်သက်ဆိုတာလည်း ရှိတယ်၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ခုနစ်ပါးထဲက ဇီဝိတိန္ဒြေဆိုတာ နာမ်ဇီဝိတိန္ဒြေပဲ၊ သူ့ကို နာမ်သက်လို့ခေါ်တယ်၊ အဲဒီနာမ်သက်ကလည်း ထင်ရှားရှိတဲ့ အသက်ပဲ၊ လောကမှာ ရုပ်သက်, နာမ်သက် ရှိနေတဲ့ပုဂ္ဂိုလ်ကို အသက်ရှိတဲ့ပုဂ္ဂိုလ်၊ အသက်ရှင်တဲ့ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ ရုပ်သက်, နာမ်သက် ကင်းချုပ်တဲ့ပုဂ္ဂိုလ်ကို သူသေလို့ခေါ်တယ်၊ အခု ပြောခဲ့တာက ထင်ရှားရှိတဲ့ အသက်ဖြစ်တယ်၊ အသက်ဟာ ထင်ရှားရှိတဲ့အသက်၊ ထင်ရှားမရှိတဲ့အသက်လို့ အသက် နှစ်မျိုးရှိသလို ဝိညာဉ်ဟာလည်း ထင်ရှားရှိတဲ့ဝိညာဉ်၊ ထင်ရှားမရှိတဲ့ဝိညာဉ်ရယ်လို့ နှစ်မျိုးရှိတယ်။

ထင်ရှားရှိတဲ့ဝိညာဉ်ဆိုတာက ထိုထိုဤဤ တွေးတောသိတတ်တဲ့စိတ်ပေါ့၊ စိတ်နှင့်ဝိညာဉ်ဆိုတာ အသံကွဲသော်လည်း အနက်ချင်းကတော့ အတူတူပဲကွယ့်၊ **စိန္တေတီတိ စိတ္တံ**ဆိုတဲ့ အတိုင်း ကြံစည်တတ်လို့ စိတ်ခေါ်တယ်၊ **ဝိဇာနာတီတိ ဝိညာဏံ**ဆိုတဲ့အတိုင်း အာရုံကို သိတတ်လို့ ဝိညာဉ်ခေါ်တယ်၊ သင်္ဂြိုဟ်စိတ်ပိုင်းကလာတဲ့ စိတ်နှင့် ဝိညာဉ်ဟာ အတူတူပဲလို့ မှတ်ရမယ်၊ အဲဒီ စိတ်ဆိုတဲ့ ဝိညာဉ်တရားက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား လေးပါးမှာ ပါဝင်လို့ အမှန်တကယ်ရှိတဲ့ ဝိညာဉ်လို့ မှတ်ရမယ်။

လိပ်ပြာဆိုတာကတော့ ဒီ အသက် ဝိညာဉ်ကိုပင် ပျံဝဲနေတဲ့ လိပ်ပြာကောင်ကလေးနှင့် နှိုင်းပြီး လိပ်ပြာလို့ ခေါ်တာပါ၊ အမှန်တကယ် မရှိပါဘူး၊ အသက်နှင့် ဝိညာဉ်ဟာ ထင်ရှားရှိတဲ့ အသက်ဝိညာဉ်ရှိသလို ထင်ရှားမရှိတဲ့ အသက်ဝိညာဉ်ဆိုတာကိုလည်း ပြောပြဦးမယ်”

http://www.dhammadownload.com



"မှန်ပါ မိန့်တော်မူပါဘုရား"

"သုတ် သီလက္ခန်ပါဠိတော်မှာ ဗြဟ္မဇာလသုတ်ဆိုတာ ဘုရားရှင်ဟောထားတာရှိတယ်၊ အဲဒီသုတ်မှာ အတ္တဒိဋ္ဌိ ဖြစ်ပေါ်လာပုံကို ဘုရားရှင်က ဒီလိုဟောထားတယ်ကွယ့်၊ ရှေးရှေးတုံးက ဈာန်ရပုဂ္ဂိုလ်တစ်ယောက်ကွယ်လွန်တော့ အာဘဿရာဗြဟ္မာ့ဘုံမှာ ဗြဟ္မာကြီးဖြစ်သတဲ့၊ အာဘဿရာဘုံဆိုတာ ဒုတိယဈာန်သုံးဘုံမှာ နောက်ဆုံးဘုံပဲ၊ ဗြဟ္မာရဲ့အသက်က (**အာဘဿရာနံ အဋ္ဌကပ္ပာနိ**)လို့ သင်္ဂြိုဟ်ကျမ်းက ဆိုတဲ့အတိုင်း မဟာကပ် ၈–ကပ် အသက်ရှည်တယ်၊ မဟာကပ် ၈–ကပ်စေ့တော့ အာဘဿရာဘုံက စုတေတယ်၊ ဒါပေမယ့် ဈာန်အဟုန်နဲ့ စုတေတာဖြစ်လို့ ကာမဘုံကို မပြန်လာဘဲ အခြားဗြဟ္မာ့ဘုံမှာ ဖြစ်ပြန်တယ်၊ ထိုပုဂ္ဂိုလ်ဟာ မြင့်မြတ်တဲ့ဗြဟ္မာ့ဘုံမှာတော့ ဖြစ်ပါရဲ့ ဒါပေမယ့် တစ်ဦးတည်း နှစ်ရှည်လများ နေရတော့ ငြီးငွေ့လာတယ်၊ ဒါကြောင့် သတ္တဝါတစ်ယောက် ဒီဘုံကို ရောက်လာလျှင် ကောင်းမှာပဲလို့ အကြံဖြစ်သတဲ့၊ သူကြံသည်နှင့် တစ်ပြိုင်နက် အခြားက စုတေလာတဲ့ ပုဂ္ဂိုလ်တစ်ယောက် သူ့ဘုံမှာ ထင်ရှားဖြစ်လာတယ်။

အဲဒီအခါ ဗြဟ္မာကြီးရဲ့စိတ်မှာ ငါဟာ ဗြဟ္မာဖြစ်တယ်၊ အများကိုလွှမ်းမိုးနိုင်သူဖြစ်တယ်၊ ငါ့ကို မည်သူကမှ မလွှမ်းမိုးနိုင်ဘူး၊ ငါဟာ အလုံးစုံကို မြင်တယ်၊ အလိုအတိုင်း ဖြစ်နိုင်တယ်၊ အစိုးရသူဖြစ်တယ်၊ ဖန်ဆင်းနိုင်သူဖြစ်တယ်၊ အမြတ်ဆုံးဖြစ်တယ်၊ စီမံသူဖြစ်တယ်၊ လေ့လာပြီးသူ ဖြစ်တယ်၊ သတ္တဝါအားလုံးတို့ရဲ့အဖ ဖန်ဆင်းရှင်ဖြစ်တယ်၊ ဒီသတ္တဝါတွေကို ငါဖန်ဆင်းထားတာဖြစ်တယ်လို့ သူ့ကိုယ်သူ ဖန်ဆင်းရှင်လို့ ထင်တယ်၊ နောက်မှပေါ်လာတဲ့ သတ္တဝါတွေကလည်း သူထင်တဲ့အတိုင်း သူ့အပေါ် ဖန်ဆင်းရှင်ဘုရားသခင်လို့ ယူဆကြတယ်။

ဗြဟ္မာ့ဘုံမှာ နောက်ဖြစ်တဲ့ ဗြဟ္မာမှန်သမျှ ဒီလိုယုံကြည် ယူဆကြပြီးဗြဟ္မာ့ပြည်က စုတေ၊ လူ့ပြည်ရောက်လာကြတော့ အချို့က ဇာတိဿရဉာဏ်ရကြတယ်၊ ဇာတိဿရဉာဏ်နှင့် ဗြဟ္မာဘဝက အမြင်မျိုးမြင်ပြီး ကောင်းကင်ဘုံစံ မဟာဗြဟ္မာကြီးကို ဖန်ဆင်းရှင် ဘုရားသခင်အဖြစ် ယူဆဟောပြောကြတယ်၊ အဲဒီအခါကာလကစပြီး ကမ္ဘာမြေပြင်မှာ ကောင်းကင်ဘုံစံ ထာဝရဘုရား ရှိတယ်၊ ထာဝရဘုရားသခင်က ဖန်ဆင်းတဲ့အတွက် လောကမှာ

http://www.dhammadownload.com



သတ္တဝါတွေ ဖြစ်နေကြတယ်ဆိုတဲ့ ဣဿရနိမ္မာနဝါဒ ဖြစ်သွားပြီး လာသတဲ့ ကွယ်"

"ဣဿရနိမ္မာနဆိုတာ မြန်မာလို ဘာတဲ့လဲဘုရား"

"ဣဿရဆိုတာက အစိုးရတဲ့ တန်ခိုးရှင်တဲ့၊ နိမ္မာနဆိုတာက ဖန်ဆင်းတာတဲ့၊ ဣဿရနှင့် နိမ္မာန နှစ်ပုဒ်တွဲလိုက်တော့ သတ္တဝါတွေအပေါ် အစိုးရပြီး ဘုန်းတန်ခိုး အလွန်ကြီးမားတဲ့ ထာဝရဘုရားသခင် ဖန်ဆင်းတယ်ဆိုတဲ့ အယူအဆပေါ့ကွယ်"

"သတ္တဝါတွေကို ထာဝရဘုရား ဖန်ဆင်းတယ်ဆိုတာကော ဟုတ်တယ် မဟုတ်လားဘုရား"

"အဲဒီအကြောင်း ရှင်းရှင်းသိရအောင် အယူအဆသုံးမျိုးကို ပြောပြဦးမယ်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"ဘုရားဟောတဲ့ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းများကို လေ့လာခဲ့လျှင် လောကမှာ အကြောင်းကြောင့် အကျိုးဖြစ်တာချည်း တွေ့ရတယ်ကွယ့်၊ သို့သော်လည်း အချို့သောပုဂ္ဂိုလ်တွေကတော့ သတ္တဝါရယ်လို့ ဖြစ်ဖို့အတွက် ဘာမျှ ရှည်ရှည်ဝေးဝေး အကြောင်းတွေးနေစရာ မလိုဘူး၊ အကြောင်းမရှိ၊ သူဖြစ်ချင်သလို ဖြစ်တာပဲဆိုတဲ့ အယူအဆကို **အဟေတုကဒိဋ္ဌိ**လို့ ခေါ်တယ်။

အချို့သောပုဂ္ဂိုလ်ကတော့ သတ္တဝါဆိုတာ သူဖြစ်ချင်သလို ဖြစ်တာ မဟုတ်ဘူး၊ အိမ်တစ်ဆောင်ကို မြင်သောအားဖြင့် ဆောက်လုပ်သူ ရှိတယ်ဆိုတာ သိရသလို သတ္တဝါတစ်ယောက် ဖြစ်ပေါ်လာတာ မြင်တာနှင့် ပြုသူရှိတယ် ဆိုတာကို သိရမယ်၊ အဲဒီသတ္တဝါ ဖြစ်ပေါ်လာအောင် ပြုသူကတော့ ကောင်းကင်ဘုံမှာ စံမြန်းပြီး အနာဒိအနန္တ အဆုံးမရှိ၊ အစမရှိ၊ အမြဲရှိနေတဲ့ ထာဝရဘုရားကြီးဖြစ်တယ်လို့ ယူဆကြတယ်၊ အဲဒီ အယူအဆက အကြောင်းကိုတော့ ညွှန်ပါရဲ့၊ ဒါပေမယ့် မညီညွတ် မမှန်ကန်တဲ့အကြောင်းဖြစ်လို့ **ဝိသမဟေတုကဒိဋ္ဌိ**လို့ ခေါ်တယ်၊ ဒီ ဒိဋ္ဌိနှစ်မျိုးက မှားသောဒိဋ္ဌိဖြစ်လို့ မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်၊ မိစ္ဆာဒိဋ္ဌိဆိုတာ မှားယွင်းသောအယူအဆလို့ ဆိုလိုတယ်၊ မှားသော အယူအဆ ရှိလျှင် မှန်သောအယူအဆလည်း ရှိရမှာပေါ့၊ မှန်သော

http://www.dhammadownload.com



အယူအဆကတော့ **သမဟေတုကဒိဋ္ဌိ**တဲ့ကွယ်၊ သမဟေတုကဒိဋ္ဌိကဆိုတာက အကြောင်းနှင့်အကျိုး သင့်တင့်ညီမျှသော အယူအဆလို့ ဆိုလိုတာပေါ့။

အဲဒီ အယူအဆ သုံးမျိုးထဲမှာ အဟေတုကဒိဋ္ဌိနှင့် ဝိသမဟေတုကဒိဋ္ဌိ တို့ဟာ အဝေဖန် မခံနိုင်ဘူး၊ ဘယ်လို အဝေဖန် မခံနိုင်တာတုန်းဆိုတော့ အလုံးစုံသော ရုပ်တရား နာမ်တရားတို့ဟာ အကြောင်းမရှိဘဲ သူ ဖြစ်ချင်ရာ ဖြစ်တယ်ဆိုလျှင် သတ္တဝါတွေကိုကြည့်၊ သူဖြစ်ချင်သလိုဖြစ်တာ မဟုတ်ဘူး၊ မျက်လုံး၊ နှာခေါင်း၊ နားရွက်ကစပြီး တစ်ကိုယ်လုံးကိုကြည့်၊ သူ့နေရာနှင့်သူ ဖြစ်ကြတာ၊ ခြေထောက်မှာ မျက်လုံးမပေါက်ဘူး၊ ကျောမှာ နှာခေါင်းမရှိဘူး၊ ခြေထောက်နေရာမှာ ခြေထောက်၊ ခေါင်းနေရာမှာ ခေါင်း၊ သူ့နေရာမှာသူ ဖြစ်နေကြတယ်၊ ဒါကို ထောက်ဆပြီး ကြည့်သောအားဖြင့် အလုံးစုံသော ရုပ်,နာမ်ဟာ သူ ဖြစ်ချင်သလို ဖြစ်တာမဟုတ်ဘူးလို့ သိသင့်တယ်။

ဝိသမဟေတုကဒိဋ္ဌိဆိုတဲ့ ဣဿရနိမ္မာနဝါဒကို ဝေဖန်ကြည့်စမ်းဦး၊ သတ္တဝါအနန္တကို ထာဝရဘုရားက ဖန်ဆင်းတာတဲ့၊ ဒီလိုဆို ထာဝရဘုရား ကိုကော ဘယ်သူက ဖန်ဆင်းတာတုန်း၊ ထာဝရဘုရားကကော သတ္တဝါတွေ ကို ဘာလုပ်ဖို့ ဖန်ဆင်းတာလဲ၊ သတ္တဝါတွေကို ဖန်ဆင်းရာမှာ တညီတညွတ် တည်းမဟုတ်ဘဲ အဖြူအမည်း၊ ပစ္စည်းရှိ, ပစ္စည်းမဲ့၊ အာဏာရှိ, အာဏာမဲ့ ဘာကြောင့် ဖန်ဆင်းတာလဲ၊ သတ္တဝါတွေကို ဖန်ဆင်းထားပြီး ဘာကြောင့် အိုအောင်, နာအောင်, သေအောင် လုပ်တာလဲ၊ ဒီလို ဝေဖန်ကြည့်ခဲ့လျှင် အဝေဖန် မခံနိုင်ဘူး၊ ဒါကြောင့် ဒီမိစ္ဆာဝါဒတွေဟာ အဝေဖန်ကို ခံယူနိုင်တဲ့ ဝိဘဇ္ဇဝါဒီတွေ မဟုတ်ကြဘူး။

ဗုဒ္ဓဘုရားသခင်ရဲ့ဝါဒကတော့ အကြောင်းအကျိုးညီမျှတဲ့ သမဟေတုက ဝါဒတဲ့၊ ဝေဖန်ချင်သလို ဝေဖန်ပါလို့၊ အဝေဖန် ခံနိုင်တဲ့ဝါဒဖြစ်လို့ (ဝိဘဇ္ဇ ဝါဒီ)လို့လည်း ခေါ်တယ်၊ ဗုဒ္ဓဝါဒအရ အကြောင်းအကျိုး ညီညွတ်တယ်ဆို တာက ရုပ်,နာမ် မှန်သမျှဟာ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဉ် စသောအားဖြင့် ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ဖြစ်ပျက်နေတာတွေ၊ ဟေတုပစ္စယော စတဲ့ ပဋ္ဌာန်းနည်းနှင့် ဖြစ်ပျက်ပုံတွေဖြစ်တယ်၊ ဒီနည်းတွေကို နားမလည် ပါဘူးဆိုလျှင် ရုပ်ခန္ဓာဟာ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား

http://www.dhammadownload.com



များကြောင့် ဖြစ်တယ်၊ နာမ်ခန္ဓာဟာ ဝတ္ထု၊ ဒွါရ၊ အာရုံ၊ ယောနိသော မနသိကာရစတဲ့ အကြောင်းကြောင့်ဖြစ်တယ်၊ အလိုအလျောက် ဖြစ်ပေါ်လာတာလည်း မဟုတ်ဘူး၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်ဘုရားကမှ ဖန်ဆင်းလို့ ဖြစ်လာတာလည်း မဟုတ်ဘူးဆိုတာ သိရတယ်၊ အဲဒီလို အကြောင်းကြောင့် အကျိုးဖြစ်ပုံကို ယူဆတဲ့ဝါဒကို သမဟေတုကဒိဋ္ဌိလို့ ခေါ်တယ်။

အဲဒီ အယူအဆသုံးမျိုးထဲက အဟေတုကဒိဋ္ဌိ၊ အကြောင်းမရှိ၊ ဖြစ်ချင်သလိုဖြစ်တယ်ဆိုတဲ့ အယူအဆကို ခုခေတ်မှာ ကွန်မြူနစ်ဝါဒလို့ ဆိုကြတယ်၊ ဒီဝါဒဟာ ရုပ်တရားတွေ နာမ်တရားတွေ သူ့ဘာသာ ဖြစ်လာတာမို့ ရုပ်နာမ် ပျက်စီးလို့ (ကွယ်လွန်)လျှင်လည်း နောင်ဘဝ မရှိဘူး၊ နောင်ဘဝ မရှိလို့ ခုဘဝမှာ ကုသိုလ်ပြုလျှင်လည်း ကုသိုလ်ကံမဖြစ်၊ အကုသိုလ်ပြုလျှင်လည်း အကုသိုလ်ကံမဖြစ်၊ ကံမဖြစ်တဲ့အတွက် ကံရဲ့အကျိုးလည်းမရှိလို့ ယူဆတဲ့ အတွက် နတ္ထိကမိစ္ဆာဒိဋ္ဌိလို့လည်း ခေါ်တယ်၊ အဲဒီ နတ္ထိကမိစ္ဆာဒိဋ္ဌိဟာ အရေအတွက် ဆယ်ခုရှိသကွယ့်”

“ဘယ်လို ဆယ်ခုပါလဲဘုရား၊ မိန့်တော်မူပါဦး”

| | | | |
|---|---|---|---|
| ၁။ | **နတ္ထိ ဒိန္နံ** | = | အလှူငယ်ပေးလှူလို့ အကျိုးမရှိ၊ |
| ၂။ | **နတ္ထိ ယိဋ္ဌံ** | = | အလှူကြီးပေးလှူလို့ အကျိုးမရှိ၊ |
| ၃။ | **နတ္ထိ ဟုတံ** | = | ပူဇော်သက္ကာရပြုလို့ အကျိုးမရှိ၊ |
| ၄။ | **နတ္ထိ ဖလံ ဝိပါကော** | = | ကုသိုလ်၊ အကုသိုလ်တို့ရဲ့ အကျိုးမရှိ၊ |
| ၅။ | **နတ္ထိ အယံ လောလော** | = | ထိုထိုဘဝက ဝင်စားလာသူမရှိ၊ |
| ၆။ | **နတ္ထိ ပရော လောကော** | = | ဤဘဝ ပြုသောကံကြောင့် နောင်ဘဝ ဖြစ်မည့်သူမရှိ၊ |
| ၇။ | **နတ္ထိ မာတာ** | = | မိခင်၏ကျေးဇူးမရှိ၊ |
| ၈။ | **နတ္ထိ ပိတာ** | = | ဖခင်၏ကျေးဇူးမရှိ၊ |
| ၉။ | **နတ္ထိ ဩပပါတိကာ** | = | ဥပပတ်မျိုးဖြစ်သော ငရဲသုံ၊ နတ်ဘုံ မရှိ၊ |
| ၁၀။ | **နတ္ထိ သမဏဗြာဟ္မဏာ** | = | တရားကျင့်၍ ဈာန်ရခြင်း၊ မဂ်ဖိုလ်ရခြင်းမရှိ။ |

ဤတရားဆယ်ပါးကို နတ္ထိကမိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်၊ ဒီ နတ္ထိကမိစ္ဆာဒိဋ္ဌိကိုပင် ပြုလုပ်ခြင်းကံကို ပယ်တဲ့အတွက် အကြိယဒိဋ္ဌိလို့လည်း ခေါ်တယ်၊

http://www.dhammadownload.com



ဒီနေရာမှာ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိဆိုတာ အမည်သာ ပြောင်းသွားတယ်၊ အဓိပ္ပါယ်ချင်းကတော့ အတူတူပါပဲ၊ အဋ္ဌသာလိနီ အဋ္ဌကထာမှာ ဆိုတာက **နတ္ထိကာဟေတုက အကြိယဒိဋ္ဌီဟိ ဧဝ ကမ္မပထဘေဒေါ ဟောတိ**တဲ့၊ အဓိပ္ပာယ်က မိစ္ဆာဒိဋ္ဌိ အများအပြားရှိရာမှာ နတ္ထိက၊ အဟေတုက၊ အကြိယ အမည်ရတဲ့ ဒီ မိစ္ဆာဒိဋ္ဌိသည်သာ ကမ္မပထ မြောက်တယ်၊ ကျန်တဲ့ မိစ္ဆာဒိဋ္ဌိများကတော့ ကမ္မပထ မမြောက်ဘူးတဲ့ကွယ်"

"ကမ္မပထ မြောက်တယ်ဆိုတာ ဘာလဲဘုရား"

"ကမ္မပထ မြောက်တယ်ဆိုတာ ပြုလုပ်တဲ့ကံ အထမြောက်တဲ့အတွက် အပါယ်ကျနိုင်တယ်လို့ ဆိုလိုတာပဲကွယ့်"

"သြော် သတ္တဝါတွေ သူဖြစ်ချင်သလို ဖြစ်တာ အကြောင်းကံ မရှိဘူးဆိုတဲ့ အဟေတုကဝါဒက အပါယ်ကျစေနိုင်တယ်ဆိုတော့ တော်တော်ကြောက်စရာကောင်းပါကလားဘုရား၊ ဝိသမဟေတုကခေါ်တဲ့ ဣဿရနိမ္မာနဝါဒကကော အပါယ်မကျဘူးလားဘုရား"

"ဣဿရနိမ္မာနဝါဒဆိုတာ ဖန်ဆင်းရှင်ဝါဒပေါ့၊ အဲဒီ ဖန်ဆင်းရှင်ဝါဒကလည်း နှစ်မျိုးရှိသကွယ့်"

"အမိန့်ရှိပါဦး ဘုရား"

"နှစ်မျိုးဆိုတာက ကံကိုပစ်ပယ်တဲ့ ဝါဒနှင့် ကံကိုမပစ်ပယ်တဲ့ ဝါဒ နှစ်မျိုးပေါ့၊ ကံကို ပစ်ပယ်တယ်ဆိုတာက ငါတို့ကို ထာဝရဘုရားက ဖန်ဆင်းထားတာ၊ ငါတို့ ကောင်းတာလုပ်လုပ်၊ မကောင်းတာပင်လုပ်လုပ် ထာဝရဘုရားရဲ့ တာဝန်ဖြစ်တယ်၊ ငါတို့ တာဝန်အရပ်ရပ်ကို ထာဝရဘုရားက ယူထားတယ်၊ ဒါကြောင့် ထာဝရဘုရားကိုသာ မမေ့မလျော့ အမြဲ ဆည်းကပ်ရှိခိုးပါ၊ ငါတို့ရဲ့ ကောင်းကျိုး,ဆိုးကျိုး မှန်သမျှ ထာဝရဘုရားက တာဝန်ယူလိမ့်မယ်၊ အဲဒီလို ထာဝရဘုရားအပေါ် အပြစ်မှန်သမျှ ပုံချပြီး ထင်ရာလုပ်တဲ့ ဝါဒကို **ကံကို ပစ်ပယ်တဲ့ဝါဒ**လို့ ခေါ်တယ်၊ မိမိတို့က မကောင်းမှုကံကို ပြုလုပ်နေပါလျက် အဲဒီကံဟာ ငါတို့ဆီမှာ မရှိဘူး၊ ထာဝရဘုရားဆီ ရောက်သွားပြီလို့ ယူဆတဲ့အတွက် အထက်ကဆိုခဲ့တဲ့ နတ္ထိကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိများနှင့် တူသွားတယ်၊ ဒါကြောင့် ကံကို ပစ်ပယ်တဲ့ ဣဿရနိမ္မာနဝါဒရှင်ဟာလည်း ကမ္မပထမြောက်ပြီး အပါယ်ကို ကျရောက်စေနိုင်တယ်။

http://www.dhammadownload.com



ကံကို မပစ်ပယ်တဲ့ ဣဿရနိမ္မာနဝါဒဆိုတာက ထာဝရဘုရားသခင်ဟာ သတ္တဝါများကို ဖန်ဆင်းလိုက်တယ်၊ ဖန်ဆင်းတယ်ဆိုတာ ဖြစ်စေဆိုတဲ့သဘောလို ဖြစ်လာတာမဟုတ်ဘူး၊ အိုးထိန်းသည်ဟာ ရွှံ့နှင့် အိုးဖြစ်အောင်လုပ်သလို၊ ဥယျာဉ်မှူးဟာ မျိုးစေ့နှင့်သစ်ပင်များကို စိုက်သလို ထာဝရဘုရားသခင်ကလည်း ကိုယ်တော်အစိတ်အပိုင်းနှင့် သတ္တဝါများကို ဖန်ဆင်းတယ်တဲ့၊ ဘုရားသခင်ဖန်ဆင်းတဲ့ ကိုယ်တော်အစိတ်အပိုင်းကို (အတ္တ)လို့ခေါ်တယ်၊ အတ္တဆိုတာ မြန်မာလိုတော့ အနှစ်သာရပေါ့၊ အနှစ်သာရဆိုတာ ခိုင်မာတဲ့ အရာဝတ္ထုပေါ့၊ အဲဒီ အတ္တနှင့် ပတ်သက်ပြီး လူတို့ရဲ့ အစွဲအလမ်းကို ပြောပြဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"သတ္တဝါရဲ့ အခြေခံကတော့ အတ္တတရားပဲတဲ့ကွယ်၊ ပြုလုပ်စရာ မှန်သမျှ အတ္တကသာ လုပ်တယ်၊ ခန္ဓာကိုယ်ကြီးက အတ္တရဲ့နောက်လိုက်၊ အတ္တခိုင်းတာကိုသာ လုပ်နေရသတဲ့၊ ဥပမာ လမ်းသွားတဲ့အခါ ခြေထောက်ကသွားနေသော်လည်း အဲဒီခြေထောက် ကြွတာချတာ အားလုံး အတ္တက ခိုင်းနေတာတဲ့၊ ဒါကြောင့် အတ္တကို အရာရာ ပြုလုပ်တတ်လို့ (ကာရက)လို့လည်းခေါ်တယ်တဲ့၊ ပြီးတော့ ကောင်း,မကောင်း အကျိုးကို အတ္တက ခံစားတတ်တယ်၊ ဆင်းရဲ,ချမ်းသာကိုလည်း အတ္တကသာ ခံစားတတ်တယ်၊ ခန္ဓာကိုယ်ကတော့ အတ္တရဲ့နောက်လိုက်မျှသာ ဖြစ်တယ်၊ ဒါကြောင့် အတ္တကို (ဝေဒက) ခံစားတတ်သူလို့လည်း ခေါ်တယ်တဲ့။

ပြီးတော့ အတ္တဟာ ခန္ဓာအိမ်အတွင်းမှာနေပြီး ခန္ဓာအိမ်ကို ပိုင်ဆိုင်သူဖြစ်လို့ (သာမိ)လို့လည်း ခေါ်သတဲ့၊ ပြီးတော့ အတ္တဟာ ခန္ဓာအိမ်မှာ အမြဲနေတယ်၊ ဒီဘဝ ဒီခန္ဓာ ပျက်စီးသွားလျှင် ဟိုဘဝ ဟိုခန္ဓာအတွင်း သွားရောက် နေထိုင်တတ်လို့ (နိဝါသီ) ခန္ဓာအိမ်၌ အမြဲနေသူလို့လည်း ခေါ်သတဲ့၊ ပြီးတော့ အတ္တဟာ ခန္ဓာအိမ်မှာ အမြဲနေပြီး ခန္ဓာကိုယ်ကို မိမိအလိုသို့ပါအောင် လိုက်ပါစေနိုင်တဲ့အတွက် (သယံဝသီ)လို့လည်း ခေါ်တယ်တဲ့။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာရဲ့ အလိုအားဖြင့် ဒီလောက်တောင် မကသေးဘူး၊ **သတ္တော**– သတ္တဝါ၊ **ဇီဝ**– အသက်၊ နရ– လူ၊ **ဣတ္ထိ**– မိန်းမ၊ ပုရိသ–

http://www.dhammadownload.com



ယောကျ်ား၊ **မာဏဝ**– လုလင်၊ **အတ္တာ**– အတ္တ၊ **အဟံ**– ငါ၊ **အတ္တနိယံ**– ငါ့ဥစ္စာ၊ **မမ**– ငါပိုင်ပစ္စည်း၊ **အညဿ**– သူတစ်ပါးပစ္စည်း၊ **ကဿစိ**– တစ်စုံတစ်ယောက်၊ **ပုဂ္ဂလ**– ပုဂ္ဂိုလ်၊ **ကောစိ**– တစ်စုံတစ်ယောက် ဆိုတာတွေလည်း အတ္တပုဒ်ရဲ့ ဝေဝုစ်ပရိယာယ်တွေပဲလို့ ဖော်ပြတားတယ်၊ အဲဒီ အတ္တဆိုတာ ဘာလဲ၊ သတိပြုမိရဲ့လား။

"ဖန်ဆင်းရှင် ဘုရားသခင်ရဲ့ ခန္ဓာတော် အစိတ်အပိုင်းလို့ သတိပြုမိပါတယ်ဘုရား"

"အေး... ဟုတ်ပြီ၊ အတ္တဆိုတာ ခန္ဓာတော် အစိတ်အပိုင်းဖြစ်လို့ ဒီနေရာမှာ အတ္တနှစ်မျိုးခွဲပြီး မှတ်လိုက်ဦးကွယ့်၊ အတ္တနှစ်မျိုးဆိုတာက– (၁) ပရမအတ္တနှင့် (၂) ဇီဝအတ္တပေါ့၊ မှတ်မိရဲ့လား"

"မှတ်မိပါတယ်ဘုရား"

"ပရမအတ္တဆိုတာ ဘယ်သောအခါမှ ဖောက်ပြန်ခြင်းမရှိတဲ့ ထာဝရဘုရားသခင်ရဲ့ ကိုယ်တော်ပေါ့၊ ဇီဝအတ္တဆိုတာက ဘုရားသခင် ဖန်ဆင်းပေးလိုက်တဲ့ ခန္ဓာတော်ရဲ့ အစိတ်အပိုင်းပေါ့၊ ထာဝရဘုရားသခင် ဖန်ဆင်းထည့်လိုက်တဲ့ ဇီဝအတ္တဟာ မူလ ထည့်စဉ်ကတော့ ခပ်နုနုပဲ၊ နောင်အခါ ဒါန၊ သီလ စတဲ့ ကောင်းမှုတရားများကို အားထုတ်ရင်း တစ်စတစ်စ ရင့်ကျက်လာတယ်၊ အဲဒီ ဇီဝအတ္တ အလွန် ရင့်ကျက်လာတဲ့အခါ မူလဖန်ဆင်းရှင် ထာဝရဘုရားရဲ့ ပရမအတ္တဟာ ခန္ဓာတော်နှင့် ပြန်လည် ပူးပေါင်းသွားတယ်၊ ထာဝရဘုရားသခင်ရဲ့ ပရမအတ္တနှင့် မိမိတို့ရဲ့ ဇီဝအတ္တ ပြန်လည် ပူးပေါင်းတာကို မောက္ခလို့ ခေါ်သတဲ့ကွယ်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့အလိုအားဖြင့် မောက္ခဆိုတာ နိဗ္ဗာန်ဝင်တာပေါ့။

အခုပြောခဲ့တဲ့ ဒုတိယဣဿရနိမ္မာနဝါဒဟာ ကံကို မပစ်ပယ်တဲ့ဝါဒပဲ၊ ကံကိုမပစ်ပယ်တဲ့အတွက် ကောင်းတာလုပ် ကောင်းကျိုးခံစားရတယ်၊ မကောင်းတာလုပ် မကောင်းကျိုးခံစားရတယ်ဆိုတဲ့ (ကမ္မဿကတာဉာဏ်)နှင့်လည်း ပြည့်စုံသူဖြစ်တယ်၊ ဒါကြောင့် အဲဒီ အယူအဆရှိသူဟာ မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ မရတယ်၊ လူကောင်း နတ်ကောင်းတော့ ဖြစ်နိုင်ကြတယ်ကွယ့်"

"မှန်ပါ ဒီလို မိစ္ဆာဒိဋ္ဌိ ဖြစ်ပါလျက် နတ်ဖြစ်သူများ ရှိသေးလားဘုရား"

http://www.dhammadownload.com



"မိစ္ဆာဒိဋ္ဌိဖြစ်ပေမယ့် ကံ,ကံရဲ့အကျိုးကိုမပယ်လျှင် ဒါနကံကိုလည်း ပြုနိုင်တယ်၊ သီလကံကိုလည်း ပြုနိုင်တယ်၊ ဒါကြောင့် နတ်ဖြစ်နိုင်တာပေါ့ ကွယ်"

"မိစ္ဆာဒိဋ္ဌိက နတ်ဖြစ်တဲ့ဝတ္ထုများ ရှိသလားဘုရား၊ တပည့်တော် နာကြားချင်ပါတယ် ဘုရား"

"မိစ္ဆာဒိဋ္ဌိက နတ်ဖြစ်တဲ့ဝတ္ထုတွေ ရှိပါတယ်၊ အခု သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်ကလာတဲ့ တာယန နတ်သားဝတ္ထု ပြောလိုက်ရဦးမယ်"

ဘုရားသခင်လက်ထက်တော်က တာယနနတ်သားဆိုတာ ရှေးလူသား ဖြစ်စဉ်ဘဝက ရှေးဟောင်းအယူဝါဒ တီထွင်တတ်တဲ့ မိစ္ဆာဒိဋ္ဌိ လူတစ်ယောက် ပဲ၊ သူဟာ လူဖြစ်စဉ်က တရားဟောပြောနေတဲ့ ဓမ္မခေါင်းဆောင်တစ်ယောက် ဖြစ်တယ်၊ သို့သော်လည်း ကံ,ကံရဲ့အကျိုးကို ပစ်ပယ်တဲ့ မိစ္ဆာဒိဋ္ဌိကြီးတော့ မဟုတ်ဘူး၊ ဒါကြောင့် သူကွယ်လွန်တော့ တာဝတိံသာနတ်ပြည်မှာ တာယန နတ်သားရယ်လို့ ဖြစ်တယ်၊ သူ နတ်သားဖြစ်စက လောကသုံးပါးမှာ ဘုရား မပွင့်သေးဘူး၊ သူ နတ်သားဖြစ်ပြီး ဘုရားပွင့်ခဲ့တယ်၊ ဘုရားပွင့်လာတော့ လူတွေနတ်တွေ ဘုရားရှင်ထံ တရားနာဖို့ သွားကြတယ်၊ တာယနနတ်သား ကတော့ လူ့ဘဝက တရားဟောဆရာဆိုတော့ ဘုရားရှင်ထံ တရားနာသွား ဖို့ မလိုဘူး၊ ဘုရားရှင်ကို သူကပဲ တရားဟောဖို့ လိုတယ်လို့ ထင်မြင်တဲ့ အတွက် ညတစ်ညမှာ ဘုရားရှင်ထံရောက်ပြီး အရှင်ဂေါတမ လုံ့လပြုပြီး တဏှာရေအလျဉ်ကို ဖြတ်ပါ၊ ဝတ္ထုကာမ၊ ကိလေသာကာမတို့ကို ပယ်နှုတ် ပါ၊ ကာမကို မပယ်လျှင် စိတ်တည်ကြည်မှု မရနိုင်ပါဘူး၊ သမန်းမြက်ကို မကောင်းသဖြင့် ကိုင်လျှင် လက်ကို ရှသလို ရဟန်းဘဝဟာ သမန်းမြက်နှင့် တူပါတယ်၊ ကောင်းကောင်း မနေတတ်လျှင် ငရဲကျတတ်ပါတယ်၊ အရှင် ဂေါတမ...**လျော့လျော့ပြုသောအမှု၊ ညစ်နွမ်းသောအကျင့်၊ ယုံမှားဖွယ်အကျင့်** ဤတရားသုံးပါးတို့ဟာ အကျိုးမများပါဘူးလို့ လျှောက်ထားပြီးပြန်သွားသတဲ့။

ဒီ တာယနနတ်သားဟာ မိစ္ဆာဒိဋ္ဌိက ဖြစ်လာတဲ့နတ်သားပဲကွယ့်၊ မိစ္ဆာဒိဋ္ဌိဆိုပေမယ့် ကံ, ကံရဲ့အကျိုးကို မပယ်တဲ့အတွက် ကွယ်လွန်တော့ နတ်ဖြစ်တယ်၊ ဒါကြောင့် ဣဿရနိမ္မာန ဘုရားဖန်ဆင်းလို့ ဖြစ်တာဆိုတဲ့ ဝိသမ ဟေတုကဒိဋ္ဌိ အယူရှိသော်လည်း ကံ, ကံရဲ့အကျိုးကို ယုံကြည်ခဲ့လျှင်

http://www.dhammadownload.com



အလှူပေးမှု သီလ ဆောက်တည်ကျင့်သုံးမှု ရှိတဲ့အတွက် သုဂတိဘဝကို မတားမြစ်ပါဘူး၊ သို့သော် မဂ်ဖိုလ်နိဗ္ဗာန်ကိုတော့ မရနိုင်ဘူးကွယ်။

စကားဆိုတာ စမိလျှင် ကားခဲ့တာမို့ ကိုလှမြိုင်မေးတဲ့ အသက်၊ ဝိညာဉ်၊ လိပ်ပြာဆိုတဲ့အဖြေ ခုထိ မရောက်သေးဘူး၊ အဲဒီနေရာရောက်ဖို့ သိုင်းဝိုင်းရင်း စကားပြန့်ကျယ်လာတာပေါ့ကွယ်၊ အခု အဖြေကို ပြောပါ့မယ်၊ ထာဝရဘုရား ဖန်ဆင်းတယ်ဆိုတာ ကြားခဲ့ပြီနော်"

"မှန်ပါ ကြားခဲ့ပါပြီဘုရား"

"ထာဝရဘုရား ဖန်ဆင်းတော့ ကိုယ်ခန္ဓာအစိတ်အပိုင်းနှင့် ဖန်ဆင်းသတဲ့၊ ဘုရားဖန်ဆင်းတဲ့ အဲဒီခန္ဓာတော် အစိတ်အပိုင်းကို ဘာခေါ်သတဲ့လဲကွယ့်"

"အတ္တခေါ်ပါသတဲ့ ဘုရား"

"အတ္တချည်း ခေါ်သလား၊ ဒီပြင် အခေါ်အဝေါ်တွေလည်း ရှိသေးတယ်မဟုတ်လား၊ အဲဒီ အခေါ်အဝေါ်တွေထဲမှာ အသက်တို့၊ ဝိညာဉ်တို့၊ လိပ်ပြာတို့ ဆိုတာလည်းပါတယ်၊ ဒါကြောင့် အသက်၊ ဝိညာဉ်၊ လိပ်ပြာဆိုတာ (အတ္တ)ကို ခေါ်တာပဲကွယ့်။

ဗုဒ္ဓဘုရားရှင်ရဲ့ အမြင်အားဖြင့် သတ္တဝါမှာ ရုပ်တရားနှင့် နာမ်တရားသာရှိတယ်၊ အဲဒီ အတ္တဆိုတာ မရှိဘူး၊ အတ္တမဆိုထားနှင့် အတ္တကို ဖန်ဆင်းတဲ့ ထာဝရဘုရားဆိုတာလည်း မရှိဘူး၊ သို့သော်လည်း ပုထုဇဉ်မှန်သမျှ (အတ္တ)အစွဲကို ဘယ်သူမှ မဖြုတ်နိုင်ကြသေးဘူး၊ ဒါကြောင့် အချို့က ရုပ်တရားကို အတ္တလို့ စွဲလမ်းတယ်၊ အချို့က နာမ်တရားကို အတ္တလို့ စွဲလမ်းတယ်၊ အချို့က ရုပ်လည်းမဟုတ်၊ နာမ်လည်းမဟုတ်၊ ရုပ်နာမ်မှတစ်ပါး သီးခြား ငါဆိုတဲ့ အစွဲအလမ်းကို အတ္တလို့ ထင်ကြတယ်။

ရုပ်ကို အတ္တလို့ စွဲလမ်းတဲ့သူက (အသက်ဇီဝ)ကို အတ္တလို့ထင်တယ်၊ နာမ်ကို အတ္တလို့စွဲလမ်းသူက ဝိညာဉ်ကို အတ္တလို့ထင်တယ်၊ ရုပ်နာမ်မှတစ်ပါး ခန္ဓာအတွင်းမှာ ငါဆိုတဲ့ အတ္တရှိတယ်လို့ စွဲလမ်းသူက လိပ်ပြာကို အတ္တလို့ ထင်တယ်၊ အမှန်တကယ်ကတော့ သတ္တဝါဆိုတာ တင်စား ခေါ်ဝေါ်ထားတဲ့ ပညတ်တရား၊ ပညတ်ဆိုတာ တကယ်မရှိဘူး၊ တစ်ဦးနှင့်တစ်ဦး စကားပြောလို့ ဖြစ်အောင် တင်စားမှည့်ခေါ်ထားတဲ့ နာမပညတ်မျှသာ ရှိတယ်၊ ပညတ်က

http://www.dhammadownload.com



ထင်ရှားမရှိသော်လည်း ပရမတ်ကတော့ ထင်ရှားရှိတယ်၊ ပရမတ်ဆိုတာ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ စသော ပညတ်ရဲ့အထည်ကိုယ် အမာခံ ရုပ်တရားနှင့် နာမ်တရားကို ဆိုလိုပါတယ်။

သတ္တဝါတစ်ယောက်မှာ အမှန်တကယ်ရှိတာက ရုပ်တရားနှင့် နာမ်တရား၊ အမှန်တကယ်ရှိတဲ့ ဒီရုပ်တရားနှင့် နာမ်တရားကလည်း မပျက်မစီး တည်နေတာမဟုတ်ဘူး၊ ဖြစ်လိုက် ပျက်လိုက်နှင့် ဖြစ်ပျက်ခြင်း ဆက်နေတဲ့ သန္တတိ အစဉ်မျှသာ ဖြစ်တယ်၊ ဒီရုပ်နှင့် ဒီနာမ်ဟာ အဖြစ်အပျက်ချင်း ဆက်နေလို့ မြဲသော **နိစ္စ**တရားလည်းမဟုတ်ဘူး၊ ချမ်းသာသော **သုခ**တရား လည်း မဟုတ်ဘူး၊ ခိုင်မာပြီး အနှစ်သာရအားဖြင့် တည်နေတဲ့ **အတ္တ**တရား လည်း မဟုတ်ဘူး၊ အမှန်က မမြဲသော **အနိစ္စ**တရား၊ ဆင်းရဲသော **ဒုက္ခ**တရား အနှစ်ကင်းမဲ့၍ မခိုင်မာသော **အနတ္တ**တရားမျှသာ ဖြစ်တယ်။

ဒီလောက်ဆိုလျှင် ဒီ ရုပ်ခန္ဓာ နာမ်ခန္ဓာအတွင်းမှာ ခိုင်မာတဲ့အတ္တ မရှိ ဘူးဆိုတာ သိလောက်ပြီ ထင်ပါတယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာအတွင်းမှာ ခိုင်မာ တဲ့ အတ္တမရှိခဲ့လျှင် ဒီအတ္တကိုပင် အသက် ထင်နေတာ၊ ဝိညာဉ် ထင်နေတာ၊ လိပ်ပြာထင်နေတာကော ရှိသင့်သလားကွယ်"

"မှန်ပါ မရှိသင့်ပါဘူး ဘုရား"

"ဟုတ်ပါတယ်၊ မရှိသင့်ပါဘူး၊ ရှိလည်း အမှန်တကယ် မရှိပါဘူး၊ အသက်၊ ဝိညာဉ်၊ လိပ်ပြာဆိုတာ မရှိခဲ့လျှင် ဒီအသက်၊ ဝိညာဉ်၊ လိပ်ပြာ ကို နှုတ်တယ်ဆိုတဲ့ သတ္တဝါလည်း မရှိပါဘူး၊ သတ္တဝါ သေတယ်ဆိုတာဟာ လည်း ဒီအသက်၊ ဝိညာဉ်၊ လိပ်ပြာကို နှုတ်လို့ သေတာမဟုတ်ပါဘူး"

"နို့ဘာကြောင့် သေတာလဲဘုရား"

"သတ္တဝါသေတာဟာ- (၁) ကံကုန်လို့ သေခြင်း၊ (၂) အသက်တမ်း ကုန်လို့ သေခြင်း၊ (၃) နှစ်ပါးစုံကုန်လို့ သေခြင်း၊ (၄) ဥပစ္ဆေဒကကံကြောင့် သေခြင်းလို့ သေခြင်းလေးမျိုး သင်္ဂြိုဟ်ကျမ်းမှာ ပြထားတယ်၊ အဲဒီလေးမျိုး အနက် ကံကုန်လို့သေတယ်ဆိုတာက ခုဘဝ သတ္တဝါဖြစ်အောင် အတိတ်က ကုသိုလ်ကံ အကုသိုလ်ကံ တစ်ခုခုကို လုပ်ထားဖူးတယ်၊ ဥပမာ ယခုဘဝ လူဖြစ်အောင် အတိတ်ဘဝက ဒါနစသော ကုသိုလ်တစ်ခု ပြုထားဖူးတယ်၊ အဲဒီ အတိတ် ကုသိုလ်ကံကြောင့် ယခုဘဝ လူဖြစ်လာတယ်၊ သို့သော်လည်း

http://www.dhammadownload.com



အတိတ်ကပြုခဲ့တဲ့ဒါနကံဟာ လူတော့ဖြစ်ပါရဲ့၊ သက်တမ်းစေ့အောင် နေနိုင်စွမ်းမရှိဘူး၊ ကံအဟုန်ကုန်တဲ့နေ့မှာ သေရတယ်၊ အဲဒါ ကံကုန်လို့သေတာတဲ့။

အတိတ်က ပြုခဲ့တဲ့ ကုသိုလ်ကံက အလွန်အားကောင်းတယ်၊ ကံအတိုင်းဆိုလျှင် အသက်ရှည်ရှည် နေနိုင်သေးတယ်၊ သို့သော်လည်း သက်တမ်းက စေ့သွားပြီ၊ ဥပမာ ယခု လူ့သက်တမ်းဟာ နှစ်တစ်ရာ ဆိုပါစို့၊ ကံက အနှစ်တစ်ရာထက် ပိုလွန်ပြီး နေနိုင်သေးတယ်၊ သို့သော်လည်း သက်တမ်းစေ့သွားလို့ သေရတယ်၊ အဲဒါ သက်တမ်းကုန်လို့ သေတယ်လို့ ဆိုရတယ်၊ ကံကလည်းကုန်၊ သက်တမ်းကလည်း ကုန်တာကိုတော့ (ဥဘယက္ခယ=နှစ်ပါးစုံကုန်လို့) သေတယ်လို့ ခေါ်တယ်။

ကံကလည်း လူ့ဘဝ နေခွင့်ရှိသေးတယ်၊ သက်တမ်းကလည်း အများကြီး ကျန်သေးတယ်၊ သို့သော်လည်း မဆင်မခြင် ဆေးရှူ၊ အရက်သောက်လို့ သေတယ်၊ သူတစ်ပါး သတ်လို့သေတယ်၊ ရေနစ်သေတယ်၊ ဆွဲကြိုးချသေတယ်၊ အဆိပ်သောက်သေတယ်၊ လိမ့်ကျသေတယ် ဆိုတာတွေက ကပ်၍ဖြတ်တတ်တဲ့ အကုသိုလ်ကံကြောင့် သေတာမို့ ဥပစ္ဆေဒကကံကြောင့် သေတယ်လို့ ဆိုရတယ်၊ ဒါကြောင့် သတ္တဝါတစ်ယောက် သေတာဟာ ဝိညာဉ်နုတ်ယူလို့ သေတာ မဟုတ်ပါဘူး၊ ဒီ အကြောင်းလေးပါးအနက် တစ်ပါးပါးကြောင့် သေတာ ဖြစ်တယ်ကွယ့်"

## တစ္ဆေ၊ သူရဲ

"တစ္ဆေသရဲဆိုတာ ရှိသလား၊ တစ္ဆေသရဲက လူ့ရဲ့အသက်ကို နုတ်ယူနိုင်သလားဆိုတာနှင့် ပတ်သက်ပြီး ဆက်ရှင်း လိုက်ကြဦးစို့ရဲ့ကွယ်"

"မှန်ပါ၊ ရှင်းပါဦးဘုရား"

"သတ္တဝါများ ဖြစ်ပွား ကျင်လည်ရာ ၃၁-ဘုံ စာရင်းထဲမှာ တစ္ဆေဘုံ၊ သရဲဘုံ၊ အစိမ်းဘုံရယ်လို့တော့ ၃၁-ဘုံအတွင်း မပါသော်လည်း အချို့သော ပြိတ္တာ၊ အချို့သော အသူရကာယ်အတွင်းမှာ တစ္ဆေသရဲဆိုတာ ရှိတယ်၊ အမှန်ကတော့ လူကို ခြောက်လှန့်တတ်လို့ (တဒ္ဓေ) ခေါ်ရာက (တစ္ဆေ) ဖြစ်လာတယ်၊ ရဲရဲရင့်ရင့် ခြောက်လှန့်တတ်သူမို့ သရဲခေါ်တယ်၊ ကြောက်မက်ဖွယ်

http://www.dhammadownload.com



အသွင်ကို ပြတတ်လို့ ဘီရုကမှ ဘီလူးလို့ ခေါ်ကြတယ်၊ ဒီ တစ္ဆေ၊ သရဲ၊ ဘီလူး၊ သားဘက်၊ အစိမ်း၊ မှင်စာ ဆိုတာတွေဟာ ပြိတ္တာမျိုး၊ အသူရကာယ် မျိုးတွေ ဖြစ်တယ်၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်လို့ အပါယ်လေးပါး ရှိရာမှာ ငရဲဘုံသာ ဘုံသီးခြားရှိတယ်၊ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့က ဘုံသီးခြား မရှိဘူး၊ လူ့ဘုံ တစ်နေရာရာမှာ ရှိနေကြတယ်။

တစ္ဆေသရဲတို့ကို ပြိတ္တာမျိုး၊ အသူရကာယ်မျိုး ဆိုသော်လည်း ပြိတ္တာ တိုင်း၊ အသူရကာယ်တိုင်း လူကို မခြောက်တတ်ပါဘူး၊ တချို့ ပြိတ္တာတွေ၊ အသူရကာယ်တွေဟာ လူကို ခြောက်လှန့် ရန်ထားလို့ သူတို့ကိုယ်တိုင်က ငရဲကျသလို ခံစားနေကြရရှာတယ်ကွယ့်၊ ဘယ်မှာ သူတစ်ပါးကို ခြောက်လှန့် နိုင်ပါ့မလဲ"

"ဒီလိုဆို ပြိတ္တာတွေ၊ အသူရကာယ်တွေက ဘယ်နှစ်မျိုးရှိသလဲဘုရား"

"အမျိုးမျိုး ရှိတာပေါ့၊ ပြိတ္တာအမျိုးဟာ သာသနာ့ဝင်ကျမ်းက ပြတဲ့ ပြိတ္တာက လေးမျိုး၊ လောကပညတ္တိကျမ်းမှာ ပြတာက ပြိတ္တာ ၁၂–မျိုးလို့ အမျိုးမျိုး ရှိတာပေါ့ကွယ့်"

"အဲဒီ ပြိတ္တာအမျိုးအစား ခွဲခြားပြပါဦးဘုရား"

"သာသနာ့ဝင်ကျမ်းကလာတဲ့ ပြိတ္တာလေးမျိုးက– (၁) ပရဒတ္တူပ ဇီဝိတပြိတ္တာ၊ (၂) ခုပ္ပိပါသိကပြိတ္တာ၊ (၃) နိဇ္ဈာမတဏှိကပြိတ္တာ၊ (၄) ကာလ ကဉ္စိကပြိတ္တာ တို့ဖြစ်ကြတယ်၊ **ပရဒတ္တူပ ဇီဝိတပြိတ္တာ**ဆိုတာက သူတစ်ပါးက ပေးမှ ကမ်းမှ စားရတဲ့ ပြိတ္တာမျိုးဖြစ်တယ်၊ **ခုပ္ပိပါသိကပြိတ္တာ**ဆိုတာက မစားရ, မသောက်ရ ငတ်ပြတ်နေတဲ့ ပြိတ္တာမျိုးဖြစ်တယ်၊ **နိဇ္ဈာမတဏှိကပြိတ္တာ** ဆိုတာက အမြဲမပြတ် မီးလောင်ခံနေရတဲ့ ပြိတ္တာမျိုးဖြစ်တယ်၊ **ကာလကဉ္စိက ပြိတ္တာ**ဆိုတာက အသူရကာယ်ပြိတ္တာမျိုး ဖြစ်တယ်။

လောကပညတ္တိကျမ်းကလာတဲ့ ပြိတ္တာ ၁၂–မျိုးဆိုတာက–

(၁) **ဝန္တာသပြိတ္တာ** = သူတစ်ပါး အန်ဖတ်၊ နှပ်၊ တံတွေး စသည်တို့ကို ကောက်ယူ စားသောက်နေရတဲ့ ပြိတ္တာမျိုး။

(၂) **ကုဏပါသပြိတ္တာ** = အကောင်ပုပ်တွေကို စားနေရတဲ့ ပြိတ္တာမျိုး။

(၃) **ဂူထခါဒကပြိတ္တာ** = မစင် ကျင်ကြီး စားနေရတဲ့ ပြိတ္တာမျိုး။

(၄) **အဂ္ဂိဇာလမုခပြိတ္တာ**= ခံတွင်းက မီးလျှံထွက်နေတဲ့ ပြိတ္တာမျိုး။

http://www.dhammadownload.com



(၅) **သုစိမုခပြိတ္တာ** = ကိုယ်ခန္ဓာ ကြီးမားပြီး ခံတွင်းက အပ်ပေါက်လောက်မျှသာ ရှိတဲ့ပြိတ္တာမျိုး။

(၆) **တဏှာဋ္ဋိကပြိတ္တာ** = ရေ အလွန်ငတ်ပြီး ဆင်းရဲဒုက္ခဖြစ်နေရှာတဲ့ ပြိတ္တာမျိုး။

(၇) **သုနိဇ္ဈာမကပြိတ္တာ**= မီးလောင်ငုတ်နှင့်တူသော ကိုယ်ရှိပြီး အနံ့မကောင်းသော ပြိတ္တာမျိုး။

(၈) **သတ္တင်္ဂပြိတ္တာ** = ဓားသွား, ငါးမျှားချိတ်နှင့်တူသော လက်သည်းတို့ဖြင့် မိမိခန္ဓာကိုယ်ကို ကုတ်ဖဲ့ စားသောက်ရသော ပြိတ္တာမျိုး။

(၉) **ပဗ္ဗတင်္ဂပြိတ္တာ** = တောင်ပမာဏ ကိုယ်ခန္ဓာကြီးမားသော ပြိတ္တာမျိုး။

(၁၀) **အဇဂရပြိတ္တာ** = စပါးကြီးမြွေနှင့် တူသောပြိတ္တာမျိုး။

(၁၁) **ဝေမာနိကပြိတ္တာ** = ဆင်းရဲတစ်လှည့်၊ ချမ်းသာတစ်လှည့် ခံစားရသော ပြိတ္တာမျိုး။

(၁၂) **မဟိဒ္ဓိကပြိတ္တာ** = တန်ခိုးကြီးမားသော ပြိတ္တာမျိုးများ ဖြစ်တယ်။

"အသူရကာယ်ကကော ဘယ်နှစ်မျိုးရှိသလဲ ဘုရား"

"အသူရကာယ်ဆိုတာ ပြိတ္တာမျိုးမို့ အချို့ကျမ်းမှာ အပါယ် ၄–ပါး မပြဘဲ သုံးမျိုးသာ ပြတယ်၊ အသူရကာယ်ဟာ ပြိတ္တာမျိုးဖြစ်ပေမယ့် ရိုးရိုးပြိတ္တာထက် ပိုပြီး ဆင်းရဲတယ်၊ အသက်တမ်းလည်း ရှည်တယ်၊ ဘုရားနှစ်ဆူသုံးဆူ ပွင့်သွားတာတောင် ဘာမျှ မစားရ မသောက်ရတဲ့ အသူရကာယ်မျိုး ရှိသေးတယ်၊ ဒီနေရာမှာ အသူရကာယ် အမျိုးမျိုး ပြောပြဦးမယ်။

မြင်းမိုရ်တောင်အောက် မြခနောက် သုံးလုံးအကြားမှာဖြစ်တဲ့ အသူရာနတ်ဆိုတာ ကြားဖူးမှာပေါ့၊ မဃဇာတ်မှာ မဃနှင့် သုံးကျိပ်သုံးယောက်တို့ တာဝတိံသာမှာ ဖြစ်ကြတော့ အဲဒီ အသူရာနတ်တွေက တာဝတိံသာမှာ ဦးစွာ ဖြစ်ကြပေမယ့် မဃတို့အဖွဲ့က သမုဒ္ဒရာတွင်းပစ်ချတာ ခံရလို့ သူတို့ကံအလျောက် မြင်းမိုရ်တောင်အောက်မှာ နေရာရသွားကြတယ်၊ အဲဒီ အသူရာက ပြိတ္တာမျိုးမဟုတ်ဘူး၊ တာဝတိံသာနတ်မျိုးတွေ ဖြစ်ကြတယ်။

ပြီးတော့ ဝိနိပါတိကအသူရာဆိုတာ ရှိသေးတယ်၊ ဘုမ္မစိုးနတ်များကို မှီခိုနေရတဲ့ နတ်အငယ်စားတွေ၊ ဒုဂ္ဂတိအဟိတ်တော့ မဟုတ်ဘူး၊ သုဂတိ

http://www.dhammadownload.com



အဟိတ်တွေဖြစ်တယ်၊ လူတွေကို ခြောက်တတ် လှန့်တတ်တဲ့ တစ္ဆေသရဲ ဆိုတာ များသောအားဖြင့် အဲဒီ ဝိနိပါတိက အသူရာတွေပဲကွယ့်၊ ပေတဝတ္ထု ထဲက နေ့စံ ညခံရတဲ့ ပြိတ္တာမျိုးကိုလည်း အသူရာမျိုးလို့ဆိုတယ်၊ လောက ခေါ်တဲ့ စကြဝဠာသုံးခုတို့ရဲ့အကြား မှောင်တိုက်အတွင်း ဖြစ်ပွားနေကြတဲ့ ပြိတ္တာကိုလည်း လောကန္တရိက အသူရာလို့ ခေါ်ကြသေးတယ်၊ အခု ပြောခဲ့ တာက အသူရကာယ် အပြားပေါ့ကွယ်။

ဒီပြိတ္တာအပြား၊ အသူရကာယ်အပြား အားလုံး တစ္ဆေသရဲ မဟုတ်ကြ ပါဘူး၊ ဒီပြိတ္တာ၊ အသူရကာယ်တွေထဲက အချို့ ခြောက်တတ် လှန့်တတ်တဲ့ ပြိတ္တာ အသူရကာယ်တို့ကိုသာ တစ္ဆေသရဲလို့ ဆိုကြရတယ်၊ တစ်ခါတစ်ရံ ပြိတ္တာ အသူရကာယ်မဟုတ်တဲ့ ဘုမ္မစိုးနတ်များကလည်း ခြောက်လှန့်တတ် ကြောင်း မေတ္တာသုတ်နိဒါန်းနှင့် အာဋာနာဋိယသုတ် နိဒါန်းမှာ တွေ့ရတယ် ကွယ့်။

တကယ်တော့ ပြိတ္တာများက လူတွေကို ခြောက်လှန့်တာ နည်းပါတယ်၊ သူတို့ဘဝ ဘယ်လို ဆင်းရဲနေပြီဆိုတာ ဆွေမျိုးသားချင်းများသိဖို့ ဖြစ်တဲ့ နည်းနဲ့ ပြကြရာက တစ္ဆေခြောက်တယ်ဆိုတာ ဖြစ်လာတာပါ၊ မုန်းလို့ခြောက် လှန့်တာရော မရှိဘူးလားဆိုတော့ အာဋာနာဋိယသုတ်နိဒါန်းမှာ မုန်းလို့ ခြောက်လှန့်ကြောင်း ကုဝေရနတ်မင်းရဲ့ လျှောက်ထားချက်မှာ ပါပါတယ်။

ဒါကြောင့် ကိုလှမြင့်ရဲ့အမေးကို အကျဉ်းချုပ် ဖြေရလျှင် **အသက်၊ လိပ်ပြာ၊ ဝိညာဉ်ဆိုတာ (အတ္တ)ကို ခေါ်တာဖြစ်လို့ ဘုရားရှင်ရဲ့ဟောပြောချက် (ဒေသနာ)တွေထဲမှာ အတ္တလည်း မရှိ၊ အသက်၊ လိပ်ပြာ၊ ဝိညာဉ်တွေလည်း မရှိဘူးလို့ မှတ်ပါ၊ တစ္ဆေ၊ သရဲ၊ အစိမ်း၊ မှင်စာဆိုတာ ဘုံသီးခြားမရှိသော် လည်း ပြိတ္တာနှင့် ဘုမ္မစိုးနတ်အတွင်း ပါဝင်တယ်လို့ မှတ်ပါ၊ တစ္ဆေ၊ သရဲဆိုတာ ပြိတ္တာအဖြစ် ဘုမ္မစိုးနတ်အဖြစ်ဖြင့် ထင်ရှားရှိတာမို့ တစ္ဆေခြောက်ခြင်း၊ ဖမ်းစား ခြင်းဆိုတာမျိုး ကေန်ဖြစ်နိုင်ကြောင်း မှတ်စေချင်တယ်ကွယ့်"**

"မှန်ပါ၊ ဝမ်းသာလှပါပြီဘုရား"

"သာဓု... သာဓု... သာဓု"

❋ ❋ ❋

http://www.dhammadownload.com



# အဝါရောင် အစိမ်းရောင်ထွက်ခြင်း

"ဟောဒီစာက ဓမ္မဗျူဟာမှတစ်ဆင့် လျှောက်ထားတဲ့ ဒါယကာကြီး ဦးဟုတ်စိန်ရဲ့ အမေးပါဘုရား"

"ဘယ်က ဦးဟုတ်စိန်လဲကွယ့်"

"မှန်ပါ၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဒါယကာ ဦးဟုတ်စိန် ပါ ဘုရား၊ နေထိုင်တာကတော့ ရန်ကုန်မြို့ကပါဘုရား"

"ဦးဟုတ်စိန်က ဘာမေးထားသလဲကွယ့်"

"သူ အလွန်ကြည်ညိုတဲ့ သတ္တုရုပ်ပွားတော်ကလေးများကို အုန်းဆီစိမ် ထားရာ တစ်ဆူသော ရုပ်ပွားတော်ကို စိမ်ထားတဲ့အုန်းဆီကတော့ အဝါရောင် ဖြစ်လာပြီး၊ ရုပ်ပွားတော် တစ်ဆူကို စိမ်ထားတဲ့အုန်းဆီကတော့ အစိမ်းရောင် ဖြစ်နေပါသတဲ့၊ အဲဒါ ဓမ္မဗျူဟာမှတစ်ဆင့် အဖြေပေးတော်မူပါလို့ လျှောက် ထားခြင်း ဖြစ်ပါတယ် ဘုရား"

"အင်း အခုအမေးနဲ့ပတ်သက်ပြီး အဖြေနှစ်မျိုး မြင်ပါသကွယ့်"

"ဘယ်လို နှစ်မျိုးပါလဲဘုရား၊ အမိန့်ရှိပါဦး"

"အဖြေနှစ်မျိုးဆိုတာက သိပ္ပံနည်း၊ ဝိဇ္ဇာနည်းနှင့် ဖြေရမှာပေါ့ကွယ်၊ သိပ္ပံနည်းအရဆိုလျှင် အုန်းဆီစိမ်ထားတဲ့ ရုပ်ပွားတော်ဟာ တစ်ဆူက ကြေး ဖြစ်ပြီး တစ်ဆူက ကြေး၊ ငွေ၊ ရွှေ စသည်တို့နှင့် စပ်ထားတဲ့ သတ္တုရုပ်ပွား

http://www.dhammadownload.com



တော်လို့ထင်တယ်၊ ကြေးဆိုတာက အညှိထွက်တယ်၊ သူ့ရဲ့အညှိက အစိမ်းရောင်ဖြစ်တယ်၊ ကြေးက အစိမ်းရောင် အညှိထွက်ကြောင်းကို ကြေးအောင်းနေတဲ့ ကြေးကျောက်များကို ကြည့်လျှင် သိသာတယ်၊ ကြေးကျောက်ဟာ တခြားကျောက်နှင့်မတူဘူး၊ ကြေးညှိအစိမ်းရောင် ထွက်နေတတ်တယ်၊ ကြေးကို သွန်းထားတဲ့ရုပ်ပွားတော်ကလည်း ကြေးညှိထွက်တယ်၊ ကြေးညှိက စိမ်ထားတဲ့ အုန်းဆီနှင့် ရောသွားတော့ ကြေးရုပ်ပွားတော် စိမ်ထားတဲ့ အုန်းဆီလည်း အစိမ်းရောင် ဖြစ်သွားတာပေါ့၊ ရွှေ၊ ငွေ စသည် ရောထားတဲ့သတ္တုက အညှိတော့ထွက်တာပေါ့၊ ဒါပေမယ့် ကြေးက နည်းနေတော့ အညှိက အစိမ်းရောင် မထွက်ဘဲ အဝါရောင်ထွက်တယ်၊ ဒါကြောင့် သတ္တုရုပ်ပွားတော် စိမ်ထားတဲ့အုန်းဆီဟာ အဝါရောင် ဖြစ်သွားတာပေါ့ကွယ်။

အခု ဖြေကြားတာက သိပ္ပံနည်းအရ အုန်းဆီ အစိမ်း၊ အဝါအရောင် ပြောင်းသွားတာကို ဆိုလိုရင်းဖြစ်တယ်၊ အဲဒါကို ဝိဇ္ဇာနည်းအရ အဖြေပေးပါဆိုတော့ နည်းနည်းတော့ ကြီးကျယ်သွားလိမ့်မယ်ကွယ်"

**"လူသမုတ်လျှင် သစ်ငုတ်သော်မှ စုန်းဖြစ်ရ"** ဆိုတဲ့ စကားပုံ ကြားဖူးမှာပေါ့၊ လမ်းဘေးမှာရှိတဲ့သစ်ငုတ်ကြီးဟာ ဘာမှ မပြုလုပ်တတ်တာ မှန်သော်လည်း များစွာသောလူတို့က ဒီသစ်ငုတ်ကြီးဟာ ခြောက်တယ်၊ လှန့်တယ်၊ ဒီသစ်ငုတ်တိုက ဘာကောင်ကြီး ထွက်လိုက်တယ် စသည်ဖြင့် မဟုတ်မတရား အပြောများခဲ့လျှင် အသက်လည်းမရှိ၊ ဘာမျှလည်းမရှိတဲ့ သစ်ငုတ်ကြီးဟာ နေရင်း ထိုင်ရင်းနှင့် စုန်းဖြစ်ရ၊ သရဲဖြစ်ရရှာတယ်၊ ဘာမျှ မလုပ်တတ်တဲ့ သစ်ငုတ်ဟာ လူအများက အပြစ်ဆိုခဲ့လျှင် အပြစ်မြင်တတ်သလို၊ လူအများက ကောင်းချီးပြုခဲ့လျှင်လည်း ကောင်းတဲ့ဘက်ကို တက်သွားတတ်တယ်၊ ဥပမာအားဖြင့် သက်န်းနက်သားဆိုပါစို့၊ သက်န်းနက်သားဆိုတာ အလွန်မည်းနက်တဲ့သစ်သားပေါ့၊ ဒီသစ်သားဟာ အလွန်ရှားပါးတယ်၊ နတ်များက ပေးမှ ရတယ်လို့ ယူဆကြတယ်၊ ဒါကြောင့် သက်န်းနက်သားကို ဆောင်ထားလျှင် အကျိုးရှိတယ်၊ သက်န်းနက်သားကို ဘုရားထုပြီး ကိုးကွယ်လျှင် အားကြီး အကျိုးရှိတယ်လို့ ယူဆကြတယ်၊ အဲဒီ အယူအဆကြောင့် သက်န်းနက်သားဟာ အကောင်းဘက်ကို တက်သွားတယ်ကွယ့်၊ ဒါက ဥပမာပြောတဲ့ စကားပါ။

http://www.dhammadownload.com



ယခုအရေးမှာလည်း ဝိဇ္ဇာနည်းနှင့်တွက်ကြည့်လျှင် ပကတိကြည်လင်နေတဲ့ အုန်းဆီဟာ ဘာကြောင့် အစိမ်း,အဝါရောင် ပြောင်းသွားတာလဲဆိုတော့ တခြားကြောင့် မဟုတ်ဘူး၊ ရုပ်ပွားတော်က ထွက်တဲ့ အရောင်ကြောင့်ပဲ၊ ကျမ်းဂန်များမှာ မြင်းမိုရ်တောင်ဟာ အရောင်လေးပါး ထွက်သတဲ့၊ အရှေ့အရပ်က အဖြူရောင်၊ တောင်အရပ်က အစိမ်းရောင်၊ အနောက်အရပ်က စိမ်းလဲ့လဲ့ဖန်ရောင်၊ မြောက်အရပ်က အဝါရောင်တို့ ဖြစ်ကြတယ်၊ အဲဒီအရောင်လေးပါးကြောင့် သမုဒ္ဒရာရေဟာ အဖြူ, အစိမ်း, စိမ်းလဲ့, အဝါရယ်လို့ လေးမျိုးကွဲသွားတယ်၊ ကောင်းကင်နှင့်တကွ သစ်ပင်, တော တောင် ရေ မြေ အားလုံးလည်း မြင်းမိုရ်တောင်ရဲ့အရောင်နောက် လိုက်ပါသွားတယ်လို့ဆိုတယ်၊ ယခုလည်း ရုပ်ပွားတော်ကထွက်တဲ့ အရောင်ကြောင့် စိမ်ထားတဲ့အုန်းဆီဟာ အဝါရောင်၊ အစိမ်းရောင်ဖြစ်သွားရတယ်၊ ဆိုလိုတာကတော့ ရုပ်ပွားတော်များဟာ စိမ့်ပြီး ရောင်ခြည်တော် လွှတ်နေကြတယ်ပေါ့။

ရောင်ခြည်တော် လွှတ်တယ်ဆိုတာကို ဗုဒ္ဓဝင်မှာ ကြည့်လိုက်လျှင် စိတ်နှလုံးတော် နှစ်သက်ရွှင်လန်းလို့ လွှတ်တာပါပဲ၊ ရတနာဃရသတ္တာဟမှာ ဘုရားရှင်ဟာ ဝိနည်း, သုတ္တန်, အဘိဓမ္မာ တရားတော်များကို အစဉ်တစိုက် သုံးသပ်တော်မူတဲ့အခါ အဘိဓမ္မာကျမ်းကို ရောက်လာတယ်၊ အဘိဓမ္မာကျမ်းကိုလည်း ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓါတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းများကို ဆင်ခြင်ခဲ့ရာ ဉာဏ်တော်က ကျယ်ဝန်းပြီး တရားကကျဉ်းတဲ့အတွက် စိတ်အားမရသေးဘူးပေါ့၊ စိတ်အားမရသေးလို့ ရောင်ခြည်တော် မထွက်သေးဘူး၊ ခုနစ်ဆင့်မြောက်ဖြစ်တဲ့ အနန္တနယ၊ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး သုံးသပ်လိုက်တဲ့အခါမှ တရားတော် ကျယ်ဝန်းသလောက် ဉာဏ်တော်ကွန့်မြူးနိုင်လို့ အလွန်နှစ်သက်ဝမ်းသာတော်မူသွားတယ်၊ အဲဒီလို နှစ်သက်ဝမ်းသာတဲ့ ပီတိတရား ဖြစ်ပွားလာမှ အသွေးတော်များ ကြည်လင်လာတယ်၊ အသွေးတော်များ ကြည်လင်တဲ့အတွက် အရေတော် ကြည်လင်ခဲ့တယ်၊ အရေဘော် ကြည်လင်ခဲ့တော့မှ ကြည်လင်တဲ့မှန်က အရောင်ထွက်သလို ရောင်ခြည်တော်တွေ ကွန့်မြူး ထွက်ကျလာတယ်လို့ ကျမ်းများမှာ ဖော်ပြကြတယ်။

http://www.dhammadownload.com




အခု ရုပ်ပွားတော်ကကော ဘာကြောင့် ရောင်ခြည်တော် လွှတ်တာလဲ ဆိုလျှင် နှစ်သက်ဝမ်းမြောက်ဖွယ် ဣဋ္ဌာရုံကိုမြင်လို့ ရောင်ခြည်တော်လွှတ်တယ်လို့ ဖြေဆိုရလိမ့်မယ်၊ ရုပ်ပွားတော်မှာ အသက်ဇီဝ မရှိလို့ နှစ်သက်ခြင်း ပီတိ ဖြစ်တယ်လို့တော့ မဆိုထိုက်ဘူး၊ သို့သော် နှစ်သက်ဖွယ် အာရုံတစ်ခုခု ဖြစ်ပေါ်မည့်နိမိတ်ကြောင့် ယခုလို ရောင်ခြည်တော်လွှတ်ခြင်း ဖြစ်တယ်လို့ အဖြေပေးရမှာပဲ၊ ဒီအဖြေက ဝိဇ္ဇာဘက်က အဖြေမို့ နည်းနည်းတော့ နက်သပေါ့ကွယ်"

"မှန်ပါ၊ ဒီလောက်ဆိုလျှင် ဒီအဖြေကို ဦးဟုတ်စိန် နှစ်သက်လိမ့်မယ် ထင်ပါတယ်ဘုရား"

"သာဓု... သာဓု... သာဓု"

* * *



http://www.dhammadownload.com



# ဓမ္မစက်တော် ၁၄–ပါး

"ဟောဒီစာက ရှမ်းပြည်တောင်ပိုင်း၊ မိုးနဲမြို့၊ ဥယျာဉ်ရပ်၊ ဦးကျော်ညွန့် လျှောက်ထားတဲ့စာပါဘုရား"

"ဆိုစမ်းပါဦး၊ ဦးကျော်ညွန့်ရဲ့စာက ဘာတဲ့တုံး"

"သူ့စာရဲ့ ဆိုလိုရင်းက ကျောင်းတစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက်ဓမ္မစက် အစရှိသဖြင့် စက်ကြီးတစ်ဆယ့်သုံးပါးကို ရွတ်ဖတ်ပူဇော်တဲ့အခါမှာ တစ်ဆယ့်လေးချက် ဓမ္မစက်ဆိုတာ ဘာကိုဆိုမှန်း မသိသည့်အတွက် မေးလျှောက်ခြင်း ဖြစ်ပါတယ်ဘုရား၊ တပည့်တော်လို မသိသူများ သိနိုင်ရန် ဓမ္မဗျူဟာမှ ပြန်ကြားပေးပါရန် လျှောက်ထားပါသတဲ့ဘုရား"

"နေပါဦးကွယ့်၊ စက်ကြီး တစ်ဆယ့်သုံးပါးကို ကသာမြို့၊ ကမ်းနားလမ်း၊ ဦးသာဇံက မေးလို့ ဓမ္မဗျူဟာစာစောင်မှာ ဖြေပြီးသားပဲ၊ ဖြေပြီးရုံတောင် မကဘူး၊ ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် ၂–မှာတောင် ဖော်ပြခဲ့ပြီး မဟုတ်လားကွယ့်"

"မှန်ပါ၊ ဖြေဆိုပြီးတာ မှန်ပါတယ်၊ အဲဒီအဖြေကို ဦးကျော်ညွန့်က မတွေ့လို့လား၊ ဒါမှမဟုတ် အဖြေတစ်မျိုးများ လိုချင်လို့လား မသိပါဘုရား"

"အင်း–အင်း–အင်း ဦးကျော်ညွန့်က အဖြေတစ်မျိုး လိုချင်ဟန်တူတယ်ကွယ့်"

"မူလ အဖြေအပြင် အဖြေတစ်မျိုး ရှိပါသလား ဘုရား"

http://www.dhammadownload.com



"အေး- ရှိတယ်လို့ ဆိုကြပါစို့၊ ပြဿနာတစ်ခု ပေါ်ခဲ့လျှင် အဖြေဆိုတာ အများအပြား ဖြစ်ပေါ်မြဲကိုးကွယ့်၊ အခုလည်း တစ်ဆယ့်လေးချက် ဓမ္မစက်ဆိုတာ ဘာလဲလို့ အမေးပေါ်လာတော့ မဂ်လေးပါး, ဖိုလ်လေးပါး, တရားဂုဏ်တော်ခြောက်ပါးလို့ အဖြေပေးခဲ့တယ်၊ ဒီအဖြေဟာ မမှားပါဘူး၊ သို့သော်လည်း အခြားအဖြေ ရှိပါသေးသလား မေးခဲ့လျှင် ရှိသေးတာပေါ့၊ အဲဒီဒုတိယအဖြေက ဘာတုန်းဆိုလျှင် သဂြိုဟ်ကျမ်း သမုစ္စည်းပိုင်း၊ ဗောဓိပက္ခိယသင်္ဂဟမှာ ဗောဓိပက္ခိယတရားပေါင်း ၃၇-ပါး ရှိတယ်ကွယ့်"

"မှန်ပါ၊ ဗောဓိပက္ခိယဆိုတဲ့ ပုဒ်ရဲ့အဓိပ္ပာယ်ကိုလည်း ရှင်းခဲ့ပါဦး ဘုရား"

"ဗောဓိပက္ခိယဆိုတဲ့စကားမှာ သစ္စာလေးပါးကို သိတတ်တဲ့ အရိယမဂ်ကို ဗောဓိလို့ခေါ်တယ်၊ ထိုအရိယမဂ်ရဲ့ အသင်းအပင်း တရားအပေါင်းကို ဗောဓိပက္ခိယလို့ခေါ်တယ်၊ အဲဒီ ဗောဓိပက္ခိယတရားဟာ ၃၇-ပါးရှိတယ်၊ ၃၇-ပါးက သတိပဋ္ဌာန်တရားက ၄-ပါး၊ သမ္မပ္ပဓာန်တရားက ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး၊ အားလုံးပေါင်း ၃၇-ပါး ဖြစ်တယ်။

**သတိပဋ္ဌာန်တရား ၄-ပါးက-** (၁) ကာယာနုပဿနာ သတိပဋ္ဌာန်၊ (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့ ဖြစ်ကြတယ်၊ သတိပဋ္ဌာန်တရားဟာ အာရုံအားလျော်စွာ ၄-ပါးပြားသော်လည်း တရားကိုယ်မှာတော့ (သတိ) စေတသိက် တစ်ခုမျှသာ ရတယ်။

**သမ္မပ္ပဓာန်တရား**လည်း (၁) ဖြစ်ပြီး အကုသိုလ်ကိုပယ်ရန်အားထုတ်ခြင်း၊ (၂) မဖြစ်သေးသော အကုသိုလ်ကိုမဖြစ်အောင် အားထုတ်ခြင်း၊ (၃) မဖြစ်သေးသော ကုသိုလ်ကိုဖြစ်အောင် အားထုတ်ခြင်း၊ (၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို အလွန်များပြားအောင် အားထုတ်ခြင်းရယ်လို့ လေးမျိုးပြားသော်လည်း အရကောက်တော့ ဝီရိယစေတသိက် တစ်ပါးတည်း အရကောက်နိုင်တယ်။

**ဣဒ္ဓိပါဒ်တရားက** ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် လို့ ၄-မျိုးပြားတယ်၊ အရကောက်တော့လည်း ဆန္ဒစေတသိက်၊ ဝီရိယ

http://www.dhammadownload.com



စေတသိက်၊ စိတ်၊ ပညာစေတသိက် ၄-ပါးကို အရကောက်တယ်။

**ဣန္ဒြေတရားက** သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေလို့ ငါးမျိုးပြားတယ်၊ အရကောက်တော့လည်း သဒ္ဓါစေတသိက်၊ ဝီရိယစေတသိက်၊ သတိစေတသိက်၊ သမာဓိစေတသိက်၊ (သို့မဟုတ် -ဧကဂ္ဂတာစေတသိက်) ပညာစေတသိက်တို့ကို အရကောက်တယ်။

**ဗိုလ်တရားငါးပါးလည်း** ဣန္ဒြေ ၅-ပါးနှင့် အရကောက်ခြင်းတူတယ်၊

**ဗောဇ္ဈင်ခုနစ်ပါးတို့က** သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ ဖြစ်ကြတယ်၊ အရကောက်တော့ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာအားဖြင့် တရားကိုယ် ၇-ပါး ရတယ်။

**မဂ္ဂင်ရှစ်ပါးက** သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ ဖြစ်ကြတယ်၊ အရကောက်တော့ ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာတို့ ဖြစ်ကြတယ်။

ဗောဓိပက္ခိယတရားဟာ အားလုံး ၃၇-ပါး ဖြစ်သော်လည်း တရားကိုယ် အရကောက်လိုက်တော့ ၁၄-ပါးမျှသာ ရှိတယ်၊ ၁၄-ပါးက (၁) ဆန္ဒ၊ (၂) စိတ်၊ (၃) တတြမဇ္ဈတ္တတာ(ဥပေက္ခာ)၊ (၄) သဒ္ဓါ၊ (၅) ပဿဒ္ဓိ၊ (၆) ပီတိ၊ (၇) ပညာ၊ (၈) ဝိတက်၊ (၉) ဝီရိယ၊ (၁၀) **သမ္မာ**ဝါစာ၊ (၁၁) သမ္မာကမ္မန္တ၊ (၁၂) သမ္မာအာဇီဝ၊ (၁၃) သတိ၊ (၁၄) ဧကဂ္ဂတာ (သမာဓိ)တို့ဖြစ်ကြတယ်။

ဗောဓိပက္ခိယတရား ၃၇-ပါးဆိုတာ သစ္စာလေးပါးကို သိမြင်ဖို့ အားထုတ်ရတဲ့ တရားတွေပဲ၊ အဲဒီ တရားတော် ၃၇-ပါးကို တရားကိုယ် အရကောက်လိုက်တော့ ၁၄-ပါးသာရှိတယ်၊ တစ်ဆယ့်လေးချက် ဓမ္မစက်ဆိုတာ အဲဒီတရားကိုယ် ၁၄-ပါးကို ရည်ညွှန်းတယ်လို့ အဖြေတစ်မျိုး ပေးလိုက်ပါတယ်ကွယ်"

"သာဓု... သာဓု... သာဓု"

***

http://www.dhammadownload.com



# ဗောဓိပင်ပြဿနာ

"ဟောဒီစာက တောင်ကြီးမြို့က သွားဆရာဝန် ဒေါက်တာအောင်ကျော် ထံက အမေးစာလွှာ ဖြစ်ပါတယ်ဘုရား"

"ဒေါက်တာအောင်ကျော်က ဘာတွေများ မေးပါလိမ့် ဆိုစမ်းပါဦး"

"ဒေါက်တာအောင်ကျော်က ဗုဒ္ဓဘုရား သစ္စာလေးပါး သိတော်မူရာ ဗောဓိပင်ဟာ ယခုအထိ ရှိပါသေးသလားတဲ့၊ သူ ကြားဖူးတာက ယခု ရှိနေတဲ့ ဗောဓိပင်ဟာ မူလအပင်ရင်း မဟုတ်တော့ဘူး၊ မူလအပင်ကြီး သေသွားလို့ သီဟိုဠ်ကျွန်းက ပင်ပွားယူပြီး စိုက်ထားရကြောင်း ကြားဖူးပါသတဲ့၊ အဲဒီ သူကြားတဲ့စကား ဟုတ်,မဟုတ် အကယ်၍ ဟုတ်ခဲ့လျှင် မူလ မဟာဗောဓိက အသက်ငယ်ပြီး အာနန္ဒာဗောဓိ၊ သီဟိုဠ်ဗောဓိတို့က အသက်ကြီးရင့်နေသည်ဟု ယူဆမိကြောင်း တင်ပြ လျှောက်ထားတဲ့စာပါ ဘုရား"

"ဗုဒ္ဓဘုရား သစ္စာလေးပါးတရားတော်ကို သိမြင်ရာဌာနဖြစ်တဲ့ မဟာဗောဓိဌာနဟာ ဗုဒ္ဓဘာသာဝင်များအတွက် အလွန် အလေးအမြတ် ပြုအပ်တဲ့ ဌာနကြီးဖြစ်တယ်၊ ဘုရားရှင်မှာ ပရိနိဗ္ဗာန် သုံးမျိုးဆိုတာရှိသကွယ့်၊ ပရိနိဗ္ဗာန် သုံးမျိုးဆိုတာက (၁) ကိလေသပရိနိဗ္ဗာန်၊ (၂) ခန္ဓပရိနိဗ္ဗာန်၊ (၃) ဓာတုပရိနိဗ္ဗာန်တို့ ဖြစ်ကြတယ်၊ အဲဒီ ပရိနိဗ္ဗာန်သုံးမျိုးအနက် ကိလေသပရိနိဗ္ဗာန် ဆိုတာ ဘဝများစွာသံသရာက ခန္ဓာအတွင်း ကပ်ငြိလိုက်ပါလာခဲ့တဲ့ ကိလေသာတရားတွေဟာ ဝါသနာနှင့်တကွ ငြိမ်းချုပ်တာကို ခေါ်ဆိုတယ်၊ ဘုရားရှင်ဟာ အဲဒီ ကိလေသပရိနိဗ္ဗာန်ကို ဟောဒီ ဗောဓိအောင်မြေမှာ ချုပ်ငြိမ်းတော်မူခြင်း ဖြစ်တယ်။

http://www.dhammadownload.com



ခန္ဓပရိနိဗ္ဗာန်ကတော့ အများသိကြတဲ့အတိုင်း ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်တော်မှာ စံလွန်တာဖြစ်တယ်၊ နောက်ဆုံး ဓာတုပရိနိဗ္ဗာန်ကလည်း ဟောဒီ မဟာဗောဓိဌာနမှာပင် စံလွန်မှာ ဖြစ်သတဲ့၊ ပရိနိဗ္ဗာန်သုံးချက်ရှိရာမှာ နှစ်ချက်က ဒီဌာနမှာဆိုတော့ ဗုဒ္ဓဘာသာများအတွက် အရေးကြီးတဲ့ဌာန ဖြစ်လာတာပေါ့၊ ဒါပဲလားဆိုတော့ မကသေးဘူး၊ ဒီ ဘဒ္ဒကမ္ဘာမှာ "ကံ၊ ဂုံ၊ ပ၊ မ၊ ယျ"ရယ်လို့ ဘုရားငါးဆူ ပွင့်မယ်၊ ပွင့်တိုင်းပွင့်တိုင်းသော ဘုရားရှင်တွေဟာ ဒီဌာနမှာချည်း သစ္စာလေးပါးကို သိလို့ ဘုရားရှင်တိုင်း မစွန့်တဲ့ အဝိဇဟိတဌာနကြီးလည်းဖြစ်တယ်၊ ပြီးတော့ မာရ်နတ်ရန်ကို အောင်မြင်ရာ မာရဝိဇယဌာနလည်း ဖြစ်တယ်၊ နောင်သောအခါ ပညာရှင်များ သံဝေဂယူဖို့ကောင်းတဲ့ သံဝေဇနီယလေးပါးမှာလည်း တစ်ပါးအပါအဝင်ဖြစ်တယ်၊ ဒီ မဟာဗောဓိဌာနကြီး ဒီထက် ထူးခြားတာက ဇမ္ဗူဒိပ်ကျွန်းရဲ့ အလယ် ဗဟိုကျတယ်ဆိုတဲ့ စကားရပ်ပဲကွယ့်၊ အလယ် ဗဟိုချက်မကို မဏ္ဍိုင်(မန်တိုင်)လို့ ခေါ်ကြတယ် မဟုတ်လား၊ မဟာဗောဓိပင် ပေါက်ရာဌာနဟာ ဇမ္ဗူဒိပ်ကျွန်းရဲ့အလယ်ဗဟိုမို့ (ဗောဓိပလ္လင်)လို့ ခေါ်ဆိုကြတယ်၊ အမေးနှင့် မပတ်သက်သော်လည်း ဗဟုသုတသဘော ဆက်ပြောလိုက်ရဦးမယ်"

"မိန့်တော်မူပါဘုရား"

"ငါတို့ ငယ်ရွယ်စဉ်က သုတဝတီမဂ္ဂဇင်းမှာ ပဟေဠိတေးထပ်တစ်ပုဒ်ရေးပြီး မေးခဲ့ဖူးတယ်ကွယ့်"

"ဘယ်လို ပဟေဠိပါလဲဘုရား၊ မိန့်တော်မူပါဦး"

"ပဟေဠိတေးထပ်က ဒီလိုတဲ့ကွယ်"

## ပဟေဠိတေးထပ်

* လောကမှာ လျှမ်းဝေတင့်
ပန်းငွေပွင့် ငုံအာ၊
ဖြစ်အဦး ပျက်နောက်ရာဝယ်
ထွက်ပေါက်လာ ပေါ်ထွန်း၊
တစ်ရုံ၌ လင့်မကွာသည်...၊
ပွင့်ပဉ္စာ တိုး၍မစွန်း...။

http://www.dhammadownload.com



* ရုံခါ၌ ပွင့်မမြင်
အသင့်ပင် ဉာဏ်ထွန်း၊
တစ်ပွင့်လျှင် ဆံဝန်းက
မှန်မယွန်း ရှစ်ဖြာ၊
ကိုးပုဂ္ဂိုလ် ဆွတ်မခူးသာဘူး
ထွတ်အဖူး ပန်းမြတ်မာလာ…။

* ခွေးဆွတ်သူ မပန်သာတယ်
စံကွာသူ ပန်ထိုက်တဲ့၊
ဉာဏ်နှိုက်လို့ လေးကဝိပုဂ္ဂိုလ်
တွေးသိထုတ်ဆို…၊
မေးလိုက်တဲ့ ပုဒ်အလိုကို
နှုတ်ချိုချို မိန့်ကြားပါလေး…။

"မှန်ပါ၊ အဖြေကို ထားပါဦး၊ အမေးတေးထပ်ရဲ့ အဓိပ္ပာယ်ကို မိန့်တော်မူပါဦး ဘုရား"

"ပဟေဠိတေးထပ်ရဲ့ အဓိပ္ပာယ်က– လောကမှာ အလွန်ထင်ရှားတဲ့ ဒီပန်းဟာ ကမ္ဘာကြီး စတင် ဖြစ်ပေါ်ခဲ့လျှင် ရှေးဦးစွာ ဖြစ်တဲ့နေရာ၊ ကမ္ဘာကြီး ပျက်ပြန်တော့လည်း နောက်ဆုံး ပျက်တဲ့နေရာမှာ အပင်ပေါက်သတဲ့၊ အပင်တစ်ရုံမှာလည်း အပွင့် အလွန်ဆုံး ငါးပွင့်မျှသာပွင့်တယ်၊ ငါးပွင့်က လုံးဝ မစွန်းဘူးတဲ့၊ တစ်ပွင့်တစ်ပွင့်မှာလည်း ဝတ်ဆံက ရှစ်ခုသာပါသတဲ့၊ ဒီဝတ်ဆံကိုလည်း ပုဂ္ဂိုလ် ၁၂–ယောက်ရှိရာမှာ ကိုးယောက် မဆွတ်ခူးနိုင်ဘူး၊ သုံးယောက်သာ ဆွတ်ခူးနိုင်သတဲ့၊ ဆွတ်ခူးသူက ခူးသာခူးရတယ်၊ မပန်ထိုက်ဘူးတဲ့၊ အတုမရှိတဲ့ပုဂ္ဂိုလ်သာ ပန်ထိုက်သတဲ့၊ ဒီပန်းဟာ ဘယ်ပန်းလဲ လို့ ဆိုလိုတယ်။"

"ဒီပန်းဟာ ကြီးကျယ်လှပါလားဘုရား၊ တပည့်တော်လည်း မသိဘူး၊ ဘယ်ပန်းလဲ ဘုရား အမိန့်ရှိပါဦး"

"ဒီပန်းက ကမ္ဘာဦး ကြာနိမိတ်ပန်းကို ဂုဏ်ထားတဲ့ ပဟေဠိပန်း ဖြစ်သကွယ့်၊ အဓိပ္ပာယ် အတိုချုပ်ကတော့ ဒီကမ္ဘာမြေကြီး ပျက်ပြီးတဲ့နောက် ပြန်ဖြစ်ချင်တော့ ကမ္ဘာပြု မိုးကြီးရွာတယ်၊ အောက်က လေခံထားတော့

http://www.dhammadownload.com



ရေတွေဟာ အောက်ကို လျှော့မကျဘဲ ကမ္ဘာသစ်ဖြစ်မည့်နေရာမှာ ရပ်တည်နေကြတယ်၊ ကာလ အတော်ကြာလာတော့ ရေအထက်မှာ မြေပေါ်လာတယ်၊ မြေမပေါ်ခင် မြေမှာပေါက်တဲ့ကြာရုံက ရေထက်ကိုပေါ်လာတယ်၊ နောက်ကျမှ တဖြည်းဖြည်း ရေကျပြီး မြေသားပေါ်လာတာကိုး၊ ကြာရုံဟာ ရှေးဦးပေါ်တဲ့ မြေမှာပေါက်သတဲ့၊ အဲဒီမြေဟာ ကမ္ဘာကြီးပျက်တော့လည်း နောက်ဆုံးမှ ပျက်သတဲ့၊ အဲဒီကြာရုံမှာ ကြာ ပွင့်လာတယ်၊ ကြာက တချို့ကမ္ဘာမှာ တစ်ပွင့်၊ တချို့ကမ္ဘာမှာ နှစ်ပွင့်၊ သုံးပွင့်၊ လေးပွင့်၊ ငါးပွင့်အထိ ပွင့်တယ်၊ ငါးပွင့်ထက် ပိုလို့ မပွင့်ဘူး၊ တချို့သောကမ္ဘာကျတော့ ကြာရုံသာပေါက်တယ်၊ ကြာတစ်ပွင့်မျှ မပွင့်ဘူးတဲ့၊ အဲဒီကြာပွင့်ကို နိမိတ်ကောက်ပြီး ကြာလုံးဝ မပွင့်သော် ဘုရားရှင် လုံးဝ မပွင့်တဲ့ သုညကမ္ဘာလို့ သတ်မှတ်ကြသတဲ့၊ တစ်ပွင့်ပွင့်လျှင် တစ်ဆူ၊ နှစ်ပွင့်ပွင့်လျှင် နှစ်ဆူ၊ ငါးပွင့်ပွင့်လျှင် ငါးဆူလို့ သတ်မှတ်ကြသတဲ့။

အဲဒီ ကြာပွင့်ထဲမှာ ကြာဝတ်ဆံလို ပရိက္ခရာရှစ်ပါး အပြည့်အစုံပါသတဲ့ကွယ့်၊ ပရိက္ခရာ ရှစ်ပါးပါဝင်တဲ့ ဒီကြာပန်းကို ပုဂ္ဂိုလ်ကိုးယောက် မဆွတ်ခူးနိုင်ဘူးတဲ့၊ ဒီနေရာမှာ သိစရာက လောကမှာ ပုဂ္ဂိုလ် ၁၂–ယောက် သာရှိတယ်၊ ပုဂ္ဂိုလ် ၁၂–ယောက်ဆိုတာက–

(၁) **ဒုဂ္ဂတိအဟိတ်** = အပါယ်သတ္တဝါတစ်ယောက်၊
(၂) **သုဂတိအဟိတ်** = လူ့နတ်သုဂတိဘုံသား အဟိတ်ပုဂ္ဂိုလ်တစ်ယောက်၊
(၃) **ဒွိဟိတ်** = အလောဘ၊ အဒေါသ၊ ဟိတ်နှစ်ပါးနှင့် ပဋိသန္ဓေနေသူ၊
(၄) **တိဟိတ်** = အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးနှင့် ပဋိသန္ဓေနေသူ

ဒီလေးယောက်က ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်တဲ့ကွယ်၊ မဂ်ပုဂ္ဂိုလ် လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက် အဲဒါက အရိယာပုဂ္ဂိုလ် ရှစ်ယောက်တဲ့ကွယ့်၊ အားလုံးပေါင်းလိုက်လျှင် တစ်လောကလုံးမှာ ပုဂ္ဂိုလ် ၁၂–ယောက် သာရှိတယ်၊ ဒီပုဂ္ဂိုလ် ၁၂–ယောက်ထဲက အောက်ပုဂ္ဂိုလ် ကိုးယောက်က ဒီကြာပန်းကို မဆွတ်ခူးနိုင်ဘူး၊ သုဒ္ဓါဝါသဘုံမှာနေတဲ့ အနာဂါမ်ဖိုလ်ပုဂ္ဂိုလ် တစ်ယောက်၊ အရဟတ္တမဂ်ပုဂ္ဂိုလ် တစ်ယောက်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ် တစ်ယောက်၊ ဒီသုံးယောက်သော ပုဂ္ဂိုလ်များကသာ ကမ္ဘာနိမိတ် ကြာပန်းကို

http://www.dhammadownload.com



ဆွတ်ခူးနိုင်တယ်၊ ဒါကြောင့် "ကိုးပုဂ္ဂိုလ် ဆွတ်မခူးသာဘူး၊ ထွတ်အဖူး ပန်းမြတ်မာလာ"လို့ တေးထပ်မှာ ဆိုထားတယ်။

သုဒ္ဓါဝါသဘုံစံ ဗြဟ္မာကြီးများဟာ ကြာပန်းတွင်းက ပရိက္ခရာကို ဆွတ်ခူးနိုင်ခွင့် ရှိသော်လည်း သုံးဆောင်ခွင့် မရှိဘူး၊ နောင်သောအခါ ဘုရားလောင်းများ တောထွက်တော်မူလာတဲ့အခါကျမှ သိမ်းဆည်းထားရာက ယူပြီး ဆက်ကပ်ရတယ်၊ ဒါကြောင့် "ချွေဆွတ်သူ မပန်သာတယ် စံကွာသူ ပန်ထိုက်တဲ့"လို့ ရေးစပ်ထားသကွယ့်၊ အတိုချုပ်ကတော့ ဒီတေးထပ်ဟာ ကမ္ဘာ့နိမိတ်ဖြစ်တဲ့ ကြာပန်းကို ရေးစပ်ထားခြင်း ဖြစ်တယ်ကွယ့်"

"ဒီတေးထပ်ရဲ့အဖြေကိုတော့ တည့်တည့်ပြောလို့ ရိပ်မိသွားပါပြီ ဘုရား၊ ဒါပေမယ့် ကမ္ဘာနိမိတ် ကြာပန်းနှင့် မဟာဗောဓိပင် ဘယ်လို ဆက်စပ်တယ်ဆိုတာတော့ နားမရှင်းသေးဘူး ဘုရား"

"မဟာဗောဓိပင်ဟာ အခြားနေရာမှာ ပေါက်တာမဟုတ်ဘူး၊ ကမ္ဘာ တည်လျှင် ဦးစွာဖြစ်ပြီး ကမ္ဘာပျက်တော့ နောက်ဆုံးမှပျက်တဲ့ ကမ္ဘာ့နိမိတ် ကြာရုံပေါက်ရာ မြေထူး မြေမြတ်မှာ ပေါက်တယ်လို့ ကျမ်းများမှာ ပြဆို ထားတယ်ကွယ့်"

"ဒီလိုဆိုတော့ မဟာဗောဓိပင် ပေါက်ရာမြေဟာ အမှန်တကယ် ထူးခြားတဲ့ မြေပါလားဘုရား၊ ဒါပေမယ့် သံသယတစ်ခုတော့ လျှောက်ထား ခွင့်ပြုပါဦးဘုရား"

"လျှောက်ပါလေ၊ လျှောက်ချင်တာ လျှောက်ထားပေါ့"

"လျှောက်ထားလိုတဲ့ သံသယက ဒီလိုပါဘုရား၊ ကမ္ဘာမြေကြီးရဲ့ ဖြစ်ပုံပျက်ပုံ ကျမ်းဂန်ကိုကြည့်လိုက်လျှင် ယူဇနာ အပိုင်းအခြားမရှိ အလွန် ကျယ်ပြန့်တဲ့ ကောင်းကင်ကြီးဟာ ကမ္ဘာကြီးရဲ့ အောက်မှတည်တယ်၊ အဲဒီ ကောင်းကင်ရဲ့ အထက်မှာ လေတည်တယ်၊ လေပြင်ရဲ့အထက်မှာ ရေတည် တယ်၊ ရေပြင်ရဲ့အထက်မှာ မြေတည်တယ်လို့ ဆိုထားပါတယ်၊ အဲဒီအဆို ကို တပည့်တော် ယုံကြည်ပါတယ်၊ တပည့်တော် သံသယရှိတာက ကမ္ဘာပြု မိုး ရွာပြီးတဲ့အခါ ဒီစကြဝဠာအတွင်းမှာ–ရေတွေ ပြည့်နေတယ်၊ ကမ္ဘာကြီး ဖြစ်ချိန်တန်တော့ ရေက တဖြည်းဖြည်းကျပြီး ကုန်းမြေ ပေါ်လာတယ်ပေါ့

http://www.dhammadownload.com



ဘုရား၊ အဲဒီပေါ်လာတဲ့ကုန်းမြေက ဆရာတော်အမိန့်ရှိတဲ့ ဗောဓိပင်ပေါက်ရာ မြေဖြစ်နေတယ်၊ ဒီနေရာမှာ တပည့်တော် ဝင်လာတဲ့သံသယက ဗောဓိပင် ပေါက်ရာ မြေဌာနဟာ ဟို မြောက်ဘက်က ဟိမဝန္တာတောင်တန်းကြီးနှင့် ချိန်ထိုးကြည့်လျှင် အင်မတန် နိမ့်ပါတယ်၊ ဒါကြောင့် ရေကျပြီး ကုန်း စတင်ပေါ်လျှင် ဟိမဝန္တာတောင်ကြီးက ဦးစွာပေါ်ရမယ်၊ ခုတော့ အင်မတန် နိမ့်တဲ့ ဗောဓိမြေက ဦးစွာ ပေါ်တယ်ဆိုတာ တပည့်တော် ဖြစ်ပေါ်လာတဲ့ သံသယပါဘုရား"

"ဟုတ်တာပေါ့၊ အဲဒါ သံသယဖြစ်လောက်တာပေါ့၊ အဖြေကတော့ ဒီလိုတဲ့ကွယ်"

"အမိန့်ရှိတော်မူပါဘုရား"

"ရေပြင်ထက် မြေစတင်ပေါ်စက တောင်တွေ ချောက်တွေ မရှိသေး ဘူး၊ စည်မျက်နှာပြင်လို တညီတည်းပါပဲ၊ အဲဒီ တစ်ပြင်တည်းဖြစ်တဲ့ မြေ ကြီးပေါ်မှာ ဗြဟ္မာတွေ စုတေပြီး လူဖြစ်လာကြတယ်၊ အဲဒီလူတွေဟာ ဗြဟ္မာ ပြည်က ဆင်းခဲ့ကြတာမို့ ကိုယ်အရောင် ထွန်းလင်း တောက်ပကြတယ်၊ ကောင်းကင်မှာ လိုရာသွားနိုင်ကြတယ်၊ နောင်အခါ မြေအဆီဖြစ်တဲ့ ရသ ပထဝီကို စားကြလို့ ကိုယ်အရောင်ပျောက်ပြီး ကျင်ကြီးကျင်ငယ်ပေါက်တွေ ဖြစ်လာကြတယ်၊ ကိုယ်အရောင် ရှိစဉ်တုန်းက ဩကာသ လောကကြီးဟာ ထွန်းလင်းနေသော်လည်း ကိုယ်အရောင် ပျောက်ကွယ်သွားတော့ လောက ကြီးဟာ မှောင်ကျလာတယ်၊ အဲဒီအခါမှာ ဓမ္မတာသဘောအားဖြင့် တပေါင်း လပြည့်နေ့မှာ နေမင်းပေါ်လာတယ်၊ နေဝင်သွားပြန်တော့ လမင်းပေါ်လာ တယ်၊ အဲဒီ နေမင်း လမင်း ထင်ရှားပေါ်တဲ့နေ့ (တပေါင်းလပြည့်နေ့)မှာပဲ မြင်းမိုရ်၊ သတ္တရဘန်၊ ဟိမဝန္တာ၊ တော, တောင်၊ မြစ်ကြီး အိုင်ကြီးနှင့် စကြ ဝဠာတောင်များဟာ ဓမ္မတာအတိုင်း မရှေးမနှောင်း တစ်ပြိုင်နက် ဖြစ်ပေါ်လာ တယ်လို့ လောကဒီပနီ၊ လောကုပ္ပတ္တိ ကျမ်းများမှာ ဆိုတယ်၊ ဒါကြောင့် မဟာဗောဓိပင်ပေါက်ရာ မြေဌာန ရေပြင်အထက် ဦးစွာ ပေါ်တယ်ဆိုတဲ့ စကားကို သံသယ မရှိသင့်ဘူးပေါ့ကွယ်"

"မှန်ပါ ဆရာတော် အမိန့်ရှိလို့ သံသယ ကင်းသွားပါပြီဘုရား"

http://www.dhammadownload.com



"ဘုရားသခင် သစ္စာလေးပါး သိမြင်တော်မူရာ မဟာဗောဓိပင်ဟာ ဒီမျှလောက် ထူးကဲတဲ့ မြေမြတ်မှာပေါက်ကြောင်း ရှေးဦးစွာ မှတ်သားသင့်တာပေါ့၊ ဗောဓိပင်ဆိုတာလည်း သခ်ါရမျိုးမို့ တစ်ကမ္ဘာပတ်လုံး တည်မည့် သစ်ပင်စာရင်းမှာ မပါဝင်ဘူး၊ တစ်ကမ္ဘာလုံး တည်မည်လို့ ကျမ်းဂန်များမှာ ပြထားတဲ့ သစ်ပင်ကတော့ ခုနစ်ပင်သာရှိသကွယ့်၊ အဲဒီ သစ်ပင်ကြီး ခုနစ်ပင်ကို ဟောဒီလို သံပေါက်ရေးထားတယ်။

**"လက်, ခုပ်, ထိန်, ပြေ၊ ကုက်, သစ်, ဒေ၊**
**တွက်ရေ ခုနစ်ရပ်။**
**ဂဠုန်, သုရာ၊ နောက်, တောင်မှာ၊**
**ရှေ့, တာ, မြောက်နှင့်ဟပ်"**

အဓိပ္ပာယ်ကတော့ ဂဠုန်ပြည်က လက်ပံပင်ကြီး၊ အသုရာပြည်က လက်ခုပ်ပင်ကြီး၊ အနောက်ကျွန်းက ထိန်ပင်ကြီး၊ တောင်ကျွန်းက သပြေပင်ကြီး၊ အရှေ့ကျွန်းက ကုက္ကိုပင်ကြီး၊ တာဝတိံသာက ကသစ်ပင်ကြီး၊ မြောက်ကျွန်းက ပဒေသာပင်ကြီး၊ ဒီသစ်ပင်ကြီး ခုနစ်ပင်ကတော့ တစ်ကမ္ဘာလုံး တည်မယ်၊ ကျန်တဲ့ သစ်ပင်များကတော့ တစ်ကမ္ဘာလုံး မတည်ဘူးတဲ့၊ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ဟာ မြေထွတ်မြေမြတ်မှာ ပေါက်တာတော့ မှန်ပါရဲ့၊ ဒါပေမယ့် တစ်ကမ္ဘာပတ်လုံးတော့ မတည်နိုင်ဘူး၊ သေချိန်ကျလျှင်တော့ သေမှာပဲပေါ့။

ဒီနေရာက စပြီးတော့ ဒေါက်တာအောင်ကျော်ရဲ့အမေးကို ဖြေကြစို့ရဲ့၊ ဒေါက်တာအောင်ကျော်က ဘုရားရှင်လက်ထက် ဘုရားရှင်ရဲ့ ဖွားဘက်တော်ဖြစ်တဲ့ မဟာဗောဓိပင်ဟာ ယခုအထိ ရှိသေးသလားတဲ့၊ ဒီအမေးက ပညတ်နှင့် ပရမတ် ရောပြွမ်းနေလို့ အမေးလွယ်သလောက် အဖြေရခက်တယ်၊ ဥပမာ ယခု ထင်ရှားရှိနေတဲ့လူဟာ ငယ်ရွယ်စဉ် ပုခက်တွင်းက ကလေးဟုတ်သလားလို့ မေးခဲ့လျှင် ပရမတ္ထနည်းနှင့်ဆိုလျှင် အလုံးစုံသော ရုပ်တရား, နာမ်တရားတွေဟာ တစ်ခဏမျှ တည်တံ့မှု မရှိဘဲ ယခုဖြစ် ယခုပျက်သွားတာမို့ ယခု ထင်ရှားရှိတဲ့လူဟာ ပုခက်တွင်းကလူ မဟုတ်ဘူးလို့ ဖြေရမှာပဲ၊ သို့သော် ပုခက်တွင်းက သူငယ်ဟာ ကံ, စိတ်, ဥတု, အာဟာရ စတဲ့ အကြောင်းကိုမှီပြီး တဖြည်းဖြည်း ရင့်ကျက်လာတာမို့ ပညတ်နည်းနှင့်ပြော

http://www.dhammadownload.com



ရင်ချင်း ပုခက်တွင်းက သူငယ်ဟာလည်း ဒီလူပဲဖြစ်တယ်၊ ဒီလူဟာလည်း ပုခက်တွင်းက လူပဲဖြစ်တယ်လို့ ဖြေဆိုရလိမ့်မယ်၊ အဲဒီ ဥပမာအတိုင်း ယခု တည်ရှိတဲ့ မဟာဗောဓိပင်ဟာ မူလ မဟာဗောဓိပင်ရဲ့ အမြစ်အခက်များက အတက်ပေါက် ဖြစ်ပေါ်လာတာမို့ မူလ ဗောဓိပင်လို့ပင် ဖြေဆိုရလိမ့်မယ်၊ သို့သော် ပရမတ်အနေနှင့် ဖြေရလျှင်တော့ ဒီမဟာဗောဓိပင်ဟာ အကြိမ်ကြိမ် အဖျက်အဆီးခံခဲ့ရလို့ မူလဗောဓိပင် မဟုတ်တော့ဘူးလို့ ဖြေဆိုရမှာပဲကွယ်"

"မှန်ပါ၊ အကြိမ်ကြိမ် အဖျက်အဆီးခံခဲ့ရတဲ့အကြောင်း အမိန့်ရှိပါဦး ဘုရား"

"အဖျက်အဆီး ခံရတာနှင့် ဆက်စပ်ပြီး ဗောဓိပင်ရဲ့ တည်နေပုံကို အိန္ဒိယကြေးမုံကျမ်းကြီးက ထုတ်နုတ်ပြောပြဦးမယ်၊ အိန္ဒိယကြေးမုံကျမ်းဟာ ၁၂၉၆-ခုနှစ်၊ တပေါင်းလမှာ ရိုက်တာဆိုတော့ အခု ၁၃၅၈-ခုနှစ်မှာ နှစ်ပေါင်း ၆၂-နှစ် ရှိသွားပြီ၊ နှစ်ပေါင်း ၆၂-နှစ်ဆိုတော့ အခြေအနေတွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲကုန်မှာကတော့ သေချာတယ်ကွယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀-ကျော်တုန်းက ဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာ မြေမျက်နှာဟာ ချောက်ကမ်းပါးကြီးလို စောက်နက်ပြီး လေးဘက်ပတ်လည် ကုန်းမြင့်ကြီး ဖြစ်နေသတဲ့၊ အနောက်ဘက် မဟာရံတံတိုင်း ၁၂၃-ပေရှိသတဲ့၊ အရှေ့ဘက် မဟာရံတံတိုင်း ၂၂၂-ပေ၊ တောင်ဘက် မဟာရံတံတိုင်း ၁၈၇-ပေ၊ မြောက်ဘက် မဟာရံတံတိုင်း ၁၈၇-ပေ ရှိသတဲ့၊ အဲဒီ မဟာရံတံတိုင်းအတွင်းမှာ မဟာဗောဓိပင်၊ ပလ္လင်တော်၊ အချို့သော သတ္တဋ္ဌာန စေတီကြီးငယ်များ ရှိသတဲ့။

မဟာဗောဓိပင်ကို ဘေးပတ်လည် ကုန်းကြီးက ဘာလို့ ခံထားတာလဲ၊ မဟာရံတံတိုင်းတွေက ဘာလို့ ကာရံထားတာလဲဆိုတာနှင့် ပတ်သက်လို့ အိန္ဒိယ ကြေးမုံကျမ်းကြီးမှာ ဘယ်လိုရေးထားသလဲဆိုတော့ ပါဠလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးဟာ ဗုဒ္ဓဘာသာဝင် မဖြစ်မီက စစ်သည်တော် အပေါင်းနှင့် လာရောက်ပြီး မဟာဗောဓိပင်ကို အမြစ်ရင်းက ခုတ်ဖြတ်စေသတဲ့၊ ကျန်တဲ့ ဗောဓိပင် အငုတ်ကိုလည်း ပုဏ္ဏားတစ်ယောက်ကို မီးအတိုက် ခိုင်းသတဲ့၊ ပုဏ္ဏားကလည်း မင်းကြီးရဲ့အမိန့်အတိုင်း သစ်ငုတ်ကို မီးတိုက် ဖျက်ဆီးလိုက်တယ်၊ နောက်တစ်နေ့ မိုးလင်းတော့ ပုဏ္ဏားက မီးတိုက်ထားတဲ့ ဗောဓိပင်ငုတ်ရဲ့ အခြေအနေကို သွားကြည့်လိုက်တော့ အဲဒီဗောဓိပင်နေရာမှာ

http://www.dhammadownload.com



မူလအပင်ထက် သာလွန်တင့်တယ်တဲ့ ဗောဓိပင်ပျို ပေါက်နေတာကို မြင်တွေ့ရသတဲ့၊ ဒီအကြောင်းကို သီရိဓမ္မာသောကမင်းကြီးထံ လျှောက်ထားတော့ မင်းကြီးဟာ နှောင်တ ပူပန်ခြင်းဖြစ်ပြီး ဗောဓိပင်ကို မပြတ် လာရောက် ပြုစုသတဲ့ကွယ်။

ဒီအခါ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ မိဖုရားကြီးက လျှို့ဝှက်တဲ့အကြံ အစည်နှင့် မင်းကြီးမရှိခိုက် မဟာဗောဓိပင်ကို အဖြတ်ခိုင်းပြန်သတဲ့၊ အသောက မင်းကြီး ဗောဓိပင်ကို သွားရောက်ဖူးတဲ့အခါ ဗောဓိပင် ခုတ်လှဲထားတာကို တွေ့ရလို့ ဗောဓိပင်ငုတ်ကို နွားနို့တို့ဖြင့် သွန်းလောင်း အဓိဋ္ဌာန်တဲ့အခါမှ အမြစ်ရင်းက ပင်စည်ထွက်လာပြီး ပြန်ပေါက်လာသတဲ့၊ ဗောဓိပင်ရဲ့အံ့ဖွယ် သရဲကိုမြင်လို့ ကြည်ညိုတဲ့အတွက် အရပ်လေးမျက်နှာက အုတ်တံတိုင်းများကို ကာရံထားခြင်း ဖြစ်သတဲ့။

အဲဒီနောက် သျှသျှက်မင်းလက်ထက် မဟာဗောဓိပင်ကို ရေဝါတိုင် အောင် တူးစေသတဲ့၊ ရေဝါသာ ထိတယ်၊ ဗောဓိပင်မြစ်ရဲ့ ဆုံးရာဌာနကို မတွေ့ရဘူးတဲ၊ ဒီသတင်းကို အသောကနွယ်ဝင် "ပူရဏဝရမာ"ကြားတော့ စိတ်နှလုံး မချမ်းမသာဖြစ်ပြီး ပျက်စီးနေတဲ့ မဟာဗောဓိပင်ရှိရာ လာရောက် ကာ နွားမတစ်ထောင်က ညှစ်ရသမျှ နို့ရည်များဖြင့် ဗောဓိပင်ရှိရာကို သွန်း လောင်းတဲ့အခါ တစ်ညဉ့်တည်း ၁၀-ပေခန့်ရှိတဲ့ ဗောဓိပင်ငယ် ပေါက်လာ သဖြင့် နောင်အခါ ဘယ်သူမှ မဖျက်ဆီးနိုင်အောင် ၂၄-ပေ အမြင့်ရှိတဲ့ တံတိုင်းသစ် လေးဘက်ပတ်လည် ပြုလုပ်ခဲ့သတဲ့။

အခုပြောခဲ့တာက ပူယိင်သင်္ကျမ်းလာ စကားရပ်တို့ကို ယူပြီး အိန္ဒိယ ကြေးမုံကျမ်းက ပြဆိုခဲ့တဲ့ စကားရပ် ဖြစ်တယ်ကွယ့်"

"တပည့်တော် ကြားဖူးတာက တစ်မျိုးဖြစ်နေတယ်ဘုရာ့"

"ဘယ်လို ကြားဖူးတာလဲ၊ ဆိုစမ်းပါဦး"

"မဟာဗောဓိပင်ကို သီရိဓမ္မာသောကမင်းကြီးရဲ့ မိဖုရားက အဆိပ် ရှိတဲ့ ဖားရိုးနှင့် ထိုးသတ်စေတယ်လို့ ကြားဖူးတယ်ဘုရား"

"သီရိဓမ္မာသောကမင်းကြီးရဲ့ မိဖုရား တိဿရက္ခာ ဖားရိုးနဲ့ထိုးသတ်စေ တဲ့ ဗောဓိက မူလမဟာဗောဓိ မဟုတ်ပါဘူး၊ မဟာဗောဓိပင်က မျိုးစေ့ယူပြီး

http://www.dhammadownload.com



သိရိဓမ္မာသောကမင်းကြီး စိုက်ပျိုးတဲ့ ပါဋလိပုတ်ပြည်က ဗောဓိပင်လို့ မဟာဝင်ကျမ်းမှာ ပြထားပါတယ်ကွယ့်"

"ဒီလိုဆို ယခုရှိနေတဲ့ မဟာဗောဓိပင်ဟာ ထိုစဉ်က ပေါက်လာတဲ့ မဟာဗောဓိပဲပေါ့ဘုရား၊ ဒီ အကြားမှာ ဘယ်လို အနှောင့်အယှက်များ ရှိနေပါသေးသလဲဘုရား"

"အနှောင့်အယှက်ရှိဆို အိန္ဒိယမှာ ဗုဒ္ဓသာသနာတော် ကွယ်သွားပြီးတဲ့နောက် မဟာဗောဓိပင်ဟာ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ မဟန့်ဂီရိဆိုသူရဲ့ လက်ထဲရောက်သွားတယ်၊ မဟန့်လက်ထဲ မရောက်မီ ၁၈၇၅–ခုနှစ်က ဗောဓိပင်ဟာ အိုမင်းပြီး ယိုယွင်းလာခဲ့သတဲ့၊ ခရစ်နှစ် ၁၈၇၆–ခုနှစ် လေမုန်တိုင်းဒဏ်ကြောင့် မဟာဗောဓိပင်ကြီး လဲပြိုသွားသတဲ့၊ အဲဒီ လဲပြိုသွားတဲ့နေရာက ယခုရှိတဲ့ မဟာဗောဓိပင် ပေါက်လာပြန်သတဲ့၊ ဒီအကြောင်းကို ဒေါက်တာရာဂျင်ဒြာလာလ်မိတြက ဗုဒ္ဓဂယာခေါ်တဲ့ စာအုပ်မှာ ဒီလို ရေးထားတယ်။

အလွန် အိုမင်းလှပြီဖြစ်၍ အချို့ ခန်းခြောက်နေသော ဗောဓိပင်ကြီးသည် မိမိရောက်ခဲ့သော ၁၈၈၇–ခုနှစ်က လေမုန်တိုင်းကြောင့် လဲပါသွားသည်၊ ထိုအခါ ဟိန္ဒူတို့က မဟာဗောဓိပင်မှ အကိုင်းကြီး တစ်ကိုင်းကို စေတီတော်၏မြောက်ဘက် ပေ ၈၀–ခန့်အကွာတွင် ပြန်လည် စိုက်ပျိုးထားသည်ကို တွေ့ရသေး၏၊ ဒါက ဒေါက်တာရာဂျင်ဒြာလာလ်မိတြရဲ့ ရေးသားချက်ပါ။

"မဟာဗောဓိပင် မဟန့်ရဲ့လက်ထဲ ရောက်ပုံကိုလည်း အမိန့်ရှိပါဦးဘုရား"

"အဲဒီအကြောင်းကို မာတင်ရေးတဲ့ အရှေ့အိန္ဒိယခေါ်တဲ့ စာအုပ်က ထုတ်နုတ်ပြီး အကျဉ်းချုပ်ပြောပြမယ်"

"အိန္ဒိယပြည်ကြီးဟာ မူဆလင်တို့ရဲ့ လက်အောက် ကျရောက်ပြီးတဲ့နောက် မောင်ဂိုမင်းများဟာ ဒေလီမြို့ကြီးကို ၁၃–ဆက်တိုင်အောင် အုပ်ချုပ်ခဲ့ကြသတဲ့၊ မဟန့်တို့ ဘိုးဘေးများဟာ မဟာဗောဓိပင်ပါဝင်တဲ့ တာရာဒီရွာကို ခရစ် ၁၇၂၇–ခုနှစ်က ဒေလီဘုရင် မိုဟာမက်ရှားထံက အပိုင်စားရခဲ့သတဲ့၊ အဲဒီခေတ်က မဟာဗောဓိ စေတီတော်ကြီးရဲ့ အောက်ပိုင်းဟာ

http://www.dhammadownload.com



မြေထဲ နစ်မြုပ်နေတယ်၊ ပြုပြင်စောင့်ရှောက်မည့်သူ မရှိသေးဘူးတဲ့၊ မဟန့်ဟာ သူ့ဘြေး သူ့ဘိုးများရဲ့ အမွေအဖြစ်နှင့် မဟာဗောဓိကို အပိုင်ရထားခြင်း ဖြစ်သတဲ့။

နောက်တော့ သီဟိုဠ်အမျိုးသား ဓမ္မပါလဆိုတဲ့ ဒါယကာက ကမ္ဘာပေါ်မှာ ဘာသာအသီးသီး ရှိကြတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ ဘာသာအလိုက် အထွတ်အမြတ်ထားကြတဲ့ နေရာတွေကို ဘာသာဝင်များကသာ ပိုင်ဆိုင်ကြတယ်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွတ်အမြတ် မဟာဗောဓိကိုလည်း ဗုဒ္ဓဘာသာဝင်များကသာ ပိုင်ဆိုင်သင့်တယ်လို့ အရေးဆိုခဲ့တဲ့အတွက် တရွေ့ရွေ့ တဖြည်းဖြည်း ဗုဒ္ဓဘာသာဝင်တို့လက်ထဲ ရောက်လာသတဲ့ကွယ်။

"ဒီလိုဆိုတော့ ယခုရှိနေတဲ့ မဟာဗောဓိပင်ဟာ ဘုရားရှင်နှင့် ဖွားဖက်တော် မဟာဗောဓိပင်အစစ်လို့ မဆိုနိုင်သည့်တိုင်အောင် မဟာဗောဓိပင်က အတက်ပေါက် ရှင်သန်လာခဲ့တဲ့အတွက် မူလ မဟာဗောဓိပင်လို့ပဲ ဆိုသင့်တာပေါ့ဘုရား"

"ဟုတ်တယ် ဆိုသင့်တာပေါ့"

"ဆိုသင့်ခဲ့လျှင် ယခု မဟာဗောဓိပင်ဟာ သီလိုဠ်မှတစ်ဆင့် ပင်ပွားယူပြီး စိုက်ထားတာ မဟုတ်၊ မူလပင်မကြီးသာ ဖြစ်တဲ့အတွက် အာနန္ဒာဗောဓိ၊ သီဟိုဠ်ဗောဓိတို့ထက် သက်တော် အကြီးရင့်ဆုံးဖြစ်ကြောင်း အဖြေပေးသင့်တော့တာပေါ့ဘုရား"

"ဟုတ်တယ်၊ အဲဒီလိုသာ အဖြေပေးလိုက်ပေတော့"

"သာဓု... သာဓု... သာဓု"

❋ ❋ ❋

http://www.dhammadownload.com



# ပဏ္ဏာကျက်ပြဿနာ

"ဟောဒီ လျှောက်ထားစာက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နန္ဒဝန် လမ်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်က ရှင်ပညာသိပ္ပ မေးလျှောက်တဲ့စာပါဘုရား"

"ဆိုစမ်းပါဦး၊ ရှင်ပညာသိပ္ပက ဘာတွေများ လျှောက်ထားပါလိမ့်"

"ရှင်ပညာသိပ္ပ လျှောက်ထားတာက–

(၁) ပဏ္ဏာကျက်ဆိုတာ ဘာလဲ၊

(၂) ပဏ္ဏာကျက်အမျိုးအစား ဘယ်လောက်ရှိသလဲ၊

(၃) ပဏ္ဏာကျက်အားလုံး ရဟန်းမပြုကောင်းဘူးလား၊

(၄) ပဏ္ဏာကျက်ကို ဘာကြောင့် ရဟန်းပြုခွင့် မပေးတာလဲဆိုတဲ့ မေးခွန်း လေးချက် ဖြစ်ပါတယ်ဘုရား။

## ပဏ္ဏာကျက်ဆိုတာ

ပဏ္ဏာကျက်ဆိုတာ (ပဏ္ဍက)ဆိုတဲ့ ပါဠိကို မြန်မာလို ပဏ္ဏာကျက်လို့ လွယ် လွယ်အနက်ပြန်ထားတာဖြစ်တယ်၊ ပဏ္ဍကဆိုတာကို သဒ္ဒါဘက်က ကြည့်လိုက် လျှင် ပဍိဓာတ်ဏ္ဍုပစ္စည်း အကပြုထားတာကို တွေ့ရတယ်၊ ပဍိဓာတ်က လိင်္ဂဝေကလ္လေ လိင်အသွင်ချို့တဲ့ခြင်း ဆိုတဲ့ အနက်ကိုဟောတယ်၊ ဒီပုဂ္ဂိုလ် ဟာ လိင်ချို့တဲ့နေတယ်တဲ့၊ ဒါကြောင့် ပဏ္ဏာကျက်လို့ ခေါ်ဆိုတာတဲ့ကွယ့်။

တစ်နည်းအားဖြင့် ပဍိဓာတ်က ကုစ္ဆိတအနက်ကိုလည်း ဟောတယ်၊ ကုစ္ဆိတအနက်ကိုဟောလျှင် **"ပဍိကုစ္ဆိတံ ကရောတီတိ ပဏ္ဍကော"**လို့

http://www.dhammadownload.com



ဝိဂြိုဟ်လုပ်ရလိမ့်မယ်၊ အနက်ကတော့ **ပဋိကုဋ္ဌိတံ**– စက်ဆုပ်ဖွယ်ကို၊ **ကရော တိ**– ပြုတတ်၏၊ **ဣတိတသ္မာ**– ထို့ကြောင့်၊ **ပဋ္ဌာကော**– ပဋ္ဌာက်မည်၏တဲ့၊ ဒီဝိဂြိုဟ်အရဆိုလျှင် စက်ဆုပ်ရွံရှာဖွယ် အပြုအမူကို ပြုတတ်လို့ ပဋ္ဌာက် ခေါ်တာတဲ့ကွယ်၊ ဘယ်လို စက်ဆုပ်ဖွယ်အမှု ပြုတတ်တယ်ဆိုတာကိုတော့ ပြဿနာ ၄–အဖြေကျမှ သိရမှာပေါ့ကွယ်။

## ပဋ္ဌာက်အမျိုးအစား

ပဋ္ဌာက်အမျိုးအစား ဘယ်လောက်ရှိသလဲဆိုတဲ့ ဒုတိယအမေးရဲ့ အဖြေကတော့ ပဋ္ဌာက် ၅–မျိုးရှိတယ်လို့ ဖြေရမှာပဲ။

(၁) အာသိတ္တ ပဋ္ဌာက်၊ (၂) ဥဿုယ ပဋ္ဌာက်၊ (၃) ဩပက္ကမိက ပဋ္ဌာက်၊ (၄) ပက္ခပဋ္ဌာက်၊ (၅) နပုံသက ပဋ္ဌာက်တို့ ဖြစ်ကြတယ်။

**အာသိတ္တပဋ္ဌာက်**ဆိုတာ သူတစ်ပါးရဲ့ အင်္ဂါဇာတ်ကို ပါးစပ်ဖြင့် သုက်သွေး စုပ်ယူရမှ ကိလေသာ ပူပန်ခြင်းငြိမ်းတဲ့ ပဋ္ဌာက်မျိုး ဖြစ်တယ်။

**ဥဿုယပဋ္ဌာက်**ဆိုတာ သူတစ်ပါး မှိုဝဲ ပေါင်းဖော်နေတာကို ချောင်း မြောင်းကြည့်ရမှ ကိလေသာ ပူပန်ခြင်း ငြိမ်းအေးတဲ့ပဋ္ဌာက်မျိုး ဖြစ်တယ်။

**ဩပက္ကမိကပဋ္ဌာက်**ဆိုတာ ဝှေးစေ့ကို သင်းကွပ် ထုတ်ပစ်ထားတဲ့ ပဋ္ဌာက်မျိုးဖြစ်တယ်။

**ပက္ခပဋ္ဌာက်**ဆိုတာ အကုသိုလ် ဝိပါက်အာနုဘော်ကြောင့် လဆုတ် ပက္ခတ်မှာ ကိလေသာ ထကြွသောင်းကျန်းတဲ့ ပဋ္ဌာက်ဖြစ်တယ်၊ လဆန်းပက္ခ ကျတော့ ကိလေသာ ငြိမ်းအေးသွားတယ်၊ အဲဒီ ပဋ္ဌာက်ကို ပက္ခပဋ္ဌာက်လို့ ခေါ်တယ်။

**နပုံသကပဋ္ဌာက်**ဆိုတာ မိန်းမအင်္ဂါဇာတ် ယောကျ်ားအင်္ဂါဇာတ် နှစ်ပါးလုံး ထင်ထင်ရှားရှား မပါတဲ့ ပဋ္ဌာက်ဖြစ်တယ်။

အားလုံး ပဋ္ဌာက်အမျိုးအစား ငါးမျိုးပေါ့ကွယ်"

## ရဟန်းပြုကောင်း မပြုကောင်း

"တတိယအမေးက ပဋ္ဌာက်အားလုံး ရဟန်း မပြုကောင်းဘူးလားတဲ့ ဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ် ဘုရား"

"ပဏ္ဍုက် ငါးမျိုးရှိပေမယ့် ပဏ္ဍုက်အားလုံး ရဟန်းအဖြစ် မတားမြစ်ပါဘူး၊ အာသိတ္တပဏ္ဍုက်နှင့် ဥဿုယပဏ္ဍုက်မျိုးက ကိလေသာ ပူပန်မှု အားကြီးသော်လည်း ကိုယ့်ကိလေသာကို ကိုယ်နိုင်အောင် တားဆီးနိုင်ကြတယ်၊ ဒါကြောင့် အဲဒီပဏ္ဍုက်နှစ်မျိုးကို ရှင်ရဟန်း ပြုပေးအပ်တယ်၊ ပက္ခပဏ္ဍုက်ကလည်း ကိလေသာ ဖိစီးမှုဒဏ်ကို မခံနိုင်တဲ့ ပက္ခမှာ ရှင်, ရဟန်း မပြုအပ်ဘူး၊ ကိလေသာ ငြိမ်းအေးတဲ့ပက္ခမှာတော့ ရှင်,ရဟန်း ပြုပေးအပ်တယ်၊ ဒါကြောင့် ပဏ္ဍုက်ငါးမျိုးမှာ ရှင်ရဟန်း မပြုအပ်တဲ့ ပဏ္ဍုက်က နှစ်ယောက်ခွဲနှင့် ရှင်ရဟန်းပြုအပ်တဲ့ ပဏ္ဍုက်က နှစ်ယောက်ခွဲ ရှိတယ်လို့ မှတ်သင့်တယ်"

## ပဏ္ဍုက် ရဟန်းမပြုရခြင်းအကြောင်း

"စတုတ္ထအမေးက ပဏ္ဍုက်ကို ဘာကြောင့် ရဟန်းပြုခွင့် မပေးတာလဲတဲ့၊ ဒီအမေးကတော့ ဝိနည်း မဟာဝဂ်၊ မဟာခန္ဓက၊ ပဏ္ဍကဝတ္ထုနှင့် အဖြေပေးပြီးဖြစ်တယ်၊ ပဏ္ဍကဝတ္ထုမှာ ဆိုတာက ပဏ္ဍုက်တစ်ယောက်ဟာ ရဟန်းများထံမှာ ရှင်ရဟန်းပြုသတဲ့၊ ရှင်ရဟန်း ဖြစ်ပြီးတဲ့နောက် မအောင့်နိုင်အောင် ရာဂတရား ထကြွလာသတဲ့၊ ဒါကြောင့် ရဟန်းငယ်များရှိရာကပ်ပြီး "အရှင်ဘုရားတို့၊ တပည့်တော်ကို ပေါင်းဖော်ဖျက်ဆီးပေးကြပါ"လို့ ပြောသတဲ့၊ ရဟန်းငယ်များက "နင်ဟာ ပဏ္ဍုက်ပဲ၊ သွား ဒီကို မလာနဲ့" လို့ မောင်းထုတ်လိုက်ကြတော့ သာမဏေကြီးများရှိရာသွားပြီး သူ့ကို ဖျက်ဆီး ခိုင်းပြန်သတဲ့၊ သာမဏေကြီးများက မောင်းလွှတ်လိုက်ပြန်တော့ ဆင်ထိန်း၊ မြင်းထိန်းများထံ သွားပြီး သူ့ကို အဖျက်ဆီးခိုင်းပြန်သတဲ့၊ အဲဒီမှာ ဆင်ထိန်း၊ မြင်းထိန်းတွေက သူ့ကို ပေါင်းဖော် ဖျက်ဆီးပစ်ကြတာပေါ့၊ ဖျက်ဆီးပစ်ကြပြီးတော့ တိတ်တိတ်မနေကြဘူး၊ ပဏ္ဍုက်ရဟန်းတွေကို ပဏ္ဍုက်မဟုတ်တဲ့ ရဟန်းများက ဖျက်ဆီးကြတယ်၊ အားလုံး မမြတ်တဲ့အကျင့်ကို ကျင့်ကြတယ်လို့ ကဲ့ရဲ့ရှုတ်ချကြသတဲ့၊ ဆင်ထိန်း၊ မြင်းထိန်းတို့ရဲ့ ကဲရဲ့စကားကို ကြားလို့ ရဟန်းများက ဘုရားသခင်ကို လျှောက်ထားကြတယ်၊ ရဟန်းများက လျှောက်ထားတဲ့အတွက် "ရဟန်းမဖြစ်သေးတဲ့ ပဏ္ဍုက်ကို ရဟန်းခံမပေးရ၊ ရဟန်းခံပြီးတဲ့ ပဏ္ဍုက်ကို ရဟန်းဘဝက ဖျက်ဆီးရမယ်"လို့

http://www.dhammadownload.com



ပညတ်ချက် ထုတ်တော်မူရတယ်၊ ဒီပညတ်ချက်ကို ထောက်လျှင် ဘာ့ကြောင့် ပဏ္ဍုက်ကို ရဟန်းမခံအပ်တယ်ဆိုတာ သိသာပါတယ်။

ဒီအဖြေမှာ မသိသာတဲ့ အနက်အဓိပ္ပာယ်ကလေးတွေ ကျန်နေသေးတယ်၊ ပဏ္ဍုက်ဟာ တိရစ္ဆာန်များလို ဖြစ်ပေါ်လာတဲ့ရာဂကို မတားနိုင်ဘူး၊ ဘာကြောင့် မတားနိုင်တာလဲဆိုတော့ အဟိတ်ပဋိသန္ဓေ တည်နေတဲ့ပုဂ္ဂိုလ်ဖြစ်လို့တဲ့ကွယ်၊ ပုဂ္ဂိုလ် ၁၂-ယောက်အတွင်းမှာ ပဏ္ဍုက်ကို သုဂတိအဟိတ်ပုဂ္ဂိုလ်လို့ မှတ်ပါတဲ့၊ တိရစ္ဆာန်ကို ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်လို့ မှတ်ပါတဲ့၊ တိရစ္ဆာန်က အဟိတ်စိတ်ထဲက အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် ပဋိသန္ဓေ တည်နေတယ်၊ ဒါကြောင့် တိရစ္ဆာန်နှင့် ပဏ္ဍုက်ဟာ အဟိတ်ပဋိသန္ဓေချင်းတူတယ်၊ ဖြစ်ပေါ်လာတဲ့ ရာဂကို ဖြေဖျောက်ခြင်းငှာ မစွမ်းနိုင်ဘူး။

ပဏ္ဍုက်ကို ရဟန်းသာ မပြုပေးကောင်းတာ မဟုတ်ဘူး၊ ရှင်သာမဏေလည်း မပြုပေးကောင်းဘူး၊ ဒီအကြောင်းကို မာဟာဝဂ်အဋ္ဌကထာ ၂၉၇-မှာ **"ယဿ စေတ္ထ ပဗ္ဗဇ္ဇာ ဝါရိတာ"**လို့ ပြထားပြီး ဖြစ်တယ်ကွယ့်။

အထူးကတော့ ဝေးစေ့ အထုတ်ခံရတဲ့ ဩပက္ကမိက ပဏ္ဍုက်ပဲကွယ့်၊ ဩပက္ကမိက ပဏ္ဍုက်အကြောင်း သိကောင်းဖွယ်ရာများကို ဝိနယသာရတ္ထဲကျမ်းက ထုတ်နုတ်ဖော်ပြဦးမယ်။

## ဝိနယသာရတ္ထဲကျမ်း ၂၈၄-အဆို

ဩပက္ကမိက ပဏ္ဍုက်၌ **"ယဿ ဥပက္ကမေန ဗီဇာနိ အပနီတာနိ အယံ ဩပက္ကမိက ပဏ္ဍကော"** ဟူသောကြောင့် နိမိတ်မျှကိုသာ ပယ်၍ ဝေးစေ့တို့ကို မပယ်သော် ပဏ္ဍုက်မဟုတ်၊ ရဟန်းအားလည်း အနာဟူသော အကြောင်းမရှိဘဲ နိမိတ်ကိုပယ်သော် ထုလ္လစ္စည်း အာပတ်သင့်၏၊ ပဏ္ဍုက်အဖြစ်သို့ကား မရောက်၊ ဝေးစေ့ကို ထုတ်အပ်ကုန်သည် ရှိသော်ကား ရာဂကြောင့် အင်္ဂါဇာတ် ခိုင်ခြင်းလည်း မရှိပြီ၊ ယောက်ျားအဖြစ်သည်လည်း ရွေ့၏၊ မုတ်ဆိတ်စသော ယောက်ျား၏အသွင်သည်လည်းကောင်း၊ ပဋ္ဌင်းအဖြစ်သည်လည်းကောင်း ရွေ့၏၊ နပုံးပဏ္ဍုက်ကဲ့သို့ ကိလေသာ ပူပန်ခြင်း

http://www.dhammadownload.com



သည် ဖြစ်နိုင်ခဲသော လွန်ကျူးခြင်းရှိ၏၊ ထို့ကြောင့် ဤသို့ သဘောရှိသော သူကို ပဋ္ဌင်းခံပြီးသော်လည်း ဖျက်ဆီးအပ်၏ဟု ဆရာတို့ မိန့်ကုန်၏။

ကေစိတို့ကား ထိုသို့သော ဗီဇကို ထုတ်ရာ၌ အဘယ့်ကြောင့် ပါရာဇိကကို ဘုရား ပညတ်တော် မမူသနည်းဟူ၍ စကား၌ အပြစ်ကို ဆိုကုန်၏၊ ထိုကေစိတို့၏စကားကို **"ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"**ဟူသော ပါဠိဖြင့် ပယ်အပ်၏။

အညေတို့ကား ဗီဇကို ထုတ်သောခဏ၌ ပဏ္ဍုက်မဖြစ်၊ ထို့ကြောင့် ထိုခဏ၌ ပါရာဇိကကို ပညတ်တော်မမူ၊ အကြင်ကြောင့်ကား ထိုထုတ်အပ်သော ဗီဇရှိသော ရဟန်းသည် နောက်အခါ၌ ဆိုအပ်ပြီးသောနည်းဖြင့် ပဏ္ဍုက်၏အဖြစ်သို့ ရောက်၏၊ သောမရှိရကား ပဋ္ဌင်းဖြစ်ခြင်း၏ အကြောင်း မဟုတ်သည်ဖြစ်၍ ပဋ္ဌင်းအဖြစ်မှ ရွေ့၏၊ ထို့ကြောင့် ပဏ္ဍုက်အဖြစ်သို့ ရောက်သောကာလမှစ၍ နပုံးပဏ္ဍုက်နှင့်တူသည်၏အဖြစ်ဖြင့် "ဥပသမ္ပန္နော နာသေတဗ္ဗော"ဟု အဘဗ္ဗအဖြစ်ကို ဟောတော်မမူ၊ ဤသြပက္ကမိက ပဏ္ဍုက်သည် သဟိတ်ပဋိသန္ဓေနေသော်လည်း သောကုန်သဖြင့် အဟိတ်နှင့်တူသောကြောင့် ထိုပဏ္ဍုက်အား မဂ်လည်း မဖြစ်ဟူကုန်၏။

အပရေတို့ကား ရဟန်းပြုသည်မှ ရှေး၌ လုံ့လဖြင့် ဇေးစေ့ကို ထုတ်သဖြင့် ပဏ္ဍုက်၏အဖြစ်သို့ ရောက်သောသူကိုသာရည်၍ "ဥပသမ္ပန္နော နာသေတဗ္ဗော"ဟု ဟောတော်မူသည်၊ ပဋ္ဌင်းဖြစ်သည်မှ နောက်ကာလ၌ လုံ့လဖြင့် ဇေးစေ့ကို ထုတ်သောရဟန်းအား ပဋ္ဌင်းအဖြစ်သည် မပြစ်ဟူကုန်၏၊ မသင့်အနေတည်း၊ အဘယ့်ကြောင့်နည်း ဟူမူကား ရဟန်းပြုသည်မှ ရှေး၌ လုံ့လဖြင့် ဇေးစေ့ကို ထုတ်သောသူအား အဘဗ္ဗဖြစ်သကဲ့သို့ ပဋ္ဌင်းဖြစ်သည်မှ နောက်၌ ဇေးစေ့ကို ထုတ်သောသူအားလည်း အဘဗ္ဗဖြစ်ကောင်းသောကြောင့်တည်း၊ အင်္ဂုတ္တရဋ္ဌကထာ ဝတ္ထုအဖွင့်၌လည်း ဝိမတိ ဝိနောဒနီ ဋီကာရှင် ဤအတူပင် မိန့်၏။

**"ယော ပန ပဋိသန္ဓိယံ ယေဝ အဘာဝကော ဥပ္ပန္နော၊ အယံ နပုံသကပဏ္ဍကော"**ဟူသောကြောင့် ပဋိသန္ဓေ၌ပင် ဣတ္ထိဘော ပုမ္ဘော နှစ်ပါး မရှိသော ပဏ္ဍုက်ကိုသာ နပုံးပဏ္ဍုက်ဟု သိအပ်၏၊ တေသု အာသိတ္တပဏ္ဍက

http://www.dhammadownload.com



သသ စ ဥဿုယပဏ္ဏကဿ စ ပဗ္ဗဇ္ဇာ န ဝါရိတာဋ္ဌ၊ ပဗ္ဗဇ္ဇာသဒ္ဒါဖြင့် ပဋ္ဌင်းကိုလည်း ယူအပ်၏၊ ထို့ကြောင့် ယဿ စေတ္ထ ပဗ္ဗဇ္ဇာ ဝါရိတာ စသည်ကို မိန့်သတည်း။

ပက္ခပဏ္ဍကဿ ယသ္မိံ ပက္ခေ ပဏ္ဍကော ဟောတိ၊ တသ္မိံ ယေဝ ပက္ခေ ပဗ္ဗဇ္ဇာ ဝါရိတာဋ္ဌ အပဏ္ဍကပက္ခဋ္ဌ ရှင်အဖြစ်မျှကိုရ၏၊ ပဋ္ဌင်းအဖြစ်သည်ကား ထို အပဏ္ဍကပက္ခဋ္ဌလည်း မအပ်၊ ပဏ္ဍက အဆိုးသို့ ရောက်သောကာလဋ္ဌကား အသွင်ကို ဖျက်ဆီးခြင်းဖြင့် ဖျက်ဆီးအပ်၏။

"တသ္မိံ ယေဝ ပက္ခေ ပဗ္ဗဇ္ဇာ ဝါရိတာတိ ဧတ္ထ အပဏ္ဍက ပက္ခေ ပဗ္ဗာဇေတွာ ပဏ္ဍကပက္ခေ နာသေတဗ္ဗော"ဟု ဂဏ္ဌိရှင်တို့ မိန့်အပ်သောစကားကို ထောက်ပါ၊ ကေစိတို့ကား အပဏ္ဍကပက္ခဋ္ဌ ရှင်ပြုအပ်သောသူသည် ကိလေသာကုန်ခြင်းသို့ရောက်အံ့၊ မဖျက်ဆီးအပ်ဟူကုန်၏၊ မသင့်အနေတည်း၊ အဘယ့်ကြောင့်နည်းဟူမူကား အဘိဓမ္မာ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့်တည်း။

ယခု ပြောခဲ့တာတွေက ဝိနယသာရဂဏ္ဌိကျမ်းကလာတဲ့ စကားရပ်များ မှတ်သားလိုက်နာဖွယ် ကောင်းတဲ့အတွက် ထုတ်နုတ်ပြောပြခဲ့ခြင်း ဖြစ်တယ်၊ ဒီစကားရပ်မှာပါတဲ့ "ဧကေ၊ အပရေ၊ ကေစိ"ဆိုတာကို–

"ကောအတူ၊ ပရေမူ၊ ယူလေအမြတ်သာ၊ ကေစိရှိကြား၊ အယုတ်ထား၊ ကျမ်းများထိုထိုမှာ"ဆိုတဲ့ နိယံအတိုင်း ဧကေဆိုလျှင် ကျမ်းပြုသူနှင့် ဉာဏ်ရည်တူ၊ အပရေဆိုလျှင် အမြတ်၊ ကေစိဆိုလျှင် အောက်တန်းစား ဆရာလို့ မှတ်ပါလို့ ဆိုလိုရင်းဖြစ်တယ်၊ ဒီလောက်ဆိုလျှင် ပဏ္ဍုက်ပြဿနာ ပြေလောက်ပါပြီနော်"

"မှန်ပါ၊ ပြေလောက်ပါပြီဘုရား"

"သာဓု... သာဓု... သာဓု"

***

http://www.dhammadownload.com



# ရှင်ဥပဂုတ် ရှိ မရှိ ပြဿနာ

"ဟောဒီစာက အောင်လံမြို့၊ မောင်ကောင်း (ခေါ်) မောင်ဇော်မင်း ထံက မေးလျှောက်တဲ့စာပါဘုရား"

"အင်း- အောင်လံဆိုတော့ ရှေးကမြေထဲပေါ့၊ ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်တော့ မြေထဲမြို့ကို မစ္စတာအာလန်ဆိုတဲ့ စစ်ဗိုလ်က ဦးစီးအုပ်ချုပ်သတဲ့၊ မစ္စတာအာလန် အုပ်ချုပ်တဲ့မြို့မို့ မြေထဲအမည်ရင်းက အာလန်မြို့လို့ နာမည်ပြောင်းခဲ့တယ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့ အာလံအမည်က အောင်လံမြို့လို့ ပြောင်းတယ်လို့ ကြားဖူးသကွယ့်၊ အခုစာက အောင်လံမြို့ မောင်ကောင်း(ခေါ်)မောင်ဇော်မင်းထံကပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ မောင်ကောင်း သိချင်တာက ဘာတဲ့လဲ"

"မောင်ကောင်းရေးထားတာက ဒီလိုပါဘုရား၊ တပည့်တော် စိတ်မရှင်းတာ မေးလျှောက်ခွင့်ပြုပါဘုရား၊ တပည့်တော်သည် ဘာသာရေး စာပေများ လေ့လာ လိုက်စားသူတစ်ယောက် ဖြစ်ပါတယ်ဘုရား၊ ဒါပေမယ့် ရှင်ဥပဂုတ် မထေရ် တကယ် ရှိ,မရှိကို ဇဝေဇဝါ ဖြစ်နေပါတယ်ဘုရား၊ တပည့်တော် လေ့လာမိသလောက်မှာ မရှိဖြစ်နေပါတယ် ဘုရား၊ ထို့ကြောင့် မရှိနှင့် အရှိ တိကျစွာ မိန့်ပါဘုရား၊ ဆရာတော်ဘုရား ကျန်းမာတော်မူပါစေ၊ မောင်ကောင်း (ဝါ) မောင်ဇော်မင်း၊ အောင်လံ (မြေထဲ)မြို့မရပ်၊ ကမ်းနားလမ်း၊ ဓမ္မာရုံ အနီး။

http://www.dhammadownload.com



အခုလျှောက်တဲ့စာက အောင်လံ မောင်ကောင်းထံက မေးလျှောက်ထားတဲ့ အမေးစာ ဖြစ်ပါတယ်ဘုရား”

“မြန်မာနိုင်ငံတော်အတွင်း ရှင်ဥပဂုတ်ကို ပွဲထုတ်တာက ရှေးဦးစွာ သေလေးပါး၊ ရှင်လေးပါး ဘုရားရှိခိုး ဖြစ်လိမ့်မယ် ထင်တယ်၊ ဘုရားရှိခိုးမှာ သေလေးပါးက–

(၁) ဝေဘာရတောင်မှာ အရှင်မဟာကဿပ၊

(၂) သုဘာသာရတောင်မှာ အရှင်ဥတ္တမ၊

(၃) ဝေမိဿကတောင်မှာ အရှင်ဓမ္မ၊

(၄) မကုဋ္ဌတောင်မှာ အရှင်ဥခေရ

တို့ရဲ့ ရုပ်ကလာပ်တော်များ တည်ရှိတယ်လို့ ဖော်ပြပြီး ရှင်လေးပါး ကျတော့–

(၁) တောင်သမုဒ္ဒရာမှာ အရှင်ဥပဂုတ္တ၊

(၂) အနောက်သမုဒ္ဒရာမှာ အရှင်ခေမရ၊

(၃) မြောက်သမုဒ္ဒရာမှာ အရှင်ဘဒ္ဒ၊

(၄) အရှေ့သမုဒ္ဒရာမှာ အရှင်ဓမ္မသာရ၊

ဒီအရှင်မြတ်ကြီး လေးပါးတို့ဟာ ယနေ့တိုင် အသက် ထင်ရှားရှိပြီး သမုဒ္ဒရာအလယ်မှာ စံပယ်တော်မူနေကြတယ်လို့ ဆိုထားတယ်၊ အသက် ထင်ရှားရှိတယ်ဆိုတဲ့ ထိုမထေရ်မြတ် လေးပါးအနက် ဇမ္ဗူဒိပ်တောင်ကျွန်း၊ တောင်သမုဒ္ဒရာက ငါတို့ရဲ့သမုဒ္ဒရာကိုး၊ ငါတို့သမုဒ္ဒရာအတွင်း ယနေ့အထိ အသက်ထင်ရှား ရှိနေတယ်ဆိုတဲ့ ရှင်ဥပဂုတ်ကို ငါတို့က အလွန် စိတ်ဝင်စား ကြတာပေါ့၊ အဲဒီလို စိတ်ဝင်စားနေဆဲမှာ ရွှေတောင်မြို့၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားက မဟာဝင်ဝတ္ထုမှာ ရှင်ဥပဂုတ်ရဲ့ တန်ခိုးအာနုဘော်များကို ဖော်ထုတ်ရေးသားလိုက်တော့ ဗုဒ္ဓဘာသာဝင် အများအပြား ရှင်ဥပဂုတ်မထေရ် အပေါ် စိတ်ညွတ်လာကြတယ်၊ ရှင်ဥပုဂုတ်အပေါ် လူထုစိတ်ဝင်စားမှန်းသိတော့ စာရေးဆရာများကလည်း ရှင်ဥပဂုတ်ရဲ့အကြောင်း အတ္ထုပ္ပတ္တိများကို ရေးသား ထုတ်ဝေခဲ့ကြတယ်။

ဒီလိုနှင့် မြန်မာနိုင်ငံမှာ ရှင်ဥပဂုတ်အကြောင်းဟာ တစ်စတစ်စ ကျယ်ပြန့်ပီပြင်လာခဲ့တယ်၊ ကျယ်ပြန့် ပီပြင်လာသလောက် ရှင်ဥပဂုတ်ပူဇော်

http://www.dhammadownload.com



ပွဲ၊ ဖောင်တော်မျှောပွဲ၊ ရှင်ဥပဂုတ်ဂါထာ၊ ရှင်ဥပဂုတ် ပရိတ်ဆိုတာတွေလည်း အလျှိုအလျှို ပေါ်လာကြတယ်။

ဗုဒ္ဓဘာသာဝင်တွေက ရှင်ဥပဂုတ်ကို ဘာကြောင့် ဒီလောက် ကြည်ညို နေကြတာလဲဆိုတာကို စဉ်းစားကြည့်လိုက်တော့ ရှင်သာရိပုတ္တရာ၊ ရှင်မဟာ မောဂ္ဂလာန်အစရှိတဲ့ ရှေးရဟန္တာကြီးတွေဟာ ဘယ်လောက် ပညာကြီးကြီး၊ ဘယ်လောက် တန်ခိုးထက်ထက် အခု မရှိကြတော့ဘူး၊ ပရိနိဗ္ဗာန် စံလွန်တော် မူကုန်ကြပြီ၊ ဒါကြောင့် ရှေးရဟန္တာကြီးများကို ပူဇော်လျှင် အကျိုးမရသည် တော့ မဟုတ်ဘူး၊ ရသင့်သလောက်တော့ ရတာပေါ့၊ သို့သော်လည်း အသက် ထင်ရှားမရှိတော့လို့ အပူဇော်ခံ ရဟန္တာကြီးများက ဘာမျှကူညီစောင့်ရှောက်မှု မပေးနိုင်ကြတော့ဘူး။

ရှင်ဥပဂုတ်ကတော့ ယခု အသက်ထင်ရှား ရှိနေသေးတယ်ဆိုတော့ သူ့ကို ပူဇော်တဲ့သူကို လိုက်ပါ စောင့်ရှောက် ကူညီနိုင်တယ်ပေါ့၊ ဒီလို ရည်ရွယ်ချက်နှင့် ရှင်ဥပဂုတ်ဟာ ဗုဒ္ဓဘာသာဝင်တွေအတွင်းမှာ ထင်ပေါ် ကျော်ကြားလာခြင်းဖြစ်တယ်၊ ဒီသဘောက ဘာနှင့်တူနေသလဲဆိုတော့ မဟာ ယာနဂိုဏ်းဝင် ပုဂ္ဂိုလ်များနှင့် တူညီနေတယ်ကွယ်”

“ဘယ်လို တူညီတာလဲဘုရား၊ မိန့်တော်မူပါဦး”

“မဟာယာနဂိုဏ်းဝင် ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓရဲ့အယူအဆကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင်တွေမို့ ဗုဒ္ဓဘုရားရှင်ကို ကိုးကွယ်ကြတာမှန်တယ်၊ သို့သော် ဗုဒ္ဓ ဘုရားရှင်ဟာ ယခု မရှိတော့ဘူး၊ ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူသွားပြီ၊ ဒါကြောင့် ဘုရားရှင်အား ဘယ်လောက် အရိအသေ ပြုသည်ဖြစ်စေ၊ ပူဇော် သက္ကာရ ပြုသည်ဖြစ်စေ ဗုဒ္ဓ ဘုရားရှင်က ဘာမျှ ပြန်လည် ချီးမြှောက်ခွင့် မပြုနိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ကွယ်လွန်ပြီးပြီဖြစ်လို့ပေါ့၊ ဒါကြောင့် မိမိကပူဇော်လျှင် မိမိကို ပြန်လည်ချီးမြှောက်နိုင်မယ့် သက်ရှိဘုရားတစ်ဆူကို ကြံဆကြတယ်၊ အဲဒီ သက်ရှိဘုရားဟာ ယခု ပွင့်နေတယ်ဆိုလျှင်လည်း တစ် သာသနာမှာ ဘုရားနှစ်ဆူက မပွင့်ကောင်းဘူး၊ ဒါကြောင့် သက်ရှိဘုရား အစစ်ဖန်ဆင်းလို့တော့ မဖြစ်ဘူး၊ နောင်ပွင့်မယ့် ဘုရားလောင်း ဖန်ဆင်းမှ ပဲလို့ ကောင်းကင်ဘုံစံ အဝလောကိတေသွာရ ဘုရားလောင်း ဗောဓိသတ္တကို ဖန်ဆင်းခဲ့ကြတယ်။

http://www.dhammadownload.com



မဟာယာနဂိုဏ်းဝင် ပုဂ္ဂိုလ်များဟာ ဂေါတမဗုဒ္ဓကို ယုံကြည်စွာ ကိုးကွယ်တာမှန်တယ်၊ သို့သော် ဂေါတမဗုဒ္ဓကို ကိုးကွယ်တာက လောကုတ္တရာရေးမျှသာဖြစ်တယ်၊ ယခုဘဝ ချမ်းသာရေး၊ ကျန်းမာရေး၊ သံသရာခရီး ဖြောင့်ဖြူးရေးတို့အတွက်ကျတော့ ဂေါတမဘုရားထက် အဝလောကိတေသွာရကို ပိုမိုအားထားကြတယ်၊ အခုပြောခဲ့တဲ့ မဟာယာနဂိုဏ်းဝင်တို့ရဲ့ ကိုးကွယ်ပုံနှင့် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ ရှင်ဥပဂုတ် ကိုးကွယ်ပုံ တူမနေဘူးလားကွယ့်"

"မှန်ပါ တူနေပါတယ်ဘုရား"

"တူတယ်ဆိုလျှင် မြန်မာတို့ရဲ့ ရှင်ဥပဂုတ်ဝါဒဟာ ထေရဝါဒတော့ မဟုတ်ဘူး၊ မဟာယာနဝါဒလို့ ဆိုသင့်တာပေါ့၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဟုတ်,မဟုတ် ရှင်းသွားအောင် ထေရဝါဒနည်းနှင့် တွက်ပြဦးမယ်"

"မိန့်တော်မူပါဘုရား"

"သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်မှာ ဘုရားရှင်က ညီတော်အာနန္ဒာကို 'အာနန္ဒာ-ပုဂ္ဂိုလ်တစ်ဦးဟာ ဣဒ္ဓိပါဒ် လေးပါးတို့ကို ပွားများထားခဲ့လျှင် အလိုရှိသော် တစ်ကပ်သော်လည်းကောင်း၊ တစ်ကပ်ထက်အလွန်သော်လည်းကောင်း တည်နေနိုင်တယ်'လို့ ဟောတော်မူတယ်၊ အဲဒီ ဟောဆိုချက်မှာပါတဲ့ ကပ္ပံဝါ-ဆိုတဲ့ပုဒ်ကို ကပ်လို့ လွယ်လွယ် ပြန်ဆိုကြတယ်၊ ကပ်လို့ ဘာသာပြန်သော် အဲဒီကပ်က ဘယ်ကပ်လဲလို့ ပြဿနာဖြစ်လာသကွယ့်၊ ဘာကြောင့်လဲဆိုတော့ ကပ်က (၁) အာယုကပ်၊ (၂) အန္တရကပ်၊ (၃) အသင်္ချေယျကပ်၊ (၄) မဟာကပ်လို့ လေးမျိုးရှိတာကိုး၊ အဲဒီ လေးမျိုးမှာ လူတို့ရဲ့ အသက်တမ်းကို **အာယုကပ်**လို့ ခေါ်တယ်၊ ဆုတ်ကပ်, တက်ကပ် တစ်စုံကို **အန္တရကပ်**လို့ခေါ်တယ်၊ အန္တရကပ် ၆၄- ကပ်ကို **အသင်္ချေယျကပ်**လို့ခေါ်တယ်၊ သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် လေးပါးစုံကို **မဟာကပ်**လို့ခေါ်တယ်၊ ကပ်က ဒီလို လေးမျိုးပြားနေတော့ ဘုရားဟောတဲ့ တစ်ကပ်ပတ်လုံး တည်နေနိုင်တယ်ဆိုတဲ့စကားက ဘယ် ကပ်မှန်း မဆုံးဖြတ်နိုင်အောင် ဖြစ်ကြရတယ်၊ အချို့ကတော့ အဲဒီကပ်ဟာ အာယုကပ်ကို ဆိုလိုတာကဲ့၊

http://www.dhammadownload.com



အာယုကပ် အရကောက်လျှင် အသက်တစ်ရာတမ်းခေတ်မှာ အသက် တစ်ရာထိအောင် နေနိုင်တယ်၊ အသက်တစ်ရာထက် ပိုလွန်ပြီးလည်း နေနိုင်တယ်လို့ အဓိပ္ပာယ်ရတယ်။

သုတ်မဟာဝါ အဋ္ဌကထာမှာ မဟာသိဝမထေရ်ရဲ့ အလိုကတော့ ကပ္ပဆိုတာဟာ အနှစ်တစ်ရာမျှသာရှိတဲ့ အာယုကပ်ကို ဆိုလိုတာ မဟုတ်ဘူး၊ အန္တရကပ် ၆၄–ကပ်ရှိတဲ့ အသင်္ချေယျကပ်ကို ခေါ်တာတဲ့၊ အသင်္ချေယျကပ်ဆိုတာ ကမ္ဘာကြီးတည်စက ပျက်သည့်တိုင်အောင် တစ်ကမ္ဘာလုံးကို ဆိုလိုသတဲ့။

ဘုရားရှင်ဟာ ဝေဠုဝရွာမှာ သေလောက်တဲ့ရောဂါ ဖြစ်ပေါ်ခဲ့တယ်၊ အဲဒီ သေလောက်တဲ့ရောဂါကို (အာယုပါလက)ခေါ်တဲ့ အသက်စောင့် ဖလသမာပတ် ဝင်စားတော်မူပြီး ဆယ်လကြာအောင် ဟန့်တားပယ်ခွာနိုင်ခဲ့တယ်၊ အဲဒီ အာယုပါလက သမာပတ်ကို ထပ်ကာထပ်ကာ ဝင်စားတော်မူခဲ့လျှင် အသင်္ချေယျကပ်ခေါ်တဲ့ တစ်ကမ္ဘာပတ်လုံး အသက်တည်နေနိုင်တယ်လို့ ယူဆတော်မူတယ်၊ ဒါဖြင့် ဘာကြောင့် တစ်ကမ္ဘာပတ်လုံး မတည်တာလဲဆိုတော့ အာယုပါလက သမာပတ်က အသက်ကိုသာ မပြတ်သွားအောင် စောင့်ရှောက်နိုင်တာ၊ ဥပါဒိန္နက ခန္ဓာကိုယ်ကြီးရဲ့ အိုတာကိုတော့ ပျိုလာအောင် မတတ်နိုင်ဘူးတဲ့၊ ဒီတော့ အသက်ကြီးလာလျှင် ဆံဖြူ သွားကြွေ အသားအရေ ရွတ်တွပြီး ကြည်ညိုဖွယ် ကင်းသွားမှာမို့ ရှေးဘုရားတို့ မွေတာ တစ်ရာ အသက်တမ်းကို ငါးပုံစု လေးပုံဖြစ်တဲ့ အသက်ရှစ်ဆယ်အရွယ် ပရိနိဗ္ဗာန် ပြုခြင်းဖြစ်တယ်လို့ ဖွင့်ပြထားတယ်၊ ဒီနေရာမှာ သတိပြုဖွယ် စကားချပ်ကလေး ပြောလိုက်ချင်တယ်၊ လေရှည်တယ်လို့တော့ မမှတ်နဲ့နော်”

“မမှတ်ပါဘူးဘုရား၊ လေရှည်လေ တပည့်တော်က ကြိုက်လေပါ”

“ဟ–လေရှည်တာ ဘာကြိုက်ရတာလဲ”

“တခြား လေရှည်တာတော့ ဘယ်ကြိုက်မလဲဘုရား၊ ခုလို ဗဟုသုတနှင့် ပတ်သက်တဲ့ လေရှည်တာမျိုးတော့ လေရှည်လေ ကြိုက်လေပေါ့ဘုရား၊ ဒါကြောင့် ရှည်ချင်သလောက်ရှည်ပါစေ၊ မိန့်တော်မူပါဘုရား”

http://www.dhammadownload.com



"အေး ဒီလိုဆိုတော့ လေရှည်ရတာ အားရှိသွားတာပေါ့၊ လေရှည်ချင်တာက တခြားမဟုတ်ပါဘူး၊ အသက်ရှည်အောင် ပွားများရမည့် ဣဒ္ဓိပါဒ်ဆိုတာကို ပြောချင်တာပါ၊ ဣဒ္ဓိပါဒ်, တန်ခိုးဣဒ္ဓိပါဒ်လို့ သုံးပြီး ငါတို့လို ပုဂ္ဂိုလ်နှင့် ဒီဣဒ္ဓိပါဒ်ဟာ မတန်ပါဘူးလို့ ထင်သွားတတ်ကြတယ်"

"နို့-တန်ကော တန်သလားဘုရား"

"ဘယ်မတန်ဘဲနေမှာလဲ၊ တန်တာပေါ့၊ တန်တဲ့အကြောင်းကို ပြောပြမယ်၊ ဣဒ္ဓိပါဒ်ဆိုတာ သူ့ပုဒ်ရင်းက (ဣဒ္ဓိပါဒ)ပဲ၊ ဣဒ္ဓိဆိုတဲ့ပုဒ်က **ဣဇ္ဈတီတိ ဣဒ္ဓိ**ဆိုတဲ့အတိုင်း ပြီးစီးခြင်း၊ ထမြောက်အောင်မြင်ခြင်းဆိုတဲ့ အနက်ကို ဟောပြီး ပါဒဆိုတဲ့ပုဒ်က အခြေခံဆိုတဲ့ပုဒ်ကို ဟောတယ်၊ လောကမှာ စီးပွားဥစ္စာ ပြည့်စုံရေး၊ အလုပ်ကိစ္စပြီးစီးရေး၊ အကြံအောင်မြင်ရေး မှန်သမျှတွေဟာ ဣဒ္ဓိပါဒ်လေးပါးပါမှ လွယ်ကူစွာ ပြီးစီးအောင်မြင်နိုင်တယ်၊ ဣဒ္ဓိပါဒ်လေးပါး မပါခဲ့လျှင် ပြီးစီးအောင်မြင်ဖို့ ခဲယဉ်းတယ်၊ ဒါကြောင့် စီးပွားတိုးတက်လိုသူ၊ အလုပ်ကိစ္စ ပြီးစီးလိုသူ၊ အကြံအောင်လိုသူ မှန်သမျှ လက်ကိုင်ထားရမယ့်တရားက ဣဒ္ဓိပါဒ်လေးပါးဖြစ်တယ်၊ ဒီစကား ဟုတ်လား,မဟုတ်လား သိချင်လျှင် ဣဒ္ဓိပါဒ်လေးပါးကို ချကြည့်လိုက်ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဣဒ္ဓိပါဒ်လေးပါး ချကြည့်လိုက်တော့ (၁)က **ဆန္ဒိဒ္ဓိပါဒ်**တဲ့၊ ဆန္ဒဆိုတာ လိုချင်တာပဲ၊ အရာဝတ္ထုတစ်ခုကို မလိုချင်လျှင်မရဘူး၊ လိုချင်မှရတယ်၊ အရာဝတ္ထုတစ်ခု ပြီးစီးခြင်းရဲ့အကြောင်းဟာ ဆန္ဒိဒ္ဓိပါဒ်ဖြစ်တယ်၊ အမှတ် (၂)က **ဝီရိယိဒ္ဓိပါဒ်**တဲ့၊ ဝီရိယဆိုတာ ထထကြွကြွ လုံ့လကိုဟောတယ်၊ အရာဝတ္ထုတစ်ခု ပြီးစီးထမြောက်အောင်လို့ လုံ့လဝီရိယရှိရတယ်၊ လုံ့လဝီရိယမရှိလျှင် ဘာကိစ္စမျှ မပြီးစီးနိုင်ဘူး၊ ဒါကြောင့် ဝီရိယတရားဟာ ပြီးစီး အောင်မြင်ခြင်းရဲ့အကြောင်း၊ ဝီရိယိဒ္ဓိပါဒ်ဖြစ်တယ်၊ အမှတ် (၃)က **စိတ္တိဒ္ဓိပါဒ်**၊ စိတ္တဆိုတာ ကြံ့ခိုင်တဲ့စိတ်ဓာတ်ပဲ၊ အရာဝတ္ထုတစ်ခု ပြီးစီးအောင်မြင်ချင်လျှင် ကြံ့ခိုင်တဲ့စိတ်ဓာတ်ရှိရမယ်၊ ဒါကြောင့် ကြံ့ခိုင်တဲ့စိတ်ကို စိတ္တိဒ္ဓိပါဒ်လို့ ခေါ်တယ်၊ အမှတ် (၄)က **ဝီမံသိဒ္ဓိပါဒ်**တဲ့၊ ဝီမံသဆိုတာ စုံစမ်းစစ်ဆေး ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ပညာကိုဟောတယ်၊ တစ်စုံတစ်ခုကို ရချင်လျှင်

http://www.dhammadownload.com



လိုချင်လျှင် ပြီးစီးအောင်မြင်ချင်လျှင် စုံစမ်းစစ်ဆေး ဆုံးဖြတ်နိုင် တဲ့ ဉာဏ်ပညာရှိရတယ်၊ ဉာဏ်ပညာရှိမှ အောင်မြင်တယ်၊ ဉာဏ်ပညာ မရှိလျှင် မအောင်မြင်ဘူး၊ ဒါကြောင့် စုံစမ်း, စစ်ဆေး, ဆုံးဖြတ်နိုင်တဲ့ဉာဏ် ပညာကို ဝီမံသိဒ္ဓိပါဒ်လို့ခေါ်တယ်။

ဒီလို လေ့လာကြည့်လိုက်တော့ ဣဒ္ဓိပါဒ်ဆိုတာ တန်ခိုးရှင်များနှင့်သာ ပတ်သက်တာမဟုတ်ဘဲ လူတိုင်းနှင့် ပတ်သက်တဲ့တရားလို့ သိလာလိမ့်မယ်၊ အခု အသက်ရှည်မှုနှင့် ပတ်သက်ပြီး ပြန်လှန် သုံးသပ်ကြည့်ပါ၊ ဣဒ္ဓိပါဒ် လေးပါး ပွားများထားတဲ့ ပုဂ္ဂိုလ်ဟာ အသက်စေ့အောင် နေနိုင်တယ်၊ အာယု ကပ်ဆုံးအောင် နေနိုင်တယ်တဲ့၊ ဒီစကား ဟုတ်လား, မဟုတ်လား စဉ်းစား စမ်း၊ လူတစ်ယောက်ဟာ–

(၁) အသက်ရှည်ရှည်နေချင်တယ် (ဆန္ဒိဒ္ဓိပါဒ်)
(၂) အသက်ရှည်ရာရှည်ကြောင်း ဆေးစားခြင်း၊ လေ့ကျင့်ခြင်း စတဲ့ အမှု ကိစ္စများကို ပြုတယ် (ဝီရိယိဒ္ဓိပါဒ်)
(၃) စိတ်အားကလည်း ကောင်းတယ် (စိတ္တိဒ္ဓိပါဒ်)
(၄) ဘယ်လိုလုပ်လျှင် အသက်ရှည်မည်လို့သိတယ် (ဝီမံသိဒ္ဓိပါဒ်)

ဒီအချက်လေးချက်နှင့် ကိုက်ညီလျှင် အသက်တမ်းစေ့အောင် နေနိုင် မှာပဲ၊ ခုခေတ် သက်တမ်းစေ့အောင် မနေနိုင်တာက ဒီအချက် လေးချက်နှင့် မကိုက်ညီလို့ကိုး။

ဘုရားရှင်ကတော့ ဣဒ္ဓိပါဒ်လေးပါးကို ပွားထားပြီတဲ့၊ ဒီအချက်လေး ချက် သူ့မှာ ပြည့်စုံနေပြီတဲ့၊ ဒါကြောင့် နေလိုတဲ့ ဆန္ဒိဒ္ဓိပါဒ် ရှိခဲ့လျှင် (ဝါ) အသက်ရှည်ကြာ နေလိုလျှင် အာယုကပ်ပတ်လုံးသော်လည်းကောင်း၊ အာယု ကပ်ထက်လွန်၍သော်လည်းကောင်း၊ အာယုကပ်ဆိုတာ အနှစ်တစ်ရာသက် တမ်းမှာ အနှစ်တစ်ရာထိအောင်လည်းကောင်း၊ အနှစ်တစ်ရာထက် ပိုလွန်ပြီး အရှင်အာနန္ဒာ၊ အရှင်ဗာကုလတို့လို အသက် တစ်ရာ့နှစ်ဆယ်၊ တစ်ရာ့ ခြောက်ဆယ်ထိအောင်သော်လည်းကောင်း နေနိုင်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်၊ ကမ္ဘာကြီးပျက်သည့်တိုင်အောင် တည်နေနိုင်တယ်လို့ ဆိုလိုရင်း မဟုတ်ပါ ဘူး၊ အကယ်၍ ကပ္ပဲဆိုတဲ့ပုဒ်ကို တစ်ကမ္ဘာကောက်ခဲ့လျှင် ဒီဘဒ္ဒကမ္ဘာမှာပဲ

http://www.dhammadownload.com



အရိမေတ္တေယျဘုရားရှင် ပွင့်မှာမို့ ဘုရားနှစ်ဆူ ပြိုင်ဖြစ်နေတော့မှာပေါ့၊ ဒါကြောင့် ကပ္ပဆိုတာ တစ်ကမ္ဘာပတ်လုံးဟော အခြေံယျကပ် မဟုတ်ဘူး၊ အသက် တစ်ရာတမ်း အာယုကပ်သာဖြစ်ကြောင်း အဋ္ဌကထာများမှာ ပြဆိုကြခြင်းဖြစ်တယ်။

ယခု ပြောဆိုခဲ့တာက ထေရဝါဒ သာသနာတော်ကျမ်းများရဲ့ အဆိုအရ ဘုရားရှင်ဟာ ဣဒ္ဓိပါဒ်လေးပါး ပွားများနေသည့်တိုင်အောင် အသက် တစ်ရာကျော် နှစ်ရာခန့်သာ နေနိုင်မယ်၊ ဒီထက်ပိုပြီး မနေနိုင်ဘူးဆိုတာကို ရှင်းပြခဲ့ခြင်းဖြစ်တယ်။

လောကထွတ်ထား သဗ္ဗညုဘုရားရှင်သော်မှ ဣဒ္ဓိပါဒ် တန်ခိုးသုံးပြီး အသက်တော် တစ်ရာကျော်မျှသာ နေနိုင်တယ်ဆိုတော့ ရှင်ဥပဂုတ်ဟာ ဘုရားရှင်လောက် ဘုန်းတန်ခိုး မကြီးပါဘဲလျက် ဘယ်နည်းနှင့် အသက် ယခုတိုင်အောင် ရှည်နေနိုင်ပါ့မလဲ၊ အသက်စောင့်တဲ့ အာယုပါလက သမာပတ်ကို ထပ်ကာထပ်ကာ ဝင်စားပြီးနေတယ်လို့ဖြေသော် ရဟန္တာကြီးက ဘာအကျိုး မျှော်ကိုးပြီး အသက်ရှည်ချင်ရတာလဲ။

လောကလူသားတို့ရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ တန်ခိုးအာဏာရေး တို့အတွက် လူတွေကို သနားလို့ အသက်ရှည်နေတာဆိုလျှင် မဟာယာနက လာတဲ့ အဝလောကိတေသွာရနှင့် အားလုံး တူမသွားဘူးလား၊ တူသွားတယ် ဆိုလျှင် ဒီ ရှင်ဥပဂုတ်ဟာ ထေရဝါဒ ရှင်ဥပဂုတ် မဟုတ်၊ မဟာယာန ရှင်ဥပဂုတ် ဖြစ်ထိုက်,မဖြစ်ထိုက် စိစစ်ကြည့်တော့တာပေါ့ကွယ်။

အခု ဖြေဆိုခဲ့တာက အောင်လံက မောင်ကောင်းရဲ့အမေးကို ဖြေဆိုခဲ့ခြင်းဖြစ်တယ်၊ ဒီအဖြေနှင့်ဆက်စပ်ပြီး ဒုတိယအမေးတစ်ပုဒ် ပေါ်လာမှာကို မြင်နေသေးတယ်ကွယ်"

"ဘယ်လို ပြဿနာပါလဲဘုရား"

"ပြဿနာက တခြားဟုတ်ရိုးလား၊ ဒီအဖြေအရဆိုလျှင် ယနေ့ မရှိတော့တာ သေချာသလောက် ဖြစ်သွားပြီ၊ သို့သော်လည်း ရှင်ဥပဂုတ်အစွဲနှင့် ရှင်ဥပဂုတ်ကို ပူဇော်ပသသူတွေ၊ ရှင်ဥပဂုတ်ဂါထာ၊ ရှင်ဥပဂုတ်ပရိတ်ရွတ်ဖတ်သူတွေ အချည်းနှီး ဖြစ်ကြတော့မှာလားဆိုတဲ့ အမေးပါပဲ။

http://www.dhammadownload.com



အဖြေကတော့ ထေရဝါဒသာသနာဝင် ပုဂ္ဂိုလ်တွေဟာ သမ္ဗုဒ္ဓေဂါထာနှင့် ယခု ဂေါတမဘုရားမျှမက ဟိုရှေးရှေး ကမ္ဘာတွေက ကွယ်လွန်တော်မူပြီးဖြစ်ကြတဲ့ ဘုရားရှင်တွေ၊ ယခုမရှိတော့တဲ့ ရဟန္တာကြီးတွေကို ရိုရိုသေသေ လေးလေးမြတ်မြတ် ပူဇော်ပသနေကြတယ်၊ ကွယ်လွန်ပြီးသူကို ပူဇော်လို့ ကွယ်လွန်သူက ဘာမျှ ပြန်လှန် ကျေးဇူးမပြုနိုင်ဘူးဆိုတာ ထေရဝါဒပုဂ္ဂိုလ်တိုင်း သိကြပါတယ်၊ ဒါဖြင့် ဘာကြောင့် မရှိတော့တဲ့ဘုရားတွေ ရဟန္တာတွေကို ပူဇော်နေကြသလဲဆိုတော့ ကောင်းမှုကုသိုလ်ရဲ့အကျိုးကို ဘယ်နတ်ဗြဟ္မာကမှ ပေးတာမဟုတ်ပါဘူး၊ ဘယ်ဘုရား ဘယ်ရဟန္တာကမှ ပေးတာလည်း မဟုတ်ပါဘူး၊ ကိုယ်ပြုခဲ့တဲ့ကံက ကိုယ့်ကိုအကျိုးပေးတာပဲလို့ ယုံကြည်ကြတယ်၊ ဘယ်အထောက်အထားနှင့် ယုံကြည်တာလဲဆိုတော့ ဝိမာနဝတ္ထုမှာ–

**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊**
**သမေ စိတ္တေ သမံ ဖလံ။**
**စေတော ပဏိဓိ ဟေတုဟိ၊**
**သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

ဆိုတဲ့ ဂါထာရှိတယ်၊ ဂါထာရဲ့အဓိပ္ပာယ်က သက်တော်ထင်ရှားဘုရားရှင်၌ဖြစ်စေ၊ ပရိနိဗ္ဗာန် ဝင်စံပြီးသော ဘုရားရှင်၌ဖြစ်စေ၊ စိတ်ထားကြည်လင်ခြင်း တူညီခဲ့လျှင် အကျိုးပေးမှာလည်း တူညီသတဲ့၊ သတ္တဝါတွေဟာ စိတ်ထားကောင်းလို့ သုဂတိဘဝကို ရောက်ကြတယ်၊ စိတ်ထားမကောင်းလို့ ဒုဂ္ဂတိဘဝကို ရောက်ကြတယ်လို့ ဆိုလိုတယ်။

ဒီတော့ အကျိုးပေးတယ်ဆိုတာ ဘယ်ဘုရား၊ ဘယ်ဗြဟ္မာ၊ ဘယ်နတ်ကမှ လာပေးတာမဟုတ်ပါဘူး၊ ကိုယ့်စိတ်ကသာ ကောင်းကျိုး၊မကောင်းကျိုးကို ပေးတာကိုး၊ ဒီအကြောင်းကို အထောက်အထားပြုခဲ့လျှင် ကြည်ညိုတဲ့စိတ်နှင့် ရှင်ဥပဂုတ်ကို ပူဇော်လို့ အကျိုးမရှိဘူးလို့ မပြောနိုင်ပါဘူး၊ ရှင်ဥပဂုတ်ဟာ မိမိစိတ် ကြည်လင်ခြင်းရဲ့ အကျိုးမျှသာဖြစ်တယ်၊ တကယ် မိမိစိတ်ကိုအကျိုးပေးတာက ရှင်ဥပဂုတ်မဟုတ်ဘူး၊ မိမိစိတ်ကသာ မိမိကို အကျိုးပေးတယ်၊ ဒီအကြောင်းကို–

**"အတ္တာဟိ အတ္တနော နာထော၊**
**ကော ဟိ နာထော ပရော သိယာ။**

http://www.dhammadownload.com



**အတ္တနာ ဟိ သုဒန္တေန၊**
**နာထံ လဘတိ ဒုလ္လဘံ"**

ဓမ္မပဒ၊ အတ္တဝဂ်ပါဠိတော်မှာ ဘုရားရှင် ဟောတော်မူထားတယ်၊ အနက်ကတော့ **အတ္တာဟိ အတ္တာဧဝ**– မိမိသည်သာလျှင်၊ **အတ္တနော**– မိမိ၏၊ **နာထော**– ကိုးကွယ်ရာသည်၊ **ဟောတိ**– ဖြစ်၏၊ **ဟိ**– ထိုစကား သင့်စွ၊ **ပရော**– တစ်ပါးသောသူသည်၊ **အတ္တနော**– မိမိ၏၊ **နာထော**– ကိုးကွယ်ရာသည်၊ **ကောသိယာ**– အဘယ်မှာ ဖြစ်ပါအံ့နည်း၊ **ဟိ သစ္စံ**– မှန်လှ၏၊ **အတ္တနာ**– မိမိသည်၊ **သုဒန္တေန**– ကောင်းစွာ ယဉ်ကျေး သိမ်မွေ့ခြင်းဖြင့်၊ **ဒုလ္လဘံ**– ရခဲသော၊ **နာထံ**– ကိုးကွယ်ရာကို၊ **လဘတိ**– ရနိုင်လေ၏တဲ့။


ဒီအထောက်အထားတွေကို ကြည့်လိုက်လျှင် ရှင်ဥပဂုတ်က မိမိရဲ့ဒါန အထမြောက်အောင် မိမိစိတ်ကို ယဉ်ကျေးအောင် ပြုမူခြင်းမျှဖြစ်၍ အသက်ရှိတယ်မရှိဘူး၊ ယခုရှိတယ် မရှိဘူးက အရေးကြီးတာ မဟုတ်ပါဘူး၊ မိမိရဲ့ စိတ်ဓာတ် ယဉ်ကျေးမှု၊ သိမ်မွေ့မှု၊ ကုသိုလ်တရား တိုးပွားမှု ဖြစ်,မဖြစ်ကသာ အရေးကြီးတယ်။

ဒါကြောင့် ရှင်ဥပဂုတ် ယခု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လှူဒါန်း ပူဇော် ကော်ရော်ခြင်းကြောင့် အကျိုးမယုတ်ဘူးလို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"သာဓု… သာဓု… သာဓု"



http://www.dhammadownload.com



# ကျောင်းအရံကိစ္စ

"ဟောဒီမှာ ဆရာတော်ထံ စာတစ်စောင် ရောက်လာပါတယ် ဘုရား"

"ဘယ်သူ့ဆီက စာတဲ့လဲကွယ့်"

"ထီးချိုင့်မြို့၊ မြို့လယ်ကျောင်း၊ ဦးဝေပုလ္လထံက စာပါဘုရား"

"ဖတ်စမ်းပါဦး၊ ဦးဝေပုလ္လက ဘာတွေများ လျှောက်ထားတာတဲ့လဲ"

"သူ့စာက ဒီလိုပါဘုရား"

"တပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊ တပည့်တော် ယခု နေထိုင်သော မြို့လယ်ကျောင်း၏ တောင်ဘက်မြေသည် မြို့တွင်း အိမ်များအတွင်းသို့ ကျရောက်နေပါသည်၊ ထိုမြေသည် ကျောင်းဝင်းမြေဖြစ်ပါသော်လည်း ကျောင်းအတွက် အသုံးမပြုနိုင်သော မြေလွတ်ဖြစ်နေပါသည်၊ ၎င်းမြေလွတ်ကို စွန့်၍ ဘဏ္ဍာစားအဖြစ် ကျောင်းဝင်းအတွင်း ပျက်စီးနေသော မြို့လယ်ဘုရားကြီးအား ပြုပြင်ချင်ပါသည်၊ ကျောင်းဝင်းမြေ တစ်စိတ်ကိုစွန့်၍ ကျောင်းဘုရားအား ပြုပြင်သင့် မပြုပြင်သင့် ဝိနည်းစည်းကမ်း မည်သို့ရှိသည်ကို မိန့်တော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရားတဲ့"

"ဦးဝေပုလ္လရဲ့ လျှောက်ထားစာက ဒါပါပဲဘုရား"

"ဦးဝေပုလ္လရဲ့ လျှောက်ထားစာက ဝိနည်းသိက္ခာပုဒ်နှင့် ပတ်သက်တဲ့အတွက် လေးလေးနက်နက် သဘောထားသင့်တယ်"

"သာသနာတော်လောကမှာ ကြီးလေးတဲ့ဘဏ္ဍာနှင့် ပေါ့တဲ့ဘဏ္ဍာရယ်လို့ နှစ်မျိုးရှိတယ်၊ ကြီးလေးတဲ့ဘဏ္ဍာကို မိမိသဘောအတိုင်း ခပ်ပေါ့

http://www.dhammadownload.com



ပေါ့ ဝေဖန်လို့ မသင့်ဘူး၊ ခပ်ပေါ့ပေါ့ ဝေဖန်ခဲ့လျှင် မိမိမှာ အပြစ်ဖြစ်လာ တတ်တယ်ကွယ့်"

"မှန်ပါ၊ ကြီးလေးတဲ့ဘဏ္ဍာဆိုတာက ဘယ်လိုဘဏ္ဍာပါလဲဘုရား"

"ကြီးလေးတဲ့ဘဏ္ဍာကို ဂရုဘဏ်လို့ ခေါ်တယ်၊ ဂရုဘဏ်က ငါးမျိုး ရှိသကွယ့်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

**"ဂရုဘဏ် ငါးမျိုးဆိုတာက-** (၁) အရံ/ အရံရာ၊ (၂) ကျောင်း/ ကျောင်းရာ၊ (၃) ညောင်စောင်း/ အင်းပျဉ်/ ဘုံလျှို့ခေါ်တဲ့ဖုံ၊ ခေါင်းအုံး၊ (၄) ကြေးအိုးကြီး၊ ကြေးအိုးစရည်း၊ ကြေးအင်တွဲ၊ ကြေးဖျဉ်း၊ ပဲခွပ်၊ ပုဆိန်၊ ဓားမ၊ ပေါက်တူး၊ ဆောက်၊ (၅) နွယ်၊ ဝါး၊ ဖြူဆံမြက်၊ မြက်၊ မြေညက်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ၊ အားလုံး ဂရုဘဏ် ၅-မျိုးရှိတယ်။

ဒီပစ္စည်းများကို အလှူရှင်ဒါယကာက သံဃာကို လှူထားလျှင် အားလုံး သံဃာပိုင် ဖြစ်သွားတယ်၊ သံဃာပိုင်ဖြစ်သွားလျှင် ဒီ ဂရုဘဏ်ပစ္စည်း များကို သံဃာကလည်း မစွန့်ထိုက်ဘူး၊ ဂိုဏ်းကလည်း မစွန့်ထိုက်ဘူး၊ ပုဂ္ဂိုလ်ကလည်း မစွန့်ထိုက်ဘူး၊ စွန့်သော်လည်း စွန့်ရာမရောက်ဘူး၊ အကယ်၍ စွန့်ခဲ့လျှင် စွန့်သောပုဂ္ဂိုလ် ထုလ္လစ္စည်းအာပတ် သင့်တယ်လို့ စူဠဝါပါဠိတော် သေနာသနက္ခန္ဓကမှာ ဘုရားရှင် ပညတ်တော်မူထားတယ်ကွယ့်"

"ဒါဖြင့် အခု ဦးဝေပုလ္လလျှောက်ထားတဲ့ ကျောင်းဝင်းတစ်စိတ်ကို စွန့်လို့ မဖြစ်တော့ဘူးပေါ့ဘုရား"

"ဟုတ်တယ်၊ ကိုယ်စိုး ကိုယ်ပိုင် ပေးစွန့်လို့တော့ မဖြစ်ဘူး၊ ဒါပေမယ့် လဲလှယ်လို့တော့ ဖြစ်တယ်၊ ဒီအကြောင်းကို အဋ္ဌကထာမှာ ဒီလို ဖွင့်ပြထား တယ်ကွယ့်"

"မိန့်တော်မူပါဦးဘုရား"

"ဣဒံ ဟိ သဗ္ဗမ္ပိ ဂရုဘဏ္ဍံ ဣမ အဝိဿဇ္ဇိယံ, ကီဋာဂိရိဝတ္ထုသ္မိံ အဝေဘင်္ဂိယန္တိ ဝုတ္တံ၊ ပရိဝါရေ ပန အဝိဿဇ္ဇိယံ အဝေဘင်္ဂိယံ၊ ပဥ္စ ဝုတ္တာ မဟေသိနာ၊ ဝိဿဇ္ဇန္တဿ ပရိဘုဥ္ဇန္တဿ အနာပတ္တိ၊ ပဉှာမေသာ ကုသလေဟိ စိန္တိတာတိ အာဂတံ၊ တသ္မာ မူလစ္ဆေဇ္ဇဝသေန

http://www.dhammadownload.com



အဝိဿဇ္ဇိယံ အဝေဘင်္ဂိယံ၊ ပရိဝတ္တနဝသေန ပန ဝိဿဇ္ဇန္တဿ ပရိဘုဥ္ဇန္တဿ စ၊ အနာပတ္တီတိဝေ မေတ္တ အဓိပ္ပာယော ဝေဒိတဗ္ဗော တဲ့ကွယ့်"

"အနက်ဖော်ပြပေးပါဦးဘုရား"

"**ဟိ**– အထူးကိုဆိုဦးအံ့၊ **ဣဒံ ဂရုဘဏ္ဍံ**– ဤဂရုဘဏ်ပစ္စည်းကို၊ **ဣဓ**– ဤနေရာ၌၊ **အဝိဿဇ္ဇိယံ**– မစွန့်အပ်ဟူ၍၊ **ဝုတ္တံ**– ဟောတော်မူအပ်၏၊ **ကိဋာဂိရိဝတ္ထုသ္မိံ**– ကိဋာဂိရိဝတ္ထု၌၊ **အဝေဘင်္ဂိယန္တိ**– မဝေဖန်အပ်ဟူ၍၊ **ဝုတ္တံ**– ဟောတော်မူအပ်၏၊ **ပရိဝါရေပန**– ပရိဝါပါဠိတော်၌ကား၊ **မဟေသိနာ**– မြတ်စွာဘုရားသည်၊ **ပဉ္စ**– ငါးပါးကုန်သော ဂရုဘဏ်တို့ကို၊ **အဝိဿဇ္ဇိယံ**– မစွန့်အပ်ဟူ၍လည်းကောင်း၊ **အဝေဘင်္ဂိယံ**– မဝေဖန်အပ်ဟူ၍ လည်းကောင်း၊ **ဝုတ္တာ**– ဟောတော်မူအပ်ကုန်၏၊ **ဝိဿဇ္ဇန္တဿ**– စွန့်သော ရဟန်းသည်လည်းကောင်း၊ **ပရိဘုဥ္ဇန္တဿ**– သုံးဆောင်သော ရဟန်းအားလည်းကောင်း၊ **အနာပတ္တိ**– အာပတ်မသင့်၊ **သောပဥှာ**– ဤပြဿနာကို၊ **ကုသလေဟိ**– ဝိနည်းအရာ လိမ္မာဉာဏ်သိ ပညာရှိတို့သည်၊ **စိန္တိတာ**– ကြံစည်၍သိအပ်ကုန်၏၊ **ဣတိ**– ဤသို့၊ **အာဂတံ**– လာ၏၊ **တသ္မာ**– ထို့ကြောင့်၊ **မူလစ္ဆေဇ္ဇဝသေန**– အရင်းပြတ်စွန့်သည်၏ အစွမ်းဖြင့်၊ **အဝိဿဇ္ဇိယံ**– စွန့်လည်းမစွန့်အပ်၊ **အဝေဘင်္ဂိယဉ္စ**– ဝေလည်းမဝေဖန်အပ်၊ **ပရိဝတ္တနဝသေနပန**– လဲလှယ်သည်၏ အစွမ်းဖြင့်ကား၊ **ဝိဿဇ္ဇန္တဿ**– စွန့်သော ရဟန်းအားလည်းကောင်း၊ **ပရိဘုဥ္ဇန္တဿစ**– သုံးဆောင်သောရဟန်းအားလည်းကောင်း၊ **အနာပတ္တိ**– အာပတ် မသင့်၊ **ဣတိ ဧဝံ**– ဤသို့၊ **ဧတ္ထ**– ဤ သံဃိကပစ္စည်းပြဿနာ၌၊ **အဓိပ္ပာယော**– ဘုရားရှင်၏ အလိုတော်ကို၊ **ဝေဒိတဗ္ဗော**– သိအပ်၏ တဲ့ကွယ်။

ဒီအဋ္ဌကထာကိုထောက်ပြီး သံဃိကဖြစ်တဲ့ ထာဝရပစ္စည်း၊ ဂရုဘဏ် ပစ္စည်းတို့ကို တစ်စုံတစ်ယောက်သောသူအား မစွန့်အပ်၊ မပေးအပ်၊ မရောင်း အပ်လို့ ပညတ်တော်မူသော်လည်း အရင်းပြတ် ပေးခြင်းစွန့်ခြင်းကိုသာ မပြု အပ်ခြင်း ဖြစ်တယ်၊ ပစ္စည်းချင်းတော့ လဲလှယ်ကောင်းပါတယ်၊ ပစ္စည်းချင်း လဲလှယ်ရာမှာလည်း–

ထာဝရကို ထာဝရချင်း၊ ဂရုဘဏ်ကို ဂရုဘဏ်ချင်းသာ လဲလှယ် ကောင်းတယ်၊ ဂရုဘဏ်ကို လဟုဘဏ်နှင့်တော့ မလဲကောင်းဘူးကွယ့်၊

http://www.dhammadownload.com



ဒီအကြောင်းကို စူဠဝါ အဋ္ဌကထာမှာ-

**ထာဝရေန စ ထာဝရံ ဂရုဘဏ္ဍေန စ ဂရုဘဏ္ဍံ ပရိဝတ္တေတုံ ဝဋ္ဋတိ** လို့ ဖွင့်ပြထားတယ်၊ ခုဒ္ဒသိက္ခာ ဋီကာဟောင်းမှာလည်း- **ဧတ္ထ ပန ဂရုဘဏ္ဍေန ဂရုဘဏ္ဍဥ္စ၊ ထာဝရဥ္စ ထာဝရေန ထာဝရမေဝ၊ ပရိဝတ္တနဝိဓိံ သန္ဓာယ ဝိဿဇ္ဇနံ့သ အနာပတ္တိ ဝုတ္တံ**လို့ ဖွင့်ပြထားတယ်၊ ခုဒ္ဒသိက္ခာ ဋီကာသစ်မှာလည်း- **ဂရုနာ ဂရုဘဏ္ဍဥ္စ ထာဝရဥ္စ ပရိဝတ္တေယျ ထာဝရေန စ ထာဝရမ္ပိ ပရိဝတ္တေယျာတိ ယောဇေတဗ္ဗံ** လို့ ပြထားတယ်။

ဒါကြောင့် သံဃိကဖြစ်တဲ့ ဂရုဘဏ်ပစ္စည်းနှင့် လူတို့ရဲ့ ထာဝရပစ္စည်း ဂရုဘဏ်ပစ္စည်းတို့ကို လဲလှယ်ကောင်းတယ်၊ သံဃိကဖြစ်တဲ့ ထာဝရပစ္စည်းနှင့် လူတို့ရဲ့ ထာဝရပစ္စည်းကိုသာ လဲလှယ်ကောင်းတယ်၊ သံဃိက ထာဝရပစ္စည်း၊ ဂရုဘဏ်ပစ္စည်းများနှင့် လူတို့ရဲ့ လဟုဘဏ်ပစ္စည်းများကို မလဲလှယ်ကောင်းဘူးကွယ့်"

"အရှင်ဘုရား ထာဝရပစ္စည်း၊ ဂရုဘဏ်ပစ္စည်းဆိုတာ ဘာလဲဘုရား"

"ထာဝရဆိုတာ မရွေ့မပြောင်းနိုင်တဲ့ပစ္စည်းဖြစ်ပြီး ရွေ့ပြောင်းနိုင်တဲ့ ပစ္စည်းကိုတော့ ဇင်္ဂမလို့ ခေါ်တာကိုးကွယ့်၊ ဒီ ဂရုဘဏ် ငါးမျိုးမှာလည်း မရွေ့ပြောင်းနိုင်တဲ့ ထာဝရပစ္စည်းနှင့် ရွေ့ပြောင်းနိုင်တဲ့ ဇင်္ဂမပစ္စည်းများ ပါဝင်တယ်၊ မရွေ့ပြောင်းနိုင်တဲ့ ကျောင်း, ကျောင်းရာ၊ အရံ, အရံရာကို ထာဝရ လို့ခေါ်ပြီး ရွေ့ပြောင်းလို့ဖြစ်တဲ့ ညောင်စောင်း၊ အင်းပျဉ် စသည်တို့ကို ထာဝရလို့ မခေါ်ဘဲ ဂရုဘဏ်လို့သာ သာမညခေါ်တယ်"

"မှန်ပါ ထာဝရ ထာဝရချင်း၊ ဂရုဘဏ် ဂရုဘဏ်ချင်း လဲလှယ်ဖို့ သဘောတူကြလျှင် ဒီလို အမှတ်မဲ့ လဲလှယ်လို့ကော ဖြစ်ပါသလား၊ ဘယ်လို လဲလှယ်ရမှာလဲဘုရား"

"အေးကွယ့် ဒါဟာ မေးစရာပဲ၊ ဒီလို လဲလှယ်ဖို့ သဘောတူပြီးလျှင် သံဃာကို ပန်ကြားပြီးမှ လဲလှယ်ရမယ်၊ ဒီအကြောင်းကို စူဠဝါအဋ္ဌကထာမှာ-

> **"သံဃဿ အဥ္စောဂါမေ ဂေဟံ ဟောတိ မနုဿာနံ၊ ဝိဟာရမဇ္ဈေ ပါသာဒေါ၊ ဥဘော ပိ အဂ္ဃေန သမတာ၊ သစေ မနုဿာ တေန ပါသာ ဒေန တံ ဂေဟံ ယာစန္တိ၊ သမ္ပဋိစ္ဆိတုံ ဝဋ္ဋတိ"**

လို့ ဖွင့်ပြထားတယ်။

http://www.dhammadownload.com



"အဓိပ္ပာယ်က ရွာတွင်းမှာ သံဃာပိုင် ကျောင်းတစ်ဆောင် ရှိတယ်၊ ဘုန်းကြီးကျောင်းအလယ်မှာလည်း လူများပိုင်တဲ့ ပြာသာဒ်တစ်ဆောင် ရှိနေတယ်၊ အဖိုးချင်းလည်း တူတယ်၊ လူများက သူတို့ပိုင်တဲ့ ပြာသာဒ်နှင့် သံဃာပိုင်တဲ့ကျောင်းကို လဲလှယ်ဖို့ စကားဆိုလာလျှင် သံဃာကို ပန်ကြားပြီး လဲလှယ်အပ်တယ်လို့ ဆိုလိုတယ်၊ ဒါကြောင့် ဂရုဘဏ် ဂရုဘဏ်ချင်း၊ ထာဝရ ထာဝရချင်း လဲလှယ်ဖို့ သဘောတူပြီးလျှင် သံဃာကို ပန်ကြားပြီး လဲလှယ်သင့်တယ်ကွယ့်"

"ဒီလောက်ဆိုလျှင် မြို့လယ်ဆရာတော်လျှောက်တားတဲ့ ပြဿနာဟာ ပြေလည်သင့်ပါတယ်၊ ဒီနေရာမှာ တပည့်တော် မကြေညက်တဲ့ စကားတစ်ခု လျှောက်ထားခွင့်ပြုတော်မူပါဘုရား"

"ဘာများလျှောက်ထားချင်တာလဲ၊ လျှောက်စမ်းပါဦး"

"ဂရုဘဏ်အချင်းချင်း၊ ထာဝရအချင်းချင်း လဲလှယ်ကောင်းတယ် ဆိုတာတော့ တပည့်တော် နားရှင်းပါတယ်၊ အခုပြဿနာက မြို့လယ်ကျောင်းဝင်း အစိတ်အပိုင်း ထာဝရနှင့် ဘုရား ပြန်လည်တည်ဆောက်မှုကို လဲလှယ်မှာကိုးဘုရား၊ ကျောင်းဝင်းကတော့ ထာဝရဟုတ်ပါရဲ့၊ ဘုရား ပြန်လည်တည်ဆောက်တာက ထာဝရ ဟုတ်မဟုတ် မိန့်တော်မူပါဦးဘုရား"

"မြေစိုက်ဘုရားဟာ မြေပေါ်မှာ စိုက်ထားတာမို့ ပြောင်းရွှေ့လို့မရတဲ့ ထာဝရဝတ္ထု မှန်တယ်ကွယ့်၊ ငွေကြေးကတော့ ထာဝရပစ္စည်း မဟုတ်ပါဘူး၊ သို့သော် ထာဝရမဟုတ်တဲ့ ငွေကြေးနဲ့ ထုံး, ဘိလပ်မြေ, ပန်းရံခ စသည်တို့ကို သုံးလိုက်တော့ ပြီးမြောက်သွားတဲ့ စေတီတော်အတွင်းမှာ ကြေးငွေဟာ ထာဝရပစ္စည်း ဖြစ်သွားတယ်၊ ယခု အရေးမှာ ဖလှယ်လိုက်တဲ့ ကျောင်းမြေကာလတန်ဖိုးနှင့် ဘုရားပြုပြင်လို့ ကုန်ကျတဲ့ငွေကြေးကို ချိန်ထိုးကြည့်သင့်တယ်၊ အကယ်၍ ဖလှယ်တဲ့ အရာဝတ္ထုနှစ်ခုတို့ရဲ့ တန်ဖိုးချင်းတူညီခဲ့သော်လည်းကောင်း၊ သို့မဟုတ် သံဃိကကျောင်းမြေက တန်ဖိုးနည်းပြီး ဘုရားတည်တဲ့ငွေက အကုန်အကျများခဲ့လျှင်လည်းကောင်း ထာဝရ ထာဝရချင်း လဲလှယ်ရာ ရောက်တာမို့ သံဃာက ကျေနပ်ဝန်ခံလျှင် လဲလှယ်သင့်တယ်လို့ မှတ်ယူတော့တာပေါ့ကွယ်"

"သာဓု... သာဓု... သာဓု"

❋ ❋ ❋

http://www.dhammadownload.com



# သာသနာ့အမွေ

"ဟောဒီစာက ဝန်းသိုမြို့နယ်၊ ကြိမ်ချောင်းရွာ၊ ဦးခန့်ကြီးဆိုသူထံမှ အမေးစာဖြစ်ပါတယ်ဘုရား"

"ဦးခန့်ကြီးက ဘာတွေများ မေးထားသလဲကွယ့်၊ သူ့စာကို ဖတ်ပြစမ်းပါဦး"

"ဦးခန့်ကြီးရဲ့စာက–

သီရိဓမ္မာသောကမင်းကြီးဟာ သူ့ရဲ့ အလှူဝတ္ထုအပေါ် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဘုရားရှင်၏ သာသနာတော်အတွင်း၌ သူကဲ့သို့ ချီးမြှောက်သောပုဂ္ဂိုလ်များ ရှိခဲ့ဖူးပါသလားလို့ သံဃာတော်ကို မေးလျှောက်တော့ သံဃာတော်က သာသနာတစ်လျှောက်မှာ မင်းကြီးကဲ့သို့ ချီးမြှောက်လှူဒါန်းနိုင်သူမရှိ၊ သင်မင်းကြီး၏ စွန့်ကြဲချီးမြှောက်ခြင်းကသာ သာလွန်ကြီးမြတ်သည်ဟု မိန့်တော်မူကြသောအခါ သီရိဓမ္မာသောကမင်းကြီးက တပည့်တော်သည် ဤမျှလောက်သော ဒါနမှုကို ပြုရပါသဖြင့် သာသနာတော်၏အမွေကို ခံရအံ့လောဟု လျှောက်၏၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က မင်းကြီး ဤသို့ ပစ္စည်းကို စွန့်ကြဲကာမျှဖြင့် သာသနာတော်၏ အမွေခံ မဖြစ်ချေသေး၊ ဤမြေမှသည် ဗြဟ္မာပြည်တိုင်အောင် ပစ္စည်းလေးပါးကို စုပုံ၍ လှူကြားသော်လည်း ဘုရားရှင်၏ သာသနာ့အမွေခံ မဖြစ်ချေသေးဟု မိန့်တော်မူသော် အရှင်ဘုရား ဘယ်သို့သော ကောင်းမှုကိုပြုမှ သာသနာ့အမွေကို ခံရပါအံ့နည်းဟု လျှောက်ထား၏၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က–

http://www.dhammadownload.com



မင်းကြီး မိမိရင်၌ဖြစ်သော သားသမီးတို့ကို ရှင်ရဟန်း ပြုစေခြင်းသည်သာ သာသနာ့အမွေခံ ဖြစ်သည်ဟု မိန့်ဆိုပါသည်၊ ဤနေရာ၌ တပည့်တော် သိလိုသည်မှာ- ရဟန်းဖြစ်ပြီးပုဂ္ဂိုလ်အား ဒကာတစ်ဦးက နောက်ထပ်ကံထပ်ပါသော် ထိုဒါယကာ သာသနာ့အမွေ ခံထိုက်, မခံထိုက် ဖြစ်ပါသည် ဘုရား"တဲ့၊ ဦးခန့်ကြီးရဲ့ လျှောက်ထားစာက ဒါပါပဲဘုရား၊ အဖြေကို မိန့်တော်မူပါဦး"

"ဒါယာဒဆိုတဲ့ပုဒ်၊ ဒါယဇ္ဇဆိုတဲ့ပုဒ်က အမွေခံဆိုတဲ့အနက်ကို ဟောတာကိုး၊ အမွေဆိုတာ မိဘပိုင် ပစ္စည်းကို သားသမီးက ဆက်ခံယူရတာပေါ့၊ ဒီအမွေဟာ အာမိသအမွေ၊ ဓမ္မအမွေရယ်လို့ ၂-မျိုးသာရှိတယ်၊ အဲဒီ ၂-မျိုး အနက် အာမိသဆိုတဲ့ပါဠိက နှစ်သက်ဖွယ်အာရုံ ကာမဂုဏ်အပေါ် တပ်မက်ကပ်ငြိတယ်လို့ ဆိုလိုတယ်၊ အဲဒီ တပ်မက်ကပ်ငြိတဲ့ အာမိသကလည်း ၃-မျိုးတောင် ရှိသကွယ့်"

"မိန့်တော်မူပါဘုရား"

၁။ **လောကာမိသ**တဲ့၊ ကာမဂုဏ်ငါးပါးအပေါ် ကပ်ငြိခြင်း၊

၂။ **ဝဋ္ဋာမိသ**တဲ့၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဘုံ ၃-ပါးမှာ ဖြစ်တဲ့ ရုပ်နာမ်အပေါ် ကပ်ငြိခြင်း၊

၃။ **ကိလေသာမိသ**တဲ့၊ ကိလေသာအပေါ် ကပ်ငြိခြင်းတဲ့၊

(ဥပရိပဏ္ဏာသ ပါဠိ ၄၁၊ ဋ္ဌ၊ ၃၄)

အဲဒီ အာမိသ ၃-မျိုးအနက် ဓမ္မဒါယာဒသုတ်မှာ ဟောတော်မူတဲ့ အာမိသအမွေဆိုတာက ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်အရိပ်မှာ ရှင်ရဟန်း ပြုပြီးလျှင် အဲဒီရှင် အဲဒီရဟန်းဟာ ရဟန်းတို့ရဲ့အထောက်အပံ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းကို ဘုရားရှင်ရဲ့ ဘုန်းတန်ခိုးကြောင့် ရရှိ သုံးဆောင်ခွင့် ရသွားပြီ၊ ရရှိခွင့် သုံးဆောင်ခွင့်ရသွားတဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော အမွေကို အာမိသအမွေလို့ ဆိုလိုတယ်၊ အဲဒီ အာမိသအမွေကိုလည်း ဘုရားရှင်က ပေးသတဲ့၊ ဓမ္မအမွေဆိုတာက တိုက်ရိုက်အနက်ကတော့ (တရားအမွေ)လို့ ဆိုလိုတယ်၊ တရားဆိုတာ မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်, ပရိယတ် သည် ၁၀-ပါးကို တရားလို့ ခေါ်တယ်။

http://www.dhammadownload.com



ရှင်သာမဏေနှင့် ရဟန်းတော်များကို ဘုရားရှင်က အာမိသအမွေလည်း ပေးတယ်၊ ဓမ္မအမွေလည်းပေးတယ်၊ သို့သော် အာမိသအမွေမှာတင် တစ်ခဲ မနေကြဘဲ ဓမ္မအမွေကို ရအောင် ကြိုးစားကြလို့ မူလပဏ္ဏာသ ဓမ္မဒါယာဒ သုတ်မှာ ဟောတော်မူတယ်"

"မူလပဏ္ဏာသပါဠိတော် ဓမ္မဒါယာဒသုတ်မှာ (သာသနဒါယဇ္ဇ) သာသနာ့ အမွေဆိုတာကော ပါသလားဘုရား့"

"မပါဘူးကွယ့်"

"ပါဠိတော်မှာ မပါလျှင် အဋ္ဌကထာမှာရော ပါသလားဘုရား့"

"အဋ္ဌကထာမှာလည်း မတွေ့ဘူးကွယ့်"

"ပါဠိတော်မှာရော အဋ္ဌကထာမှာရော မပါဘဲနှင့် တတိယသင်္ဂါယနာ အချိန်ကျမှ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်က ဘယ်လိုကြောင့် သာသနာ့ အမွေဆိုတဲ့ စကားကို ထည့်ဟောပါသလဲဘုရား"

ဒီအကြောင်းကို မဟာဝင်မှာ ဆိုထားတာက–

တစ်ရံရောအခါ မင်းကြီးလည်း စစ်အင်္ဂါလေးပါး ခြံရံလျက် အသော ကာရာမကျောင်းသို့ ထွက်တော်မူ၏၊ သံဃာတော်တို့၏အလယ်၌ နေပြီးလျှင် သံဃာတို့အား ဤသို့မေးလျှောက်၏။

"အရှင်ဘုရားတို့၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဘုရား သခင်၏ သာသနာတော်၌ အဘယ်သူသည် အကျွန်ုပ်ကဲ့သို့ ကြီးကျယ်စွာ သေဒ္ဓပရိစ္စာဂဖြင့် ချီးမြှောက်ကြဖူးသနည်း၊ အဘယ် စွန့်ကြဲခြင်းသည် ကြီး မြတ်ပါသနည်း"ဟု လျှောက်၏၊ ထိုအခါ သံဃာတော်တို့က အရှင်မောဂ္ဂလိ ပုတ္တတိဿမထေရ်အား ဖြေတော်မူပါဟု တိုက်တွန်းကြ၏၊ အရှင်မြတ်လည်း–

"ဒကာမင်းကြီး... ငါတို့ဆရာ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိသည်မှစ၍ ယခုကာလတိုင်အောင် ဘုရားသာသနာ၌ ဒကာတော်မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင် သာလွန်ကြီးမြတ်သတည်း"ဟု မိန့်တော်မူပေ၏။

မင်းကြီးလည်း ထိုစကားကို ကြားရသော် အလွန် ဝမ်းမြောက်သော စိတ်တော်ရှိလှ၍ ဤသို့ မေးလျှောက်ပြန်၏။

"အရှင်ဘုရား အကျွန်ုပ်သည် ဤမျှလောက်သောဒါနကို ပြုရသဖြင့် သာသနာတော်၏အမွေကို ခံရပါအံ့လောဟု လျှောက်၏၊ အရှင်မောဂ္ဂလိပုတ္တ

http://www.dhammadownload.com



တိဿကလည်း (မဟိန္ဒမင်းသား၏ ရဟန္တာဖြစ်လတ္တံ့သော ဥပနိဿယနှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ သဃမိတ္တာမင်းသမီး၏ မင်းသားကဲ့သို့ပင် ပြည့်စုံလတ္တံ့သော အကြောင်းကိုလည်းကောင်း ရည်ရွယ်တော်မူ၍) မင်းကြီး ဤသို့ ပစ္စည်းကို စွန့်ကြဲကာမျှဖြင့် သာသနာ၏အမွေခံ မဖြစ်ချေသေးဟု မိန့်တော်မူ၏၊ အရှင်ဘုရား အဘယ်သို့သော ကောင်းမှုကိုပြုမှ သာသနာ့အမွေကို ခံရအံ့နည်းဟု လျှောက်ပြန်သော်–

ဒကာမင်းကြီး... မိမိရင်၌ဖြစ်သော သားသမီးတို့ကို ရဟန်းပြုစေခြင်းသည်သာလျှင် သာသနာတော်၏ အမွေခံဖြစ်သည်ဟု မိန့်တော်မူ၏၊ ဒီစကားက မဟာဝင်ကလာတဲ့ စကားပဲ၊ ဒီစကားမှာ သာသနာ့အမွေဆိုတာကို ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဟောခြင်းမဟုတ်၊ သီရိဓမ္မာသောကမင်းရဲ့ အကြံဖြစ်လာတာကို လျှောက်ထားတဲ့အတွက် အမေးနှင့်အဖြေ ကိုက်ညီအောင် ပြန်လည် ဖြေကြားခြင်းသာ ဖြစ်တယ်ကွယ့်"

"မှန်ပါ၊ ဒီလိုဆိုလျှင် ဓမ္မဒါယာဒသုတ်မှာ အာမိသအမွေနှင့် ဓမ္မအမွေကို ဟောပြီးပြီ၊ အာမိသအမွေအရ ပုထုဇဉ်များရဲ့ စိတ်ဆန္ဒအရ တပ်မက်စရာမှန်သမျှကို ကောက်ယူပြီး ဓမ္မအမွေအရ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်၊ ပရိယတ်ကို ကောက်ယူပြီးပြီ၊ သာသနာ့အမွေ အရကျတော့ ဘာကို ကောက်ယူရမှာလဲဘုရား"

"သာသနာ့အမွေကျတော့ သာသနာတော် အရှည်တည်တံ့ စည်ပင်ပြန့်ပွားခြင်းကို ကောက်ယူသင့်တယ်ကွယ့်"

"ဘယ်လိုကြောင့်လဲဘုရား၊ အမိန့်ရှိပါဦး"

"သီရိဓမ္မာသောကမင်းကြီးဟာ အာမိသအမွေအရ ရရှိခံစားရမည့် လောကီအမွေကိုလည်း သူ သိပြီးပြီ၊ ဓမ္မအမွေအရ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်အမွေကိုလည်း သူ သိပြီးပြီ၊ ဒီအာမိသအမွေနှင့် ဓမ္မအမွေနှစ်ပါးဟာ ဘာကို မှီနေသလဲဆိုတော့ သာသနာတော်ကို မှီနေတယ်၊ သာသနာတော်ကို မှီရတဲ့အတွက် အာမိသအမွေနှင့် ဓမ္မအမွေကို ရနိုင်တယ်၊ အမှီခံရတဲ့ ဒီသာသနာတော်ကြီးကကော ဘယ်လိုနည်းနှင့် သန့်ရှင်း တည်တံ့ ခိုင်မာ ပြန့်ပွားနိုင်မှာလဲလို့ အကြံဖြစ်တယ်၊ အဲဒီအကြံဟာ သာသနဒါယဇ္ဇ သာသနာတော်ရဲ့ အမွေပဲကွယ့်။

http://www.dhammadownload.com



အာမိသဒါယာဒ အာမိသအမွေဆိုတာဟာ မိမိ ကြီးပွားချမ်းသာဖို့ ဖြစ်တဲ့အတွက် အတ္တနယ်က မထွက်သေးဘူးကွယ့်၊ ဓမ္မဒါယာဒ တရားတော် အမွေဆိုတာဟာလည်း မိမိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဝင်ဖို့ ဖြစ်တဲ့အတွက် အတ္တနယ်က မထွက်သေးဘူး၊ သာသနဒါယဇ္ဇ သာသနာ့အမွေဆိုတာကတော့ မိမိကိုယ်ကျိုး မပါဘူး၊ သာသနာတော် ရှည်ကြာစွာ တည်သလောက် သာသနာ တော်ကို ခိုမှီကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံး လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရနိုင်ကြတဲ့အတွက် အများအကျိုးဖြစ်တယ်၊ အတ္တနယ်က လွန်သွားပြီလို့ ဆိုကြရမယ်။

ဒါကြောင့် အမွေ ၃-ပါးမှာ သာသနဒါယဇ္ဇဆိုတဲ့ သာသနာ့အမွေက ကျန်တဲ့အမွေ ၂-ပါးထက် မွန်မြတ်တယ်၊ မွန်မြတ်လို့ သီရိဓမ္မာသောကမင်း ကြီးက တောင့်တတော်မူတယ်ပေါ့၊ ဒီနေရာကစလို့ ဦးခန့်ကြီးရဲ့အမေးကို ဖြေကြစို့ရဲ့။

ဦးခန့်ကြီးမေးတာက ရဟန်းမဖြစ်သေးသူကို ရဟန်းအဖြစ်ရောက်အောင် ချီးမြှောက်တဲ့အတွက် သာသနာ့အမွေ ရတယ်ဆိုတာ ရှိပါစေတော့၊ ရဟန်း ဖြစ်ပြီးသူကို ကံထပ်သူများ သာသနာ့အမွေ ရထိုက်,မရထိုက် သိချင်သတဲ့ ကွယ့်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်မှန်ကြောင်းပါဘုရား"

"ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ရဲ့ စကားအတိုင်းပြောရလျှင် **ယော ကောစိ အဍ္ဍော ဝါ ဒလိဒ္ဒေါ ဝါ အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ ဥပသမ္ပာဒေတိ၊ သော သာသနေ ဒါယာဒသင်္ခ ဂစ္ဆတိ**- တဲ့။

**ယောကောစိ**- အမှတ်မရှိ တစ်စုံတစ်ယောက်သော၊ **အဍ္ဍောဝါ**- ကြွယ်ဝသောသူသည်လည်းကောင်း၊ **ဒလိဒ္ဒေါဝါ**- ဆင်းရဲသောသူသည်လည်း ကောင်း၊ **အတ္တနော**- မိမိ၏၊ **ဩရသံ**- ရင်၌ဖြစ်သော၊ **ပုတ္တံ**- သားကို၊ **ပဗ္ဗာ ဇေတိ**- ရှင်ပြုစေ၏၊ **ဥပသမ္ပာဒေတိ**- ရဟန်းခံစေ၏၊ **သော**- ထိုသူသည်၊ **သာသနေ**- သာသနာတော်၌၊ **ဒါယာဒသင်္ခ** - အမွေခံဟူသော အရေအတွက် သို့၊ **ဂစ္ဆတိ**- ရောက်၏တဲ့။

ဒီပါဌ်ရဲ့အဓိပ္ပါယ်က ကိုယ့်သားအရင်းကို ရှင်ပြုပေး၊ ရဟန်းခံပေးမှ

http://www.dhammadownload.com



သာသနာ့အမွေရတယ်လို့ တိုက်ရိုက်ဆိုထားတယ်၊ ဒီလို ဘာလို့ဆိုတာလဲ မေးခဲ့လျှင် သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ ရဟန်းအဖြစ် ရောက်ဖို့ ငဲ့ပြီး ဆိုတာပဲကွယ်၊ အမှန်ကတော့ သာသနာ့အမွေဆိုတာ သာသနာတော်ကြီး အရှည်တည်စေခြင်းပါပဲ၊ ကိုယ့်သားပဲဖြစ်ဖြစ်၊ သူတစ်ပါးသားပဲ ဖြစ်ဖြစ် ရှင်ရဟန်းအဖြစ်ရောက်ပြီး သာသနာတော်နှင့်လျော်တဲ့ ပရိယတ်၊ ပဋိပတ်တရား ကျင့်ကြံပွားများမယ်ဆိုလျှင် ထိုရှင်၊ ထိုရဟန်းကြောင့် သာသနာတော် အရှည် တည်တံ့တာ အမှန်ပါပဲ၊ ဒီတော့ သာသနာတော်ကို သန့်ရှင်းတည်တံ့ ပွားများအောင် ပြုလုပ်သူဟာ လူသားမဟုတ်ဘူး၊ ရှင်ရဟန်းဖြစ်တယ်၊ အဲဒီ ရှင်, ရဟန်း သာသနာတော်ကို အရှည်တည်အောင် ပြုနိုင်တာကလည်း ရှင်ဒကာ, ရဟန်းဒကာကြောင့် ဖြစ်တယ်၊ ဒါကြောင့် ရှင်ဒကာ ရဟန်းဒကာကို "သာသနာဒါယဒ္ဒ- သာသနာ့အမွေခံ"လို့ ဟောခြင်းဖြစ်တယ်၊ မူလ ရှင်ဒကာ၊ ရဟန်းဒကာကိုတော့ ဦးခန့်ကြီးက မစောဒနာပါဘူး၊ ဦးခန့်ကြီး စောဒနာတာက ရဟန်းဖြစ်ပြီးပုဂ္ဂိုလ်များကို ကံထပ်တဲ့ ဒုတိယ, တတိယ ရဟန်းဒကာများ သာသနာ့အမွေ ရထိုက်, မရထိုက်ဖြစ်တယ်။

ဟောဒီပြဿနာဟာ မြန်မာနိုင်ငံမှာ အတော်လေး ကျယ်လောင်ကျယ်လောင် ဖြစ်လာသကွယ့်၊ ဒါကြောင့် အဖြေကို ခပ်ရှည်ရှည်ကလေး ဖြေဆိုလိုက်မယ်"

"မှန်ပါ၊ ခပ်ရှည်ရှည် ဖြေတော်မူပါဘုရား"

"သာသနာတော်လောကမှာ အထွတ်အမြတ်ထားကြတဲ့ စေတီ၊ ဘုရား၊ ရုပ်ပွားတော်များ ရှိကြတယ်၊ အဲဒီ စေတီ, ဘုရား, ရုပ်ပွားတော်များ ဟောင်းနွမ်းသွားလျှင် မပြင်ဆင်ကြဘူးလား"

"ပြင်ဆင်ကြပါတယ်ဘုရား"

"ရွှေချထားတဲ့ ရွှေတိဂုံတို့၊ မဟာမြတ်မုနိတို့လို စေတီတော် ရုပ်ပွားတော်တွေကို ရွှေထပ်ထပ်ပြီး မချကြဘူးလား"

"ချကြပါတယ်ဘုရား"

"ဘာဖြစ်လို့ ချနေကြတာလဲ၊ နဂိုက ရွှေရှိပြီးသား မဟုတ်လား"

"ဒါတော့ ကုသိုလ်ရချင်လို့ ချကြတာပေါ့ဘုရား"

http://www.dhammadownload.com



"ကုသိုလ်ကော ရကြသတဲ့လား"

"ကုသိုလ်စိတ်နှင့်ပြုတော့ ကုသိုလ်ရတာပေါ့ဘုရား"

"မာဝ မညေထ ပုညဿ- ကုသိုလ်ကို မထိမဲ့မြင် မပြုကောင်းဘူး၊ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ မိမိမှာ ကုသိုလ်ဖြစ်မယ်ဆိုလျှင် ပြုသင့်ကြတယ်၊ သူတစ်ပါးလှူထားလို့ ပန်းတွေပုံနေပြီ၊ ငါမလှူပါဘူးဆိုလျှင် ဘယ်သူ ကုသိုလ်မရသလဲကွယ့်"

"မလှူသူ ကုသိုလ်မရတာပါဘဲဘုရား"

"အေး၊ အဲဒီဥပမာလိုပဲ သူတစ်ပါးရဟန်းခံထားတာ၊ ငါ ထပ်မံ ကံထပ်ဖို့ မလိုပါဘူးဆိုလျှင်လည်း ကံမထပ်သူ ကုသိုလ်မရတာပါဘဲ၊ ဘုရားသခင်က ရှေးကသမုတ်ပြီးသိမ်ကို ထပ်ပြီး မသမုတ်ရလို့ အမိန့်ထုတ်မထားသလို ရှေးက ရဟန်းဖြစ်ပြီးပုဂ္ဂိုလ်ကို ကံမထပ်ရလို့ ပညတ်ချက်မရှိပါဘူး၊ ဒါကြောင့် အကြိမ်ပေါင်းများစွာ ကံထပ်သော်လည်း မအပ်မရှိပါဘူး၊ အပ်ပါတယ်၊ သာသနာ့အမွေဆိုတာက ကိုယ်ကံထပ်ထားတဲ့ ပုဂ္ဂိုလ်က သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွား ခိုင်မာအောင် အားထုတ်နေလျှင် ဥပစာနည်းအားဖြင့် မိမိလည်း သာသနာ့အမွေကို ရတယ်လို့ မှတ်သင့်တယ်။

တိစီဝရိတ်ရုတင်ဆောင်ထားတဲ့ ပုဂ္ဂိုလ်များ၊ ကောသနိက်ရုတင်ဆောင်ထားတဲ့ ပုဂ္ဂိုလ်များကတော့ သင်္ကန်းအပို မဆောင်ကောင်း၊ ဒါယကာ လှူတဲ့ဆွမ်းကို မစားကောင်းဘူး၊ အဲဒီပုဂ္ဂိုလ်များအတွက် ကံလည်း မထပ်ကောင်းဘူး၊ ကျန်တဲ့ပုဂ္ဂိုလ်များအတွက်တော့ ကံထပ်ချင်သလောက်ထပ် အပြစ်တစ်စုံတစ်ရာ မဖြစ်တဲ့အပြင် ဒါယကာများ ကုသိုလ်တရား တိုးပွားအောင် စောင့်ရှောက်တဲ့အတွက် သာသနာပြုရာလည်း ရောက်တယ်၊ ဒါကြောင့် နောက်တစ်ဖန် ကံထပ်ကြတဲ့ ဒါယကာများ သာသနဒါယဇ္ဇကုသိုလ်တရား တိုးပွားတဲ့အတွက် စွမ်းအားရှိသလောက် ကံထပ်အလှူ ပြုလုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်"

"သာဓု... သာဓု... သာဓု"

***

http://www.dhammadownload.com



# မောနေယျအကျင့်

"အရှင်ဘုရား၊ ဟောဒီစာက အင်းတော်မြို့နယ်၊ မဲဇာအုပ်စု၊ လယ်ဇင်းကျေးရွာက အသက် ၇၃–နှစ် ရှိပြီဖြစ်တဲ့ ဒါယကာကြီး ဦးသာလှဆိုသူရဲ့ အမေးလွှာဖြစ်ပါတယ်ဘုရား"

"ဒါယကာကြီး ဦးသာလှက ဘာတွေများ မေးထားသလဲကွယ့်"

"ဒါယကာကြီး ဦးသာလှက မောနေယျပဋိပဒ်ဆိုတာကို ကြားရုံသာ ကြားဖူးပြီး အကြောင်းရင်းကို သေချာစွာ မသိတဲ့အတွက် မိန့်ကြားပေးပါရန် လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရား"

"မောနေယျအကြောင်းကို မပြောခင် (မောနေယျ)ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ရှင်းကြဦးစို့ကွယ့်"

"မှန်ပါ ရှင်းတော်မူပါဘုရား"

"အင်္ဂုတ္တရ တိကနိပါတ အဋ္ဌကထာ–၂၃၅၊ မောနေယျသုတ်အဖွင့်မှာ (မောနေယျာနီတိ မုနိဘာဝါ)လို့ ဖွင့်ပြထားတယ်၊ မောနေယျဆိုတာဟာ သဒ္ဒါစကားနှင့်ပြောတော့ (မုနိဘာဝ)ပါပဲတဲ့၊ မုနိဘာဝဆိုတာ ဘာလဲလို့သိဖို့ မုနိရဲ့အနက်ကို အဘိဓာန်မှာ ရှာကြည့်တော့ (၁) ဘုရား၊ (၂) ရသေ့, ရဟန်း၊ (၃) ပေါက်ပင်၊ (၄) စကားနည်းသောသူလို့ အနက်လေးမျိုး ထုတ်ပြတယ်၊ ဒီအနက်လေးမျိုးနှင့် (မောနေယျ)နှင့် ကောင်းကောင်း စပ်လိမ့်မယ်မထင်လို့ မဟာနိဒ္ဒေသ အဋ္ဌကထာ ၁၅၁–ကို ပြန်ကြည့်လိုက်တော့ "မောနံ ဝုစ္စတိ ဉာဏံ" မောနဆိုတာ ဉာဏ်အသိကို ဆိုတာပဲလို့ ဖွင့်ပြသကိုး၊ ဒီတော့ မောနေ ဘာဝါ မုနိ–လို့ ဝိဂြိုဟ်ရသွားတယ်၊ **မောနေ**– အသိဉာဏ်၌၊ **ဘဝါ**–

http://www.dhammadownload.com



ဖြစ်သည်တည်း၊ **မုနိ–** အသိဉာဏ်၌ ဖြစ်သည်လို့ မုနိရဲ့အနက်ကို ရသွားသကွယ့်၊ အရကောက်တော့–

၁။ **အာဂါရမုနိ** = လူအရိယာ
၂။ **အနာဂါရမုနိ** = ရဟန်းသာမဏေ
၃။ **သေခမုနိ** = သေက္ခပုဂ္ဂိုလ် ၇–ယောက်
၄။ **အသေခမုနိ** = ရဟန္တာ
၅။ **ပစ္စေကမုနိ** = ပစ္စေကဗုဒ္ဓါ
၆။ **မုနိ မုနိ** = သမ္မာသမ္ဗုဒ္ဓဘုရား

ဆိုတဲ့ မုနိခြောက်ပါးကို အရကောက်တာပါ၊ မောနေယျဆိုတာက "မုနိနော ဘာဝေါ မောနေယျော" **မုနိနော–** မုနိ၏၊ (ဝါ) ဉာဏ်ရှင်၏၊ **ဘာဝေါ–** အဖြစ်တည်း၊ **မောနေယျော–** ဉာဏ်ရှင်၏အဖြစ်လို့ အနက်ဖော်လိုက်တော့ မောနေယျဆိုတာ ဉာဏ်ရှိသောပုဂ္ဂိုလ် (သို့မဟုတ်) ဉာဏ်ရှင်လို့ အဓိပ္ပာယ်ရတယ်။

မောနေယျကို ဉာဏ်ရှင်ဆိုတော့ ဘာဉာဏ်တွေရဲ့အရှင်လဲလို့ မေးစရာပေါ်လာတယ်၊ ဒီအမေးကို ဖြေဖို့အတွက် အင်္ဂုတ္တရပါဠိတော်၊ တိကနိပါတ်၊ မောနေယျသုတ်ကို ဘုရားရှင် ဟောတော်မူထားတယ်။

## မောနေယျသုတ်

ရဟန်းတို့... ပညာရှိသူ၏ အဖြစ်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်းဟူမူကား ကာယဒွါရ၌ ပညာရှိသူ၏အဖြစ်၊ ဝစီဒွါရ၌ ပညာရှိသူ၏အဖြစ်၊ မနောဒွါရ၌ ပညာရှိသူ၏အဖြစ်တို့တည်း။

ရဟန်းတို့... ကာယဒွါရ၌ ပညာရှိသူ၏အဖြစ်ဟူသည် အဘယ်နည်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ဤသို့ ကာယဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်ခြင်းကို ကာယဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟုဆိုအပ်၏။

ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ်မည်သည်ကား မမှန်သောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသောစကား

http://www.dhammadownload.com



ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဤ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းကို ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟု ဆိုအပ်၏။

ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားမရှိသော ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ဤသည်ကို မနောဒွါရ၌ ပညာရှိသူ၏အဖြစ်ဟု ဆိုအပ်၏။

"ဒီသုတ်က မောနေယျသုတ်ဖြစ်တယ်"

မောနေယျဆိုတာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့၌ ပညာရှိသူလို့ ဆိုလိုကြောင်း ဘုရားဟော ပါဠိတော်ဖြစ်တယ်၊ ဣတိဝုတ်ပါဠိတော်၊ တိက နိပါတ်မှာလည်း ဒီ မောနေယျသုတ် ရှိတယ်၊ အဓိပ္ပာယ်ချင်း အတူတူပါပဲ၊ မောနေယျဆိုတာ ကိုယ်, နှုတ်, စိတ် သုံးပါးလုံး ဉာဏ်ပညာ ရှိသူလို့တော့ အနက်ရထားပြီ၊ ဗုဒ္ဓသာသနာတော်မှာ မောနေယျအမည်ခံသူ ဘယ်လောက်များ ရှိပါသလဲ မေးလျှင်တော့ နာလကထေရ် တစ်ပါးတည်းရှိတယ်လို့ ဖြေရမှာပဲ ကွယ့်၊ ဘာကြောင့်လဲဆိုတော့ မောနေယျကျင့်ဝတ်ဟာ အလွန် ပြင်းထန်တဲ့ ကျင့်ဝတ်ဖြစ်တယ်၊ ဒီကျင့်ဝတ်ကို အထွတ်အမြတ် ကျင့်ခဲ့လျှင် ခုနစ်လမျှသာ အသက်ရှည်တယ်၊ အလယ်အလတ် ကျင့်ခဲ့လျှင် ခုနစ်နှစ်မျှသာ အသက် ရှည်တယ်၊ ခပ်လျော့လျော့ ကျင့်ခဲ့လျှင် ၁၆–နှစ်မျှသာ အသက်ရှည်တယ်၊ ဒါကြောင့် ဘုရားတစ်ဆူ တစ်ဆူရဲ့ သာသနာတော်မှာ မောနေယျအကျင့် ကျင့်သူ တစ်ဦးတည်းသာ ပေါ်ထွက်သတဲ့ကွယ့်၊ မောနေယျအကျင့်ဟာ ဒီလောက် ပြင်းထန်လို့ မောနေယျပုဂ္ဂိုလ်မပေါ်မီ ခုနစ်နှစ်က ကြိုတင်ပြီး ကောလာဟလ ဖြစ်တယ်။

အခု ဂေါတမဘုရားရှင် သာသနာတော်မှာ မောနေယျအကျင့် ကျင့်သူကတော့ နာလကထေရ်လို့ခေါ်တယ်၊ နာလကထေရ်ရဲ့အကြောင်း သုတ္တနိပါတ်မှာ (နာလကသုတ်)အမည်နှင့် သုတ်တစ်သုတ် ဘုရားဟောရှိတယ် ကွယ့်။

"မှန်ပါ နာလကသုတ်ကို မိန့်တော်မူပါဦးဘုရား"

နာလကဆိုတာ ယခု ဗုဒ္ဓသာသနာတော်မှာ မောနေယျအကျင့်ကို

http://www.dhammadownload.com



ကျင့်တဲ့ တစ်ဦးတည်းသောပုဂ္ဂိုလ်ပဲ၊ နာလကဟာ ဒေဝိလရသေ့ကြီးရဲ့ တစ်ဦးတည်းသော တူဖြစ်တယ်၊ ဒေဝိလရသေ့ဆိုတာ လူ့ဘဝတုန်းကတော့ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးရဲ့ ငယ်ဆရာ ပုရောဟိတ်ကြီးပဲ၊ အသက်ကြီးလာမှ မင်းကို ပန်ကြားပြီး ရသေ့ဝတ်လာခြင်းဖြစ်တယ်၊ ဒေဝိလရသေ့ကြီးဟာ အသားအရောင် မည်းနက်ဟန်တူတယ်၊ ဒါကြောင့် မည်းနက်ခြင်းကို ဟောတဲ့ အသိတပုဒ်၊ ကဏှပုဒ်၊ ကာဠပုဒ်များနှင့်တွဲဖက်ပြီး အသိတဒေဝိလ၊ ကဏှဒေဝိလ၊ ကာဠဒေဝိလလို့ ခေါ်ကြတယ်။

ရသေ့ကြီးဟာ သမထတရား ပွားများ အားထုတ်ခဲ့တဲ့အတွက် လောကီဈာန်ရသူဖြစ်တယ်၊ တစ်ရက်တော့ ရသေ့ကြီးဟာ ကပိလဝတ်နန်းတော်အတွင်း ဆွမ်းစားပြီးတော့ နေ့သန့်ရန်အတွက် တာဝတိံသာနတ်ပြည်ကို ကြွသွားတယ်တဲ့၊ တာဝတိံသာရောက်တော့ နေ့သန့်ရန် ရတနာဗိမာန်အတွင်း ခင်းထားတဲ့ ရတနာပလ္လင်ထက် ထိုင်နေတော်မူရင်း ဈာန်ဝင်စားတယ်၊ ဈာန်က ထတော့ ဗိမာန်တံခါးဝက ရပ်ပြီးကြည့်ရှုတဲ့အခါ ယူဇနာခြောက်ဆယ်ရှိတဲ့ နတ်လမ်းတစ်လျှောက် နတ်များ ပျော်မြူးနေကြတာကို မြင်သတဲ့၊ ဒါကြောင့် ပျော်မြူးနေကြတဲ့ နတ်များထံ ချဉ်းကပ်ပြီး ဘာကြောင့် ပျော်မြူးနေပါသလဲလို့ မေးတယ်၊ ဒီအခါ နတ်များက အရှင်ရသေ့မြတ်... ယနေ့ သုဒ္ဓေါဒနမင်းကြီးအားသားရတနာ ဖွားမြင်တယ်၊ အဲဒီမင်းသားဟာ လောကထွတ်ထား ဘုရားစင်စစ်ဖြစ်မှာမို့လို့ ကျွန်ုပ်တို့ ဝမ်းမြောက်နေကြခြင်း ဖြစ်ပါတယ်လို့ ပြောတယ်။

နတ်များ လျှောက်ထားတဲ့စကားကို ကြားတော့ ကာဠဒေဝိလရသေ့ဟာ တာဝတိံသာက ချက်ချင်း ဆင်းခဲ့ပြီး သုဒ္ဓေါဒနမင်းကြီးရဲ့ နန်းတွင်းသို့ ကြွတယ်၊ မင်းကြီးကလည်း ရိုသေစွာ ဆီးကြိုပြီး နေရာခင်းပေးတယ်၊ ရသေ့ကြီးဟာ နေရာမှာထိုင်ပြီးတော့ "မင်းကြီး... သားတော် ဖွားမြင်တယ်ဆိုတာ ဟုတ်သလား၊ အဲဒီ မင်းသားငယ်ကို ငါ ကြည့်ရှုလိုတယ်"လို့ ပြောသတဲ့၊ သုဒ္ဓေါဒနမင်းကြီးက သားတော်ကို ဆောင်ယူစေပြီး ကာဠဒေဝိလရသေ့ကြီးကို ရှိခိုးစေဖို့ ပြုလုပ်သတဲ့၊ အဲဒီခဏမှာပဲ အလောင်းမင်းသားရဲ့ ခြေတော်အစုံဟာ ခုန်ပျံ မြောက်တက်ပြီး ကာဠဒေဝိရလသေ့ရဲ့ ဆံကျစ်ဖျားမှာ တန့်နားရပ်တည်တော်မူသတဲ့၊ အဲဒီ အံ့ဖွယ်သရဲကိုမြင်တော့ ကာဠဒေဝိလရသေ့လည်း ထိုင်ရာကထပြီး ဘုရားအလောင်းတော်ကို လက်အုပ်ချီသတဲ့၊ ကာဠဒေဝိလရသေ့ကြီး

http://www.dhammadownload.com



လက်အုပ်ချီတာမြင်တော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကလည်း သားတော်ကို လက်အုပ်ချီမိုး ရှိခိုးခြင်းပြုသတဲ့ကွယ်။

ကာဠဒေဝိလရသေ့ဟာ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရတဲ့အတွက် ရှေ့ကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာလေးဆယ်တို့ကို အောက်မေ့ ထင်မြင်နိုင်သတဲ့၊ ဒါကြောင့် အလောင်းမင်းသားရဲ့ လက္ခဏာတော်ကိုကြည့်ပြီး ဒီမင်းသားဟာ အံ့ဖွယ်ဘနန်း ထူးသောဆန်းသော ယောကျာ်းပေတကားလို့ အားရဝမ်းသာ ပြုံးရယ်တယ်၊ နောက်တစ်ခါ ဒီမင်းသား ဘုရားဖြစ်ခဲ့လျှင် ငါဟာ ဖူးမြင်ခွင့်ရပါ့မလားလို့ ကြည့်လိုက်တော့ အလောင်းမင်းသား ဘုရား မဖြစ်မီကွယ်လွန်ပြီး အရူပဘုံမှာ ဖြစ်မှာကိုမြင်လို့ ငါဟာ ဘုရားဖြစ်မည့် အလောင်းတော်နှင့်တွေ့ပါလျက် ဘုရားအဖြစ် မဖူးမြော်ရခြင်းဟာ ငါ့အတွက် ကြီးစွာသော ဆုံးရှုံးခြင်း ဖြစ်ပါပကောလို့ သည်းထန်စွာ ငိုကြွေးတယ်။

"ဒီနေရာမှာ ကာဠဒေဝိလရသေ့ ဘာကြောင့် ငိုရတာလဲဆိုတဲ့အမေး နှင့် မန်လည်ဆရာတော်ရဲ့ အဖြေကို ဖော်ပြဦးမယ်"

## မင်းကွန်းဆရာတော်အမေး၊ ပဥ္စဝဂ္ဂါလီသပုစ္ဆာ ပုစ္ဆာနံပါတ် ၄၀-နှင့် အဖြေနံပါတ် ၄၀

*ချာန်လောကီ ရှစ်မည်ရ၊ ဒေဝိလ ဆရာ၊*
*ဘုရားလောင်း လက္ခဏာကို၊ မြင်သောအခါ ပူဆွေး၊*
*မဖူးရရှိမည်ကို၊ စိုးကြဲစည် ဘယ်ကြောင့် ငိုကြွေး၊*
*အရူပလေးဘုံမှာ၊ ဖြစ်ရေးကြံစည်ကာ၊ မစိုးသင့်ပါ၊*
*ရသေ့ပေါင်း များစွာငယ်၊ ချာန်ရှစ်ဖြာ ကုန်ရလျက်၊*
*အောက်ရူပ ဆယ်ဘုံတွင်၊ ဖြစ်ကြသည်ပင်၊*
*အရူပရပ်ခွင်မှာ၊ ဖြစ်ကြောင်းအင် ထောက်လှမ်းပါ့လေး။*

ဒီကဗျာက မင်းကွန်းဆရာတော်ရဲ့ အမေးကဗျာဖြစ်တယ်၊ ဒီကဗျာရဲ့ အဓိပ္ပာယ်က သမာပတ်ရှစ်ပါးကို ရပြီးဖြစ်တဲ့ ဒေဝိလဆရာရသေ့ကြီးဟာ ဘုရားလောင်းရဲ့ ဘုရားဖြစ်မည့်လက္ခဏာကို မြင်တော့ ငါဟာ ကွယ်လွန် လျှင် ငါ ရထားတဲ့ အရူပဈာန်ကြောင့် ကေန် အရူပဘုံမှာ ဖြစ်မယ်၊ အရူပဘုံ မှာဖြစ်တော့ ရုပ်မရှိဘူး၊ ရုပ်မရှိလို့ သောတပသာဒ မပါဘူး၊ သောတပသာဒ

http://www.dhammadownload.com



မပါလို့ ဘုရားဟောတဲ့ တရားအသံကို ကြားနာခွင့် မရှိဘူး၊ တရားသံကို ကြားနာခွင့် မရ (ပရတော ဃောသပစ္စည်း ကင်းကွာ)တဲ့အတွက် ငါဟာ သောတာပန် ဖြစ်ခွင့်မရဘူး၊ သောတာပန် မဖြစ်လျှင် အရိယာဖြစ်ခွင့် မရှိ၊ အရိယာဖြစ်ခွင့်မရှိလျှင် အပါယ်ဘေးက လွတ်ဝေးခွင့် မရှိဘူး၊ နောက်ဆုံး အချိန်မှာ ဘုရားဖြစ်မည့် အလောင်းတော်နှင့် တွေ့ရပါလျက် တရားနာခွင့် မရ၊ တရားကျင့်ခွင့် မရခြင်းဟာ ငါရဲ့ ဆုံးရှုံးခြင်းပဲရယ်လို့ ယူကျုံးမရ ငိုကြွေးပါတယ်၊ အမှန်တကယ်တော့ အရူပဘုံမှာဖြစ်မည်ဆိုပြီး မငိုကြွေးသင့် ပါဘူး၊ ရှေးရှေးက ရသေ့ပေါင်း များစွာတို့ဟာ အရူပဈာန်ကို ရကြပါလျက် အရူပဘုံမှာ မဖြစ်ဘဲ အောက်ရူပဘုံမှာ ဖြစ်ကြပါတယ်၊ ဒါကြောင့် ရှေးရှေး ရသေ့များလို အရူပဘုံမှာ မဖြစ်ဘဲ ရူပဘုံမှာဖြစ်အောင် အားထုတ်ဖို့သာ ရှိပါ တယ်၊ ငိုကြွေးဖို့ မရှိဘူးလို့ ဆိုလိုတယ်။

ဒီအမေးပုစ္ဆာ ကဗျာကို မန်လည်ဆရာတော် ဖြေကြားတော်မူတဲ့ အဖြေ ဝိသဇ္ဇနာကဗျာက…

*ဈာန်လောကီ ရှစ်မည်ရ၊ ဒေဝီလဆရာ၊*
*ဘုရားလောင်း လက္ခဏာကို၊ မြင်သောအခါ ပူဆွေး၊*
*မဖူးရရှိမည်ကို၊ စိုးကြဲစည် ဘယ့်ကြောင့်ငိုကြွေး၊*
*ရွှေအာဘော် ကြံအဆနှင့်၊ သံသယ စုဒ်ပါတယ်၊ သည်ပုစ္ဆာအမေး၊*
*ရေမင့် ဖြေပုံပေးရမှာဖြင့် နေ့းမင့် လွယ်ကူ၊*
*သိသာရုံ ကျယ်မချဲ့ပါဘူး၊ တကယ်ပဲ မြဲမှတ်တော်မူ၊*
*သည့်နှယ်တဲ့ ဘုန်းလူငယ်၊ သပ္ပုရိစက်ကြီးနှင့်၊*
*မမှီးရ ဘာဟီအခါ၊ နည်းမဲ့ဆရာ၊*
*ဈာန်ကိုမက်လို့၊ သူခက်ရှာတယ်*
*ဈာန်ခွာဉာဏ်မှာ မကျွမ်းကျင်လို့လေး-တဲ့ကွယ့်။*

ဒီကဗျာရဲ့အဓိပ္ပာယ်က ကာဠဒေဝီလရသေ့ဟာ သာသနာပကာလမှာ ဖြစ်လို့ ဈာန်ကိုခွာပုံ၊ ဈာန်တက်ပုံနည်းကို မသိဘူး၊ ဈာန်ခွါပုံနည်းမသိတော့ ရပြီးသား အရူပဈာန်ကို မက်မောပြီး မစွန့်ရက်ဘူး၊ ဒါကြောင့် ငိုကြွေးရခြင်း ဖြစ်တယ်လို့ ဆိုလိုတယ်။

ဒီစကားက ယခုအမေးနှင့်တော့ တိုက်ရိုက် မသက်ဆိုင်ပါဘူး၊ သို့

http://www.dhammadownload.com



သော်လည်း စာကြောင်းတိုက်ဆိုင်လာလို့ ဗဟုသုတအဖြစ် ပြောပြလိုက်ရတာ ကိုးကွယ့်။

ကာဠဒေဝီလရသေ့ကြီး ရယ်လိုက်၊ ငိုလိုက် လုပ်နေတာကို မြင်လို့ ဒီရသေ့မြတ်ဟာ မင်းသားငယ် တစ်စုံတစ်ရာ အန္တရာယ်ကိုမြင်လို့ ငိုလိုက်၊ ရယ်လိုက် ဖြစ်လေသလားလို့ စဉ်းစားမိကြလို့ အကြောင်း မေးလျှောက်ကြတဲ့ အခါ ကာဠဒေဝီလရသေ့ကြီးက ဒီမင်းသားမှာ ဘာအန္တရာယ်မျှ မရှိပါဘူး၊ ကေန် ဘုရားဖြစ်မည့်ပုဂ္ဂိုလ် မှန်ပါတယ်၊ သို့သော် မင်းသား ရဟန်းဖြစ်ချိန် မှာ ငါ ဖူးမြော်ရမှာ မဟုတ်တဲ့အတွက် ငိုကြွေးပါတယ်လို့ မိန့်တော်မူပြီး အလောင်းမင်းသား ဘုရားဖြစ်သောအခါ ငါ မဖူးတွေ့ရသော်လည်း ငါ့ဆွေမျိုး ထဲက တစ်ယောက်လောက်များ ဖူးမြင်ထိုက်သူ ပါမလားလို့ ဆင်ခြင်တဲ့ အခါ နှမငယ်ရဲ့သား နာလကကိုမြင်သတဲ့၊ ဒါကြောင့် နှမငယ်အိမ်ကို ကြွ သွားပြီး တူဖြစ်သူ နာလကကို “ငါ့တူ... သုဒ္ဓေါဒနမင်းကြီးရဲ့သားတော် သိဒ္ဓတ္ထမင်းသားဟာ အသက် ၃၅–နှစ်လွန်လျှင် ကေန် ဘုရားဖြစ်လိမ့်မယ်၊ ငါ့တူဟာ ဘုရားရှင်ကို ကေန် ဖူးမြင်ထိုက်သူဖြစ်တယ်၊ ဘုရားဖြစ်သောအခါ ဖူးမြင်နိုင်အောင် ယနေ့ပင် ရဟန်းဝတ်ပါလို့ တိုက်တွန်းတယ်၊ နာလကဟာ ဦးကြီးရဲ့စကားကို နာယူပြီး ထိုနေ့မှာပင် ရဟန်းဝတ်ပြီး ဟိမဝန္တာတောအုပ်က ဘုရားပွင့်မည့်နေ့ကို စောင့်နေသတဲ့၊ လောကသုံးပါးမှာ ဘုရားစင်စစ် ဖြစ် တော်မူပြီးနောက် ဣသိပတန မိဂဒါဝုန်တောမှာ ဘုရားရှင် ဓမ္မစကြာဟော ကြောင်း နတ်များက ကြွေးကြော်ကြတဲ့အတွက် ဘုရား ဖြစ်ပွင့်ပြီဆိုတာကို နာလကသိတယ်၊ ဒါကြောင့် ဣသိပတန မိဂဒါဝုန်တောသို့ ကြွလာတယ်၊ ဘုရားရှင်ကို မြင်လျှင်မြင်ခြင်း သစ္စာလေးပါးသိမြင်တဲ့ ဘုရားရှင်မှန်းသိလို့ ဘုရားရှင်ကို ရိုသေစွာရှိခိုးပြီး မောနေယျအကျင့်ကို ဘယ်လိုကျင့်ရပါသလဲလို့ မေးလျှောက်တယ်၊ ဒီအခါ ကျင့်ကြံရန် အလွန်ခက်တဲ့ မောနေယျအကျင့်ကို ဘုရားရှင်က ဟောပြပါတယ်။

“ချစ်သား နာလက... ပြုနိုင်ခဲ၊ ဖြစ်စေနိုင်ခဲ၊ ခက်ခဲတဲ့ မောနေယျ အကျင့်ကို ငါ ဟောမယ်၊ မိမိကိုယ်ကို ဝီရိယဖြင့် ထောက်ကန်ပြီး နာယူလော့”

ရွာ၌ မိမိအား ဆဲရေးသူနှင့် ရှိခိုးပူဇော်သူကို ထပ်တူပြုရမယ်၊ ဆဲရေး သူကို စိတ်မပြစ်မှားရ၊ ရှိခိုးပူဇော်တဲ့အတွက် စိတ်မတက်ကြွစေရ၊ တော၌

http://www.dhammadownload.com



မီးလျှံနှင့်တူကုန်သော ဣဋ္ဌာရုံ-ကောင်းသောအာရုံ၊ အနိဋ္ဌာရုံ-မကောင်းသော အာရုံတို့သည် ဖြစ်ပေါ်လာတတ်ကြတယ်၊ ထိုအာရုံနှစ်မျိုးကို သည်းခံလော့၊ ထိုတော၌ မိန်းမတို့ဟာ ရဟန်းများကို ဖြားယောင်းတတ်ကြတယ်၊ သင့်ကို မဖြားယောင်းစေလင့်၊ ကောင်း,မကောင်းသော ကာမဂုဏ်ကို စွန့်ပယ်ရမယ်၊ မေထုန်အကျင့်မှ ရှောင်ကြဉ်ရမယ်၊ သတ္တဝါတို့၌ မဆန့်ကျင်ရဘူး၊ တပ်မက်မှု ကင်းစေရမယ်။

ငါဟာ ချမ်းသာခြင်းကို အလိုရှိသကဲ့သို့ သတ္တဝါတိုင်းဟာ ချမ်းသာခြင်းကို အလိုရှိကြတယ်လို့ မိမိကိုယ်ကို ဥပမာထားပြီး သူတစ်ပါးအသက်ကို မိမိလည်းမသတ်ရ၊ သူတစ်ပါးကိုလည်း မသတ်စေရဘူး၊ ပစ္စည်းလေးပါးကို ပုထုဇဉ်တိုင်း တပ်မက်ကြတယ်၊ ပုထုဇဉ်တိုင်းတပ်မက်တဲ့ ပစ္စည်းလေးပါး အပေါ် တပ်မက်တဲ့ လောဘကို ပယ်ရမယ်၊ ပညာမျက်စိ ရှိရမယ်၊ ပြည့်ရန်ခက်ခဲတဲ့ တဏှာချောက်ကြီးကို လွန်မြောက်အောင် ကူးခတ်ရမယ်။

ယုတ်လျော့သောဝမ်း ရှိရမယ်၊ နှိုင်းယှဉ် ပိုင်းခြားအပ်တဲ့ အာဟာရရှိရမယ်၊ အလိုနည်းသူ, မလျှပ်ပေါ်သူဖြစ်ရမယ်၊ လောလုပ္ပတဏှာ မဖြစ်စေရဘူး၊ တဏှာလောဘဆိုတဲ့ မွတ်သိပ်မှု ငြိမ်းအေးစေရမယ်၊ တောက ဆွမ်းခံသွားပြီး တောသို့သာ ပြန်သွားရမယ်၊ သစ်ပင်ရင်းမှာ ထိုင်၍ဖြစ်စေ၊ ရပ်၍ဖြစ်စေ နေရမယ်။

ဈာန်လေ့လာသူ၊ တောမှာပျော်မွေ့သူ၊ မိမိကိုယ်ကို နှစ်သက်စေသူ၊ သစ်ပင်ရင်းမှာ ဈာန်ဝင်စားသူ ဖြစ်ရမယ်၊ တောမှ ရွာသို့ ဆွမ်းခံစားရမယ်၊ ပင့်ဖိတ်လှူသော ဆွမ်းကို မနှစ်သက်ရ၊ ဆောင်ယူ၍လှူသော ဆွမ်းကိုလည်း မနှစ်သက်ရ၊ ဒါယကာတို့နှင့် ရောရောနှောနှော မနေရ၊ ပြတ်သောစကား ရှိရမယ်၊ အစာနှင့်ရည်ရွယ်သောစကားကို မဆိုရ၊ တစ်စုံတစ်ခုသော ပစ္စည်းကို ရလျှင်လည်း ကောင်း၏၊ မရလျှင်လည်း ကောင်း၏ဟု တုန်လှုပ်မှု မရှိစေရ။

မအပါဘဲ သူအဟု သမုတ်ခံပြီး ဆွမ်းခံရမယ်၊ အနည်းငယ်သော အလှူဝတ္ထုကိုလည်း မရှုတ်ချရ၊ ပေးလှူသူကိုလည်း မရှုတ်ချရ၊ မဂ်ရမှု အကျင့်ကို အယုတ်၊ အမြတ် ဘုရားဟောသော်လည်း တစ်ခုတည်းသော မဂ်ဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်မရောက်၊ ကိလေသာတို့သည် တစ်ပြိုင်နက် မကုန်တဲ့

http://www.dhammadownload.com



အတွက် နိဗ္ဗာန်တစ်ဖက်ကမ်းကို တစ်ကြိမ်သာ ရောက်သည်မဟုတ်၊ ပြန့်နှံ့သော တဏှာမရှိ၊ တဏှာအလျဉ်ပြတ်ပြီးသော ပြုသင့်၊မပြုသင့်သော ကိစ္စကို ပယ်ပြီးသော ပုဂ္ဂိုလ်အား ပူပန်မှုမရှိ။

ချစ်သား နာလက... မောနေယျကျင့်သော ရဟန်းဟာ သင်တုန်းဓား သွားဖြင့် လျှာကိုဖြတ်သူကဲ့သို့ အာစောက်ကို လျှာဖြင့်ထိကပ်ပြီး ဝမ်း၌ စောင့်စည်းသူဖြစ်ရမယ်၊ မတွန့်ဆုတ်သောစိတ် ရှိရမယ်၊ ထိုထိုဤဤ မကြံစည်ရာ၊ အညှီအဟောက် ကင်းရမယ်၊ တစ်စုံတစ်ခုသော ဘဝကို မမှီဘူး၊ အကျင့်လျှင် လဲလျောင်းရာရှိသူ ဖြစ်ရမယ်၊ တစ်ယောက်တည်း နေနိုင်ရမယ်၊ ကမ္မဋ္ဌာန်းကို အားထုတ်ရမယ်၊ တစ်ယောက်တည်းနေခြင်းကို မောနေယျဟု ခေါ်သည်၊ တစ်ယောက်တည်း နေနိုင်ခဲ့မူ အရပ်ဆယ်မျက်နှာတို့၌ ကျော်စောလိမ့်မည်။

ငါဘုရားကို မြတ်နိုးသူသည် ဈာန်ဝင်စားနေတယ်၊ ရှက်မှု–ဟိရီနှင့် ယုံကြည်မှု–သဒ္ဓါတရား တိုးပွားတယ်၊ မြစ်ငယ်ချောင်းငယ်တို့ဟာ ချောက်ကြားတို့မှာ အသံမြည်ပြီး စီးသွားကြတယ်၊ မြစ်ကြီးများကတော့ တိတ်တိတ်ဆိတ်ဆိတ် စီးသွားကြတယ်၊ ရေမပြည့်တဲ့အိုးဟာ ဘောင်ဘင်ခတ်ပြီး အသံမြည်တယ်၊ ရေပြည့်တဲ့အိုးက ငြိမ်သက်တယ်၊ သူမိုက်ဟာ ရေမပြည့်တဲ့အိုးနှင့် တူပြီး ပညာရှိကတော့ ရေပြည့်တဲ့အိုးကြီးနှင့် တူတယ်၊ တရားသိသူဟာ စောင့်စည်းတဲ့စိတ်ရှိတယ်၊ တရားသိသူဟာ စကားများစွာ မဆို၊ ထိုပုဂ္ဂိုလ်ဟာ အရဟတ္တမဂ်ပညာရပ်ကို ရနိုင်တယ်၊ ရလည်း ဧကန်ရတယ်လို့ မြတ်စွာဘုရား ဟောတော်မူတယ်။

အရှင်နာလကမထေရ်ဟာ သုံးဌာနတို့မှာ အလိုနည်းသူ ဖြစ်သတဲ့၊ သုံးဌာနဆိုတာက...

(၁) ဘုရားဖူးခြင်းမှာ အလိုနည်းတယ်၊
(၂) တရားနာခြင်းမှာ အလိုနည်းတယ်၊
(၃) မောနေယျအကျင့် မေးမြန်းခြင်းမှာ အလိုနည်းခြင်းဖြစ်တယ်။

**ဘုရားဖူးခြင်းမှာ အလိုနည်းပုံက–** အရှင်နာလကဟာ မောနေယျတရား နာကြားပြီးအဆုံး အလွန် အားရဝမ်းသာစွာ ဘုရားရှင်ကို ရှိခိုးပြီး တောအရပ် ဝင်တဲ့နေ့ကစပြီး နောက်တစ်ကြိမ် ငါဟာ ဘုရားရှင်ကို ဖူးတွေ့ရလျှင်

http://www.dhammadownload.com



ကောင်းမှာပဲဆိုတဲ့ အလိုဆန္ဒမျိုး တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဘူးတဲ့၊ ဒါက အရှင်နာလက ဘုရားဖူးရန် အလိုဆန္ဒ နည်းပါးမှုဖြစ်တယ်၊ **တရားနာခြင်း၌ အလိုဆန္ဒနည်းပုံက** ငါဟာ နောက်တစ်ကြိမ် တရားနာရလျှင် ကောင်းမှာပဲဆိုတဲ့ အလိုဆန္ဒမျိုးလည်း တစ်ကြိမ်မှ မဖြစ်ပေါ်ခဲ့ဘူးတဲ့၊ **ပုစ္ဆာမေးလျှောက်မှု အလိုဆန္ဒနည်းပုံက** အရှင်နာလကဟာ ဘုရားရှင်ထံ မောနေယျအကျင့် မေးလျှောက်ပြီးတဲ့နောက် နောက်တစ်ကြိမ် ပြန်မေးဖို့ အလိုဆန္ဒ မရှိတော့ဘူးတဲ့။

အရှင်နာလကဟာ အလိုနည်းခြင်း ၃-ပါးနှင့် ပြည့်စုံသူဖြစ်လို့ တော‌ အတွင်းဝင်ပြီး တောအုပ်တစ်ခုမှာ တစ်ရက်သာနေတယ်၊ နှစ်ရက်မနေဘူးတဲ့၊ ရွာတစ်ရွာအတွင်း တစ်ရက်သာ ဆွမ်းခံတယ်၊ နှစ်ရက် ဆွမ်းမခံဘူးတဲ့၊ အဲဒီလို တစ်တောကတစ်တော၊ သစ်တစ်ပင်ရင်းက သစ်တစ်ပင်ရင်း၊ တစ်ရွာက တစ်ရွာ ပြောင်းရွှေ့လှည့်လည်ရင်း မကြာမီ အရဟတ္တဖိုလ်တည်သတဲ့။

အရှင်နာလကထေရ်ဟာ မောနေယျပုဂ္ဂိုလ် ၃-မျိုးထဲမှာ အထွတ်အမြတ် ဥက္ကဋ္ဌပုဂ္ဂိုလ်ဖြစ်တယ်၊ ဥက္ကဋ္ဌပုဂ္ဂိုလ်ဖြစ်လို့ ၇-လမျှသာ အသက်ရှည်မယ်၊ ဒါကြောင့် မိမိရဲ့အသက်အစဉ်ကို ဆင်ခြင်ကြည့်လိုက်တဲ့အခါ မကြာမီ အသက်ကုန်မှာကို မြင်တော်မူတယ်၊ ဒါကြောင့် ကိုယ်ကို သန့်စင်အောင် ရေချိုးသတဲ့၊ ရေချိုးပြီးတော့ သင်းပိုင်ကို အဝန်းညီအောင် ဝတ်တယ်၊ ခါး ပန်းပန်းတယ်၊ သင်္ကန်းကြီးနှင့် ဧကစီကို ထပ်ရုံပြီး ဘုရား သီတင်းသုံးတော်မူရာ ရာဇဂြိုဟ်ပြည်ဘက် မျက်နှာမူပြီး ဘုရားရှင်ကို အာရုံပြုပြီး ရှိခိုးတယ်၊ ပြီးတော့ ဟိင်္ဂုလက အမည်ရှိတဲ့တောင်ကို မတ်တပ်ရပ်မှီပြီး ပရိနိဗ္ဗာန် ဝင်စံတော်မူသတဲ့။

အရှင်နာလက ပရိနိဗ္ဗာန် ဝင်စံကြောင်း ဘုရားရှင် သိတော်မူလို့ နောက်ပါ ရဟန်းများနှင့်အတူ ဟိင်္ဂုလကတောင်သို့ ကြွသွားပြီး နာလကထေရ် အလောင်းကို မီးသင်္ဂြိုဟ်တယ်၊ မီးလောင်ရာကကြွင်းတဲ့ ဓာတ်တော်များကို ကောက်ယူစေပြီး ဘုရားရှင်နှင့် ရဟန်းတော်များက စေတီတည်ကြသတဲ့ကွယ်။


အင်းတော် လယ်ဇင်ကျေးရွာ ဒါယကာကြီးဦးသာလှ မေးလျှောက်တဲ့ မောနေယျပုဂ္ဂိုလ်ရဲ့အကြောင်း ဒီလောက်ဆို သင့်တော်ပါပြီနော်”

“မှန်ပါ သင့်တော်လှပါပြီဘုရား”

“သာဓု... သာဓု... သာဓု”

***

http://www.dhammadownload.com



# ဂရုစမ္ဗန္ဓနှင့်အာဇီဝဋ္ဌမကသီလ

"ဟောဒီစာက ဒေါ်ကြည်ကြည်ထံက ပေးစာပါဘုရား"

"ဒေါ်ကြည်ကြည်ဆိုတော့ ဗန်းမော်မြို့က အထက်တန်းကျောင်း ဆရာမကြီး ဒေါ်ကြည်ကြည်လား"

"မဟုတ်ပါ၊ အခု ဒေါ်ကြည်ကြည်က ပဲခူးတိုင်း၊ သဲကုန်းမြို့၊ ဆေးရုံလမ်းက ဒေါ်ကြည်ကြည်ဖြစ်ပါတယ်ဘုရား"

"ဒေါ်ကြည်ကြည် ပေးစာက ဘယ်လိုတဲ့တုန်း"

"ဒေါ်ကြည်ကြည်ရဲ့ပေးစာက ဆရာတော်ဘုရားရဲ့ မွေးနေ့ဖြစ်တဲ့ ၁၃၅၆–ခု၊ တန်ခူးလဆန်း ၁၄–ရက်နေ့မှာ သားနှင့်မြေးများကို ရှင်ပြုတယ်တဲ့ဘုရား၊ အဲဒီရှင်ပြုပွဲအတွက် ရဟန်းတော် ၂၈–ပါးပင့်ရာမှာ အဝေးရောက်ဖြစ်တဲ့ ဆရာတော်ကိုလည်း ပင့်သံဃာအဖြစ် ထည့်ပင့်ပါသတဲ့၊ အဲဒီအလှူပွဲမှာ ပင့်သံဃာတစ်ပါးအတွက် ငါးရာကျပ်တန် အိန္ဒိယကော်ဇောတစ်ချပ်၊ ရေစစ်တစ်ခု၊ မြတ်သရဏဂုံ စာအုပ်ကတစ်အုပ်နှင့် နဝကမ္မဝတ္ထု ၉၀–ကျပ်စီလှူဒါန်းရာမှာ အဝေးရောက်ဆရာတော်ရဲ့အတွက် အလှူဝတ္ထုများကို နဝကမ္မဝတ္ထု ၆၅၀/–စာတိုက်က ပေးပို့လှူဒါန်းကြောင်း ပေးစာပါဘုရား"

"သာဓု… သာဓု… သာဓု၊ ဒီလို လှူဒါန်းရတဲ့ ကောင်းမှုကြောင့် တောင်းသောဆုများ ပြည့်စုံပါစေလို့ ဆုပေးလိုက်ပါတယ်ကွယ်"

http://www.dhammadownload.com



"ဒေါ်ကြည်ကြည်ရဲ့ ပေးစာက တစ်ရွက်ကျန်ပါသေးတယ်ဘုရား"

"အဲဒီစာရွက်မှာ ရေးထားတာက-

ဒေါ်ကြည်ကြည်ဟာ ဂရုဓမ္မ(ငါးပါးသီလ)နှင့် အာဇီဝဋ္ဌမက (ရှစ်ပါးသီလ)ရယ်လို့ လူသားများ အမြဲစောင့်ရှောက်ဖို့ နှစ်မျိုးရှိရာ အာဇီဝဋ္ဌမကသီလက အကျိုးကြီးမား မြင့်မြတ်လိမ့်မယ်လို့ ယူဆပြီး အာဇီဝဋ္ဌမကသီလကို ဆောက်တည်ခဲ့တာ ငါးနှစ်ရှိသွားပြီတဲ့ဘုရား"

"အတွဲ-၉၊ အမှတ်-၇၊ မြတ်မင်္ဂလာစာစောင်မှာ ဘဒ္ဒန္တ တိလောကသာရ အရှင်မြတ် ဖြေဆိုတော်မူတာက အာဇီဝဋ္ဌမကသီလဟာ အကြမ်းစားဖြစ်တယ်၊ ငါးပါသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့က နုတယ်၊ ဒါကြောင့် အာဇီဝဋ္ဌမကသီလကို အထူး မဖြည့်ကျင့်တော့ဘဲ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါး သီလတို့ကိုသာ ဆောက်တည်သင့်ကြောင်း အကျယ်ဖြေဆိုထားတာကို တွေ့ရ ပါတယ်တဲ့"

"ဒေါ်ကြည်ကြည်က သူ အာဇီဝဋ္ဌမကသီလ ဆောက်တည်တာဟာ သူ့စိတ်ကူးအရ မဟုတ်ပါဘူး၊ ရတနာ့ဂုဏ်ရည်ကျမ်း စာအုပ်ပါအတိုင်း အားကိုးပြီး ဆောက်တည်တာပါ၊ ယခုတော့ ဂရုဓမ္မသီလကိုပဲ ဆောက်တည်ရမလား၊ အာဇီဝဋ္ဌမကသီလကိုပဲ ဆောက်တည်ရမလား၊ စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားလို့ ဆရာတော်ထံ စာရေးလျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"သီလကျင့်သုံးဆောက်တည်ရာမှာ ဂရုဓမ္မသီလက မှန်တယ်၊ အာဇီဝဋ္ဌသီလက မှန်တယ်လို့တော့ အငြင်းပွားတာ မရှိခဲ့ပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒီ သီလနှစ်မျိုးလုံး ဘုရားဟောချည်း ဖြစ်တဲ့အတွက်ကြောင့်ပါပဲ၊ အကျင့်သီလချင်း တူပါလျက် ဘာကြောင့် ဘုရားရှင်က နှစ်မျိုးခွဲပြီး ဟောရတာလဲ၊ လူတွေကို ရန်တိုက်ခဲ့တာလားဆိုတော့ လုံးဝ မဟုတ်ပါဘူး၊ ဒါဖြင့် ဘာကြောင့် နှစ်မျိုးကွဲသွားတာလဲဆိုတော့...

လောကသုံးပါးမှာ ဘုရားဗုဒ္ဓအဖြစ်ကို ရောက်တော်မူပြီးတဲ့နောက် ရှေးဦးစွာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကို အသိပေးပြီး ဟောကြားတဲ့ တရားတော်က ဣသိပတန မိဂဒါဝုန်တောမှာဟောတဲ့ ဓမ္မစကြာတရားပေါ့၊ ပါဠိလိုတော့ ဓမ္မစက္ကပဝတ္တနသုတ်လို့ ခေါ်တယ်"

http://www.dhammadownload.com



"အဲဒီသုတ်မှာ ကမ္ဘာ့အယူဝါဒကြီးသုံးပါး ခွဲခြားပြီး ဟောထားဘယ်၊ အယူဝါဒကြီး သုံးပါးဆိုတာက မမှိဝဲအပ်တဲ့ အယူဝါဒကြီးက နှစ်ပါး၊ မှိဝဲအပ်တဲ့ အယူဝါဒကြီးက တစ်ပါးဖြစ်တယ်၊ မမှိဝဲအပ်တဲ့ အယူဝါဒကြီး နှစ်ပါးကို ပါဠိတော်မှာ (အန္တ)လို့ သုံးထားတယ်၊ အန္တ ရဲ့အနက်က ဘာလဲလို့ လေ့လာလိုက်တော့– (၁) အဆုံးအစွန်းအနက်၊ (၂) ယုတ်မာတဲ့အနက်ရယ်လို့ နှစ်မျိုးတွေ့ရတယ်၊ ဒီအနက်နှစ်မျိုးအပြင် နီးသော, လုပသော, သေသော, အမှန်သိသော, ကိုယ်အင်္ဂါအဖို့၊ ကောဋ္ဌာသ၊ ပျက်စီးခြင်း၊ အူဆိုတဲ့ အနက်တွေကိုလည်း (အန္တသဒ္ဒါ)က ဟောတယ်၊ ဒါပေမယ့် ဒီနေရာမှာ အဲဒီအနက်တွေ မလိုဘူး၊ လိုတာက အဆုံးအစွန်းအနက်နှင့် ယုတ်မာခြင်းဆိုတဲ့ အနက်ပဲ၊ အဆုံးဘက်၊ အစွန်းဘက်ကျသော(သို့မဟုတ်) ယုတ်မာသောအနက်ကို ထွန်းပြတဲ့ အယူဝါဒနှစ်မျိုးဆိုတာက– (၁) ကာမေသု ကာမသုခလ္လိ ကာနုယောဂအကျင့်နှင့် (၂) အတ္တကိလမထာနုယောဂအကျင့်များ ဖြစ်ကြတယ်။

(၁) **ကာမေသု ကာမသုခလ္လိကာနုယောဂအကျင့်**ဆိုတာက ကာမဂုဏ်ခံစားလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်လို့ ယူဆတဲ့ဝါဒပေါ့။

(၂) **အတ္တကိလမထာနုယောဂအကျင့်**ဆိုတာက ခန္ဓာကိုယ်ကို ပင်ပန်းအောင် ညှဉ်းပန်းနှိပ်စက်ပါမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတဲ့ ဝါဒပေါ့။

ဒီအကျင့်ဝါဒ နှစ်မျိုးလုံးကို ဗုဒ္ဓဘုရားရှင်က (အန္တ)အစွန်းတစ်ဖက်ရောက်တယ်၊ ယုတ်မာတယ်လို့ ပယ်ချခဲ့တယ်၊ ဘာမျှ အလုပ်မလုပ်အချောင်စားဘဝနှင့် နိဗ္ဗာန်ဝင်တယ်ဆိုတဲ့ အယူဝါဒကိုလည်း ဘုရားရှင်လက်မခံဘူး၊ နင်လားငါလား သေသေကျေကျေ လုပ်မှ နိဗ္ဗာန်ဝင်တယ်ဆိုတဲ့ အယူဝါဒကိုလည်း ဘုရားရှင် လက်မခံဘူး၊ ဘုရားရှင် လက်ခံတဲ့ဝါဒက အဲဒီလက်ဝဲစွန်း၊ လက်ယာစွန်း အစွန်းနှစ်ပါး မကပ်ရောက်တဲ့ အလယ်အလတ်အကျင့် မဇ္ဈိမပဋိပဒါသာ ဖြစ်တယ်ကွယ့်၊ အဲဒီ အလယ်အလတ် မဇ္ဈိမပဋိပဒါအကျင့်ဆိုတာက ဘာလဲဆိုတော့ အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်ပဲ။

အရိယာမဂ်ဆိုတာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ မဂ်လေးပါးကို ဆိုခြင်းဖြစ်တယ်၊ အင်္ဂါရှစ်ပါးဆိုတာက သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ရှစ်ပါးကို ဆိုလိုတယ်၊ ဒီရှစ်ပါး တစ်

http://www.dhammadownload.com



ပြိုင်နက်ဖြစ်တာကို မင်္ဂလို့ ခေါ်တယ်၊ တစ်ပြိုင်နက်မဖြစ်ဘဲ တစ်ခုစီတစ်ခုစီ ဖြစ်တာကို မဂ္ဂင်လို့ ခေါ်တယ်၊ ဆိုလိုတာက လောကုတ္တရာမင်္ဂ မရောက်မီ ရှေးက ကြိုတင်ပြုလုပ်တဲ့ ဒါန, သီလ စသည်တို့ကို မဂ္ဂင်လို့ခေါ်တယ်၊ မဂ္ဂင် ဆိုတာက မဂ္ဂ-အင်္ဂပေါ့၊ မင်္ဂရဲ့အင်္ဂါတစ်ခုစီကို မဂ္ဂင်လို့ခေါ်တယ်၊ လောကုတ္တရာ မင်္ဂကို မရောက်မီ အားထုတ်ပြုလုပ်တဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသည့် တစ်ခုစီကို မဂ္ဂင်လို့ခေါ်တယ်၊ တရားအားထုတ်လို့ သောတာပတ္တိမင်္ဂ အစရှိတဲ့ လောကုတ္တရာမင်္ဂ ရောက်တယ်ဆိုတာ မဂ္ဂင်ရှစ်ပါး တစ်ပြိုင်နက်ဖြစ်တာကို ဆိုလိုတယ်၊ ဒါကြောင့် ဓမ္မစကြာပါဠိတော်မှာ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ လို့ ဟောတော်မူထားတယ်။

ဒီနေရာမှာ သိစရာက အကျင့်သုံးပါးကိုပြပြီး လက်ဝဲအစွန်းလမ်းနှင့် လက်ယာအစွန်းလမ်းဟာ ဗုဒ္ဓရဲ့လမ်းစဉ် မဟုတ်ဘူး၊ အလယ်အလတ်လမ်း သာ ဗုဒ္ဓရဲ့လမ်းစဉ်ဖြစ်တယ်၊ ဒါကြောင့် ဗုဒ္ဓဟောတာကို ယုံကြည်တဲ့ ဗုဒ္ဓ ဘာသာဝင်မှန်သမျှဟာ လက်ဝဲလမ်း၊ လက်ယာလမ်းကို မလိုက်ဘဲ အလယ် လမ်းကိုသာ လိုက်ရမယ်ပေါ့၊ အလယ်လမ်းက ဘာလဲဆိုတော့...

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ရှစ်ပါးဟာ အလယ်အလတ် မဇ္ဈိမ ပဋိပဒါလမ်းပဲပေါ့၊ မဂ္ဂင်ရှစ်ပါးဟာ အလယ်အလတ် ဗုဒ္ဓဘာသာဝင်များ အားထုတ်ရမည့် လမ်းဆိုတာတော့ အကြမ်းသိသွားပါပြီ၊ သို့သော် ဒီမဂ္ဂင် ရှစ်ပါးကို ကျင့်တော့ ဘယ်လိုကျင့်မှာလဲ။

သမ္မာဒိဋ္ဌိ-အမြင်မှန်ခြင်း၊ သမ္မာသင်္ကပ္ပ-အကြံအစည်မှန်ခြင်း၊ သမ္မာ ဝါစာ-အပြောအဆိုမှန်ခြင်းလို့ သိရုံမျှနှင့် မဂ္ဂင်ရှစ်ပါး ကျင့်နည်းကို မသိ သေးဘူး၊ မဂ္ဂင်ရှစ်ပါးကို ဘယ်လိုကျင့်ရမှာလဲလို့ လေ့လာတော့ မူလပဏ္ဏာသ ပါဠိတော်မှာ စူဠဝေဒလ္လသုတ်ဆိုတာကို တွေ့တယ်ကွယ့်၊ ဒီစူဠဝေဒလ္လသုတ် ဟာ ဘုရားဟော ပါဠိတော်အတွင်း ထည့်ထားသော်လည်း ဘုရားရှင်ဟော တာမဟုတ်ဘူး၊ ရဟန္တာယောကျ်ားတွေ ဟောတာလည်းမဟုတ်ဘူး၊ ဓမ္မဒိန္နာ ထေရီမ ဟောတဲ့သုတ်ဖြစ်တယ်၊ ဓမ္မဒိန္နာထေရီမ ဒီသုတ်ကို တရားဟောသလို ဟောတာလားဆိုတော့ မဟုတ်ဘူး၊ ဝိသာခသူဌေးကြီးက မေးလို့ ဖြေဆိုတဲ့ သုတ်မျှသာဖြစ်တယ်၊ ဝိသာခသူဌေးဆိုတာလဲ ဓမ္မဒိန္နာ လူသားဘဝတုန်းက

http://www.dhammadownload.com



ကြင်ဖော်လင်ကြီးဖြစ်တယ်၊ သူတို့ဟာ ရာဇဂြိုဟ်ပြည်မှာ ထင်ပေါ်ကျော်ကြားတဲ့ သူဌေးလင်မယားများ ဖြစ်ကြတယ်။

တစ်ရက်တော့ ဝိသာခသူဌေးကြီးက ဘုရားရှင်ထံ တရားနာယူရာက အနာဂါမ် တည်သွားတယ်၊ အနာဂါမ်ဆိုတာ ကာမရာဂကို အကြွင်းမဲ့ပယ်ခွာပြီးဖြစ်လို့ လင်နှင့်မယား အတူတကွပေါင်းဖော်နေထိုင်လို့ မဖြစ်ဘူး၊ ဒါကြောင့် ဝိသာခသူဌေးကြီးက သူ အနာဂါမ် ဖြစ်သွားပြီဆိုတဲ့အကြောင်း ဖွင့်ပြောပြီး မယား ဓမ္မဒိန္နာကို သင်ဟာ အရွယ်လည်းရှိသေးတယ်၊ လှလည်းလှတယ်၊ ဒါကြောင့် ကာမဘုံမှာ ကာမဂုဏ်ခံစား၊ စံစားချင်သေးသပဆိုလျှင် ပစ္စည်းဉစ္စာ, ရတနာ, ရွှေ, ငွေတွေကိုလည်း ယူသွား၊ ကြိုက်တဲ့လူနှင့်လည်း ပေါင်းဖော်နေထိုင်ခွင့်ပြုတယ်လို့ တိတိလင်းလင်း ပြောပြတော့ ဓမ္မဒိန္နာက ကာမရာဂကို ရွံမုန်းတတ်တဲ့ အဲဒီ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ကျွန်မတို့ မိန်းမသားများကော မရနိုင်ဘူးလားလို့ မေးတယ်တဲ့၊ ဝိသာခသူဌေးကြီးက မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ တရားအားထုတ်လျှင် ရနိုင်ကြောင်း ပြန်ပြောတော့ လင်ဖြစ်သူကို အားကျပြီး ဓမ္မဒိန္နာလည်း သင်္ကန်းဝတ်တယ်၊ သင်္ကန်းဝတ်ပြီး တောအရပ်မှာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်လို့ ဓမ္မဒိန္နာဟာ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာမ ဖြစ်သွားတယ်၊ အာသဝေါကုန်ပြီးတဲ့နောက် ရာဇဂြိုဟ်ကို ပြန်အလာမှာ လင်ဖြစ်ခဲ့ဖူးတဲ့ ဝိသာခသူဌေးကြီးက သူ့မိန်းမ တရားရ,မရ သိချင်လို့ မေးမြန်း ဖြေကြားတဲ့သုတ်ကို စူဠဝေဒလ္လသုတ်လို့ ခေါ်တယ်၊ ဒီသုတ်ဟာ ဘုရားဟော မဟုတ်ပါဘဲနှင့် ဘာဖြစ်လို့ ပါဠိတော်အတွင်း ထည့်သွင်းဖော်ပြထားတာလဲဆိုတော့ အကယ်၍ ဒီပုစ္ဆာကို ဘုရားရှင်ထံ မေးလျှောက်လျှင်လည်း ဘုရားရှင်က ဓမ္မဒိန္နာ ဖြေဆိုတဲ့အတိုင်း ဖြေမှာပဲလို့ မိန့်တော်မူတဲ့အတွက် ပါဠိတော်အတွင်း ထည့်သွင်းဖော်ပြထားခြင်း ဖြစ်တယ်တဲ့၊ အဲဒီ စူဠဝေဒလ္လသုတ်မှာ မဂ္ဂင်ရှစ်ပါးနှင့် ပတ်သက်ပြီး အမေးအဖြေပြုကြပုံက–

"အရှင်မ အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်းလို့" ဝိသာခသူဌေးကြီးက မေးတော့ ဓမ္မဒိန္နာထေရီမက...

"ဒါယကာ ဝိသာခ၊ မဂ်ဟူသည် မှန်သောအယူ–သမ္မာဒိဋ္ဌိ၊ မှန်သောအကြံအစည်–သမ္မာသင်္ကပ္ပ၊ မှန်သောစကား–သမ္မာဝါစာ၊ မှန်သောအမှု–သမ္မာကမ္မန္တ၊ မှန်သောအသက်မွေးမှု–သမ္မာအာဇီဝ၊ မှန်သောအားထုတ်မှု–

http://www.dhammadownload.com



သမ္မာဝါယာမ၊ မှန်သောအောက်မေ့မှု-သမ္မာသတိ၊ မှန်သော တည်ကြည်မှု-သမ္မာသမာဓိ ပေတည်းလို့ ဖြေတယ်” ဝိသာခသူဌေးကြီးက ဆက်ပြီး...

“အရှင်မ... အင်္ဂါရှစ်ပါးရှိသော ဤမဂ်သည် အပြုအပြင်ခံ မဟုတ်သော အသင်္ခတတရားလော”လို့ မေးတယ်၊ ဓမ္မဒိန္နာထေရီမက...

“ဒါယကာဝိသာခ... မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်သည် အပြုအပြင်ခံ သင်္ခတ တရားပေတည်း”လို့ ဖြေတယ်။

ဝိသာခသူဌေးကြီးက “အရှင်မ ဓမ္မဒိန္နာ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် အစု(ခန္ဓာ)သုံးပါးတို့ကို သိမ်းယူရသလော သို့မဟုတ် အစု(ခန္ဓာ) သုံးပါးတို့ဖြင့် မြတ်သောအင်္ဂါရှစ်ပါးရှိသောမဂ်ကို သိမ်းယူရသလော”လို့ မေးတယ်၊ ဓမ္မာဒိန္နာက...

“ဒါယကာဝိသာခ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် အစု(ခန္ဓာ) သုံးပါးတို့ကို မသိမ်းယူရ၊ အစု(ခန္ဓာ)သုံးပါးတို့ဖြင့်သာ မြတ်သောအင်္ဂါ ရှစ်ပါးရှိသော မဂ်ကို သိမ်းယူရ၏၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤမဂ္ဂင်သုံးပါးတို့ကို သီလအစု (သီလက္ခန္ဓာ)၌ သိမ်းယူရကုန်၏၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဤမဂ္ဂင်သုံးပါးတို့ကို တည်ကြည်မှု သမာဓိ အစု(သမာဓိက္ခန္ဓာ)၌ သိမ်းယူရကုန်၏၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဤမဂ္ဂင် တရားနှစ်ပါးတို့ကို ပညာအစု (ပညာက္ခန္ဓာ)၌ သိမ်းယူရကုန်၏”လို့ ဖြေတယ်။

စူဠဝေဒလ္လသုတ်ကလာတဲ့ အစု(ခန္ဓာ)သုံးပါးအဖြေဟာ မဂ္ဂင်ရှစ်ပါး အကျင့်အတွက် အလွန်အရေးကြီးတဲ့ အဖြေဖြစ်တယ်၊ မဂ္ဂင်ရှစ်ပါး တစ်ပြိုင်နက် ဖြစ်တာကို မဂ်လို့ခေါ်ကြောင်း သိသာတယ်၊ ဒီနေရာမှာ မဂ်ဆိုတာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ လောကုတ္တရာမဂ်ကို ဆိုလိုတယ်၊ လောကုတ္တရာမဂ်မှာ မဂ္ဂင်ရှစ်ပါးတို့ဟာ တစ်ပြိုင်နက် ဖြစ်သော်လည်း လောကုတ္တရာမဂ် မရောက်မီ ပါရမီဖြည့်စဉ်ကာလမှာ တော့ မဂ္ဂင်ရှစ်ပါးတို့ဟာ တစ်ပြိုင်နက်မဖြစ်ဘဲ တစ်ခုစီသာ ဖြစ်ကြတယ်၊ အဲဒီလို ဖြစ်ရာမှာ မဂ္ဂင်ရှစ်ပါးတို့ဟာ အစုသုံးစုပြုပြီး ဖြစ်ကြတယ်တဲ့၊ အဲဒီ အစုဆိုတဲ့စကားကို ပါဠိလို (ခန္ဓာ)လို့ ခေါ်တယ်။

http://www.dhammadownload.com



ပါဠိတစ်ချက် အနက်ဆယ်ထွေဆိုတဲ့ စကားအတိုင်း (ခန္ဓာ)ဆိုတဲ့ ပုဒ်ဟာ အစုအပေါင်း၊ အစိုင်အခဲဆိုတဲ့ အနက်တစ်ခုတည်း မကဘူး၊ ခန္ဓာငါးပါးဆိုတဲ့ အနက်၊ ကျေးဇူးအနက်၊ ပခုံးအနက်၊ ကျောကုန်းအနက်၊ ပင်စည်အနက်များကိုလည်း ဟောသေးတယ်၊ ဒီနေရာမှာတော့ ခန္ဓာဟာ အစုအဖွဲ့ဆိုတဲ့ အနက်ကိုသာ ဟောတယ်၊ ဘယ်လိုအစုအဖွဲ့လဲဆိုတော့ မဂ္ဂင်ရှစ်ပါးကို ကျင့်ဖို့ရာအတွက် အစုဖွဲ့ခဲ့လျှင် အစုသုံးစုသာ ရှိတယ်တဲ့၊ အစုသုံးစု ဆိုတာက သီလအစု၊ သမာဓိအစု၊ ပညာအစုတို့ ဖြစ်ကြတယ်၊ အစုဆိုတဲ့စကားဟာ ခန္ဓာဆိုတဲ့ပုဒ်နှင့် အနက်ချင်းတူညီတဲ့အတွက် သီလအစုကို သီလက္ခန္ဓာ၊ သမာဓိအစုကို သမာဓိက္ခန္ဓာ၊ ပညာအစုကို ပညာက္ခန္ဓာလို့ သုံးတယ်၊ ဒီအစုသုံးစုက ဘာကိုစုတာလဲဆိုတော့ မဂ္ဂင်ရှစ်ပါးကို စုတာ၊ သဘောပေါက်ရဲ့လား"

"မှန်ပါ ပေါက်ပါတယ်ဘုရား"

"မဂ္ဂင်ရှစ်ပါးကို ဘယ်လိုသုံးစု စုသလဲဆိုတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒီမဂ္ဂင်သုံးပါးကို **သီလအစုမဂ္ဂင်**လို့ မှတ်ပါတဲ့၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒီမဂ္ဂင်သုံးပါးကို **သမာဓိမဂ္ဂင်အစု**လို့ မှတ်ပါတဲ့၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဒီမဂ္ဂင်နှစ်ပါးကို **ပညာမဂ္ဂင်အစု**လို့ မှတ်ပါတဲ့၊ မဂ္ဂင်ရှစ်ပါးကို အစု ဖွဲ့လိုက်တော့ သီလအစု, သမာဓိအစု, ပညာအစုလို့ အစုသုံးစု (ခန္ဓာသုံးစု) ထွက်ပေါ်လာတယ်၊ မဂ္ဂင်ရှစ်ပါးကို အကျင့်လမ်းက လိုက်ကြည့်လိုက်တော့ သီလရယ်, သမာဓိရယ်, ပညာရယ် အလုပ်ကိစ္စသုံးမျိုးတည်းသာ ရှိတယ်၊ ဒါဖြစ်လျှင် ဘယ်မဂ္ဂင်က သီလ၊ ဘယ်မဂ္ဂင်က သမာဓိ၊ ဘယ်မဂ္ဂင်က ပညာပါလဲလို့ မေးခဲ့လျှင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဒီမဂ္ဂင်သုံးပါးက သီလအစု၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဒီမဂ္ဂင်သုံးပါးက သမာဓိအစု၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမဂ္ဂင် နှစ်ပါးတို့က ပညာအစုပါလို့ ဆိုလိုတယ်နော်"

"တင်ပါ ဘုရား"

"မဂ္ဂင်ရှစ်ပါး အစုသုံးစုဖွဲ့တာ နားရှင်းအောင်လို့ ထပ်ကာထပ်ကာ ပြောနေတာနော်၊ လေရှည်လိုက်တာလို့တော့ မပြောနဲ့ကွယ်"

"မှန်ပါ မပြောဝံ့ပါဘူး ဘုရား"

http://www.dhammadownload.com



"မဂ္ဂင်ရှစ်ပါး အစုသုံးစုမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒီမဂ္ဂင်သုံးပါးကို ဘာကြောင့် သီလအစု (သီလက္ခန္ဓာ) ခေါ်တာတုန်းဆိုတော့

သမ္မာဝါစာအရ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဆိုတဲ့ ဝစီဒုစရိုက် (နှုတ်၏ မကောင်းသောအကျင့်လေးပါး)တို့ကို ပယ်တယ်၊ သမ္မာကမ္မန္တအရ၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရဆိုတဲ့ ကာယဒုစရိုက် (ကိုယ်၏ မကောင်းသောအကျင့်) သုံးပါးတို့ကို ပယ်တယ်၊ သမ္မာအာဇီဝအရ မိမိရဲ့ အသက်မွေးမှုကြောင့် ထို ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးတို့ကို မပြုလုပ်ဘူး၊ ဒါကြောင့် ဒီမဂ္ဂင်သုံးပါးကို သီလအစုအတွင်း ထည့်သွင်း ရေတွက်ခြင်း ဖြစ်တယ်"

"မှန်ပါ မုသာဝါဒ၊ ပိသုဏဝါစာတို့ရဲ့ အဓိပ္ပာယ်လည်း ပြောပေးပါဦး ဘုရား"

"အေးကွယ် ဒီသီလတွေကို အကျယ်ပြောမယ်ဆိုလျှင် နားငြီးစရာ ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် အတိုချုပ် သိစရာက... မုသာဝါဒါဆိုတာ မဟုတ်ဘဲ လိမ်ပြောတာ၊ ပိသုဏဝါစာဆိုတာ လူနှစ်ယောက် အချစ်ပျက်သွားအောင် ကုန်းတိုက်တာ၊ ဖရုသဝါစာဆိုတာ ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတာ၊ သမ္ဖပ္ပလာပဆိုတာ အနက်အဓိပ္ပာယ်မရှိ ထင်ရာမြင်ရာ ပြောဆိုတာ၊ ပါဏာတိပါတဆိုတာ သူတစ်ပါးအသက်ကို သတ်တာ၊ အဒိန္နာဒါန ဆိုတာက သူတစ်ပါးဥစ္စာကို ခိုးယူတာ၊ ကာမေသုမိစ္ဆာစာရဆိုတာက သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်တာတို့ ဖြစ်ကြတယ်။

သမ္မာဝါစာမဂ္ဂင်က ဝစီဒုစရိုက်လေးပါးတို့ကို ရှောင်ကြဉ်တယ်၊ သမ္မာကမ္မန္တမဂ္ဂင်က ကာယဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်တယ်၊ သမ္မာအာဇီဝက မိမိဝမ်းရေးအတွက်ကြောင့်လည်း အဲဒီဒုစရိုက်ခုနစ်ပါးကို မလွန်ကျူးဘူး၊ အမှန်ကတော့ ဒုစရိုက်တရားက ၁၀-ပါးပဲ၊ ဝစီဒုစရိုက်က လေးပါး၊ ကာယဒုစရိုက်က သုံးပါး၊ မနောဒုစရိုက်က သုံးပါး၊ ပေါင်း ၁၀-ပါးဖြစ်တယ်၊ မနောဒုစရိုက်ဆိုတာက စိတ်မှာဖြစ်ပေါ်လာတဲ့ (၁) အဘိဇ္ဈာ- သူ့စီးပွား ဥစ္စာကို လိုချင်မှု၊ (၂) ဗျာပါဒ- သူတစ်ပါးကို ဖျက်ဆီးလိုတဲ့ ဒေါသ၊ (၃) မိစ္ဆာဒိဋ္ဌိ- မှားယွင်းတဲ့အယူအဆတို့ ဖြစ်ကြတယ်၊ ဒုစရိုက်တရား ၁၀-

http://www.dhammadownload.com



ပါးမှာ မနောဒုစရိုက်က သီလရဲ့အရာမဟုတ်ဘူး၊ ဒါကြောင့် စိတ်နှင့် သတ်မယ်၊ စိတ်နှင့်ခိုးမယ်၊ စိတ်နှင့်ပြစ်မှားမယ်ဆိုသော်လည်း သီလပျက်စီးခြင်း မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ စိတ်ဟာ သီလရဲ့အရာ မဟုတ်လို့ပေါ့၊ ဒါကြောင့် ဒုစရိုက် ၁၀–ပါးမှာ မနောဒုစရိုက်ကို ကြဉ်ထားတယ်၊ ဒုစရိုက်တရား ၁၀–ပါးမှာ မနောဒုစရိုက် တရားသုံးပါးကို ကြဉ်တော့ သီလအရာရှောင်ကြဉ်ရမည့်တရားက ခုနစ်ပါးသာ ကျန်တယ်၊ အဲဒီခုနစ်ပါးမှာ သမ္မာအာဇီဝတစ်ပါး ထည့်လိုက်လျှင် ရှစ်ပါးဖြစ်သွားတယ်၊ အဲဒီရှစ်ပါးမှာ နောက်ဆုံးက သမ္မာအာဇီဝ ပါတဲ့အတွက် (အာဇီဝဋ္ဌမကသီလ)လို့ ခေါ်ကြတယ်၊ အာဇီဝလျှင် ရှစ်ခုမြောက်သောသီလလို့ ဆိုလိုတယ်။

အာဇီဝဋ္ဌမကသီလဟာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင်ထဲက (သီလက္ခန္ဓ) သီလအစုမဂ္ဂင်ဖြစ်တယ်၊ ဘုရားသခင်က မဂ္ဂင်ရှစ်ပါး၊ မဇ္ဈိမပဋိပဒါအကျင့်ကို လမ်းမှန်အကျင့်လို့ ဟောတော်မူတော့ မဂ္ဂင်နှင့်ကိုက်ညီတဲ့ သီလအကျင့် ကျင့်သုံးလိုတယ်ဆိုလျှင် အာဇီဝဋ္ဌမကသီလကို ကျင့်သုံး ဆောက်တည်သင့်တာပေါ့၊ သို့သော်လည်း ကျမ်းဂန်များမှာ အာဇီဝဋ္ဌမက သီလဆောက်တည်ရမယ်လို့ ဘုရားဟောကျမ်းစာ မတွေ့ဖူးဘူးကွယ့်၊ ငါးပါးသီလ ကျင့်သုံး ဆောက်တည်ရမယ်ဆိုတဲ့ ဘုရားဟောဒေသနာကိုတော့ တွေ့တယ်ကွယ့်"

"ငါးပါးသီလ ကျင့်သုံးဆောက်တည်ရမယ်ဆိုတဲ့ ဘုရားဟော ဒေသနာ ဘယ်မှာ ရှိပါသလဲဘုရား"

"နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ ပဉ္စဝေရဘယသုတ်မှာ ရှိပါတယ်ကွယ့်"

"အဲဒီ ပဉ္စဝေရဘယသုတ်ရဲ့ အဓိပ္ပာယ်က သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းမှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီးက ဘုရားဖူးလာရင်း ဘုရားရှင်ရဲ့ အနီးအပါးမှာ ထိုင်နေတယ်တဲ့၊ ဒီအခါ ဘုရားသခင်က–

"သူကြွယ်... အရိယာဖြစ်သော တပည့်အား ငါးပါးသောဘေး၊ ငါးပါးသောရန်တို့ဟာ ငြိမ်းတယ်၊ သောတာပတ္တိ ဂုဏ်အင်္ဂါနှင့် ပြည့်စုံတယ်၊ သိအပ်တဲ့တရားကို သိတယ်၊ ဒါကြောင့် အရိယာဖြစ်သော တပည့်ဟာ အပါယ်သို့ ကျရောက်ဖို့ မရှိတော့ဘူး။

http://www.dhammadownload.com



သူကြွယ်... ငါးပါးသောဘေးရန် ငြိမ်းတယ်ဆိုတာ ဘာလဲ၊ သူ့အသက် သတ်ခြင်းမှ ရှောင်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားသောကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မုသားစကား ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ သေအရက်သောက်စားမှုမှ ရှောင်ကြဉ်ခြင်း၊ ဤတရားငါးပါး ရှောင်ကြဉ်သော သူအား မျက်မှောက်၌ဖြစ်သော ဘေးရန်တို့မှ ငြိမ်းအေးတယ်၊ တမလွန်၌ ဖြစ်သောဘေးရန်လည်း ငြိမ်းတယ်လို့ ဘုရားရှင် ဟောတော်မူတယ်၊ ဒီသုတ်ရဲ့ နောက်မှာ ဒုတိယ ပဥ္စဝေရဘယသုတ် ဆိုတာလည်း ရှိသေးတယ်"

"မိန့်တော်မူပါဦး ဘုရား"

"ဒုတိယ ပဥ္စဝေရဘယသုတ်က အနာထပိဏ်သူဌေးကို ဟောတာ မဟုတ်ဘူး၊ ရဟန်းများကို ဟောတာကွယ့်။

ရဟန်းတို့... အကြင်အခါ အရိယာတပည့်အား ငါးပါးသောဘေး ရန်တို့သည် ငြိမ်းကုန်၏၊ လေးပါးသော သောတာပတ္တိအင်္ဂါတို့နှင့် ပြည့်စုံ ကုန်၏၊ သိအပ်သောတရားကို သိမြင်၏၊ ထိုအရိယာသည် မိမိကိုယ်ကို အပါယ်ကျရောက်ခြင်း မရှိဟု ပြောကြားနိုင်၏"

"အဘယ်ငါးပါးသော ဘေးရန်တို့ ငြိမ်းကုန်သနည်း"

"သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင် ကြဉ်၏၊ ကာမတို့၌ မှားသောကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မုသားဆိုခြင်းမှ ရှောင်ကြဉ်၏၊ သေအရက် သောက်စားခြင်းမှ ရှောင်ကြဉ်၏၊ ဤငါးပါးကုန်သော ဘေးရန်တို့မှ ငြိမ်းကုန်၏။

အဘယ်လေးပါးသော သောတာပတ္တိအင်္ဂါတို့နှင့် ပြည့်စုံသနည်း၊ အရိယာ ဖြစ်သော တပည့်သည် မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်၏၊ တရားတော် ၌ သက်ဝင်ယုံကြည်၏၊ သံဃာတော်၌ သက်ဝင်ယုံကြည်၏၊ အရိယာတို့ နှစ်သက်အပ်သော ငါးပါးသီလတို့နှင့် ပြည့်စုံ၏။

အဘယ်သိအပ်သော တရားကို သိမြင်သနည်း၊ ပဋိစ္စသမုပ္ပါဒ်တရားကို ကောင်းစွာ သင့်လျော်သောအားဖြင့် နှလုံးသွင်း၏၊ သိမြင်၏တဲ့။

အခုပြောခဲ့တာက ဒုတိယ ပဥ္စဝေရဘယသုတ်ရဲ့ အကျဉ်းချုပ် အဓိ ပ္ပာယ်ပါပဲ၊ ဒီနေရာမှာ ဆိုလိုတာက အင်္ဂါရှစ်ပါးရှိတဲ့ မဂ်ဆိုတာ သမ္မာဒိဋ္ဌိ,

http://www.dhammadownload.com



သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ ဒီမဂ္ဂင်ရှစ်ပါးပဲ၊ ဒီမဂ္ဂင်ရှစ်ပါးမှာ သီလမဂ္ဂင်ဟာ (သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ) ဒီသုံးပါးကို အရကောက်ထုတ်လိုက်တော့ (အာဇီဝဋ္ဌမကသီလ)ဖြစ်တယ်။

သို့သော် မဂ်ကို ပိုင်ပြီးတဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ အာဇီဝဋ္ဌမကသီလမျှမက သေရည်သေရက်ကိုပါ ရှောင်ကြဉ်ရတဲ့ ငါးပါးသီလကို စောင့်ထိန်းတယ်၊ တကယ်တော့ သောတာပန်ဟာ အာဇီဝဋ္ဌမကသီလမျှသာ စောင့်ထိန်းသင့်တယ်၊ ငါးပါးသီလထိအောင် မစောင့်ရှောက်သင့်ဘူးလို့ ထင်ရတယ်၊ ဒါပေမယ့် ထင်သလို မဟုတ်ဘူး၊ မဂ္ဂင်ထိုက်တဲ့သီလက (အာဇီဝဋ္ဌမကသီလ မှန်သော်လည်း) ဘုရားရှင် ဆောက်တည်စေတာကတော့ ငါးပါးသီလဖြစ်နေတယ်၊ ဒီလို ဘာကြောင့်ဖြစ်ရတာလဲဆိုတာနှင့် ပတ်သက်လို့ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း (၈၁)မှစ၍ (၈၇)တိုင်အောင် အကျယ်တဝင့် ဖော်ပြထားတယ်၊ အကျဉ်းချုပ်ကတော့ အာဇီဝဋ္ဌမကသီလဟာ (အာဒိဗြဟ္မစရိယသီလ)ဖြစ်လို့ အရိယမဂ်အကျင့်ရဲ့ အစအဦးသီလဖြစ်တယ်၊ အရိယမဂ်ရဲ့ အဦးအစသီလဖြစ်လျှင် အရိယမဂ်ရအောင် အာဇီဝဋ္ဌမကသီလကို စောင့်ထိန်းပါလား၊ ဘာကြောင့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတွေ စောင့်ထိန်းနေရတာလဲဆိုလျှင် အာဇီဝဋ္ဌမကသီလဟာ ဒုစရိုက်တုံးဖြစ်နေသူ အရက်သမား၊ ဘိန်းသမားများ ရှေးဦးစွာ ကျင့်သုံးရသော သီလဖြစ်တယ်တဲ့၊ ဗုဒ္ဓအယူဝါဒ ရင့်သန်ပြီးသော ပုဂ္ဂိုလ်များအတွက် အာဇီဝဋ္ဌမကသီလဟာ တည်ပြီးဖြစ်လို့ တမင် ဆောက်တည် ကျင့်သုံးဖို့ မလိုဘူးတဲ့။

ဒါကြောင့် သဲကုန်းမြို့၊ ဒေါ်ကြည်ကြည် သိစေချင်တာက အာဇီဝဋ္ဌမကသီလဟာ မဂ္ဂင်ထိုက်သော သီလဖြစ်သော်လည်း ကြမ်းတမ်းပြီး သာသနာတော်နှင့် ဝေးကွာနေကြသောသူများနှင့်သာ သင့်လျော်ပြီး သာသနာတော်နှင့် မပြတ်ထိတွေ့နေကြသော သူတော်ကောင်းများအတွက် ငါးပါးသီလကိုသာ နေ့စဉ် ခံယူကျင့်သုံးသင့်ပါတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု။

***

http://www.dhammadownload.com



# ဘုရားအလောင်းတော် တောထွက်တန်ဆာ

"ဆရာတော်ဘုရား ဟောဒီစာက ကသာမြို့၊ မြို့သူကြီးဟောင်း ဦးဘခိုင်ထံက အမေးစာပါဘုရား"

"ဦးဘခိုင်က ဘာများ မေးပြန်တာလဲကွယ့်"

"ဦးဘခိုင်ရဲ့အမေးက ဘုရားလောင်း တောထွက်ခန်း ပန်းချီပုံများကို ကြည့်လျှင် များသောအားဖြင့် မင်းမြောက်တန်ဆာ အဝတ်အစားနှင့် လှလှပပ ရေးခြယ်ထားတာကို မြင်တွေ့ရပါသတဲ့၊ မြင်းမြီးဆွဲမောင်ဆန်လည်း ထို့အတူ အဝတ်အစားလှလှပပနှင့် မြင်ရသတဲ့၊ သို့သော်လည်း ဘုရားလောင်း တောထွက်တာဟာ ညဥ့်အချိန်ဖြစ်လေတော့ အဝတ်အစား လှလှပပ ဝတ်ဆင်မည်လို့ မထင်ပါဘူးတဲ့၊ သို့သော်လည်း စိတ်တွင်းမှာ သံသယဖြစ်နေလို့ ဘုရားလောင်း တောထွက်တဲ့အခါ ရိုးရိုးအဝတ်အစားနှင့် တောထွက်ပါသလား၊ (သို့မဟုတ်)မင်းမြောက်တန်ဆာများ ဝတ်ဆင်ထားသလားဆိုတာ အဖြေပေးတော်မူပါလို့ လျှောက်ထားခြင်းဖြစ်ပါတယ်ဘုရား"

ယဉ်ကျေးမှုကဇာတ်ဌာနကထုတ်တဲ့ သခ်ပတ္တဇာတ်တိတ်ခွေကို ကြည့်ဖူးတယ်၊ အဲဒီဇာတ်မှာ သခ်ပတ္တမင်းသား ပင်လယ်ခရီးသွားတဲ့အခါ မင်းသားရော အခြံအရံများရော မိုးတွေ လေတွေ လာနေတဲ့အတွင်းမှာ တောက်ပြောင်တဲ့ အဝတ်အစားတွေနှင့် လှော်နေကြတာကို မြင်ရတယ်၊ သင်္ဘောပျက်လို့ ပင်လယ်အတွင်း ကူးခတ်တဲ့အခါ ပင်လယ်ကမ်းစပ်မှာ တင်နေတဲ့အခါများမှာ

http://www.dhammadownload.com



လည်း သန့်ပတ္တမင်းသားမှာ တောက်ပြောင်တဲ့ အဝတ်အစားတွေနှင့်ပဲ၊ အမှန်ဖြစ်စဉ်ဘက်ကကြည့်လျှင် သဘာဝမကျဘူးပေါ့ကွယ်၊ သို့သော်လည်း ဇာတ်ပြဇာတ်ဆိုတာ လူထုအကြိုက်ကို လိုက်ရမြဲပဲ၊ လူထုရဲ့အကြိုက် လိုက်ခဲ့လျှင် သဘာဝထက် ပသာဒကို အရေးပေးရမှာ ဖြစ်တယ်၊ ဒါကြောင့် မင်းသားကို အင်္ကျီတုံးလုံး၊ ပုဆိုးခါးတောင်းကျိုက်နှင့် ပင်လယ်တွင်း ကူးနေလျှင် ကမ်းပါးမှာ တင်နေလျှင် ပွဲကြည့်ပရိသတ်က အဝတ်အစား တောက်တောက်ပြောင်ပြောင်လောက် ကြိုက်နှစ်သက်မှာ မဟုတ်ဘူး၊ ဒါကြောင့် သန့်ပတ္တမင်းသားကို သဘာဝထက် ပသာဒဘက်က အလေးထားပြီး အဝတ်အစား တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားခြင်း ဖြစ်တယ်၊ အဲဒီဥပမာလိုပဲ ပန်းချီဟာလည်း သဘာဝပန်းချီ ပသာဒပန်းချီလို့ နှစ်မျိုးရှိတယ်၊ သဘာဝပန်းချီဆိုတာ ဓာတ်ပုံရိုက်ကူးသလို အရှိ အရှိအတိုင်း, သဘာဝကျကျ ရေးဆွဲထားတဲ့ပုံကို ဆိုလိုတယ်၊ သဘာဝပန်းချီကို ပန်းချီလက်ရာ အတော်မြင့်တဲ့ ပန်းချီဆရာကြီးများ ရေးဆွဲတတ်ကြတယ်၊ သို့သော်လည်း သဘာဝပန်းချီကို လူတိုင်းက မကြိုက်ကြဘူး၊ ဘာကြောင့်လည်းဆိုတော့ မျက်စိအမြင်မှာ မထူးဆန်းလို့ပေါ့၊ ပသာဒပန်းချီဆိုတာက ပကတိရုပ်ပုံမဟုတ်ဘူး၊ လူထုအကြိုက်ကြည့်ကောင်းအောင် ရေးဆွဲတာမျိုးဖြစ်တယ်၊ ရှေးက ရေးထားကြတဲ့ နဂါး၊ ဂဠုန်၊ ခြင်္သေ့၊ တိုးကောင်၊ ဟင်္သာတို့ဟာ ပသာဒပန်းချီတွေပဲ၊ ကြည့်ကောင်းအောင် ရေးဆွဲထားတာတွေပဲ၊ နဂါးရဲ့အမောက်တို့, လည်ရစ်တို့, ခြင်္သေ့လည်ဆံတို့, ဟင်္သာအမွေးတို့ဟာ တကယ်အစစ် မဟုတ်ဘူး၊ ပန်းအတွန့်အလိမ်လေးတွေ ဆွဲထားတာပဲ၊ အဲဒီ ပန်းအတွန့်အလိမ်ကလေးကို ကနုတ်လို့ခေါ်တယ်၊ ပကတိနဂါးကတော့ မြွေပါပဲ၊ မြွေကို ပကတိအတိုင်း ရေးဆွဲခဲ့လျှင် ကြည့်လို့မလှဘူး၊ ကနုတ်ခြယ်လိုက်တော့ လှလာတာပေါ့၊ အဲဒီအတိုင်း ကိန္နရီ၊ ကိန္နရာ၊ ခြင်္သေ့၊ ဂဠုန်၊ ဟင်္သာ၊ သိုးတို့ကိုလည်း ကနုတ်ခြယ်လိုက်တော့ တင့်တယ်လာတယ်၊ ဒါမှ လူထုက ကြိုက်တယ်၊ အဲဒီလို လူထုအကြိုက်ဆွဲတဲ့ပန်းချီကို ပသာဒပန်းချီလို့ ခေါ်တယ်၊ ဘုရားလောင်း တောထွက်ခန်း ပန်းချီဆွဲရာမှာလည်း သဘာဝထက် ပသာဒက ပိုပြီး အရေးကြီးတယ်၊ ဒါကြောင့် လူထုကြည့်ကောင်းအောင် ပသာဒပန်းချီအဖြစ် ရေးဆွဲကြရတယ်။

http://www.dhammadownload.com



သို့သော် ဗုဒ္ဓဝင်ကို ပြန်ကြည့်လိုက်တော့ ဘုရားလောင်းဟာ ညဦးအချိန် တောထွက်ခဲ့တာ မှန်သော်လည်း လှပတင့်တယ် ရှုချင့်စဖွယ် မင်းမြောက်တန်ဆာများ ဝတ်ဆင်ထားတာကို တွေ့ရတယ်၊ ဒီအကြောင်းကို ဗုဒ္ဓဝံသ အဋ္ဌကထာ ၃၂၇–မှ ၃၃၃–အထိ အကျဉ်းမျှ ဖော်ပြဦးမယ်။

သိဒ္ဓတ္ထမင်းသားဟာ လေးလတစ်ကြိမ် ဥယျာဉ်ကစား ထွက်တော်မူရာက သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးတို့ကို မြင်လို့ သတိသံဝေဂ ရခဲ့တယ်၊ နောက်ဆုံး ရဟန်းအသွင်ကိုမြင်ပြီး ရဟန်းပြုလိုစိတ်နှင့် ဥယျာဉ်ကို ဆက်သွားတယ်၊ ဥယျာဉ်တော်မှာ တစ်နေ့ပတ်လုံး ပျော်ပါးတော်မူပြီး နေဝင်ခါနီးတဲ့အချိန်မှာ မင်္ဂလာရေကန်အတွင်း ရေချိုးတော်မူတယ်၊ ရေချိုးလည်းပြီးရော နေမင်းက တောင်တင်ပြီးနေပြီ၊ ဒီအချိန်ကျမှ ကြဲကြဲဖန်ဖန် မင်္ဂလာကျောက်ဖျာထက် တက်ပြီး မိမိကိုယ်ကို တန်ဆာဆင်ယင်လိုစိတ် ဖြစ်ပေါ်လာသတဲ့၊ ဘုရားလောင်းရဲ့စိတ်အကြံကို သိလို့ သိကြားမင်းက ဝိသကြုံနတ်သားကို တန်ဆာဆင်ပေးချေလို့ ခိုင်းတယ်၊ ဝိသကြုံနတ်သားက ဘုရားလောင်းရဲ့ ဆတ္တာသည်အသွင်ဖြင့် နတ်ဝတ်တန်ဆာများကို ဆင်ယင်ပေးသတဲ့၊ အဲဒီအချိန်မှာ နေက ဝင်သွားပြီ၊ ဒါကြောင့် နန်းတော်ပြန်ဖို့ ရထားပေါ်အတက်မှာ ယသောဓရာမိဖုရား သားဖွားကြောင်း လျှောက်ထားလာတယ်။

ဒီသားဟာ ရာဟုအသူရိန်ဟာ လမင်း၊ နေမင်းတို့ကို ဖမ်းခြင်းပြုသလို ငါ့ကို ဖမ်းခြင်းပြုမည့် ရာဟုကောင်ကလေးပဲလို့ မိန့်ကြားတဲ့အတွက် သားတော်ကို ရာဟုလာလို့ မှည့်ခေါ်ကြတယ်၊ သိဒ္ဓတ္ထမင်းသား နန်းတော်ပြန်ရောက်တော့ အတော်မိုးချုပ်နေပြီ၊ ညဦးအခါ ဖြေဖျော်ကြတဲ့ အမျိုးသမီး အတီးအဖွဲ့တွေတောင် ရောက်နေကြပြီ၊ မင်းသား နန်းတော်ထက်ရောက်တော့ အတီးအမှုတ်၊ အကအခုန် မိန်းကလေးတွေဟာ မင်းသားကို ခြံရံပြီး တီးမှုတ် ကခုန်ရင်း ဖြေဖျော်ကြတယ်၊ သို့သော်လည်း မင်းသားရဲ့စိတ်မှာ သံဝေဂဉာဏ်ဖုံးလွှမ်းနေလို့ အဲဒီ ဖြေဖျော်မှုအပေါ် စိတ်မဝင်စားဘဲ အဲဒီနေရာမှာပင် အိပ်ပျော်သွားတယ်၊ မင်းသား အိပ်ပျော်တဲ့အတွက် ဖြေဖျော်ရေး အဖွဲ့သူများလည်း ရပ်နားပြီး မင်းသားရဲ့ ပတ်ဝန်းကျင်မှာ အိပ်လိုက်ကြတယ်။

http://www.dhammadownload.com



နန်းတော်ဆိုတာ တစ်ညဥ့်လုံး ဆီမီးညှိထွန်းထားတာမို့ မီးအရောင်က လင်းနေတယ်၊ သိဒ္ဓတ္ထမင်းသားဟာ အတော်ညဥ့်နက်လာတော့ အိပ်ပျော်ရာက နိုးလာတယ်၊ နိုးလာတော့ အိပ်ရာကထ သလွန်တော်က တင်ပျဉ်ခွေပြီး ပိုးစိုး ပက်စက် အိပ်ပျော်နေကြတဲ့ ကချေသည်များကို ကြည့်လိုက်တယ်၊ ကချေသည်တွေဟာ နေ့ခင်းမှာ ပြုံပြုံပြင်ပြင် နေကြတော့ မိန်းမချောကလေးတွေလို့ ထင်ကြရတယ်၊ အိပ်ပျော်နေတဲ့ရုပ်ကို ကြည့်လိုက်တော့ အလွန်စက်ဆုပ်ဖွယ်ရာ အသွင်အပြင်ကို မြင်ရတယ်။

နဂိုက လောကကြီးကို ငြီးငွေ့ စက်ဆုပ်ရွံရှာနေတုန်း ဒါတွေ ထပ်ပြီး မြင်ရပြန်တော့ ကာမဂုဏ်အပေါ် တပ်မက်တဲ့စိတ်တွေ ကင်းကွာသွားတယ်၊ ကာမဂုဏ်အပေါ် စက်ဆုပ်တဲ့စိတ် ဖြစ်လာတော့ အလွန် လှပ သာယာတဲ့ ထီးနန်းကို သုသာန်လို့ မှတ်ထင်သွားတယ်၊ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါးကို မီးလောင်နေတဲ့အိမ်ကြီးလို့ ထင်သွားတယ်၊ ဒီရုပ်တရား နာမ်တရားဟာ ငါ့ကို နှိပ်စက် ညှဉ်းပန်းလှပါကလားလို့ နှုတ်က ရွတ်ဆိုမိပြီး ငါ တောထွက်မှ တော်မည်လို့ သလွန်တော်က ဖြည်းညင်းစွာထ၊ တံခါးအနီး သွားကြည့်တယ်၊ တံခါးခုံကို ခေါင်းတင်ပြီး အိပ်နေသူက ဖွားဘက်တော် မောင်ဆန်ဖြစ်တယ်၊ ဘုရားအလောင်းဟာ မောင်ဆန်ကို နှိုးပြီး–

"ငါ ယနေ့ တောထွက်လိုတယ်၊ ဘယ်သူ့ကိုမှ အသိမပေးဘဲ သိန္ဓောမြင်းတစ်ကောင်ကို ကကြိုးတင်ပြီး အမြန်ယူခဲ့"လို့ စေခိုင်းတယ်၊ မောင်ဆန်ဟာ မြင်းတင်းကုတ်ကို သွားပြီး ဖွားဘက်တော် ကဏ္ဍကမြင်းကို ကကြိုးတင်ပြီး ယူခဲ့တယ်၊ အဲဒီ အခိုက်အတန့်မှာ ဘုရားလောင်းဟာ ဖွားသစ်စ သားတော်ကို ကြည့်လိုစိတ် ဖြစ်ခဲ့လို့ ယသောဓရာအခန်းကို သွားပြီး ဖွင့်ကြည့်တယ်၊ ယသောဓရာက သူ့သားငယ်ရဲ့ထိပ်ထက်မှာ လက်ထားပြီး အိပ်နေတာကို မြင်တယ်၊ ကလေးကို ချီပွေ့လိုသော်လည်း ယသောဓရာ နိုးသွားလျှင် အကြံအစည် ပျက်မှာမို့ ကလေးကို ချီပွေ့မကြည့်တော့ဘဲ မဟာသက္ကရာဇ် ၉၃–ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ သန်းခေါင်ယံအချိန် ကဏ္ဍကမြင်းတော်ကို စီး မောင်ဆန်ကို မြင်းမြီးကိုင်စေပြီး တောထွက်တော်မူခဲ့တယ်၊ တစ်ညဥ့်ချင်းဖြင့် သာကီယ၊ ကောဠိယ၊ မလ္လ သုံးပြည်ထောင်တို့ကို ကျော်လွန်ပြီး ယူဇနာ

http://www.dhammadownload.com



သုံးဆယ်ကွာဝေးတဲ့ အနောမာမြစ်ကို ရောက်လာတယ်၊ ယခုပြောခဲ့တာက ဘုရားလောင်း တောထွက်ပုံ အကျဉ်းဖြစ်တယ်။

ဒီမှာ သတိပြုစရာက ဘုရားလောင်းဟာ ဥယျာဉ်တော် ကစားအပြီး ရေချိုးတယ်၊ ရေချိုးပြီး တန်ဆာ ဆင်ယင်လိုစိတ် ဖြစ်ခဲ့လို့ ဝိသကြံနတ်သားက ဆတ္တာသည်အသွင်ဖြင့် အဝတ်တန်ဆာ ဆင်ယင်ပေးတယ်၊ အဲဒီ ဆင်ယင်ပေးထားတဲ့ အဝတ်တန်ဆာတွေဟာ အနောမာမြစ်ထိအောင် ပါရှိဆဲဖြစ်တယ်၊ ဒါကြောင့် ဘုရားလောင်း တောထွက်ခန်းမှာ မင်းမြောက်တန်ဆာဖြင့် လုလုပပ ပန်းချီရေးဆွဲတာဟာ မမှားပါဘူး၊ ကျမ်းဂန်အထွက်နှင့်လည်း ညီညွတ်ပါတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု။

* * *



http://www.dhammadownload.com



# ဦးဘသက် အမေးနှင့်အဖြေ

"ဟောဒီစာက သခွတ်ချောင်းရွာ၊ ဦးဘသက်ထံက အမေးစာပါဘုရား"

"ပေးစမ်း သူ့အမေးစာ၊ ဟာ... အမေးတွေက များလှပါကလား၊ အမေး ၈-ပုဒ်တောင် ရှိတယ်၊ အမေးကများတော့ အဖြေကတော့ ခပ်တိုတို ဖြေရမှာပဲ၊ ရှည်ရှည်ဖြေဖို့ နေရာမရှိဘူးကွယ့်၊ ဒါကြောင့် မေးသူများကို မေတ္တာရပ်ခံချင်တာက အမေးအနည်းငယ်သာ မေးကြပါလို့၊ ဒို့ဆီမှာ မဖြေ ရသေးတဲ့ ပုစ္ဆာပေါင်း အများကြီး ရှိနေသေးတယ်၊ မဖြေရသေးတာက နေရာ မပေးနိုင်လို့ပေါ့၊ ဒါကြောင့် အမေးအများကြီး မမေးဘဲ အနည်းငယ်မျှသာ မေးကြပါလို့ ရှေးဦးစွာ မေတ္တာရပ်ခံပါတယ်။

အခု ဦးဘသက်ရဲ့အမေးက ရှစ်ပုဒ်တောင်ရှိသကွယ့်၊ ရှစ်ပုဒ်က...

(၁) လူသည် အဘယ်ကံကြောင့် ဖြစ်ပါသနည်း။

(၂) ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။

(၃) လိမ္မာခြင်း၊ မိုက်ခြင်းသည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။

(၄) ရုပ်လှခြင်း၊ ရုပ်ဆိုးခြင်းသည် အဘယ်ကြောင့်ဖြစ်ပါသနည်း။

(၅) ကန်းခြင်း၊ ကျိုးပဲ့ခြင်း၊ ဆွံ့အခြင်း၊ အနာရောဂါစွဲခြင်းတို့သည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။

(၆) နွားသည် မွေးသည်မှစ၍ သူ့အသက်ကိုမသတ် မြက်သစ်ရွက်ကိုသာ စားသည်၊ ကုသိုလ်ဖြစ်ပါသလား။

http://www.dhammadownload.com



(၇) ကျားသည် မွေးသည်မှစ၍ သူ့အသက်ကိုသတ်၍စားသည်၊ အကုသိုလ် ဖြစ်ပါသလား။

(၈) အသက်ရှည်ခြင်း၊ အသက်တိုခြင်းတို့သည် အဘယ့်ကြောင့် ဖြစ်ပါ သနည်း။

ဒါက ဦးဘသက်ရဲ့ အမေးရှစ်ပုဒ်ဖြစ်တယ်၊ ဦးဘသက်ရဲ့အမေးကို တစ်ခုစီ ရှင်းလင်းပေးမယ်၊ **အမှတ် ၁–အမေးက** လူသည် အဘယ်ကံကြောင့် ဖြစ်သလဲတဲ့၊ ကုသိုလ်ကံကြောင့် ဖြစ်တာလား၊ အကုသိုလ်ကံကြောင့် လူဖြစ် တာလားလို့ ဆိုလိုတယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ… စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်မှာ ဘုရားဟောရှိတယ်၊ အလုံးစုံသောသတ္တဝါတွေ သံသရာမပြတ် ဘဲ တစ်ပတ်ပတ် တစ်ဝဲဝဲ ဖြစ်နေတာဟာ အဝိဇ္ဇာကြောင့်တဲ့၊ အဝိဇ္ဇာဆိုတာ အမှန်တရားကိုမသိတဲ့ မောဟတရားပဲ၊ အမှန်တရားဆိုတာက "ဒုက္ခ, သမု ဒယ, နိရောဓ, မဂ္ဂ"ဆိုတဲ့ သစ္စာလေးပါးကို ဆိုလိုတယ်၊ အဲဒီသစ္စာလေးပါး မှာ အမှန်တကယ်သိရမည့် သစ္စာက ဒုက္ခသစ္စာဖြစ်တယ်၊ ဒုက္ခသစ္စာရဲ့ ရိုးရိုး အနက်က ဆင်းရဲခြင်းမှန်သောတရားလို့ ဆိုလိုတယ်။

ပုထုဇဉ်သတ္တဝါတွေဟာ အမှန်ဆင်းရဲတဲ့တရားကို ဆင်းရဲမှန်း မသိကြ ဘူး၊ ဆင်းရဲမှန်း မသိတဲ့အပြင် ချမ်းသာလို့တောင် ထင်နေကြသေးတယ်၊ ဒါဖြစ်လျှင် အမှန်ဆင်းရဲတဲ့တရားက ဘာလဲဆိုတော့ "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ"လို့ သင်္ဂြိုဟ်ကျမ်းက ဆိုတဲ့အတိုင်း ကာမ ၁၁–ဘုံ၊ ရူပ ၁၆–ဘုံ၊ အရူပ ၄–ဘုံဆိုတဲ့ ဘုံသုံးပါးမှာ တပတ်ပတ်၊ တချာချာ ဖြစ်နေတဲ့ ရုပ်တရားနှင့် နာမ်တရားဟာ ဒုက္ခသစ္စာ မှန်ကန်သော ဆင်းရဲခြင်းပဲတဲ့၊ အမှန်တကယ် ဆင်းရဲတဲ့တရားပဲလို့ မမြင်ခြင်းဟာ အဝိဇ္ဇာဆိုတဲ့ မောဟကြောင့်ပါပဲ၊ အဝိဇ္ဇာဆိုတဲ့မောဟကြောင့် အမှန်ဆင်းရဲတဲ့ ရုပ်နှင့်နာမ်ကို ဆင်းရဲတယ်လို့ မမြင်တဲ့အပြင် ချမ်းသာတဲ့တရားပဲလို့ ပြောင်းပြန် ထင်မြင်တဲ့အတွက် အဲဒီ ရုပ်နာမ်အပေါ် တပ်မက်ချစ်ခင်တဲ့ တဏှာတရား ဖြစ်ပွားလာပါတယ်။

အဝိဇ္ဇာက အမှန်ကို မမြင်အောင် အကာအကွယ်ပေးတယ်၊ အမှန်ကို မမြင်တော့ ဆင်းရဲတဲ့ရုပ်နာမ်ကို ချမ်းသာတယ်လို့ ပြောင်းပြန်မြင်တယ်၊ အဲဒီ ပြောင်းပြန်မြင်မှုကြောင့် ရုပ်နာမ်ကိုတပ်မက်တဲ့ တဏှာတရား ဖြစ်ပွား

http://www.dhammadownload.com



လာတယ်၊ အဝိဇ္ဇာနှင့် တဏှာ ဒီတရားနှစ်ပါးဟာ သတ္တဝါဖြစ်ဖို့ အခြေခံမူလတရားများ ဖြစ်ကြတယ်၊ ဒါကြောင့် သဂြိုဟ်ကျမ်းမှာ...

**"အဝိဇ္ဇာ တဏှာဝသေန ဒွေ မူလာနိ စ ဝေဒိ တဗ္ဗာနိ"**လို့ ပြထားတယ်၊ ဒီနေရာမှာ သဒ္ဒါစကား အနည်းငယ် ပြောပြဦးမယ်၊ "လောကမှာ အမှန်တကယ် မသွေမလွဲ ဧကန် မှတ်ထားရမည့်အနက်ကို သန္နိဋ္ဌာန်လို့ ခေါ်တယ်၊ မှတ်တော့ မှတ်ရမှာပဲ၊ သိတော့ သိရမှာပဲ၊ သို့သော် အမှန်ဧကန် မှတ်ရမှာ မဟုတ်တဲ့အနက်ကို (ဝေဒိတဗ္ဗ)လို့ ခေါ်တယ်"

ဒီနေရာမှာ သတ္တဝါဖြစ်တဲ့ မူလတရားကို အဝိဇ္ဇာနှင့်တဏှာလို့ မှတ်ပါတဲ့၊ အဲဒီ မှတ်ပါဆိုတဲ့ပုဒ်ကို သန္နိဋ္ဌာန်ပုဒ်နှင့် မပြဘူး၊ ဝေဒိတဗ္ဗပုဒ်နှင့် ပြထားတယ်၊ အဓိပ္ပာယ်ကတော့ သတ္တဝါဖြစ်တာဟာ အဝိဇ္ဇာနှင့်တဏှာ အကြောင်းခံတာတော့မှန်တယ်၊ သို့သော်လည်း အဲဒီအကြောင်းဟာ နီးသော အကြောင်း မဟုတ်ဘူး၊ ဝေးသောအကြောင်းလို့ ဆိုလိုတယ်၊ ဒါဖြစ်လျှင် သတ္တဝါဖြစ်ဖို့ နီးသောအကြောင်းက ဘာလဲဆိုတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ အမည်ရတဲ့ ကံဖြစ်တယ်၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ သင်္ခါရကံကြောင့် ဒုတိယဘဝမှာ ပဋိသန္ဓေဝိညာဉ် ဖြစ်တယ်တဲ့၊ အဲဒီလို ပဋိစ္စသမုပ္ပါဒ်မှာ ဟောထားတော့ သတ္တဝါဖြစ်ခြင်းရဲ့ ပဋိသန္ဓေစိတ်ဟာ သင်္ခါရ အမည်ရတဲ့ကံကြောင့် ဧကန်ဖြစ်တယ်။

အဲဒီ သင်္ခါရဆိုတဲ့ ကံကလည်း (၁) ပုညာဘိသင်္ခါရ၊ (၂) အပုညာဘိသင်္ခါရ၊ (၃) အာနဉ္ဇာဘိသင်္ခါရလို့ သုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးအနက် ပုညာဘိသင်္ခါရဆိုတာ ကာမကုသိုလ်စိတ် ၈–ခုတို့မှာယှဉ်တဲ့ စေတနာ ၈–ခုနှင့်၊ ရူပကုသိုလ်စိတ် ၅–ခုတို့မှာယှဉ်တဲ့ စေတနာ ၅–ခုတို့ကို ဆိုလိုတယ်။

အပုညာဘိသင်္ခါရဆိုတာ အကုသိုလ်စိတ် ၁၂–ခုတို့မှာယှဉ်တဲ့ စေတနာ ၁၂–ခုတို့ကို ဆိုလိုတယ်၊ အာနဉ္ဇာဘိသင်္ခါရဆိုတာ အရူပကုသိုလ်စိတ် လေးခုတို့မှာယှဉ်တဲ့ စေတနာလေးခုတို့ကို ဆိုလိုတယ်၊ ဒီ သင်္ခါရအမည်ရတဲ့ ကံ ၃–မျိုးက ဘာကြောင့် ဖြစ်တာလဲဆိုတော့ ဒုက္ခကို ဒုက္ခမှန်းမသိ၊ မမြင်တဲ့ အဝိဇ္ဇာကြောင့် ဖြစ်တာပါတဲ့၊ အဲဒီတော့ အဝိဇ္ဇာဆိုတဲ့ အကုသိုလ်မောဟကြောင့် သင်္ခါရကံ ၃–မျိုးဖြစ်တယ်၊ အဲဒီ သင်္ခါရ ကံ ၃–မျိုးကြောင့် အပါယ်ဘဝ၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝကို ဖြစ်စေတတ်တဲ့ ပဋိသန္ဓေဝိညာဉ် ဖြစ်တယ်။

http://www.dhammadownload.com



ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေတတ်တဲ့ (သင်္ခါရဆိုတဲ့) ကံအမျိုးအစားကို ခွဲလိုက်တော့ ကုသိုလ်ဆိုတဲ့ ပုညာဘိသင်္ခါရ၊ အကုသိုလ်ဆိုတဲ့ အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်ဆိုတဲ့ အာနေဉ္ဇာဘိသင်္ခါရရယ်လို့ ၃-မျိုးကွဲပြားတယ်။

အဲဒီသုံးမျိုးအနက် ကာမကုသိုလ်ကံက **ကာမာဝစရကုသလမ္ပိ ကာမသုဂတိ မေဝ ပဋိသန္ဓိံ ဇနေတိ** လို့ သင်္ဂြိုဟ်ကျမ်းက ဆိုတဲ့အတိုင်း လူ့ဘုံ၊ နတ်ပြည် ၆-ထပ်ဆိုတဲ့ ကာမသုဂတိ ၇-ဘုံမှာ ပဋိသန္ဓေကို ဖြစ်စေတယ်၊ အကုသိုလ်စိတ် ၁၂-ခုမှာယှဉ်တဲ့ အကုသိုလ်စေတနာကံ ၁၂-ခုအနက် ဥဒ္ဓစ္စကြဉ်တဲ့ အကုသိုလ်ကံ ၁၁-ခုက အပါယ် ၄-ဘုံမှာ ပဋိသန္ဓေကို ဖြစ်စေတယ်။

ရူပါဝစရကုသိုလ်ကံ ၅-ခုတို့က ရူပဗြဟ္မာဘုံမှာ ပဋိသန္ဓေကို ဖြစ်စေတယ်၊ အရူပါဝစရကုသိုလ်ကံ ၄-ခုတို့က အရူပလေးဘုံမှာ ပဋိသန္ဓေ ဖြစ်စေတယ်၊ အထူးကတော့ **တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု** လို့ ဆိုတဲ့အတိုင်း အသညသတ်ဗြဟ္မာဟာ ပဉ္စမဈာန်ကြောင့် ဖြစ်တာတော့ ဟုတ်ပါရဲ့၊ သို့သော်လည်း သညာကင်းအောင် အားထုတ်ခဲ့တဲ့အတွက် နာမ်ပဋိသန္ဓေမခေါ်ဘဲ ရုပ်ပဋိသန္ဓေလို့ခေါ်ရတယ်။

အဘိဓမ္မာစကားတွေနှင့် ဘာကြောင့် ဒီလောက်တောင် ရှင်းပြနေရတာလဲဆိုတော့ လူဟာ ကုသိုလ်ကံကြောင့် ဖြစ်တာလား၊ အကုသိုလ်ကံကြောင့် ဖြစ်တာလားဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်စေချင်လို့ပါပဲ၊ အခုပြောခဲ့တာတွေကို ပြန်ကြည့်လျှင် လူပင်ဖြစ်စေ၊ မည်သည့်သတ္တဝါပင်ဖြစ်စေ အဝိဇ္ဇာ တဏှာ (မူလ)နှစ်ပါး အကြောင်းခံတဲ့အတွက် အကုသိုလ်တည်းဟူသော အဝေးအကြောင်းကို မြင်နိုင်တယ်၊ လူ, နတ်, ဗြဟ္မာ ဖြစ်ဖို့အတွက် နီးသော အကြောင်းကတော့ ကုသိုလ်ကံပဲဖြစ်တယ်၊ အပါယ်သတ္တဝါဖြစ်ဖို့ နီးသော အကြောင်းကတော့ အကုသိုလ်ကံဖြစ်တယ်ဆိုတာ သန္နိဋ္ဌာန်ကျကျ မှတ်ထားပေါ့ကွယ်"

"ကောင်းလှပါပြီဘုရား"

ဦးဘသက်ရဲ့ **နံပါတ် ၂-အမေး**က ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့သည် အဘယ့်ကြောင့် ဖြစ်ပါသနည်းတဲ့၊ ဒီနေရာမှာ ဆင်းရဲချမ်းသာဆိုတာ ကိုယ်ရဲ့ဆင်းရဲခြင်း၊ စိတ်ရဲ့ဆင်းရဲခြင်း၊ ကိုယ်ရဲ့ချမ်းသာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းတို့ကို ဆိုလိုတယ်။

http://www.dhammadownload.com



အဲဒီ ဆင်းရဲချမ်းသာဟာ ဘာကြောင့် ဖြစ်တာလဲဆိုတော့ တိုတို အဖြေက ကံကြောင့် ဖြစ်တာပဲ၊ မကောင်းတဲ့ကံကြောင့် ဆင်းရဲခြင်းဖြစ်တယ်၊ ကောင်းတဲ့ကံကြောင့် ချမ်းသာခြင်းဖြစ်တယ်ပေါ့၊ ဒီနေရာမှာ ကံဆိုတာ ကမ္မ ပုဒ်– အလုပ်အကိုင်ကို ဟောတယ်၊ အဲဒီအလုပ်အကိုင်ဟာ အတိတ်ဘဝတုန်းက ပြုလုပ်ခဲ့ဖူးတဲ့ အလုပ်အကိုင်နှင့် ယခုပစ္စုပ္ပန်မှာ ပြုလုပ်တဲ့ အလုပ်အကိုင် လို့ နှစ်မျိုးရှိတယ်။

အတိတ်က ပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံကို သိဖို့ရာ ခက်တယ်၊ အကယ်၍ သိသည့်တိုင်အောင် အတိတ်မှာ နေရစ်ခဲ့ပြီမို့ ဘာမျှ မတတ်နိုင်တော့ဘူး၊ ဒါကြောင့် အရေးကြီးတာက ယခု ပစ္စုပ္ပန်ကံ (သို့မဟုတ်) ယခုဘဝ ပြုလုပ်တဲ့ အလုပ်အကိုင်ပဲဖြစ်တယ်။

လောကမှာ ကြီးပွားချမ်းသာခြင်းဆိုတာ စက် ၄–ပါးနှင့် ပြည့်စုံရမြဲ ဖြစ်တယ်၊ ဒီအကြောင်းကို အင်္ဂုတ္တရ စတုက္កနိပါတ်၊ စက္ကဝဂ်၊ စက္ကသုတ်မှာ ဘုရားရှင်က... "ရဟန်းတို့... ပြည့်စုံခြင်း သမ္ပတ္တိစက်တို့သည် လေးမျိုးတို့ တည်း၊ သမ္ပတ္တိစက်နှင့် ပြည့်စုံသော လူနတ်တို့သည် မကြာမီ စည်းစိမ် ဥစ္စာ များပြား ပြန့်ပြောသည်အဖြစ်သို့ရောက်၏"လို့ ဟောတော်မူတယ်။

ဒါကြောင့် စည်းစိမ်ဥစ္စာ ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်း သာခြင်းတို့ဟာ သမ္ပတ္တိစက်ကိုမှီပြီး စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ ကိုယ်မချမ်း သာခြင်း၊ စိတ်မချမ်းသာခြင်းတို့ဟာ ဝိပတ္တိစက်ကို မှီတယ်လို့ မှတ်ရမယ်။

ဒီနေရာမှာ သမ္ပတ္တိစက် လေးပါးဆိုတာက–

| | | | |
|---|---|---|---|
| (၁) | **ပဋိရူပဒေသဝါသ** | – | လျောက်ပတ်သော အရပ်၌နေခြင်း၊ |
| (၂) | **သပ္ပုရိသူပနိဿယ** | – | သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ |
| (၃) | **အတ္တသမ္မာပဏိဓိ** | – | မိမိကိုယ်, စိတ်ကို ကောင်းစွာထားခြင်း၊ |
| (၄) | **ပုဗ္ဗေစကတပုညတာ** | – | ရှေးအတိတ်က ပြုလုပ်ခဲ့ဖူးသော ကောင်း မှုကံရှိခြင်းတို့ဖြစ်တယ်။ |

စက်ဆိုတာ စက္ကသဒ္ဒါက ဖြစ်လာတာပဲ၊ စက္ကသဒ္ဒါက လည်ပတ်ခြင်း အနက်ကို ဟောတယ်၊ အဓိပ္ပာယ်က စက်လေးပါးအနက် တစ်ပါးပါးကို စွဲကိုင်မိလျှင် ကျန်တဲ့သုံးပါးလည်း လည်ပြီး ပါလာနိုင်တယ်၊ ဒါကြောင့် စက် ၄–ပါးနှင့် ပြည့်စုံချင်လျှင် စက်တစ်ပါးပါးကို မိအောင် ဖမ်းပါလို့ဆိုလို

http://www.dhammadownload.com



တယ်၊ ဥပမာ သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ နေမိလျှင် မိမိရဲ့ ပတ်ဝန်းကျင်က အလွန်ကောင်းနေတော့ မိမိတို့လည်း အဲဒီအကောင်းထဲ ပါသွားနိုင်တယ်၊ တစ်ရွာလုံး လမ်းပြင်ကြတယ်၊ လမ်းလုပ်သူကလုပ် ကျွေးမွေးသူက ကျွေးမွေး၊ အတီးအမှုတ် အကအခုန်နှင့် ဖြေဖျော်သူက ဖြေဖျော်နေကြတယ်၊ ဒီလို အများ ထထကြွကြွ လုပ်နေတဲ့ကြားထဲက မိမိက ဘာမျှမလုပ်ဘဲနေလို့ သင့်ပါ့မလား၊ ထိုက်သင့်သလောက်တော့ ဝင်လုပ်ရတာပေါ့၊ ဒါကြောင့် သင့်တင့်လျောက်ပတ်တဲ့ အရပ်နေခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်တယ်လို့ မင်္ဂလသုတ်မှာ ဟောပြန်တယ်၊ သင့်တင့်တဲ့အရပ်မှာ နေရတဲ့အတွက် သင့်တင့်တဲ့ သူတော်ကောင်းနှင့်လည်း တွေ့နိုင်တယ်၊ အများက ကောင်းနေတဲ့အတွက် မိမိစိတ်ဓာတ်လည်း မပျက်စီးနိုင်ဘူး၊ အဲဒီလို စောင့်ရှောက် ထိန်းသိမ်းနိုင်တဲ့ အတွက် ရှေးဘဝက ပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ကံတွေကလည်း အကျိုးပေးဖို့ လမ်းပွင့်လာတယ်၊ ဒါကြောင့် စက် ၄-ပါးအနက် တစ်ပါးပါးကို စွဲကိုင်မိခဲ့လျှင် ကျန်တဲ့စက်များလည်း ပြည့်စုံလာနိုင်တယ်လို့ ဆိုလိုတယ်။

အဲဒီစက် ၄-ပါးမှာ အထူး အရေးကြီးတဲ့စက်က (အတ္တသမ္မာပဏိဓိ) ဆိုတဲ့ စက်ပဲကွယ့်၊ အတ္တသမ္မာပဏိဓိဆိုတာ မိမိကိုယ်၊ မိမိစိတ်ကို ကောင်းတဲ့ နေရာမှာ တည်အောင် စောင့်ရှောက်ထားနိုင်ခြင်းကို ဆိုလိုတယ်၊ ပိန်းရွက်ကြာရွက်ဟာ ဘယ်လောက် မိုးတွေ ရွာနေနေ မိမိအပေါ် ရေမတည်အောင် စွမ်းနိုင်သလို အတ္တသမ္မာပဏိဓိဆိုတဲ့ တရားကလည်း သူငယ်ချင်း ဖြစ်သူက ဘယ်လိုဆွဲဆွဲ၊ ဘယ်သူက ဘယ်လိုခိုင်းခိုင်း၊ အရက်ဆိုင်တွင်းမှာ တစ်နေ့လုံး ထိုင်နေနေ၊ အရက်မသောက် ဘိန်းမရှူ၊ သူ့အသက်ကို မသတ်၊ သူ့ဥစ္စာကိုမခိုး၊ ကာမကိုမလွန်ကျူးအောင် မိမိကိုယ်, မိမိစိတ်ကို ထိန်းထားနိုင်ခြင်းဟာ (အတ္တသမ္မာပဏိဓိ)စက်ပါပဲ။

အဲဒီ အတ္တသမ္မာပဏိဓိစက်ကို ရအောင် ဆွဲကိုင်ထားပါ၊ ကျန်တဲ့စက်တွေဟာ အလိုအလျောက် လိုက်ပါလာပြီး ကိုယ်ရဲ့ချမ်းသာခြင်း၊ စိတ်ရဲ့ ချမ်းသာခြင်း ပြည့်စုံလာနိုင်တယ်၊ သမ္ပတ္တိစက်ကို ပြောင်းပြန်လှန်လိုက်လျှင်...

(၁) သူတော်ကောင်းနှင့်မပေါင်း၊ သူယုတ်မာနှင့်ပေါင်းတယ်၊
(၂) ကောင်းတဲ့အရပ်မှာမနေ၊ မကောင်းတဲ့အရပ်မှာနေတယ်၊
(၃) မိမိစိတ်ကို နိုင်အောင် မထိန်းနိုင်ဘဲ၊ သူတစ်ပါး ဆွဲခေါ်ရာပါတယ်၊

http://www.dhammadownload.com



(၄) ဒီ စက် ၃-ပါး ပျက်စီးခဲ့လျှင် ပုဗ္ဗေစကတပုညတာ ဆိုတဲ့ ရှေးဘဝက ကိုယ်ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကံတွေလည်း ဝင်ရောက် အကျိုး မပေးနိုင်တော့ဘူး။

ရှေးက ကိုယ်ပြုခဲ့တဲ့ မကောင်းမှုကံတွေကသာ ဝင်ရောက် အကျိုးပေး လိမ့်မယ်၊ ဒါကြောင့် သမ္ပတ္တိစက် ၄-ပါးကို ချမ်းသာခြင်းရဲ့အကြောင်း၊ ဝိပတ္တိစက် ၄-ပါးကို ဆင်းရဲခြင်းရဲ့အကြောင်းလို့ အဖြေပေးလိုက်ပါတယ် ကွယ်။

ဦးဘာသက်ရဲ့ **အမေးအမှတ်** ၃-က လိမ္မာခြင်း၊ မိုက်မဲခြင်းသည် အဘယ့်ကြောင့် ဖြစ်ပါသနည်းတဲ့၊ ဒီအမေးရဲ့အဖြေကလည်း သမ္ပတ္တိစက်နှင့် ဝိပတ္တိစက်တို့ကြောင့် ဖြစ်တယ်လို့ ဖြေရမှာပါပဲ၊ သမ္ပတ္တိစက်နှင့် တွေ့လျှင် လိမ္မာပြီး ဝိပတ္တိစက်နှင့်တွေ့လျှင် မိုက်မဲတယ်ပေါ့၊ ဝတ္ထုကြောင်း ထုတ်ပြပါ ဆိုလျှင် ၅၅၀-ဝိသတိနိပါတ် သတ္တိဂုမ္ဗဇာတ်ကလာတဲ့ ကျေးသားညီနောင် တို့ကို ထုတ်ပြရမှာပဲ။

ဥတ္တရပဉ္စလမြို့မှာ ပဉ္စာလမင်းကြီး ထီးနန်းစိုးစံစဉ်က လက်ပံတောမှာ ကျေးသားညီနောင်တို့ ရှိခဲ့ကြတယ်၊ ကျေးသားညီနောင် အတောင်ပေါက် လို့ အပျံသင်စအရွယ်မှာ လေပြင်းမုန်တိုင်း ကျရောက်လို့ တစ်ကောင်က ခိုးသူတို့ရွာက လက်နက်ပုံအလယ်မှာကျလို့ ခိုးသားများက သတ္တိဂုမ္ဗအမည် ပေးပြီး မွေးထားကြတယ်၊ သတ္တိဂုမ္ဗဟာ ခိုးသားလူဆိုးများအကြား မွေးဖွား ရလို့ ခိုးသားများလို အဆိုကြမ်း၊ အပြောကြမ်း ဖြစ်လာတယ်။

ကျေးသားငယ်တစ်ကောင်ကတော့ ရသေ့များရဲ့ကျောင်းဝင်းထဲက ပန်းချုံပေါ်ကျလို့ ရသေ့များက ပုပ္ဖက အမည်ပေးပြီး မွေးထားကြတယ်၊ ပုပ္ဖကဟာ ရသေ့များအကြားမှာ ကြီးပြင်းရလို့ ရသေ့များလို ပျော့ပျောင်းလိမ္မာ တယ်။

တစ်နေ့တော့ ပဉ္စလမင်းကြီးဟာ မင်းချင်းများနှင့် တောကစားထွက် ရာမှ သမင်တစ်ကောင်တွေ့လို့ လိုက်ရာမှာ မင်းချင်းများနဲ့ကွဲပြီး ခိုးသူတို့ ရွာအနီး ရောက်သွားတယ်၊ သတ္တိဂုမ္ဗကျေးသားဟာ မင်းကြီးကို မြင်တော့ ထမင်းချက်နေတဲ့ခိုးသားထံ ပျံသွားပြီး ဟိုမှာ လှပတဲ့အဝတ်အစားတွေနှင့်

8

http://www.dhammadownload.com



လူတစ်ယောက် အိပ်နေတယ်၊ သူ့အဝတ်အစားများ လုယူပြီး သူနှင့် သူ့ ရထားမှူးကို သတ်လိုက်ကြစို့လို့ ပြောသတဲ့။

ကြက်တူရွေးပြောသံကြားတော့ မင်းကြီးဟာ ရုတ်တရက် လဲလျောင်းရာကထပြီး ရထားမှူးကို အမြန်နှင်ဖို့ အမိန့်ပေးပြီး ထွက်ပြေးခဲ့ရာ ရသေ့ကျောင်းများရှိရာကို ရောက်လာသတဲ့၊ အဲဒီအချိန်မှာ ရသေ့များ သစ်သီးရှာထွက်ခိုက်နှင့် ကြုံနေလို့ ရသေ့များကို မတွေ့ရဘဲ ပုပ္ဖကကျေးသားငယ်ကိုသာ တွေ့ရသတဲ့၊ ကျေးသားငယ်က မင်းရထားကို မြင်ရုံနှင့် မင်းမှန်းသိပြီး မြတ်သောမင်းကြီး ချိုမြိန်ကောင်းမွန်တဲ့သစ်သီးများ သုံးဆောင်တော်မူပါ၊ အေးမြသောရေကိုလည်း သောက်သုံးတော်မူပါလို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသတဲ့။

မင်းကြီးဟာ ပုပ္ဖကကျေးသားနှင့် စကားပြောဆိုပြီး ဟိုတောတစ်ဖက်မှာ တွေ့ခဲ့တဲ့ ကျေးသားရဲ့မိုက်ရိုင်းပုံကို ပြောပြတော့ ပုပ္ဖကကျေးသားက အရှင်မင်းမြတ် ထိုကျေးသားနှင့်ကျွန်ုပ် အတူတကွ မွေးဖွားလာခဲ့ကြခြင်း ဖြစ်ပါတယ်၊ သူက မိုက်ရိုင်းသူများအကြားမှာ ကြီးပြင်းလာခဲ့ရတဲ့အတွက် မိုက်ရိုင်းခြင်းဖြစ်ပါတယ်၊ ကျွန်ုပ်က လိမ္မာယဉ်ကျေးသော ရသေ့များထံမှာ ကြီးပြင်းလာရတဲ့အတွက် လိမ္မာယဉ်ကျေးခြင်း ဖြစ်ပါတယ်လို့ ပြောသတဲ့၊ များသောအားဖြင့် လိမ္မာခြင်း၊ ယဉ်ကျေးခြင်းဟာ သမ္ပတ္တိစက်၊ ဝိပတ္တိစက်ကိုမှီတယ်။

(၁) **ပဋိရူပဒေသဝါသ** ဆိုတဲ့ သူတော်ကောင်းများနေရာကို အမှီပြုပြီးနေရလျှင် လိမ္မာတယ်၊ သူတော်ကောင်းမဟုတ်တဲ့သူတွေနေတဲ့ အရပ်မှာဖြစ်ခဲ့လျှင် မိုက်မဲတယ်၊ ဒါကြောင့် ရှေးဆရာများက မှဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါလို့ ပြောကြတာပေါ့။

(၂) **သပ္ပုရိသူပနိဿယ** တဲ့၊ ပုပ္ဖကကျေးသားလို သူတော်ကောင်းကို အမှီရတဲ့အတွက် လိမ္မာယဉ်ကျေးတယ်၊ သတ္တိဂုမ္ဗကတော့ အသပ္ပုရိသူပနိဿယ သူတော်မဟုတ် သူယုတ်မာ၊ သူခိုး၊ ဓားပြများကို အမှီပြုတဲ့အတွက် မိုက်ရိုင်းတယ်။

(၃) **အတ္တသမ္မာပဏိဓိ** တဲ့၊ မိမိကိုယ်ကို မိမိနိုင်အောင် ထိန်းသိမ်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ လိမ္မာတယ်၊ မိမိကိုယ်ကို မိမိနိုင်အောင် မထိန်းနိုင်ဘဲ သူတစ်ပါးဆွဲခေါ်ရာကို ပါသွားတတ်တဲ့သူဟာ မိုက်ရိုင်းတတ်တယ်။

http://www.dhammadownload.com



(၄) **ပုဗ္ဗေစ ကတပုညတာ** တဲ့၊ သတ္တဝါတစ်ယောက်မှာ ရှေးကပြုခဲ့ဖူးတဲ့ ကုသိုလ်ကံတွေလည်း အများကြီးရှိတယ်၊ အကုသိုလ်ကံတွေလည်း အများကြီးရှိတယ်။

အဲဒီ ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ ယခုဘဝမှာ အကျိုးပေးဖို့ ချောင်းနေကြတယ်၊ သို့သော်လည်း ကုသိုလ်ကံက ကုသိုလ်ပြုနေတဲ့ ပုဂ္ဂိုလ်ထံကိုသာ ရောက်လာနိုင်တယ်၊ အကုသိုလ်ကံကလည်း အကုသိုလ်ပြုနေသူရဲ့ ထံကိုသာ ရောက်လာနိုင်တယ်။

ဥပမာပေးပါဆိုလျှင် ခွေးဟာ မကောင်းမှုကံကြောင့် တိရစ္ဆာန်ဖြစ်နေတယ်၊ ခွေးဘဝကျပြန်တော့လည်း ကောင်းမှုမပြုနိုင်ဘူး၊ မကောင်းမှုသာ ပြုတယ်၊ အဲဒီခွေးဟာ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကံ လုံးဝမရှိတော့ဘူးလား ဆိုတော့ ဘယ်မရှိဘဲနေမလဲ၊ ရှိတာပေါ့၊ ဒါပေမယ့် အဲဒီအတိတ်က ကုသိုလ်ကံတွေဟာ ခွေးဘဝမှာ ကြီးကြီးကျယ်ကျယ် အကျိုးမပေးနိုင်တော့ဘူး၊ ခွေးနှင့်တန်ရုံလောက်သာ အကျိုးပေးနိုင်တော့တယ်၊ အတိတ်ကုသိုလ်ကံရဲ့ အကျိုး ခံစားခွင့်မရှိဘူး၊ အကုသိုလ်ကံရဲ့အကျိုးကိုသာ အများအပြား ခံစားနေရရှာတယ်။

ဒါကြောင့် ပုဗ္ဗေစကတပုညတာ ရှေးကပြုလုပ်ခဲ့ဖူးသော ကောင်းမှုရှိဖူးခြင်းဆိုတာဟာ ယခုဘဝ ကောင်းတာပြုနေသူကိုဆိုကြောင်း သိသာပါတယ်၊ ဒါကြောင့် လိမ္မာခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ မိုက်မဲခြင်း၊ ကြမ်းတမ်းခြင်း၊ ရိုင်းစိုင်းခြင်းဟာ သမ္ပတ္တိစက် ဝိပတ္တိစက်ကို မှီတယ်လို့ အဖြေပေးလိုက်ပါတယ်။

သာဓု… သာဓု… သာဓု။

* * *

ဦးဘသက်ရဲ့ အမှတ် ၄–အမေးက “ရုပ်လှခြင်း၊ ရုပ်ဆိုးခြင်းသည် အဘယ့်ကြောင့်ဖြစ်ပါသနည်း၊ အမှတ် ၅–အမေးကတော့ ကျိုး၊ ကန်း၊ ဆွံ့၊ အခြင်း၊ အနာရောဂါများခြင်းတို့သည် အဘယ့်ကြောင့် ဖြစ်ပါသနည်း၊ အမေး အမှတ် ၆–နှင့် ၇–ကိုကျော်ပြီး အမှတ် ၈–အမေးက အသက်ရှည်ခြင်း၊ အသက်တိုခြင်းတို့သည် အဘယ့်ကြောင့် ဖြစ်ပါသနည်း”တဲ့။

http://www.dhammadownload.com



ဒီအမေးပုစ္ဆာ ၄, ၅, ၈ တို့ကို တပေါင်းတည်း ဖြေဆိုမယ်၊ အဖြေကတော့– ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်္ဂဝဂ်၊ စူဠကမ္မဝိဘင်္ဂသုတ် ပါဠိတော်ဖြစ်တယ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အခါက တောဒေယျပုဏ္ဏားရဲ့ သားဖြစ်တဲ့ သုဘလုလင်ဟာ ဘုရားရှင်ထံချဉ်းကပ်ပြီး ဒီလိုလျှောက်သတဲ့ကွယ့်...

"အရှင်ဂေါတမ လောကမှာ လူတွေဟာ လူအချင်းချင်း ဖြစ်ပါလျက် တစ်ယောက်နှင့်တစ်ယောက် မတူညီဘဲ ကွဲပြားခြားနားခြင်း ရှိနေကြပါတယ်၊ (၁) အချို့က အသက်တိုတယ်၊ (၂) အချို့က အသက်ရှည်တယ်၊ (၃) အချို့က အနာရောဂါပေါများတယ်၊ (၄) အချို့က အနာရောဂါ ကင်းစင်တယ်၊ (၅) အချို့က ရုပ်အဆင်း မလှဘူး၊ (၆) အချို့က ရုပ်အဆင်းလှပတင့်တယ်တယ်၊ (၇) အချို့ကအခြံအရံ ချို့တဲ့တယ်၊ (၈) အချို့က အခြံအရံ ပေါများတယ်၊ (၉) အချို့က စည်းစိမ်ဥစ္စာ နည်းပါးတယ်၊ (၁၀) အချို့က စည်းစိမ်ဥစ္စာ ပေါများတယ်၊ (၁၁) အချို့က အမျိုးယုတ်တယ်၊ (၁၂) အချို့က အမျိုးမြတ်တယ်၊ (၁၃) အချို့က ဉာဏ်ပညာ မရှိဘူး၊ (၁၄) အချို့က ဉာဏ်ပညာရှိတယ်။

အရှင်ဂေါတမ... လူအချင်းချင်းဖြစ်ပါလျက် အဘယ်ကြောင့် ဒီလိုကွဲပြားပါသလဲ"လို လျှောက်ထားတယ်။

ဘုရားရှင်က "လုလင်... သတ္တဝါတွေဟာ ကံသာလျှင် မိမိဥစ္စာရှိကြတယ်၊ ကံရဲ့အမွေခံများ ဖြစ်ကြတယ်၊ ကံသာလျှင် အကြောင်းရှိတယ်၊ ကံသာလျှင် မှီခိုရာရှိကြတယ်၊ အယုတ်အမြတ်ဖြစ်အောင် ကံက ဝေဖန်တယ်" လို့ ဟောတော်မူတယ်၊ ဒီအခါ သုဘလုလင်က–

"အရှင်ဂေါတမ... အကျဉ်းဟောတဲ့တရားကို တပည့်တော်များ ဝေဖန်ပြီး မသိနိုင်ကြပါ၊ တပည့်တော်များ သိလွယ်အောင် အကျယ်ဟောပြတော်မူပါ"လို့ ထပ်မံလျှောက်ထားတဲ့အခါ ဘုရားရှင်က...

"လုလင်... အကျယ်နာလိုလျှင် နာလော့လို့ မိန့်တော်မူပြီး လုလင်ဤလောကမှာ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူဟာ သူ့အသက်ကို သတ်လေ့ရှိတယ်၊ ကြမ်းကြုတ်ရက်စက်တယ်၊ သွေးစွန်းတဲ့လက်ရှိတယ်၊

http://www.dhammadownload.com



သတ်ပုတ်ညှဉ်းဆဲမှုမှာ စိတ်ပါဝင်စားတယ်၊ သတ္တဝါတွေအပေါ်မှာ သနားကြင်နာမှုကင်းတယ်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ဟာ မိမိပြုခဲ့သော မကောင်းမှုကံကြောင့် သေလွန်လျှင် ငရဲကျတတ်တယ်၊ အကယ်၍ ငရဲမကျဘဲ လူဖြစ်ခဲ့လျှင် ထိုပုဂ္ဂိုလ်ဟာ အသက်တိုတယ်။

သူ့အသက်ကိုမသတ်၊ သူတစ်ပါးကို မညှဉ်းဆဲ၊ မေတ္တာထားတယ်၊ သနားတတ်တယ်၊ သူ့အကျိုးစီးပွားကိုလိုလားတယ်၊ ထိုသူ ကွယ်လွန်လျှင် နတ်ပြည်ကို ရောက်နိုင်တယ်၊ အကယ်၍ နတ်ပြည်မရောက်ဘဲ လူဖြစ်ခဲ့လျှင်လည်း အသက်ရှည်တတ်တယ်။

"လုလင်... အချို့သောသူဟာ သတ္တဝါတို့ကို ညှဉ်းဆဲတတ်တယ်၊ လက်နက်ဖြင့် ကျိုးပဲ့ ကမ်းရွဲ့သွားအောင် နှိပ်စက်တတ်တယ်၊ ထိုသူ သေလျှင် ငရဲသို့ ကျရောက်တတ်တယ်၊ ငရဲကလွတ်လို့ လူဖြစ်ခဲ့ပြန်လျှင်လည်း အနာရောဂါ ပေါများတတ်တယ်၊ အချို့သော ပုဂ္ဂိုလ်ကမူ သတ္တဝါတို့ကို ညှဉ်းဆဲလေ့မရှိ၊ ကိုယ်ချင်းစာနာတတ်တယ်၊ သနားညှာတာတတ်တယ်၊ ထိုသူ ကွယ်လွန်လျှင် နတ်ဖြစ်နိုင်တယ်၊ နတ်မဖြစ်ဘဲ လူဖြစ်ခဲ့လျှင် အနာရောဂါ ကင်းစင်တတ်တယ်"

"လုလင်... ဤလောက၌ အချို့သောသူဟာ အမျက်ဒေါသ ထွက်လွယ်တယ်၊ စိတ်ပင်ပန်းတတ်တယ်၊ ဖျက်ဆီးတတ်တယ်၊ ဆန့်ကျင်ဘက်လုပ်တတ်တယ်၊ အဲဒီပုဂ္ဂိုလ်ကွယ်လွန်လျှင် ငရဲကျရောက်တတ်တယ်၊ ငရဲကလွတ်ပြီး လူဖြစ်လာလျှင် အရုပ်ဆိုးတတ်တယ်၊ အကြင်ပုဂ္ဂိုလ်ကတော့ အမျက်ဒေါသ မကြီးဘူး၊ ပင်ပန်းခြင်း မရှိဘူး၊ သူတစ်ပါးကို မဖျက်ဆီးဘူး၊ ထိုသူကွယ်လွန်လျှင် နတ်ဖြစ်တတ်တယ်၊ နတ်မဖြစ်ဘဲ လူဖြစ်ခဲ့လျှင် လှပတဲ့ အဆင်းရှိသူ ဖြစ်နိုင်တယ်။

လုလင်... အချို့သောပုဂ္ဂိုလ်ဟာ သူတစ်ပါး ကြီးပွားတိုးတက်တာ မနာလိုဘူး၊ ငြူစူတတ်တယ်၊ ပြစ်မှားတတ်တယ်၊ ဣဿာအားကြီးတယ်၊ ထိုသူကွယ်လွန်လျှင် ငရဲကျရောက်တတ်တယ်၊ ငရဲကလွတ်လို့ လူဖြစ်ခဲ့လျှင် အခြံအရံ နည်းပါးတတ်တယ်၊ တစ်ကိုယ်တည်း နေရတတ်တယ်၊ အချို့သော ပုဂ္ဂိုလ်ကမူ သူတစ်ပါး ကြီးပွားချမ်းသာတဲ့အတွက် ငြူစူခြင်းမရှိဘူး၊ မဆဲရေးဘူး၊ မပြစ်မှားဘူး၊ သူတစ်ပါးကြီးပွားလျှင် နှစ်သက်တဲ့ မုဒိတာတရား ဖြစ်

http://www.dhammadownload.com



ပွားတယ်၊ ထိုသူကွယ်လွန်လျှင် နတ်ဖြစ်တတ်တယ်၊ နတ်ဘဝကစုတေပြီး လူဖြစ်လာလျှင် အခြံအရံပေါများတတ်တယ်"

"လုလင်... ဤလောက၌ အချို့သောသူဟာ မိမိပိုင်တဲ့ပစ္စည်းကို မပေးမလှူရက်ဘူး၊ အလွန်ကပ်စေးနည်းတယ်၊ မစ္ဆရိယတရား အားကြီးတယ်၊ ထိုသူကွယ်လွန်လျှင် ငရဲဘုံကို ကျရောက်တတ်တယ်၊ တကယ်လို့ ငရဲမကျဘဲ လူဖြစ်လာလျှင် စည်းစိမ်ဥစ္စာ နည်းပါးတတ်တယ်၊ အကြင်ပုဂ္ဂိုလ်ကတော့ ရှိတဲ့ပစ္စည်းကို ရက်ရက်ရောရော ပေးကမ်း လှူဒါန်းတတ်တယ်၊ ထိုပုဂ္ဂိုလ် ကွယ်လွန်လျှင် နတ်ဖြစ်တတ်တယ်၊ နတ်ဘဝက လူဖြစ်လာလျှင်လည်း စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝတတ်တယ်"

"လုလင်... ဤလောက၌ အချို့သောပုဂ္ဂိုလ်များဟာ ရိုသေထိုက်သူကို ရိုသေရမှန်း မသိဘူး၊ ခက်ထန်တယ်၊ မထီမဲ့မြင် ပြုတတ်တယ်၊ ထိုသူ ကွယ်လွန်လျှင် ငရဲကျတတ်တယ်၊ အကယ်၍ လူဖြစ်ခဲ့လျှင်လည်း အမျိုးယုတ်မှာ ဖြစ်တတ်တယ်၊ အကြင်ပုဂ္ဂိုလ်ကတော့ ရိုသေထိုက်သူကို ရိုသေတယ်၊ ခရီးဦး ကြိုဆိုတယ်၊ လမ်းခရီးပေးတယ်၊ အလေးအမြတ်ပြုတယ်၊ ထိုသူ ကွယ်လွန်လျှင် နတ်ဖြစ်တယ်၊ လူဖြစ်လျှင်လည်း မြတ်တဲ့အမျိုးမှာဖြစ်တယ်"

"လုလင်... ဤလောက၌ အချို့သောသူဟာ မေးမြန်းထိုက်တဲ့ တရားကို မမေးမြန်းဘူး၊ စုံစမ်းထိုက်တဲ့ တရားကို မစုံစမ်းဘူး၊ မေးမြန်း စုံစမ်းခြင်းမရှိတဲ့အတွက် ကျင့်သင့်ကျင့်ထိုက်တဲ့ တရားကိုလည်း မကျင့်ဘူး၊ ထိုသူကွယ်လွန်လျှင် ငရဲကို ကျရောက်တတ်တယ်၊ လူဖြစ်လာလျှင်လည်း အကြံ မရှိ၊ ဉာဏ်မရှိတဲ့ လူ့ နလပိန်းတုံး ဖြစ်တတ်တယ်၊ အကြင်ပုဂ္ဂိုလ် ကတော့ ပညာရှင်များထံ ချဉ်းကပ်ပြီး မေးမြန်းထိုက်တဲ့တရားကို မေးမြန်း တယ်၊ စုံစမ်းထိုက်တဲ့တရားကို စုံစမ်းတယ်၊ စုံစမ်းမေးမြန်းပြီး ကျင့်သင့် ကျင့်ထိုက်တဲ့တရားကို ကျင့်တယ်၊ ထိုသူ ကွယ်လွန်လျှင် နတ်ဖြစ်တယ်၊ အကယ်၍ လူဖြစ်ခဲ့လျှင်လည်း ဉာဏ်ပညာကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

ဒီ စူဠကမ္မဝိဘင်္ဂသုတ်မှာ ကံခုနစ်မျိုး ခွဲခြားပြီး ဟောပြတော်မူတယ်၊ ကံ ခုနစ်မျိုးက...

(၁) အသက် အတို,အရှည် ဖြစ်စေတတ်တဲ့ကံ၊

(၂) အနာရောဂါကင်းခြင်း၊ မကင်းခြင်း ဖြစ်စေတတ်တဲ့ကံ၊

http://www.dhammadownload.com



(၃) အဆင်းလှခြင်း၊ မလှခြင်း ဖြစ်စေတတ်တဲ့ကံ၊
(၄) အခြံအရံ ရှိခြင်း၊ မရှိခြင်း ဖြစ်စေတတ်တဲ့ကံ၊
(၅) စည်းစိမ်ဥစ္စာ များခြင်း၊ နည်းခြင်း ဖြစ်စေတတ်တဲ့ကံ၊
(၆) အမျိုးယုတ်ခြင်း၊ မြတ်ခြင်း ဖြစ်စေတတ်တဲ့ကံ၊
(၇) ပညာကင်းမဲ့ခြင်း၊ ပညာရှိခြင်း ဖြစ်စေတတ်တဲ့ကံများ ဖြစ်ကြတယ်။

ဒီကံ ခုနစ်ပါးမှာ ဦးဘသက် သိလိုတဲ့အဖြေတွေ ပါသွားပါပြီ၊ အထူးအကျယ် ချဲ့ပြောစရာ မလိုတော့ပါဘူးနော်"

"မှန်ပါ၊ မလိုတော့ပါဘူး ဘုရား"

"အေး ပြောစရာတော့ သိပ်မလိုတော့ပါဘူး၊ သို့သော် အမေးနံပါတ်ခြောက်နှင့် ခုနစ်ကို အနည်းငယ် ပြောလိုက်ဦးမယ်"

**အမေးနံပါတ်** ၆-က "နွားဟာ မွေးသည့်နေ့ကစပြီး သူ့အသက်ကို မသတ်ဘူး၊ မြက် သစ်ရွက်ကိုသာစားတယ်၊ ကုသိုလ်ဖြစ်သလား"တဲ့၊ မြက်သစ်ရွက်စားတာနှင့် ကုသိုလ်ဖြစ်တာဟာ တခြားစီဖြစ်တယ်၊ ကုသိုလ်ဆိုတာ **လောဘ**- ရချင်မှု၊ **ဒေါသ**- ပြစ်မှားမှု၊ **မောဟ**- တွေဝေမှုဆိုတဲ့ အကုသိုလ်ဟိတ်ကင်းတဲ့ တရားကို ကုသိုလ်လို့ခေါ်တာပဲ၊ မြက်ကိုပဲစားစား၊ အသားကိုပင်စားစား လောဘစိတ်နှင့်စားလျှင် အကုသိုလ်ဖြစ်တာပဲ၊ လောဘစိတ်နှင့်မစားဘဲ ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာစိတ်နှင့်စားလျှင် ကုသိုလ်ဖြစ်တာပဲ။

ဒါကြောင့် မြက်,သစ်ရွက်စားတာနှင့် ကုသိုလ်ဖြစ်တယ်လို့ မထင်ပါနှင့်၊ လောကမှာ ခွေးသတ္တဝါဟာ မစင်ကိုစားတယ်၊ အပုပ်အသိုးကို စားတယ်၊ ဒီအကောင်ဟာ လူတို့ရဲ့ညစ်ညမ်းမှုကို ဖယ်ရှားပေးတဲ့အတွက် ကုသိုလ်ရတယ်လို့ မထင်ပါနှင့်၊ အဲဒီလိုထင်လျှင် (သီလဗ္ဗတုပါဒါန်၊ သီလဗ္ဗတပရာမာသ) မိစ္ဆာဒိဋ္ဌိအတွင်း သက်ဆင်း ပါဝင်တဲ့အတွက် အဲဒီအယူအဆနှင့် သေလျှင် ခွေး,နွား ဖြစ်တတ်တယ်။

အမှန်ကတော့ တိရစ္ဆာန်ဘဝဆိုတာ ဆိုးညစ်တဲ့ အကုသိုလ်ကံကြောင့်ဖြစ်တာပါ၊ ဆိုးညစ်တဲ့ကံကြောင့် ဖြစ်တဲ့ သတ္တဝါရဲ့ အစားအစာဟာလည်း ကောင်းသော အစားအစာမဟုတ်၊ ဆိုးညစ်တဲ့ အစားအစာသာဖြစ်တယ်၊ ဒါကြောင့် မြက်စားနေတဲ့အတွက် ကျွဲ၊ နွား၊ မြင်းတို့ကို ကုသိုလ်မဖြစ်ဘူးလို့

http://www.dhammadownload.com



ဖြေလိုက်ပါတယ်။

**အမေးနံပါတ် ၇-က** "ကျားသည် မွေးသည်မှစ၍ သူ့အသက်ကို စားသည်၊ အကုသိုလ်ဖြစ်ပါသလား" တဲ့၊ ဒီအမေးက အသားစားလျှင် အကုသိုလ် ဖြစ်တယ်ထင်ပြီး မေးတဲ့အမေးဖြစ်တယ်၊ အစာစားတဲ့အခါ အသားကိုပင် စားစား၊ မြက်သစ်ရွက်ကိုပင် စားစား၊ လောလုပ္ပတ္တတဏှာစိတ်နှင့်စားလျှင် အကုသိုလ်ဖြစ်တယ်၊ လောလုပ္ပတဏှာစိတ်ကိုဖျောက်ပြီး ပစ္စဝေက္ခဏာစိတ် နှင့် စားလျှင် ကုသိုလ်ဖြစ်တယ်။

ပစ္စဝေက္ခဏာဆိုတာ (ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ) အစရှိတဲ့ ရဟန်းသာမဏေတိုင်း ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာကို ဆိုလိုတယ်ကွယ့်၊ ဒါကြောင့် အသားစားတဲ့အတွက်ကြောင့် အပြစ်မရှိသော်လည်း လောဘစိတ် နှင့်စားလျှင် အသားမှမဟုတ် သစ်ရွက်သစ်သီးကို စားလျှင်လည်း အပြစ် မလွတ်ပါဘူး။

သို့သော် ဒီနေရာမှာ အထူးသတိပြုဖို့က ကျားဟာ မွေးသည်မှစပြီး သူ့အသက်ကို သတ်စားတတ်တယ်၊ ကျား သူ့အသက်ကို သတ်စားခြင်းဟာ ကျားရဲ့မွေ့တာမို့ သတ်ခြင်းဖြစ်တယ်၊ အပြစ်မဖြစ်ဘူးလို့ မယူဆနှင့်၊ သူ့ အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းဆိုတာ ပညတ်စကားပဲ၊ ပရမတ်စကားနှင့် ပြောရလျှင် ဒေါသဖြင့်သတ်ခြင်း၊ လောဘဖြင့် ခိုးခြင်းလို့ သုံးရမယ်။

သူ့အသက် သတ်စဉ်က ဖြစ်ပေါ်လာတဲ့ ဒေါသစိတ်၊ သူ့ဥစ္စာ ခိုးယူ စဉ်က ဖြစ်ပေါ်လာတဲ့ လောဘစိတ်၊ အဲဒီ လောဘ, ဒေါသ တရားဟာ အကုသိုလ်ပဲ၊ အဲဒီအကုသိုလ်က ပရမတ္ထတရားမို့ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘူး၊ သိကြားမင်းမှာဖြစ်တဲ့ လောဘ, ဒေါသ အကုသိုလ်ကလည်း မကောင်းကျိုးကို ပေးတာပဲ၊ နတ်မင်း, လူမင်းမှာဖြစ်တဲ့ အကုသိုလ်ကလည်း မကောင်းကျိုးကို ပေးတာပဲ၊ ခွေးမှာ ကျားမှာဖြစ်တဲ့ အကုသိုလ်ကလည်း မကောင်းကျိုးကို ပေးတာပဲ၊ ဒါကြောင့် ကျားဟာ သူ့အသက် သတ်ပြီး စားရိုးမွေ့တာမို့ ကျားရဲ့ သူ့အသက်သတ်ခြင်း-ဒေါသကို အပြစ်မရှိဘူးလို့ မယူဆကောင်းဘူး၊ ကေန်အပြစ်ဖြစ်တယ်လို့ မှတ်ရမယ်၊ ဒီနေရာမှာ ရှေး ဆရာများ ရေးထားတဲ့ ဂါထာတစ်ပုဒ် ထုတ်ပြပါဦးမယ်။

http://www.dhammadownload.com



**ပတန္တာ ခုဒ္ဒကေနေဝ၊**
**ဗဟူဟိ ပုန ပိဋ္ဌိတာ။**
**မောက္ခောကာသံ န ဝိန္ဒန္တိ၊**
**ပါပံ ခုဒ္ဒံ ပိ နာစရေ။**

**ခုဒ္ဒကေနေဝ**– အနည်းငယ်မျှဖြစ်သော အကုသိုလ်ကံကြောင့်၊ **ပတန္တာ**– အပါယ်သို့ကျရောက်ကုန်သောသူတို့ကို၊ **ဗဟူဟိ**– များးစွာကုန်သော အကုသိုလ်ကံတို့က၊ **ပုန ပိဋ္ဌိတာ**– တစ်ဖန်ထပ်၍ နှိပ်စက်အပ်ပြန်လေသောကြောင့်၊ **မောက္ခောကာသံ**– အပါယ်လေးပါးမှ လွတ်ခွင့်ကို၊ **နဝိန္ဒန္တိ**– မရနိုင်ကြလေကုန်၊ **တသ္မာ**– ထို့ကြောင့်၊ **ခုဒ္ဒမ္ပိ**– အနည်းငယ်မျှလည်းဖြစ်သော၊ **ပါပံ**– မကောင်းမှုကို၊ **နာစရေ**– မပြုကျင့်ကြကုန်ရာတဲ့။

ဂါထာရဲ့ အဓိပ္ပာယ်ကတော့ လူ့ဘဝတုန်းက အနည်းငယ်မျှသော အကုသိုလ်ကလေး ပြုမိတဲ့အတွက် အပါယ်ကျသွားတယ်၊ အပါယ်ကျတယ်ဆိုတာ ကျားဖြစ်တယ်၊ ခွေးဖြစ်တယ်၊ ပြိတ္တာဘီလူး ဖြစ်တယ်ပေါ့၊ ကျားဘဝ၊ ခွေးဘဝ၊ ပြိတ္တာ ဘီလူးဘဝရောက်တော့ လူ့ဘဝက ပြုလုပ်ခဲ့တဲ့ အကုသိုလ်ထက် ပိုမိုကြီးမားတဲ့ အကုသိုလ်ကို ထပ်ပြီး ပြုမိပြန်တယ်၊ ဒီလိုနှင့် အဲဒီပုဂ္ဂိုလ်ဟာ အပါယ်ဘုံက ကျွတ်လွတ်ခွင့်မရဘဲ ငရဲကျလိုက် တိရစ္ဆာန်ဖြစ်လိုက် ပြိတ္တာဖြစ်လိုက်နှင့် သံသရာလည်နေတတ်တယ်၊ ဒါကြောင့် အနည်းငယ်မျှသော အကုသိုလ်ကိုသော်လည်း မပြုလုပ်ပါနှင့်လို့ ဆိုလိုတယ်၊ ဒါကြောင့် ကျားသတ္တဝါ သူ့အသက် သတ်တာလည်း အကုသိုလ်ဖြစ်တာပဲလို့ ဖြေလိုက်ပါတယ်ကွယ်”

သာဓု... သာဓု... သာဓု။

***

http://www.dhammadownload.com



# သုံးချက်ပုစ္ဆာ အဖြေလွှာ

တစ်ခုသောညနေတွင် ထီးချိုင့်မြို့ အထက်တန်းကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းဆရာ ဦးမြင့်ဆွေတို့သည် တည်တောကျောင်းပေါ်သို့ တက်ရောက်လာကြသည်၊ ထိုအချိန်တွင် ကျောင်းပေါ်၌ ကျောင်းသား၊ ကိုရင်များ ကင်းရှင်း၍ တစ်ဦးတည်း စကြံ့လျှောက်နေသည်၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာတို့ လာရောက်ဝတ်ပြုသောကြောင့်...

"ကျောင်းအုပ်ကြီး၊ မမြင်တာအတော်ကြာပြီ၊ ဘယ်များ သွားနေတုန်း" ဟု စကားစလိုက်ပါသည်။

"တပည့်တော် ဖောင်ကြီးသင်တန်းသွားနေတာ သုံးလကြာသွားတယ်၊ ဒါကြောင့် ဆရာတော်ဆီ မရောက်တာပါဘုရား၊ ဖောင်ကြီးသင်တန်းတက်ရင်း ရေဦးက ကျောင်းအုပ်ကြီး ဦးမောင်မောင်နှင့် အကျွမ်းတဝင် ဖြစ်ခဲ့တာဘုရား၊ အဲဒီ ဦးမောင်မောင်က ဘာသာရေးကို အတော်လိုက်စားတယ်၊ ဆရာတော်ရေးတဲ့စာတွေကိုလည်း ကြည့်တယ်၊ ဦးမောင်မောင်က ဘာပြောသလဲဆိုတော့ ခင်ဗျားက ထီးချိုင့်က အထက ကျောင်းအုပ်ဆိုတော့ တည်တောဆရာတော်ကို သိမှာပေါ့လို့မေးတယ်ဘုရား၊ တပည့်တော်က သိပါတယ်လို့ ပြောတော့ ဦးမောင်မောင်က တည်တောဆရာတော်ဟာ ဓမ္မဗျူဟာစာစောင်မှာ အမေးအဖြေ အမြဲရေးတယ်၊ ကျွန်တော်လည်း ဆရာတော်ကို မေးချင်တာရှိတယ်၊ ဒါပေမယ့် ဆရာတော်နှင့်မနီးတော့ မေးဖို့ခက်နေတယ်လို့ ပြောတယ်ဘုရား။

တပည့်တော်က မေးချင်တာ စာနှင့်မေးတာပေါ့၊ ကျွန်တော် ထီးချိုင့်ပြန်ရောက်လျှင် ခင်ဗျားအမေးလွှာ ဆရာတော်ကို ကပ်လိုက်ပါ့မယ်ပြောတော့

http://www.dhammadownload.com



ဦးမောင်မောင်က ဟန်ကျပြီဗျာ၊ ဒီလိုဆို ကျွန်တော် ဆရာတော်ဆီ စာလေး တစ်စောင် ရေးကပ်ပါ့မယ်ပြောပြီး တပည့်တော်အပြန်မှာ ဆရာတော်ဆီ စာ တစ်စောင် ပေးလိုက်ပါတယ်၊ အခု တပည့်တော်များ လာတာက အဲဒီစာ ဆရာတော့်ထံ အကပ်လာတာပါဘုရား"

"ပေးစမ်းပါဦး၊ ဦးမောင်မောင်ရဲ့စာ"

"ဒီမှာပါဘုရား"

ကျောင်းအုပ်ကြီးသည် ဤသို့ပြော၍ အင်္ကျီအိတ်တွင်းမှ စာကိုယူ၍ ကပ်ပါသည်၊ စာရေးသူသည် ဦးမောင်မောင်ထံမှ စာကိုထုတ်၍ ကြည့်လိုက်သည်၊ ကြည့်ပြီးလျှင်... ဦးမောင်မောင်က မေးခွန်းသုံးခု မေးထားတယ်၊ **မေးခွန်း ၁-က** ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော အာမိသဒါနကြောင့် လှူဒါန်းသူရရှိသော ကုသိုလ်အကျိုးများကို တွေ့ရသော်လည်း ဘုရားရုပ်ပွား တော် စေတီပုထိုး တည်ထားလှူဒါန်းခြင်း၊ ဗောဓိညောင်စိုက်ခြင်းတို့ကြောင့် ရရှိတဲ့အကျိုးများ မတွေ့ဘူးတဲ့အတွက် ဖြေကြားပေးပါရန်တဲ့။

**ဒုတိယအမေးက** လွန်ခဲ့တဲ့ ဘဝတစ်ခုက သောတာပတ္တိမဂ် ရရှိခဲ့ပြီး ဂေါတမဘုရားရှင်လက်ထက် လူဖြစ်၍ ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်များ ရှိဖူးပါသလား၊ **တတိယအမေးက** သေခါနီး လူမမာတစ်ဦးအတွက် ဘုရား ဂုဏ်တော် ပွားများခြင်းနှင့် ထွက်လေ ဝင်လေ ပွားများခြင်းအနက် ဘယ်ပွား များခြင်းက အကျိုးများပါသလဲတဲ့၊ ဒါက ဦးမောင်မောင်မေးလိုက်တဲ့ ပြဿနာ သုံးချက်ပေါ့။

အဲဒီ သုံးချက်အနက် ဘုရားရုပ်ပွားစေတီ တည်ထားခြင်း၊ ဗောဓိ ညောင်ပင် စိုက်ပျိုးခြင်းရဲ့အကျိုးကို သောတတ္ထကီကျမ်းမှာ ဒီလို ပြထား သကွဲ့။

**ယော ဗောဓိရုက္ခံ ရောပေတိ၊**
**ယော စ ပဗ္ဗဇိတော နရော။**
**ယော စ သတ္တုံ ကရော ဗိမ္ဗံ၊**
**ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ**-တဲ့။

**ယောနရော**- အကြင်သူသည်၊ **ဗောဓိရုက္ခံ**- ဗောဓိပင်ကို၊ **ရောပေတိ**- စိုက်ပျိုး၏၊ **ယောနရောစ**- အကြင်သူသည်လည်း၊ **ပဗ္ဗဇိတော**- ရှင်ရဟန်း

http://www.dhammadownload.com



ပြု၏၊ **ယောနရောစ**– အကြင်သူသည်လည်း၊ **သတ္ထု**– ဘုရားရှင်၏၊ **ဗိမ္ဗံ**– ရုပ်ပွားဆင်းတုတော်ကို၊ **ကရော**– ပြုစုတည်ထား၏၊ **သောနရော**– ထိုသူသည်၊ **ခုဝံ**– မချွတ်ကေန်၊ **ဗုဒ္ဓေါ**– ဘုရားသည်၊ **ဘဝိဿတိ**– ဖြစ်လတ္တံ့တဲ့။

အဓိပ္ပါယ်ကတော့ ရှင်းပါတယ်၊ ဗောဓိပင် စိုက်တဲ့သူ၊ ကိုယ်တိုင် ရှင်ရဟန်းပြုသူ၊ သူတစ်ပါးကို ရှင်ရဟန်းပြုပေးသူ၊ ရုပ်ပွားဆင်းတု တည်ထားပြုစုသူဟာ တူသောအကျိုးအားဖြင့် နောင်အခါ ဘုရားစင်စစ် ဖြစ်နိုင်တယ်လို့ ဆိုလိုပါတယ်၊ ဘုရားဖြစ်နိုင်တယ်ဆိုတော့ ကျန်တဲ့လောကီအကျိုးတွေလည်း ဖြစ်နိုင်တယ်လို့ ဆိုလိုတဲ့အတွက် လောကီကုသိုလ်ထဲမှာ အကြီးဆုံးကုသိုလ်လို့ ဆိုထိုက်တာပါပဲ၊ သို့သော်လည်း သောတတ္ထကီဆိုတဲ့ကျမ်းက သင်္ဂါယနာ ခြောက်ကြိမ်တင်ရာမှာ ပါဝင်တဲ့ ကျမ်းမဟုတ်လို့ မေးသူက ဒီလောက်နှင့် ကျေနပ်လိမ့်မယ် မထင်ဘူး၊ အဲဒါကြောင့် တစ်ဆင့်တက်လိုက်တော့ ဇဋိလသူဌေးဝတ္ထုကို တွေ့ရတယ်ကွယ့်။

"ဇဋိလသူဌေးအကြောင်း အမိန့်ရှိပါဦးဘုရား"

"ဇဋိလသူဌေးဟာ ကဿပဘုရားရှင် လက်ထက်တော်က ရွှေပန်းထိမ်သည်ဖြစ်သတဲ့၊ ကဿပဘုရား ပရိနိဗ္ဗာန်စံလွန်တော့ ဓာတ်တော် တစ်ခဲတည်းသာကျန်တယ်၊ အဲဒီဓာတ်တော်ကို ရွှေသားအတိပြီးတဲ့ ရွှေစေတီကြီးတည်သတဲ့၊ စေတီတော်က အလွန်ကြီးတော့ ရွှေမလောက်ဘူး၊ ဒါကြောင့် မြို့တွင်းဝင်ပြီး ဂေါပကများက ရွှေအလှူခံတော့ ရွှေပန်းထိမ်သည်ဆီ ရောက်သွားတယ်၊ ဒီအချိန်မှာ ရွှေပန်းထိမ်သည် လင်မယားကလည်း စကားများပြီး ရန်ဖြစ်နေကြသတဲ့၊ ဒီအချိန် အလှူခံက ရောက်လာတယ်ဆိုတော့ မယားအပေါ်ဖြစ်နေတဲ့ ဒေါသဟာ အလှူခံများအပေါ် ရောက်သွားပြီး ခင်ဗျားတို့အလှူခံတွေ အလွန် အလုပ်ရှုပ်တယ်၊ ခင်ဗျားတို့ တည်နေတဲ့ စေတီကြီးရေထဲသာ မျှောလိုက်ကြ၊ သွား... ကျုပ်မလှူနိုင်ဘူးလို့ ပြောသတဲ့၊ ဒီအခါ မယားက ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ရှင်နှင့်ကျွန်မ ရန်ဖြစ်နေတာ ရှင်မကျေနပ်လျှင် ကျွန်မကိုသာ ရိုက်ချင် ရိုက်နိုင်တယ်၊ ဘယ့်နှယ်ကြောင့် ဘုရားရှင်ကို ပြစ်မှားပါသလဲလို့ ဆိုသတဲ့၊ ဒီအခါမှ သတိရပြီး ဂေါပကများကို တောင်းပန်တယ်၊ ဂေါပကများကလည်း သင်ဟာ ငါတို့ကို ပြစ်မှားသည် မဟုတ်၊ ဘုရားရှင်အား ပြစ်မှားခြင်းဖြစ်လို့ ဘုရားရှင်ကို တောင်းပန်ပါလို့

http://www.dhammadownload.com



ပြောကြသတဲ့၊ ဒီအခါမှ ဓာတ်တော်ဌာပနာတိုက်အတွင်း ရွှေပန်းခိုင်သုံးခု ပြုလုပ်လှူဒါန်းပြီး ကန်တော့သတဲ့၊ လိုသောရွှေများကိုလည်း လှူသတဲ့၊ အဲဒီကောင်းမှုကြောင့် အခု ဇင်္ဂလဘဝမှာ ရေထဲမျှောပစ်ပါလားလို့ ဝစီကံ ပြစ်မှားမိခဲ့လို့ ရေအမျှောခံရတယ်လို့ ကျမ်းများမှာ ပြထားတယ်။

ဒီဇင်္ဂလဝတ္ထုမှာ စေတီတည်ကြောင်း ပြဆိုသော်လည်း စေတီတော်ကို ကိုယ်တိုင် တည်သည်မဟုတ်၊ ရွှေစေတီအတွက် လှူခြင်းမျှဖြစ်လို့ ဒီအဖြေကို ဦးမောင်မောင် သိပ်ပြီး သဘောကျလိမ့်မယ် မထင်သေးဘူး၊ ဒါကြောင့် ထေရာပဒါန ပါဠိတော်၊ ကိက်ဏိပုပ္ဖဝဂ်ကလာတဲ့ ပုလိနထူပိယမထေရ်ရဲ့ ကိုယ်တွေ့ဟောပုံကို ပါဠိတော်က ထုတ်နုတ် ပြောပြပါဦးမယ်။

(၁) ငါဟာ ရှေးအခါက ဟိမဝန္တာတောင်အနီး ယမကတောင်၌ သစ်ရွက်မိုးသောကျောင်း ဆောက်၍ ရသေ့ပြုနေ၏။

(၂) ငါ့အမည်သည် နာရဒဖြစ်၍ တပည့်ပေါင်း တစ်သောင်းခြောက်ထောင်ဖြင့် ထင်ရှားသောရသေ့ဖြစ်၏။

(၃) တစ်ရက်သောအခါ ငါ့၌ အကြံဖြစ်၏၊ လူပေါင်းများစွာတို့သည် ငါ့အား ပူဇော်ကြ၏၊ ငါကား တစ်စုံတစ်ဦးကိုမျှ ပူဇော်ရခြင်း မရှိပါတကား။

(၄) ငါ့အား ဆုံးမမည့်သူ မရှိ၊ ပြောဆိုမည့်သူ မရှိ၊ ငါသည် ဆရာကင်း၍ တော၌နေရ၏။

(၅) ဤအရပ်၌ ငါ ပူဇော်ထိုက်သော၊ ငါ့ထက် သီလ, သမာဓိ သာသော သူသည် မရှိ၊ တော၌နေခြင်းသည် ငါ့အတွက် အကျိုးမရှိပါတကား။

(၆) ငါသည် ပူဇော်ထိုက်သူကို ရှာအံ့၊ မှီခိုရာရှိ၍ နေအံ့၊ ငါ့အား မှီခိုရာရှိသော် ကဲ့ရဲ့ကင်းသူ ဖြစ်လတ္တံ့။

(၇) ငါ၏ ကျောင်းအနီး၌ အမရိကာမည်သော မြစ်ငယ်သည်ရှိ၏၊ ကောင်းသောဆိပ်ကမ်းရှိ၏၊ မွေ့လျော်ဖွယ်ကောင်း၏၊ စင်ကြယ်သော သဲရှိ၏။

(၈) ငါသည် အမရိကာမြစ်သို့ ချဉ်းကပ်၍ သဲကို ပေါင်းစုပြီးလျှင် သဲပုံစေတီကိုပြု၏။

(၉) ဘဝအထူးကို ပြုတတ်သော သဗ္ဗညုဘုရားရှင်တို့၏ စေတီပုထိုးသည် ဤသို့သဘောရှိ၏၊ ထိုသဲပုံကို ငါသည် ဘုရားရှင်တို့၏ စေတီပုထိုးဟု အမှတ်ထား၏။

http://www.dhammadownload.com



(၁၀) ငါသည် သဲပုံကို ရွှေအတိပြီးအောင် ဖန်ဆင်း၏၊ ရွှေဆည်းလည်းပန်း သုံးထောင်တို့ဖြင့် ပူဇော်ခဲ့၏။

(၁၁) ငါသည် နှစ်သက်မြတ်နိုးစွာ လက်အုပ်ချီလျက် ည, နံနက် ရှိခိုး၏၊ ထိုသဲပုံစေတီကို သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ရှိခိုးခဲ့၏။

(၁၂) ငါ၏စိတ်၌ ကိလေသာ ဖြစ်ပေါ်လာသော် ထိုကိလေသာ ကင်းပျောက်ရန် ထိုစေတီတော်ကို ဆင်ခြင်၏။

(၁၃) လှည်းမှူးနှင့်တူသော ဘုရားရှင်ကို မှီနေပါလျက် ကိလေသာတို့နှင့် အတူနေညားအံ့၊ ငါ့အား မသင့်လျော်ချေ။

(၁၄) ထိုသို့ ဆင်ခြင်သည်နှင့် တစ်ပြိုင်နက် စေတီတော်အား ရိုသေခြင်း ဖြစ်လာ၏၊ ထိုအခါ ချွန်းအပေါက်ခံရသော ဆင်ကဲ့သို့ ယုတ်မာသော အကြံအစည်များ ပယ်ဖျောက်နိုင်ခဲ့၏။

(၁၅) ထိုဘဝမှစုတေသော် ငါသည် ဗြဟ္မာ့ပြည်သို့ ရောက်၏။

(၁၆) ဗြဟ္မာဘဝမှ စုတိသောအခါ တာဝတိံသာနတ်ဘုံ၌ဖြစ်၏၊ ဤကောင်းမှုကြောင့် အကြိမ်ပေါင်းရှစ်ဆယ် သိကြားမင်း ဖြစ်ခဲ့၏။

(၁၇) အကြိမ်သုံးရာ စကြဝတေးမင်း ဖြစ်ခဲ့၏၊ ပဒေသရာဇ်မင်းအဖြစ်ကား မရေမတွက်နိုင်ပါချေ။

(၁၈) ရွှေဆည်းလည်းလှူရသောအကျိုးတို့ကို ငါ ခံစားခဲ့ရ၏၊ ဤကောင်းမှုကြောင့် ဖြစ်ရာဘဝတွင် နို့ထိန်းသည် တစ်သိန်းတို့သည် ငါ့ကို ခြံရံရ၏။

(၁၉) စေတီပုထိုး တည်ထားရခြင်း၊ ပူဇော်ရခြင်းတို့ကြောင့် ငါ၏ကိုယ်၌ မြူအညစ်အကြေးမျှမရှိ၊ ချွေးမထွက်၊ အရောင်အဆင်း တောက်ပ၏။

(၂၀) သဲပုံစေတီ တည်ထားရသော ကောင်းမှုကံကြောင့် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ရောက်ရ၏။

(၂၁) နောက်ဆုံးဘဝတွင် သာဝတ္ထိပြည် မဟာသာလသူဌေးမျိုး၌ ဖြစ်ရ၏။

(၂၂) ငါ၏ အမိအဖတို့သည် သဒ္ဓါတရား ရှိကုန်၏၊ ရတနာသုံးပါးကို ဆည်းကပ်၍ နိဗ္ဗာန်ကို မြင်ကုန်၏။

(၂၃) ဗောဓိပင်အပွေးကိုယူ၍ ရွှေစေတီ ပြုလုပ်ကိုးကွယ်ကြ၏၊ ည, နံနက် ရှိခိုးပူဇော်ကြ၏။

http://www.dhammadownload.com



(၂၄) ဥပုသ်နေ့၌ ရွှေစေတီကို ထုတ်၍ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကို ချီးကျူးလျက် ညသုံးယံကို လွန်စေကုန်၏။

(၂၅) ငါသည် ထိုစေတီကို ဖူးမြင်ရ၍ သဲပုံစေတီတည်ထားခဲ့ခြင်းကို အမှတ်ရ၏၊ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

အခုပြောခဲ့တာက ထေရာပဒါန ပါဠိတော်က လာတဲ့ (ပုလိနထူပိယမထေရ်)ရဲ့အကြောင်း အကျဉ်းချုပ်ပါ။

ဗုဒ္ဓသာသနာတော်မှာ စေတီဟာ လေးမျိုးရှိတယ်။

(၁) **ဓာတုစေတီ**ခေါ်တဲ့ ဓာတ်တော်မွေတော်များ၊

(၂) **ဓမ္မစေတီ**ခေါ်တဲ့ ပိဋကတ်ကျမ်းဂန်များ၊

(၃) **ဥဒ္ဒိဿစေတီ**ခေါ်တဲ့ ရုပ်ပွားဆင်းတုတော်များ၊

(၄) **ပရိဘောဂစေတီ**ခေါ်တဲ့ ကျောင်းတော်၊ ဗောဓိပင်၊ သပိတ် ပရိက္ခရာစတဲ့ အဆောင်အယောင်များ။

ဒီစေတီလေးပါးဟာ အချုပ်အားဖြင့် အတူတူပါပဲ၊ ထူပါစေတီ တည်ထားရတဲ့အကျိုးနှင့် စာပေပူဇော်ခြင်း၊ ကိုယ်တိုင်ရေးလှူခြင်း၊ ဘုရား ထုလုပ်ကိုးကွယ်ခြင်း၊ ဗောဓိပင် စိုက်ပျိုးရခြင်း အကျိုးဟာလည်း တူတယ်၊ ဒါကြောင့် ဗောဓိပင် စိုက်ပျိုးရခြင်း အကျိုးကို အထူးမဖော်ပြတော့ဘဲ ဒုတိယအမေးကို ဖြေကြစို့ရဲ့"

"မှန်ပါ ဖြေတော်မူပါဘုရား"

**"ဒုတိယအမေးက လွန်ခဲ့တဲ့ဘဝတစ်ခုက သောတာပန် တည်ခဲ့ပြီး ယခု ဘုရားလက်ထက် ရဟန္တာဖြစ်သူ ရှိ,မရှိတဲ့"**

"ရှိတယ်လို့ ဖြေရမှာပေါ့၊ ဘယ်မှာရှိတာလဲဆိုလျှင် အင်္ဂုတ္တရ အဋ္ဌကထာ၊ ပဉ္စကနိပါတ၊ သုမနဝဂ္ဂ၊ သုမနသုတ်အဖွင့်၊ စာမျက်နှာ ၁၅/၁၆ မှာ ရှိတယ်၊ အကျယ်ကတော့–

ကဿပဘုရားရှင်လက်ထက်တော်က တစ်ဦးအပေါ်တစ်ဦး အလွန်လေးစားကြတဲ့ တောနေရဟန်းနှစ်ပါး ရှိကြသတဲ့၊ အဲဒီနှစ်ပါးအနက် တစ်ပါးက သာရဏီယတရားဝတ်ကို ဖြည့်ကျင့်တယ်၊ ကျန်တစ်ပါးက ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်သတဲ့။

http://www.dhammadownload.com



ဒီနေရာမှာ **သာရဏီယကျင့်ဝတ်**ဆိုတာ ဆွမ်းခံသမျှ ကိုယ်စားမချန်ဘဲ အကုန်လှူပြီး အကျန်မှစားတဲ့ ကျင့်ဝတ်ဖြစ်တယ်၊ **ဘတ္တဂ္ဂဝတ်**ဆိုတာက ဆွမ်းစားဇရပ်မှာ ပြုကျင့်ရတဲ့ဝတ်ပေါ့၊ သာရဏီယကျင့်ဝတ်က ဒါနအတွင်း ပါဝင်ပြီး ဘတ္တဂ္ဂဝတ်က သီလအတွင်း ပါဝင်တယ်။

ဒါနဝတ်ပြုလေ့ရှိတဲ့ ကိုယ်တော်က ဘယ်လို ပြောသလဲဆိုတော့ "ငါ့ရှင် မိမိရတဲ့ပစ္စည်းကို မပေးလှူသူအား ဘာမျှ အကျိုးမရှိဘူး၊ မိမိရတဲ့ပစ္စည်းကို သူတစ်ပါးအား ပေးလှူပြီးမှ သုံးဆောင်သင့်တယ်လို့ ပြောတယ်။

သီလကျင့်ဝတ် ဖြည့်ကျင့်တဲ့ကိုယ်တော်ကလည်း... "ငါ့ရှင် သင်ဟာ ဘာမျှမသိပါလား၊ ရဟန်းဆိုတာ သူတစ်ပါးလှူတဲ့ပစ္စည်းအား သူတစ်ပါးကို ပေးကမ်းသောအားဖြင့် ဖျက်ဆီးခြင်းငှာ မအပ်ဘူး၊ ဒါကြောင့် မိမိနှင့် မျှတရုံလောက် ခံယူ သုံးဆောင်ပြီး သီလကိုသာ ဖြည့်ကျင့်သင့်တယ်လို့ ပြောတယ်၊ ရဟန်းနှစ်ပါးတို့ဟာ တစ်ပါးရဲ့အယူကို တစ်ပါးက ချေဖျက်ဖို့ရာ မတတ်နိုင်ဘဲ စုတိတဲ့အခါ ကာမာဝစရနတ်ပြည်မှာ ဖြစ်ကြတယ်။

နတ်ဖြစ်တဲ့ဘဝမှာ ဒါနပြုတဲ့ပုဂ္ဂိုလ်က ဒါနမပြုတဲ့ပုဂ္ဂိုလ်ထက် အကျိုးငါးပါး သာသတဲ့၊ အကျိုးငါးပါးဆိုတာ-

(၁) **အာယု** = အသက်ပိုရှည်တယ်၊
(၂) **ဝဏ္ဏ** = အဆင်းပိုလှတယ်၊
(၃) **သုခ** = ကိုယ်စိတ်နှစ်ပါး ပိုချမ်းသာတယ်၊
(၄) **ယသ** = အခြံအရံ အကျော်အစော ပိုသာတယ်၊
(၅) **အာဓိပတေယျ** = အစိုးရမှု သာလွန်ခြင်းတို့ ဖြစ်ကြတယ်။

သူတို့နှစ်ဦးဟာ လူ့ပြည်၊ နတ်ပြည် ကျင်လည်ရင်း ကဿပဘုရားနှင့် ဂေါတမဘုရားအကြား ကာလကိုလွန်စေပြီး ယခု ဂေါတမဘုရားလက်ထက်တော်မှာ ဒါနဝါသနာပါတဲ့ ရဟန်းက ကောသလမင်းရဲ့ မိဖုရားကြီးဝမ်းမှာ ပဋိသန္ဓေယူတယ်။

သီလဝါနာထုံတဲ့ရဟန်းက မိဖုရားကြီးရဲ့ အလုပ်အကျွေးမဝမ်းမှာ ပဋိသန္ဓေယူတယ်၊ မွေးတော့ တစ်ရက်တည်း မွေးကြတယ်၊ ကင်ပွန်းတပ်တဲ့နေ့မှာ မင်းသားလေးကို နံ့သာရေနှင့် ရေချိုးပေးပြီး ကျက်သရေရှိတဲ့ တိုက်ခန်းမှာ နှစ်ဦးသားယှဉ်ပြီး သိပ်ထားကြသတဲ့၊ ဒီအချိန်မှာ ဒါနဝါသနာထုံတဲ့ သူငယ်

http://www.dhammadownload.com



က မျက်စိဖွင့်ပြီး ကြည့်လိုက်တော့ သူ့အထက်မှာ ထီးဖြူကြီး အုပ်မိုးထားတာကို မြင်တယ်၊ အိပ်ရာကြည့်ပြန်တော့လည်း တန်ဆာ ဆင်ယင်ထားတဲ့ လှပတင့်တယ်တဲ့ အိပ်ရာနေရာကို မြင်တယ်၊ ဒါတွေ မြင်တဲ့အတွက် ငါဟာ မင်းအိမ်မှာဖြစ်တဲ့ မင်းသားတစ်ပါးဆိုတာ သိတယ်၊ မိမိအဖြစ်ကို သိပြီးတဲ့နောက် သီလဝါသနာထုံတဲ့ သူငယ်ချင်းရဟန်း ဘယ်မှာ ဖြစ်ပါလိမ့်လို့ ကြည့်လိုက်တော့ သူ့ရဲ့အနီး နိမ့်တဲ့နေရာမှာ ပက်လက်ကလေး အိပ်နေတာကို မြင်ရသတဲ့၊ ရဟန်းဘဝတုန်းက ဒါနပြုဖို့ သူ့ကို ငါ တိုက်တွန်းတာ မရဘူး၊ ဒီအခါ သူ့ကိုနှိပ်ပြီး ပြောခွင့်သာလာပြီ ပြောမှပဲလို့–

"အို... အဆွေ သင်ဟာ ငါ့စကားကို နားမထောင်ဘူး"လို့ ပြောသတဲ့၊ ဒီတော့ နိမ့်တဲ့နေရာ အိပ်နေတဲ့သူငယ်က–

"အသင် ဘာဖြစ်တာလဲ"လို့ ပြန်မေးသတဲ့။

"ဘာဖြစ်ရမှာလဲ၊ ငါရဲ့ပြည့်စုံမှုကို မြင်တယ်မဟုတ်လား၊ ငါ့အပေါ်က ထီးဖြူကြီးအုပ်လို့၊ ငါ့အောက်က တဖိတ်ဖိတ်တောက်နေတဲ့ ကျက်သရေရှိတဲ့နေရာ ဘယ်လောက်ဟန်ကျသလဲ၊ ဒါတွေဟာ ငါပြုခဲ့တဲ့ ဒါနရဲ့အကျိုးတွေ မဟုတ်လား၊ ဒါကြောင့် သင့်ကို ဒါနပြုပါလို့ ငါ ခဏခဏ တိုက်တွန်းတယ်၊ ငါ့စကားကို နားမထောင်လို့ သင်ဟာ ယုတ်နိမ့်တဲ့နေရာမှာ နေရပြီး ကြမ်းတမ်းတဲ့အခင်းပေါ်မှာ အိပ်နေရပြီ မဟုတ်လား"လို့ ပြောသတဲ့၊ ဒီတော့ နိမ့်တဲ့နေရာကသူငယ်က...

"သင်ဟာ ဒါတွေကိုမှီပြီး မာနဖြစ်နေတာလား၊ ကျက်သရေရှိတယ်ဆိုတဲ့ သင့်အိပ်ရာနှင့် ကျက်သရေမရှိဘူးဆိုတဲ့ ငါ့အိပ်ရာတွေဟာ ပညတ်မျှသာ ကွဲပြားသော်လည်း ပရမတ်အားဖြင့် ပထဝီဓာတ်သားတွေချည်း မဟုတ်လား" လို့ ပြန်ပြောသတဲ့၊ မွေးခါစ ကလေးနှစ်ယောက် အပြန်အလှန် ပြောဆိုနေကြတာကို အစ်မဖြစ်သူ သုမနာမင်းသမီးက ကြားတော့ ဒီကလေးတွေဟာ ဧကန် ရဟန်းဘဝက လာသူတွေဖြစ်မယ်၊ ဒါကြောင့် ပရမတ်သံစကားတွေ ပြောနေကြခြင်းဖြစ်တယ်။

ဒီအကြောင်းကို အမိအဖတို့အား ပြောကြားမိခဲ့လျှင် ဘီလူးကလေးတွေ ဆိုပြီး ဖျက်ဆီးပစ်မှာ စိုးရတယ်၊ ဒီအကြောင်း ဘယ်သူ့ကိုမျှ မပြောကြားဘဲ ဘုရားရှင်ထံ လျှောက်ထားရလျှင် ကောင်းမယ်လို့ အကြံရပြီး နံနက်ထမင်း

http://www.dhammadownload.com



စားပြီးချိန်မှာ ခမည်းတော် ကောသလမင်းကြီးကို လျှောက်ထားပြီး ရထား ငါးရာ အခြံအရံနှင့် ဘုရားရှင်ထံ သွားရောက် လျှောက်ထားသတဲ့၊ သုမနာ မင်းသမီး လျှောက်ထားတာ တိုက်ရိုက်လျှောက်တာ မဟုတ်ပါဘူး။

"အရှင်ဘုရား... ဤသာသနာတော်မှာ တပည့်သာဝကနှစ်ဦးတို့ဟာ သဒ္ဓါ, သီလ, ပညာ တူမျှကြပါတယ်၊ သို့သော်လည်း တစ်ဦးက ပေးလှူ တတ်ပါတယ်၊ တစ်ဦးက မပေးလှူတတ်ပါဘူး၊ ဒီပုဂ္ဂိုလ်နှစ်ဦး ကွယ်လွန်လျှင် နတ်ဖြစ်ပါလိမ့်မယ်၊ နတ်ဖြစ်တဲ့ဘဝမှာ သူတို့နှစ်ဦး ခြားနားချက် ရှိပါဦး မလား"လို့ လျှောက်ထားတယ်၊ ဘုရားရှင်က-

"သုမနာ... ခြားနားတယ်၊ ပေးလှူသူက မပေးလှူသူထက် အသက်၊ အဆင်း၊ ချမ်းသာ၊ အခြံအရံ အကျော်အစော၊ အစိုးရခြင်း ဤအကျိုးတရား ငါးပါး သာလွန်တယ်"လို့ မိန့်တော်မူတယ်၊ သုမနာမင်းသမီးက-

"အရှင်ဘုရား... ထိုသူနှစ်ဦး နတ်ဘဝက စုတေပြီး လူ့ဘဝ ရောက်ခဲ့ လျှင်ကော ဘုရား"လို့ လျှောက်တော့ ဘုရားရှင်က-

"လူ့ဘဝမှာလည်း ပေးလှူသူက အကျိုးပါးငါး သာလွန်တာပဲ"လို့ ဖြေတော်မူတယ်၊ သုမနာမင်းသမီးက-

"အရှင်ဘုရား... ထိုပုဂ္ဂိုလ်နှစ်ဦး လူ့ဘဝက ရဟန်းပြုကြလျှင်ကော ဘုရား"လို့လျှောက်တော့ ဘုရားရှင်က ရဟန်းဘဝမှာလည်း အကျိုးငါးပါး သာတာပဲလို့ ဖြေတယ်၊ သုမနာက အရှင်ဘုရား ထိုရဟန်းနှစ်ပါးလုံး ရဟန္တာ ဖြစ်သွားလျှင်ကော ထူးခြားချက် ရှိပါသေးသလားလို့ လျှောက်တော့ ဘုရားရှင် က-

"ချစ်သမီးသုမနာ... အရဟတ္တဖိုလ်တစ်ခုနှင့် အရဟတ္တဖိုလ်တစ်ခု အနည်းငယ်မျှ ခြားနားတယ်ရယ်လို ငါဘုရား ဟောတော်မမူဘူး"လို့ မိန့်တော်မူ တယ်။

အဲဒီအခါ သုမနာမင်းသမီးက အရှင်ဘုရား အံ့ဖွယ်ရှိပေစွ၊ မဖြစ်ဘူး မြဲဖြစ်ပေစွ၊ အလှူ၏ အကျိုးသည် သံသရာဝယ် လွန်စွာ ကြီးမားလှပါ၏၊ အလှူ၏အကျိုးကို သိသူတိုင်း ပေးလှူရန် အလွန် သင့်လျော်လှပါတယ် ဘုရားလို့ လျှောက်ထားသတဲ့။

http://www.dhammadownload.com



ဒီအခါ ဘုရားရှင်က–

"သုမနာ အလှူဒါနကို ပေးလှူရန်သင့်တယ်၊ အလှူဒါနဟာ နတ်ဖြစ်သူအားလည်း ကျေးဇူးပြုတယ်၊ လူဖြစ်သူအားလည်း ကျေးဇူးပြုတယ်၊ ရဟန်းဖြစ်သူအားလည်း ကျေးဇူးပြုတယ်"လို့ မိန့်တော်မူပြီး

ယထာ ပိ စန္ဒော ဝိမလော၊ ဂစ္ဆံ အာကာသ ဓာတုယာ အစရှိတဲ့ (အင်္ဂုတ္တရ၊ ပဉ္စကနိပါတ ပါဠိ၊ ၂၈-၂၉) ငါးဂါထာကိုဆက်ပြီး ဟောတော်မူသွားတယ်၊ အဲဒီ ငါးဂါထာအနက် အထူး ဂရုပြုသင့်တဲ့ဂါထာက–

**ဇဝံ ဒဿနသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓသာဝကော။**
**မစ္ဆရီ အတိရောစတိ၊ ပဉ္စ ဌာနေဟိ ပဏ္ဍိတော–**

ဆိုတဲ့ ၄-ခုမြောက် ဂါထာပါပဲ၊ အဓိပ္ပာယ်ကတော့–

ဤသို့ သောတာပတ္တိဉာဏ်အမြင်နှင့် ပြည့်စုံသော ဘုရားရှင်၏ တပည့်သားသည် နမြောဝန်တိုတတ်သော၊ မိမိပစ္စည်း မပေးမလှူရက်သော သူကို "အာယု၊ ဝဏ္ဏ၊ သုခ၊ ယသ၊ အာဓိပတေယျ"ဟူသော အကြောင်း ငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏လို့ ဆိုလိုတယ်၊ ဒါကြောင့် သုမနာမင်းသမီးရဲ့ မောင် ကောသလမင်းရဲ့သားတော် မင်းသားလေးဟာ ကဿပဘုရားရှင် သာသနာတော်ကာလက သောတာပန် ဝင်စားသူဖြစ်ကြောင်း ထင်ရှားတဲ့ အတွက် ရှေးက သောတာပန်တည်ခဲ့ပြီး ယခု ဘုရားလက်ထက် ရဟန္တာဖြစ်သူရှိကြောင်း အဖြေပေးလိုက်ပါတယ်။

အင်္ဂုတ္တိုရ်ပဉ္စကနိပါတ်မှာ မင်းသားလေးရဲ့အကြောင်း အကျယ်ဖော်ပြချက် မပါသော်လည်း ယခုဘဝမှာ ရဟန္တာဖြစ်မှာ သေချာတဲ့အတွက် ရဟန္တာဖြစ်သူရှိကြောင်း အဖြေပေးလိုက်ခြင်း ဖြစ်ပါတယ်။

ဒီလောက်ဆိုလျှင် ကျောင်းအုပ်ကြီး ဦးမောင်မောင် ကျေနပ်သင့်ပါပြီ နော်"

"မှန်ပါ၊ ကျေနပ်လောက်ပါပြီဘုရား"

**တတိယအမေး**က သေခါနီး လူမမာတစ်ဦးအတွက် ဘုရားဂုဏ်တော် ပွားများနေခြင်းနှင့် ထွက်လေ ဝင်လေ ပွားများနေခြင်းအနက် အဘယ်အနေနှင့် ပွားများခြင်းက အကျိုးများပါသလဲတဲ့၊ ဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဘုရားဂုဏ်တော်ကို ပွားများသည်ပင်ဖြစ်စေ၊ ထွက်လေ, ဝင်လေ အာနာပါနကို ပွားများသည်ပင်ဖြစ်စေ အခြေခံကတော့ ကုသိုလ်တရား တိုးပွားအောင် ပွားများကြသည်ချည်းဖြစ်တယ်၊ ဒီနေရာမှာ ကုသိုလ်တရားကလည်း ကာမကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်, လောကုတ္တရာကုသိုလ်လို့ သုံးမျိုးရှိတယ်"

**ကာမကုသိုလ်**ဆိုတာက ကာမဘုံ, ကာမသတ္တဝါမှာ အဖြစ်များတဲ့ ကုသိုလ်ဖြစ်တယ်၊ အရကောက်ကတော့ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက, သသင်္ခါရိက စသည်ဖြင့် သင်္ဂြိုဟ်ကျမ်းကပြတဲ့ ကာမကုသိုလ်စိတ် ရှစ်ခုဖြစ်တယ်။

**မဟဂ္ဂုတ်ကုသိုလ်**ဆိုတာ သင်္ဂြိုဟ်ကျမ်းမှာပြတဲ့အတိုင်း ရူပကုသိုလ် ၅–ပါးနှင့် အရူပကုသိုလ် ၄–ပါး ပေါင်း ၉–ပါးကို မဟဂ္ဂုတ်ကုသိုလ်လို့ ခေါ်တယ်။

**လောကုတ္တရာကုသိုလ်**ဆိုတာက သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်၊ ဒီမဂ်စိတ် ၄–ခုတို့ကို လောကုတ္တရာကုသိုလ်လို့ ခေါ်တယ်။

ဒီကုသိုလ်သုံးမျိုးထဲမှာ လောကုတ္တရာကုသိုလ်က အမြတ်ဆုံး, မဟဂ္ဂုတ်ကုသိုလ်က အလယ်အလတ်, ကာမကုသိုလ်က အညံ့စားဖြစ်တယ်၊ ကာမကုသိုလ်ဟာ ညံ့ပင်ညံ့သော်လည်း ကာမကုသိုလ် မပါဘဲ မဟဂ္ဂုတ်ကုသိုလ်, လောကုတ္တရာကုသိုလ်ဟာ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ကာမကုသိုလ်ဟာ အလုံးစုံသော ကုသိုလ်တရားများရဲ့ အခြေခံကုသိုလ် ဖြစ်တယ်။

အခု ပြဿနာမှာ သေခါနီးအချိန်မှာ ဂုဏ်တော်ပွားသည်ပင်ဖြစ်စေ၊ ထွက်လေ,ဝင်လေကို ပွားများသည်ပင်ဖြစ်စေ၊ ရူပ,အရူပ, မဟဂ္ဂုတ်ကုသိုလ် မဖြစ်သေးသမျှ ကာမကုသိုလ်မျှသာဖြစ်တယ်၊ ကာမကုသိုလ် ဖြစ်တာချင်း အတူတူ ဘယ်သူက သာလွန်တယ်လို့ မပြောနိုင်ပါဘူး၊ သို့သော်လည်း သင်္ဂြိုဟ်ကျမ်း ကမ္မဋ္ဌာန်းပိုင်း ဘာဝနာဘေဒကို ကြည့်ခဲ့လျှင်–

**"ဗုဒ္ဓါနုဿတိ အာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသုစာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရ ဘာဝနာဝ သမ္ပဇ္ဇတိ နတ္ထိ အပ္ပနာ"**

လို့ ဆိုထားတော့ ကမ္မဋ္ဌာန်း ၄၀–မှာ ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိ အဆုံး ကမ္မဋ္ဌာန်းတရား ၈–ပါးနှင့် အာဟာရေပဋိကူလသညာတစ်ပါး၊ စတု

http://www.dhammadownload.com



ဓာတုဝဝတ္ထာန်တစ်ပါး၊ ဤ ၁၀–ပါးသော ကမ္မဋ္ဌာန်းတရားများဟာ ဥပစာရ ဘာဝနာမျှသာရတယ်၊ အပ္ပနာဆိုတဲ့ ဈာန်ထိအောင် မရဘူးလို့ ဆိုထားတယ်၊ ဒါကြောင့် သေခါနီး ဗုဒ္ဓါနုဿတိ ဘုရားဂုဏ်တော်ကို ပွားများနေတဲ့အတွက် စိတ်ဓာတ် ငြိမ်သက် တည်ကြည် အေးချမ်းရုံမျှသာ ရတယ်၊ ပထမဈာန်စတဲ့ မဟဂ္ဂုတ်ကုသိုလ်ထိအောင် မရနိုင်ဘူး။

ထွက်လေ,ဝင်လေ ပွားများနေတဲ့ အာနာပါနကမ္မဋ္ဌာန်းကတော့ "အာနာ ပါနဥ္စ ပဥ္စကဇ္ဈာနိကာနိ"ဆိုတဲ့အတိုင်း ပထမဈာန်, ဒုတိယဈာန်, တတိယ ဈာန်ထိအောင် ရနိုင်စွမ်းရှိတယ်၊ ဒါကြောင့် သေခါနီးကာလမှာဖြစ်စေ, ရိုးရိုး နေတဲ့အခါမှာဖြစ်စေ ထွက်လေ,ဝင်လေကို မဟဂ္ဂုတ်ကုသိုလ်အထိ ပွားများ နိုင်ခဲ့လျှင် ဘုရားဂုဏ်တော်ကို ပွားများတာထက် အကျိုးများပါတယ်၊ အကယ်၍ မဟဂ္ဂုတ်ကုသိုလ်ထိအောင် မပွားနိုင်လျှင် ကာမကုသိုလ်ချင်း အတူတူမို့ ဘယ်ကုသိုလ်က အကျိုးများတယ်လို့ မပြောနိုင်ပါဘူး။

ဒီနေရာမှာ အကျိုးများတယ်ဆိုတာက အာနာပါနကမ္မဋ္ဌာန်း ပွားများလို့ ပထမဈာန်ကိုရလျှင် သေသည်၏အခြားမဲ့မှာ ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိ တာ, မဟာဗြဟ္မာ ဆိုတဲ့ ပထမဈာန်ဘုံကို ရောက်တယ်။

ဒုတိယဈာန်, တတိယဈာန်စိတ်နှင့် ကွယ်လွန်ခဲ့လျှင် ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာဆိုတဲ့ ဗြဟ္မာတို့ရဲ့ ဒုတိယဈာန်ဘုံကိုရောက်တယ်။

စတုတ္ထဈာန်စိတ်နှင့် ကွယ်လွန်ခဲ့လျှင် ပရိတ္တာသုဘာ, အပ္ပမာဏာသု ဘာ, သုဘကိဏှာဆိုတဲ့ ဗြဟ္မာတို့ရဲ့ တတိယဈာန်ဘုံကို ရောက်တယ်။

ပဥ္စမဈာန်စိတ်နှင့် ကွယ်လွန်ခဲ့လျှင် ဝေဟပ္ဖိုလ်, အသညသတ်, သုဒ္ဓါ ဝါသ ငါးဘုံဆိုတဲ့ စတုတ္ထဈာန်ဘုံကို ရောက်တယ်။

အကယ်လို့ ကာမကုသိုလ်စိတ်နှင့် ကွယ်လွန်လျှင်တော့ အဲဒီ ဗြဟ္မာဘုံ တွေကို မရောက်ဘဲ ကာမသုဂတိ ၇–ဘုံကိုသာ ရောက်တယ်။

ဒါကြောင့် သေခါနီး လူမမာတစ်ဦးအတွက် ဘုရားဂုဏ်တော်ကို ပွား သည်ပင်ဖြစ်စေ၊ ထွက်လေ,ဝင်လေကို ပွားသည်ပင်ဖြစ်စေ မဟဂ္ဂုတ်ကုသိုလ် တရား မဖြစ်ပွားသေးသမျှ ကာမကုသိုလ်ချင်း အတူတူသာဖြစ်ကြောင်း ဖြေ ဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု။

***

http://www.dhammadownload.com



# ဟောပြောရကျိုး

"ဟောဒီစာက တမူးမြို့နယ်၊ ဟဲဇင်းဆရာတော် ဦးကလျာဏထံမှ မေးလျှောက်စာပါဘုရား"

"ဦးကလျာဏက ဘာတွေများ မေးထားသလဲကွယ့်"

"ဦးကလျာဏရဲ့ စာမှာပါတာက...

မင်းကွန်းဆရာတော် ကဗျာနှင့်မေးလို့ မန်လည်ဆရာတော် ကဗျာနှင့် ဖြေကြားတဲ့ (ပဉ္စစတ္တာလီသ ပုစ္ဆာ ဝိသဇ္ဇနာကျမ်း)ကို လေ့လာကြည့်ရှုတဲ့အခါ ပုစ္ဆာနံပါတ် ၂၉-မှာ မင်းကွန်းဆရာတော်က-

**ပဏ္ဍိတာဉာဏ်ရှင့်က၊ တရားဖြင့်မိန့်ဆို၊ လူပေါင်းကုဋေတို့၊ အထွေထွေလှူဒါန၊ ပြုကြကြည်ညို၊ ကုဋေကုန် လူအပေါင်းတို့၊ ရကောင်းသည့် ကုသိုလ်ကို၊ တစ်စုလိုပုံထား၊ နှိုးဆော်သည့်ပုဂ္ဂိုလ်၏၊ မြတ်ကုသိုလ်ကံဟုန်နှင့်၊ နှစ်ပုံကို ထောက်မျှော်ရှု၊ ဘယ်စုကများ။**

လို့ မေးထားတဲ့ ပုစ္ဆာကို တွေ့ရသတဲ့။

ပုစ္ဆာရဲ့အဓိပ္ပာယ်က ပညာရှိတဲ့ဉာဏ်ရှင်က တရားဟောပြောတိုက်တွန်းလို့ ကုဋေလောက်ရှိတဲ့လူတွေက အလှူကြီး ပေးလှူကြပါသတဲ့၊ အဲဒီလို အလှူပေးကြတဲ့ အလှူရှင်တွေရဲ့ကုသိုလ်အစုက တစ်ပုံ၊ တရားဟောပြော တိုက်တွန်းပေးတဲ့ ဓမ္မကထိကပုဂ္ဂိုလ်ရဲ့ ကုသိုလ်အစုက တစ်ပုံ၊ အဲဒီ ကုသိုလ်နှစ်ပုံအနက် ဘယ်အပုံက ကုသိုလ်စု များပါသလဲလို့ မေးထားခြင်းဖြစ်ပါသတဲ့။

http://www.dhammadownload.com



ဒီအမေးပုစ္ဆာ ကဗျာကို မန်လည်ဆရာတော်ကြီးက–

**ပဏ္ဍိတာဉာဏ်ရှင့်က၊ တရားဖြင့်မိန့်ဆို၊ လူဆေါင်းကုဋေတို့၊ အထွေထွေ လျှုဒါန်၊ ပြုကြကြည်ညို၊ ကုဋေကုန်လူဆေါင်းတို့၊ ရကောင်းသည့် ကုသိုလ်ကို၊ တစ်စုလိုပုံထား၊ နှီးဆော်သည့်ပုဂ္ဂိုလ်၏၊ မြတ်ကုသိုလ် ကံဟုန်နှင့်၊ သည်နှစ်ပုံ အညီဘက်ဟု၊ ကျမ်းထွက်ရှိသား။**

လို့ ဖြေဆိုသတဲ့ ဘုရား။

တိုက်တွန်းဟောပြောတဲ့ ပုဂ္ဂိုလ်ရဲ့ကုသိုလ်နှင့် လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်များရဲ့ ကုသိုလ်အစုဟာ အတူတူပဲလို့ ကျမ်းထွက်ရှိကြောင်း ဖြေဆိုသတဲ့ဘုရား။

မန်လည်ဆရာတော်ဖြေဆိုတဲ့ ကျမ်းအထွက်ဆိုတာ အင်္ဂုတ္တရပါဠိ၊ ဧကမ္မ၊ တတိယဝဂ် ခေါင်းစဉ်နံပါတ် ၃၁၃–ဖြစ်သတဲ့ ဘုရား၊ အဲဒီပါဠိတော်မှာ ဘုရားရှင်ဟောတာက–

ရဟန်းတို့... ကောင်းစွာဟောအပ်သော သာသနာ၌ ဆရာက တပည့်ကို တရားဟောတဲ့အတွက် တပည့်က ဆရာဟောတိုင်းကျင့်တယ်၊ ဆရာကလည်း တရားတော်ကို ကိုယ်တိုင်ကျင့်သုံးဆောက်တည်တယ်၊ ဆရာဟောတိုင်း တပည့်ကလည်း လိုက်နာကျင့်သုံးတယ်၊ ထိုဆရာနှင့်တပည့်တို့ဟာ များစွာသော ကောင်းမှုကို ဖြစ်ပွားစေတတ်တယ်။

ရဟန်းတို့... ထိုသို့ဖြစ်ခြင်းဟာ ဘာ့ကြောင့်လဲဆိုတော့ တရားကို ကောင်းစွာ ဟောလို့ပဲလို့ ဟောထားပါသတဲ့၊ တရားတော်ရဲ့ ဂုဏ်တော် ၆–ပါးမှာ "သွာက္ခာတော ဘဂဝတာ ဓမ္မော"ဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုပါတယ်၊ "သွာက္ခာတော"ကို ပုဒ်ဖြတ်လျှင် (သု+အက္ခာတော) ကောင်းစွာ ဟောအပ်၏ လို့ အနက်ထွက်သတဲ့ဘုရား။

ကောင်းစွာဟောအပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဘုရားရှင်ဟာ အင်္ဂါ ရှစ်ပါးရှိသော အသံတော်နှင့် နားထောင်လို့ မငြီးအောင် အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတဲ့အတွက် (သွာက္ခာတ)မည်တယ်လို့ ဖြန်းခနဲ အဓိပ္ပာယ် ပေါက်ပါတယ်တဲ့၊ အမှန် တကယ်ကတော့ (သွာက္ခာတ)ရဲ့အဓိပ္ပာယ်ဟာ ထိုမျှ မကပါဘူးတဲ့၊ မူလက ကုသိုလ်, အကုသိုလ်၊ ကုသိုလ်ရဲ့အကျိုး၊ အကုသိုလ်ရဲ့အကျိုး မသိတဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com



ဟာ တရားတော်ကို နာရလို့ သိလာပါသတဲ့၊ မူလက ဒါနအကျိုး၊ သီလ အကျိုး မသိတဲ့ပုဂ္ဂိုလ်ဟာ တရားတော်ကိုနာရလို့ သိလာပါသတဲ့၊ သိလာတဲ့ အတွက် ဒါနကို ပြုလာတယ်၊ သီလကို ဆောက်တည်လာတယ်၊ အဲဒီလို ဒါနပြုနိုင်တာ၊ သီလဆောက်တည်နိုင်တာဟာ တရားတော်ကို နာရလို့၊ တရားတော်ရဲ့ သွာက္ခာတဂုဏ်ကြောင့် ဖြစ်ပါသတဲ့၊ ဒါကြောင့် တရားတော် ကို ဟောပြောရခြင်းဟာ အလွန် အကျိုးကြီးတယ်၊ တရားနာရသူ ပြုတဲ့ ကုသိုလ်ဟာ တရားဟောသူကြောင့် ဖြစ်တာမို့ တရားနာသူပြုသော ကုသိုလ်နှင့် အမျှ တရားဟောသူကလည်း ရတယ်လို့ ဆိုလိုပါသတဲ့ဘုရား၊ ဒီအကြောင်း ကို အဋ္ဌကထာမှာ–

**"သဒ္ဓေ တေ ဇဟုံ ပုညံ ပသဝန္တီတိ၊ သမာဒပကော ဟိ ဘိက္ခု ပိဏ္ဍာ ယ ပဝိဋ္ဌေ ဒါယကာနံ ကုသလေန သမကံ ကုသလံ ပါပုဏာတိ"**လို့ ဖွင့် ပြသတဲ့ဘုရား မန်လည်ဆရာတော်က အဲဒီ အဋ္ဌကထာစကားကို ရည်ညွှန်း ပြီး (နှိုးဆော်သည့် ပုဂ္ဂိုလ်၏ မြတ်ကုသိုလ်ကံဟုန်နှင့်၊ သည်နှစ်ပုံ အညီဘက် ဟု ကျမ်းထွက်ရှိသား)လို့ ဖြေဆိုခြင်းဖြစ်သတဲ့ ဘုရား"

"အင်း... ဘာတဲ့လဲ၊ မန်လည်ဆရာတော် ဒီလို ဖြေတာ မှားတယ်လို့ ဆိုချင်တာတဲ့လား"

"မဟုတ်ပါဘူးဘုရား၊ မှားတယ်လို့ မဆိုပါဘူး"

"ဒါဖြင့် ဘာမေးချင်တာတဲ့တုန်း၊ အမေးရောက်အောင် ခပ်တိုတို လျှောက်စမ်းပါဦး"

"မှန်ပါ လျှောက်ထားပါ့မယ်ဘုရား၊ ဦးကလျာဏ ဆရာတော်ဟာ ဒီ အမေးအဖြေကို သဘောကျလို့ မှတ်ထားတုန်း ဓမ္မပဒအဋ္ဌကထာ၊ ဗိဋ္ဌာလပါ ဒက သေဋ္ဌိဝတ္ထုမှာ ဘုရားရှင်ဟောတဲ့ ဒါနလေးချက်ကို သွားတွေ့ပြန်သတဲ့ ဘုရား"

"ဘယ်လို တွေ့တာတဲ့လဲကွယ့်"

"ဆရာတော် ဦးကလျာဏက ဒါနလေးချက် သက်သက်မျှမကဘူး၊ ဓမ္မလက်ာပါ ရလို့ အမေးထဲမှာ ထည့်ရေးပေးလိုက်ပါတယ်ဘုရား"

"ဖတ်စမ်းပါဦး၊ သူ့ဓမ္မလင်္ကာက ဘယ်လိုတဲ့တုန်း"

"မှန်ပါ၊ တပည့်တော် ဖတ်ပြပါ့မယ်ဘုရား"

http://www.dhammadownload.com



(၁) ကိုယ်သာပေးလှူ၊ သူများမူ၊ မလှူစေခဲ့ပါ။
စည်းစိမ်သာများ၊ ခြွေရံရှား၊ တစ်ပါးကျိုးပေးမှာ။
(၂) ကိုယ်ကမလှူ၊ သူများမူ၊ ပေးလှူစေခဲ့ပါ။
ခြွေရံသာများ၊ စည်းစိမ်ရှား၊ တစ်ပါးကျိုးပေးမှာ။
(၃) ကိုယ်လည်းမလှူ၊ သူများမူ၊ မလှူစေခဲ့ပါ။
စည်းစိမ်လည်းပါး၊ ခြွေရံရှား၊ ဆိုးဝါးကျိုးပေးမှာ။
(၄) ကိုယ်ကလည်းလှူ၊ သူများမူ၊ ပေးလှူစေခဲ့ပါ။
စည်းစိမ်လည်းပွား၊ ခြွေရံများ၊ ထင်ရှားကျိုးပေးမှာ။

ဒါက ဗိဋ္ဌာလပါဒက သေဋ္ဌိဝတ္ထုမှာ ဘုရားရှင်ဟောတော်မူတဲ့ (ဣဓေကစ္စေ အတ္တနာဝ ဒါနံ ဒေတိ၊ ပရံ န သမာဒပေတိ) အစရှိတဲ့ ဒေသနာတော်ကို အကျဉ်းချုံးထားတဲ့ လင်္ကာပါဘုရား"

"ဆိုစမ်းပါဦးကွယ့်၊ ဒီဒေသနာတော်တွေ့တော့ ဘာဖြစ်သတဲ့လဲ"

"ဖြစ်တာက ဒီလိုပါဘုရား၊ အင်္ဂုတ္တိုရ်မှာ ဟောစဉ်က တရားဟောပြတဲ့ပုဂ္ဂိုလ်ဟာ မိမိကိုယ်တိုင် မလှူသော်လည်း မိမိဟောပြောတဲ့အတွက် လှူဒါန်းကြတဲ့ အလှူကုသိုလ်ကို မိမိရတယ်လို့ ဟောထားပြီး ဗိဋ္ဌာလပါဒက သူဌေးဝတ္ထုကျတော့ ကိုယ်က တိုက်တွန်းခြင်းသာပြု၍ မိမိက မလှူခဲ့သော် တိုက်တွန်းခြင်းကြောင့် အခြံအရံပေါများတဲ့ အကျိုးသာရတယ်၊ မလှူတဲ့အတွက် ပစ္စည်းဥစ္စာချမ်းသာတဲ့ ဘောဂသမ္ပဒါကိုတော့ မရဘူးလို့ ဟောထားတဲ့အတွက် ဒေသနာတော်နှစ်ခုဟာ ဆန့်ကျင်သလို ဖြစ်နေပါသတဲ့၊ အဲဒါ ဆန့်ကျင်ဘက်မဖြစ်အောင် ဘယ်လို ယူဆရမလဲလို့ မေးထားခြင်းဖြစ်ပါတယ်ဘုရား"

"သူတစ်ပါး သဒ္ဓါတရားဖြစ်ပွားအောင် တိုက်တွန်းဟောပြောတဲ့ ဓမ္မကထိကဟာ နှစ်မျိုးရှိသတဲ့ကွယ့်"

"မိန့်တော်မူပါဘုရား"

"တစ်မျိုးက သူတစ်ပါးကို တရားဟောပြီး သူတစ်ပါး ပေးလှူတာကို ရသလောက်ယူတတ်တဲ့ ဓမ္မကထိက,က တစ်မျိုးကွယ့်၊ တစ်မျိုးကတော့ ဘုရားရှင်ရဲ့ အဆုံးအမတော်ကြီး တည်တံ့ခိုင်မာအောင် အယူအဆ လွဲမှားသူများ အယူအဆမှန်ကန်အောင်ဟောပြောတဲ့ ဓမ္မကထိက,ကတစ်မျိုးဖြစ်တယ်"

http://www.dhammadownload.com



ပထမ ဓမ္မကထိကမျိုးက ဓမ္မပဒ၊ အတ္တဝဂ်မှာလာတဲ့ အရှင်ဥပနန္ဒလို ပုဂ္ဂိုလ်မျိုးပေါ့၊ အရှင်ဥပနန္ဒဟာ သာကီဝင်မင်းမျိုး ဘုရားရှင်နှင့်တောင် ညီအစ်ကို တော်သေးတယ်၊ အမျိုးကလည်း အမျိုးကောင်း၊ ရုပ်ကလည်းကောင်း၊ စာဟော စာပြောကလည်း ကောင်းတယ်၊ အရှင်ဥပနန္ဒရဲ့ အလိုဆန္ဒ နည်းပါး ခြင်းနှင့်စပ်တဲ့ တရားကို နာကြရတဲ့ ရဟန်းတော်များဟာ သူ့တရားအရ အလိုနည်းပါးပြီး သူတို့ရဲ့ အပိုသင်္ကန်းများကို ဥပနန္ဒထံ ပေးလှူပြီး တေစီ ဝရိကဂူတင် ဆောက်တည်ကြသတဲ့။

အဲဒီကိုယ်တော်များ စွန့်လှူတဲ့ သင်္ကန်းတွေကိုတော့ အရှင်ဥပနန္ဒက အကုန်လုံး ကျုံးပြီးယူတယ်၊ ကျောင်းတစ်ကျောင်းမှာ ရဟန်းငယ်နှစ်ပါး အကူနေကြတယ်၊ အဲဒီကိုယ်တော် ၂-ပါးအတွက် အဝတ်ဖြူနှစ်ထည်နှင့် ကမ္ဗလာတစ်ထည်ရတယ်၊ ကိုယ်တော်ငယ်နှစ်ပါးဟာ ရလာတဲ့အဝတ်ကို မဝေဖန်တတ်ကြဘူး၊ အဲဒီအချိန်မှာ အရှင်ဥပနန္ဒ ရောက်လာလို့ သင်္ကန်း ၃-ထည်ကို အဝေခိုင်းကြတယ်၊ အရှင်ဥပနန္ဒက ငါ ဆုံးမတဲ့အတိုင်း လိုက်နာ ကြမလားလို့ မေးသတဲ့၊ ကိုယ်တော် ၂-ပါးက လိုက်နာကြပါ့မယ်လို့ လျှောက်ထားကြတော့ အရှင်ဥပနန္ဒက ဒီလိုဆို သင်တို့နှစ်ယောက် တစ်ယောက် ပုဆိုးဖြူတစ်ထည်စီယူကြ၊ ဟောဒီ ကမ္ဗလာကတော့ တရားဆုံးဖြတ်သူ ငါ့ အတွက်ဖြစ်တယ်ဆိုပြီး အဖိုးများစွာထိုက်တဲ့ ကမ္ဗလာကြီး ယူသွားသတဲ့။

ဒီသတင်းကို ဘုရားသခင် ကြားတော်မူတော့- ဒီ ဥပနန္ဒဟာ ယခု ဘဝမှာသာ ဒီလို လုပ်တတ်တာမဟုတ်ဘူး၊ ဟို ခွေးဘဝတုန်းကလည်း ဒီလို လုပ်ခဲ့ဖူးတယ်လို့ အတိတ်ဇာတ်လမ်း ပြန်ဟောသတဲ့ကွယ့်”

“အတိတ်ဇာတ်လမ်း အမိန့်ရှိပါဦး ဘုရား”

“ရှေးတုန်းက ရေတိမ်မှာကျက်စားတဲ့ ဖျံနှင့် ရေနက်မှာကျက်စားတဲ့ ဖျံတို့ဟာ နှစ်ကောင်ပူးပေါင်း ဖမ်းဆီးတဲ့အတွက် ငါးကြင်းကြီးတစ်ကောင်ကို ရကြသတဲ့၊ ဖျံနှစ်ကောင်ဟာ ငါးကြင်းကြီးကို မဝေဖန်တတ်ကြလို့ သူရထိုက် ငါရထိုက် ငြင်းခုန်နေကြဆဲ မြေခွေးတစ်ကောင် ရောက်လာသတဲ့၊ ဒီအခါ ဖျံနှစ်ကောင်က မြေခွေးကို ဦးရီး ဟောဒီငါးကြင်း ကျွန်တော်တို့အား ဝေ ပေးပါလို့ တောင်းပန်ကြသတဲ့။

http://www.dhammadownload.com



ဒီတော့ မြေခွေးက ငါက သိပ်မအားဘူး၊ ဘုရင်မင်းမြတ်က ငါ့ကို တရားသူကြီး ခန့်ထားလို့ တရားဆုံးဖြတ်နေရတာကြာပြီ၊ အခု ညောင်းလွန်းတာနှင့် ခဏ လမ်းလျှောက်လာခြင်းဖြစ်တယ်၊ သင်တို့အမှုကို မဆုံးဖြတ်အားဘူးလို့ ပြောသတဲ့၊ ဖျံများက ဦးဦးရယ် ဒီလိုတော့ မလုပ်ပါနှင့်၊ ခဏမျှသာပါ၊ မကြာပါဘူး၊ ကျွန်တော်တို့ကိစ္စ အဆုံးအဖြတ်ပေးပြီးမှ သွားပါလို့ ပြောကြသတဲ့။

မြေခွေးက ဒီလိုဆို မင်းတို့ ငါ့အဆုံးအဖြတ်ကို နားထောင်ကြမှာပေါ့လို့ဆိုတော့ ဖျံများက နားထောင်ပါ့မယ်လို့ ကတိပေးကြသတဲ့၊ ဒီတော့မှ မြေခွေးက ငါးကြင်းကို ခေါင်းတစ်ပိုင်း၊ ကိုယ်တစ်ပိုင်း၊ အမြီးတစ်ပိုင်း ၃-ပိုင်း ကိုက်ဖြတ်ထားပြီး-

ရေတိမ်မှာကျက်စားတဲ့ ဖျံက အမြီးပိုင်းကိုယူ၊ ရေနက်မှာ ကျက်စားတဲ့ ဖျံက ခေါင်းအပိုင်းကိုယူ၊ ဟောဒီ အလယ်သားကြီးကတော့ တရားသူကြီးဖြစ်တဲ့ ငါ့အတွက်ဖြစ်တယ်ဆိုပြီး ကိုက်ချီထွက်ပြေးသွားသတဲ့။

အဲဒီဖျံနှစ်ကောင်နှင့် မြေခွေးဟာ ယခု ဘုရားရှင်လက်ထက်မှာ အရှင်ဥပနန္ဒနှင့် ပဋ္ဌင်းငယ်နှစ်ပါး ဖြစ်လာကြသတဲ့၊ အရှင်ဥပနန္ဒဟာ တရားအဟောအပြောကောင်းတယ်၊ တရားနာသူ သဘောကျအောင် ဟောပြနိုင်တယ်၊ သို့သော်လည်း သူ တရားဟောတာက တရားဟောပြီး အလှူခံတာမျိုး ဖြစ်နေတယ်၊ ဉာဏ်မပြဋ္ဌာန်းဘူး၊ လောဘပြဋ္ဌာန်းတယ်၊ လောဘပြဋ္ဌာန်းတဲ့အတွက် သူ ဟောတဲ့တရားတော်အတိုင်း လိုက်နာအလှူပေးတဲ့ အလှူရှင် ကုသိုလ်ရသလောက် သူ့မှာ ကုသိုလ်မရဘူး၊ ဒီလိုပုဂ္ဂိုလ်ကို ရည်ရွယ်ပြီး-

**ကိုယ်ကမလှူ၊ သူများမှ၊ ပေးလှူစေခဲ့ပါ၊**
**ခြွေရံသာများ၊ စည်းစိမ်ရှား၊ တစ်ပါးကျိုးပေးမှာ။**

ဆိုတဲ့ ဒုတိယ အမျိုးအစားဖြစ်ပြီး သား, သမီး, မြေး, မြစ်၊ အခြွေအရံတွေတော့ ပေါပါရဲ့၊ သို့သော်လည်း စားစရာမရှိ၊ ဝတ်စရာမရှိ၊ ချို့တဲ့တဲ့ အကျိုးပေးမျိုး ဖြစ်ပေါ်ခဲ့တတ်တာပေါ့။

တစ်ပါးသောပုဂ္ဂိုလ်ကတော့ မိမိရဖို့ကို မရည်ရွယ်ဘူး၊ ဘုရားရှင်ရဲ့ (သွာက္ခာတ)ဂုဏ်တော် ထွန်းကားကြီးပွားဖို့သာ ရည်ရွယ်ပြီး ဒါန, သီလ,

http://www.dhammadownload.com




ဘာဝနာ ပြုကျင့်ဖို့သာ ဟောပြောတယ်၊ ပထမပုဂ္ဂိုလ်နှင့် ဒုတိယပုဂ္ဂိုလ်ဟာ ဟောပြောတာချင်းတော့ တူကြပါတယ်၊ ဒါပေမယ့် အခြေခံချင်း မတူကြဘူး။

ပထမပုဂ္ဂိုလ်က တရားတော်ကို လာဘ်လာဘ လောဘပြဋ္ဌာန်းပြီး ဟောတယ်၊ ဒုတိယပုဂ္ဂိုလ်က လောဘမပြဋ္ဌာန်းဘူး၊ ဉာဏ်ပြဋ္ဌာန်းတယ်၊ ဉာဏ်ပြဋ္ဌာန်းတဲ့ပုဂ္ဂိုလ်က သူ ဟောပြောလို့ အလှူပေးတိုင်း၊ **သီလစောင့်တိုင်း၊** ဘာဝနာပွားများတိုင်း သူတစ်ပါးကုသိုလ်ရသလောက် **သူကလည်း ကုသိုလ်** ရတယ်၊ အဲဒီဒုတိယပုဂ္ဂိုလ်ကို ရည်ရွယ်ပြီး မင်းကွန်းဆရာတော်က မေးတယ်၊ မန်လည်ဆရာတော်က ဖြေတယ်၊ ဒါကြောင့် ဆရာတော် ၂–ပါးတို့ရဲ့ အမေးအဖြေ ပထမပိုဒ်မှာ (ပဏ္ဍိတာ ဉာဏ်ရှင့်က၊ တရားဖြင့်မိန့်ဆို)လို့ (ဉာဏ်ရှင်)ဆိုတဲ့ ပုဒ်ကို အထူး ထည့်ဆိုထားတယ်၊ အင်္ဂုတ္တရ ပါဠိတော်နှင့် ဓမ္မပဒ အဋ္ဌကထာတို့ကို ဒီလိုညှိနှိုင်းခဲ့လျှင် ဆန့်ကျင်မှု ဝိရောဓိ မဖြစ်ပါဘူးလို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု။

* * *



http://www.dhammadownload.com



# ပါရာဇိကရဟန်း

"အရှင်ဘုရား၊ ဟောဒီစာက မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ ကန်သာရွာ၊ မောင်ဝင်းလွင်ထံမှ မေးလျှောက်လွှာ ဖြစ်ပါတယ်၊ မောင်ဝင်းလွင်ရဲ့ ပေးစာကို တပည့်တော် ဖတ်လျှောက်ပါ့မယ်ဘုရား။

ဆရာတော်ဘုရား... ဘုရားတပည့်တော် လျှောက်ထား မေးမြန်းလိုသည်မှာ–

**ရဟန်းခံ သိမ်ဝင်ရာ၌ ထို သိမ်ဝင်သံဃာများတွင် ပါရာဇိကကျပြီး ရဟန်း ပါဝင်ခဲ့သော် ထို ပါရာဇိကကျပြီးသောရဟန်း ကမ္မဝါဖတ်သည် ဖြစ်စေ၊ မဖတ်သည်ဖြစ်စေ ရဟန်းလောင်း ရဟန်းဖြစ်,မဖြစ် သိလိုပါသည်၊ ဓမ္မဗျူဟာ အမေးအဖြေကဏ္ဍမှ တင်ပြ အဖြေပေးတော်မူပါဘုရားတဲ့။**

ယခုစာဟာ မောင်ဝင်းလွင်ရဲ့ အမေးစာလွှာ ဖြစ်ပါတယ်ဘုရား၊ အဖြေကို အမိန့်ရှိတော်မူပါဦး။

"ပါရာဇိကကျပြီးတဲ့ပုဂ္ဂိုလ်ဟာ လူဝတ်မချွတ်သေးသော်လည်း ရဟန်းဆိုတဲ့ အရေအတွက်ကိုတော့ မရောက်တော့ဘူး၊ သို့သော်လည်း လူလည်း မဟုတ်ဘူး၊ ဒါကြောင့် ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁–ယောက်အတွင်းမှာ (အန္တိမဝတ္ထုအဇ္ဈာပန္နက)ပုဂ္ဂိုလ်ရယ်လို့ သီးခြား ဖော်ပြထားတယ်၊ အန္တိမဝတ္ထုသို့ ရောက်ပြီးသောပုဂ္ဂိုလ် (သို့မဟုတ်) ပါရာဇိကကျပြီးသောပုဂ္ဂိုလ်လို့ ဆိုလိုတယ်၊ (ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ)လို့ ဟောတော်မူတဲ့အတိုင်း ရဟန်းတော်များ ကံဆောင်ခဲ့လျှင် ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁–ယောက်တို့ကို ကြဉ်ရတယ်။

http://www.dhammadownload.com



ကြဉ်ရတယ်ဆိုတာ ရဟန်းများကံဆောင်တဲ့ နှစ်တောင့်ထွာအတွင်း ထိုဝဇ္ဇနီယပုဂ္ဂိုလ်များ မရှိစေရဘူးလို့ ဆိုလိုတယ်၊ ကံဆောင်နေစဉ် ကြဉ်ရတဲ့အတွက် (ဝဇ္ဇနီယပုဂ္ဂိုလ်)လို့ ခေါ်ခြင်းဖြစ်တယ်၊ အဲဒီ ကြဉ်ရမည့် ဝဇ္ဇနီယပုဂ္ဂိုလ်က (၁) လူ၊ (၂) ဘိက္ခုနီ၊ (၃) သိက္ခမာန်၊ (၄) သာမဏေ၊ (၅) သာမဏေမ၊ (၆) သိက္ခာချထားသူ၊ (၇) ပါရာဇိကကျသူ၊ (၈) အာပတ်မရှုသူ၊ (၉) အာပတ်မကုသူ၊ (၁၀) မိစ္ဆာအယူ မစွန့်သူ၊ (၁၁) ပဏ္ဍုက်၊ (၁၂) ထေယျသံဝါသက၊ (၁၃) တိတ္ထိဘောင်သို့ ပြောင်းသူ၊ (၁၄) တိရစ္ဆာန်၊ (၁၅) အမိသတ်သူ၊ (၁၆) အဖသတ်သူ၊ (၁၇) ရဟန္တာသတ်သူ၊ (၁၈) ဘိက္ခုနီ ဖျက်ဆီးသူ၊ (၁၉) သံဃာကို ခွဲသူ၊ (၂၀) ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုသူ၊ (၂၁) ဥဘတောဗျည်းတို့ ဖြစ်ကြတယ်။

ကံပြုစဉ် ကြဉ်ရမည့် ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ဦးအနက် ဥက္ခိတ္တကရဟန်း ၃-ယောက်ရှိလျက် ကံပြုသောသံဃာ ပါစိတ်အာပတ်သင့်တယ်၊ ကြွင်းတဲ့ပုဂ္ဂိုလ်များကို မကြဉ်ဘဲ ကံပြုခဲ့သော် သံဃာမှာ ဒုက္ကဋ်အာပတ်သင့်တယ်၊ ပြုလုပ်တဲ့ကံကတော့ မပျက်ဘူးလို့ မှတ်ရမယ်။

အခုပုစ္ဆာက ရဟန်းခံရာမှာ ပါရာဇိကကျပြီးသောရဟန်း ပါဝင်သော်ရဟန်း ဖြစ်,မဖြစ်ကိုးကွယ့်"

"ဟုတ်ပါတယ်ဘုရား"

"အေး... အဲဒီအကြောင်းကို ကင်္ခါဝိတရဏီ အဋ္ဌကထာ၊ ပထမပါရာဇိကဝဏ္ဏနာ၊ ယော ပန ဘိက္ခုသုံးပုဒ်အနက် ဘိက္ခုပုဒ်ရဲ့အဖွင့်ကို ပြောပြဦးမယ်။

ဘိက္ခုဟာ (၁) ဖေဟိဘိက္ခု၊ (၂) သရဏဂမနဘိက္ခု၊ (၃) ဩဝါဒ ပဋိဂ္ဂဟဏဘိက္ခု၊ (၄) ပဉှာဗျာကရဏဘိက္ခု၊ (၅) အဋ္ဌဂရုဓမ္မပ္ပဋိဂ္ဂဏဘိက္ခု၊ (၆) ဒူတဘိက္ခု၊ (၇) အဋ္ဌဝါစိကဘိက္ခု၊ (၈) ဉတ္တိစတုတ္ထကမ္မဘိက္ခုရယ်လို့ ရှစ်မျိုးရှိတယ်၊ အဲဒီ ဘိက္ခု ၈-မျိုးမှာ ယခု ထင်ရှားရှိတဲ့ ဘိက္ခုက ဉတ်လျှင် ၄-ချက်မြောက် ကမ္မဝါဖြင့် သိမ်အတွင်းမှာ ရွတ်ဖတ်တင်မြှောက်တဲ့ ၈-ခုမြောက် ဘိက္ခုဖြစ်တယ်၊ အဲဒီဘိက္ခုကို (ဝတ္ထု-ဉတ်-ကမ္မဝါ-သိမ်-ပရိသတ်) အင်္ဂါ ၅-ပါးပြည့်စုံမှ အောင်မြင်တဲ့အတွက် (ပဋ္ဌင်္ဂ-ပဋ္ဌအင်္ဂ)ပဋ္ဌင်းလို့ ခေါ်ကြသတဲ့ကွယ်။

http://www.dhammadownload.com



ရဟန်းလောင်း ရဟန်း ဖြစ်,မဖြစ် ဒီအင်္ဂါ ၅–ချက်နှင့် တွက်ကြည့်ရတယ်၊ အင်္ဂါ ၅–ချက် ပြည့်စုံလျှင် ရဟန်းဖြစ်တယ်၊ အင်္ဂါ ၅–ချက် မပြည့်စုံလျှင် ရဟန်းမဖြစ်ဘူးပေါ့ကွယ်၊ အဲဒီအင်္ဂါ ၅–ချက်မှာ– (၁) ဝတ္ထုဆိုတာ ရဟန်းလောင်းကို ဆိုလိုတယ်၊ အဲဒီ ရဟန်းလောင်းဟာ ရဟန်းခံထိုက်တဲ့ (ဘဗ္ဗပုဂ္ဂိုလ်) ရဟန်းမခံထိုက်တဲ့ (အဘဗ္ဗပုဂ္ဂိုလ်)လို့ နှစ်မျိုးရှိတယ်၊ ရဟန်းမခံထိုက်သူက (ပဏ်, ထေ, ပက်, ဆန်၊ ပဉ္စာနန်၊ ဒွယ်၊ ဥဘောဗျည်း)ဆိုတဲ့ (၁) ပဏ္ဍုက်၊ (၂) ထေယျသံဝါသက၊ (၃) တိတ္ထိယပက္ကန္တက၊ (၄) တိရစ္ဆာန်၊ (၅) ပဉ္စာနန္တရိယ ကံထိုက်သူငါးဦး၊ (၁၀) ဘိက္ခုနီဒူသက၊ (၁၁) ဥဘတော ဗျည်းဆိုတဲ့ ရဟန်းမခံထိုက်သူ ၁၁–ဦးနှင့် (၁၂) အသက်နှစ်ဆယ် မပြည့်သေးသူ၊ (၁၃) ရှေးက ပါရာဇိကကျပြီးသူ ဒီ ၁၃–ယောက်တို့ဟာ ရဟန်းခံထိုက်သော ရဟန်းလောင်း(ဝတ္ထု)မဟုတ်ဘူး၊ ဝတ္ထုမဟုတ်တဲ့ ဒီ ၁၃–မျိုးကိုကြဉ်ပြီး ကျန်တဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ဝတ္ထုဖြင့် ပြည့်စုံတဲ့ **ဝတ္ထုသမ္ပဒါဖြစ်တယ်**။

ဝတ္ထုပြည့်စုံလျှင် ဒုတိယ ဉတ် ပြည့်စုံ,မပြည့်စုံ ကြည့်ရမယ်၊ ဉတ်၏ ပြည့်စုံမှုဆိုတာ ဉတ်ရဲ့အပြစ် ၅–ပါးကလွတ်လျှင် ပြည့်စုံတာပဲ၊ ဉတ်ရဲ့အပြစ်ငါးပါးဆိုတာက ဝတ္ထု, သံဃာ, ပုဂ္ဂိုလ်, ဉတ်တို့ကို မသုံးသပ်ခြင်း၊ ကမ္မဝါရဲ့နောက်မှ ဉတ်ကိုထားခြင်း၊ ဒီ ၅–ချက်ဟာ ဉတ်ရဲ့အပြစ် ၅–ချက်ပဲ၊ ဒီ ၅–ချက်ကလွတ်လျှင် **ဉတ္တိသမ္ပဒါဖြစ်တာပဲ**။

ဉတ်ပြည့်စုံခဲ့လျှင် တတိယ ပြည့်စုံရမှာက ကမ္မဝါစာပဲ၊ ကမ္မဝါစာမှာလည်း အပြစ် ၅–ခုရှိတယ်၊ ဝတ္ထု သံဃာ ပုဂ္ဂိုလ်တို့ကို မသုံးသပ်ခြင်းနှင့် ကမ္မဝါစာကို ယုတ်စေခြင်း၊ အခါမဟုတ်သည်၌ ကမ္မဝါ ကြားခြင်းတို့ ဖြစ်ကြတယ်၊ ဒီအပြစ်ငါးပါးက လွတ်လျှင် **ကမ္မဝါသမ္ပဒါ** ဖြစ်တာပဲ။

ရဟန်းဖြစ်ဖို့ စတုတ္ထပြည့်စုံရမှာက သီမာသမ္ပဒါခေါ်တဲ့ သိမ်ပဲ၊ အဲဒီ သိမ်ဟာ ဗဒ္ဓသိမ်ပင်ဖြစ်စေ၊ အဗဒ္ဓသိမ်ပင်ဖြစ်စေ ကျမ်းလာနှင့် ညီညွတ်တဲ့ သိမ်ဟာ **သီမာသမ္ပဒါဖြစ်တာပဲ**။

ရဟန်းဖြစ်ဖို့ ပဥ္စမပြည့်စုံရမှာက ပရိသာသမ္ပဒါခေါ်တဲ့ ပရိသတ်ပြည့်စုံမှုဖြစ်တယ်၊ ပရိသတ်မှာ အပြစ် ၃–ခုရှိတယ်၊ အပြစ် ၃–ခုက လွတ်ကင်းလျှင် ပရိသာသမ္ပဒါဖြစ်တာပဲ၊ ပရိသတ်အပြစ် ၃–ခုဆိုတာက (၁) ရဟန်းခံဖို့ သံဃာ ၄–ပါး ပြည့်စုံရမယ်၊ ၄–ပါး မပြည့်စုံခြင်း၊ (၂) ဆန္ဒဆောင်ထိုက်သော

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့ရဲ့ ဆန္ဒကို မယူခြင်း၊ (၃) မျက်မှောက်တားမြစ်ခြင်းတို့ ဖြစ်ကြတယ်၊ ဒီအပြစ် သုံးပါးက ကင်းလွတ်လျှင် ပရိသတ်နှင့်ပြည့်စုံတဲ့ **ပရိသာသမ္ပဒါ** ဖြစ်တာပဲ၊ ရဟန်းလောင်း ရဟန်းဖြစ်ဖို့အတွက် ဒီသမ္ပဒါ ၅–ချက်နှင့် ပြည့်စုံလျှင် ပဋ္ဌာန်ဆိုတဲ့ ပဋ္ဌင်းဖြစ်တာပဲကွယ့်။

ဒီနေရာမှာ ပရိသာသမ္ပဒါဖြစ်ဖို့ ရဟန်း ၄–ပါး အနည်းဆုံး ရှိရမယ်၊ အဲဒီ ၄–ပါးအတွင်း ရဟန်းမဟုတ်သူ ပါရာဇိကကျသူ ပါနေလျှင် နံပါတ် ၁–အင်္ဂါ ပျက်စီးတဲ့အတွက် ရဟန်းမဖြစ်ဘူး၊ ရဟန်း ပရိသတ် ၄–ပါးမျှသာ လိုသော်လည်း ၄–ပါးမျှမက ပို၍ ပါခဲ့သော် ပါရာဇိကကျသူပါတဲ့အတွက် ကံဆောင်သော သံဃာအား ဒုက္ကဋ်အာပတ်မျှသာသင့်၍ ရဟန်းလောင်းကတော့ ရဟန်းဖြစ်တယ်။

ထို့အတူ ပါရာဇိကကျသူက ဥပဇ္ဈာယ်ပြုလုပ်ခဲ့သော် အခြားသံဃာ အပိုပါလျှင် ရဟန်းလောင်း ရဟန်းဖြစ်တယ်၊ ပါရာဇိကကျသူ ကမ္မဝါဖတ်လျှင် သူတစ်ဦးတည်းမဟုတ်၊ အခြားပုဂ္ဂိုလ်များလည်း ဖတ်ခဲ့သော် ရဟန်းလောင်း ရဟန်းဖြစ်တယ်၊ အခြားပုဂ္ဂိုလ်များက မဖတ်၊ ပါရာဇိကကျသူ ရဟန်းတစ်ဦးတည်းဖတ်ခဲ့လျှင် ရဟန်းလောင်း ရဟန်းမဖြစ်ဘူး၊ ဒီအကြောင်းကို မန်လည်ဆရာတော်ကမေး၍ မင်းကွန်းဆရာတော်က ဖြေဆိုတဲ့ သတပဒိက ပုစ္ဆာဝိသဇ္ဇနာကျမ်းမှာ–

> **"ကမ္မဝါရွတ်မှု၌ ဘိက္ခုမပြည့်စုံ၊ ဆိုပုံက လွန်များ၊ လူဖြစ်သူ မှန်မှန် ရွတ်က ကံချွတ်မည်လား"**

လို့ မန်လည်ဆရာတော်က မေးတော့ မင်းကွန်းဆရာတော်က–

> **"ကမ္မဝါရွတ်မှု၌၊ ဘိက္ခုမပြည့်စုံ၊ ဆိုပုံကလွန်များ၊ လူ့အသွင်၊ သမဏ သညာကြဉ်လို့၊ ထိုသူလျှင် မှန်အောင်ရွတ်သော်လည်း၊ ကံချွတ်လောက် သား"**

လို့ ရေးသားဖြေဆိုတော်မူတယ်ကွယ့်။

မင်းကွန်းဆရာတော်ဟာ ဝဇီရဗုဒ္ဓိဋီကာ စာမျက်နှာ ၁၀၉–ကို အမှီပြုပြီး ဒီပုစ္ဆာကို ဖြေဆိုတော်မူခြင်းဖြစ်တယ်၊ ဒါကြောင့် ဆရာတော်အမှီပြုတဲ့ ဝဇီရဗုဒ္ဓိဋီကာရဲ့ ဆိုလိုချက်ကို ပြောပြဦးမယ်၊ ပဋ္ဌင်းဖြစ်ဖူးသောသူ ကမ္မဝါစာ

http://www.dhammadownload.com



ကို ဖတ်တယ်၊ သံဃာက ရဟန်းဖြစ်သူ ဖတ်တယ်လို့ မှတ်သားယုံကြည်တယ်၊ ကံမြောက်တယ်။ ကမ္မဝါစာဖတ်သူကို ရဟန်းဟူ၍ မမှတ်၊ ပါရာဇိကကျပြီးသူလို့ မှတ်ခဲ့လျှင် ကံမမြောက်ဘူး၊ အဲဒီလို ဆရာများ ဆိုကြတယ်တဲ့၊ ဋီကာရှင်ရဲ့အလိုကတော့–

လူသားပင်ဖြစ်စေ၊ တိတ္ထိပင်ဖြစ်စေ၊ ပဏ္ဍုက်ပင်ဖြစ်စေ ရဟန်းမဟုတ်သူ ကမ္မဝါစာကို ဖတ်ခဲ့လျှင် သံဃာ ကမ္မဝါစာကို မဖတ်ခြင်းဖြစ်သတဲ့၊ သံဃာ ဖတ်တာ မဟုတ်လို့ ကံမမြောက်ဘူး၊ "သံဃော ဥပသမ္ပာဒေယျ၊ သံဃော ဥပသမ္ပာဒေတိ၊ ဥပသမ္ပန္နော သံဃေန"လို့ ဘုရားရှင် ဟောတော်မူတဲ့အတွက် သံဃာသည် ကမ္မဝါစာကိုရွတ်သော် သံဃာ၌ အကျုံးဝင်သောရဟန်း၊ သံဃာဟုမှတ်အပ်သော တစ်ယောက်ယောက်သောသူ ရွတ်ဆိုခဲ့လျှင် သံဃာက သဘောတူသောကြောင့် သံဃာရွတ်သည် မည်သတဲ့၊ သံဃာ ရွတ်သည်မည်သောကြောင့် ကံမြောက်တယ်လို့ ဋီကာဆရာက ဆိုလိုတယ်။

အဓိပ္ပာယ်အတိုချုပ်ကတော့ ပါရာဇိကကျပြီးသော ရဟန်းဟာ ဝဇ္ဇနီယပုဂ္ဂိုလ်အတွင်း ပါဝင်တဲ့အတွက် ကံဆောင်ရာမှာ သူ့ကို ကြဉ်ရမယ်၊ သို့သော် မကြဉ်ဘဲ သံဃာအတွင်း ပါဝင်နေသည်ကို သံဃာက မသိဟန်ပြုပြီး ကံဆောင်သော် သံဃာတော်များ ဒုက္ကဋ်အာပတ် သင့်တယ်၊ ဆောင်တဲ့ကံကတော့ မပျက်ဘူး။

အကယ်၍ သူပါမှ ကံဆောင်သံဃာအရေအတွက် ပြည့်မယ်ဆိုလျှင် သံဃာချို့တဲ့၍ ကံပျက်မယ်၊ ပါရာဇိကကျပြီး ဖြစ်ပါလျက် ရဟန်းကောင်းယောင်ဆောင်နေတယ်၊ သံဃာကလည်း သူ့ကို သံဃာလို့ မှတ်ကြမယ်၊ သူက ကမ္မဝါစာကိုဖတ်မယ်၊ သံဃာက ခွင့်ပြုတဲ့အတွက် အဲဒီကံဟာ အောင်မယ်လို့ ဝဇိရဗုဒ္ဓိဋီကာဆရာက (ဝေဒိတဗ္ဗော)သိအပ်၏လို့ ဆိုထားတယ်။

(ဝေဒိတဗ္ဗောမှာ သံသယ)ဆိုတဲ့အတိုင်း ဒီအဆုံးအဖြတ်ကို သံသယနှင့်ဆုံးဖြတ်တာဖြစ်လို့ ကံဆောင်ပရိသတ်ကိုလည်း ပိုခဲ့သော် ကမ္မဝါစာကိုလည်း သူတစ်ဦးတည်း မဖတ်စေဘဲ ၂–ပါး, ၃–ပါး တွဲ၍ဖတ်ခဲ့သော် ပါရာဇိကကျပြီးသော ရဟန်းအတွက် ကံမပျက်နိုင်ဘူးလို့ အဖြေပေးလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု။

***

http://www.dhammadownload.com



# ကခြေသည်နှင့် ပဟာသငရဲ

"ဆရာတော်ဘုရား၊ ကျောင်းအပြင်ဘက်မှာ ဧည့်သည် ရောက်နေပါတယ် ဘုရား"

ကျောင်းခန်းတွင်း အောင်း၍ စာကြည့်ရာမှ ဦးပဋ္ဌင်း လာရောက်လျှောက်ထားသဖြင့် အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်၊ ကျောင်းခန်းအပြင်၌ လူငယ်တစ်ဦး ရောက်နေသည်၊ ဘုန်းကြီး ထွက်လာသည်ကိုမြင်၍ ဆီးပြီး ဝတ်ချသည်၊ ကျောင်းခန်းပြင်ဘက် ခင်းထားသော နေရာ၌ထိုင်ပြီး...

"ဘယ်ကလဲဟေ့"ဟု စကားစလိုက်သည်။

"တပည့်တော် လက်ပံကုန်းက ဖော်ထက်ပါဘုရား"

"အင်း...အင်း... လက်ပံကုန်း...၊ ဘယ်လက်ပံကုန်းပါလိမ့်"

"မှန်ပါ၊ မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ လက်ပံကုန်းပါ ဘုရား"

"သြော် သြော် သိပြီ၊ တကောင်းမြို့အောက်က လက်ပံကုန်းကိုး၊ လက်ပံကုန်းကျောင်း သိမ်သမုတ်တုန်းက တစ်ခေါက် ရောက်ဖူးတယ်၊ ခု ထီးချိုင့်ကို ဘာကိစ္စလာတာလဲ"

"တပည့်တော်ဇာတိက ထီးချိုင့်ပါဘုရား၊ လက်ပံကုန်းမှာ ကြံခင်းသွားလုပ်နေတာပါ ဘုရား"

"သြော်... တို့ ထီးချိုင့်သားကိုး၊ တည်တောကို ဘာလာလုပ်တာလဲ"

http://www.dhammadownload.com



"တည်တောလာတာကတော့ ကိစ္စအထူး မရှိပါဘုရား၊ ဆရာတော်ကို လည်း ဖူးမြော်ရင်း မရှင်းလင်းတာကလေးလည်း မေးလျှောက်ရင်း လာခဲ့တာ ပါဘုရား"

"ဘာ မရှင်းလင်းတာလဲ... လျှောက်စမ်းပါဦး"

"တပည့်တော်က အတီးအမှုတ်၊ အကအခုန်၊ ဝါသနာပါတယ်ဘုရား၊ ဝါသနာပါရုံပါပဲ၊ တကယ် လိုက်စား ပြုလုပ်နေတာတော့ မဟုတ်ပါဘူး၊ သဘင် ပညာ ဝါသနာပါတာနှင့် ပတ်သက်ပြီး တချို့က ပြောကြတယ်ဘုရား"

"ဘယ်လို ပြောကြတာတုန်းကွယ့်"

"ကချေသည်အတတ်ဟာ မကောင်းဘူး၊ ဘုရားလည်း မကြိုက်ဘူး၊ ကချေသည် သေလွန်လျှင် ပဟာသငရဲကို ကျတတ်တယ်တဲ့ဘုရား၊ အဲဒီလို ပြောကြတာဟာ ခြိမ်းခြောက်ပြီး ပြောတာလား၊ အမှန်ကို ပြောတာလား မရှင်းလို့ ဆရာတော်ထံ လာရောက်လျှောက်ထားတာပါဘုရား"

"မောင်ဇော်ထက် လျှောက်ထားတာနှင့် ပတ်သက်ပြီး သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော်၊ တာလပုဋသုတ်ရဲ့ အဆိုကို ဦးဇင်း ပြောပြရဦးမယ်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံးစဉ် ကာလက တာလပုဋအမည်ရတဲ့ ဇာတ်ဆရာကြီးက ဘုရားရှင်ထံ ချဉ်းကပ်ပြီး-

"မြတ်စွာဘုရား... ပွဲအလယ်မှာ မှန်တဲ့စကား၊ မမှန်တဲ့စကားတွေ ပြောဆိုပြီး လူတွေကို ဖျော်ဖြေတဲ့ ကချေသည်ဟာ ကွယ်လွန်ပြီးတဲ့နောက် ပဟာသနတ်ဖြစ်တယ်လို့ ရှေး ကချေသည်ကြီးများထံက စကားကို ကြားရဖူး ပါတယ်၊ အဲဒီစကားဟာ ဟုတ်ပါသလားဘုရား"လို့ လျှောက်ထားတယ်။

ဘုရားရှင်က "ဇာတ်ဆရာကြီး ဒီစကား ငါ့ကို မမေးနှင့်"လို့ သုံးကြိမ် အထိ ပယ်ချတော်မူတယ်၊ လေးကြိမ်မြောက် ထပ်လျှောက်တော့ ဘုရားရှင်က-

"ဇာတ်ဆရာကြီး... ဒီစကား မမေးနှင့်လို့ သင့်ကို တားမြစ်တာ သုံးကြိမ် ရှိပြီ၊ မရဘူး၊ သင်ဟာ ထပ်ကာထပ်ကာ မေးတယ်၊ ထပ်ကာ ထပ်ကာ မေးမှ တော့ ငါ ဖြေရတော့မှာပေါ့၊ လူတွေဟာ မူလကပင် ရာဂ ဒေါသ မောဟ အခံရှိနေကြတယ်၊ မူလရှိနေတဲ့ ရာဂ ဒေါသ မောဟတို့ကို

http://www.dhammadownload.com



ကချေသည်က ဆွပြီး ပေးတယ်၊ မူလက ငြိမ်းနေတဲ့မီးကို တောက်လောင်လာအောင် ဆွပေးသလို ဖြစ်နေတယ်၊ ဒါကြောင့် ကချေသည် သေလျှင် ပဟာသနတ် ဖြစ်သည်ဟု ယူဆခဲ့သော် ထိုအယူအဆဟာ မှားတယ်၊ ထိုအယူအဆမှားနှင့် သေလျှင် ငရဲသော်လည်း ကျမယ်၊ တိရစ္ဆာန်သော်လည်း ဖြစ်မယ်လို့ မိန့်တော်မူတယ်။

ဒီလို မိန့်တော်မူတော့ တာလပုဋက ငိုသတဲ့၊ ဘာကြောင့် ငိုတာလဲဆိုတော့ ရှေးကဆရာကြီးများဟာ မဟုတ်မတရား လှည့်ဖြားပြောဆိုကြတာကို ယုံမှားမိလို့ ငိုတာပါလို့ ပြန်လျှောက်ပြီး ဘုရားရှင်ထံတော်မှာ သက်န်းဝတ်သွားသတဲ့။

ယခုပြောခဲ့တာဟာ တာလပုဋသုတ် အကျဉ်းဖြစ်တယ်၊ ဒီသုတ်ထဲမှာ ဘုရားဟောတာကို သေသေချာချာ ပြန်ကြည့်ပါ၊ ဘုရားရှင်က ကချေသည်အဖြစ်ဖြင့် တီးမှုတ်ကခုန်တဲ့အတွက် ငရဲကျတယ်လို့ မပြောပါဘူး၊ တီး, ဆို, က သဘင်အတတ်ဟာ များသောအားဖြင့် ကုသိုလ်ဘက်ကို အားမပေးဘူး. အကုသိုလ်ဘက်ကို အားပေးတယ်၊ အကုသိုလ်ဘက် အလေးသာနေပါလျက် ကုသိုလ်မှုလို့ ယူဆခြင်းဟာ မှားယွင်းတဲ့အယူအဆဖြစ်တယ်၊ အဲဒီ မှားယွင်းတဲ့ အယူအဆကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်၊ အဲဒီမိစ္ဆာဒိဋ္ဌိ အယူအဆကသာ အပါယ်ဘုံကို ပစ်ချခြင်း ဖြစ်တယ်။

လောကမှာ သူတစ်ပါးအသက် သတ်မှု၊ သူ့ဥစ္စာခိုးမှု၊ သူ့သားမယားလွန်ကျူးမှု၊ မုသားပြောမှု၊ သေအရက်သောက်စားမှုတွေဟာ အလွန်ကြီးလေးတဲ့အပြစ်တော့ မှန်ပါတယ်၊ သို့သော်လည်း ဒီ သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှုစတဲ့ မကောင်းမှုတွေဟာ အပြစ်မရှိဘူး၊ ကိုယ့်ဝမ်းရေးအတွက် သတ်ခြင်း၊ ခိုးခြင်းမျှသာ ဖြစ်တယ်လို့ ယူဆခဲ့လျှင် အဲဒီမှားယွင်းတဲ့ အယူအဆဟာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းတို့ထက် ပိုလွန်ပြီး အပြစ်ကြီးတယ်။

ဒါကြောင့် သဘင်သည်အမှုဟာ တံငါ၊ မုဆိုးများလို ကုသိုလ်မှုတော့ မဟုတ်ဘူး၊ အကုသိုလ်မှုအစစ်လို့ သိပါလျက် ခန္ဓာဝန်ရှိနေလို့ ခန္ဓာရဲ့အတွက် ငါလုပ်နေရတာပါလားလို သိခဲ့လျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်အကုသိုလ်မို့ အပြစ်ဟာ အလွန်သက်သာတယ်၊ ဒါမှမဟုတ် ငါတို့အလုပ်ဟာ အပြစ်မရှိဘူးလို့ ယူဆ

http://www.dhammadownload.com



ခဲ့လျှင် အဲဒီအယူဟာ မှားယွင်းတဲ့အယူမို့ ဒိဋ္ဌိဂတသမ္ပယုတ် အကုသိုလ် ဖြစ်သွားတယ်၊ အဲဒီ ဒိဋ္ဌိဂတသမ္ပယုတ် အကုသိုလ်က ပိုမို လေးနက်တဲ့ မကောင်းကျိုးကို ပေးတယ်။


ဒါကြောင့် သဘင်သည်သေတိုင်း ပဟာသငရဲကို မရောက်ဖါဘူး၊ ငါတို့ အတတ်ဟာ လူထုကို ဖြေဖျော်တဲ့ ယဉ်ကျေးမှုအတတ်၊ ဒီအတတ်နဲ့ ဖြေဖျော်လို့ ငါတို့အပြစ်မရှိဘူး၊ ကုသိုလ်ရတယ်လို့ အယူရှိသူများသာ မိစ္ဆာ ဒိဋ္ဌိကံရဲ့ နှိပ်စက်မှုကြောင့် အပါယ်ကျရခြင်းဖြစ်တယ်။

ဒီလောက်ဆိုလျှင် မောင်ဇော်ထက်ရဲ့အမေး ပြေလောက်ပြီထင်ပါရဲ့."


"မှန်ပါ–ပြေပါပြီဘုရား"

သာဓု... သာဓု... သာဓု။

* * *



http://www.dhammadownload.com



## ပုတီးစိပ်ခြင်း

"ဟောဒီစာက ကသာမြို့၊ လှိုင်စာနယ်ဇင်းပိုင်ရှင် ဦးချစ်လှိုင်ထံက အမေးစာလွှာပါဘုရား"

"ဦးချစ်လှိုင်က ဘာတွေများ မေးထားတုန်းကွယ့်"

"ဦးချစ်လှိုင်က အကြောင်းအရာ သုံးချက် မေးထားပါတယ်ဘုရား"

(၁) **ပုတီးစိပ်သောအခါ တွေဝေထိုင်းမှိုင်း ငိုက်မျဉ်းမည်စိုး၍ ထိုင်၍ မစိပ်ဘဲ စင်္ကြံလျှောက်၍ ပုတီးစိပ် ကောင်း၊ မစိပ်ကောင်း၊**

(၂) **အိမ်များ၌ သံဃဒါန ပြုသောအခါ သံဃာတော်များက ကမ္မဝါစာများ ရွတ်ထိုက်၊ မရွတ်ထိုက်၊**

(၃) **ဆွမ်းတော်တင်ထားသော ဘောဇဉ်များ ဆွမ်းတော်ချပြီးနောက် စားထိုက်၊ မစားထိုက် (ထို့အတူ) နတ်တင်ပြီး ဘောဇဉ်၊ ခဲဖွယ်များ စားထိုက်၊ မစားထိုက်၊**

ဒီအမေးပုစ္ဆာ ၃-ချက်က ကသာမြို့၊ ကမ်းနားလမ်း၊ လှိုင်စာနယ်ဇင်း ပိုင်ရှင် ဦးချစ်လှိုင်ရဲ့အမေး ဖြစ်ပါတယ်ဘုရား။

## ပုတီးပြဿနာ

"ဦးချစ်လှိုင်ရဲ့ အမေးသုံးချက်အနက် ပထမ ပုတီးပြဿနာမှာ ပုတီးစိပ်တယ်ဆိုတာက- သမထ ဝိပဿနာလို့ ဘာဝနာနှစ်ပါး ရှိရာမှာ သမထရဲ့ အရာမှာသာ သုံးတယ်၊ ဘာဝနာရဲ့ အရာမှာတော့ မသုံးဘူးကွယ့်၊ ဒီနေရာမှာ သမထနဲ့ ဝိပဿနာဆိုတာကို ခွဲပြီး ပြောဦးမယ်"

http://www.dhammadownload.com



"မိန့်တော်မူပါဘုရား"

"သမထဆိုတာ **"ကိလေသေ သမေတီတိ သမထော"**ဆိုတဲ့အတိုင်း ကိလေသာတရားတို့ကို ငြိမ်းအေးစေတတ်တဲ့ တရားကို သမထလို့ ခေါ်တယ်၊ ကိလေသာတရား ငြိမ်းစေရုံမျှမက အမြစ်ပါ ပြုတ်ထွက်သွားစေတတ်တဲ့ တရားကိုတော့ 'ဝိပဿနာ'လို့ ခေါ်တယ်၊ သမထတရားက စိတ်ဓာတ် တည်ငြိမ်အောင် အားထုတ်ရတဲ့တရား၊ ဝိပဿနာတရားက မဂ်,ဖိုလ်, နိဗ္ဗာန် ပေါက်အောင် အားထုတ်ရတဲ့တရားမျိုးဖြစ်တယ်၊ စိတ်ဓာတ် တည်ငြိမ်အောင် အားထုတ်ရတဲ့ **သမထတရားက လေးဆယ်**ရှိတယ်၊ လေးဆယ်အရကတော့- ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ အပ္ပမညာ ၄-ပါး၊ သညာတစ်ပါး၊ ဝဝတ္ထာန်တစ်ပါး၊ အာရုပ္ပလေးပါးအားဖြင့် ပေါင်း သမထတရား လေးဆယ်ရှိတယ်၊ ၎င်း (၄၀)အနက်-

**ကသိုဏ်း ၁၀-ပါး**ဆိုတာ- ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း အားဖြင့် ပေါင်း ၁၀-ပါး ဖြစ်တယ်။

**အသုဘ ၁၀-ပါး**ဆိုတာက- ဥဒ္ဓုမာတက၊ ဝိနီလက၊ ဝိပုဗ္ဗက၊ ဝိစ္ဆိဒ္ဒက၊ ဝိက္ခာယိတက၊ ဝိက္ခိတ္တက၊ ဟတဝိက္ခိတ္တက၊ လောဟိတက၊ ပုဠုဝက၊ အဋ္ဌိကအားဖြင့် ပေါင်း ၁၀-ပါး ဖြစ်တယ်။

**အနုဿတိ ၁၀-ပါး**ဆိုတာက- ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာနုဿတိ၊ အာနာပါနဿတိ အားဖြင့် ပေါင်း ၁၀-ပါး ဖြစ်တယ်။

**အပ္ပမညာ ၄-ပါး**ဆိုတာက- မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အားဖြင့် ပေါင်း ၄-ပါး ဖြစ်တယ်။

အဲဒီ အပ္ပမညာတရား ၄-ပါးကို ဗြဟ္မဝိဟာရ တရား-၄-ပါး၊ ဗြဟ္မစရိယတရား ၄-ပါး၊ ဗြဟ္မစိုတရား ၄-ပါးလို့လည်း ခေါ်ကြတယ်။

**သညာဆိုတာက**- "စားတဲ့ အစာ အာဟာရဟာ ရွံစရာပါလားလို့ အမှတ်ထားပြီး စားတာကို အာဟာရေ ပဋိကူလ သညာ"လို့ ခေါ်တယ်။

http://www.dhammadownload.com



**ဝဝဏ္ဏာန်တစ်ပါးဆိုတာက–** ခန္ဓာကိုယ်ရဲ့ အစုအဝေးများကို ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်လို့ ပိုင်းခြား သိတတ်တဲ့ဉာဏ်ကို စတုဓာတုဝဝဏ္ဏာန်လို့ ခေါ်တယ်။

**အာရုပ္ပတရားလေးပါးဆိုတာက–** အာကာသာနဉ္စာယတနာ၊ ဝိညာနဉ္စာယတန၊ အာကိဉ္စညာယတနာ၊ နေဝသညာနာသညာယတန တရားလေးပါးကို အာရုပ္ပလေးပါးလို့ ခေါ်တယ်။

ကသိုဏ်း၊ အသုဘ၊ အနုဿတိ၊ အပ္ပမညာ၊ သညာ၊ ဝဝဏ္ဏာန်၊ အာရုပ္ပ ပေါင်း **၄၀–သော ကမ္မဋ္ဌာန်းတရားတို့ကို သမထတရားလို့ ခေါ်တယ်။**

**ဝိပဿနာတရားဆိုတာက–** မိမိခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားနဲ့ နာမ်တရားတို့ကို အနိစ္စ– မမြဲခြင်း၊ ဒုက္ခ– ဆင်းရဲခြင်း၊ အနတ္တ– အနှစ်မရှိခြင်းရယ်လို့ ထင်မြင်အောင် ရှုတာကို ဝိပဿနာရှုတယ်လို့ ခေါ်တယ်၊ ပိဋကတ်သုံးပုံခေါ်တဲ့ ထေရဝါဒကျမ်းစာ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများမှာ ပုတီးဆိုတဲ့ အသုံးအနှုန်း မလာဘူး၊ ဒါကြောင့် ဘုရားရှင်မှစပြီး ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်စသော သာဝကများ ပုတီးသုံးတယ်လို့ မရှိပါဘူး၊ ထိုပုဂ္ဂိုလ်ကြီးတွေဟာ ဘာကြောင့် ပုတီးမသုံးတာလဲဆိုတော့ ပုတီးဟာ ဝိပဿနာရဲ့အရာ မဟုတ်ဘူး၊ သမထရဲ့ အရာသာ ဖြစ်တယ်၊ သမထမှာသော်လည်း များသောအားဖြင့် အနုဿတိတရားရဲ့ အရာသာ ဖြစ်တယ်၊ ဘုရားရှင်ရဲ့ သာဝကများဟာ သမထက လွန်မြောက်လို့ အရိယာအဖြစ် ရောက်ကုန်ကြပြီ၊ ဒါကြောင့် ပုတီး မသုံးကြခြင်းဖြစ်တယ်၊ ပုတီးဟာ ဝိပဿနာရဲ့ အရာမဟုတ်လို့ အရိယာပုဂ္ဂိုလ်များ မသုံးကြသော်လည်း ပညတ်နယ်တွင်းက ပုဂ္ဂိုလ်များကတော့ ပုတီးသုံးလို့ အကျိုးမယုတ်ပါဘူး၊ မိမိစိတ်ကို လွန်စွာ တည်ငြိမ်လွယ်ပါတယ်၊ ဒီနေရာမှာ စကား မကျန်ရစ်အောင် အနည်းငယ် ထပ်ပြောပါဦးမယ်။

"မိန့်တော်မူပါဘုရား"

"ပုတီးဟာ မူလက ထေရဝါဒရဲ့ အသုံးမဟုတ်ဘူးကွယ့်၊ ဟိန္ဒူတို့ရဲ့ အသုံးဖြစ်တယ်၊ ဟိန္ဒူဝါဒထဲမှာလည်း တန္တရ, မန္တရဂိုဏ်းသားများရဲ့ အသုံးဖြစ်တယ်၊ တန္တရ, မန္တရဂိုဏ်းသားများဟာ ဂါထာမန္တန်များကို ပုတီးစိပ်ကြရတယ်၊ ဒီနေရာမှာ **စိပ်ဆိုတာ** ဇပ္ပနပုဒ်ရင်း ဇပ်က– ဓိပ်၊ ဓိပ်က–

http://www.dhammadownload.com



စိပ်ဖြစ်လာတယ်၊ ဇပ္ပနဆိုတာ ပွားများခြင်းအနက်ကို ဟောတယ်၊ ပွားများတယ်ဆိုတာ အဖန်တလဲလဲ ရွတ်ဆိုခြင်းဖြစ်တယ်၊ တန္တရ, မန္တရ ပုဂ္ဂိုလ်များဟာ အင်း– အိုင်– ခါးလှဲ့– လက်ဖွဲ့– မန္တန်များကို အသုံးပြုကြတဲ့ အထက်ဂိုဏ်း အောက်ဂိုဏ်း ဂိုဏ်းပုဂ္ဂိုလ်များ ဖြစ်ကြတယ်၊ သူတို့ဟာ ဆေးကို ဖျော်ပြီးတော့လည်း ဂါထာမန္တန် မန်းမှုတ်တတ်ကြတယ်၊ အင်းချပြီးတော့လည်း ဂါထာ, မန္တန် မန်းမှုတ်တတ်ကြတယ်၊ ယုတ်စွအဆုံး လက်ခုပ်၌သော်လည်း ဂါထာ မန္တန် မန်းမှုတ်တတ်ကြတယ်၊ သူတို့ မန်းမှုတ်တဲ့ ဂါထာ,မန္တန်ကလည်း၊ ခုနစ်ခေါက် မန်းရမယ်၊ (ပ) အကြိမ်တစ်ထောင် မန်းရမယ် စသောအားဖြင့် ဂါထာ အရေအတွက်ကို ပိုင်းခြားထားတယ်၊ ပိုင်းခြားထားတဲ့ မန္တန်အောက် ယုတ်လျော့သော်လည်းကောင်း၊ ပိုင်းခြားထားသည်ထက် ပိုလွန်သော်လည်းကောင်း ရွတ်ဆိုခဲ့လျှင် အကျိုးမရဘူး၊ ဒါကြောင့် ရှေးက ရွတ်ပြီးသား မန္တန်များကို ချေဖျက်ပြီး အသစ် ထပ်မံ ရွတ်ဖတ်ရတယ်၊ မန်းမှုတ်ရတယ်၊ အဲဒါကြောင့် ဂါထာအရေအတွက် မတိုး, မလျော့ရအောင် စိပ်ပုတီးနှင့် မှတ်ကြရတယ်။

အဲဒီလို မန်းမှုတ်ရာက စိပ်ပုတီးဟာ ဘာသာရေးအတွင်း ဝင်ရောက်ပြီး ရှေးဦးစွာ ဟိန္ဒူများက စိပ်ကြတယ်၊ အဲဒီနောက် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မဟာမေဒင်စတဲ့ ဘာသာပေါင်းစုံအတွင်း ဝင်ရောက်လာတယ်၊ ဒါကြောင့် ပုတီးဟာ မူလက ဗုဒ္ဓဘာသာတို့ရဲ့ အဆောင်အယောင် မဟုတ်ဘူး၊ သို့သော်လည်း ပုတီးစိပ်တဲ့အတွက် အကျိုးမယုတ်ပါဘူး၊ အကျိုးမယုတ်တဲ့အတွက် ရှေးက ဆရာတော်ကြီးများဟာ အမြဲ ပုတီးစိပ်ကြပါတယ်၊ ပုတီးစိပ်သည်ပင်ဖြစ်ပေ, မစိပ်သည်ပင်ဖြစ်စေ သမထတရား, ဝိပဿနာတရား ပွားများတာကတော့ ကျမ်းဂန်ကလာတဲ့အတိုင်း တင်ပျဉ်ခွေပြီး အားထုတ်တာဟာ အကောင်းဆုံးပါပဲ၊ သို့သော် လမ်းလျှောက် တရားအားထုတ်ခြင်းကိုလည်း သတိပဋ္ဌာနသုတ်တော်မှာ ဘုရားရှင် ဟောတော်မူပြီး ဖြစ်တယ်၊ ဒါကြောင့် ပုတီးစိပ်ပြီး တရားအားထုတ်ခြင်းဟာ ထိုင်လျက်ပင်ဖြစ်စေ၊ လမ်းလျှောက်၍ပင်ဖြစ်စေ၊ အိပ်၍ပင်ဖြစ်စေ အားထုတ်နိုင်ပါတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု– သာဓု– သာဓု

http://www.dhammadownload.com



**ဒုတိယအမေးပုစ္ဆာက**- ရဟန်းတော်များဟာ ဒါယကာရဲ့ အိမ်မှာ ဆွမ်းစားပြီးလျှင် ကမ္မဝါစာ ရွတ်ထိုက်၊ မရွတ်ထိုက်တဲ့ ဟုတ်လား"

"ဟုတ်မှန်ကြောင်းပါဘုရား"

"ဒီနေရာမှာ သတိပြုစရာ အချက်တစ်ခု ပြောလိုက်ရဦးမယ်၊ ရှေးအခါကာလက ဒါယကာများက သံဃာများကို အိမ်ပင့်ပြီး ဆွမ်းကပ်ကြတယ်၊ ဆွမ်းစားပြီးလျှင် သံဃာကြီးက ဆုပေးခြင်း, သီလပေးခြင်းပြုပြီး ဆွမ်းအနုမောဒနာတရား ဟောတယ်၊ တရားဟောပြီး ရေစက်ချတယ်၊ အဲဒီ ရေစက်ချတာဟာလည်း ဆွမ်းဒကာရဲ့ကိုယ်စား ဘုန်းကြီးက ချတာလည်း ရှိတယ်၊ ဘုန်းကြီးက တိုင်ပေး, ဒါယကာက လိုက်ဆိုပြီး ချတာလည်း ရှိတယ်၊ ဆွမ်းဒကာကိုယ်စား ပန်းဒကာ (သို့မဟုတ်) ခေါင်းဆောင်လုပ်သူက ချတာလည်း ရှိတယ်၊ ဒါက ရှေးက အစဉ်အလာကိုးကွယ့်"

"မှန်ပါဘုရား"

"နောက်ကျတော့ ဆွမ်းအနုမောဒနာ ဟောတဲ့အခါ တရားနာတဲ့သူက မရှိဘူး၊ ဖိတ်ထားသူတွေကလည်း စားသောက်ပြီး ပြန်ကြတယ်၊ တရားနာချင်သူ နည်းလာတယ်၊ ဆွမ်းဒကာ အုပ်စုလောက်သာ မလွဲမကင်းသာ ကျန်တယ်၊ ဒါကြောင့် သံဃာဘက်က အနုမောဒနာတရား မဟောတော့ဘူး၊ မေတ္တသုတ်ပရိတ်လောက်သာ ရွတ်ဆိုပြီး ပြန်ကြတယ်။

နောင်အခါကျတော့ သံဃာတော်ဘက်က ပရိတ်ရွတ်ရုံနဲ့ တာဝန်ကျေတယ်လို့ မထင်ကြဘူး၊ ဒါကြောင့် ဘုရား နှုတ်ကမွတ်တော်ကပဲဆိုပြီး ပရိတ်ရဲ့အဆုံးမှာ- ဥပသမ္ပဒ ကမ္မဝါစာ ဖတ်ခဲ့ကြတယ်၊ ဥပသမ္ပဒကမ္မဝါ ဆိုတာဟာလည်း ဆွမ်းကျွေးဒကာများနှင့် ဘယ်လိုမှ စပ်ဆိုင်တာ မဟုတ်တော့ ဥပသမ္ပဒ ကမ္မဝါစာအစား ပဗ္ဗာဇနိယကမ္မဝါ ရွတ်ကြပြန်ရော၊ ပဗ္ဗာဇနိယကမ္မဝါကလည်း မကောင်းဆိုးဝါးကောင်များကို နှင်ထုတ်တာ ဖြစ်နေတယ်၊ ကမ္မဝါရွတ်တဲ့ဌာနမှာ မကောင်းဆိုးဝါးကောင် ရှိချင်မှ ရှိမယ်၊ အကယ်၍ ရှိသည့်တိုင်အောင် ကမ္မဝါ ရွတ်ဖတ်ရုံမျှနှင့် ထွက်ခွာ သွားချင်မှ သွားလိမ့်မယ်၊ မကောင်းဆိုးဝါးကောင်က ဘာမျှ မလုပ်ပါဘဲနှင့် သူ့ကို အတင်း နှင်ထုတ်တာဟာလည်း မတရားဘူး၊ ဒါကြောင့် ယခုအခါ အနန္တ ရာယိက ကမ္မဝါစာ

http://www.dhammadownload.com



ကို အရွတ်အဖတ် များလာတယ်၊ ဒါကြောင့် ကမ္မဝါစာဆိုတာ ဒီနေရာမှာ ကံဆောင်တဲ့ ကမ္မဝါ မဟုတ်ဘဲ ပရိတ်ရဲ့ နောက်ကွယ် အန္တရာယ်ကင်း ကမ္မဝါလို့ပဲ မှတ်သင့်တယ်၊ ကိုချစ်လှိုင် မေးတာက ပရိတ် ရွတ်ထိုက် မရွတ်ထိုက်လို့ မမေးဘူး၊ ကမ္မဝါစာ ရွတ်ထိုက်, မရွတ်ထိုက်လို့သာ မေးထားတယ်။

ကိုချစ်လှိုင်ရဲ့ သဘောက ကမ္မဝါဆိုတာ သိမ်အတွင်းမှာ ရဟန်းများ ကံဆောင်တာမို့ အိမ်အတွင်း ရွတ်ကောင်း မရွတ်ကောင်း ဖြစ်ပါလိမ့်မယ်၊ အဲဒီ သဘောနှင့် မေးတာဆိုလျှင်ဖြင့် ယခုရွတ်သော ကမ္မဝါဟာ သိမ်တွင်း ကံပြုသော ကမ္မဝါမဟုတ် အန္တရာယ်ကင်းရန် ဆရာတော်များ စီစဉ်ထားတာ ဖြစ်လို့ အိမ်တွင်း၊ ရွာတွင်း၊ မြို့တွင်းမှာ ရွတ်ဖတ်ထိုက်ပါတယ်လို့ အဖြေ ပေးပါတယ်"

ဒါမှမဟုတ် သံဃာတော်များက လောကဝတ်ကို ချော့ပြီး ရွတ်တာ ထင်လို့ မေးခဲ့လျှင် ဆွမ်းစားပြီး ရွတ်တဲ့ ကမ္မဝါဟာ ပရိတ်ရွတ်နှင့် အလားတူတဲ့အတွက် (ဝိနယသင်္ဂဟ အဋ္ဌကထာ၊ စာမျက်နှာ ၁၁– ဘေသဇ္ဇာဒိကရဏ ဝိနိစ္ဆယကထာ,က တိုက်ရိုက် ဘာသာပြန်ဆို တင်ပြပါ့မယ်။)

"အရှင်ဘုရား... ဖျားနာနေသောလူနာ ပျောက်ကင်းအောင် ပရိတ် ချီးမြှင့်ပေးတော်မူပါဘုရား"ဟု ဒါယကာက လျှောက်ထားခဲ့လျှင် ရဟန်းတော် များက ပရိတ် ရွတ်မပေးအပ်၊ (အဘယ့်ကြောင့်ဆိုသော် ရဟန်းသံဃာမည်သည် ဆေးကုသော ဆရာမဟုတ်သောကြောင့်တည်း၊) ထိုသို့မဟုတ် "အရှင်ဘုရား တို့... ပရိတ် ချီးမြှင့်ကြပါဘုရား"ဟု ရိုးရိုးလျှောက်ထားခဲ့သော် ပရိတ် ရွတ်ပေးအပ်၏၊ ဖျားနာသူအတွက် ပရိတ်ချီးမြှင့်ရန် လျှောက်ထားသည်ကို ရဟန်းတော်များက ပယ်ခဲ့လျှင် ဒါယကာ၏စိတ် မချမ်းမသာ ဖြစ်သွားပြီး ရဟန်း သံဃာကို ပြစ်မှားမိလိမ့်မည်၊ ရဟန်းသံဃာကို ပြစ်မှားပါက ပြစ်မှား သူ အပြစ်ဖြစ်လိမ့်မည်၊ ထိုဒါယကာ အပြစ်မဖြစ်ပါစေနှင့်ဟု နှလုံးသွင်း၍ ပရိတ်ရွတ်သော် ရွတ်အပ်၏။

"အရှင်ဘုရား... ပရိတ်ရေ ပေးသနားပါ၊ ပရိတ်ချည် ပေးသနားပါ" ဟု ဒါယကာ ဆောင်ယူခဲ့သော ရေကို ပရိတ်ရွတ်၍ ပေးအပ်၏၊ ဒါယကာ ဆောင်ယူခဲ့သောချည်ကို ပရိတ်ရွတ် ဆုပ်နယ်ခြင်းကို ပြု၍ ပေးအပ်၏၊

http://www.dhammadownload.com



ကျောင်းမှ ရေကိုဖြစ်စေ, မိမိ၏ ချည်ကိုဖြစ်စေ အကယ်၍ ပေးခဲ့လျှင် ပေးသောရဟန်း ဒုက္ကဋ်အာပတ် သင့်၏၊ ဒါယကာ ဒါယိကာမတို့သည် ရေကို လည်းကောင်း, ချည်ကိုလည်းကောင်း ဆောင်ယူခဲ့ပြီး ရဟန်းတော်၏ ရှေ့၌ချ၍ ရှိသေစွာ ထိုင်ကာ "အရှင်ဘုရား... ပရိတ်ချီးမြှင့်တော်မူပါဘုရား" ဟု လျှောက်ထားလာလျှင် ပရိတ်ရွတ်ပေးအပ်၏၊ အကယ်၍ ဒါယကာများက နားမလည်သော် နားလည်အောင် ပြောပေးအပ်၏။

အကယ်၍ ဒါယကာတို့သည် ထိုင်နေကုန်သော ရဟန်းတော်တို့၏ ခြေရင်း၌ ရေကိုလောင်း၍ ချည်ကိုလည်း ချထား၍ ပရိတ်ချီးမြှင့်ပါဘုရားဟု ဆိုကာ သွားကုန်ငြားအံ့၊ ခြေတို့ကို မပယ်အပ်ကုန်၊ (အကယ်၍ ပယ်ပါက ဒါယကာများ စိတ်မချမ်းမသာ ဖြစ်ကြလိမ့်မည်၊ ထို့ကြောင့် ခြေတို့ကို မပယ်အပ်ကုန်၊)

ရွာတွင်း၌ လူတစ်ယောက် နာမကျန်း ဖြစ်နေ၏၊ ထိုလူနာအတွက် ပရိတ် ချီးမြှင့်တော်မူပါဘုရားဟု လျှောက်ထားလာလျှင် ရွာတွင်းသို့ လိုက်၍ ရွတ်ပေးအပ်၏။

ရွာတွင်း၊ မြို့တွင်း၊ မင်းအိမ်စသည်တို့၌ ဘေးရန်အန္တရာယ် ဖြစ်ခဲ့သည် ရှိသော် ဒါယကာများက လာရောက်ပင့်ပါက လိုက်၍ အာဋာနာဋိယသုတ် စသည်တို့ကို ရွတ်အပ်၏။

ရွာတွင်းသို့ကြွ၍ သူနာအား သိက္ခာပုဒ် ချီးမြှင့်တော်မူပါ၊ တရားဟော တော်မူပါဟု လျှောက်ထားလာလျှင် ရွာတွင်းသို့ လိုက်၍ သီလပေးအပ်၏၊ တရားဟောအပ်၏။

ရွာတွင်းမှ အသုဘကို ထုတ်သောအခါ "သေသူ၏ အခြံအရံ အလို့ငှာ ကြွတော်မူပါ"ဟု ပင့်သော် မကြွသွားအပ်ချေ၊ "အသုဘ ရှုရန် ကြွတော်မူပါ"ဟု ပင့်သော် လိုက်အပ်၏။

အကယ်၍ သူနာကို ဘီလူးစသည် ပူးကပ်နေငြားအံ့၊ သူနာကို မရိုက်အပ်၊ ထန်းရွက်ကိုလည်းကောင်း၊ ပရိတ်ချည်ကိုလည်းကောင်း၊ လက်၌ဖြစ်စေ ခြေ၌ဖြစ်စေ ဖွဲ့ပေးအပ်၏၊ ပရိတ်ကိုလည်း ရွတ်အပ်၏။ "သီလရှိသောပုဂ္ဂိုလ်ကို မညှဉ်းဆဲပါနှင့်"ဟု တရားသော်လည်း ဟောအပ်၏၊ မရသော် အာဋာနာဋိယ

http://www.dhammadownload.com



သုတ်ကို ရွတ်အပ်၏၊ အာဋာနာဋိယသုတ်ကို ရွတ်သော ရဟန်းသည် ချက်ချင်း မရွတ်အပ်၊ ရှေးဦးစွာ မေတ္တသုတ်၊ ဓဇဂ္ဂသုတ်၊ ရတနသုတ်တို့ကို ခုနစ်ရက် ရွတ်ရမည်၊ အကယ်၍ မလွှတ်မှသာ အာဋာနာဋိယသုတ်ကို ရွတ်ရမည်။

အာဋာနာဋိယသုတ်ကို ရွတ်သောရဟန်းသည် မုံ့ညက်နှင့် အမဲကို မစားရ၊ သင်္ချိုင်း၌ မနေအပ်၊ ပရိတ်ရွတ်ရာအရပ်ကို နွားချေးစိမ်း သုတ်လိမ်းရမည်၊ စင်ကြယ်သောနေရာ၌ ထိုင်ရမည်၊ ပရိတ်ရွတ်မည့် ရဟန်းတော်ကို ဆောင်ယူသောအခါ လက်နက်ခြံရံ၍ ဆောင်ယူရမည်၊ လွင်တီးခေါင်၌ မနေစေရ၊ အိမ်၌သော်လည်း တံခါးများကို ပိတ်၍ မေတ္တာစိတ်ဖြင့် နေရမည်၊ လက်နက်ကိုင်များ ခြံရံ၍ ထားရမည်၊ ထို့နောက် သူနာကို သီလပေးပါ၊ သီလပေးပြီးမှ အာဋာနာဋိယသုတ်ကို ရွတ်အပ်သည်။

အကယ်၍ အာဋာနာဋိယသုတ် ရွတ်ပါလျက် မရပါက တောစိုသစ်ပင်ကြီးသို့ သွား၍ အာဋာနာဋိယသုတ် အဋ္ဌကထာ၌ လာသည့်အတိုင်း ဝေဿဝဏ်နတ်မင်းအား ပင့်၍ တိုင်ကြားရမည်။

အခုပြောခဲ့တာက ဝိနယသင်္ဂဟ အဋ္ဌကထာရဲ့ အဆိုများ ဖြစ်တယ်၊ ဒီစာဆိုနှင့်ပင် ပရိတ် ရွတ်ထိုက် မရွတ်ထိုက် အမေးဟာ ပြေလည်လောက်ပါပြီကွယ်"

"သာဓု - သာဓု - သာဓု"

## ဆွမ်းတော်တင် စားသင့်, မစားသင့်

"အကြောင်းအရာ(၃)က- ဆွမ်းတော်တင်ထားတဲ့ ဘောဇဉ်များ ဆွမ်းတော်ချပြီးနောက် စားထိုက် မစားထိုက်တဲ့"ဟုတ်လား။

"ဟုတ်မှန်ကြောင်းပါဘုရား"

"ဒီစကားရပ်ဟာ မနုဟာမင်းကို အကြောင်းပြုပြီး ဖြစ်ပေါ်လာဟန်တူတယ်ကွယ့်"

"ဘယ်လို မနုဟာမင်းပါလဲဘုရား၊ အမိန့်ရှိပါဦး"

"မနုဟာမင်းဆိုတာ သုဝဏ္ဏဘုမ္မိခေါ်တဲ့ သထုံပြည့်ရှင် မင်းတစ်ပါးပေါ့၊ တတိယသင်္ဂါယနာပွဲက သာသနာပြု စေလွှတ်လိုက်တဲ့ သောဏာထေရ်၊

http://www.dhammadownload.com



ဥတ္တရထေရ်တို့က စပြီး သုဝဏ္ဏဘုမ္မိမှာ ထေရဝါဒ သာသနာတော် ထွန်းကားနေတယ်၊ အနော်ရထာမင်း စိုးစံတဲ့ ပုဂံတစ်ပိုက်မှာတော့ အရည်းကြီးများရဲ့ မဟာယာန သာသနာ ထွန်းကားနေတယ်၊ မဟာယာန သာသနာတော်မှာ ထေရဝါဒလို့ ဘုရားဟော ပါဠိတော်ရင်း မရှိဘူး၊ ပါဠိတော်ရင်းမရှိတော့ ပရိယတ္တိသာသနာတော် ပျက်စီးနေတာပေါ့၊ ဒါကြောင့် ရှင်အရဟံရဲ့ တိုက်တွန်းချက်အရ သုဝဏ္ဏဘုမ္မိ မနူဟာမင်းရဲ့ထံမှာ အနော်ရထာမင်းက ပိဋကတ်တော် တောင်းတယ်၊ ဒီအခါ မနူဟာမင်းက လူရိုင်းတိုင်းပြည်နှင့် ပိဋကတ်တော် မတန်ဘူး၊ ဒါကြောင့် မပေးနိုင်ဘူးလို့ မချေမငံ ဆိုလိုက်တယ်၊ အဲဒီ မချေမငံ စကားကြောင့် အနော်ရထာမင်းက မနူဟာမင်းနှင့်တကွ သုဝဏ္ဏဘုမ္မိကို တိုက်ခိုက် သိမ်းယူလိုက်တယ်။

သုဝဏ္ဏဘုမ္မိ သထုံပြည်မှာ မင်းအဆက်ဆက် ရတနာပန်းတောင်းအတွင်း ကိုးကွယ်ခဲ့တဲ့ မွေတော် ဓာတ်တော်၊ သွားတော်၊ အစုံသုံးဆယ်သော ပိဋကတ်တော်တွေကို မနူဟာမင်းရဲ့ ဆင်ဖြူတော် ၃၂–စီးထက် တင်ပြီး ဆောင်ယူခဲ့တယ်၊ အတတ်ပညာတတ်သူများ၊ အချက်အပြုတ် တတ်သူများနှင့် သံဃာတော်များပါ သထုံမှ ပုဂံသို့ ပင့်ဆောင်ခေါ်ယူခဲ့တယ်။

မနူဟာမင်းကိုလည်း ပုဂံသို့ ဆောင်ယူပြီး မြင်းကပါအရပ်မှာ ထားတယ်၊ မနူဟာမင်းဟာ စကားပြောလျှင် ခံတွင်းက စက်ရောင်ပြောင်ပြောင် တောက်သတဲ့၊ မနူဟာမင်းက ရှိခိုးဦးချလျှင်လည်း အနော်ရထာမင်းဟာ ကြက်သီးမွေးညင်း ထသတဲ့၊ ဒါကြောင့် မနူဟာမင်း တန်ခိုးအာနုဘော် ညှိုံ့အောင် မနောလင်ပန်းနှင့် စားတော်ပြင်ပြီး ဘုရားမှာ တင်၊ ထိုဆွမ်းတော်စာကို မပြုတ်ကျွေးတဲ့အတွက် မနူဟာမင်းရဲ့ခံတွင်းက စက်ရောင် ပျောက်ကွယ်သွားသတဲ့။

မနူဟာမင်းဟာ ခံတွင်းက စက်ရောင်ကွယ်တဲ့အတွက် "ငါ ကြံသော်လည်း ဖြစ်မှာမဟုတ်တော့ပါဘူးလို့ စိတ်ဓာတ်ကျပြီး ဖြစ်တိုင်းသောဘဝမှာ သူတစ်ပါး၏ အနိုင်ကို မခံရပါလို၏"လို့ ဆုတောင်းပြီး မနူဟာဘုရားကြီးကို တည်သတဲ့ကွယ်၊ အဲဒီ မနူဟာမင်းဟာ ဆွမ်းတော်စာ စားလို့ ဘုန်းတန်ခိုး ညှိုံ့တယ်လို့ ယူဆပြီး ဆွမ်းတော်စာ မစားကောင်းလို့ ယူဆခဲ့ကြဟန် တူတယ်ကွယ့်"

http://www.dhammadownload.com



"နို့ စားကော စားကောင်းသလား ဘုရား"

"မစားကောင်းတာလည်း ရှိသလို၊ စားကောင်းတာလည်း ရှိတာပေါ့ ကွယ်၊ မစားကောင်းတဲ့ ပွဲတော်စာဆိုတာက ဘုရားဖြစ်တဲ့နေ့က နို့ဃနာဆွမ်းနှင့် ဘုရားရှင် နောက်ဆုံးဘုဉ်းပေးတဲ့ စုန္ဒရဲ့ ဝက်ပျို့သားပါဝင်တဲ့ ဆွမ်းတော်စာ အတွင်းမှာ နတ်ဩဇာများ ပါဝင်သတဲ့၊ နတ်ဩဇာဟာ အလွန် သိမ်မွေ့တဲ့ အတွက် ဘုရားရှင်မှတစ်ပါး အခြားလူသားများ စားခဲ့လျှင် အစာမကြေတဲ့ ရောဂါမျိုးဖြစ်တတ်တယ်၊ ဒါကြောင့် အဲဒီ ဆွမ်းတော်စာမျိုးလည်း မစားအပ်ဘူး"

ဘုရားရှင် ဆွမ်းဘုဉ်းပေးလျှင် ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်းမှာလည်း နတ်ဩဇာ ထည့်သတဲ့၊ အဲဒီ ဆွမ်းလုပ်ကိုလည်း မစားအပ်ဘူး။

ဘုရားအတွက် ရှေးရှု ဆောင်ယူခဲ့တဲ့ ဆွမ်းတော် စာကိုလည်း မစား ကောင်းဘူး၊ ဒါက မစားကောင်း, မစားထိုက်တဲ့ ဆွမ်းတော်စာဖြစ်တယ်။

"စားကောင်း စားထိုက်တဲ့ ဆွမ်းတော်စာကိုတော့ မူလပဏ္ဏာသပါဠိ တော် ဓမ္မဒါယာဒသုတ်မှာ ဘုရားရှင် ဟောထားသကွယ့်"

"ဟောပုံ အမိန့်ရှိပါဦးဘုရား"

"မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး တော်မူစဉ်က ရဟန်းများကို ခေါ်တော်မူပြီး–

"ရဟန်းတို့... သင်တို့ဟာ ငါဘုရားရဲ့ တရား အမွေခံသာဖြစ်အောင် အားထုတ်ကြ၊ ပစ္စည်းအမွေခံမျှသာ မဖြစ်ကြစေနှင့်၊ သင်တို့အပေါ် အလွန် သနားတော်မူသောကြောင့်သာ ငါဘုရား ဤသို့ မိန့်တော်မူခြင်း ဖြစ်တယ်။

ရဟန်းတို့ ... ငါဘုရား ဆွမ်းစားပြီး၍ ပိုလျှံနေသောဆွမ်းသည် ရှိခဲ့၏၊ ထိုအချိန်တွင် ဆွမ်းမစားရသေး၍ ဆာလောင်နေကြသော ခရီးသွား ရဟန်းနှစ်ပါးတို့ ဆိုက်ရောက်လာကြ၏၊ ထိုအခါ ငါက ရဟန်းတို့ ငါဘုရား စားပြီး ပိုလျှံနေသော ဆွမ်းကျန်သည် ရှိသေး၏၊ စားလိုမူ စားကြလော့၊ မစားလိုမူ သင့်လျော်ရာ ဌာနၶ၌သော်လည်း သွန်ပစ်လိုက်ကြလော့ဟု မိန့် ခဲ့၏၊ ထိုရဟန်းနှစ်ပါးတို့တွင် ရဟန်းတစ်ပါးက ဤဆွမ်းများကား ဘုရားရှင် သုံးဆောင်ပြီး၍ ပိုလျှံသော ဆွမ်းများဖြစ်၏၊ ဘုရားရှင်ကလည်း သုံးဆောင်ခွင့် ပြုပြီး ဖြစ်၏၊ သို့သော် ဘုရားရှင်က အာမိသအမွေ, ဓမ္မအမွေ နှစ်ပါးအနက်

http://www.dhammadownload.com



ဓမ္မအမွေကိုသာ ချီးမွမ်းတော်မူသည်၊ ထို့ကြောင့် ငါသည် အာမိသအမွေဖြစ်သော ဆွမ်းကို မစားဘဲ တရားကို အားထုတ်ရင်း ဆာလောင်ခြင်းဖြင့်ပင် ဤညဥ့်ကို လွန်စေအံ့လို့ ဆွမ်းကို မစားဘဲ တရားအားထုတ်ရင်း ညဥ့်ကို ကုန်လွန်စေတယ်။

ရဟန်းတစ်ပါးကတော့ ဤဆွမ်းကို ဘုရားရှင်က စားခွင့်ပြုပြီး ဖြစ်တယ်၊ ဒါကြောင့် ဆွမ်းကိုစားပြီး ဆာလောင် မွတ်သိပ်ခြင်းကို ပယ်ဖျောက်ကာ ဤညဥ့်ကို လွန်စေအံ့လို့၊ ဆွမ်းကိုစားပြီး ညဥ့်ကို ကုန်လွန်စေတယ်၊ ထိုရဟန်းနှစ်ပါးအနက် ဘုရားရှင်က ပထမရဟန်းကို ပူဇော်ထိုက်သူအဖြစ်ဖြင့် ချီးကျူးတော်မူသတဲ့။

ဒီဓမ္မဒါယာဒသုတ်မှာ အာမိသအမွေ၊ ဓမ္မအမွေရယ်လို့ အမွေနှစ်မျိုးရှိရာမှာ အာမိသအမွေဖြစ်တဲ့ ဘုရားရှင်ရဲ့ ဆွမ်းကျန်ကိုလည်း စားခွင့်ပြုကြောင်း ဟောတော်မူတဲ့အတွက် **ဆွမ်းတော်ချပြီး ဆွမ်းကျန်ကိုလည်း စားအပ်ကြောင်း** သိသာပါတယ်။

ဝတ္ထုကြောင်းနှင့် ပြောရလျှင် မဟာဝဂ္ဂ အဋ္ဌကထာ စာမျက်နှာ (၄၀၀၊၄၀၁)မှာ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်မှာ သွေးလေ ထူပြောတဲ့ရောဂါဖြစ်လို့ ဆရာဇီဝက,က ကြာအတွင်း ဆေးထည့်ပြီး ရှူစေတဲ့အတွက် ဝမ်းအကြိမ် ၃၀–လားတော်မူတယ်၊ အဲဒီအခါ ဘုရားရှင်အား မည်သူ၏ဆွမ်းနှင့် သင့်မည်နည်းလို့ အရှင်မဟာမောဂ္ဂလာန် ဆင်ခြင်တဲ့အခါ သောဏသူဌေးသားရဲ့ ဆွမ်းနှင့် သင့်လျော်မည်ဆိုတာကို သိလို့ သောဏသူဌေးသားရဲ့ ပြာသာဒ်ဦးမှာ ဆွမ်းရပ်သတဲ့၊ သောဏသူဌေးသားကလည်း အရှင်မဟာမောဂ္ဂလာန်ရဲ့ သပိတ်ကို ယူပြီး ဆွမ်းကိုလှူတယ်၊ အရှင်မဟာမောဂ္ဂလာန်လည်း ဆွမ်းကို ရတော့ ပြန်ကြွမလို့ လုပ်တယ်၊ ဒီအခါ သူဌေးသားက မကြွပါနှင့်ဦး၊ ဆွမ်းကို ဝအောင် ဘုဉ်းပေးပါလို့ လျှောက်သတဲ့၊ ရှင်မဟာမောဂ္ဂလာန်က အကြောင်းပြန်ပြောတော့ အရှင်ဘုရား ဘုဉ်းပေးတော်မူပါ၊ ဘုရားရှင်အတွက်လည်း လှူပါ့မယ်လို့ ပြောပြီး သပိတ်ကို နံ့သာရေနှင့် ဆေးတယ်၊ ပြီးမှ မွန်မြတ်တဲ့ ခဲဖွယ် ဘောဇဉ်များ ထည့်ပြီး လှူသတဲ့၊ ရှင်မဟာမောဂ္ဂလာန်လည်း အဲဒီ ဆွမ်းကို ဆောင်ယူပြီး ဘုရားရှင်အား ဆက်ကပ်တယ်၊ ဗိမ္ဗိသာရမင်းကြီးလည်း

http://www.dhammadownload.com



ဘုရားရှင် မကျန်းမာဘူးလို့ သတင်းကြားတာနှင့် ကျောင်းတော်ကို လာခဲ့တယ်၊ ကျောင်းတော်အနီး ရောက်တော့ သောဏသူဌေးသား လှူလိုက်တဲ့ ဆွမ်းရဲ့အနံ့ကို ရတော့ စားချင်စိတ် ဖြစ်ပေါ်လာသတဲ့၊ ဒီအကြောင်း ဘုရားရှင်က သိလို့ သင့်တော်ရုံ ဆွမ်းကို မင်းကြီးထံ ပေးစေသတဲ့၊ မင်းကြီးလည်း ဆွမ်းက အနံ့အရသာနှင့် ပြည့်စုံတဲ့အတွက် ဒီဆွမ်းကို တာဝတိံသာက နတ်တွေ လှူတာလား၊ မြောက်ကျွန်းသူတွေ လှူတာလားလို့ မေးသတဲ့၊ ဘုရားရှင်က မဟုတ်ပါဘူး၊ သောဏသူဌေးသား လှူတဲ့ဆွမ်းပါလို့ ဖြေသတဲ့ကွယ်။

ဒါကြောင့် ဆွမ်းတော်စာ မစားကောင်းဘူးဆိုတာ မဟုတ်ပါဘူး၊ အေး... တစ်ခုတော့ ရှိသကွယ့်"

"ရှေးအခါက မင်းများဟာ ဘုရားတည်ပြီး ဘုရားကို ဝတ်ပြုဖို့ လူတွေကို လှူထားတယ်၊ အဲဒီ လူတွေကို နောက်တော့ ဘုရားကျွန်လို့ ခေါ်ကြတယ်၊ ဘုရားကျွန်အတွက် ရိက္ခာထောက်ပံ့ခြင်းတော့ မရှိဘူး၊ ဘုရားအတွက် ဝတ္ထုကမြေများ လှူတယ်၊ အဲဒီ ဝတ္ထုကမြေမှာ ဘုရားကျွန်က လုပ်ပြီး ဘုရားအတွက်လည်း လှူ၊ သူတို့လည်း စားကြတာပေါ့၊ ဘုရားမှာ အခြားက လာလှူတဲ့ ခဲဖွယ် ဘောဇဉ်ကိုလည်း ဆွမ်းတော်ချလျှင် သူတို့ပဲ ရတယ်၊ သူတို့ပဲ စားကြ သောက်ကြတယ်။

ဒါကြောင့် ဆွမ်းတော်စာ စားလျှင် ဘုရားကျွန် ဖြစ်တတ်တယ်လို့ ဆိုရိုးစကားရှိတယ်၊ ဘုရားကျွန်ဖြစ်ကော ဘာဖြစ်သလဲ၊ ရှေးက အလွန်ကြီးမားတဲ့ သဒ္ဓါစိတ်နှင့် မိမိကိုယ်ကို "ဗုဒ္ဓဒါသ– ဘုရားကျွန်ပါ"လို့ လှူဒါန်းတဲ့ ပုဂ္ဂိုလ်များတောင် ရှိခဲ့တယ်၊ ဘုရားကျွန် ဖြစ်တဲ့အတွက် ယုတ်မာသွားတာ မဟုတ်ဘူး၊ ဝသလသုတ်မှာလည်း ဘုရားကျွန် မပါဘူး၊ ဒါပေမယ့် လူအများက ဘုရားကျွန်ဆိုလျှင် မသတီကြဘူး၊ သူတောင်းစားဟာ ဘုရားကျွန်က ဖြစ်တာလို့ ယူဆကြတဲ့အတွက် မိမိတို့လည်း ဘုရားကျွန် မဖြစ်ချင်ကြဘူးပေါ့၊ အမှန်ကတော့ ဆွမ်းတော်စာ စားတာနှင့် ဘုရားကျွန်ဖြစ်တာနှင့်ဟာ ဘယ်လိုမျှ မဆက်စပ်ပါဘူး၊ သို့သော်လည်း **ဘုရားဆွမ်းတော်စာကို စားလျှင် ဘုရားဝတ်ကို ပြုကြရလိမ့်မယ်၊ ဘုရားဝတ်ဆိုတာက သီလဆောက်တည်ခြင်း၊ ဘုရားရှိခိုးခြင်း၊**

http://www.dhammadownload.com



ရေထည့်ခြင်း၊ တံမြက်လှည်းခြင်း၊ ပန်းလဲခြင်း စတဲ့ ကျင့်ဝတ်များ ဖြစ်တယ်၊ ဘုရားဆွမ်းတော်စာတော့ စားတယ်၊ ကျင့်ဝတ်တော့ မလုပ်ချင်ကြဘူးဆိုလျှင် လောကစကားအရ ကြွေးတင်နေတာပေါ့ကွယ်၊ ကြွေးကလည်း ဘုရားကြွေး ဆိုတော့ မကောင်းဘူး၊ ဒါကြောင့် ဆွမ်းတော်စာကို စားကောင်းပါတယ်၊ စားပြီးလျှင် ဝတ်ကျေအောင် လုပ်ပါလို့ အဖြေပေးလိုက်ပါတယ်ကွယ်"

သာဓု ... သာဓု ... သာဓု

* * *

"ဆွမ်းတော်စာပြဿနာတော့ ပြေလောက်ပါပြီ၊ နတ်တင်ပြီး ဘောဇဉ် စားကောင်း,မစားကောင်း ဆိုတာလည်း မိန့်တော်မူပါဦးဘုရား"

"ရှေးက ယဇ်ပူဇော်တယ်ဆိုတာ ကြားဖူးပါလိမ့်မယ်"

"မှန်ပါ၊ ကြားဖူးကြောင်းပါဘုရား"

"ယဇ်ပူဇော်တယ်ဆိုတာဟာ မြန်မာများ ဘုရားအမှူးရှိတဲ့ သံဃာများကို ဆွမ်းကျွေး လှူဒါန်းတာနှင့် အတူတူပါပဲကွယ်"

မြန်မာများဟာ မိမိတို့ တတ်နိုင်သလောက် ချက်ပြုတ် ကျော်လှော်ပြီး နံနက်အချိန် သံဃာများကို ပင့်ပြီး ဆွမ်းကပ်ကြတယ်၊ ဘုရားကို ဆွမ်းတော်တင် ကြတယ်၊ လာလာသမျှ ပရိသတ်များကိုလည်း ကျွေးမွေးကြတယ်၊ ယဇ်ပူဇော်တဲ့ ပုဂ္ဂိုလ်များလည်း ယခု မြန်မာများနှင့် အတူတူပါပဲ၊ သူတို့ ကိုးကွယ်တဲ့ နတ် ဘုရားကြီးကို ရှေးဦးစွာ တင်သ ပူဇော်တယ်၊ နတ်ဘုရားကြီး ပူဇော်ပြီးတော့ လာလာသမျှတွေကို ကျွေးမွေးတယ်၊ ဒါဟာ ယဇ်ပူဇော်တာပါပဲ၊ ယဇ်လို့ သုံး လိုက်တော့ ဗုဒ္ဓဘာသာနှင့် မပတ်သက်ဘူးလိုလို ထင်သွားတတ်တယ်၊ ယဇ် ဆိုတာ ယဇဆိုတဲ့ ပါဠိပဲ၊ ယဇဆိုတဲ့ ပါဠိက (ပူဇော်ခြင်း)ဆိုတဲ့ အနက်ကို ဟောတယ်၊ ဒါကြောင့် ယဇ်ဆိုတာနှင့် ပူဇော်တာနှင့် အတူတူပါပဲ

ယခုခေတ် နတ်တင်တယ်ဆိုတာလည်း နတ်ပူဇော်ခြင်းပါပဲ၊ နတ်ကို ပူဇော်ပြီးလျှင် နတ်စာတွေလည်း ချပြီး စားကြတာပါပဲ၊ မညစ်ပတ်သော်လည်း ကောင်း, ရောဂါပိုးများ မပါသော်လည်းကောင်း, လောကမှာ အပြစ်မရှိသလို သံသရာမှာလည်း နတ်စာစားလို့ ဘာအပြစ်မျှ မရှိပါဘူး၊ ဥပမာပြရမည်ဆိုလျှင် ကောဇာသက္ကရာဇ် ၇၀၄-ခုနှစ် ပင်းယမြို့မှာ နန်းတက်တဲ့ ငါးစီးရှင်ကျော်စွာဟာ


http://www.dhammadownload.com



မင်းမဖြစ်မီ ညီတော် စစ်ကိုင်းမင်း အသခ်ံယာစောယွန်းကို တိတ်တဆိတ် သွားရောက် လုပ်ကြံရမည်လို့ ကျွန်ယုံ ခေင်ညိုကို စေခိုင်းသတဲ့၊ ခေင်ညိုဟာ စစ်ကိုင်းနန်းတော်တွင်း တိတ်တဆိတ်ဝင်ပြီး ဘုရင်ကို လုပ်ကြံဖို့ ချောင်းတာ ဟာ တစ်ရက်,နှစ်ရက် ကြာသွားသတဲ့၊ ချောင်းလို့ မရဘူး၊ တစ်ရက်,နှစ်ရက် ကြာလာတော့ ဝမ်းဗိုက်က ဆာလာပြီလေ၊ ဒါကြောင့် စစ်ကိုင်းမင်း နတ်တင် ထားတဲ့ ထမင်းနဲ့အမဲကို ယူစားမိသတဲ့၊ စားပြီးတော့ ငါဟာ ယခုပင် စစ်ကိုင်းမင်းရဲ့ ထမင်းကို စားမိသွားပြီ၊ စစ်ကိုင်းမင်းဟာ ငါ့ရဲ့ ထမင်းသခင် ဖြစ်နေပြီ၊ သူ့ကို ငါသတ်ဖို့ မသင့်တော့ဘူး၊ သူ့ကို မသတ်တဲ့အတွက် ငါ့ကို သတ်လိုက သတ်ပါစေလို့ မသတ်ဘဲ ပြန်လာသတဲ့၊ ဒီအကြောင်း ကျောက်စာက သိတော့ အပြစ်မတင်ဘဲ ခေင်ညိုဟာ သူ့ကျေးဇူးကို သိတတ်ပေတယ်လို့ ချီးမြှောက်ခြင်းကိုတောင် ပြုသတဲ့ကွယ်၊ ဒါကြောင့် နတ်စာကို စားတာဟာ ဘာမျှ အပြစ်မရှိကြောင်း မှတ်သင့်တာပေါ့ကွယ်။

သာဓု ... သာဓု ... သာဓု

* * *



http://www.dhammadownload.com



# အရူပပုဂ္ဂိုလ်များ

"ဟောဒီစာက ကလေးဝမြို့နယ်၊ လက်ပံခုံရွာ၊ ဦးဘအုန်း မေးလျှောက်တဲ့စာ ဖြစ်ပါတယ်ဘုရား"

"အင်း... ဦးဘအုန်းရဲ့အမေးက ဘာတဲ့တုန်း"

ဦးဘအုန်းက–

(၁) အရူပဘုံစံ အရိယာများသည် ခန္ဓာ မစုံပါဘဲလျက် နိဗ္ဗာန်ကို ဘယ်လို ရှုပါသနည်း။

(၂) အရူပပုဂ္ဂိုလ်များသည် ရုပ်တရား လုံးဝ မရှိတာလား (သို့မဟုတ်) ရုပ်ကို အာရုံမပြုတာလား။

(၃) အရူပပုဂ္ဂိုလ်များ၌ ရုပ်တရား လုံးဝမရှိသော် နာမ်တရား မည်သို့ တည်နေပါသနည်း။

(၄) အရူပဘုံ၌ (မဂ်သောတာဖျောက်၊ တိဟိတ်လျှောက်၊ ရှစ်ယောက် အရူပါ)ဆိုသည့်အတိုင်း၊ သောတာပတ္တိမဂ်ကြဉ်သော အရိယာ ပုဂ္ဂိုလ် ၇–ယောက်နှင့် တိဟိတ် ပုထုဇဉ်တစ်ယောက်အားဖြင့် ပုဂ္ဂိုလ်ရှစ်ယောက် ရပါသည်၊ ထိုရှစ်ယောက်တွင် အရိယာပုဂ္ဂိုလ်ကြီးများ ပါလျက်နှင့် အဘယ့်ကြောင့် (ရုပ်ပြစ်–ရုပ်ပျက်) ရှစ်ပါး၌ သွင်းထားရပါသနည်း။

(၅) သက္ကာယဒိဋ္ဌိကို အကျယ် ဝေဖန်ပေးပါ။

(၆) ဝိပဿနာတရားကို အနာဂါမ်မှ လုပ်နိုင်သည်၊ ပုထုဇဉ် မလုပ်နိုင်ဟု အချို့က ပြောကြပါသည်၊ ထိုစကား မှန်, မမှန် ရှင်းလင်းပေးတော်မူပါ ဘုရား... တဲ့။

http://www.dhammadownload.com



ဒီအမေး ၆–ပုဒ်ဟာ ဦးဘအုန်းရဲ့ မေးခွန်းများ ဖြစ်ကြပါတယ်၊ အဖြေကို ရှင်းလင်းပေးတော်မူပါဘုရား"

**"ဦးဘအုန်းရဲ့ အမေး ၁–က အရူပအရိယာများဟာ ခန္ဓာ မစုံပါဘဲနှင့် နိဗ္ဗာန်ကို ဘယ်လို ရှုမလဲတဲ့ ဟုတ်တယ် မဟုတ်လား"**

"ဟုတ်မှန်ကြောင်းပါဘုရား"

"အရူပဘုံမှာ– ရုပ်မရှိဘူး၊ နာမ်ခန္ဓာလေးပါးသာ ရှိတယ်၊ ဒါကြောင့် ခန္ဓာ မစုံဘူးလို့ သုံးလိုက်တာပေါ့၊ ရှုတယ်၊ စိတ်ကူးတယ်၊ ကြံတယ်၊ အာရုံပြုတယ် ဆိုတာဟာ စကားကွဲသော်လည်း အဓိပ္ပာယ်ချင်းကတော့ အတူတူပဲပေါ့၊ ရှုနေတာပဲဖြစ်ဖြစ် အာရုံပြုနေတာပဲဖြစ်ဖြစ် ရုပ်က မရှုတတ်ပါဘူး၊ နာမ်ကသာ ရှုတတ်တာပါ၊ ဒါကြောင့် ရုပ်မပါသော်လည်း နာမ်ချည်းလည်း အာရုံပြုနိုင်တယ်၊ အရူပအရိယာများဟာ သောတာပတ္တိမဂ်မှတစ်ပါး လောကုတ္တရာစိတ် ရရှိပြီးသား ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ နိဗ္ဗာန်ကို ရှုတယ်၊ နိဗ္ဗာန်ကို ကြံတယ်၊ နိဗ္ဗာန်ကို အာရုံပြုတယ်ဆိုတာ လောကုတ္တရာစိတ်ကသာ ကောန် အာရုံပြုနိုင်တယ်၊ အရူပဘုံက အရိယာ ၇–ယောက်တို့ဟာ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်က ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို ရှုတယ်၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်က သကဒါဂါမိမဂ်စိတ်ဖြင့် နိဗ္ဗာန်ကို ရှုတယ်၊ ထို့အတူ သကဒါဂါမိဖိုလ်, အနာဂါမိမဂ် အနာဂါမိဖိုလ်, အရဟတ္တမဂ် အရဟတ္တဖိုလ်ပုဂ္ဂိုလ်များလည်း မိမိတို့ ရပြီးတဲ့ မဂ်စိတ် ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို ရှုကြပါတယ်၊ ဒီအကြောင်းကို အဘိဓမ္မတ္ထသင်္ဂဟကျမ်း ပကိဏ္ဏကသင်္ဂဟမှာ (အဋ္ဌ နိဗ္ဗာနဂေါစရေ)လို့ ပြထားပါတယ်၊ အနက်ကတော့ **အဋ္ဌ**–ရှစ်ပါးကုန်သော လောကုတ္တရာစိတ်တို့သည်၊ **နိဗ္ဗာနဂေါစရေ**– နိဗ္ဗာန်အာရုံ၌ **ယောန္တိ**–ဖြစ်ကုန်၏တဲ့။

ဒါကြောင့် လောကုတ္တရာစိတ် ရပြီးသော ပုဂ္ဂိုလ်များအတွက် လောကုတ္တရာစိတ်ဖြင့်ပင် နိဗ္ဗာန်ကို ရှုပါတယ်လို့ ဖြေဆိုလိုက်ပါတယ်"

## အရူပ၌ ရုပ်တရား ရှိ–မရှိ

**"ဦးဘအုန်းရဲ့ အမေး(၂)က အရူပပုဂ္ဂိုလ်များဟာ ရုပ် လုံးဝမရှိတာလား၊ ရုပ်ရှိပါလျက်နှင့် အာရုံ မပြုတာလားတဲ့"**

http://www.dhammadownload.com



အဘိဓမ္မတ္ထသင်္ဂဟာကျမ်း၊ ရူပပဝတ္တိက္ကမ သင်္ဂဟမှာ-

**အဋ္ဌဝီသတိ ကာမေသု၊ ဟောန္တိ တေဝီသ ရူပိသု၊**

**သတ္တရသေဝ သညီနံ၊ အရူပေ နတ္ထိ ကိဉ္စိပိ။**

ဆိုတဲ့ ဂါထာလာရှိတယ်၊ ဂါထာရဲ့အနက်ကတော့-

**ကာမေသု**- ကာမဘုံတို့၌၊ **အဋ္ဌဝီသတိ**- ၂၈- ပါးသော ရုပ်တို့သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏၊ **ရူပိသု**- အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌၊ **တေဝီသ**- ၂၃-ပါးကုန်သော ရုပ်တို့သည်၊ **ဟောန္တိ**- ဖြစ်ကုန်၏၊ **အသညီနံ**- အသညသတ် ဗြဟ္မာတို့၏၊ **သန္တာနေ**- သန္တာန်၌၊ **သတ္တရသေဝ**- ၁၇-ပါးသော ရုပ်တို့သည်သာလျှင်၊ **ဟောန္တိ**- ဖြစ်ကုန်၏၊ **အရူပေ**- အရူပ ၄-ဘုံ၌၊ **ကိဉ္စိပိ**- ဘယ်ရုပ်တစ်ခုမျှလည်း၊ **နတ္ထိ**- မရှိ။

အရူပပုဂ္ဂိုလ်များဟာ ရုပ်အပေါ် အပြစ်မြင်ပြီး ရုပ်တရား ပျောက်အောင် အားထုတ်လာခဲ့ကြတဲ့အတွက် အရူပဘုံမှာ ရုပ် ၂၈-ပါးလုံး မရှိပါဘူး၊ ရုပ်ရှိပါလျက်နှင့် အာရုံမပြုတာ မဟုတ်၊ ရုပ် လုံးဝမရှိဘူးဆိုတာ မှတ်ယူစေချင်တယ်။

"ဦးဘအုန်းရဲ့ **အမှတ်(၃)အမေးက- အရူပ ပုဂ္ဂိုလ်မှာ ရုပ်မရှိခဲ့လျှင် နာမ်တရား ဘယ်လို တည်နေပါသလဲတဲ့"**

နာမ်တရားတို့ တည်ရာဌာနကို ပါဠိလို- ဝတ္ထုလို့ခေါ်တယ်၊ အဲဒီဝတ္ထုဟာ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှာဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုလို့ ၆-ပါး ရှိတယ်၊ ကာမ ၁၁-ဘုံသားများဟာ ဒီ ဝတ္ထု ၆-ပါးလုံး ရသင့်သလောက် ရတယ်၊ အသညသတ် ကြဉ်တဲ့ ရူပ ၁၅-ဘုံသားများမှာ ဃာနဝတ္ထု, ဇိဝှာ ဝတ္ထု, ကာယဝတ္ထု မရှိဘူး၊ ကျန်တဲ့ ဝတ္ထု ၃-ပါးသာ ရှိသတဲ့၊ ဒီနေရာမှာ သတိပြုစရာက ရူပဗြဟ္မာများမှာ ဃာန, ဇိဝှာ, ကာယ မရှိဘူးဆိုတော့ ဗြဟ္မာမှာ နှာခေါင်းမရှိ၊ လျှာမရှိ၊ ကိုယ်မရှိလို့ အဓိပ္ပာယ်ပေါက်သွားတတ်တယ်၊ အမှန်မှာ ရူပဗြဟ္မာများမှာ နှာခေါင်းလည်း ရှိတယ်၊ လျှာလည်း ရှိတယ်၊ ကိုယ်လည်း ရှိတယ်၊ သို့သော်လည်း ၎င်း နှာခေါင်း, လျှာ, ကိုယ်များမှာ စိတ်၏တည်ရာ ပသာဒရုပ်သာ မရှိခြင်းဖြစ်တယ်၊ အရူပလေးဘုံမှာတော့ ရုပ်တရား လုံးဝမရှိ၊ စိတ်နှင့် စေတသိက်အစဉ်သာ ရှိတယ်လို့ မှတ်သင့်တယ်ကွယ့်"

http://www.dhammadownload.com



အရူပလေးဘုံမှာတော့ ဝတ္ထုရုပ်တစ်ခုမှ မရှိဘူးတဲ့၊ အဲဒီ ဝတ္ထုရုပ်တွေမှာ ဘယ်စိတ်တွေ တည်သလဲ၊ ဝတ္ထုရုပ် လုံးဝမရှိဘဲ အရူပဘုံမှာ ဘယ်စိတ်တွေ တည်သလဲဆိုတာကို ဟောဒီလို မှတ်ရမယ်။

စက္ခုဝိညာဉ်ဒွေးဟာ – စက္ခုဝတ္ထုကို မှီတယ်၊
သောတဝိညာဉ်ဒွေးက – သောသဝတ္ထုကို မှီတယ်၊
ဃာနဝိညာဉ်ဒွေးက – ဃာနဝတ္ထုကို မှီတယ်၊
ဇိဝှာဝိညာဉ်ဒွေးက – ဇိဝှာဝတ္ထုကို မှီတယ်၊
ကာယဝိညာဉ်ဒွေးက – ကာယဝတ္ထုကို မှီတယ်၊

ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ သမ္ပဋိစ္ဆိုင်းဒွေးလို့ခေါ်တဲ့ မနောဓာတ်က ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်တယ်၊ မနောဝိညာဏဓာတ်လို့ ခေါ်တဲ့ သန္တီရဏစိတ် ၃–ခု၊ မဟာဝိပါက်စိတ် ၈–ခု၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်စိတ်၊ ဟသိတုပ္ပါဒ်စိတ်၊ ရူပစိတ် ၁၅–ခု၊ ဒီ စိတ်ပေါင်း ၃၀–တို့က ဟဒယဝတ္ထုကို အမြဲမှီ၍သာ ဖြစ်ကြတယ်။

အခုပြောခဲ့တဲ့ စိတ်ပေါင်း ၄၃–ခု ရှိတယ်၊ ဒီ စိတ်ပေါင်း ၄၃–ခုတို့ဟာ ကာမဘုံနှင့် ရူပဘုံတို့မှာသာ ဆိုင်ရာဝတ္ထုရုပ်ကို အမြဲမှီတဲ့ စိတ်များဖြစ်ကြတယ်၊ ဒီစိတ် ၄၃–ခုမှ ကြွင်းတဲ့စိတ်များကတော့ ကာမဘုံ, ရူပဘုံမှာလည်း ဖြစ်တယ်၊ ကာမဘုံ, ရူပဘုံမှာဖြစ်လျှင် ဝတ္ထုရုပ်ကို မှီပြီးမှ ဖြစ်တယ်၊ အရူပဘုံသား ဗြဟ္မာတွေမှာလည်း ဖြစ်တယ်၊ အရူပဘုံမှာ ဖြစ်ခဲ့လျှင် ဝတ္ထုရုပ်ကို မမှီဘဲဖြစ်တယ်၊ အရူပ ဝိပါက်စိတ် ၄–ခုကတော့ အရူပဗြဟ္မာများမှာသာ ဖြစ်တယ်၊ ကျန်တဲ့ ပုဂ္ဂိုလ်များမှာ မဖြစ်ဘူး၊ ဒါကြောင့် အရူပ ဝိပါက်စိတ် ၄–ခုတို့က ဝတ္ထုရုပ်ကို လုံးဝ မမှီဘဲဖြစ်တယ်၊ ဒါကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ **"အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေဝါတိ"** လို့ ပြထားတယ်၊ ဒီစကားရပ်များကို စုပေါင်းကြည့်ခဲ့လျှင် ဝတ္ထုရုပ်ကို ကေန် မှီသောစိတ်ပေါင်း ၄၃–ပါး၊ ကာမဘုံ၊ ရူပဘုံတို့၌ဖြစ်ခိုက် ဝတ္ထုရုပ်ကို ကေန် မှီ၍ အရူပဘုံ၌ဖြစ်ခိုက် ဝတ္ထုရုပ်ကို မမှီသော စိတ်ပေါင်း ၄၂–ပါး၊ အရူပဘုံ၌သာ ဖြစ်၍ ဝတ္ထုရုပ် လုံးဝ မမှီသော အရူပဝိပါက်စိတ် ၄–ပါး= ပေါင်း ၈၉–ပါးသော စိတ်များကို မြင်တွေ့ရမှာ ဖြစ်တယ်။

http://www.dhammadownload.com



ဒါကြောင့် အရူပဘုံမှာ ဝတ္ထုရုပ်များ လုံးဝမရှိတဲ့အတွက် အရူပဗြဟ္မာတို့ရဲ့ နာမ်တရားဟာ မှီရာမရှိဘဲ ဖြစ်တယ်လို့ မှတ်ယူစေချင်တယ်။

သာဓု… သာဓု… သာဓု…

## အရူပဘုံနှင့်ရပ်ပြစ်

**"အရူပဘုံမှာ အရိယာပုဂ္ဂိုလ်များ ရှိပါလျက် ဘာကြောင့် ရပ်ပြစ်အတွင်း ထည့်သွင်းထားပါသလဲတဲ့၊** ဒါက ဦးဘအုန်းရဲ့ အမှတ် (၄) စတုတ္ထအမေးပေါ့"

အက္ခဏဆိုတဲ့ ပါဠိကို အရပ်ပြစ်လို့ ဘာသာပြန်ကြတယ်၊ အရပ်ပြစ်လို့ ပစောက် ရရစ် စသတ်နှင့် ရေးကြတယ်၊ အဲဒီပြစ်ဆိုတာ ဘယ်အနက်ကိုဟောသလဲ ပြစ်ဒဏ်၊ ပြစ်မှားခြင်း၊ ပြေပြစ်ခြင်း၊ ပြစ်ပြစ်သွေးခြင်းဆိုတဲ့ အနက်တွေကို ဟောတယ်၊ ဒါကြောင့် အရပ်ပြစ်ဆိုလျှင် ဒဏ်သင့်သောအရပ် ပြစ်မှားသောအရပ်၊ ပြေပြစ်သောအရပ် စသည်တို့ကို ဟောလိမ့်မယ်၊ အဲဒီလို ဟောခဲ့လျှင် (အက္ခဏ)ပုဒ်နှင့် မကိုက်ညီဘူး၊ အက္ခဏဆိုတာ (အ-ခဏ) ပုဒ်ပါပဲ၊ အ- ဆိုတာက တားမြစ်ခြင်း ပဋိသေဓအနက်ဟော "န"အက္ခရာက "အ"ဖြစ်လာတာ အမှန်ပါပဲ၊ ခဏ-ဆိုတာကကော ဘယ်အနက်ကို ဟောသလဲဆိုလျှင် (၁) အခွင့် (၂) လက်ဖျစ်ဆယ်တွက်ခဏ (၃) ဥပါဒ်၊ ဌီ၊ ဘင်ဆိုတဲ့ ခဏ၊ ဒီအနက် ၃-မျိုးကို ဟောတယ်၊ ခဏပုဒ်နှင့် အ-ကိုဆက်ပြီး တွေးကြည့်ပါ၊ (၁) အခွင့်မဟုတ် (၂) တစ်ခဏမဟုတ် (၃) ခဏငယ်သုံးချက်မဟုတ်လို့ အဓိပ္ပာယ် ပေါ်ခဲ့ပါတယ်၊ အဲဒီအနက် သုံးပါးထဲက နှစ်နှင့်သုံး အနက်က ရပ်ပြစ်ရှစ်ပါးနှင့် မသက်ဆိုင်ဘူး၊ သက်ဆိုင်တာက (၁)အနက် အခွင့် မဟုတ်ဆိုတာပဲ ဖြစ်တယ်၊ ဘယ်လို အခွင့် မဟုတ်တာလဲဆိုလျှင် တရားတော်ကို နာယူဖို့ အခွင့်မရတဲ့အရပ်၊ အခွင့်မပေးတဲ့အရပ်လို့ ဆိုလိုတယ်၊ ဒီအက္ခဏရဲ့အဓိပ္ပာယ်ကို ပါထိကဝဂ် ပါဠိတော် ၂၄၈-မှာ…

**"အဋ္ဌ အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ"**

လို့ ဖွင့်ပြထားတယ်၊ **ဗြဟ္မစရိယဝါသာယ**- မြတ်သော အကျင့်ကို ကျင့်၍နေခြင်းငှာ၊ **အက္ခဏာ**- အခွင့်မရကုန်သော အရပ်တို့သည်၊ **အသမယာ**-

http://www.dhammadownload.com



အခါမဟုတ်သော အရပ်တို့သည်၊ **အဋ္ဌ**– ရှစ်ပါးတို့တည်းတဲ့၊ အဲဒီ ရပ်ပြစ်ရှစ်ပါးကို ပစ်ပယ်အပ်သော အရပ်ဖြစ်လို့၊ ရရစ်မပါဘဲ ရပ်ပစ်လို့လည်း ရေးတယ်၊ ပျက်စီးတဲ့ အရပ်ဖြစ်လို့ ရပ်ပျက်လို့လည်း ရေးတယ်၊ အမှန်ကတော့ မြန်မာသတ်ပုံမှာ ဘယ်လိုပင်ရေးရေး– ပါဠိလိုတော့ အက္ခဏခေါ်ကြောင်း မှတ်ထားသင့်တယ်၊ အဲဒီ ရပ်ပြစ်ရှစ်ပါးကလည်း ဇိနာလင်္ကာရမှု၊ သုတ်ပါထိက မှုလို့ နှစ်မှုရှိတယ်၊ ဇိနာလင်္ကာရဋီကာ ရပ်ပြစ်ရှစ်ပါးက–

(၁) **ပစ္စန္တဇော** = မဇ္ဈိမတိုက်မှာ ဘုရားရှင် ပွင့်တော်မူခိုက် ပစ္စန္တရစ်အရပ်မှာ ဖြစ်တဲ့လူ၊

(၂) **အရူပီနော** = အရူပလေးဘုံ၊

(၃) **ဝိဂတလိင်္ဂေါ** = ပဋိသန္ဓေအခါက အင်္ဂါချို့တဲ့ခြင်း၊

(၄) **အသညဇော** = ရုပ်သာရှိ၊ နာမ်မရှိသော အသညသတ်ဘုံ၌ ဖြစ်ခြင်း၊

(၅) **မိစ္ဆာဒိဋ္ဌိ** = နိယတ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၊

(၆) **ပေတော** = ပြိတ္တာဘုံ၌ဖြစ်ခြင်း၊

(၇) **တိရစ္ဆာနော** = တိရစ္ဆာန်ဘုံ၌ဖြစ်ခြင်း၊

(၈) **နေရယိကော** = ငရဲဘုံ၌ဖြစ်ခြင်း၊

ဒါက ဇိနာလင်္ကာရဋီကာကလာတဲ့ ရပ်ပြစ် ၈–ပါးဖြစ်တယ်၊ သုတ်ပါထိက ပါဠိတော်–၂၃၈ အဋ္ဌကထာ ၂၄၆–တို့ကလာတဲ့ အက္ခဏရှစ်မျိုးကတော့ (၁) ငရဲဘုံ၌ ဖြစ်သောသူ၊ (၂) တိရစ္ဆာန်ဘုံ၌ ဖြစ်သောသူ၊ (၃) ပြိတ္တာဘုံ၌ ဖြစ်သောသူ၊ (၄) အသညသတ်၊ အရူပဘုံတို့၌ ဖြစ်သောသူ၊ (၅) မဇ္ဈိမတိုက်၌ ဘုရားပွင့်စဉ် ဟိတ်ချို့တဲ့သူ၊ (၆) ဘုရားပွင့်စဉ် လူဖြစ်သော်လည်း မိစ္ဆာဒိဋ္ဌိဖြစ်သူ၊ (၇) သာသနာ ကင်းပရာ ပစ္စန္တရစ်အရပ်၌ ဖြစ်သူ၊ (၈) ဗုဒ္ဓသုညအခါ မဇ္ဈိမတိုက်မှာဖြစ်သူ– ဒီရှစ်ပါးက သုတ်ပါထိက ပါဠိတော်က လာတဲ့မှု ဖြစ်ပါတယ်။

အက္ခဏဆိုတာ တရားနာယူခွင့်မရတဲ့အရပ်၊ တရားနာယူခွင့် မရတဲ့ အတွက် တရားကျင့်ကြံခွင့် မရတဲ့အရပ်ကို အက္ခဏရပ်လို့ခေါ်တယ်။

အရူပဘုံမှာ အရိယာများ ရှိသော်လည်း အဲဒီ ဗြဟ္မာများဟာ မိမိတို့ အသိနှင့် မိမိတို့ ရှေ့သို့ ဆက်လက် ကျင့်ကြံ သွားနိုင်ခွင့်မျှသာ ရှိတယ်၊

http://www.dhammadownload.com



တရားတော်ကို ထပ်မံ နာယူခွင့် နာယူရတဲ့တရားတော်အတိုင်း ကျင့်ကြံခွင့်ကတော့ လုံးဝ မရှိတော့ဘူး၊ ပုထုဇဉ် ဗြဟ္မာမှာတော့ သောတပသာဒရုပ် ကင်းတဲ့အတွက် ဒီဘဝမှာ တရားနာယူခွင့်၊ ကျင့်ခွင့် လုံးဝ မရတော့တဲ့ အတွက် သောတာပန်ဖြစ်ဖို့ အခွင့်ပါ ပိတ်သွားတယ်၊ ဒါကြောင့် အရူပဗြဟ္မာကို အက္ခဏအတွင်း ထည့်သွင်းရခြင်းဖြစ်တယ်လို့ မှတ်စေချင်တယ်ကွယ့်။

## သက္ကာယဒိဋ္ဌိ

ဦးဘအုန်းရဲ့ အမေးနံပါတ် (၅)က-"**သက္ကာယဒိဋ္ဌိကို အကျယ်ဝေဖန်ပေးပါတဲ့ ဟုတ်လား**"

"ဟုတ်မှန်ကြောင်းပါဘုရား"

"လွန်ခဲ့တဲ့ ၁၃၃၂-ခုနှစ်က သက္ကာယဒိဋ္ဌိဟူသည်ဆိုတဲ့ အမည်နှင့် သက္ကာယဒိဋ္ဌိအကျယ်ကို ဘုန်းကြီး စာအုပ်ထုတ်ဝေခဲ့ဖူးတယ်၊ နှစ်ပေါင်း နှစ်ဆယ်ကျော် သွားပြီပေါ့ကွယ်၊ အဲဒီစာအုပ်မှာ အကျယ်ကို ဖတ်ပါလို့ တိုက်တွန်းပါတယ်၊ ဒီနေရာမှာတော့ ခပ်ကျဉ်းကျဉ်းသာ ရေးကြစို့ရဲ့"

"ကောင်းပါပြီဘုရား"

"ခန္ဓဝဂ္ဂသံယုတ် အန္တဝဂ်ကလာတဲ့၊ အန္တသုတ်ဆိုတာရှိတယ်၊ အဲဒီ အန္တသုတ်ဟာ သက္ကာယဒိဋ္ဌိနှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မိန့်ထားတဲ့ အတွက် အဲဒီသုတ်ကိုပင် မြန်မာပြန်ပြီး အဖြေရေးကြစို့"

"တင်ပါ့ဘုရား"

"သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံး နေထိုင်စဉ်အခါက ဘုရားရှင်ဟာ ရဟန်းများကို ခေါ်တော်မူပြီး-

"ရဟန်းတို့... **အဖို့အစုတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူကား-**

(၁) သက္ကာယအဖို့အစု၊

(၂) သက္ကာယဖြစ်ကြောင်းအဖို့အစု၊

(၃) သက္ကာယချုပ်ရာအဖို့အစု၊

(၄) သက္ကာယချုပ်ရာသို့ရောက်ကြောင်းအကျင့် အဖို့အစုတို့တည်း။

http://www.dhammadownload.com



"ရဟန်းတို့… **သက္ကာယ အဖို့အစုဟူသည် အဘယ်နည်း"**

ဥပါဒါနက္ခန္ဓာငါးပါးတို့ ဖြစ်ကုန်၏၊ အဘယ် ငါးပါးတို့နည်း။

(၁) ရုပ်ဟူသော ဥပဒါနက္ခန္ဓာ၊

(၂) ဝေဒနာဟူသော ဥပဒါနက္ခန္ဓာ၊

(၃) သညာဟူသော ဥပဒါနက္ခန္ဓာ၊

(၄) သင်္ခါရတို့ဟူသော ဥပဒါနက္ခန္ဓာ၊

(၅) ဝိညာဉ်ဟူသော ဥပဒါနက္ခန္ဓာ တို့တည်း။

ရဟန်းတို့… ဤသည်ကို သက္ကာယအဖို့အစုဟု ဆိုအပ်၏။

"ရဟန်းတို့… **သက္ကာယဖြစ်ကြောင်း အဖို့အစုဟူသည် အဘယ်နည်း"**

"ရဟန်းတို့… ကာမ၌ တပ်မက်မှု၊ ဘဝ၌ တပ်မက်မှု၊ ဘဝပြတ်ခြင်း၌ တပ်မက်မှုဟူသော တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်သော တပ်နှစ်သက်မှုနှင့်တကွ ဖြစ်သော ထိုထိုအာရုံ ထိုထိုဘဝတို့၌ နှစ်သက်တတ်သော တဏှာတည်း။

ရဟန်းတို့… ဤတဏှာကို သက္ကာယဖြစ်ပေါ်ကြောင်း အဖို့အစုဟု ဆိုအပ်၏"

"ရဟန်းတို့… **သက္ကာယ ချုပ်ရာ အဖို့အစုဟူသည် အဘယ်နည်း၊"**

"ရဟန်းတို့… ထိုတဏှာသာလျှင် အကြွင်းမရှိ ကင်းပြတ်ချုပ်ငြိမ်းမှု၊ စွန့်မှု၊ မကပ်ငြိမှု၊ လွတ်မြောက်မှု၊ မတွယ်တာမှုတည်း"

"ရဟန်းတို့… **သက္ကာယ ချုပ်ရာသို့ ရောက်ကြောင်း အဖို့အစုဟူသည် အဘယ်နည်း"**

"ရဟန်းတို့… (၁) မှန်ကန်သောမြင်မှု၊ (၂) မှန်ကန်သောကြံမှု၊ (၃) မှန်ကန်သောပြောဆိုမှု၊ (၄) မှန်ကန်သောပြုမှု၊ (၅) မှန်ကန်သော အသက်မွေးမှု၊(၆) မှန်ကန်သောအားထုတ်မှု၊ (၇) မှန်ကန်သောအောက်မေ့မှု၊ (၈) မှန်ကန်သောတည်ကြည်မှုဟူသော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်တည်း"

ရဟန်းတို့… ဤသည်ကို သက္ကာယချုပ်ရာသို့ ရောက်ကြောင်း အကျင့်အဖို့အစုဟု ဆိုအပ်၏။

ရဟန်းတို့… ဤသည်လျှင် အဖို့အစု လေးမျိုးတို့တည်းတဲ့။

ဒီနေရာမှာ သက္ကာယအမေးအဖြေကို တဲ့နားပြီး ဦးဘအုန်းရဲ့ အမေး (၆)ကို ဆက်လက် ဖြေဆိုကြစို့ရဲ့–

http://www.dhammadownload.com



"မှန်ပါ ဖြေတော်မူပါဘုရား"

"ဦးဘအုန်းရဲ့ **အမေး (၆)က ဝိပဿနာတရားကို အနာဂါမ်မှ လုပ်နိုင်တယ်၊ ပုထုဇဉ် မလုပ်နိုင်ဘူးဆိုတာ ဟုတ်မှန်ပါသလား** တဲ့။

ဒီအမေးက မဂ်လေးပါး ပယ်စဉ်ကို ရည်ရွယ်ပြီး မေးတာနှင့်တူတယ်"

"ဘယ်လို တူပါသလဲဘုရား"

သောတာပန်ပုဂ္ဂိုလ်ဟာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဒိဋ္ဌိသံယောဇဉ် ၃-ပါးနှင့် အပါယ်ကို လားစေနိုင်တဲ့ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ် ပေါင်း သံယောဇဉ် ၅-ပါးကိုသာ ပယ်နိုင်တယ်၊ အပါယ်ကို လားစေနိုင်တဲ့ ရုန့်ရင်းတဲ့ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်တို့ကို သကဒါဂါမိမဂ်က ပယ်တယ်။

သောတာပန်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်မှာ- သိမ်မွေ့တဲ့ ကာမရာဂ သံယောဇဉ်၊ ပဋိဃသံယောဇဉ်က ရှိနေသေးတော့ သားနှင့်မယားနှင့် ပျော်မွေ့ နေနိုင်သေးတာပေါ့၊ သောတာပန်နှင့် သကဒါဂါမ်ဟာ သားမယားနှင့် နေနိုင် သေးတဲ့အတွက် ဝိပဿနာတရား အားမထုတ်ရသေးဘူးလို့ ယူဆဟန်တူ တယ်၊ အနာဂါမ်ပုဂ္ဂိုလ်ကျတော့ သိမ်မွေ့တဲ့ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယော ဇဉ်တို့ လုံးဝ မရှိတော့ဘူး၊ ဒီတော့ သားမယားနှင့်နေလို့ မဖြစ်တော့ဘူးလေ။

ဒါကြောင့် အနာဂါမ်မှ ဝိပဿနာအလုပ် လုပ်နိုင်တယ်လို့ ယူဆ မေးမြန်းထားဟန်တူပါတယ်၊ အမှန်ကတော့ ဝိပဿနာဆိုတာ မိမိသန္တာန်မှာ ရှိတဲ့ ရုပ်တရားနှင့် နာမ်တရားဟာ **အနိစ္စ**- မမြဲဘူး၊ **ဒုက္ခ**- ဆင်းရဲတယ်၊ **အနတ္တ**- အနှစ်သာရ မရှိဘူးဆိုတာကို ထင်မြင်အောင် ရှုတာပါ၊ ဝိပဿနာ ရှုဆင်ခြင် ပွားများတဲ့အတွက် သောတာပန်၊ သကဒါဂါမ်ဆိုတာ ဖြစ်ပွား လာခြင်းဖြစ်တယ်၊ အနာဂါမ်ဖြစ်မှ ဝိပဿနာရှုရမယ်လို့ ကြားလဲ မကြားဖူးဘူး၊ ဟုတ်လဲ မဟုတ်မှန်ပါဘူး၊ ပုထုဇဉ်သော သောတာပန်သော ရွေးချယ်ဖို့မလို၊ မည်သူမဆို ဝိပဿနာ ရှုနိုင်ကြောင်း ဖြေဆိုလိုက်ပါတယ်ကွယ်"

သာဓု ... သာဓု ... သာဓု

***

http://www.dhammadownload.com




# ဒေါ်ဝင်းကြည်၏ မေးခွန်းသုံးချက်

“ဟောဒီစာက ကောလင်းမြို့၊ အောင်သပြေရပ်ကွက်၊ ဆရာမ ဒေါ်ဝင်းကြည်ရဲ့ အမေးပါဘုရား။”

“ဆရာမ ဒေါ်ဝင်းကြည်ရဲ့အမေးကို ဖတ်စမ်းပါဦး”

(၁) တပည့်တော်မအိမ်၌ ဝက်မွေးမြူခြင်း မရှိပါ၊ သို့သော် အခြားမှ ဝက်များ စားလိုက စားနိုင်ရန် စားကြွင်းများကို အိုးဖြင့် ထည့်ထားပါသည်၊ ထိုအိုးကို ဝက်မွေးမြူသူများကလည်း လာရောက်ယူ၍ ဝက်များကို ကျွေးတတ်ကြပါသည်၊ ဝက်များကလည်း လာရောက် စားတတ်ကြပါသည်၊ စားသောဝက်များသည် အသားထွက် ဝက်များဖြစ်၍ တပည့်တော်မ၏အလှူသည် ဝက်ကို အသားတိုးအောင် အားပေးခြင်း ဖြစ်နေ, မဖြစ်နေ သိလိုပါသည် ဘုရား။

(၂) တပည့်တော်မ၏အသိတွင် ဝေဿဝဏ်နတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ မြောက်ဘက် ကုမ္ဘဏ်နတ်များကို အုပ်စိုးသောနတ်ဟု ထင်နေပါသည်၊ ထိုအထင် မှန်, မမှန်ကိုလည်း သိလိုပါသည် ဘုရား။

(၃) အသူရာများနေထိုင်ရာ အသူရာပြည်သည် တာဝတိံသာနတ်ပြည်နှင့် စာတုမဟာရာဇ်ဘုံ အကြားမှာ တည်ရှိပါသလား၊ (သို့မဟုတ်) မည်သည့်နေရာမှာ ရှိသည်ကို သိချင်ပါသည် ဘုရား။

http://www.dhammadownload.com



ဒီအမေး ၃-ချက်က ကောလင်းမြို့၊ အောင်သပြေရပ်ကွက် ဆရာမ ဒေါ်ဝင်းကြည်ရဲ့ အမေး ၃-ချက် ဖြစ်ပါတယ်ဘုရား။

## ဝက်စာကျွေးခြင်း

"ဆရာမ ဒေါ်ဝင်းကြည်ရဲ့ အမေး ၃-ချက်အနက် ဝက်စာကျွေးတဲ့ **ပထမမေးခွန်း**ကို ဦးစွာ ဖြေဆိုမယ်နော်"

"တင်ပါ့ဘုရား"

"ရဟန်းတော်လောကမှာ ဒကာ,ဒကာမများက ကြည်ညိုပြီး လာရောက်လှူဒါန်းကြအောင်ဆိုတဲ့ လောဘဇောနှင့် ရေချမ်းစင် မတည်ကောင်းဘူး၊ သို့သော် မည်သူဖြစ်စေ ရေငတ်သူများ သောက်သုံးဖို့ဆိုတဲ့ စေတနာနှင့်တော့ ရေချမ်းစင် တည်ကောင်းတယ်၊ ပထမ စေတနာဆိုးနှင့် ရေချမ်းစင်တည်လို့ အပြစ်ဖြစ်တယ်၊ ဒုတိယ စေတနာကောင်းနှင့် ရေချမ်းစင် တည်တဲ့အတွက် အပြစ်မဖြစ်ဘူး၊ အကျိုးရှိတယ်။

ဒီနေရာမှာ ဝတ္ထုကြောင်းလေး ပြောလိုက်ရဦးမယ်။

ဘုရားသခင် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းစံပျော်တော်မူစဉ် ကာလက သာဝတ္ထိပြည်သား ရဟန်းတစ်ပါးဟာ အလွန်ဝတ်နိဗဒ်နှင့် ပြည့်စုံတယ်၊ ခန္ဓကဝဂ်ကလာတဲ့ ၁၄-ပါးသောဝတ်၊ ရှစ်ဆယ်သော ကျင့်ဝတ်တို့နှင့် ပြည့်စုံတယ်၊ ကျောင်းဝင်းအတွင်း နံနက်ပိုင်း တံမြက်လှည်းတယ်၊ စင်္ကြံလမ်း၊ ဇရပ်များကို တံမြက်လှည်းတယ်၊ လမ်းသွား လမ်းလာများ ရေဆာလျှင် သောက်ဖို့ သောက်ရေအိုးတို့ကို အမြဲ တည်ထားတယ်။

ရဟန်းတော်ရဲ့စိတ်ရင်းက ကျင့်ဝတ်ကို အဓိကထားတော့ ကျင့်ဝတ်ကို အကြောင်းပြုပြီး အကျိုးတရားတွေကလည်း တိုးပွားလာသတဲ့၊ ဘယ်လို အကျိုးတရားတွေလဲဆိုတော့ ပစ္စည်းလာဘ်လာဘဆိုတဲ့ အကျိုးတရားတွေပေါ့၊ ဝတ်နိဗဒ်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ရဲ့ထံ ပစ္စည်းလာဘ်လာဘတွေ စုပြုံလာရောက်တတ်ခြင်းဟာ ဓမ္မတာပါပဲ၊ ကိုယ်တော်တစ်ပါးရဲ့ ပစ္စုပ္ပန်ကံကို မှီပြီး ငါးရာသော ရဟန်းတော်အများ ချမ်းချမ်းသာသာ စားသောက်နေထိုင်ကြရသတဲ့။

တစ်ရက်မှာ ဝတ်အကျင့်နှင့်ပြည့်စုံတဲ့ ထိုပုဂ္ဂိုလ်အကြောင်း ပြောဆိုနေကြတာကို ဘုရားရှင် ကြားသိတော်မူတဲ့အတွက်-

http://www.dhammadownload.com



ရဟန်းတို့... ဤရဟန်းဟာ ရှေးအခါက ဗာရာဏသီပြည် ဥဒ္ဒိစ္စပုဏ္ဏား မျိုးမှာ ဖြစ်တယ်၊ အရွယ်ရောက်တော့ ရသေ့ဝတ်ပြီး တပည့်ရသေ့ငါးရာတို့နှင့် ဟိမဝန္တာတောင်ခြေရင်းမှာ နေတယ်၊ တစ်ခုသော နွေရာသီမှာ မိုးက မရွာ, ရေကပြတ်တော့ တောကောင်တိရစ္ဆာန်တွေ ရေမသောက်ကြရှာလို့ အလွန် ပင်ပန်းရှာကြတယ်၊ ဒီအကြောင်းကို ရသေ့ကမြင်တော့ သနားတာကြောင့် သစ်ပင်ကြီးကိုဖြတ်၊ စားကျင်းထွင်းပြီး အဲဒီစားကျင်းထဲ ရေခပ်ထည့်ပေးသတဲ့၊ ရေအလွန်ငတ်နေရှာကြတဲ့ တောကောင်တွေဟာ ပြေးလာကြပြီး စားကျင်းထဲက ရေကို သောက်ကြတာပေါ့၊ စားကျင်းထဲက ရေကုန်သွားလျှင် ရသေ့က ခပ် ထည့်တယ်၊ ရသေ့ဟာ တစ်နေ့လုံး ရေခပ်ထည့်နေရတာနှင့် သူ စားဖို့ သစ်သီးရှာ မသွားရတော့ဘူး၊ အစာ မစားရတော့ အာဟာရပြတ်ပြီး လဲရှာ တော့တာပေါ့၊ ဒီအကြောင်းကို တိရစ္ဆာန်တွေက သိကြတော့ ငါတို့အတွက် ရေခပ်, ရေရှာနှင့် ရသေ့ကြီးဟာ သစ်သီးရှာ မသွားရတော့ဘူး၊ ဒီတစ်ခါ ငါတို့အလှည့်၊ ရသေ့အတွက် သစ်သီးကို ရေသောက်လာကြတဲ့ တိရစ္ဆာန် တိုင်း ယူခဲ့ကြရမယ်လို့ အချင်းချင်း ကတိကဝတ်ပြုပြီး သစ်သီးတွေ ဆောင် ယူခဲ့ကြတာဟာ တစ်နေ့တစ်နေ့ လှည်း ၁၂-စီးတိုက် ပမာဏရှိသတဲ့၊ ရသေ့ ငါးရာတို့ဟာ တခြားမှာ သွားမရှာကြရတော့ဘဲ တိရစ္ဆာန်များ ဆောင်ယူခဲ့ကြ တဲ့ သစ်သီးများနှင့်ပင် မျှစားကြသတဲ့၊ ဒါကြောင့် ဘုရားရှင်က–

**လုံ့လပြုပြီးတော့ လှူဒါန်း စွန့်ကြရမယ်၊ ဒီအလှူဟာ ငါ့မှာ အကျိုးမှ ဖြစ်ပါ့မလားလို့ မငြီးငွေ့ပါနှင့်၊ ယခုစာတ်ကို ကြည့်ပါ၊ ရသေ့သည် မညည်း မညူ ရေကို လှူရသောကြောင့်၊ ယခုအခ ဤပင် အကျိုးကို ခံစားရသည် မဟုတ်ပါလောလို့** ဟောတော်မူတယ်၊ ဒါကြောင့် အောက်တန်းစား တိရစ္ဆာန် ဌ်ပင်ဖြစ်စေ စေတနာထား၍ လှူဒါန်းရခြင်းဟာ စေတနာအားလျော်စွာ အကျိုးကို ခံစားရမည်ဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်။-

သာဓု... သာဓု... သာဓု

## ဝေဿဝဏ်နတ်မင်း

"ဆရာမ ဒေါ်ဝင်းကြည်ရဲ့ **ဒုတိယအမေးက** ဝေဿဝဏ်နတ်မင်းဟာ မြင်းမိုရ်တောင်ရဲ့ မြောက်ဘက် ကုမ္ဘဏ်နတ်များကို အုပ်စိုးနေပါသလားတဲ့"

http://www.dhammadownload.com



"ဝေဿဝဏ်နတ်မင်းဟာ မြင်းမိုရ်တောင်ရဲ့ မြောက်ဘက်မှာ နေတာတော့ မှန်တယ်၊ ကုမ္ဘဏ်နတ်များကို အစိုးရတယ်ဆိုတာတော့ မမှန်ဘူးကွယ့်၊ ဒီအမေးကို ဒီလောက်ဖြေလိုက်လျှင် အဖြေကိစ္စကတော့ ပြီးပါရဲ့၊ အလွန်ကျဉ်းလွန်းနေလို့ မေးသူက ကျေနပ်လိမ့်မယ် မထင်ဘူး၊ ဒါကြောင့် နည်းနည်းလောက် ချဲ့ထွင်ဖြေဆိုရလျှင် မကောင်းဘူးလားကွယ့်"

"အလွန်ကောင်းလှပါတယ်ဘုရား"

"ဒါဖြစ်လျှင် နည်းနည်းလောက် အကျယ်ချဲ့ ကြည့်ကြဦးစို့"

ဝေဿဝဏ်နတ်မင်းဟာ အမည်လေးပါးဖြင့် ထင်ရှားကျော်ကြားတဲ့ နတ်မင်းကြီးဖြစ်တယ်၊ ဝေဿဝဏ်နတ်မင်းရဲ့ အမည်လေးပါးတို့က- (၁) ယက္ခာဓိပ၊ (၂) ဝေဿဝဏ၊ (၃) ကုဝေရ၊ (၄) နရဝါဟန- တို့ ဖြစ်ကြတယ်၊ အဲဒီလေးပါးသောအမည်ဟာ တစ်ခုမျှ ရှဋ္ဌိ မပါဘူး၊ အားလုံး အန္တတ္ထ အမည်တွေချည်း ဖြစ်တယ်။ (မဂအေဘိဓာန်၊ ဂါထာနံပါတ်-၃၂)

**ယက္ခာဓိပ**ဆိုတာက လောကမှာ အလွန်ဆိုးတယ်ဆိုတဲ့ အာဠဝက စသော နတ်များကို အစိုးရတဲ့အတွက် (ယက္ခာဓိပ)လို့ ခေါ်တာတဲ့၊ ဝေဿဝဏ်နတ်မင်းကိုင်တဲ့ လက်နက်ကတော့ ပါဠိလို (ဂဒါ) ခေါ်တဲ့ လှံတစ်မျိုးပဲ၊ ဂဒါဆိုတာ "**ဂံ ဝုစ္စတိ ဝဇိရံ၊ တံ ဝိယ ဒုက္ခံ ဒဒါတီတိ ဂဒါ**"လို့ ဋီကာဖွင့်တဲ့အတိုင်း သိကြားမင်းရဲ့ ဝရဇိန်လက်နက်ကဲ့သို့ ဒုက္ခပေးနိုင်တဲ့ လှံတံလို့ ဆိုလိုတယ်။

ဒီနေရာမှာ ဗဟုသုတအနေနှင့် သဂါထာဝဂ္ဂ (သံယုတ်ပါဠိ၊ ၂၁၆၊ ဋ္ဌ၊ ၂၉၆)တို့ကလာတဲ့ လက်နက်ကြီးလေးပါးဆိုတာ ဖော်ပြဦးမယ်-

(၁) ဝေဿဝဏ်နတ်မင်းရဲ့ သံချောင်းလက်နက်၊

(၂) ယမမင်းရဲ့ မျက်စောင်း လက်နက်၊

(၃) သိကြားမင်းရဲ့ ဝရဇိန်လက်နက်၊

(၄) အာဠဝကဘီလူးရဲ့ ဘွဲ့ဖြူလက်နက်၊

ဒီလက်နက်လေးပါးတို့က ကမ္ဘာပေါ်မှာအကြီးဆုံးသောလက်နက်များ ဖြစ်လို့ လက်နက်ကြီးလေးပါးလို့ ခေါ်ကြရတယ်၊ အဲဒီ လက်နက်ကြီးလေးပါး ရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဝေဿဝဏ်နတ်မင်းလည်း ပါတဲ့အတွက် ဝေဿဝဏ်

http://www.dhammadownload.com



နတ်မင်းကြီးဟာ တန်ခိုးကြီးမားတဲ့ နတ်တစ်ပါးလို့ မှတ်ရမှာပေါ့၊ ဝေဿဝဏ်နတ်မင်းဟာ မြင်းမိုရ်တောင်ရဲ့ မြောက်မျက်နှာအရပ်က အသုရာစတဲ့ ရန်သူများကို စောင့်ရှောက်ရတဲ့နတ်မင်းကြီး ဖြစ်တယ်၊ ဒီနေရာမှာ စာတုမဟာရာဇ် နတ်ဘုံအကြောင်း ပြောလိုက်ရဦးမယ်"

"မိန့်တော်မူပါဘုရား"

"**စာတုမဟာရာဇ်**ဆိုတာ နတ်မင်းကြီးလေးပါးကွယ့်၊ နတ်မင်းကြီးလေးပါးဆိုတာက– ဓတရဋ္ဌ, ဝိရု ဠှက, ဝိရူပက္ခ, ကုဝေရ–တဲ့၊ **ဓတရဋ္ဌနတ်မင်း**က မြင်းမိုရ်တောင်ရဲ့အရှေ့မျက်နှာမှာ အလျားအနံ ယူဇနာ တစ်ထောင်ရှိတဲ့ နတ်မြို့မှာ နေထိုင်ပြီး ဂန္ဓဗ္ဗအမည်ရှိတဲ့ (ကချေသည်နတ်မျိုး)တို့ကို အစိုးရတယ်၊ ဓထရဋ္ဌနတ်မင်းရဲ့ တန်ခိုးအာဏာက အရှေ့မျက်နှာ စကြဝဠာတံတိုင်းထိအောင် ပျံ့နှံ့သတဲ့။

မြင်းမိုရ်တောင်ရဲ့ တောင်ဘက်မျက်နှာကို အစိုးရတဲ့ နတ်မင်းကတော့ **ဝိရူဠှကနတ်မင်း**တဲ့၊ ဝိရူဠှက နတ်မင်းရဲ့ မြို့တော်ကလည်း ယူဇနာတစ်ထောင် အလျားအနံရှိပြီး တန်ခိုးအာဏာကလည်း စကြဝဠာတံတိုင်းအထိ ပျံ့နှံ့သတဲ့၊ ကုမ္ဘဏ်နတ်များကို အစိုးရသတဲ့"

"ကုမ္ဘဏ်နတ်ဆိုတာ ဘယ်လိုနတ်မျိုးပါလဲ ဘုရား"

"ကုမ္ဘဏ္ဍဆိုတာကို သန္ဓိပုဒ် ဖြတ်လိုက်တော့ ကုမ္ဘ–အဏ္ဍလို့ နှစ်ပုဒ်ကွဲလာတယ်၊ ကုမ္ဘဆိုတာက– ရေထည့်တဲ့ အိုးစရည်းကိုခေါ်ပြီး အဏ္ဍဆိုတာက– ဝှေးဥကြီးကို ဟောသတဲ့၊ ဒီ ဘီလူးကြီးတွေဟာ ကိုယ်ကောင် ဘယ်လောက်ကြီးတယ်တော့ မသိဘူး၊ သူ့ရဲ့ ဝှေးဥကြီးဟာ အိုးစရည်းလောက် ရှိသတဲ့၊ ဒါကြောင့် ကုမ္ဘဏ်လို့ ခေါ်တာတဲ့၊ ဝိရူဠှကနတ်မင်းဟာ မြင်းမိုရ်တောင်ရဲ့ တောင်ဘက်မျက်နှာ စကြဝဠာတံတိုင်းအထိ အာဏာတန်ခိုး ပျံ့နှံ့သတဲ့ကွယ့်။

မြင်းမိုရ်တောင်ရဲ့ အနောက်မျက်နှာ ယူဇနာတစ်ထောင်ရှိတဲ့ နတ်မြို့မှာ နေထိုင်တဲ့နတ်ကတော့ **ဝိရူပက္ခနတ်မင်း**တဲ့၊ ဝိရူပက္ခနတ်မင်းဆိုတာ အမှန်ကတော့ တန်ခိုးကြီးတဲ့ နဂါးမင်းပါပဲ၊ ဘာကြောင့်လဲဆိုတော့ ဝိရူပက္ခဆိုတာကို ပုဒ်ဖြတ်လျှင် (ဝိရူပ–အက္ခ)လို့ ဖြစ်လာတယ်၊ ဝိရူပဆိုတာက– ဖောက်ပြန်တာ၊ အက္ခဆိုတာက– မျက်စိ၊ **ဝိရူပက္ခဆိုတာက– ဖောက်ပြန် သောမျက်စိရှိသူ**လို့

http://www.dhammadownload.com



အဓိပ္ပာယ်ရတယ်၊ ဖောက်ပြန်သော မျက်စိဆိုတာ ဒိဋ္ဌိဝိသနဂါးကို ဆိုလိုက်တာပဲ၊ ဒိဋ္ဌိဝိသနဂါးဆိုတာ မျက်စိမှာ အဆိပ်ပါတယ်၊ စိတ်ဆိုးတဲ့ မျက်စိဖြင့် ကြည့်လိုက်လျှင် အကြည့်ခံရတဲ့ သတ္တဝါဟာ အဆိပ်သင့်ပြီး သေစေနိုင်တယ်၊ ဝိရူပက္ခ– ဖောက်ပြန်သောမျက်စိရှိတဲ့ နဂါးဆိုတာဟာလည်း ဒါပါပဲ၊ ဒါကြောင့် ဝိရူပက္ခနတ်မင်းဆိုတာ အမှန်ကတော့ တန်ခိုးကြီးတဲ့ နတ်နဂါးဖြစ်တယ်၊ ဝိရူပက္ခနတ်နဂါးမင်းဟာ မြင်းမိုရ်တောင်ရဲ့တောင်ဘက် စကြဝဠာတံတိုင်းအထိ တန်ခိုး အာဏာပျံ့နှံ့သတဲ့။

မြင်းမိုရ်တောင်ရဲ့ မြောက်မျက်နှာအရပ်မှာ စောင့်ကြပ်ရတဲ့ နတ်မင်းကတော့ အခု ဆရာမမေးတဲ့ **ဝေဿဝဏ်နတ်မင်း**ပေါ့၊ ဝေဿဝဏ်နတ်မင်းရဲ့ အမည်လေးပါးအနက် ယက္ခာဓိပဆိုတဲ့ အမည်အကြောင်းတော့ ပြောပြီးပြီနော်၊ ဒုတိယအမည်ကတော့ အခုခေါ်ဝေါ်တဲ့ ဝေဿဝဏ်ပါပဲ၊ ဝေဿဝဏ်ဆိုတာက (ဝိဿဝဏ)နတ်ပြည်ကို အစိုးရတဲ့အတွက် (ဝေဿဝဏ္ဏ)လို့ ခေါ်ဝေါ်ခြင်းဖြစ်သတဲ့ကွယ့်၊ တတိယအမည်ကတော့– ကုဝေရတဲ့ကွယ့်၊ **ကုဝေရ**ဆိုတဲ့ ပုဒ်မှာ– ကုတစ်ပုဒ် ဝေရတစ်ပုဒ် ပုဒ်နှစ်ပုဒ် ရှိတယ်၊ **ကု**–ဆိုတဲ့ပုဒ်က ကုစ္ဆိတ– စက်ဆုပ်ဖွယ်ကောင်းသောဆိုတဲ့ အနက်ကို ဟောတယ်၊ **ဝေရ**ဆိုတဲ့ ပုဒ်က ကိုယ်ခန္ဓာဆိုတဲ့အနက်ကို ဟောတယ်၊ နှစ်ပုဒ်ပေါင်းအနက်က **စက်ဆုပ်ဖွယ်ကောင်းသော ကိုယ်ခန္ဓာရှိတဲ့နတ်**လို့ အဓိပ္ပာယ်ရတယ်၊ ဒီ ဝေဿဝဏ်နတ်မင်းက ဘာကြောင့် စက်ဆုပ်ဖွယ် ကိုယ်ခန္ဓာ ရှိတာလဲဆိုတော့ ဋီကာဆရာက– "တိစရဏဋ္ဌဒါဌာဘယာနကမတ္တိတာယ ကုစ္ဆိတံ ဝေရော သရီရမဿ ကုဝေရော"လို့ ဖွင့်ပြထားတယ်၊ **တိစရဏဋ္ဌဒါဌာဘယာနကမတ္တိတာယ**– ခြေထောက် သုံးချောင်း အစွယ်ရှစ်ချောင်းဖြင့် ကြောက်မက်ဖွယ်ရှိသည်အဖြစ်ကြောင့်၊ **အဿ**– ထို ဝေဿဝဏ်နတ်မင်းအား၊ **ကုစ္ဆိတံ**– စက်ဆုပ်ဖွယ်ကောင်းသော၊ **ဝေရော–သရီရံ**– ခန္ဓာကိုယ်သည်၊ **အတ္ထိ**– ရှိ၏၊ **ဣတိ**– ထို့ကြောင့် **ကုဝေရော**– ကုဝေရမည်၏တဲ့၊ ကုဝေရဆိုတာ စက်ဆုပ်ဖွယ် ခန္ဓာကိုယ် ရှိတယ်လို့ ဆိုလိုသတဲ့၊ ဘာကြောင့် စက်ဆုပ်ဖွယ် ခန္ဓာကိုယ် ရှိတာလဲဆိုတော့ အဲဒီ နတ်မင်းမှာ ခြေထောက် သုံးချောင်း၊ အစွယ်ကလည်း ရှစ်ချောင်းတောင် ရှိသတဲ့၊ ဒါကြောင့် စက်ဆုပ်ဖွယ် ခန္ဓာကိုယ်ရှိတယ်လို့ ဖွင့်ပြထားတယ်။

http://www.dhammadownload.com



ဒီနေရာမှာ ခြေထောက်သုံးချောင်းဆိုတာက ခြေထောက်ကြီး ၃-ချောင်း မဟုတ်ပါဘူး၊ ကြက်ခြေလို ခြေအကွဲကလေး ၃-ချောင်းရှိတာကို ဆိုလိုရင်း ဖြစ်တယ်၊ အစွယ်ရှစ်ချောင်းဆိုတာကလည်း လူများမှာ ပကတိအစွယ် ၄-ချောင်းနှင့် အံဆုံးအစွယ် ၄-ချောင်းရှိသလို အစွယ်ရှစ်ချောင်းရှိခြင်းဖြစ်သတဲ့ကွယ့်၊ ဒါကြောင့် ကုဝေရဆိုတဲ့အမည်ကို ရတယ်၊ စတုတ္ထနာမည်က နရဝါဟန-တဲ့၊ နရဝါဟနဆိုတာက လူထမ်းတဲ့ ထမ်းစင်ကို စီးတဲ့နတ်လို့ဆိုလိုတယ်။

ကုဝေရနတ်မင်းဟာ အလွန် တန်ခိုးကြီးတဲ့ နတ်မင်းဖြစ်တယ်၊ သုတ်ပါထိက ဝဂ်ကလာတဲ့ အာဋာနာဋိယသုတ်ဆိုတာ ကုဝေရနတ်မင်းက ဘုရားရှင်ကို လျှောက်ထားတဲ့ သုတ်တော်ဖြစ်တယ်၊ မဂဓအဘိဓာန်မှာ ဝေဿဝဏ်နတ်မင်းရဲ့ နာမည် ၄-မျိုးမျှသာ ပြသော်လည်း ဋီကာမှာတော့ အများကြီးပြထားတယ်။

(တျမ္ဗကသခေါ-ယက္ခရာဇ-ဂုဟကေသရ-မနုဿဓမ္မ၊ ဓနဒ-ရာဇရာဇ၊ ဓနာဓိပ၊ ကိန္နရေသ၊ ယက္ခ၊ ဧကပိင်္ဂလ၊ သိရီဒ၊ ပုညဇနေသရ) အစရှိတဲ့အမည်များဟာ ကုဝေရနတ်မင်းရဲ့ အမည်များဖြစ်တယ်လို့ ဖွင့်ပြထားတယ်၊ ဆရာမဒေါ်ဝင်းကြည် မေးတဲ့ ဝေဿဝဏ်နတ်ဆိုတာဟာ အခု ပြောခဲ့တဲ့ကုဝေရနတ်ပါပဲ၊ ကုဝေရနတ်မင်းဟာ ဆရာမဒေါ်ဝင်းကြည် ထင်တဲ့အတိုင်းမြင်းမိုရ်တောင်ရဲ့ မြောက်ဘက်မျက်နှာကို အုပ်စိုးတဲ့ နတ်မင်းတော့ မှန်ပါတယ်၊ သို့သော်လည်း ကုမ္ဘဏ်နတ်များကို အုပ်စိုးတဲ့နတ်မင်းတော့ မဟုတ်ဘူး၊ အာဠဝကစသော ဘီလူးမျိုးကိုသာ အုပ်စိုးသောနတ်မင်း ဖြစ်ပါတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်"

## အသုရာပြည် တည်နေရာ

"ကောလင်းမြို့၊ အောင်သပြေရပ် ဆရာမ ဒေါ်ဝင်းကြည် မေးမြန်းတဲ့ **တတိယမေးခွန်း**က အသုရာပြည်ဟာ တာဝတိံသာနှင့် စာတုမဟာရာဇ်နတ်ဘုံအကြားမှာ တည်ပါသလားတဲ့၊ အဖြေကတော့ အသုရာပြည်ဟာ မြင်းမိုရ်တောင်အောက် မြခနောက်သုံးခုတို့ရဲ့အကြားမှာ တည်ရှိတယ်၊ ဒီအကြောင်းကိုနည်းနည်း ဖွင့်ပြောကြဦးစို့ရဲ့"

http://www.dhammadownload.com



"မှန်ပါ- မိန့်တော်မူပါဘုရား"

"ငါးရာ့ငါးဆယ် ဇာတ်ပါတ်မှာ ကုလာဝက အမည်နှင့် ဇာတ်တစ်ဇာတ်ပါတယ်၊ အဲဒီဇာတ်ဟာ အသုရာပြည် စတင်ဖြစ်ပုံပြတဲ့ ဇာတ်တော်ပဲကွယ့်"

"ဘယ်လိုပြတာပါလဲဘုရား၊ အမိန့်ရှိတော်မူပါဦး"

"ရှေးရှေးတုန်းက မဂဓတိုင်းမှာ မစလဆိုတဲ့ ရွာငယ်တစ်ရွာရှိသတဲ့၊ မစလရွာမှာလည်း မဃဆိုတဲ့ လုလင်တစ်ယောက်ရှိတယ်၊ စိတ်ရင်းလည်း ကောင်းတယ်၊ အကျင့်သီလနှင့်လည်း ပြည့်စုံတယ်၊ ရပ်ရွာရဲ့ သန့်ရှင်းရေးကို အမြဲပြုစုတယ်၊ အဲဒီလူ ပြုလုပ်တာကို မြင်လို့ သူ့လို သဒ္ဓါတရားရှိတဲ့လူပေါင်း သုံးကျိပ် သုံးယောက် ထွက်ပေါ်ခဲ့သတဲ့၊ အဲဒီ လူသုံးကျိပ်သုံးယောက်တို့ဟာ အလိုဆန္ဒချင်းလည်း တူကြတယ်၊ ဒါကြောင့် အတူတကွ အများအကျိုးအတွက် ဇရပ်ဆောက်ကြတယ်၊ လမ်းပြင်ကြတယ်၊ ရေတွင်း ရေကန် တူးကြတယ်၊ အတူတူ ဥပုသ်စောင့်ကြတယ်၊ ဒီပုဂ္ဂိုလ်တို့ အဖွဲ့ကို ရွာစားကြီးက အထင်မှားတယ်၊ ဒါကြောင့် ထိုသူများဟာ တိုင်းပြည်ကို ပုန်ကန်မည့်လူများ ဖြစ်ကြောင်း ဘုရင့်ထံ သံတော်ဦးတင်လို့ ဘုရင်က ဆင်ဖြင့် နင်းသတ်ခိုင်းတယ်၊ ဒါပေမယ့် သူတို့ရဲ့မေတ္တာ, သူတို့ရဲ့ စေတနာကြောင့် ဆင်ကလည်း မနင်းဝံ့၊ ဘုရင်မင်းမြတ်ကလည်း အဖြစ်မှန်သိလို့ သူတို့ကို ရွာစားခန့်လိုက်တယ်၊ သူတို့အဖွဲ့ သုံးဆယ့်သုံးယောက်တို့ဟာ ပြည်သူ့အကျိုးကို သယ်ပိုးရင်း ကွယ်လွန်ကြတော့ နတ်ပြည်မှာ ဖြစ်ကြတယ်၊ အဲဒီနတ်ပြည်က သူတို့ကို စွဲမှီပြီး တာဝတိံသာလို့ ခေါ်သတဲ့ကွယ့်"

"ဘယ်လို စွဲမှီပြီး တာဝတိံသာ ခေါ်တာလဲ ဘုရား"

"သုံးဆယ့်သုံးကို ပါဠိလို (တေတ္တိံသ)လို့ ခေါ်သကွယ့်၊ တေက ၃-ခု၊ တိံသက-၃၀ ပေါင်းလိုက်လျှင် ၃၃-ပေါ့၊ ၃၃-ဟော တေတိံသ,ကို၊ တ-တစ်လုံးဆင့်ပြီး တေတ္တိံသလို့ပဲ ရေးတယ်၊ သုံးဆယ့်သုံးဟော တေတိံသအနက် တေ-ကို (တာဝ)ပြုလိုက်လျှင် တာဝတိံသာ ဖြစ်တော့တာပေါ့ကွယ်၊ ဒါကြောင့် **တာဝတိံသာဆိုတာ- မဃအမှူးရှိတဲ့ ကုသိုလ်ရှင် ၃၃-ဦးတို့ရဲ့နေရာ** လို့ ဆိုလိုတာပါပဲ၊ သို့သော်လည်း မဃတို့အဖွဲ့ တာဝတိံသာကိုရောက်သွားတော့ တာဝတိံသာပြည်ကို အသုရာများက စိုးအုပ်နေကြတယ်၊ စိုးအုပ်နေကြတဲ့ အသုရာများကလည်း တာဝတိံသာ စိတ္တလတာဥယျာဉ်မှာပေါက်တဲ့ အာသာဝတီ

http://www.dhammadownload.com



နွယ်ပင်ဟာ နှစ်ပေါင်း တစ်ထောင်ကြာမှ တစ်ကြိမ်သီးတယ်၊ အသီးရဲ့အတွင်းမှာ အလွန်ကောင်းတဲ့ နတ်အဖျော်ပါသတဲ့၊ အဲဒီ နတ်အဖျော်ကို တစ်ကြိမ်သောက်ရုံဖြင့် လေးလ မူးယစ်သတဲ့၊ အသုရာတွေဟာ အဲဒီ နတ်အဖျော်သောက်ပြီး မူးယစ် လဲကျနေကြတာကို နောက်ရောက်တဲ့ မောင်မဃတို့အဖွဲ့က တွေ့တယ်၊ ဒါကြောင့် အရက်သမား အသုရာတွေကို မြင်းမိုရ်တောင်ခြေရင်း ပစ်ချကြသတဲ့။

ဒီနေရာမှာ အနည်းငယ် ပြောလိုက်ရဦးမယ်၊ တခြားမဟုတ်ပါဘူး၊ သုရာ–အသုရာဆိုတဲ့ ပါဠိရဲ့ အဓိပ္ပာယ်ပါ၊ **သုရ**ဆိုတဲ့ပုဒ်က (ပုလ္လိင်)ဖြစ်ခဲ့လျှင် နတ်တို့ နေတို့ ပညာရှိတို့ဆိုတဲ့ အနက်ကို ဟောတယ်၊ **သုရာ**လို့ ဣတ္ထိလိင်ဖြစ်ခဲ့လျှင်– သေရည်နှင့် ကစားတဲ့ကြွေစေ့ကို ဟောတယ်၊ အခုရှိတဲ့ အသုရာမှာပါတဲ့ သုရာက– မြန်မာသံနှင့် သုရာခေါ်ပေမယ့် ဣတ္ထိလိင် မဟုတ်ဘူး၊ ပုလ္လိင်ဖြစ်တယ်၊ ပုလ္လိင်ဖြစ်လို့ နတ်လို့ပဲ ဟောပါတယ်။

သူတို့ဟာ မြင်းမိုရ်တောင်ထိပ်မှာ နေစဉ်တုန်းကတော့ (သုရ)တွေပါပဲ၊ မဃလုလင်တို့အဖွဲ့ သုရ (နတ်)ဖြစ်လာတော့ သူတို့က သုရနတ်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်လာတယ်၊ ဒါကြောင့် သူတို့ကို (အသုရ) တာဝတိံသာနတ်တို့ရဲ့ ရန်သူလို့ ကျမ်းဆရာက နာမည်ပေးလိုက်တယ်၊ ဒါကြောင့် အသုရာနှင့် တာဝတိံသာနတ်တို့ဟာ ဘဝချင်း အတူတူပါပဲ၊ ဘဝချင်းတူတဲ့အတွက် ၃၁–ဘုံ ရေတွက်ရာမှာ အသုရာ မပါပါဘူး၊ နတ်ဆိုတဲ့ သတ္တဝါတွေဟာ များသောအားဖြင့် ဥပစ္ဆေဒကနှင့်သေသူ အလွန်နည်းတယ်၊ သက်တမ်းစေ့အောင် နေကြရတယ်၊ ဒါကြောင့် အရက်မူးလဲနေကြတဲ့ အသုရာတွေကို မြင်းမိုရ်တောင်အောက် ပစ်ချတော့လည်း အသုရာတွေဟာ မသေဘူး၊ မသေတဲ့အပြင် မြင်းမိုရ်တောင်အောက် မြခနောက်သုံးခုတို့ရဲ့အကြား ယူဇနာတစ်သောင်း ကျယ်ဝန်းတဲ့ အသုရာပြည် သီးသန့်ဖြစ်ပေါ်လာတယ်လို့ ကျမ်းများမှာ ပြဆိုထားပါတယ်။

ဒီလောက်ဆိုလျှင် ကောလင်းမြို့၊ အောင်သပြေရပ် ဆရာမဒေါ်ဝင်းကြည် ကျေနပ်လောက်ပါပြီနော်”

“မှန်ပါ၊ ကျေနပ်လောက်ပါပြီဘုရား”

သာဓု... သာဓု... သာဓု

***

http://www.dhammadownload.com



# အရှင်နန္ဒောဘာသ လျှောက်ကြားလွှာ

"ဟောဒီစာက မြစ်ကြီးနားမြို့၊ အဘယရာမိကာရုံကျောင်း အရှင်နန္ဒောဘာသ၏ အမေးစာလွှာ ဖြစ်ပါတယ်ဘုရား"

"အရှင်နန္ဒောဘာသက ဘာတွေများ လျှောက်ထားတုန်းကွဲ့"

"အရှင်နန္ဒာဘာသက ပုစ္ဆာလေးချက် မေးလျှောက်ထားပါတယ်ဘုရား"

(၁) **ပထမပုစ္ဆာက**– ဘုရားလောင်းများဟာ ပါရမီနုစဉ် ကာလက အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း ရှိ, မရှိ။

(၂) **ဒုတိယပုစ္ဆာက**– ဘုရား, ရဟန္တာတို့မည်သည် လောကဓံတရားကြောင့် တုန်လှုပ်ခြင်း မရှိဟု သိရပါသည်၊ သို့ရာတွင် ဘုရားသမိုင်းတစ်စောင်တွင် ဘုရားရှင် ဝမ်းနည်း၍ မဲ့သည်၊ ဝမ်းသာ၍ ပြုံးသည်ဟု တွေ့ရပါသည်၊ ဘုရား, ရဟန္တာတို့ ဝမ်းသာခြင်း, ဝမ်းနည်းခြင်း ဖြစ်, မဖြစ်။

(၃) **တတိယပုစ္ဆာက**– ယခုခေတ် အချို့သော ရဟန်း သာမဏေများသည် ဖွန်း, ခက်ရင်းဖြင့် ဆွမ်းဘုဉ်းပေးတတ်ကြပါသည်၊ ထိုသို့ ဖွန်း, ခက်ရင်းဖြင့် ဆွမ်းဘုဉ်းပေးခြင်းသည် (ပရိမဏ္ဍလံ အာလောပ)ဟူသော သေခိယသိက္ခာပုဒ်နှင့် ညီ,မညီ။

(၄) **စတုတ္ထပုစ္ဆာက**– စေတီလေးပါးတို့တွင် စကြာမင်း စေတီတစ်ဆူ ပါဝင်ပါသည်၊ အဘယ့်ကြောင့် စကြာမင်းစေတီထိုက်သနည်း ဆိုသော် လူတို့ကို ငါးပါးသီလ၌ မြဲစေ, တည်စေပြီး ကောင်းမှုတိုးပွားစေ၍ဟု ဖြေပါသည်၊ ပုထုဇဉ်ရဟန်းတို့သည် လူတို့အား

http://www.dhammadownload.com



ငါးပါးသီလ တည်စေရုံမျှမက မဂ်,ဖိုလ်,နိဗ္ဗာန် ရောက်စေနိုင်သော တရားများကိုပင် ဟောပြတော်မူနိုင်ကြပါသည်၊ သို့ပါလျက် အဘယ်ကြောင့် ပုထုဇဉ်ရဟန်း စေတီမထိုက်ပါသနည်း။

ဒီပုစ္ဆာလေးချက်က မြစ်ကြီးနားမြို့၊ အဘယရာမိကာရုံကျောင်း၊ အရှင်နန္ဒာဘာသရဲ့ အမေးစာလွှာ ဖြစ်ပါတယ်ဘုရား။

## ဘုရားလောင်းနှင့် အရိယာဘာဝ

"အရှင်နန္ဒာဘာသရဲ့ **ပထမပုစ္ဆာက** ဘုရားအလောင်းတော်များဟာ ပါရမီနုစဉ်ကာလက အရိယာပုဂ္ဂိုလ်ဖြစ်ခြင်း ရှိ, မရှိတဲ့ ဟုတ်လား"

"ဟုတ်မှန်ကြောင်းပါဘုရား"

"သမ္မာသမ္ဗုဒ္ဓ ဘုရားအလောင်းတော် မှန်လျှင် ပါရမီနုစဉ်ကာလက အရိယာဖြစ်ရိုး မရှိကောင်းပါဘူး၊ ဘာကြောင့်လဲဆိုလျှင် အခြားသောဘုရားရှင်ရဲ့ သာသနာတော်မှာ အရိယာအဖြစ် ရောက်သွားလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားမဖြစ်မိ ကျွတ်တမ်းဝင်သွားတော့မှာမို့လို့ပေါ့၊ ဒီစကားက ဘာကို ရည်ရွယ်ပြောတာလဲဆိုတော့ အရိယာတို့ရဲ့ အောက်ဆုံးအဆင့်ဟာ သတ္တက္ခတ္တုပရမဖြစ်တယ်၊ သတ္တက္ခတ္တုပရမဆိုတာ အလွန်ဆုံး ၇-ဘဝသာ နေခွင့်ရှိတဲ့ သောတာပန်ပါပဲ၊ အကယ်၍ နုစဉ်က သောတာပန်ဖြစ်တဲ့ ဘုရားလောင်းဟာ သောတာပန်ဆိုတာ တရားသဘော နောက်မဆုတ်ဘဲ ရှေ့သို့သာ တိုးတက်သွားတတ်တာမို့ သမ္မာသမ္ဗုဒ္ဓဘုရား မဖြစ်မိ ရဟန္တာဘဝဖြင့် ခန္ဓပရိနိဗ္ဗာန် ဝင်စံသွားစရာ ရှိပါတယ်၊ ဒါကြောင့် ဘုရားလောင်းမှန်သမျှ နုစဉ်ဘဝမှာ အရိယာ မဖြစ်စကောင်းပါဘူး။

တစ်နည်းဖြေရလျှင် သမ္မာသမ္ဗုဒ္ဓဘုရားတို့မည်သည် သစ္စာလေးပါးသိဖို့အတွက် မည်သူ့ထံကမှ တပည့်ခံယူရိုး မရှိပါဘူး၊ မိမိကိုယ်တိုင် ထိုးထွင်းပြီး သစ္စာလေးပါး သိရမြဲဓမ္မတာ ဖြစ်တယ်၊ အကယ်၍ နုစဉ်တုန်းက အရိယာဖြစ်ခဲ့လျှင် အခုဘဝမှာ သစ္စာလေးပါးကို ကိုယ်တော်တိုင် ထိုးထွင်းသိစရာ မလိုတော့ဘူး၊ ဟို ဘုရားသာသနာက သစ္စာလေးပါးသိလို့ အရိယာဖြစ်ခဲ့ ပြီးပြီကိုး၊ ဒီလိုဆိုလျှင် ဘယ်မှာ သမ္မာသမ္ဗုဒ္ဓ ဟုတ်နိုင်ပါတော့မလဲ၊ ဒီနေရာမှာ သဂြိုဟ်ကျမ်းရဲ့ ပဏာမ သမ္မာသမ္ဗုဒ္ဓ ဖွင့်ဆိုပုံကို ဖော်ပြပါဦးမယ်။

http://www.dhammadownload.com



သင်္ဂြိုဟ်ကျမ်းရဲ့ ပဏာမကို (သမ္မာသမ္ဗုဒ္ဓ မတုလံ)လို့ ရေးထားတယ်၊ ကျမ်းဆရာဟာ ဘုရားရှင်ကို ရှိခိုးတာကပဲ၊ ဘုရားဟော ဗုဒ္ဓတစ်ပုဒ်တည်း သုံးလိုက်လျှင် စာသင်သားများလည်း လွယ်ကူတဲ့အတွက် ပိုပြီး မကောင်းဘူးလားလို့ မေးစရာရှိတယ်၊ သို့သော်လည်း ဗုဒ္ဓတစ်ပုဒ်တည်း သုံးခဲ့လျှင် ဗုဒ္ဓဆိုတာ သိတဲ့အနက်မျှကိုသာ ဟောလို့ သိတတ်သူဖြစ်တဲ့ (သုတဗုဒ္ဓ,သာဝကဗုဒ္ဓ)စတဲ့ ပုဂ္ဂိုလ်တွေနှင့် ရောယှက်သွားလိမ့်မယ်တဲ့၊ ဒီလိုဆိုလျှင် ဗုဒ္ဓတစ်လုံးတည်း မသုံးဘဲ သံသဒ္ဒါနှင့် တွဲစပ်ပြီး **သံဗုဒ္ဓ**လို့ သုံးခဲ့လျှင်ကော ဘယ့်နှယ်လဲလို့ မေးခဲ့လျှင်– သံသဒ္ဒါဟာ "ကိုယ်တိုင်"ဆိုတဲ့ အနက်ကို ဟောတယ်၊ **သမ္ဗုဒ္ဓ**ဆိုလျှင် "ကိုယ်တိုင်သိတယ်"လို့ အဓိပ္ပာယ်ရတယ်၊ ဘုရားသခင်ဟာ သစ္စာလေးပါးကို ကိုယ်တိုင်သိလို့ (သမ္ဗုဒ္ဓ)အမည်တော်ကို ရခဲ့လျှင် ရှင်ပစ္စေကဗုဒ္ဓါများလည်း သစ္စာလေးပါးကို ကိုယ်တိုင်သိကြတာပါပဲ၊ ဘယ်သူ့ထံကမှ နည်းယူပြီး သိကြတာ မဟုတ်ဘူး၊ ဒါကြောင့် သံဗုဒ္ဓ(သမ္ဗုဒ္ဓ)လို့ သုံးလိုက်လျှင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကိုမျှမက အရှင်ပစ္စေကဗုဒ္ဓါများကိုပါ အရကောက်ဖွယ်ရှိနေတယ်တဲ့၊ ဒါကြောင့် ရှင်ပစ္စေကဗုဒ္ဓါကို နစ်စေလိုလို့ (မပါစေချင်လို့) သမ္ဗုဒ္ဓလို့လည်း မသုံးပါဘူးတဲ့၊ ဒါဖြင့် သမ္ဗုဒ္ဓ မသုံးဘဲ သမ္မာဗုဒ္ဓလို့ သုံးလျှင်ကောလို့ မေးခဲ့လျှင် သမ္မာသဒ္ဒါဟာ မဖောက်မပြန် မှန်မှန်ကန်ကန်, တိတိကျကျဆိုတဲ့ အနက်ကို ဟောတဲ့အတွက် ဘုရားရှင်ရဲ့ တပည့်သား ရဟန္တာအရှင်မြတ်များဟာ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း သစ္စာလေးပါးတရားကို မဖောက်မပြန် မှန်မှန်ကန်ကန်, တိတိကျကျ သိတော်မူကြသောကြောင့် သမ္မာဗုဒ္ဓလို့ ခေါ်ဆိုထိုက်သတဲ့၊ ဒါကြောင့် သမ္မာဗုဒ္ဓလို့ သုံးခဲ့လျှင် အရိယာသာဝကများပါ အဓိပ္ပာယ် ရသွားမှာစိုးလို့ အရိယာသာဝကကို နစ်စေဖို့ သံသဒ္ဒါကို ထပ်ဆင့်ရသတဲ့၊ ဒါကြောင့် **သမ္မာသမ္ဗုဒ္ဓ**ဆိုတဲ့ အမည်ဟာ ရှင်ပစ္စေကလည်း မပါ၊ အရိယာသာဝကလည်း မပါ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးကိုသာ ရစေလိုလို့ (သမ္မာသမ္ဗုဒ္ဓ)လို့ သုံးနှုန်းခြင်း ဖြစ်သတဲ့ကွယ်။

ဒါကြောင့် သမ္မာသမ္ဗုဒ္ဓဘုရားကြီး မှန်သမျှ မဖောက်မပြန် မှန်မှန်ကန်ကန် သစ္စာလေးပါးကို ကိုယ်တော်တိုင် ထိုးထွင်းသိတတ်သူအစစ်ဖြစ်တယ်၊ သူတစ်ပါး သာသနာက အရိယာဖြစ်ခဲ့သူဆိုလျှင် သမ္မာသမ္ဗုဒ္ဓ ဖြစ်နိုင်ခွင့်မရှိဘူး၊ ဒီအကြောင်းကို ဆင်ခြင်ကြည့်ပါလျှင် ပါရမီ နုစဉ်ကာလက ဘုရား

http://www.dhammadownload.com



လောင်းများ အရိယာ မဖြစ်ခဲ့ဖူးဘူးဆိုတာဟာ အလွန် ထင်ရှားပါတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု...

**သတိပြုရန်**။ သမ္မာသဒ္ဒါ သံသဒ္ဒါတို့သည် သာမံ-ကိုယ်တိုင်ဟူသော အနက်ကို ဟောနိုင်ကြသဖြင့် အချို့သော ကျမ်းများတွင် သမ္မာဟူသော နိပါတ်ပုဒ်ဖြင့် (ပစ္စေက ဗုဒ္ဓါ)ကို နစ်စေ၍ သံဟူသော နိပါတ်ပုဒ်ဖြင့် သာဝကဗုဒ္ဓကို နစ်စေသည်ဟူ၍လည်း ညွှန်ပြကြပါသည်။

## ဘုရားရှင် ပြုံးခြင်း, မဲ့ခြင်း

အရှင်နန္ဒောဘာသရဲ့ **ဒုတိယပုစ္ဆာက**– လောကဓံတရားနှင့် တွေ့တဲ့အတွက် ဘုရားရှင် ပြုံးခြင်း,မဲ့ခြင်း၊ ဝမ်းသာခြင်း,ဝမ်းနည်းခြင်း ဖြစ်,မဖြစ်တဲ့ ဟုတ်လား...

"ဟုတ်မှန်ကြောင်းပါဘုရား"

**လောကဓံတရားဆိုတာ** လောကသားတို့ ရင်ဆိုင်တွေ့ကြုံရမြဲ တရားတဲ့၊ အဲဒီ လောကဓံတရားဟာ အကောင်းဘက်က ၄-ပါး၊ အဆိုးဘက်က ၄-ပါး ပေါင်း ရှစ်ပါးရှိတယ်၊ **ယသ**– အခြံအရံ အကျော်အစောဖြစ်ခြင်း၊ **အယသ**– အခြံအရံမဲ့ခြင်း အကျော်အစောမဲ့ခြင်း၊ **လာဘော**– လာဘ်ရခြင်း၊ **အလာဘော**– လာဘ်မရခြင်း၊ **နိန္ဒာ**– ကဲ့ရဲ့ခြင်း၊ **ပသံသာ**– ချီးမွမ်းခြင်း၊ **သုခံ**– ချမ်းသာခြင်း၊ **ဒုက္ခံ**– ဆင်းရဲခြင်း၊ ဒီတရားရှစ်ပါးဟာ လောကအတွင်း ရှိနေကြသမျှ ကြုံတွေ့ရတတ်တဲ့ တရားမျိုးမို့ လောကဓံတရားလို့ ခေါ်ကြရတယ်၊ ဒီလောကဓံတရားနှင့် ကြုံတွေ့ခဲ့လျှင် ခံနိုင်ရည်ရှိတဲ့ပုဂ္ဂိုလ် မရှိသလောက် ရှားပါးပါတယ်၊ သို့သော်လည်း ဘုရား ရဟန္တာများမှာတော့ လောကဓံတရားနှင့် တွေ့ကြုံတဲ့အတွက် တုန်လှုပ်မှု မရှိကြဘူး။

**ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊**
**အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

လို့ မင်္ဂလသုတ်မှာ ဟောထားတာကပဲကွယ်၊ ဂါထာရဲ့ အဓိပ္ပာယ်က လောကဓံတရားနှင့် တွေ့ထိတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ စိတ်ဟာ မတုန်လှုပ်ဘူး၊

http://www.dhammadownload.com



စိုးရိမ်ပူဆွေးခြင်းလည်း မရှိဘူး၊ ရာဂစတဲ့ မြူအညစ်အကြေးလည်း မရှိဘူး၊ ဘေးရန်လည်း မရှိဘူး၊ ဒီတရားလေးပါးတို့ဟာ ကောင်းမြတ်တဲ့ မင်္ဂလာပဲလို့ ဆိုလိုတယ်၊ ဒါကြောင့် ဘုရားသခင်ဟာ လောကဓံတရားနှင့်တွေ့သော်လည်း တုန်လှုပ်ခြင်း မရှိဘူး၊ မဲ့ခြင်း, ပြုံးခြင်း မရှိဘူးလို့ မှတ်သင့်တယ်။

သို့ဖြစ်ခဲ့လျှင် ဘုရားရှင် ပြုံးတော်မူလို့ ခံတွင်း ပွင့်သွားတဲ့အတွက် သွားတော်က ရောင်ခြည်တော် ပျံ့ထွက်ကြောင်း စာပေမှာ မကြာခဏ တွေ့ရတယ်၊ အဲဒီ ပြုံးတော်မူတာဟာ နှစ်သက်တာကို မြင်လို့ ပြုံးတာ မဟုတ်ဘူး၊ နှစ်သက်တာမြင်လို့ ပြုံးခဲ့လျှင် မနှစ်သက်တာနှင့်တွေ့လျှင် မဲ့မှာ သေချာတယ် မဟုတ်လားလို့ မေးစရာရှိတယ်၊ အဖြေကတော့ ဘုရားရှင်ပြုံးတော်မူတာဟာ နှစ်သက်တာမြင်လို့ ပြုံးတာ မဟုတ်ဘူး၊ အကြောင်းထူးကို မြင်လို့ ၊ အဲဒီ အကြောင်းထူးကို ဖော်ထုတ်ချင်လို့ ပြုံးတော်မူခြင်းဖြစ်တယ်၊ ဥပမာပြရမည် ဆိုလျှင် ဓမ္မပဒ အဋ္ဌကထာ ဇရာဝဂ်မှာ မဟာဓနသူဌေးသားဆိုတာ ရှိတယ်။

ဝတ္ထုအတိုချုပ်ကတော့ ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီးမှာ သားတစ်ယောက်ရှိတယ်၊ သားက တစ်ယောက်တည်းဆိုတော့ ငယ်စဉ်က စပြီး အလိုလိုက်ခဲ့တာပေါ့၊ သားက ကျောင်းမှာ မနေချင်ဘူးဆိုတော့ ကျောင်းမအပ်, စာမတတ်ခဲ့ဘူး၊ ပစ္စည်းကရှိနေတော့ အခြားပညာကိုလည်း မသင်ဘူး၊ မယားရတော့လည်း သူ့လို စာမတတ်, ပေမတတ် သူဌေးသမီးနှင့် ရတယ်၊ စာကလည်း မတတ်၊ ဘာပညာမှလည်း မဆည်းပူးတော့ စားကာ, အိပ်ကာ, ပျော်ကာပါးကာနှင့် အချိန်ကုန်လာတယ်၊ မိဘများ ကွယ်လွန်တော့ မိဘရဲ့ ပစ္စည်းနှင့် သူဌေးဖြစ်ခဲ့ကြတယ်၊ လူမိုက်နှင့်ငွေ အတူမနေဆိုတဲ့အတိုင်း ဒီ သူဌေးလင်မယားတို့ဟာ သူတစ်ပါးက လိမ်ယူ, ဖဲ့ယူနှင့် ရှိတဲ့ငွေလည်းကုန်၊ ဘာမှုလည်း မလုပ်မကိုင်တတ်တော့ ခွက်လက်စွဲပြီး သူတစ်ပါးထံက ထမင်း တောင်းစားခဲ့ရသတဲ့၊ တစ်ရက်တော့ ဣသိပတန မိဂဒါဝုန်တော ဘုရားရှင် သီတင်းသုံးရာ ကျောင်းဆီလာပြီး သာမဏေများထံမှာ တောင်းခံလာတယ်။

သူတို့လင်မယားကို မြင်တော့ ဘုရားရှင်က ပြုံးသတဲ့၊ ညီတော်အာနန္ဒာ က ပြုံးခြင်းရဲ့ အကြောင်းကို လျှောက်ထားတော့ ဘုရားရှင်က "အာနန္ဒာ... ဒီ သူဌေးသားကို ကြည့်စမ်း၊ ဒီ ဗာရာဏသီမြို့တော်မှာ ကုဋေရှစ်ဆယ်

http://www.dhammadownload.com



ရွှေငွေတွေကုန်လို့ အခု လင်မယား နှစ်ယောက် တောင်းစားနေကြရတယ်၊ ဒီသူဌေးသားဟာ **ပထမအရွယ်**က အမှုလုပ်ခဲ့လျှင် ဒီမြို့မှာ သူဌေးကြီး ဖြစ်ထိုက်တယ်၊ ငယ်ငယ်က သက်န်းဝတ်ခဲ့လျှင် ရဟန္တာ ဖြစ်ထိုက်သေးတယ်၊ သူ့မယားလည်း အနာဂါမ်ဖြစ်ထိုက်တယ်၊ အကယ်၍ **မဇ္ဈိမအရွယ်** အလုပ်အကိုင် လုပ်ခဲ့လျှင် ဒုတိယသူဌေး ဖြစ်ထိုက်တယ်၊ အကယ်၍ ဒုတိယအရွယ်မှာ ရဟန်းပြုခဲ့လျှင် အနာဂါမ်တော့ ဖြစ်ထိုက်သေးတယ်၊ သူ့မယားလည်း သကဒါဂါမ် ဖြစ်ထိုက်တယ်၊ အကယ်၍ **ပစ္ဆိမအရွယ်**ခေါ်တဲ့ နောက်ဆုံးအရွယ် စီးပွားရေးလုပ်ခဲ့လျှင် တတိယသူဌေးတော့ ဖြစ်နိုင်သေးတယ်၊ ရဟန်းပြုခဲ့လျှင် သကဒါဂါမ်လောက်တော့ ဖြစ်နိုင်တယ်၊ သူ့မယားလည်း သောတာပန်ကော့ ဖြစ်ထိုက်သေးတယ်၊ အခုတော့ လူ့စည်းစိမ်ကလည်း ရွေ့လျော၊ ရဟန်းသုခမှလည်း ရွေ့လျောပြီး ရေမရှိတဲ့ ရွံ့အိုင်ခြောက်မှာ အတောင်ကျိုးတဲ့ ကြိုးကြာငှက်အိုကြီးလို ဖြစ်ရှာတော့တာပဲလို့-

**အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ**
**ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။**
**အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ**
**သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။**

လို့ ဟောတော်မူတယ်၊ အဓိပ္ပာယ်ကတော့ မြတ်သောအကျင့်ကို ကျင့်သင့်တဲ့ အရွယ်တုန်းက မြတ်သောအကျင့်ကို မကျင့်ခဲ့၊ စီးပွားရှာဖွေသင့်တဲ့အရွယ်တုန်းက စီးပွားရှာဖွေခြင်းကိုလည်း မပြုခဲ့တဲ့အတွက် ဤလူမိုက်တို့ဟာ ရေလည်းမရှိ၊ ငါးလည်းမရှိတဲ့ ရွံ့အိုင်ပျက်မှာ ကြိုးကြာငှက်အိုလို ပျက်စီးကြရတယ်၊ ရှေးက ပျော်ပါးခဲ့ရတာတွေကို တွေးပြီး အိပ်ကြရတယ်လို့ ဆိုလိုတယ်။

ဒီဒေသနာတော်ရဲ့အဆုံးမှာ များစွာသောပုဂ္ဂိုလ်များ အကျွတ်တရားရကြသတဲ့၊ ဘုရားရှင်ဟာ ဒီဒေသနာတော်ကို ဟောပြဖို့အတွက် ပြုံးတော်မူခြင်း ဖြစ်တယ်၊ ဒါကြောင့် ဘုရားရှင် ပြုံးတော်မူတယ်ဆိုတာ ပုထုဇဉ်များလို အကြိုက်တွေ့လို့ ပြုံးတာမဟုတ်ဘူး၊ အကြောင်းကို ဟောပြဖို့ ပြုံးခြင်းသာ ဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု...

http://www.dhammadownload.com



## ဖွန်း၊ ခက်ရင်းနှင့် ရဟန်းတော်

**တတိယပုစ္ဆာက–** ယခုခေတ်မှာ အချို့ကိုယ်တော်များ ဇွန်း၊ ခက်ရင်းဖြင့် ဆွမ်း ဘုဉ်းပေးကြပါသတဲ့၊ အဲဒီလို ဇွန်း၊ ခက်ရင်းဖြင့် ဘုဉ်းပေးခဲ့လျှင် (ပရိမဏ္ဍလံ အာလောပံ)ဆိုတဲ့သိက္ခာပုဒ်နှင့် ညီပါ့မလားတဲ့။

ပရိမဏ္ဍလဆိုတဲ့ပုဒ်ဟာ ထက်ဝန်းကျင် ဝန်းဝိုင်းခြင်းအနက်ကို ဟောတယ်၊ ဆွမ်းလုပ်ဟာ အလွန် ကြီးလွန်းလျှင် ခံတွင်းကို အလွန်ဟနေရတဲ့အတွက် မတင့်တယ်ဘူး၊ ဆွမ်းလုပ်ကို ဟင်းရေတွေနှင့် နယ်ဖတ်စားပြန်တော့ ဆွမ်းလုံးတွေ ကြေပြီး ဖရိုဖရဲ ကျတတ်တယ်၊ ဆွမ်းလုပ်ဟာ ရှည်လျားနေပြန်လျှင်လည်း ဆွမ်းလုပ်ကို ကိုက်ဖြတ်ရလိမ့်မယ်၊ ဒါကြောင့် ဆွမ်းလုပ်ကို အဝန်းညီစွာ ပြုရမယ်လို့ ပညတ်ချက်ထုတ်ထားတယ်။

ပရိမဏ္ဍလံ အာလောပံဆိုတဲ့ သိက္ခာပုဒ်မှာ ဆွမ်းလုပ် ဘယ်လောက်ကြီးရမယ်လို့ ပါဠိတော်မှာရော အဋ္ဌကထာမှာပါ ညွှန်ကြားချက် မပါဘူး၊ သို့သော် အတိမဟန္တံသိက္ခာပုဒ်ရဲ့ အဖွင့်မှာ (နာတိမဟန္တော ကဗဠောတိ မယူရဏ္ဍံ အတိမဟန္တံ၊ ကုက္ကုဋဏ္ဍံ အတိခုဒ္ဒကံ၊ တေသံ ဝေမဇ္ဈပ္ပမာဏော)– ဥဒေါင်းဥက ကြီးလွန်းတယ်၊ ကြက်တိန်ညင်ဥက ငယ်လွန်းတယ်၊ အလယ်အလတ် ပမာဏဟာ "နာတိမဟန္တ"ပမာဏလို့ ဖွင့်ဆိုတဲ့အတိုင်း အလယ်အလတ်ပမာဏဟာ ပရိမဏ္ဍလပမာဏလို့ မှတ်ယူသင့်တယ်။

ဒီသိက္ခာပုဒ်ဟာ ဆဗ္ဗဂ္ဂီရဟန်းများ ဆွမ်းလုပ်ရှည်ရှည် ပြုလုပ် စားသောက်လို့ ပညတ်တဲ့သိက္ခာပုဒ် ဖြစ်တယ်၊ ဒီသိက္ခာပုဒ်ဟာ ဆွမ်းကို ဟင်းရည်များ စိုရွှဲမနေစေဘဲ လက်ဖြင့် အဝန်းအဝိုင်း ပြုလုပ်ပြီးမှ စားသောက်ရန် ညွှန်ကြားတဲ့သိက္ခာပုဒ် ဖြစ်တယ်။

ကမ္ဘာပေါ်မှာ အိန္ဒိယနိုင်ငံ, မြန်မာနိုင်ငံ, ထိုင်းနိုင်ငံများတွင် ဆွမ်းကို လက်ဖြင့် ယူစားတတ်ကြတယ်၊ အနောက်နိုင်ငံများက ဇွန်း, ခက်ရင်းဖြင့် စားကြတယ်၊ အရှေ့နိုင်ငံများကတော့ တူဖြင့် စားတတ်ကြတယ်၊ ဘုရားရှင်ဟာ အိန္ဒိယမှာ ပွင့်တော်မူတဲ့အတွက် အိန္ဒိယဓလေ့အရ ပညတ်တဲ့ သိက္ခာပုဒ်ဖြစ်တယ်၊ ဘုရားရှင်ရဲ့ ဝါဒဟာ ဝိဘဇ္ဇဝါဒဖြစ်တဲ့အတွက် တရားသေ ယူဆလို့တော့ မဖြစ်ပါဘူး၊ အင်္ဂလိပ်, ပြင်သစ်စသော အနောက်တိုင်းသား ရဟန်းများ

http://www.dhammadownload.com



နှင့် တရုတ်, ဂျပန်စတဲ့ အရှေ့တိုင်းသား ရဟန်းများကို ဒီသိက္ခာပုဒ်နှင့် အကြပ်ကိုင်ပြီး လက်ဖြင့် ထမင်းစားခိုင်းဖို့ လိုမယ်လို့ မထင်ဘူး၊ ဒါကြောင့် ဇွန်း, ခက်ရင်းဖြင့် ဆွမ်းစားတဲ့အတွက် လူတို့ အကြည်ညိုပျက်ဖို့ မရှိခဲ့လျှင် အပ်တယ်လို့ ဖြေသင့်တယ်၊ သို့သော်လည်း ဒီနေရာမှာ အထူးမှတ်သင့်တဲ့ စကားတစ်ရပ်ကိုတော့ ပြောလိုက်ချင်တယ်ကွယ့်။

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

ထီးချိုင့်မြို့ အရှေ့တောရကျောင်းဟာ ရှေးက မြတောင်ဝန်မင်း တည်ထားတဲ့ ကျောင်းတိုက်ဖြစ်တယ်၊ အရှေ့တောရကျောင်းတိုက်ဆရာတော်ဟာ အလွန် ဝိနည်းရှိသေတဲ့ ဆရာတော်ကြီး ဦးသုမနတဲ့ကွယ့်၊ နောင်အခါ အရှေ့တောရ ဆရာတော်ဟာ တပည့်ကြီး ဦးကေတုကို ကျောင်းအပ်ပြီး ရွှေဂူတောင်မှာ တောရဆောက်တည်တယ်၊ ဆရာတော်ကြီး တရားထိုင်ဖို့လို့ ရွှေဂူတောင် အရှေ့ဘက်မှာ သန်တောင် ၃၀–လောက်နက်တဲ့ ဂူကြီးကို တူးပြီး လှူကြတဲ့အတွက် ဆရာတော် သီတင်းသုံးရာ တောင်ကိုလည်း ရွှေဂူ တောင်လို့ ခေါ်ဝေါ်ပြီး ဆရာတော်ကြီးကိုလည်း "ဂူအောင်းဆရာတော်"လို့ ခေါ်ခဲ့ကြတယ်။

ဆရာတော်ကြီးဟာ နေ့ရောညဥ့်ပါ ဂူအောင်းပြီး တရားအားထုတ်ခဲ့ သော်လည်း အထွတ်အထိပ်ကို မရောက်နိုင်ဘူး၊ ဒီအချိန်မှာ တိဘက်ဘုန်းကြီး များ ရဟန္တာဖြစ်လို့ ဈာန်ပျံနိုင်တယ်လို့ သတင်းလွင့်လာတယ်၊ အဲဒီ သတင်း ကို ဆရာတော်ကြီးက ကြားတော့ တပည့်ကြီး ဦးကေတုကို ခေါ်ယူပြီး–

"အခု တိဘက်မှာ ရဟန္တာတွေ ပေါ်တယ်လို့ ကြားရတယ်၊ ငါက အသက်ကြီးလာတော့ တိဘက်ကို မသွားနိုင်တော့ဘူး၊ ငါ့တပည့်ကတော့ အရွယ်ရှိသေးတယ်၊ တိဘက်ကိုသွားပြီး တိဘက်ဘုန်းကြီးများထံ ရဟန္တာ ဖြစ်အောင် အားထုတ်စေချင်တယ်၊ တရားအားထုတ်ပြီး ဆရာ့ထံ ပြန်လာပြီး နိဿရည်းကို ပြစေချင်တယ်ဟု မိန့်တော်မူတယ်" ဦးကေတုလည်း ဆရာ့ အမိန့်ကို နာခံပြီး–

"တပည့်တော် သွားပါ့မယ်၊ သို့သော် နိုင်ငံခြားစကား သင်ကြားဖို့ ၃–နှစ် မန္တလေးသွားပြီး သင်ပါရစေလို့ လျှောက်သတဲ့၊ အခွင့်ရတော့ ဦးကေတုဟာ အရှေ့တောရကျောင်းကို ဆရာတော်ဦးဝိသုဒ္ဓထံ လွှဲပြောင်းပေး

http://www.dhammadownload.com



ပြီး မန္တလေးကို ဆင်းတယ်၊ မန္တလေးမှာ ၃-နှစ် အင်္ဂလိပ်စကား, သက္ကတ စကားများကို သင်ကြားပြီး အိန္ဒိယပြည်ကို ကြွသွားတယ်၊ အဲဒီအခါက ဟိမဝန္တာတောင်ခြေမှာ အင်္ဂလိပ်နှင့် ပြင်သစ်တို့ နယ်လုစစ်ပွဲ ခင်းနေကြလို့ တိဘက်ကို သွားလို့မရဘူး၊ ဒါကြောင့် ဦးကေတုတို့အဖွဲ့ဟာ တိဘက်ကို မသွားတော့ဘဲ အိန္ဒိယမှ သီဟိုဠ် ကျွန်းဘက်လှည့်ပြီး ပြန်ခဲ့ကြတယ်။

ဦးကေတုတို့အဖွဲ့ဟာ အိန္ဒိယမှ သီဟိုဠ်(သီရိလင်္ကာ)မှ ဓာတ်တော်, မွေတော်များနှင့် ဗောဓိပင်ငယ်များကို ထီးချိုင့်အရောက် ပင့်ဆောင်ခဲ့ကြတယ်၊ ဂူအောင်း ဆရာတော်ကြီးဟာ တပည့်ဦးကေတု ဓာတ်တော်များနှင့် ဗောဓိပင်များ ပင့်ဆောင်လာကြောင်း သတင်းကြားလို့ နံနက်ဆွမ်း ဘုဉ်းပေးအပြီး ရွှေဂူတောင်မှ အရှေ့တောရသို့ ကြွလာတော်မူတယ်။

ဆရာတော်ကြီး ကြွလာမည့်အကြောင်း သတင်းမရလေတော့ အရှေ့တောရကိုယ်တော်များလည်း စားပွဲခုံပေါ် ပန်းကန်, ခွက်တွေတင်ပြီး ဆွမ်းစားနေကြသတဲ့၊ စားပွဲခုံပေါ် ဆွမ်းဟင်းပန်းကန်တင်ပြီး ဆွမ်းစားတာဟာ အခုခေတ်တော့ ရိုးနေပြီမို့ ဘာအပြစ် ဖြစ်တယ်လို့ ယူဆခြင်း မရှိကြတော့ပါဘူး။

ရှေးအခါတုန်းက ဘုန်းကြီးဆိုတာ သပိတ်ဖြင့် ဆွမ်းခံပြီး ရသမျှ သပိတ်ဖြင့်ပဲ သုံးဆောင်ကြတာမို့ စားပွဲခုံတွေ, ပန်းကန်တွေ, ယောက်တွေဟာ အဆောင်အယောင်ပစ္စည်းတွေလို ဖြစ်နေတယ်၊ ဒါကြောင့် ခုံတွေ, ပန်းကန် ခွက်တွေနှင့် ဆွမ်းစားတာကို အပြစ်လို့ မြင်ခဲ့ကြတယ်၊ ဂူအောင်း ဆရာတော်ကြီးဟာ တစ်ပါးတည်း အရှေ့တောရကို ကြွလာပြီး ခုံတွေပေါ် ပန်းကန်တွေ တင်ပြီး ဆွမ်းစားနေကြတာကို မြင်တော့-

"ဟေ... ငါက ရဟန်းတော်တွေ များလားလို့ လက်စသတ်တော့ ဘယ်... ရဟန်းတွေ ဟုတ်လို့လဲ၊ ကုလားတွေပါကလား ဟင်... ထွီလို့ တံတွေးထွေးပြီး ရွှေဂူတောင်ပေါ် ပြန်ကြွသွားသတဲ့ကွယ့်။

ဒီအခါ ကျန်ရစ်တဲ့ တပည့်တွေ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်ကုန်ကြသတဲ့၊ ငါတို့ မှားပြီ၊ ဆရာတော် မကြိုက်တာ ပြုလုပ်မိပြီ၊ ဒီအပြစ်ကို ငါတို့ ဘာနှင့်ကန်တော့ကြမလဲ၊ အပြစ်ကို အပြစ်နှင့်ပဲ ကန်တော့ကြစို့လို့ အားလုံးတိုင်ပင်ကြပြီး ဇလာစာအုပ်ရဲ့အတွင်း ဇလာစာရွက်များမှာ-

http://www.dhammadownload.com



"တပည့်ကေတု ခြေတော်ကို ဦးတိုက်လျှောက်ထားဝံ့ပါသည်၊ တပည့်သည် ဆရာတော် မနှစ်သက်သော ဖွန်း,ပန်းကန်တို့ဖြင့် စားသောက်မိပါသည်၊ ထို ထုံးစံကို တပည့် သေလွန်သည်အထိ မပြုလုပ်တော့ပါ၊ ဆရာတော် မနှစ်သက်သော ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ လက်ဖက်ရည် သောက်ခြင်းတို့ကိုလည်း တပည့် ကွယ်လွန်သည်အထိ မပြုလုပ်တော့ပါ။

တပည့်အား သနားသောအားဖြင့် ကျူးလွန်မိသော အပြစ်မှ ခွင့်လွှတ်တော်မူပါဘုရား"

ဦးကေတု,က စပြီး ဗလာစာရွက်တစ်ရွက်လျှင် တစ်ပါးစီ တစ်ပါးစီ ရေးသားပြီး အပြစ်မှ ခွင့်လွှတ်ဖို့ တောင်းပန်ကြသတဲ့။

ရှေးခေတ်နှင့် အခုခေတ်ဟာ အခုလို ကွာခြားတယ်၊ အခုခေတ်မှာ သာဆိုလျှင် ဆရာတော်ကြီးကို ခေတ်မမီဘူး၊ တစ်ယူသန်ကြီး စသည်ဖြင့် ဆရာ့အပေါ် ပြစ်မှားမိကြဦးမှာပဲ၊ ရှေးခေတ်ကတော့ ဆရာ မကြိုက်ဘူး ဆိုလျှင် ကိုယ်က ဘယ်လောက်ကြိုက်ကြိုက် မလုပ်ကြဘူး၊ ဆရာ့သဘော ဆရာ့အကြိုက်ကိုသာ လိုက်ကြတယ်၊ အလွန် အတုယူစရာကောင်းပါတယ်။

"ပရိမဏ္ဍလံ အာလောပံ"အရ အဝန်းညီသော ဆွမ်းလုပ်ဆိုတာ လက်ဖြင့် ပြုပြင် လုပ်ကိုင်မှသာ ဖြစ်နိုင်တယ်၊ ဖွန်း, ခက်ရင်းဖြင့် ပြုပြင်လို့ မရပါဘူး၊ သို့သော် ဖွန်း, ခက်ရင်းဖြင့် စားနေကျသွားလျှင်လည်း ပရိမဏ္ဍလ ဖြစ်ဖို့ ခဲယဉ်းမည် မဟုတ်ပါဘူး၊ ဒါကြောင့် ဖွန်း၊ ခက်ရင်းဖြင့် စားခြင်းကို ပရိမဏ္ဍလသိက္ခာပုဒ် ပျက်တယ်လို့ မဆိုသင့်ကြောင့် ဖြေဆိုလိုက်ပါတယ် ကွယ်။

သာဓု... သာဓု... သာဓု...

* * *

ဦးနန္ဒောဘာသရဲ့ **စေတဲ့ပုစ္ဆာက** စေတီ ၄-ပါးမှာ စကြာမင်းရဲ့ စေတီပါတယ်၊ ပုထုဇဉ်ရဟန်းတို့ရဲ့ စေတီမပါဘူး၊ စကြာမင်း ဘာကြောင့် စေတီထိုက်တာလဲဆိုတော့ စကြာမင်းဟာ လူတွေကို တရားဟောတယ်၊ ငါးပါးသီလ မြဲစေတယ်၊ ကောင်းမှု တိုးပွားစေတယ်၊ ဒါကြောင့် စေတီထိုက် တာတဲ့၊ ဒီလိုဆို ပုထုဇဉ်ရဟန်းများလည်း လူတွေကို ငါးပါးသီလပေးတယ်၊

http://www.dhammadownload.com



တရားဟောတယ်၊ ကုသိုလ်တရား တိုးပွားစေတတ်တယ်၊ ဒါကြောင့် ပုထုဇဉ်ရဟန်းလည်း စေတီထိုက်သင့်ပါတယ်တဲ့၊ သို့ပါလျက် ဘာကြောင့် စေတီမထိုက်ပါသလဲတဲ့၊ ဟုတ်လား…"

"ဟုတ်မှန်ကြောင်းပါဘုရား"

ဦးနန္ဒာဘာသ မေးသလို အဋ္ဌကထာဆရာကလည်း မေးပြီး ဖြေထားသကွယ့်။

"အမိန့်ရှိပါဦးဘုရား"

စေတီထိုက်တယ်ဆိုတာ ထိုက်သင့်လို့ ထိုက်တာပဲ၊ မထိုက်သင့်လျှင် မထိုက်ဘူးပေါ့၊ စေတီထိုက်သူက လေးပါးသာ ရှိတယ်၊ ၄-ပါးအရကတော့-

(၁) သဗ္ဗညုဘုရားသခင်၊
(၂) ရှင်ပစ္စေကဗုဒ္ဓါ၊
(၃) အရိယာသာဝက၊
(၄) စကြဝတေးမင်းတို့ ဖြစ်ကြတယ်။

ဒီလေးပါးမှာ သဗ္ဗညုဘုရားက ဘာကြောင့် စေတီထိုက်သလဲဆိုတော့ စေတီတော်ကို ဖူးမြော်ကြရတဲ့အတွက် ဘုရားရှင်ရဲ့ စေတီတော်ပါကလားလို့ သဒ္ဓါသောစိတ်ဖြင့် ကွယ်လွန်ခဲ့လျှင် နတ်ရွာကို ရောက်စေနိုင်တယ်၊ ဒါကြောင့် သဗ္ဗညုဘုရားသခင်ဟာ စေတီထိုက်တယ်။

ရှင်ပစ္စေကဗုဒ္ဓါရဲ့ စေတီတော်ကိုလည်း ကြည်ညိုခဲ့လျှင် နတ်ရွာကို ရောက်စေနိုင်တယ်၊ ဒါကြောင့် စေတီထိုက်တယ်၊ အရိယာသာဝကရဲ့ စေတီတော်ကိုလည်း ကြည်ညိုလျှင် နတ်ရွာကို ရောက်စေနိုင်တယ်၊ ဒါကြောင့် အရိယာသာဝကလည်း စေတီထိုက်တယ်။

စကြာမင်းရဲ့ စေတီတော်ကိုလည်း ဖူးမြော်လျှင် ဒီစေတီဟာ တရားစောင့်တဲ့ စကြာမင်းရဲ့ စေတီတော်ပါကလားလို့ ကြည်ညိုသဒ္ဓါဖြစ်စေနိုင်တယ်၊ အဲဒီ… ကြည်ညိုသောစိတ်က နတ်ရွာကို ပို့ဆောင်နိုင်တယ်၊ ဒါကြောင့် စကြဝတေးမင်းဟာ စေတီထိုက်တယ်၊ ဒီနေရာမှာ မေးစရာရှိတာက မြတ်စွာဘုရားဟာ အိမ်ရာတည်ထောင်ပြီး သားမယားနှင့်နေတဲ့ စကြာမင်းကိုတော့ စေတီထိုက်တယ်လို့ ဟောတယ်၊ သီလရှိတဲ့ ပုထုဇဉ်ရဟန်းကိုတော့ ဘာကြောင့်

http://www.dhammadownload.com



စေတီထိုက်တယ်လို့ မဟောပါသလဲ–တဲ့။

အဖြေကတော့ အံ့ဖွယ်မဖြစ်သောကြောင့် မဟောတာပါတဲ့၊ ဒီစကား ကို အကျယ်ချဲ့လိုက်လျှင် ပုထုဇဉ်ရဟန်းအတွက် စေတီကိုသာ ခွင့်ပြုခဲ့လျှင် အခြားနေရာကိုထားပြီး သီဟိုဠ်တစ်ကျွန်းမှာပင် ရဟန်းတော်ရဲ့စေတီ ပြည့် သွားလိမ့်မယ်တဲ့၊ သာသနာတော် ထွန်းလင်းတဲ့ မြန်မာ, ထိုင်းအစရှိတဲ့ နိုင်ငံ များမှာလည်း ထို့အတူပါပဲတဲ့၊ ဒါကြောင့် ပုထုဇဉ်ရဟန်းဟာ သီလ ရှိပင် ရှိသော်လည်း စေတီ တည်ခွင့်မပြုခြင်းဖြစ်တယ်၊ စေတီတွေ ဒီလောက် များပြားနေလျှင် အံ့သြစရာရှိမှာ မဟုတ်တော့ဘူးတဲ့။

စကြာမင်းဆိုတာက လောကမှာ အလွန်နည်းပါးတယ်၊ သူ့ရဲ့ စေတီ ဟာလည်း နည်းပါးတဲ့အတွက် အံ့ဖွယ်ကို ဆောင်တယ်၊ ဒါကြောင့် စကြာမင်း ဟာ စေတီထိုက်သတဲ့ကွယ့်၊ သီလဝန္တပုထုဇဉ်ရဟန်းဟာ စေတီ မထိုက် သော်လည်း သီလဝန္တပုထုဇဉ်ရဟန်းတော်ကို ရဟန္တာသဖွယ် ကြီးစွာ ပူဇော် သက္ကာရ ပြုသင့် ပြုထိုက်လှပါတယ်”လို့ အဋ္ဌကထာဆရာက အဖြေရေးသား ထားတယ်၊ ဒါကြောင့် ပုထုဇဉ်ရဟန်းတော်ဟာ စေတီပင် မထိုက်သော် လည်း ပူဇော်ခြင်းတော့ ထိုက်ပါသတဲ့။

စေတီဆိုတာလည်း ပူဇော်ထိုက်တာပဲ၊ သီလဝန္တပုထုဇဉ်လည်း ပူဇော် ထိုက်တာပဲ၊ ပူဇော်ထိုက်တယ်ဆိုတာဟာလည်း စေတီပါပဲ၊ သို့သော် ပုထုဇဉ် ရဟန်းတွေ အလွန်များပြီး နောင်အခါ စေတီတည်ရာ အခက်အခဲ ဖြစ်မှာ မြင်လို့ ပုထုဇဉ်ရဟန်း စေတီမထိုက်လို့ မိန့်တော်မူခြင်း ဖြစ်တယ်။

အခုပြောခဲ့တာက အဋ္ဌကထာဆရာရဲ့ အဖြေစကားပါ၊ ဦးနန္ဒောဘာသ ရဲ့ အမေးကိုလည်း အဋ္ဌကထာဆရာရဲ့ အယူအဆအတိုင်း အဖြေပေးလိုက်ပါ တယ်ကွယ်။

သာဓု... သာဓု... သာဓု...

***

http://www.dhammadownload.com



# သက်သတ်လွတ်စားခြင်းသည် ဘုရားအလိုတော်ကျ ဟုတ်, မဟုတ်

ယနေ့သည်ကား ကောဇာသက္ကရာဇ် ၁၃၅၇–ခု နှစ်၊ ဝါဆိုလပြည့်ကျော် ၃–ရက်နေ့ဖြစ်ပါသည်၊ ယခု ဝါဆိုဦးတွင် ထီးချိုင့်မြို့နယ်၌ ရဟန်းခံရှင်ပြု အလှူများ အလွန်ပေါများသဖြင့် တစ်ကျောင်းမှတစ်ကျောင်း လှည့်ပတ်ကာ ကိုယ့်ကျောင်းကို မပြန်နိုင်အောင်ဖြစ်ခဲ့၏၊ ဝါဆိုလပြည့်ကျော် ၁–ရက်နေ့ ဝါဆိုပြီးသော် နယ်မှ အပင့်အဖိတ် ရပ်စဲသွားသဖြင့် ကြွေးတင်နေသော ဆောင်းပါးများကို အခန်းတွင်းအောင်းကာ ရေးနေ၏။

အချိန်ကား နံနက် ၈–နာရီခန့်ရှိလေပြီ၊ စာရေးနေစဉ် အခန်း အပြင်ဘက်မှ စကားပြောသံကိုကြားရ၏၊ အားလုံး ကျောင်းအောက်မှာ စာတက်စာကျက်နေကြ၏၊ အပြင်ဘက်၌ စကားပြောနေသူများကို ကိုရင်၊ ကျောင်းသား၊ ဦးပဉ္ဇင်းများ မဟုတ်နိုင်၊ ဧည့်သည်များသာ ဖြစ်သင့်သောကြောင့် စာရေးရာမှထ၍ အခန်းပြင်ဘက်သို့ ထွက်ကြည့်လိုက်သည်၊ အခန်းပြင်ဘက်၌ ဒါယကာသုံးဦး ထိုင်နေသည်ကိုမြင်၍ အပြင်ဧည့်ခန်းနေရာသို့ သွားရောက်ထိုင်ပြီးလျှင်–

“ဒကာတို့က ဘယ်ကလဲ”ဟု မေးလိုက်သည်။

“တပည့်တော်တို့က မန္တလေး ဇလဗေဒဌာနကပါဘုရား၊ သူက ကိုရဲနီ၊ တပည့်တော်က သန်းဇော်၊ သူက မောင်မျိုး ဖြစ်ပါတယ်ဘုရား”

http://www.dhammadownload.com



"ဩော်... အင်း... အင်း... ဇလဗေဒကဆိုတော့ အခုလို ရေကြီးတဲ့အခါ တိုင်းထွာကြတာ ထင်ရဲ့ကော"

"မှန်ပါ၊ တပည့်တော်များက ဇလဗေဒ အမှုထမ်းတွေဆိုတော့ တာဝန်အရ ရေကြီးတဲ့အင်အား မိုးလေဝသအင်အား အားလုံးတိုင်းထွာဖို့ ခရီးထွက်ခဲ့ကြတာပါ ဘုရား၊ ထီးချိုင့်ရောက်လာတော့ ဆရာတော်ကို သတိရတာနှင့် တမင်ဝင်ရောက် ဖူးမြော်ကြတာပါဘုရား"

"အေးကွယ်၊ သာဓု သာဓု သာဓု၊ သမဏာနဥ္စ ဒဿနံလို့ မင်္ဂလသုတ်မှာ ဟောတော်မူတဲ့အတိုင်း ရောက်တဲ့နေရာမှာ ရဟန်းသံဃာများကို ဖူးမြော်ရခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တာပေါ့ကွယ်"

"ဆရာတော်ကို ခုမှ ဖူးတွေ့ရဖူးပေမယ့် ဆရာတော်ရဲ့ စာပေတွေနှင့် ရင်းနှီးနေတာတော့ ကြာပါပြီ ဘုရား၊ ဒါကြောင့် ထီးချိုင့်ရောက်တဲ့အခါ အမှတ်တရ ဝင်ရောက် ဖူးမြော်ခြင်းဖြစ်ပါတယ်ဘုရား၊ ဆရာတော်ကို ဖူးရုံမျှမက တပည့်တော်မှာ မေးလျှောက်စရာလည်း အနည်းငယ် ပါလာပါတယ်ဘုရား"

"မေးလျှောက်စရာဆိုတာ ဘာလဲ၊ မေးစမ်းပါဦး"

"မေးလျှောက်စရာက အခြားမဟုတ်ပါဘုရား၊ ခုအခါ ဟိုအဖွဲ့ သည်အဖွဲ့နှင့် ဘာသာရေးအဖွဲ့များ ပေါ်ပေါက်ပြီး သက်သတ်လွတ်စားခြင်း၊ မီးလွတ်စားခြင်းဆိုတာတွေ တော်တော် ခေတ်စားနေပါတယ်၊ အဲဒီ သက်သတ်လွတ်စားခြင်း၊ မီးလွတ်စားခြင်းဆိုတာတွေဟာ စာပေမှာ ရှိသလား၊ ဘုရားအလိုတော်နှင့်ကော ကိုက်သလားဆိုတာ တပည့်တော်များ မရှင်းပါဘုရား၊ ဒါကြောင့် ဆရာတော်နှင့်ကြုံခိုက် လျှောက်ထားပါရစေ၊ အမှန်ကို ဖြေရှင်းပေးတော်မူပါဘုရား"

"အခု ပြဿနာလျှောက်ထားတဲ့ပုဂ္ဂိုလ်က ဘယ်သူတဲ့"

"မှန်ပါ၊ တပည့်တော် သန်းဇော်ပါဘုရား"

"အခု ပြဿနာကို မေးတာက မောင်သန်းဇော်က သက်သတ်လွတ်စားနေသူလား၊ ဒါမှမဟုတ် သက်သတ်လွတ် စားချင်လို့လားကွယ့်"

http://www.dhammadownload.com



"မှန်ပါ၊ တပည့်တော် သက်သတ်လွတ်လည်း မစားပါဘုရား၊ သက်သတ်လွတ် စားမယ်လို့လည်း မဟုတ်ပါဘုရား၊ သက်သတ်လွတ်စားတာဟာ ဘုရားအလိုတော် ကျ,မကျ သိချင်လို့ပါဘုရား"

"ဒီလိုဆိုလျှင် ဓမ္မပဒပါဠိတော် ဓမ္မကထ္ထေရ ဝတ္ထုကဂါထာကို ဦးစွာရွတ်ပြမယ်ကွယ့်"

"ရွတ်ပြတော်မူပါဘုရား"

**မာသေ မာသေ ကုသဂ္ဂေန၊**

**ဗာလေ ဘုဉ္ဇေယျ ဘောဇနံ။**

**န သော သင်္ခတဓမ္မာနံ၊**

**ကလံ နဂ္ဃတိ သောဠသိံ။**...တဲ့ကွယ့်

"အဓိပ္ပာယ်က ဘယ်လိုပါလဲဘုရား"

"အကြောင်းအကျိုး အကောင်းအဆိုးကို မသိ တတ်တဲ့ လူမိုက်ဟာ နိဗ္ဗာန်ရဖို့ ရည်ရွယ်ပြီး အစာ မစားဘဲ ကျင့်သည်ဖြစ်စေ၊ သမန်းမြက်များနှင့် တစ်လ မှ တစ်ကြိမ် တို့စားပြီး ကျင့်သည်ဖြစ်စေ၊ သိအပ်သော တရားကို သိတဲ့ပုဂ္ဂိုလ်တို့ရဲ့ အကျင့်ကို ၁၆–စိတ်၊ စိတ်ပြီး တစ်စိတ်မျှပင် မမီနိုင်ဘူးလို့ ဆိုလိုတယ်"

"ဒီဂါထာက ဘာကိုပြောသလဲဆိုတော့ အကျင့် သာကျင့်နေတယ်၊ ကိုယ်ကျင့်တဲ့အကျင့်ဟာ အကျင့်ကောင်း ဟုတ်,မဟုတ်သိဖို့ အရေးကြီးတယ်ဆိုတာကို ပြောတယ်။

ဒုတိယ ပြောချင်တာက ဒေဝဒတ်ရဲ့ တောင်းဆိုချက် ငါးပါးပါပဲ၊ ဒေဝဒတ်ဟာ သူ့အကြောင်း လူတွေက သိကုန်တော့ မကြည်ညိုကြဘူး၊ ဒါကြောင့် တစ်နေ့တခြား လာဘ်လာဘ လျော့ပါးလာတယ်၊ ဒါကြောင့် အံ့ဖွယ်တစ်ခုတော့ လုပ်ဦးမှပဲလို့ ဘုရားရှင်ထံ သွားရောက်ပြီး "ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော် တောင်းပန်ပါတယ်–

၁။ ရဟန်းတော်အားလုံး အသက်ထက်ဆုံး တောကျောင်းမှာ နေကြပါစေ၊ ရွာဦးကျောင်းမှာနေတဲ့ ရဟန်း အာပတ်သင့်ပါစေ။

၂။ ရဟန်းတော်အားလုံး တစ်သက်လုံး ဆွမ်းခံစားကြပါစေ၊ ဒကာလှူသောဆွမ်း စားသောရဟန်း အာပတ်သင့်ပါစေ။

http://www.dhammadownload.com



၃။ ရဟန်းတော်အားလုံး အသက်ဆုံးသည်အထိ ပံ့သကူသင်္ကန်းကို ဝတ်ကြပါစေ၊ ဒကာလှူတဲ့ သင်္ကန်းဝတ်တဲ့ရဟန်း အာပတ်သင့်ပါစေ။

၄။ ရဟန်းတော်အားလုံး အသက်ဆုံးသည့်တိုင်အောင် သစ်ပင်ရင်းမှာ နေကြပါစေ၊ အမိုးရှိသောကျောင်းမှာ နေသောရဟန်း အာပတ်သင့်ပါစေ။

၅။ ရဟန်းတော်အားလုံး အသက်ထက်ဆုံး သက်သတ်လွတ်သာ စားပါစေ၊ ငါးအမဲစသော အသားစားသောရဟန်း အာပတ်သင့်ပါစေ–လို့ ဒီအချက်ကြီး ငါးချက်ကို တောင်းဆိုခဲ့တယ်၊

ဒီအခါ ဘုရားရှင်က “ဒေဝဒတ် သင် လျှောက်ထားတဲ့ အချက်အားလုံးဟာ မသင့်လျော်ဘူး။

၁။ ရဟန်းတော်အားလုံး သူတို့အလိုအတိုင်း တောကျောင်းမှာဖြစ်စေ၊ ရွာကျောင်းမှာဖြစ်စေ နေကြပါစေ။

၂။ ရဟန်းတော်အားလုံး သူတို့သဘောအတိုင်း ဆွမ်းခံ စားချင်စားကြပါစေ၊ ဒကာလှူသောဆွမ်းကို စားချင်လည်းစားကြပါစေ။

၃။ ရဟန်းတော်အားလုံး ပံ့သကူ ဆောင်လိုက ဆောင်ကြပါစေ၊ ဒကာများလှူသော သင်္ကန်းကို ဝတ်ချင်လည်း ဝတ်ကြပါစေ။

၄။ ရဟန်းတော်အားလုံး နေလိုပါက ရှစ်လတို့ပတ်လုံး သစ်ပင်ရင်းမှာ နေခွင့်ပြုပြီးဖြစ်တယ်။

၅။ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း အစွန်း ၃–ပါး က ကင်းလွတ်တဲ့ ငါးအမဲ စသည်ကို စားသောက်ကြရန် ငါ ခွင့်ပြုပြီးဖြစ်တယ်”လို့ မိန့်တော်မူပြီး ဒေဝဒတ်ရဲ့တောင်းဆိုချက်များကို ပယ်ချခဲ့တယ်။

ဒီတောင်းဆိုချက်ငါးပါးမှာ ပဉ္စမတောင်းဆိုချက်ဟာ သက်သတ်လွတ်စားကြဖို့ တောင်းဆိုတာပါပဲ၊ သို့သော်လည်း ဒေဝဒတ်တောင်းဆိုတဲ့အတိုင်း ဘုရားရှင်က ခွင့်မပေးခဲ့ဘူးကွယ့်။

အခု နောက်ဆုံး ပြောချင်တာကတော့ ဝိနည်း မဟာဝဂ်ပါဠိတော်၊ ဘေသဇ္ဇက္ခန္ဓက ကလာတဲ့ သီဟစစ်သူကြီးဝတ္ထုပါပဲ၊ သီဟစစ်သူကြီးဆိုတာ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ရဲ့ စစ်သေနာပတိကြီးဖြစ်တယ်၊ သီဟစစ်သူကြီး

http://www.dhammadownload.com



ဟာ နိဂဏ္ဌနာဋပုတ္တရဲ့ တပည်ဖြစ်တယ်၊ နိဂဏ္ဌ ဆိုတာက သူတို့မှာ ဂဏ္ဌ တရား လေးပါး မရှိတော့ဘူးတဲ့ကွယ်၊ ဂဏ္ဌ တရားဆိုတာ ဒီခန္ဓာကိုယ်ကြီး သံသရာထဲက မထွက်နိုင်အောင် ထုံးဖွဲ့ ချည်နှောင်တတ်တဲ့တရားလို့ ဆိုလိုတယ်။

သဂြိုဟ်ကျမ်းမှာ ဂဏ္ဌ တရားဟာ ၄-ပါးရှိတယ်၊ (၁) အဘိဇ္ဈာ၊ (၂) ဗျာပါဒ၊ (၃) သီလဗ္ဗတပရာမာသ၊ (၄) ဣဒံသစ္စာဘိနိဝေသ ဒီတရား ၄-ပါးဟာ ဂဏ္ဌ တရားဘဲ၊ အရကောက်တော့ အဘိဇ္ဈာက **လောဘ**၊ ဗျာပါဒက **ဒေါသ**၊ ကျန်တဲ့တရား ၂-ပါးက **ဒိဋ္ဌိ**၊ ဒီ လောဘ,ဒေါသ,ဒိဋ္ဌိဆိုတဲ့ တရားဟာ သံသရာက မထွက်နိုင်အောင် ထုံးဖွဲ့ထားတဲ့တရားမို့ ဂဏ္ဌ လို့ခေါ်သတဲ့၊ သံသရာက မထွက်နိုင်အောင် ခန္ဓာကိုယ်ကို ထုံးဖွဲ့ချည်နှောင်ထားတဲ့ အဲဒီတရား လေးပါးဟာ သူတို့မှာ မရှိတော့ဘူးတဲ့၊ ဒါကြောင့် နိဂဏ္ဌ လို့ ခေါ်တာတဲ့၊ နာဋပုတ္တဆိုတာ သူ့မယ်တော်က ကချေသည်မမို့ နာဋပုတ္တလို့ ခေါ်တာတဲ့၊ အမှန်ကတော့ သူ့နာမည်ရင်းက (မဟာဝီရ)လို့ခေါ်တယ်၊ (ဂန္ဓမာန)လို့လည်း ခေါ်တယ်၊ သူ့ခမည်းတော်က ဝေသာလီပြည် အလှည့်ကျမင်းတစ်ပါးဖြစ်တယ်၊ ထိုအခါက ဝေသာလီပြည်ဟာ သက်ဦးဆံပိုင်ဘုရင် စိုးအုပ်တာ မဟုတ်ဘူး၊ အလှည့်အလည် ပြည်သူက တင်မြှောက်တဲ့မင်း စိုးအုပ်နေတယ်၊ ဒါကြောင့် နာဋပုတ္တဟာ အမေဘက်က ကချေသည်မ ဖြစ်သော်လည်း အဖေဘက်က မင်းတစ်ပါးဖြစ်တယ်၊ နာဋပုတ္တရဲ့သာသနာကို ဂျိန်းသာသနာလို့ ခေါ်တယ်၊ အိန္ဒိယပြည်မှာ ယနေ့အထိ ဂျိန်းဘာသာဝင် အများအပြား ရှိသေးတယ်။

ဂျိန်းဘာသာက အရာဝတ္ထုမှန်သမျှ အသက်ရှိတယ်လို့ ယူဆထားတယ်၊ ရေမှာ အသက်ရှိတယ်၊ ရေအေးကို မသောက်ရဘူး၊ ရေထဲက ပိုးသေအောင် ရေကို ကြိုချက်ပေးသူရှိမှ သောက်ရတယ်။

ဂျိန်းရဟန်းတော်များဟာ အဝတ် မဝတ်ဘူး၊ တုံးလုံးနေကြတယ်၊ အဝတ်ဝတ်ခဲ့လျှင် အဝတ်မှာရှိတဲ့ သတ္တဝါကို ညှဉ်းဆဲရာ ရောက်သတဲ့၊ ဒါပဲ လားဆို မကသေးဘူး၊ အချို့သော နိဂဏ္ဌများဟာ မစင် စွန့်ပြီးလျှင်တောင် ရေနှင့်မဆေးဘူး၊ ကနုတ်နှင့် မသုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရေမှာလည်း အသက်ရှိလို့၊ ကနုတ်မှာလည်း အသက်ရှိလို့တဲ့၊ ဒါကြောင့် မစင်စွန့်ပြီးလျှင် မိမိလက်ဖြင့်သာ သုတ်သင်သတဲ့၊ သီဟစစ်သူကြီးဟာ အဲဒီ နာဋပုတ္တခေါ်တဲ့ ဂျိန်းရဲ့တပည့်ဖြစ်တယ်၊ သို့ဌသည်း နာဋပုတ္တအစရှိတဲ့ ပညာရှိကြီးတွေဟာ

http://www.dhammadownload.com



ဘုရားမပွင့်ခင် သူတို့က ဦးစွာပွင့်နေကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ ဒါကြောင့် ထိုအခါက မဇ္ဈိမတိုက်မှာ ထိုတိတ္ထိကြီးတွေရဲ့ တပည့်တွေ ပေါများတယ်၊ လောကသုံးပါးမှာ ဘုရားဖြစ်ပွင့်လာတော့ နေထွက်ခဲ့တဲ့အခါ ပိုးစုန်းကြူးလို တိတ္ထိတွေရဲ့ အရောင်အဝါဟာ ညှိုးသွားတယ်၊ သူတို့ကို ကိုးကွယ်နေကြတဲ့ လူတွေဟာလည်း များသောအားဖြင့် ဗုဒ္ဓဘာသာတွေ ဖြစ်လာကြတယ်၊ လိစ္ဆဝီမင်းတွေဟာ မူလကတော့ သူတို့ကိုးကွယ်ချင်ရာ ကိုးကွယ်ခဲ့ကြတာပဲ၊ ခု ဘုရားပွင့်လာတော့ များသောအားဖြင့် ဗုဒ္ဓဘာသာတွေ ဖြစ်လာကြတယ်၊ ဒါကြောင့် မင်းကွန်းအစည်းအဝေးမှာ ဆုံတွေ့ကြလျှင် ရတနာသုံးပါးရဲ့ ဂုဏ်တော်များကို ပြောဆို ဆွေးနွေးတတ်ကြသတဲ့၊ သီဟသေနာပတိ ဆိုတာ လည်း လူကြီးလူကောင်း တစ်ယောက်ကိုး၊ မင်းကွန်း အစည်းအဝေးတွေမှာ သူလည်း ပါတာပေါ့၊ ပါပေမယ့် အများက ဗုဒ္ဓဘာသာတွေဖြစ်ပြီး သူက ဂျိန်းဘာသာဝင် ဖြစ်နေတယ်၊ ဒါကြောင့် ရတနာသုံးပါး ချီးကျူး ပြောဆို ကြတဲ့ ပရိသတ်ထဲမှာ သူဟာ ဘာမျှ မပြောတတ်ဘူး၊ အဲဒီအခါက ဘုရား ရှင်ဟာ ဝေသာလီပြည်ကို ရောက်နေတယ်၊ အများ ချီးကျူးကြတဲ့ ဘုရားရှင် ထံကို သီဟစစ်သူကြီးလည်း သွားရောက်ချင်တယ်၊ သို့သော်လည်း သူက ဂျိန်းဘာသာဝင်ဆိုတော့ ဆရာကို ကျော်လွှားဖို့ မသင့်ဘူး၊ ဒါကြောင့် နာဋ ပုတ္တထံသွားပြီး တပည့်တော် ရဟန်းဂေါတမထံ သွားချင်တယ်လို့ပြောတယ်၊ နာဋပုတ္တက "သီဟ သင်ဟာ ပြုထိုက်တယ်ဆိုတဲ့ (ကြိယဝါဒ)ရှိတယ်၊ ရဟန်းဂေါတမက မပြုထိုက်ဆိုတဲ့ (အကြိယဝါဒ)ရှိတယ်၊ သင်ဟာ ရဟန်း ဂေါတမထံ မသွားထိုက်ဘူးလို့" ပြောသတဲ့၊ နာဋပုတ္တ ပြောတာနှင့် သီဟ စစ်သူကြီးဟာ သွားချင်တဲ့စိတ် ပျက်သွားသတဲ့။

နောက်အခါ မင်းကွန်း အစည်းအဝေး သွားပြန်တော့ လိစ္ဆဝီမင်းတို့ရဲ့ ရတနာသုံးပါး ချီးကျူးသံ ကြားပြန်လို့ ဘုရားရှင်ထံ သွားလိုတဲ့စိတ် ဖြစ်ခဲ့ ပြန်တယ်၊ ဒါကြောင့် ဆရာဖြစ်သူ နာဋပုတ္တထံ သွားရောက် လျှောက်ထား ပြန်တော့ နာဋပုတ္တက ဘုရားထံ မသွားဖြစ်အောင် ဖျက်တာကြောင့် ဒုတိယ အကြိမ် ပျက်ပြန်တယ်။

တတိယအကြိမ် ဘုရားဖူးသွားလိုစိတ် ဖြစ်ပြန်တော့ သီဟစစ်သူကြီးမှာ အကြံ ဖြစ်လာတယ်၊ ငါဟာ တာဝန်ရှိလို့ ဆရာ့ထံ လျှောက်ထားတာဟာ

http://www.dhammadownload.com



နှစ်ကြိမ် ရှိသွားပြီ၊ အခွင့်မရဘူး၊ အခု သွားလျှောက်ထားလည်း ခွင့်ပေးမှာ မဟုတ်ဘူး၊ ပန်ကြားသည်ဖြစ်စေ၊ မပန်ကြားသည်ဖြစ်စေ သူတို့က ငါ့ကို ဘာလုပ်နိုင်ဦးမှာလဲ၊ ဒါကြောင့် ငါဟာ နိဂဏ္ဍနာဋပုတ္တကို မပန်ကြားဘဲ ဘုရားဖူးသွားမှ တော်မယ်လို့ အဲဒီလို အကြံဖြစ်လာလို့ သီဟစစ်သူကြီးဟာ နေမွန်းလွဲအချိန် ရထားငါးရာနှင့် ဘုရားဖူး ထွက်လာတယ်၊ ဘုရားရှင်ထံ ရောက်တော့ သင့်တင့်တဲ့နေရာက ရှိခိုးဦးချပြီး ဘုရားရှင်ကို လျှောက်သတဲ့ ကွယ်။

"အရှင်ဘုရား... အရှင်ဘုရားဟာ မပြုထိုက်ဆိုသော အကြိယဝါဒ ရှိတယ်လို့ ကြားဖူးပါတယ်၊ ဟုတ်ပါရဲ့လား"တဲ့၊ ဘုရားရှင်က သီဟ ငါဟာ မပြုထိုက်သော အကြိယဝါဒ ရှိတယ်လို့ ပြောခဲ့လျှင် ပရိယာယ်တစ်နည်း အားဖြင့် မှန်တယ်၊ ငါ့ကို ပြုထိုက်သော ကြိယဝါဒ ရှိတယ်လို့ပြောလျှင်လည်း ပရိယာယ်တစ်နည်းအားဖြင့်တော့ မှန်တယ်။

ငါ့ကို ဖြတ်အပ်သော ဥစ္ဆေဒအယူ ရှိတယ်လို့ ပြောလျှင်လည်း ပရိယာယ်တစ်နည်းအားဖြင့် မှန်တယ်၊ ငါ့ကို စက်ဆုပ်ခြင်းသဘော ရှိတယ် လို့ ပြောလျှင်လည်း ပရိယာယ်တစ်နည်းအားဖြင့် မှန်တယ်၊ ငါ့ကို ဖျက်ဆီး တတ်သောသဘောရှိသူလို့ ပြောလျှင်လည်း ပရိယာယ်တစ်နည်းအားဖြင့်တော့ မှန်တယ်၊ ငါ့ကို ပူပန်စေတတ် သူလို့ပြောလျှင်လည်း ပရိယာယ်တစ်နည်း အားဖြင့်တော့ မှန်တယ်၊ ငါ့ကို နတ်ပြည်မရောက်အောင် တရားဟောသူလို့ ဆိုလျှင်လည်း ပရိယာယ်တစ်နည်းအားဖြင့်တော့ မှန်တယ်၊ ငါ့ကို သက်သာရာ ရှာသူလို့ ပြောလျှင်လည်း တစ်နည်းအားဖြင့်တော့ မှန်တယ်၊ သီဟ ငါ ယခုပြောခဲ့တဲ့ အယူအဆတွေကို ရှင်းလင်းအောင် ပြန်လည်ပြောပြဦးမယ်။

ငါဟာ ဒုစရိုက်တရားများကို မပြုထိုက်ဘူးလို့ ဟောတယ်၊ အကုသိုလ် မှန်သမျှ မပြုထိုက်ဘူးလို့ ဟောတယ်၊ ဒါကြောင့် ငါ့ကို မပြုထိုက်သော အကြိယဝါဒသမားလို့ ဆိုချင်ဆိုနိုင်တယ်။

ငါဟာ သုစရိုက်တရားကို ပြုရမယ်လို့ ဟောတယ်၊ ကောင်းသော ကုသိုလ်တရားများ ပြုလုပ်ကြရန် ဟောတယ်၊ ဒါကြောင့် ငါ့ကို ကြိယဝါဒလို့ ဆိုချင် ဆိုနိုင်တယ်။

http://www.dhammadownload.com



ငါဟာ ရာဂ, ဒေါသ, မောဟတရားများကို ဖြတ်ဖို့ရာ ဟောတယ်၊ များပြားသော အကုသိုလ်တရားတွေကို ဖြတ်ဖို့ရာ တရားဟောတယ်၊ ဒါကြောင့် ငါ့ကို ဥစ္ဆေဒဝါဒရှင်လို့ ဆိုချင်ဆိုနိုင်တယ်။

ငါဟာ မကောင်းသောအကျင့်များကို စက်ဆုပ်တယ်၊ အကုသိုလ်မှန်သမျှကို စက်ဆုပ်တယ်၊ ဒါကြောင့် ငါ့ကို စက်ဆုပ်ခြင်းသဘောရှိတယ်လို့ ပြောချင် ပြောနိုင်တယ်။

ငါဟာ ရာဂ ဒေါသ မောဟတရားကို ဖျက်ဆီးတတ်တယ်၊ ယုတ်ညံ့တဲ့ အကုသိုလ်တရားများကို ဖျက်ဆီးတတ်တယ်၊ ဒါကြောင့် ငါ့ကို ဖျက်ဆီးတတ်သူလို့ ခေါ်လိုက ခေါ်နိုင်တယ်။

ငါဟာ အကုသိုလ်တရားတွေကို ပူပန်စေတတ်တယ်၊ ယုတ်ညံ့တဲ့ ဒုစရိုက်အကျင့်များကို ပူပန်စေတတ်တယ်၊ ဒါကြောင့် ငါ့ကို ပူပန်စေတတ်သူလို့ ပြောချင် ပြောနိုင်တယ်။

ငါဟာ ပဋိသန္ဓေအသစ်ဖြစ်စေတတ်တဲ့ အဝိဇ္ဇာ တဏှာကို ပယ်ပြီးပြီ၊ ထို့ကြောင့် ငါဟာ နတ်ပြည်ရောက်ခြင်းမှာ မထိုက်၊ တပည့်သားများကိုလည်း ရုပ်နာမ် ချုပ်၍ နတ်ပြည်ရောက်ခြင်းမှ ကင်းအောင် တရားဟောတယ်၊ ဒါကြောင့် ငါ့ကို နတ်ပြည် မရောက်အောင် တရားဟောသူလို့ ဆိုချင် ဆိုထိုက်တယ်”

ငါဟာ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော သက်သာရာကို ရစိမ့်သောငှာ တရားဟောတယ်၊ ဒါကြောင့် ငါ့ကို သက်သာရာ ရှာသူလို့ဆိုလျှင် ဆိုနိုင်တယ်လို့ ဟောတော်မူတယ်” ဒီအခါ သီဟစစ်သူကြီးက–

“အရှင်ဘုရား၊ အရှင်ဘုရားရဲ့ တရားတော်ဟာ အလွန်နှစ်သက်ဖွယ်ကောင်းပါတယ်၊ ယနေ့မှစပြီး တပည့်တော်ကို ရတနာသုံးပါးဆည်းကပ်တဲ့ ဥပါသကာလို့ မှတ်တော်မူပါ”လို့ လျှောက်တယ်။

ဒီအခါ ဘုရားရှင်က “သီဟ သင်ဟာ ထင်ရှားကျော်ကြားတဲ့ စစ်သေနာပတိချုပ်ဖြစ်တယ်၊ သင်ကဲ့သို့သောပုဂ္ဂိုလ်ဟာ စဉ်းစားပြီးမှ ပြုသင့်တယ်၊ ရုတ်တရက် စိတ်ထင်ရာ မပြုကောင်းဘူး”လို့ မိန့်တော်မူတယ်၊ ဒီအခါ စစ်သူကြီးက အရှင်မြတ်ဘုရား အရှင်မြတ်၏ ဤစကားဖြင့်ပင် အရှင့်အား အလွန် နှစ်သက်ပါတယ်၊ အခြားသော တိတ္ထိတို့သည် တပည့်တော်

http://www.dhammadownload.com



ကဲ့သို့သော ဘပည့်ကို ရပါက ဝေသာလီပြည်လုံး အောင်လံစိုက်ကြပါလိမ့်မည်၊ သို့ပါလျက် အရှင်မြတ်က– "သီဟ၊ သင်ဟာ ကျော်ကြားသူဖြစ်တယ်၊ သင်ကဲ့သို့သောပုဂ္ဂိုလ်ဟာ စဉ်းစဉ်းစားစား ပြုသင့်တယ်လို့ မိန့်ဆိုခြင်းမှာ လွန်စွာ နှစ်သက်ဖို့ ကောင်းပါတယ်၊ ထို့ကြောင့် ရတနာသုံးပါးကို နှစ်ကြိမ်မြောက် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်၊ တပည့်တော်အား ယနေ့မှစပြီး ဥပသကာဟု မှတ်တော်မူပါ"လို့ လျှောက်တယ်။

ဘုရားရှင်က "သီဟ သင်ဟာ နိဂဏ္ဌတို့ကို ရှည်ကြာစွာ ကိုးကွယ်လာသူဖြစ်တယ်၊ နိဂဏ္ဌတို့အား ပေးလှူရမည်ကို အောက်မေ့လော့"လို့ မိန့်တော်မူတော့ စစ်သူကြီးက "အရှင်ဘုရား... ယခင်က တပည့်တော် ကြားဖူးသည်မှာ ရဟန်းဂေါတမသည် သူနှင့် သူ့တပည့်များကိုသာ လှူရမည်၊ အခြားသူကို မလှူရ၊ သူနှင့် သူ့တပည့်များကို လှူမှ အကျိုးကြီးသည်ဟု ဟောကြောင်း ကြားရဖူးပါသည်၊ ယခုမူ နိဂဏ္ဌတို့ကို လှူလော့ဟု မိန့်တော်မူသဖြင့် တပည့်တော်ဟာ ရတနာသုံးပါးအပေါ် အလွန် ကြည်ညို၍ ၃–ကြိမ်မြောက် သရဏဂုံ ခံယူပါသည်ဘုရား"လို့ လျှောက်ထားတယ်။

အဲဒီနောက် ဘုရားရှင်က ကထာအစဉ်ကို ဟောပြတဲ့အတွက် သီဟစစ်သူကြီးက "မြတ်စွာဘုရား... ရဟန်းသံဃာနှင့်တကွ နက်ဖြန် တပည့်တော်ရဲ့ ဆွမ်းကို ခံယူတော်မူပါဘုရား"လို့ လျှောက်ထားပြီး အရိုအသေပြုကာ အိမ်ပြန်သွားတယ်။

အိမ်ရောက်တော့ ယောကျ်ားတစ်ယောက်ကို အလိုလိုဖြစ်တဲ့အသားသွားဝယ်ချေလို့ ခိုင်းပြီး နောက်တစ်နေ့ နံနက်မှာ မွန်မြတ်တဲ့ အမဲသားငါးဟင်းတွေနှင့် ဘုရားအမှူးရှိတဲ့ သံဃာများကို ဆွမ်းကပ်တယ်၊ ဒီအချိန်မှာ နိဂဏ္ဌတွေက မြို့တွင်းလှည့်လည်ပြီး ဟစ်အော် ကြွေးကြော်ကြသတဲ့။

အို လူအပေါင်းတို့... သီဟစစ်သူကြီးဟာ ဒီကနေ့ ကျွဲနွားဝက်တွေကို သတ်ပြီး ရဟန်းဂေါတမကို ဆွမ်းလုပ်ကျွေးနေပါတယ်၊ ရဟန်းဂေါတမကလည်း သိလျက် မိမိကို ရည်ရွယ်သတ်တဲ့ အသားများကို စားနေပါတယ်လို့ ကြွေးကြော်ကြသတဲ့။

ဒီအကြောင်းကို လူတစ်ယောက်က ကြားခဲ့လို့ သီဟစစ်သူကြီးကို လာရောက်ပြောကြားတော့ သီဟစစ်သူကြီးက ဒီနိဂဏ္ဌတွေဟာ ဘုရားရှင်ရဲ့

http://www.dhammadownload.com



အပြစ်ကို အလွန်ကြည့်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ အခု ကြည့်ပါ၊ ဘုရားရှင်မှာ ဘာမျှ အပြစ်မရှိပါဘဲနှင့် အပြစ်ရှာပြီး ပြောနေကြတယ်၊ ငါတို့က သူ့အသက်ကို အသတ်ခိုင်းသလား၊ သေစေလိုတဲ့စေတနာနှင့် ငါတို့ အသတ် မခိုင်းတာ သေချာပါတယ်၊ နိဂန္ထတွေ ပြောချင်တာ ပြောကြပါစေလို့ ပြောသတဲ့။

အဲဒီအရေးကိစ္စနှင့် ပတ်သက်လို့ ဘုရားရှင်က ရဟန်းတော်များကို "ရဟန်းတို့ သိလျက်နှင့် မိမိကို ရည်ညွှန်းသတ်တဲ့ အသားကို မစားရဘူး၊ စားလျှင် ဒုက္ကဋ်အာပတ် သင့်စေရမယ်၊ ရဟန်းတို့ မမြင်သော, မကြားသော, ယုံမှားခြင်း မရှိသော, အစွန်း ၃-ပါးမှ စင်ကြယ်သော ငါးအမဲကို ငါဘုရား စားခွင့်ပြုတယ်"လို့ မိန့်တော်မူတယ်။

အခု ဘုန်းကြီးပြောခဲ့တာက ဘုန်းကြီးရဲ့သဘော လုံးဝမပါဘူး၊ ကျမ်းဂန်လာ စကားကို ထောက်လို့ သက်သတ်လွတ်စားခြင်း၊ မီးလွတ်စားခြင်းတို့ဟာ လောကုတ္တရာဘက်မှာ လုံးဝ အကျိုးမရှိပါဘူး၊ သို့သော် လောကီဘက်မှာတော့ အထိုက်အလျောက် အကျိုးရှိပါတယ်"

"ဘယ်လို အကျိုးများလဲ ဘုရား၊ မိန့်တော်မူပါဦး"

"သက်သတ်လွတ်စားတဲ့အကျိုးက **အမှတ် ၁**- အကုန်အကျ သက်သာတယ်၊ **အမှတ် ၂**- ချက်ရ ပြုတ်ရ စသော အလုပ်ကိစ္စ သက်သာတယ်၊ **အမှတ် ၃**- ပတ်ဝန်း ကျင်မှာရှိကြတဲ့ အစိမ်းတစ္ဆေ သူရဲများဟာ သားစား မျိုးများ ဖြစ်ကြတယ်၊ အသားစားတဲ့ပုဂ္ဂိုလ်ကို နှောင့်ယှက်တတ်တယ်၊ သက်သတ်လွတ်စားတဲ့ ပုဂ္ဂိုလ်ကို မနှောင့်ယှက်တတ်ဘူး၊ ဒါကြောင့် သုသာန်စုတင်၊ တောနေစုတင် ဆောက်တည်တဲ့ရဟန်းများ သားငါးများကို မစားသင့်ဘူး"

"အရှင်ဘုရားရဲ့ မိန့်ဆိုသံကို နာကြားရတော့ ဘုရားသခင် ကိုယ်တော်တိုင် သက်သတ်လွတ် မစားဘူးဆိုတာ ထင်ရှားနေပါတယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ သာသနာတော်မှာ သက်သတ်လွတ်ဟာ အဓိပ္ပာယ်မရှိဘူးလို့ တပည့်တော်ယူဆပါတယ်ဘုရား၊ ဒီသက်သတ်လွတ်ပြဿနာကို ဖြေကြားပေးတဲ့အတွက် ဆရာတော်ဘုရားကို အားကြီး ကျေးဇူးတင်ပါတယ်ဘုရား၊ ဆရာတော်ဘုရား ယခုလို ဖြေကြားပေးမည်ဆိုလျှင် နောက်ပြဿနာတစ်ပုဒ်တော့ မေးလျှောက်ချင်ပါသေးတယ်ဘုရား"

http://www.dhammadownload.com



"မေးချင်တာမေးပါလေ၊ ဖြေနိုင်လျှင် ဖြေပြီး မဖြေနိုင်လည်း မဖြေနိုင်ဘူးလို့ ပြောလိုက်ရုံပါပဲ"

"တပည့်တော် တစ်ခုမေးချင်တာက ယခုအခါ မြန်မာနိုင်ငံတော်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွေကို တော်တော် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေကြပါတယ်၊ စိုက်ပျိုးရေးကိုတော့ အထူးလျှောက်ထားဖို့ မရှိပါဘူး၊ မွေးမြူရေးဆိုတာကတော့ သူ့အသက်နှင့် စပ်နေတဲ့အတွက် ဘာသာရေးအရ မွေးမြူသင့် မမွေးမြူသင့် လျှောက်ထားချင်ပါတယ်ဘုရား"

"မောင်သန်းဇော်ရဲ့ မေးလိုရင်းက ဒီလိုနှင့်တူတယ်၊ မြန်မာနိုင်ငံတော်ဟာ ဗုဒ္ဓရဲ့အဆုံးအမအောက်မှာ ရောက်နေတဲ့ တိုင်းပြည်တစ်ပြည်ဖြစ်တယ်၊ ဗုဒ္ဓရဲ့ အလိုတော်အားဖြင့် လုပ်သင့်,မလုပ်သင့် မေးလိုရင်းလို့ ယူဆတယ်။

လောကမှာ ဘယ်ဘာသာဝင်ပင်ဖြစ်စေ မိမိရဲ့ အဇ္ဈတ္တခန္ဓာကိုယ်အတွင်းမှာ လောဘ,ဒေါသ,မောဟဆိုတဲ့ အညစ်အကြေးရှိနေလျှင် မကောင်းဘူး၊ မိမိတို့ ခန္ဓာကိုယ်အတွင်းမှာ လောဘက ထကြွလာခဲ့လျှင် လောဘရဲ့နောက်ကို လိုက်ကြရတယ်၊ ဒေါသက ထကြွလာခဲ့လျှင် ဒေါသရဲ့နောက်ကို လိုက်ကြရတယ်၊ ဒါကြောင့် ပုထုဇဉ် မှန်သမျှ စင်ကြယ်အောင် နေထိုင်ဖို့ ခက်ခဲတယ်၊ သမ္မာအာဇီဝ အသက်မွေးမှု စင်ကြယ်အောင်လို့ ကောင်းရောင်းကောင်းဝယ်လုပ်တယ်၊ ကောင်းသော ထွန်ယက်မှုနှင့် အသက်မွေးတယ်ပေါ့၊ ဒါဖြင့် အဲဒီပုဂ္ဂိုလ်တွေဟာ တကယ် စင်ကြယ်ရဲ့လားဆိုတော့ စင်ကြယ်သူ အင်မတန် ရှားပါးတယ်၊ ဒီအကြောင်းကို ဦးကျော်လှက သံချိုတစ်ပုဒ်ရေးထားတယ်၊ ကြားဖူးလိမ့်မယ်ထင်ပါတယ်"

"မကြားဖူးပါဘုရား၊ တစ်ဆင့် နာကြားပါရစေ"

"အင်း... သူ့သံချိုက ဒီလိုတဲ့ကွယ်-

**ဒုစရိုက် ပြုမိုက်ကာ အစွှင်ကြံ၍၊ ဘဝင်ကဲ အမြွက်တေးရယ်နှင့်၊ သဘင်ဉာဏ် အသက်မွေးသူတို့ ယှက်ထွေးပုံ စာနာချင့်လျှင်ဖြင့်၊ ကျမ်းဂန်နှင့်တောင် ဖီလာ။**

**မလိမ္မာ အိမ်ရာထောင်ကြ၊ လူ့ဘောင်မှာ ဒုလ္လဘောရယ်လို့၊ ကောင်းသောဉာဏ် ကုန်သွယ်၍၊ ကောင်းအောင်ကွယ် တောင်သူလုပ်ပေမယ့်၊**

http://www.dhammadownload.com



ဗုဒ္ဓုတိ လိုတော်ကျအောင်ပ၊ ဓမ္မပဒံ ကျမ်းဂန်ထွက်ပါတဲ့၊ ရဟန္တာ နှုတ်တော်မြွက်ခဲ့၊ ကျမ်းထွက်သေချာ။

ကျင့်သမ္မာ အာဇီဝငယ်နှင့်၊ မိုကြရန်အသက် မွေးရမယ်တဲ့၊ ဤမြှုမှန်ဓမ္မစက်ပေးခဲ့၊ ရုပ်သေးကို ရှောင်ခွာ၍၊ ကောင်းစွာပင် တောင်သူလုပ်သော်လည်း၊ သမ္မာညီ ဝါဒီချုပ်ပါမှ၊ မဟုတ်လျှင် ပိုမိုမိုပ၊ အကုသိုလ်ဒုက္ခချစ်တော့၊ ဘယ်ဖြစ်မှ မသက်သာ၊ နရက်ရွာ လွတ်ခဲ။

သံပညာ စာအရှိငယ်နှင့်၊ ပါဠိထင်ထင် မြွက်ပါလို့၊ အနက်ကိုဝေဖန်ညှိလိုက်လျှင်၊ ဝိသမံမတည် ဟောပေမယ့်၊ ဤလောဘမှုကြောင့်၊ ပေးအလှူ ဖြောင့်မရိုးပေဘူး၊ တောင်းတင်းမျိုး အထွေထွေနှင့်၊ ကန်သင်းခြေ နင်းလေဘိသည့်ပြင်၊ တအိအိ ရေကိုယူသည့်၊ ကိုတောင်သူ ဒိန္နံနှင့်၊ အရင်းမှာ ငွေတစ်မတ်၊ တစ်ကျပ်ပါ ရငွေတင်၍၊ လေးချိန်ခွင် လည်ဆယ်ကြံကြ၊ ဝါဏိစွဲ မောင်မုသားတို့၊ စားကြ တစ်ဖုံစီမို့၊ ထုံဝသီ လွယ်လွယ်ပ၊ ကုန်သွယ်ကာ လယ်ယာဖြစ်လုပ်နိုင်ဘူး၊ အရုပ်ကြိုးစုံတပ်ပါလို့၊ သမ္မပွလာဉာဏ်နှင့်၊ ကဗျာသ အရှင်သွယ်၍၊ သဘင်သည် ကေန် လုပ်ရပါတော့၊ ကျူပ်တို့ မသကာကျလျှင်ဖြင့်၊ ပဟာသနယ်တစ်ထောင့်ပါပဲ၊ ကယ်ကောင့်ဉာဏ်အမူနှင့်၊ ငါတောင်သူ ငါကုန်သည်ဟု၊ ရွာယုံဖွယ်ကွက်စုံ ရိုက်ပါလို့၊ လက်ကုန်နှိုက် ဗလချာမောင်တို့က၊ သမ္မာယောင်ပြုပြင်၍၊ သမုဒယံ ခုခံလို့ မကြွားချင်နှင့်၊ အမှုမမှန်လျှင် ဘယ်သူ့အကြံမှ မတရားပါဘူး၊ စတုအပါယံ ပြုသဟာကံနှင့်၊ လားရလိမ့်မယ်ကွယ် မှားကြဆင်ကွယ်" တဲ့ကွယ်။

(မှတ်ချက်။ ဤသံချိုကို မန်လည်ဆရာတော် အဖြေရေးထားသည်)

ဘုန်းကြီးက ဒီသံချိုကို ထောက်ခံပြီး ပြောနေတာ မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ လောဘ, ဒေါသ, မောဟ ရှိနေသေးလျှင် စင်ကြယ်အောင်အသက်မွေးဖို့ ခက်ခဲတဲ့အကြောင်း ပြောပြနေတာနော်။

"မှန်ပါ၊ သဘောပေါက်ပါတယ်ဘုရား"

"ဒီနေရာမှာ ၅၅၀–ဒုကနိပါတ်ကလာတဲ့ ဝဏ္ဏုနခဇာတ်ကို ပြောချင်သကွယ့်"

http://www.dhammadownload.com



"မိန့်တော်မူပါဘုရား"

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်က ဘုရားအလောင်းတော်ဟာ ဟိမဝန္တာတောမှာ ရသေ့ပြုလုပ်နေသတဲ့၊ ရသေ့နာမည်က ဝစ္ဆနခတဲ့ကွယ့်၊ ဟိမဝန္တာအရပ်ဟာ ဆောင်းရာသီကျလျှင် နှင်းတွေ ဖုံးလွှမ်းပြီး မိုးရာသီကျပြန်တော့လည်း မိုးက မပြတ်ရွာသတဲ့၊ မိုးက မပြတ်ရွာတော့ မိုးတွင်းမှာ နေဖို့ မလွယ်ဘူးတဲ့၊ ဒါကြောင့် ဝစ္ဆနခရသေ့ဟာ ဟိမဝန္တာက ထွက်လာပြီး ဗာရာဏသီမင်းဥယျာဉ်မှာ နေတယ်၊ နောက်တစ်နေ့ မြို့တွင်းဆွမ်းခံဝင်တော့ ဗာရာဏသီသူဌေးက မြင်မြင်ချင်း ကြည်ညိုလို့ အိမ်ကိုပင့်ပြီး ဆွမ်းကပ်တယ်၊ သူဌေးကြီးက ရိုးရိုး ကြည်ညိုရုံမကဘူး၊ အစ်ကိုရင်း ညီရင်းနှင့် ယခုမှ ပြန်တွေ့ရသလို ရသေ့အပေါ် ချစ်လည်း ချစ်တယ်၊ သူဌေးက ကိုယ့်ကို ချစ်တယ်ဆိုတော့ ရသေ့ကလည်း ပြန်ပြီးချစ်တာပေါ့။

တစ်ရက်တော့ သူဌေးက စဉ်းစားတယ်၊ ရသေ့ ရဟန်းဘဝဆိုတာ သူတစ်ပါး ပေးစာကမ်းစာ စားရတဲ့အတွက် အလွန် ဆင်းရဲတယ်၊ ဒီတော့ ဝစ္ဆနခကို လူထွက်ခိုင်းမယ်၊ ငါ့ပစ္စည်းဥစ္စာ တစ်ဝက်လည်း ခွဲပေးမယ်၊ လူ့ဘဝ လုပ်တတ်ကိုင်တတ်အောင်လည်း သင်ပေးမယ်လို့ အကြံဖြစ်သတဲ့၊ အဲဒီလို အကြံဖြစ်ပြီး နောက်တစ်နေ့မှာ အိမ်ကို ဆွမ်းစားပင့်ပြီး သူ့အကြံအစည်ကို လျှောက်ထားသတဲ့၊ အဲဒီအခါ ဝစ္ဆနခရသေ့ ပြန်ပြောတဲ့ စကားဟာ အင်မဟန် သတိမူစရာ ကောင်းပါတယ်၊ ဂါထာကတော့–

**ဃရာ နာနီဟမာနဿ၊ ဃရာ နာဘဏတော မုသာ။**

**ဃရာ နိဒိန္နဒဏ္ဍဿ၊ ပရေသံ အနိကုဗ္ဗတော။**

**ဧဝံ ဆိဒ္ဒံ ဒုရာဘိသမ္ဘဝံ၊ ကော ဃရံ ပဋိပဇ္ဇတိ။**...တဲ့ကွယ့်

**အနီဟမာနဿ**– အမြဲမပြတ် လုံ့လဝီရိယ မပြုသောသူ၏၊ **ဃရာ**– အိမ်သည်၊ **နတိဋ္ဌတိ**– မတည်နိုင်၊ **မုသာအဘဏတော**– မုသားမဆိုသောသူ၏၊ **ဃရာ**– အိမ်သည်၊ **နတိဋ္ဌတိ**– မတည်နိုင်၊ **အဒိန္နဒဏ္ဍဿ**– သူတစ်ပါး ဒဏ်ပေးခြင်းကို မခံယူလိုသောသူ၏၊ **ဃရာ**– အိမ်သည်၊ **နတိဋ္ဌတိ**– မတည်နိုင်၊ **ပရေသံ**– သူတစ်ပါးတို့အား၊ **အနိကုဗ္ဗတော**– မညှဉ်းပန်း မနှိပ်စက်လိုသောသူ၏၊ **ဃရာ**– အိမ်သည်၊ **နတိဋ္ဌတိ**– မတည်နိုင်၊ **ဧဝံဆိဒ္ဒံ**– ဤသို့ အပေါက်များစွာရှိသော၊ **ဒုရာဘိသမ္ဘဝံ**– ကုသိုလ်ဖြစ်ရန် အလွန်ခဲယဉ်းသော

http://www.dhammadownload.com



သဘောရှိသော၊ **ဃရံ**– အိမ်ကို၊ **ကော**– အဘယ်သူသည်၊ **ပဋိပဇ္ဇတိ**– စိုးအုပ်၍ နေချင်ပါအံ့နည်း။

ဝစ္ဆနခရသေ့ ပြန်ပြောတဲ့စကား အဓိပ္ပာယ်က အကုသိုလ်တရား မဖြစ်ပွားဘဲ ကုသိုလ်တရား ဖြစ်ပွားလိုတဲ့ ပုဂ္ဂိုလ်မှန်သမျှ သားနှင့်မယားနှင့် အိမ်တစ်ဆောင် မီးတစ်ပြောင် နေဖို့ဆိုတာ အလွန်ခက်သတဲ့၊ အိမ်ဆိုတာဟာ လုံ့လ,ဝီရိယနှင့် အမြဲမပြတ် အားထုတ်နိုင်မှ ရပ်တည်နိုင်တယ်၊ လုံ့လမရှိ၊ ပျင်းရိတဲ့သူရဲ့ အိမ်ဟာ မရပ်တည်နိုင်ဘူးတဲ့၊ မုသားမပါ လင်္ကာမချောတဲ့၊ လူတွေရဲ့အတွက် မုသားပြောရတာ ဘာမျှမဆန်းဘူး၊ ငွေချေးစမ်းပါ ဆိုသူကို အမှန်မပြောချင်လို့ မရှိဘူးလို့ ပြောလိုက်ရတယ်၊ ဒီလို မုသားမပြောချင်တဲ့ အိမ်ဟာလည်း ရပ်တည်နိုင်ဖို့ မရှိဘူးတဲ့ကွယ်၊ ပြီးတော့ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေခဲ့လျှင် သူတစ်ပါး ပေးတဲ့ဒဏ်ကို ခံနိုင်ရည် ရှိရမယ်၊ မိမိကလည်း သူတစ်ပါး နှိပ်စက်တန် နှိပ်စက်ရမယ်၊ သတ်တန် သတ်ရမယ်၊ ဒီလို မပြုနိုင်သူရဲ့ အိမ်ဟာလည်း မတည်တံ့နိုင်ဘူးတဲ့ကွယ့်၊ ဒါကြောင့် အိမ်တစ်ဆောင် ကြီးပွားတိုးတက်ဖို့ ကြည့်လိုက်လျှင် ကုသိုလ်ဖြစ်ဖို့မရှိဘူး၊ ကုသိုလ်တွေ ကျဆုံးဖို့ အပေါက်တွေပဲ များသတဲ့။

အဲဒီလောက် အပေါက်များတဲ့အိမ်ကို ဘယ်သူက စိုးအုပ်ပြီး နေချင်ပါ့မလဲလို့ ဆိုလိုတယ်၊ လူ့ဘဝ လူ့ဌာနမှာ လူရယ်လို့ ဖြစ်ခဲ့လျှင် ကံကောင်းထောက်မတဲ့ သူတွေသာ အကုသိုလ် ကင်းကင်းရှင်းရှင်းနှင့် နေနိုင်ကြတယ်၊ အဲဒီလို လူတွေက အင်မတန် နည်းပါးပါတယ်၊ များစွာသောပုဂ္ဂိုလ်တွေက အကုသိုလ်တွေအကြားမှာ မွေးဖွားလာကြရတာ များတယ်ကွယ့်။

ဒါကြောင့် တံငါလုပ်သူကို တံငါမလုပ်နှင့်၊ အပြစ်ကြီးတယ်လို့ ပြောလို့မဖြစ်ဘူး၊ သူ့ကံနှင့်သူ ဖြစ်ကြတာ သဗ္ဗေ သတ္တာ ကမ္မဿကာလို့ပဲ ထားသင့်တယ်၊ မွေးမြူရေးသမားတွေကိုလည်း ထို့အတူ ကမ္မဿကာ ထားသင့်တယ်၊ မွေးမြူရေး မလုပ်ရဘူး၊ မွေးမြူရေး လုပ်ရမယ်လို့ အဖြေပေးလို့ မဖြစ်ဘူးပေါ့ကွယ်၊ ဒါကြောင့် ဒီပုစ္ဆာကို ဒီမှာတင်ပဲ ဖြတ်ကြတော့တာပေါ့ကွယ်။

"မှန်ပါ၊ ဒီလောက်ဆို တပည့်တော်မှာ ဝမ်းသာ လှပါပြီဘုရား"

သာဓု... သာဓု... သာဓု...

❋ ❋ ❋

http://www.dhammadownload.com